

ဒေးလ်ကာနက်ဂီသိသော

# လူကျော်လူတော်များ

ညီညီနိုင်

BIOGRAPHICAL ROUNDUP

by DALE CARNEGIE

ဒုတိယအကြိမ်

သရုတ်(ပြင်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဒေးလ်ကာနက်ဂျီသိသော

# လူကျော်လူတော်များ

ညီညီနိုင်

# DALE CARNEGIE's

# BIOGRAPHY ROUND UP

တန်ဖိုး ၂၀၀၀ ကျပ်

အုပ်ရေ ၅၀၀ အုပ်

ပထမအကြိမ် ၂၀၁၀ပြည့်နှစ်၊ စက်တင်ဘာလ

မျက်နှာဖုံး ရဲရဲ

ထုတ်ဝေသူ ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ဈေးလမ်း၊ ၁၁ရပ်ကွက်
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဝင်းကျော်ထွန်း(၀၇၉၅၈)
မုံရွေးပုံနှိပ်တိုက်၊
၈၁/ခ၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

စာမူခွင့်ပြုအမှတ် ၄၀၀၅၅၈၀၅၁၀

အဖုံးခွင့်ပြုအမှတ် ၄၀၀၆၆၁၀၇၁၀

၉၂၀
ညီညီနိုင်
ဒေးလ်နက်ကိုသိသော လူကျော်လူတော်များ/ညီညီနိုင်၊------ရန်ကုန်။
ပန်းရွှေပြည်စာအုပ်တိုက်၊ ၂၀၁၀ပြည့်နှစ်။

၁၈၄ –စာ ၊ ၁၂.၅ ×၁၉ စင်တီ။

(၁) ဒေးလ်နက်ကိုသိသော လူကျော်လူတော်များ


## ပါဝင်သူများ


၁။ ဗိုလ်ချုပ်ကြီး ကွိမ်းစ် ဒိုးလစ်တဲလ် ၇
၂။ ဂျော့ ဘားနဒ် ရှော ၁၈
၃။ မဒမ်ကျူရီ ၂၆
၄။ ဗိုလ်ချုပ်ကြီး ဂျော့ချ် စီမာရှယ် ၃၅
၅။ မတ်မ်တွိန်း ၄၄
၆။ ဂျင်နရယ် ချားလ်စ် ဝင်းဂိတ် ၅၆
၇။ ဂျက် ဂေ ဒမ်ပ်ဆေး ၆၆
၈။ ဝင်စတန် ချာချီလ် ၇၇
၉။ အယ်လီ ကူဘတ်ဆန် ၈၆
၁၀။ ကာလဗ်ကောဘယ်လ် ၉၇
၁၁။ ဗိုလ်ချုပ်ကြီး ကာလိုင်ယာ ရှန်းနော့ ၁၀၈
၁၂။ ဂလင်း အယ်လ် မာတင် ၁၁၇
၁၃။ လော့ဒ် လူးဝစ္စ မောင့်ဘက်တန် ၁၂၇
၁၄။ ဘော့ဗ်ဟုပ် ၁၃၇
၁၅။ ကပ္ပတိန် ဒက်ဒီ ရစ်ကင်ဘက်ကာ ၁၄၅
၁၆။ ဂျွန် ဘယ်ရီမိုး ၁၅၄
၁၇။ အော်လီဗာ ဝင်ဒယ်လ် ဟုမ်းစ် ၁၆၅

၁၈။ ဂျင် ရေစ်ယှန် မေတ်ဒ် ၁၇၇
၁၉။ ဘားနဒ် ဘရှရို ၁၈၇
၂၀။ ဂျင်နရယ် အိုမာ ဘရက်ဒ်လေ ၁၉၇
၂၁။ ဂျိုးဇက် စတာလင် ၂၀၇
၂၂။ ချက်စတာ ဒဗလျူ နိမစ်ဇ် ၂၁၇
၂၃။ မဒမ် ချန်ကေရှိတ် ၂၂၇
၂၄။ ဂျင်နရယ် မတ်ခ် ဝိန်း ကလက်ခ် ၂၃၆
၂၅။ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ ၂၄၆
၂၆။ အာဗင် ဘာလင် ၂၅၇
၂၇။ ကပ္ပတိန် အက်ဒဝင် အဲလ်စ်ဘာ့ဂ် ၂၆၆
၂၈။ ဗိုလ်ချုပ်ကြီး ဒေါက်ကလပ် မက်အာသာ ၂၇၅
၂၉။ ဒေါ်ရသီ ဒစ် ၂၈၅
၃၀။ မူဆိုလိနီ ၂၉၅
၃၁။ ဘင်း စရောစ်ဘီ ၃၀၃
၃၂။ ဗီးလ်မာရှယ် ဘားနဒ် မောင်ဂိုမာရီ ၃၁၀
၃၃။ အဲလ်ဖရက် အီး စမစ် ၃၂၀
၃၄။ လော့ဒ် ဘီဗာဘာရုခ် ၃၃၁
၃၅။ ဗိုလ်ချုပ်ကြီး ချားလ်စ် ဒီ ဂေါလ် ၃၃၇
၃၆။ ကော်ဒယ်လ် ဟူးလ် ၃၄၆
၃၇။ ဟင်နရီ ဂျေ-ကိုင်ဇာ ၃၅၆
၃၈။ ရိုက်ညီနောင် ၃၆၆







# ဗိုလ်ချုပ်ကြီး ဂျိမ်းစ် ဒိုးလစ်တီးလ်
## General James Dolittle

**ကမ္ဘာ့ အတော်ဆုံး**
**အစွန့်စားဆုံး လေယာဉ်သူရဲကောင်း**

❒ ပုလဲဆိပ်ကမ်းကို ဂျပန်များ ဗုံးကြဲသောနေ့တွင် ဂျိမ်းစ်ဒိုးလစ်တီလ်မှာ လေတပ်မတော် အရံတပ်ရင်းတစ်ရင်း၌ ဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိခဲ့ပါ၏။ သူက မိတ်ဆွေများကို ဤသို့ ပြော၏။

"ငါကွာ ဒီစစ်ပွဲထဲကို တစ်ကိုယ်လုံး ပစ်ဝင်လိုက်ချင်စမ်းပါဘိ။ ဗုံးတွေ တစ်သီကြီးနှင့် တိုကျိုကို သွားကြဲပစ်လိုက်မယ်"

အတိအကျဆိုလျှင်၊ ထိုသို့ပြောပြီး ၄ လ ၁၁ ရက်အကြာမှာပင် တိုကျိုသို့ ဗုံးတွေ လေယာဉ်အပြည့်ချိတ်ပြီး ဂျပန်နိုင်ငံအပေါ် ပထမဆုံး ဗုံးကြဲချခဲ့လေတော့သည်။ ဂျပန်နိုင်ငံ၏ နှစ်ပေါင်း ၂၆၀၀ ကြာရှည်ခဲ့သောသမိုင်းတွင် ပထမဆုံး ဗုံးတွေ ကြဲချလိုက်ခြင်းလည်း ဖြစ်ပါ၏။ ဗုံးဒဏ်ကြောင့် တိုကျိုတစ်မြို့လုံး ငရဲကျသွားရသည်။

ဗုံးတွေက စစ်သင်္ဘောကြီးတွေကို မီးဟုန်းဟုန်းတောက်စေခဲ့သည်။ လေယာဉ်စက်ရုံကြီးတွေကို ဖောက်ခွဲပစ်လိုက်သည်။ လောင်စာဆီတိုင်ကီများမှ မီးနီးတွေက ကောင်းကင်ယံသို့ ပေပေါင်း သောင်းချီ၍ လွင့်ပျံခဲ့ရသည်။ လေကြောင်းတိုက်ခိုက်မှုက အပျက်အစီးများပြားလှန်းသဖြင့် ဂျပန် လေကြောင်းကာကွယ်ရေး တာဝန်ခံအရာရှိများ သူ့တို့ကိုယ်သူတို့ သတ်သေသွားကြသည်။

ဒိုးလစ်တီးလ်လည်း တောင်အာဖရိကရှိ အမေရိကန်လေတပ် စစ်မဟာဗျူဟာဌာနတွင် ဗိုလ်မှူးချုပ်နှင့် ဗျူဟာမှူးရာထူးကို ချီးမြှင့်ခံခဲ့ရတော့သည်။ သူ့ဗုံးကြဲလေယာဉ်ကြီးများက စစ္စလီကျွန်းကို တက်သိမ်းသော ကမ်းတက်တပ်ဖွဲ့ဝင်များကို အကာအကွယ်ပေးရသလို၊ သူ့တိုက်လေယာဉ်များကလည်း အီတလီများ လက်နက်ချအညံ့ခံသည်အထိ ပိုင်းတိုက်ပေးနိုင်ခဲ့ကြ၏။

ကျွန်တော်သည် လွန်ခဲ့သောနှစ်အနည်းငယ်က ဂျင်မီ ဒိုးလစ်တီးလ်နှင့် တွေ့ဆုံရန် အထူးအခွင့်အရေးတစ်ရပ် ရခဲ့သည်။

သူကား ကျွန်တော် တွေ့ဖူးသမျှလူတွေထဲတွင် အံ့မခန်းလူသားတစ်ယောက် ဖြစ်ပါ၏။ သူနှင့်ပတ်သက်၍ တောင်အမေရိကတိုက် ချီလီနိုင်ငံ၌ နှစ်ပေါင်းများစွာအကြာက ဖြစ်ရပ်တစ်ခုကို အံ့သြစရာအကောင်းဆုံး ကြားသိခဲ့ရပါသည်။

မြောက်အမေရိက၊ တောင်အမေရိကနှင့် ဥရောပနိုင်ငံများမှ လေသူရဲတွေ ဟိုတယ်တစ်ခုကပါတီပွဲတွင် ဆုံဆည်းမိကြသည်။

အသီးသီးအစွမ်းပြကြရာမှ ဂျင်မီဒိုးလစ်တီးလ်အလှည့်တွင် ကျွမ်းဘားသမား ဖြစ်ခဲ့သော သူက ၂ ထပ်တိုက် ပြတင်းပေါင်ပေါ်တွင် ကင်းမြီးကောက် ထောင်ပြလိုက်လေ၏။ ပြီးတော့ ပြတင်းဘောင်ပေါင် ၂ ဘက်ကို ဖမ်းဆုပ်ကိုင်ပြီး သူ့တစ်ကိုယ်လုံးကို အပြင်ဖက်သို့ တဖြည်းဖြည်းချင်းဆန့်ထုတ်၍ မြေပြင်နှင့် တစ်တန်းတည်းမျှဉ်းပြိုင်ကျအောင် ဖြောင့်ပြခဲ့ပြန်သည်။

ထိုအချိန်က နွေရာသီဖြစ်၍ ဟိုတယ်အိုကြီး၏ သစ်သားပြတင်းပေါင်တွေမှာလည်း ဆွေးပြီးကျွတ်ဆတ်နေသဖြင့် ပြုန်းခနဲ ကျိုးကျသွား၏။ ဂျင်မီက ပြတင်းပေါက်အောက်ပေါင်ကို ဖမ်းမိထားလိုက်ရာမှ ပေ ၂၀ မြင့်သော ကွန်ကရစ်





ပလက်ဖောင်းအထက် လေထဲတွင် တွဲလောင်းကြီးဖြစ်နေ၏။ နောက် တအောင့်အကြာမှာပင် လက်လွှတ်ပြီး ပလက်ဖောင်းပေါ်သို့ ဝုန်းခနဲပစ်ကျသွားရတော့သည်။ သူ့ခြေချင်းဝတ် ၂ ဖက်စလုံး ကျိုးသွား၏။

သူကျခဲ့ပုံကို ဂျင်မီက ကွက်ကွက်ကွင်းကွင်း ပြန်ပြောပြခဲ့ရာ၌ ''ကျွန်တော် ပလက်ဖောင်း ပေါ်ကျလိုက်တာနှင့် အရိုးတွေကျိုးထွက်လာတာ အတိုင်းသား မြင်လိုက်ရတယ်ဗျ'' ဟူ၏။

စာရေးသူကိုယ်တိုင်သာ ပေ ၂၀ မြင့်သောလေထဲမှာ တိုးလိုးတန်းလန်းကြီးဖြစ်နေလျှင် ကယ်ပါယူပါတစာစာဖြင့် ငယ်သံပါအောင်အော်မိမှာ ကျိန်းသေပါပဲ။

စာရေးသူက ဂျင်မီဒိုးလစ်တီးလ်၏ဇနီးကို ''သူ ပြုတ်ကျတော့မယ့်အချိန်မှာ ဘာဖြစ်လို့ အကူအညီ အော်မတောင်းတာလဲ'' ဟု မေးမိသည်။ သူမက ''အဲသလို ကြောက်အားလန့်အားအော်မယ့်အစား သေလိုက်တာကောင်းမယ် ဆိုပြီး အသေခံလိုက်မယ့်လူရှင့်'' တဲ့။

ထိုမတော်တဆမှုက ဟိုယခင် အနှစ် ၂၀လောက်ကဖြစ်ခဲ့သည့်တိုင် ပလက်ဖောင်းမာမာပေါ်တွင် လျှောက်သောအခါတိုင်း နာနေဆဲဖြစ်ကြောင်း သူ့ဇနီးက ပြောပြခဲ့၏။

ထိုစဉ်က ချီလီနိုင်ငံကို ဂျင်မီဒိုးလစ်တီးလ် ဘာလုပ်ဖို့ ရောက်ခဲ့ရတာလဲ။

သူ့ကို ချီလီ လွှတ်လိုက်သည်က ဥရောပ စက်မှုလုပ်ငန်းရှင်ကြီးများနှင့် ပြိုင်၍ အမေရိကန်လေယာဉ်တွေကို ရောင်းချဖို့ပင် ဖြစ်၏။ ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်မှ မိုက်ရူးရဲရာတွင်စံတင်လောက်သည့် လေသူရဲတွေက ချီလီသမ္မတကြီးရှေ့၌ 'သူတို့လေယာဉ်တွေ ဘယ်လောက်ကောင်းကြောင်း' အစွမ်းကုန်သရုပ်ပြဖို့ ရောက်ရှိနေကြသည်။ လေယာဉ်ပြပွဲကျင်းပမည့်နေ့သို့ ရောက်ခဲ့ပါပြီ။ ပြပွဲသို့ ဂျင်မီဒိုးလစ်တီးလ် ရောက်လာမယ်လို့ ဘယ်သူမျှ မတွေးမိကြ။ သူ ဘယ်လို ရောက်လာနိုင်ပါတော့မလဲ။ ခြေ ၂ ဖက်စလုံးသွင်သွင်ကျိုးလို့ ဆေးရုံတက်နေရသည် မဟုတ်လား။

ဒါပေမယ့် ဂျင်မီက သူတို့ကို အရှုံး လုပ်ပစ်လိုက်သည်။ သူ့ ခြေချင်းဝတ် ၂ ဖက်မှာ ပလာစတာကိုင်ထားတာကို လွှငယ်တစ်စင်းနှင့်ဖြတ်ပြီး လေယာဉ်ကွင်းသို့ရောက်အောင်လာကာ သူ့လေယာဉ်ဦးပိုင်းစက်ခန်းထဲ တိုးဝင်ခဲ့၏။ ထို့နောက် သူ့ခြေကျင်းဝတ်တွေကို လေယာဉ်ပဲ့ထိန်းသံချောင်းတွင် သားရေပတ်နှင့်မှုးချည်ပြီး တောင်အမေရိကသားတွေ တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမှ မမြင်ဖူးခဲ့သော လေယာဉ်ကျွမ်းအမျိုးမျိုး၊ စတန့်ထွင်ပုံစံအသွယ်သွယ်ကို ရင်သပ်ရှုမောဖွယ် ဟယ်ခနဲ ဟာခနဲဖြစ်အောင် ပျံသန်းပြလိုက်သည်။

သူ အော်ဒါတွေ တန်းရခဲ့ရာက လေယာဉ်အများအပြား ရောင်းချခဲ့ရတော့သည်ပေါ့။ သို့သော် မြေပေါ်ပြန်ဆင်းခဲ့သည့်အခါမှ သူ့ခြေချင်းဝတ် ၂ ဖက်စလုံး ပြန်ကျိုးကုန်လေပြီ။ ဆေးရုံပေါ်ပြန်ရောက်ခဲ့သည့် ဂျင်မီက ပလာစတာအသစ်ကိုင်ရန် ငြင်းဆန်ခဲ့သဖြင့် ခွဲစိတ်ဆရာဝန်တွေ လက်လန်သွားရသည်။

ဂျင်မီက သူ့မိတ်ဆွေတစ်ဦးကိုလွှတ်ပြီး အမျိုးသမီးအတွင်းခံ အင်္ကျီတစ်ထည်ကို ဝယ်ခိုင်းလိုက်ကာ၊ ထိုအထဲမှ သံမဏိချောင်းကလေးတွေကိုထုတ်၍ ကျိုးနေသောသူ့ခြေချင်းဝတ်တွေကို တင်းတင်းကျပ်ကျပ်တုပ်နှောင် ထားလိုက်၏။ ပြီးတော့ သူ့လေယာဉ်ရှိရာသို့ တစ်ခေါက်ပြန်တက်ခဲ့ပြီး၊ ဘယ်သူ့ကိုမျှ အသိမပေးဘဲ၊ အင်းဒီးစ်ကို ဖြတ်သန်းကာ မိုင်ပေါင်း ၁၅၀၀ ကျော်ဝေးသော ဘိုလီဗီးယားသို့ ပျံသန်း၍၊ ဘိုလီးဗီးယားအစိုးရထံ လေယာဉ်တွေ သွားရောင်းဖို့ ကြိုးစားခဲ့ပြန်သည်။

သူသည် ဘိုလီးဗီးယားသို့ပျံခဲ့ရာ၌ ဘိုလီးဗီးယားအစိုးရက 'သူလျှို' ဟု ဆုံးဖြတ်၍ ပစ်ချဖို့ကြံခဲ့သည့်အတွက် ပြန်လှည့်ပြီး ချီလီသို့ မောင်းပြေးခဲ့ရပြန်၏။ ထိုအခါမှာလည်း ကျိုးနေသောခြေချင်းဝတ်တွေနှင့် လေယာဉ်တက်မကို သံညှပ်တွေဖြင့်တွယ်ပြီး မောင်းနှင်ခဲ့ခြင်း ဖြစ်၏။

ဂျင်မီဒိုးလစ်တီးလ်သည် အလာစကာပြည်နယ်တွင် ပညာသင်ကြားခဲ့၏။ သူ့ခမျာ အလာစကာပြည်နယ်၌ ၈ နှစ်လောက်ပဲ နေလိုက်ရသည်။ အကြောင်းမှာ သူ့ဖခင်ကြီးက ရွှေတူးဖော်ရန် စကက်ဝေးသို့ ဒရောသောပါး ပြိုဆင်းသွားသော လူတွေနှင့်အတူ ပြောင်းရွှေ့ခဲ့သောကြောင့်ပင်တည်း။





ဂျင်မီဒိုးလစ်တီးလ်၊ သို့မဟုတ် တိုက်ကျိုမြို့ပေါ်သို့ ဗုံးကြဲဖို့နှင့် လူကြမ်းလူရမ်းကလေးဖြစ်ဖို့ မွေးဖွားကြီးပြင်းလာခဲ့သော ချာတိတ်ကလေးသည် ဟိုးမြောက်ဘက်အစွန်အဖျားဒေသမှ ကြမ်းတမ်းခက်ထရော်လှသော ရွှေတွင်းတူးစခန်းများ၏ ရင်တုန်လှုပ်ရှားဖွယ်ရာများကို နှစ်သက်မြတ်နိုးခဲ့၏။

သူက သတ်ပုတ်တိုက်ခိုက်ရခြင်းကို ဝါသနာပါခဲ့သလို၊ 'နွမ်း' တွင် ကျောင်းနေစဉ် ချာတိတ်ကလေးဘဝမှာပင် တခြားချာတိတ်တွေနှင့် မကြာမကြာ နှောင်ကျိန်ပလေးခြင်းဖြင့် သူ့အစွမ်း၊ သူ့ဗီဇကို ပြခဲ့သည်။

တစ်ခုသော စနေနေ့ညတွင် လမ်းဆုံတစ်ခု၌ ကောင်ကလေးတစ်အုပ်နှင့် သူ တစ်ကိုယ်တည်း ရန်ပွဲနွှဲခဲ့ရာ ရဲကဖမ်းပြီး အချုပ်ထဲထည့်လိုက်၏။ ထိုရဲက ဂျင်မီ့ကို သနားသွား၍ သူ့အမေဆီ ဖုန်းဆက်၏။

"ဒီမှာ မစ္စစ်ဒိုးလစ်တီးလ်။ ခင်ဗျားအတွက် သတင်းဆိုးတစ်ပုဒ် ပြောပါရစေ။ ခင်ဗျားသားဂျင်မီ လမ်းပေါ်မှာရန်ဖြစ်လို့ အခု အချုပ်ထဲ ရောက်နေလေရဲ့"

သည်ညက စနေနေ့ည။ ဂျင်မီ့အမေကလည်း အိုင်းရစ်ရှ်အမျိုးသမီးတစ်ယောက်။ သူမ သားအကြောင်း သူမ နားလည်သည်။ သည်တော့လည်း ပြန်ပြောလိုက်ပုံက -

"ကောင်းပါပြီ ရဲကြပ်ကြီးရယ်။ ခုလိုအကြောင်းကြားတာကို ကျေးဇူးတင်ပါတယ်။ ကျွန်မ လာမယ့်တနင်္လာနေ့ကျမှ သူ့ကို ကျောင်းချိန်အမီ အချုပ်က လာထုတ်ပါ့မယ်" တဲ့။

•

ဂျင်မီဒိုးလစ်တီးလ်သည် ကာလီဖိုးနီးယားသို့ပြန်ရောက်တော့ အထက်တန်းကျောင်းလက်ဝှေ့ချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့ပြီး၊ ဆုကြေးစားအဖြစ် အသက်မွေးဝမ်းကျောင်းရန် ဆုံးဖြတ်လိုက်သည်။ သို့ပေမယ့် သူ့အမေက ရွှေရောင်ထနေတုန်းမို့ ဂျင်မီကို သတ္တုတွင်းအင်ဂျင်နီယာလုပ်ဖို့သာ ဆွယ်တရားဟောခဲ့၏။

ဂျင်မီလည်း ကာလီဖိုးနီးယားတက္ကသိုလ် သတ္တုတွင်းသင်တန်းကျောင်းတွင် ၃ နှစ်ရွှေတူးဖော်ရန် ပညာသင်ကြားခဲ့ရသည်။

ထိုမှနောက် တစ်ညနေမှာတော့ ဂျင်မီတစ်ယောက် မစ်ဒယ်ဝိတ်တန်း လက်ရွေးစင် ရွေးချယ်နေရာ လက်ဝှေ့ရုံထဲသို့ ရောက်သွားမိ၏။ စတင်းဖို့ဒ်တက္ကသိုလ်နှင့်

ကာလီဖိုးနီးယားတက္ကသိုလ်ကြီး ၂ ခုတို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့ပွဲကြီး ကျင်းပတော့မည်ဖြစ်၍၊ ပြိုင်ဖက်ဟောင်းကို အလဲထိုးနိုင်ရန် အံခဲကြိုးစားနေခြင်း ဖြစ်၏။ လက်ဝှေ့နည်းပြက ဂျင်မီ့ကို အကဲခတ်သည်။ ဂျင်မီက အရပ်ပုပေမယ့် သန်မာတောင့်တင်းသည်။ နည်းပြဆရာက

''ဒီမယ်ကြည့်စမ်း ဒိုးလစ်တီးလ်။ ဒီဗလကောင်ကြီးတွေထဲက တစ်ယောက်ယောက်နှင့် မထိုးရဲဘူးလား။ မင်းအနေနှင့် အဲဒီကောင်ကို ရေရေ လည်လည် လေ့ကျင့်ပုံသွင်းပေးနိုင်မှာပါကွာ''

ဂျင်မီလည်း ကြိုးဝိုင်းထဲဝင်ခဲ့ရာမှ ပထမပြိုင်ဖက်တစ်ယောက်ကို ပထမအချီမှာပင် အလဲထိုးပစ်လိုက်နိုင်သည်။ ဒီနောက် ဒုတိယတစ်ယောက်ကိုလည်း တစ်ချီတည်းနှင့်ပင် လှဲသိပ်ခဲ့ပြန်သည်။ နောက်တစ်နေ့မှာတော့ တတိယမြောက်သားကောင်ကို ဒုတိယအချီတွင် မှောက်သွားစေခဲ့၏။ သံမဏိမောင် လက်သံပြောင်လိုက်ပုံကဖြင့် တက္ကသိုလ်တစ်ခုလုံး သောသောညံခဲ့ရပါပြီ။

'ဂျင်မီဒိုးလစ်တီးလ်' အမည်ရှိ ဘင်တန်ဝိတ်တန်းလက်ဝှေ့သမားကလေးသည် မစ်ဒယ်ဝိတ်တန်းသို့ပင် တစ်ဆင့်တက်၍ ယှဉ်ပြိုင်နိုင်ကြောင်း ကာလီဖိုးနီးယားတက္ကသိုလ်ကြီးက အသိအမှတ်ပြုလိုက်ရ၏။

ရက်အနည်းငယ်ကြာပြီးနောက် တက္ကသိုလ်ကျောင်းပေါင်းစုံ လက်ဝှေ့ဗိုလ်လုပွဲကြီး ကျင်းပခဲ့တော့သည်။ ဂျင်မီဒိုးလစ်တီးလ်လည်း စတင်းဖို့ဒ်က ပြိုင်ဖက်လက်ဝှေ့ကျော်နှင့် ရင်ဆိုင်ထိုးသတ်ရန် ကြိုးဝိုင်းထဲ ဝင်ရောက်ခဲ့ပေပြီ။

ဂျင်မီဒိုးလစ်တီးလ်က ၅ ပေ ၆ လက်မသာ ရှိ၍၊ သူ့ပြိုင်ဖက်မှာ ၆ ပေနီးပါး လူထွားကြီး။ ပွဲကြည့်ပရိသတ်တွေ လှောင်ရယ် ရယ်ကြ၏။ သူတို့က တကယ့်ကို ရယ်စရာဟာသပဲလို့ ထင်လိုက်ကြ၏။ စတင်းဖို့ဒ်က လူထွားကြီးကလည်း ရယ်စရာပဲလို့ မှတ်ခဲ့၏။

'ဒီငချွတ်လေးနှင့် နင်လား ငါလားထိုးလို့မှ တော်ပါ့မလား။ အခန့်မသင့်လို့ လက်သီးတစ်ချက်နှင့် အသက်ပါသွားရင် ဒုက္ခ။ အေးလေ- ဘာပဲဖြစ်ဖြစ် ပရိသတ်တွေပွဲကျသွားအောင် ဒီမှင်စာကလေးကို ကြိုးဝိုင်း ၃-၄ ပတ်စာတော့ လှည့်ပြီး ကျီစယ်လိုက်ဦးမှပါပဲ'





ဒေါင်ခနဲ ခေါင်းလောင်းထိုး၍ လက်ဝှေ့ပွဲ စခဲ့ပါပြီ။ ဂျင်မီဒိုးလစ်တီးလ်က စ,ပြီဟောဆိုကတည်း တရှူးထိုး ပြေးဝင်သည်။ ညာလက်သီးအဖြောင့်ဖြင့်ပြီး ဘယ်ဝိုက်လက်သီးဖြင့် လူထွားကြီး၏မေးရိုးကို ဒိုင်းခနဲ ထိုးပစ်လိုက်၏။ လူထွားကြီး ဝုန်းခနဲ ဖင်ထိုင်မှေ့သွားတော့သည်။ ၁ မှ ၁၀ အထိ နံပါတ်ရေသည်။ သူ့ခမျာ လုံးဝ ပြန်မထနိုင်တော့။ ကမ္ဘာကြီးနှင့် တစ်နာရီလောက် အဆက်ပြတ်နေပြီးမှ ကံကောင်းထောက်မစွာ စတင်းဖို့ဒ်တက္ကသိုလ်က မစ်ဒယ်ဝိတ် လက်ဝှေ့ကျော်ကြီး သတိပြန်လည်လာ၏။ တစ်ချီတည်း ပွဲသိမ်းသွားပါပြီ။ ပရိသတ်လည်း ပါးစပ်အဟောင်းသား ဖြစ်ကြရတော့သည်။

ဗိုလ်မှူးချုပ် ဂျိမ်းစ်ဒိုးလစ်တီးလ်၌ သား ၂ ယောက်ရှိခဲ့၏။ တစ်ယောက်က လေတပ်မတော်ထဲမှာ၊ နောက်တစ်ဦးက ဝက်စ်ပွိုင့်စစ်တက္ကသိုလ်မှာ။ ဂျင်မီက သူတို့ကို ကလေးပေါက်စနဘဝကပင် အတိုက်အခိုက်အသတ်အပုတ် လေ့ကျင့်ပေးခဲ့၏။

သူ့ဇနီးက ကျွန်တော့်ကို ဖောက်သည်ချရာတွင် 'ကလေးတွေ ၆ နှစ်သားလောက်မှာပင် ဂျင်မီကဒူးထောက်လျက် သူတို့ကို လက်ဝှေ့ထိုးသင်ပေးခဲ့သည်'တဲ့။ အကြီးကောင်လေးအားလည်း 'ဖေဖေ့ကို အလဲထိုးနိုင်ရန် မြင်းကလေးတစ်ကောင် ဆုချမယ်'လို့ မျှော်လင့်ချက်ပေးခဲ့၏။

ချာတိတ်အဖို့ မြင်းတော့ ဘယ်လိုမျှ ရကိန်း မကြုံခဲ့ပါ။ ဒါပေမယ့် အမျှော်တမ်းထိုးရင်းက သူ့အဖေ၏သွားတစ်ချောင်း ကျိုးထွက်သွားအောင် လက်သီးစွမ်း ပြလိုက်မိ၏။ ဒီအတွက် ဂျင်မီဒိုးစ်လ်တီးလ် စိတ်များ ဆိုးသွားလေမလား။ ဝေလာ ဝေး။ သူက ဂုဏ်တောင် ယူလိုက်ပါသေးရဲ့။

နောက်တစ်နေ့ လေကြောင်းပျံသန်းမှုညီလာခံကို သွားတက်ရင်းက သူ့သွားကျိုးရာကို လူတိုင်းစေ့ပြလျက်၊ ''ဒါ ငါ့သားက ဆော်ထည့်လိုက်တာလေ'' ဟုပင် ကြွားလိုက်သေးဆိုပဲ။

ဂျင်မီဒိုးလစ်တီးလ်သည် မှန်တိုင်းဆန်ဆန် ထင်ရှားစိုင်းခဲ့သောဘဝတစ်လျှောက်၌ လေကြောင်းပျံသန်းမှုသမိုင်းတွင် 'ပထမ ၅ မျိုး'ကို တံခွန်စိုက်မှတ်တမ်းတင်ထားခဲ့၏။

- သူသည် အမေရိကတိုက်ကို တစ်ရက်တည်းနှင့် ဖြတ်ပျံသန်းနိုင်ခဲ့သော ပထမဆုံးလူ ဖြစ်ခဲ့၏။
- ပြီးတော့ အွန့်ရာယ်များလွန်းလို့ 'သွားမလုပ်နှင့်။ သေမှာပဲ'ဟု လေသူရဲတိုင်းကယုံကြည်သော လေယာဉ်အပြင်ထွက်၍ လူကိုယ်တိုင် ပျံသန်းပြသည့် စွန့်စားမှုကိုလုပ်ပြရာတွင်လည်း သူက 'ပထမ'။
- ထို့အပြင် ကိုယ် ဘယ်ရောက်နေတယ်ဆိုတာ အပြင်ပတ်ဝန်းကျင်ကို မကြည့်ဘဲ ဒိုင်ခွက်နှင့်စက်ကိရိယာတွေကို အသုံးပြု၍ အတက် အဆင်း လုပ်နိုင်၊ ပျံသန်းနိုင်ကြောင်း လက်တွေ့သက်သေပြခဲ့တာကလည်း သူ ပထမ။
- ရိုးရိုးလေယာဉ်တစ်စင်းကို ၁ နာရီ မိုင် ၃၀၀ ကျော်အောင် မောင်းခဲ့ရာမှာလည်း ပထမ။
- ဂျပန်ကို ဗုံးကြဲသူတွေထဲမှာလည်း ပထမ။

ဗိုလ်ချုပ်ကြီး ဂျင်မီဒိုးလစ်တဲလ်သည် သူမတူအောင်ထူးချွန်ထက်မြက်သော လေသူရဲတစ်ဦးပင်ဖြစ်လင့်ကစား မာန်မာန လုံးဝမရှိ။ ပကတိရိုးသားသူတစ်ယောက်ပါ။

လွန်ခဲ့သောနှစ်အနည်းငယ်က နာမည်ကျော်လေသူရဲ ဖရန့်စ်ဟော့ကက်စ်က 'လေယာဉ်မောင်းများရဲ့ အမှတ်တရ'အမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။ သူက ဂျင်မီဒိုလစ်တဲလ်နှင့်ပတ်သက်၍ သူ့အတွေ့အကြုံများကို တစ်ခန်းတစ်ကဏ္ဍဖွင့်၍ ရေးဖွဲ့ထားခဲ့၏။

ဂျင်မီကိုယ်တိုင်ကတော့ အခြားလေသူရဲတစ်ယောက်အကြောင်းကို ချီးမွမ်းခန်းဖွင့်ထားပြီး၊ သူ့ကိုယ်သူ ကိုယ်ရည်သွေးသော စကားတစ်လုံးမျှမပါခဲ့။

ဂျင်မီဒိုးလစ်တဲလ်သည် သူ့အမှား၊ သူ့ချွတ်ယွင်းချက်ကို ရှင်းပြဖို့ ဘယ်တော့မျှ မကြိုးစားတတ်။

သာဓကအားဖြင့် ၁၉၂၂ ခုနှစ် ဒုဗိုလ်ဖြစ်ခဲ့စဉ် တစ်ညသ၌ ဖလော်ရီဒါပြည်နယ် ဂျက်ဆင်ဗီလ်အခြေစိုက်စခန်းမှ 'ဒီအိပ်ချ် ၄' အမျိုးအစား လေယာဉ်တစ်စင်းကို မောင်းတက်ခဲ့သည်။ လေယာဉ်ပျက်၍ ထိုးဆင်းခဲ့ရသည့်နောက် အထက်အရာရှိများက လေယာဉ်ပျက်အနီးတွင်ရပ်နေသောသူ့ကို လေယာဉ်ပျက်ခဲ့ရခြင်းအကြောင်း မေးမြန်းစစ်ဆေးကြ၏။ ဂျင်မီက လေယာဉ်ကို အပြစ်မတင်ပါ။





"လေယာဉ်ပိုင်းလော့ ညံ့လို့ဖျင်းလို့ဖြစ်ရတာပါ။ ဒါပါပဲ" ဟု ပြန်ဖြေခဲ့သည်။ အစီရင်ခံစာတင်သောအခါမှာလည်း ဂျင်မီဒိုလစ်တဲလ်က လိုရင်းတိုရှင်းသာ ရေးပို့လိုက်၏။

၁၉၂၉ ခုနှစ် ကလိဗ်လင်ဒ်လေယာဉ်ပြိုင်ပွဲမှာလည်း ဒိုးလစ်တဲလ်သရုပ်ပြဖို့ အထူးလေယာဉ်တစ်စင်းကို အမေရိကန်တပ်မတော်က တည်ဆောက်ပေးခဲ့သည်။ သူသည် လေယာဉ်ကွင်းသို့ရောက်ချိန်အထိ သူ မောင်းပြရမည့် လေယာဉ်ကို မမြင်ဖူးသေးချေ။

သူက ခြေမြန်လက်မြန်ပင် လေယာဉ်ပေါ်တက်၍ အစမ်းမောင်းပျံခဲ့ရာမှ ၁ မိနစ် ၃ မိုင်နှုန်းဖြင့် အရှိန်ပြင်းစွာထိုးဆင်းခဲ့သည်။ လေယာဉ်တောင်ပံတစ်ဖက်က ရုတ်တရက် ပြုတ်ထွက်သွား၏။ ဂျင်မီလည်း လေယာဉ်ပေါ်မှ ခုန်ထွက်ပြီး လေထီးနှင့် ပြန်ဆင်းလာရသည်။ ချက်ချင်းပင် လေယာဉ်နောက်တစ်စင်းကိုပြောင်းစီးကာ ပြပွဲကို ဆက်ပြခဲ့၏။

တပ်မတော်က ယင်း မတော်တဆမှုကို 'အပြည့်အစုံအစီရင်ခံရန်' သူ့အား ညွှန်ကြားခဲ့သည်။ သည်တော့ သူက အစီရင်ခံစာရေးတင်လိုက်၏။ 'အတောင်ကျိုးသည်။ ခုန်ဆင်းသည်' လို့သာ။

ဂျင်မီသည် အပြောင်အနောက်လည်း သန်၏။

လွန်ခဲ့သော နှစ်အနည်းငယ်က ဂုဏ်ထူးဆောင်သိပ္ပံပညာရှင်များနှင့် လေကြောင်းပျံသန်းမှုပါရဂူများ၏ ညီလာခံတစ်ရပ်၌ ဟောပြောပေးရန် သူ့ကို ဖိတ်ကြားခဲ့ကြသည်။

သူက ခေတ်မီဖောက်ခွဲရေးလက်နက်များ ခင်းကျင်းပြသသည့် နမူနာများ၊ တပ်မတော်မှ အသစ်ထုတ်လုပ်ခဲ့သော အင်အားကြီးမားသည့် ဗုံးကြီးများ၏အစွမ်းအာနိသင်များကို အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောလိုက်၏။ ထို့နောက် ဘူးငယ်ကလေးတစ်လုံးကို ထုတ်ပြပြီး-

"ဟောဒါကလေးကလည်း ဖောက်ခွဲရေး လက်နက်ဆန်း တစ်ခုပဲ။ ကျွန်တော် တွေ့ခဲ့သမျှထဲမှာတော့ အင်အားအပြင်းထန်ဆုံး ဆိုရမယ်။ ဒီဘူးကလေး

ကို ကျွန်တော် အခု လွှတ်ချလိုက်တာနှင့် ယောဒီပကိုတယ်ကြီးတစ်ခုလုံး အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားမှာ သေချာတယ်''

စင်စစ်တော့ ထိုဘူးကလေးမှာ ပေါက်ကွဲစရာ ဘာမျှမပါ။ ရေတွေ ထည့်ထားသည့် ရေဘူးကလေးသာဖြစ်၏။ သို့နှယ်ပြောပြီး တစ်မိနစ်ပင်မကြာ လိုက်။ ကိုလူနောက်က ထိုဘူးကလေးကို စကားပြောစင်ကလေးပေါ်မှ ကြမ်း ပေါ်သို့ တိုက်ချလိုက်သည်။ တစ်ပြိုင်တည်းမှာလည်း ခန်းမနောက်ဘက်ရှိ သူငယ် ချင်းတစ်ယောက်ကို ကျည်ထည့်ထားသော ပြောင်းတို ၂ လုံးပြူးသေနတ်ဖြင့် ပရိသတ်ခေါင်းပေါ် ကျော်ပစ်နိုင်းခဲ့သလို၊ အခန်းမီးတွေကိုလည်း ဝင်းခနဲ လက်ခနဲ ဖြစ်အောင်လုပ်ရန် ဂျင်မီက ကြိုတင်စီမံထားပြီးသား။

ဘာတွေဖြစ်ကုန်မလဲဆိုတာ တွေးသာကြည့်ကြပါတော့။

ခန်းမတစ်ခုလုံးရှိ လူတွေ ဝရုန်းသုန်းကား ကျွမ်းထိုးမှောက်ခုန် အပြေးအလွှား ပြောင်းဆန်သွားသည့်ကြားက လူတစ်ယောက်ခမျာ နောက်လူတစ်ယောက်၏ မီးရဲနေသောဆေးပြင်းလိပ်ကြီးနှင့် ထိုးမိရာ ''အမယ်လေးဗျ ကျွန်တော်ကိုမှန်သွား ပြီ'' လို့ ထအော်လိုက်ပါရောလား။

ဂျင်မီနှင့်သူ့အဖွဲ့က လူကွယ်ရာမှာ အူနိပ်ပြီးဟားလို့မဆုံး။

ဂျင်မီဒိုးလစ်တဲလ်သည် ၁၉၁၇ခုနှစ် ခရစ်စမတ်အကြိုညမှာ သူတို့ အထက် တန်းကျောင်းမှ ကျောင်းနေဖက်သူငယ်ချင်း ငယ်ချစ်ဦးလေးနှင့် လက်ထပ်ခဲ့သည်။ သူက သူမကို 'ဒိုးလစ်တဲမြို့စားကတော်ကလေး'ဟု ချစ်စနိုးခေါ်သည်။

ကျွန်တော်က မြို့စားကတော်ကလေးအား 'ဂျင်မီတစ်ယောက် ပွပင်သောက ဖြစ်တတ်သလား' လို့ စပ်စုမိ၏။ သူမ အဖြေက

''သူက ဘာအကြောင်းနှင့်မျှ ပူပင်သောကရောက်တာ မတွေ့ဖူးဘူးရှင်။ နောက်ပြီး ဘာကိုမျှ ကြောက်တယ်လို့လည်း မရှိခဲ့ဘူး''

ဗိုလ်မှူးချုပ်ဂျင်မီဒိုးလစ်တဲလ်၏ အစွမ်းသတ္တိများမှာ 'အကြားအမြင် ဗဟု သုတ၊ ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အတွေ့အကြုံကြွယ်ဝရင့်သန်ခြင်း' တို့ကို အခြေခံခဲ့၏။





သူသည် ၁၉၂၄ ခုနှစ်တွင် မက်ဆာချူးဆက်စက်မှုတက္ကသိုလ်မှ မဟာသိပ္ပံ ဘွဲ့ ရခဲ့သည်။ နောက် ၁ နှစ်အကြာတွင် ထိုကျောင်းတော်ကြီးမှပင် ဒေါက်တာဘွဲ့ ကို ထပ်မံရရှိခဲ့သည်။

လွန်ခဲ့သော ၃ နှစ်က သူသည် လေကြောင်းပျံသန်းမှုအတတ်သင်သိပ္ပံ၏ ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခံရ၏။ သူ့ကျောင်းသည် လေကြောင်းပျံသန်းမှု လောကတွင် အတုမရှိသောဂုဏ်ထူးဘွဲ့ထူးတွေ ပေးအပ်နိုင်သော ကျောင်းကြီး ဖြစ်ခဲ့၏။

၁၉၄၂ ခုနှစ် ဆောင်းဦးပေါက်ကလေးမှာတော့ ဗိုလ်ချုပ်ကြီးဒိုးလစ်တဲလ် သည် မက်မောဂုဏ်ယူလောက်သော ဂျပ်ဂျင်ဟိမ်းတံဆိပ်ကြီး (Guggen-heim Medal)ကို လေယာဉ်ပျံသန်းမှုသမိုင်းတွင် ထူးချွန်ပြောင်မြောက်စွာ ဂုဏ်ထူးဆောင် ပေးနိုင်ခဲ့သည့်အတွက် ချီးမြှင့်ပေးအပ်ခြင်း ခံခဲ့ရပါလေတော့သည်။



# ဂျော့ ဘားနဒ် ရှော
# George Bermard Shaw

**စိတ်ဆွေအပေါင်းအသင်းတွေကိုပင်**
**မပေါ်ရဲလောက်အောင် အရှက်ကြီးသူ၊**
**ခုတော့ သူက**
**တစ်ခေတ်မှာတစ်ယောက်**
**အကောင်းဆုံးအပြောအဟောသမား။**

❐ ဒီကမ္ဘာတွင် နာမည်အတိုကောက်ဖြင့် ထပ်မံတလဲလဲ ရည်ညွှန်းခံရလောက်အောင် အထူးထင်ရှားကျော်ကြားသူ များများစားစားမရှိလှပါ။ ထိုအနက်မှ တစ်ယောက်ကတော့ အိုင်းရစ်ရှ်လူမျိုးတစ်ဦးဖြစ်၍ သူ့အတိုကောက်နာမည်က "ဂျီဘီအက်စ်" (GBS)ဟုတွင်ပြီး၊ သူ့ခေတ်မှာတော့ နာမည်အကြီးဆုံး စာပေသမား တစ်ဦး ဟု ဆိုနိုင်ပါသည်။

သူ၏ ဆန်းကြယ်လှသောဘဝဇာတ်ကြောင်းကို ရေးဖွဲ့ထားသော စာအုပ်တစ်အုပ်၏ခေါင်းစဉ်မှာ သူ့နာမည်ရင်းကိုပင် မသုံးဘဲ၊ "ဂျီဘီအက်စ်" ဆိုသော လက်မှတ်တိုကလေးကိုသာ မျက်နှာဖုံး တင်ခဲ့၏။

သူကား "ဂျော့ဘားနဒ်ရှော" ပေတည်း။

ရှော၏ဘဝမှာ ထူးခြား၍ပြင်းထန်သော ဆန့်ကျင်ဘက်ဖြစ်ရပ်တွေနှင့် ပြည့်နှက်နေ၏။

ပမာဆောင်ရလျှင် သူ့ခမျာ ၅ နှစ်သာ ကျောင်းနေခဲ့ရသည်။ သို့ကလို ကျောင်းပညာနည်းပါးလင့်ကစား သူ့ကိုယ်သူ ဂုဏ်ထူးဆောင်စာရေးဆရာ တစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်ခဲ့ပြီး၊ စာရေးဆရာများအတွက် "အမြင့်ဆုံး



ဘွဲ့ထူး" ဟုဆိုရမည့် ကမ္ဘာ့စာပေနိုဘယ်ဆုကြီးကိုပါ ထိုက်ထိုက်တန်တန်ဆွတ်ခူး ရရှိခဲ့သည်။ စာပေနိုဘယ်ဆုကြီးက ပေါင် ၇၀၀၀ ငွေသားပါ ပါဝင်ခဲ့သော်လည်း၊ ဂျော့ဘားနဒ်ရှော က ဆုရော ငွေကိုပါ မက်မောခြင်း မရှိခဲ့။ ဒါကြောင့်လည်း သူက ငွေကိုလက်ခံဖို့ ငြင်းဆန်လိုက်သည်။

နောက်ဆုံးတော့ ငွေသားဆုကို "အင်္ဂလိပ်-ဆွီဒင်စာပေမိတ်ဆွေများ ရန်ပုံငွေအဖြစ်လှူရန် စတ္တန်နိုဝင်းကလေးမှ လက်ခံပေးပါ" ဟု ချော့မော့ပျောင်းဖျပြီး ပေးအပ်ခဲ့ရသည်။

ဘားနဒ်ရှော၏ဖခင်သည် အိုင်းရစ်ရှ် ဆွေကြီးမျိုးကြီးအသိုင်းအဝန်းမှ ဆင်းသက်လာသူ ဖြစ်၏။ သို့ပေမယ့် မိခင်ကတော့ လက်ထပ်မှုကို တရားဝင် သက်သေမပြနိုင်သဖြင့် ချမ်းသာသောအခေါ်ထိမ့ အမွေတွေ မရခဲ့ချေ။

မိသားစုဝင်ငွေ တအားချို့တဲ့ခဲ့ရာမှ ဘားနဒ်ရှော ၁၅ နှစ်သားအရွယ်မှာပင် အလုပ်ခွင် ဝင်ခဲ့ရရှာသည်။ ထို့နောက် ၁၆ နှစ်မှ အသက် ၂၀ တိုင်အောင် ဂုဏ်သရေရှိလူကြီးတစ်ယောက်၏ အိမ်ခြံဘဝသို့ ဖုတ်ပူမီးတိုက်ရောက်ခဲ့ရပြန်၏။ သူသည် ရုံးလုပ်ငန်းတွေကို စက်ဆုပ်လှ၏။

ထို့ထက် ဖယောင်းတိုင်မီးရောင်အောက်တွင် ပန်းချီ၊ ဂီတ၊ စာပေတွေကို လေ့လာလိုက်စားနေရသည်ကို ပိုအားသန်သည်။

ဘားနဒ်ရှော ၇ နှစ်သားအရွယ်ကတည်းက ရှိတ်စပီးယား၊ ဘိုင်ရွန်နှင့် အာရေဗျပုံပြင်များကို ဖတ်နေမိပါလေပြီ။

၁၂ နှစ်သားမှာတော့ ဘိုင်ရွန့်ကဗျာတွေကို အားလုံးနီးနီး ရနေ၏။ ချားလ်စ် ဒစ်ကင်း၊ အလက်ဇန္ဒားဒူးမတ်စ်၊ ရှယ်လီတို့သည် ဆယ်ကျော်သက် အရွယ်မှာပင် သူ့ကို လွှမ်းမိုးထားခဲ့သည်။

၁၈ နှစ်အရောက်တွင် တင်ဒေါလ်၊ စတူးဝပ်မီးလ်၊ ဟားဘတ်စပင်ဆာ တို့ကို ကိုင်ဖတ်နေသည့်အဆင့်။ မဟာကလောင်ရှင်ကြီးများက သူ့စိတ်ကူးဉာဏ် တွေကို လှုပ်ခတ်နိုးကြွစေခဲ့ပြီး၊ ရောင်စုံအိပ်မက်ကမ္ဘာထဲ ပျော်မွေ့လေခဲ့၏။

သို့ဖြင့် ခြံမြေအရောင်းအဝယ် ကိုယ်စားလှယ်လုပ်ငန်းနှင့် ပုဂ္ဂလိကဘဏ် ဝန်ထမ်းဖြစ်ခဲ့ရသော "စေကျွန်၊ ထွန်နွား"ဘဝတွေကိုလည်း ငြီးငွေ့ခဲ့သလို စိတ်

မပါခဲ့တော့ပါ။ သူ့စိတ်အာရုံက 'စာပေ၊ အနုပညာ၊ သိပ္ပံ၊ ဘာသာရေး' ဆိုသော နယ်သမီးကျွန်းများတွင်သာ လုံးဝ ကျက်စားနေချင်ခဲ့၏။

အသက် ၂၀ ပြည့်မွေးနေ့မတိုင်မီ ကာလကလေးမှာပင် ဂျိဘီအက်စ် တစ်ယောက် သူ့ကိုယ်သူပြောလိုက်၏။

"ငါ နေစရာ ဘဝတစ်မျိုးတည်းပဲ ရှိရမယ်။ ရုံးစားပွဲတစ်ခုလုံးမှာ အချိန်ဖြုန်းဖို့တော့ နည်းနည်းမျှ မရည်ရွယ်ဘူး"

ဒါကြောင့်လည်း ၁၈၇၆ ခုနှစ်မှာတော့ သူက ဖောင်ဖျက်၊ တံတားချိုးလုပ်ပြီး၊ သူ့မိခင်ကြီး အဆိုသင်တန်းပေး အသက်မွေးနေရာ လန်ဒန်သို့ ခွတ်မိုတ်ထွက်ခဲ့တော့သည်။ လန်ဒန်ရောက်သည်နှင့် စီးပွားလည်းဖြစ်၊ ကမ္ဘာလည်း ကျော်စေမည့် စာရေးဆရာဘဝသို့ ခြေစုံပစ်ဝင်လိုက်ပါတော့၏။ သို့သော် စာရေးခြင်းသက်သက်ဖြင့် မရပ်တည်နိုင်ခင် ၉ နှစ်လုံးလုံး အသည်းအသန်ကြိုးစားခဲ့ရသည်။ သူသည် စာချည်းသာ အချိန်ပြည့်ဖိရေးသည်။ သူ့ဘာသာ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်ဂရုမစိုက်ဘဲ တစ်နေ့ ၅ မျက်နှာ မရရအောင်ရေးသည်။ ၅ မျက်နှာတိတိရလျှင် တော်ပြီ။ ဆက်မရေးတော့။ ရှောကိုယ်တိုင်က ပြောခဲ့ပါ၏။

"ကျွန်တော်ဟာ ကျောင်းသားဘဝနှင့် စာရေးဘဝကအကျင့်တွေ တော်တော်များများစွဲနေခဲ့ပြီး ၅ မျက်နှာဟာ ဝါကျတစ်ကြောင်းရဲ့အလယ် တစ်ဝက်တစ်ပျက်မှာပဲ ပြည့်ပြည့် ဆက် မရေးတော့ဘူး။ ရောက်ရာနေရာမှာပဲ ရပ်ပြီး နောက်တစ်နေ့ကျမှ ဝါကျဆုံးအောင် ဆက်ရေးတယ်ဗျ"

သူသည် ဝတ္ထုရှည်ကြီး ၅ ပုဒ် ရေးခဲ့သည်။ တစ်ပုဒ်ကို 'အနုပညာသည်များရဲ့အချစ်' ဟု နာမည်ပေးပြီး၊ အင်္ဂလန်နှင့် အမေရိက ၂ ခုစလုံးက ထုတ်ဝေသူများထံသို့ ပေးပို့ဖူး၏။ အားလုံးက သူ့ဝတ္ထုရှည်ကြီးတွေကို ပြန်ပို့ခဲ့ကြသည်။ သို့သော် သူတို့အားလုံးက သူ၏နောက်လက်ရာကို ဖတ်ကြည့်ရန် အာသီသ ပြင်းပြနေမိကြသည်ကား အမှန်ပင်။

သူကလည်း နောက်ထပ်ကြိုးစားပြီး ရေးပို့၏။ ထုတ်ဝေသူတွေကလည်း သူ ရေးပို့သမျှကို ပယ်ခဲ့ကြသည်သာချည်း။ ဒါပေမယ့် သူ့စာပေအရည်အသွေးကိုတော့ အထင်မသေးဝံ့ကြ။ သူ့အတွေးအခေါ်တွေက လေးနက်လွန်းလှသည်ကိုး။





ထိုအချိန်က ဘားနဒ်ရှောခမျာ ဘိုင်အကျကြီးကျနေသဖြင့် စာမူပို့ဖို့ စာတိုက်တံဆိပ်ခေါင်းခကလေးမျှ အနိုင်နိုင်။

ပထမ ၉ နှစ်တာ ကာလပတ်လုံး ကြိုးစားပမ်းစားရေးရာမှ ရရှိသည့် ဝင်ငွေစုစုပေါင်းမှာ ၆ ပေါင်တည်း ရှိခဲ့၏။ အဝတ်အစားဆိုလို့လည်း တစ်ထည်ဟောင်းလို့ တစ်ထည်လဲစရာ မရှိ။ ရှူးဖိနပ်အစုတ်နှင့် ဘောင်းဘီဖင်ပေါက်ကို လူမသိအောင် ဖုံးကွယ်ဂျာနယ်လျက် လန်ဒန်တစ်ခွင် ပြုပြစ်လျှောက်သွားနေရဖူးသည်။ သည်ကြားထဲက သူ ရေရေလည်လည် အဆာခံနိုင်ခဲ့၏။ ဝတ်မှုတ်ခြင်းဆိုတာ သူနှင့် ဘာမျှမဆိုင်သလို အူဟောင်းလောင်းနေတတ်ခဲ့၏။

ဘာပဲပြောပြော၊ သူ အရှက်အကြောက်ကြီးခဲ့ပုံကဖြင့် ဩချလောက်စရာ။ ပမာပြလျှင်ဖြင့်

ဘားနဒ်ရှောလူငယ်ဘဝက သိမ်းမြစ်ကမ်းနဖူးတွင်နေထိုင်သော သူငယ်ချင်းများထံ မကြာခဏသွားလည်တတ်၏။ ထိုအခါမျိုးမှာ သူ ဘယ်လိုဖြစ်ပြီး ဘယ်အချိုး ချိုးခဲ့မိတယ်ဆိုတာ ရှောကိုယ်တိုင်က ဟောဒီလို ဖွင့်ဟခဲ့ဖူးပါသည်။

"ကျုပ် အဲဒီ အရှက်ရောဂါ ထလိုက်ပြီဆိုရင် တစ်ခါတလေ အိမ်ရှေ့ပလက်ဖောင်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိတာပဲ။ မိနစ် ၂၀ လောက်ကြာတယ်ဗျ။ ဒါမှမဟုတ် တံခါးခေါက်ဖို့ ချီတုံချတုံလုပ်နေတာက အဲဒီထက်မကကြာလိမ့်မယ်။ တကယ်ဆို အဲဒီလို ကျုပ်ကိုယ်ကျုပ် ညှဉ်းဆဲနေမယ့်အစား အသာကလေး အိမ်ပြန်ပြေးလိုက်တာကမှ ကောင်းဦးမယ်မဟုတ်လား။ ဒါနှင့်အမျှ လူ့လောကထဲဝင်ဆံ့ချင်ရင် ဒီစရိုက်ဆိုးကိုပယ်ဖျောက်ဖို့ အရေးထားကြိုးစားရမယ်လို့လည်း အသိဝင်ခဲ့တယ်။ ရက်စရာကောင်းအောင် သူ့ရဲ့ဘောကြောင်တဲ့နေရာမှာတော့ ငယ်ငယ်တုန်းက ကျုပ်ထက်သာတဲ့လူ ရှိမယ်တောင် မထင်တော့ပါဘူးဗျာ" တဲ့။

သို့နှင့်အမျှ ဗြိတိသျှပြတိုက်က ကမ္ဘာကျော်စာကြည့်တိုက်ကြီးထဲရှိ လူ့ကျင့်ဝတ်နှင့်ပတ်သက်သောစာအုပ်တွေ ရှိသမျှကို ဖတ်ရှုလေ့လာပြီး၊ သူ့ကိုယ်သူ ဂရုတစိုက် ပြုပြင်ခဲ့၏။ သူ့ကို အကူညီခဲ့သောစာအုပ်ကတော့ 'လူ့အသိုင်းအဝန်းကောင်း၏ အမူအကျင့်နှင့် စိတ်ဓာတ်များ' ပဲ ဖြစ်ပါသည်။

အခုံးတွင်မူ သူသည် အရှက်အကြောက်ကို အကောင်းဆုံး၊ အမြန်ဆုံး၊ အသေချာဆုံး စီးပိုးအနိုင်ယူခဲ့တော့၏။

လူ့ပုံအလယ်၌ ပြောနည်းဟောနည်းတွေကိုလည်း သူ သင်ကြားတတ်မြောက်ခဲ့သည်။ စကားရည်လုသောအသင်းအဖွဲ့များကို ဝင်လိုက်သည်။

အစပိုင်းမှာတော့ စကားပြောဖို့ သူ ထ,လိုက်သည်နှင့် ရဲစိတ်ရဲမာန်အပြည့်ဖြင့်။ နောက်တစ်ကြိမ်ပွဲတောင်းခံရသည်အထိ ပြောနိုင်ခဲ့လင့်ကစား ခြေတုန်လက်တုန်တော့ ရှိနေသေး၏။ မှတ်စုမပါလျှင် ပြောမည့်အကြောင်းအရာတွေကို မေ့တတ်၍ ပါပြန်တော့လည်း ဖတ်ဖို့အခွင့်က မသာခဲ့။ သို့ပေမယ့် သနားစရာသူ့အခြေအနေကို ဘယ်သူမျှမရိပ်မိဘဲ၊ သူပြောသမျှကို လိုလိုချင်ချင် နားထောင်ခဲ့ကြ၏။

သူသည် အရှက်အကြောက်ကင်း၍ အတွေ့အကြုံရင့်သန်အောင် ဆိုပြီး လန်ဒန်တွင်လုပ်သမျှ စည်းဝေးပွဲတိုင်းကိုတက်ရောက်ကာ၊ အခြေအနေပေးလျှင် အချေအတင်ဝင်ပြောသည်။

တစ်ညနေ (ရှော ၂၆ နှစ်အရွယ်) မှာတော့ "ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း" စာအုပ်ကိုရေးသူ စာရေးဆရာ ဟင်နရီဂျော့ချ်က အခွန်နှင့်စပ်လျဉ်းသော သူ့အယူအဆ နည်းနာများအကြောင်း ဟောပြောမည်ဟု ကြားသိလိုက်ရသည်။

ရှောသည် ထိုဟောပြောပွဲသို့ သွားနားထောင်ခဲ့ရာမှ နိုင်ငံရေးဖြင့် အသက်မွေးသောလမ်းကြောင်းပေါ်တွင် စတင်ခြေချမိသလို၊ နေ့ချင်းညချင်းဆိုသလိုပင် သူက "မြေယာများကို နိုင်ငံပိုင်ပြုလုပ်ရေးအတွက် ပြောဟောခဲ့လေတော့၏။ ဆိုရှယ်ဒီမိုကရက်များအကြား၌ သွားဆွေးနွေးသောအခါ၊ သူတို့က ကားလ်မတ်စ်၏ စာအုပ်များကို လေ့လာထားမှ အရည်အချင်းပြည့်သူဖြစ်မည့်အကြောင်း ပြောပြလိုက်သည်။

သည့်နောက်တော့ ရှုရှားတော်လှန်ရေးကြီးတွင် အသုံးဝင်ခဲ့သလို၊ သမိုင်းတစ်ခေတ်ကို ပြောင်းပစ်နိုင်ခဲ့ပြီး ကမ္ဘာကြီးအားကိုင်လှုပ်ခဲ့သော စာအုပ်တစ်အုပ်ကို ရှောလည်း ဖတ်မိခဲ့လေ၏။

ထိုစာအုပ်ကား ကားလ်မတ်စ် ရေးသားသော "အရင်းကျွမ်း"ပင် ဖြစ်ပါတော့သတည်း။ ရှောကိုယ်တိုင်ပင် ထိုစာအုပ်က သူ့ဘဝ နှောင်းပိုင်းကို အဘယ်မျှ အကျိုးသက်ရောက်ခဲ့ကြောင်း ဖွင့်ဟခဲ့၏။





"အရင်းကျွမ်းကို ဖတ်မိလိုက်တာဟာ ကျွန်တော့်ဘဝကံကြမ္မာကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့ပါတယ်။ မတ်စ်ဟာ သူ့ရဲ့ စိတ်ကူးယဉ်စီးပွားရေးစနစ်ကို နောက်ကျတော့ မှားမှန်း သိခဲ့ပါတယ်။ ဒါပေမယ့် သူဟာ သမိုင်းနှင့်ယဉ်ကျေးမှုနယ်ပယ်က သိသင့်သိထိုက်တာတွေသိဖို့ ကျွန်တော့်ကို မျက်စိဖွင့်ပေးခဲ့တာနှင့်အမျှ အတွေးအခေါ်သစ်တွေကိုလည်း ပေးခဲ့ပါတယ်။ ပြီးတော့လည်း ဘဝရည်မှန်းချက်နှင့် ကျွမ်းကျင်မှုတွေ ကျွန်တော့်ကို လူဖြစ်အောင် လုပ်ပေးခဲ့တယ် ဆိုပါတော့"

ဟုတ်ပါ၏။ ယခုဆိုလျှင်တော့ ဘားနဒ်ရှောသည် ရဲရင့်တက်ကြွနေခဲ့ပါလေပြီ။ နိုင်မာသောယုံကြည်ချက်ကို အရင်းခံလျက် အားမာန်တက်ကြွနေခဲ့ခြင်း ဖြစ်ပါ၏။ ရှက်ရွံ့မှုတွေကော၊ စိုးရိမ်ကြောက်လန့်မှုတွေကော တစ်စက်မျှ မရှိတော့။ အဲဒါတွေအားလုံး လွင့်စဉ်ထွက်ပြေးကုန်ပါပြီ။

ရှော အစွမ်းတန်ခိုးကြီးမားသော စာအုပ်တစ်အုပ်ကို အပိုင်ကိုင်ခွဲမိလိုက်သည်။ ထို့ထက် အတိအကျပြောရလျှင် တန်ခိုးအာနိသင်ထက်မြက်သော စာအုပ်တစ်အုပ်က ရှောကို အပိုင်ကိုင်ထားလိုက်သည်။ ထိုစာအုပ်က သူ့အား တိုက်ပွဲဝင်သူရဲကောင်းတို့၏ ဓွဲ,သတ္တိ,လုံ့လ,ဝီရိယတွေ သွတ်သွင်းပေးလိုက်သလို သူ့ပကတိဘဝကို ပြင်ပြင်ကြီးမေ့သွားစေခဲ့၏။ သူ့ရည်မှန်းချက်ကလွဲလို့ ဘာဆိုဘာမျှ အရေးမစိုက်တော့ပါ။

သို့နှင့်အမျှ ၁၂ နှစ်လုံးလုံး ညတိုင်းလိုလို ရှောတစ်ယောက် လမ်းဆုံလမ်းခွ၊ သို့မဟုတ် ညီလာခံခန်းမများပါမကျန် ဆိုရှယ်လစ်ဝါဒကို ပို့ချဟောပြောရင်း၊ လူ့ကန့်လန့်များနှင့် စကားစစ်ထိုးရင်း ထိုခေတ်၏ အတောက်ပြောင်ဆုံးအပြောအဟောသမား၊ စကားစစ်ထိုးသူတစ်ဦးဘဝသို့ တက်လှမ်းနိုင်ခဲ့ပါပြီ။

နောက်ဆုံးတော့ သူသည် လူ့မလိုင်ခဲ လက်တစ်ဆုပ်စာကလွဲ၍ မျက်နှာမွဲပရိသတ်၏အသည်းစွဲအဖြစ် အုတ်အော်သောင်းနင်း ပွဲတောင်းခံရသူ ဖြစ်ခဲ့ရပါ၏။

ထို့အပြင် သူ့အနေဖြင့် ငွေလုပ်စက်အဖြစ် အသုံးချခံခဲ့ရသည်ကိုလည်း တွေ့ရှိ နားလည်ခဲ့ရသည်။ သို့သော် သူကတော့ သူ့ဟောပြောမှုအတွက် အခကြေးငွေပေးခြင်းကို တစ်ခါမျှ လက်မခံခဲ့ချေ။ အကြောင်းအားလျော်စွာ ခွက်ထိုး၍ အလှူငွေသဘောမျိုး ကောက်ခံစေသည့်တိုင်အောင် သူ့ကိုယ်ကျိုးစီးပွားအတွက် တစ်ပြားမျှ ယူမသုံးပါ။

၁၈၉၆ ခုနှစ်အတွင်းမှာတော့ ရှောသည် မစ္စ ချာလော့ ပင်နီ တောင်းရှင်းနှင့် တွေ့ဆုံခဲ့ရ၏။ ထိုစဉ် သူက အသက် ၄၀ အရွယ် လူပျိုကြီး ဖြစ်နေ၍၊ မစ္စတောင်းရှင်းကလည်း ၃၉ နှစ် အပျိုကြီး။ သူမသည် အမွေတွေ တစ်ပုံတပင် ရထား၏။ ရှောကလည်း အမေရိကန်တွင် ပြဇာတ်တစ်ပုဒ်အောင်မြင်မှုအတွက် ပေါင် ၂ သောင်း ဥာဏ်ပူဇော်ခ ရထားသည်။

မစ္စတောင်းရှင်းသည် ရှောကို နှစ်လိုခင်မင်ခဲ့၍ ဒီအတိုင်းပင် သူ့ကို ဖွင့်ပြောခဲ့သည်။ ပြီးတော့ သူမက သူ့ကို "လူရိုင်းကြီး"ဟု ခေါ်ခဲ့ရုံမက၊ သူမ တွေ့ဖူးသမျှလူတွေထဲ၌ "အတ္တအကြီးဆုံးလူ" အဖြစ် စွပ်စွဲခဲ့၏။

၂ နှစ်တိတိ ကြာသွားလေပြီ။ ရှောက အိမ်ထောင်ပြုဖို့ အိပ်မက်ပင် မမက်သေး။ ထို့ကြောင့်လည်း ၁၈၉၈ ခုနှစ် မတ်လ၌ သူမသည် မြူနီစီပယ် ဥပဒေများကိုလေ့လာရန် ရောမသို့ ခရီးထွက်ခဲ့၏။ ရောမသို့ရောက်နေစဉ် ရှော တစ်ယောက် အသည်းအသန်ဖျားနေကြောင်း ကြေးနန်းရလိုက်သည်။ လန်ဒန်သို့ ဒုန်းစိုင်းပြန်လာသည်။ ရှောခမျာ အလုပ်ပင်ပန်းသည့်ဒဏ်ပိ၍ အားပြတ်ပြီး တုန်းတုန်းလဲခဲ့ရခြင်း ဖြစ်၏။ သူမခမျာ ရှောနေသည့် အခန်းကျဉ်းကလေး၏ အခြေအနေကိုတွေ့ပြီး ထိတ်လန့်သွားရသည်။ ရှောကိုယ်တိုင်က သူ့အခန်းကိုရှင်းဖို့ ဒိုင်းနမိုက်တစ်ချောင်းကလွဲ၍ ဘာမျှမတတ်နိုင်ကြောင်း ပြောခဲ့၏။ ပြီးတော့ -

"ကျုပ်ကြွက်တွင်းကလေးကို ကောင်မလေး ၇ ယောက်က အဝတ်တံမြက်စည်း ၇ ချောင်းနှင့် ရာစုနှစ်ဝက်လုံးလုံး လှဲကျင်းတာတောင် နာမည်ကောင်းရမှာ မဟုတ်ဘူး" ဟုလည်း ဂုဏ်ဖော်ခဲ့သေးသည်။

မျက်လုံးစိမ်းနှင့်သူဌေးမလေး မစ္စပင်နီတောင်းရှင်းက သူ့ကို ထိုအမှိုက်ပုံထဲမှဆွဲထုတ်ပြီး တောဖက်ရှိသူ့အိမ်ကို ခေါ်၍ ကျန်းမာလာတဲ့အထိ ပြုစုစောင့်ရှောက်ခဲ့ရ၏။ အဆုံးတော့ သူက သူမကို လက်ထပ်လက်စွပ်တစ်ကွင်းနှင့် လက်ထပ်စာချုပ်တစ်စောင် သွားဝယ်ခိုင်းလိုက်တော့သည်။ ရှောက

"ကျုပ်အနေဖြင့် ဘယ်တုန်းကမျှ ဖြစ်နိုင်မယ်မထင်ခဲ့တဲ့ အကြောင်းတစ်ခုကြောင့် သူ့ကို လက်ထပ်ယူခဲ့တာပါ။ တစ်နည်းဆိုရင် ကျုပ်ကိုယ်ကျုပ်ကလွဲပြီး ပိုင်ရမယ့်လူတစ်ယောက်အတွက် အရေးတယူ စ,စဉ်းစားမိတာပဲပေါ့လေ"





သူတို့သည် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ မစ္စက်ရှော ကွယ်လွန်ခဲ့ချိန်အထိ ၄၅ နှစ်တိုင်တိုင် ပျော်ရွှင်ချမ်းမြေ့စွာပေါင်းသင်းခဲ့ကြ၏။

လူတွေအားလုံးက မစ္စက်ရှောသည် မစ္စတာရှောထက် အသက် ၂၀ လောက်ငယ်သည်ဟု ယုံကြည်ခဲ့ကြပြီး၊ သူ့အရင် သေမည် ဟု ထင်ခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် သူတို့ ၂ ယောက်မှာ အသက်ချင်း ၄ လသာ ကွာခြားပါ၏။

ရှောသည် ၁၈၅၆ ခုနှစ်တွင် မွေးဖွားခဲ့သော်လည်း ၁၉၄၆ ခုနှစ် အသက် ၉၀အရွယ်၌ သူက "သေခြင်းတရားကို မတွေးနိုင်အောင် အလုပ်တွေများနေခဲ့ကြောင်း" အတိအလင်းပြောခဲ့ဖူးသည်။

ပြီးတော့ သူ၏ဘဝအမြင်ကို ဖွင့်ဆိုလိုက်ပုံက

"ကျုပ်ဟာ ကျုပ်ဘဝ သူ့ဘာသာသူ ဖြစ်ချင်တာဖြစ်၊ ပျော်ပျော်ပဲ နေလိုက်မယ်။ ကျုပ်အဖို့ ဘဝဆိုတာ လောင်ကျွမ်းပြီးအရည်ပျော်သွားမယ့် ဖယောင်းတိုင်တိုစိတိုနံ့ကလေး မဟုတ်ဘူး။ အချိန်ပိုင်းအလျောက် သက်တမ်းတစ်ခုအတွင်း ကိုင်ဆောင်ခွင့်ရတဲ့ အလှူညီးညီးတောက်ပနေတဲ့ မီးရှူးမီးတိုင်ကြီးတစ်မျိုးပဲ။ ဒီတော့ အနာဂတ်ရဲ့မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းလိုက်ချိန်အထိ ကျုပ် အစွမ်းကုန်ကြိုးစားသွားချင်တယ်"တဲ့။



# မဒမ်ကျူရီ
# Madame Curie

**အအေးဒဏ်က သက်သာအောင် ကုလားထိုင်အောက် ဝင်အိပ်ခဲ့ရတဲ့ ကမ္ဘာကျော်ကြား အထင်အရှားဆုံး အမျိုးသမီးသိပ္ပံပညာရှင်။**

❐ မဒမ်ကျူရီ။

နှစ်ပေါင်းထောင်ချီ အမှတ်ရ နာမည် တွင်နေစေမည့် အလွန်အလွန်နည်းပါးလှသော အမျိုးသမီးတွေအနက် တစ်ယောက်အပါအဝင်ဖြစ်သော မဒမ်ကျူရီသည် အရက်အကြောက်ကြီးသော ပိုလန်အမျိုးသမီးကလေးတစ်ဦးပါပေ။

သူမသည် သိပ္ပံပညာ၏ဘိုးဘေးကြီးများပင် မရှာနိုင်ခဲ့ဘဲ၊ သိပြီးသား ဒြပ်စင်များနှင့် အပြတ်အသတ်ကွာခြားသော ဒြပ်စင်အသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့၏။

ထိုဒြပ်စင်ကား ရောင်ခြည်စွမ်းအင်ကို တရစပ်ဖြာထွက်နေစေပြီး၊ သူမက 'ရေဒီယမ်' ဟု နာမည်ပေးလိုက်သည်။

ရေဒီယမ်၏ အံ့မခန်းကြီးမားလှစွာသော အစွမ်းသတ္တိကတော့ လူသားတွေ သူ့နိုင်ကိုယ်နိုင်အပြိုင်တိုက်နေရသည့် ကင်ဆာရောဂါကုသရေးတွင် အသုံးဝင်ခဲ့ခြင်း ပါပေတည်း။

ထိုဓာတ်ရောင်ခြည်သည် မရေမတွက်နိုင်အောင်များပြားသော ကင်ဆာရောဂါရှင်များစွာကို သက်သာရာရအောင် ကုသပေးနိုင်ခဲ့သလို၊ တချို့ဆိုလျှင် နှစ်ပေါင်းအတန်ကြာ ဆက်လက်အသက်ရှင်ခွင့် ရသွားကြရ၏။



မဒမ်ကျူရီ ပဲရစ်စ်တက္ကသိုလ်တွင် ရူပဗေဒနှင့်သင်္ချာဘာသာရပ်တွေကို ဆည်းပူးနေရစဉ်ကတော့ ဆင်းရဲတွင်းနက်လှသဖြင့် အဆာလွန်ပြီးမူးမေ့သွားသည် အထိ ကြုံခဲ့ရဖူး၏။

သူ့ကိုယ်သူလည်း နောင် ၅၂ နှစ်ကြာလျှင် သူ့ဘဝဇာတ်ကြောင်းကို ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက ဒေါ်လာ ၂ သိန်း အကုန်အကျခံ၍ ရုပ်ရှင်ရိုက်ကူးမည်ဆိုသည်ကို အိပ်မက်ပင် မမက်ခဲ့မိပါ။

ထို့အတူ သူမ၏အောင်မြင်မှုများအတွက် တစ်ယောက်တည်းသော သိပ္ပံဆိုင်ရာနိုဘယ်ဆုကြီး ၂ ကြိမ်တိုင်တိုင်ရရှိသူတစ်ဦး ဖြစ်လာလိမ့်မည်ဟုလည်း မျှော်လင့်မိမည် မဟုတ်။

ပထမတစ်ကြိမ် နိုဘယ်ဆုကို ရူပဗေဒပညာတွင် ထူးချွန်စွာလုပ်ဆောင် အောင်မြင်ခဲ့ခြင်းကြောင့် ၁၉၀၃ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရပြီး၊ ဒုတိယအကြိမ်ကတော့ ၁၉၁၁ ခုနှစ်၌ ဓာတုဗေဒဆိုင်ရာ ထူးထူးကဲကဲရှာဖွေတွေ့ရှိခဲ့သည့်အတွက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်၏။

အကယ်၍သာ မဒမ်ကျူရီသည် အပျိုဖျန်းကလေးဘဝတွင် သူ့ဇာတိ ပိုလန်က ချမ်းသာသလောက်မောက်မာလှသော မိသားစုတစ်ခုတွင် ရိုင်းရိုင်းပျပျ နှိမ်ချစော်ကားမှုကိုသာ မခံခဲ့ရလျှင်၊ သိပ္ပံပညာရှင်တစ်ဦးဖြစ်လာမည် မဟုတ်သလို၊ ရေဒီယမ်ကိုလည်း ရှာဖွေတွေ့ရှိစရာ အကြောင်းမရှိပါ။

ဇာတ်လမ်းကလေးကတော့ ဒီလို-

အနာဂတ်တွင် မဒမ်ကျူရီဖြစ်လာမည့် ၁၉ နှစ်အရွယ်လုံမပျိုလေးသည် ပိုလန်သူဌေးမိသားစုတစ်စု၏ ၁၀ နှစ်သမီးကလေးကို သွားထိန်းရင်း စာသင်နေသည်။

သူဌေးသားအကြီးဆုံးက ခရစ်စမတ်ကျောင်းပိတ်ရက် အိမ်ပြန်လာရာ ဆရာမကလေးနှင့် တွေ့သည်။ အတူတူ စကိတ်စီးကြ၊ ကကြနှင့် ရင်းနှီးသွားသည်။ ဆရာမကလေး၏ မဒိုတရိနှင့် ချစ်စဖွယ်အမူအရာ၊ လိမ္မာသွက်လက်သော ဖြတ်တိုးဉာဏ်၊ ဖွဲ့ဆိုသီကျူးသောကဗျာများက သူ့ကို တမ်းတစွဲမက်စေခဲ့သည်။ ဒါနှင့်ပဲ သူတို့ ချစ်သွားကြပါလေရော။ ချစ်ရုံနှင့် အားမရ။ လက်ထပ်ဖို့ပင်

ပြင်ဆင်မိကြ၏။ သို့ပေမယ့်၊ကောင်ကလေးအမေက သည်သတင်းကြားကြားချင်း တက်မတတ်ချက်မတတ် ဖြစ်သွားသည်။ အဖေလုပ်သူကတော့ ဒေါသူပုန်ထပြီး ဘီလူးထွက် ထွက်တော့သည်။

"ဘာကွ။ ငါ့သားက တစ်ပြားမှုမတန်ဘဲ အညတရကောင်မကလေးကို လက်ထပ်ဖို့ ဒူးထောက် ခယသတဲ့လား"

"ဂုဏ်မရှိသရေမရှိ, ငွေမရှိတဲ့ကောင်မလေး"

"တခြားအိမ်မှာ အခစားလိုက်လုပ်နေတဲ့ ကောင်မကလေးကိုများ ကြိုက်ရတယ်လို့။ ခင်းနှင့်ငါ့သား တူသလား တန်သလား။ အမဲရိုးနှယ် ရွှေအိုးမှ အားမနာ။ ကြွက်စုတ်မက သမင်သားကို မျှော်ရတယ်လို့"

ပက်ပက်စက်စက် မညှာမတာ ပိုင်းပြောလိုက်ကြသည်မှာ ရစရာမရှိတော့။

မဒမ်ကျူရီဖြစ်လာမည့် သူ့ကလေးကို ရိုင်းစိုင်းရက်စက်စွာ မျက်နှာကို ရိုက်ချလိုက်သည်မို့လည်း ဒဏ်ရာအပြင်းအထန် ရခဲ့ရသေးသည်။ ဒီဒဏ်ရာက အသည်းခိုက်အောင်နာခဲ့ရသလို လက်ထပ်ရေးကိစ္စကိုစွန့်လွှတ်၍ ချစ်သူကို ကျောခိုင်းကာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ထွက်လာခဲ့သည့်နောက် သူ့ဘဝကို သိပ္ပံနယ်ထဲမှာပဲ စာတ်မြုပ်ထားလိုက်တော့၏။

၁၈၉၁ ခုနှစ်မှာတော့ 'မာညာစကလို ဒေါ်စကာ' အမည်ဖြင့် ပဲရစ်တက္ကသိုလ်၌ သိပ္ပံပညာသင်ကြားရန် စာရင်းသွင်းခဲ့သည်။

သူမခမျှာ လူတွေကို စိတ်မနာသော်လည်း လူတောထဲမတိုးရဲလောက်အောင် ရှက်ရွံ့နေခဲ့သလို၊ အပေါင်းအသင်းမိတ်ဆွေတွေလည်း မထားတော့ဘဲ၊ အချိန်ရှိသရွေ့ ပညာရှာမှီးဖို့ပဲ အသည်းအသန်အားထုတ်ခဲ့၏။ သို့ပေမယ့် စိတ်သွားတိုင်း ကိုယ်မပါ။ ဖြောင့်ဖြောင့်တန်းတန်းတောင် ပညာမသင်နိုင်ဘဲ ဆူးခင်းလမ်းမှာ လျှောက်ခဲ့ရပါသည်။

နောက် ၄ နှစ်လုံးလုံး ကလေးတွေကို စာပြ၍ရသည့်ငွေကလေးဖြင့် ပိုလန်မှ သချာပြကျောင်းဆရာဖခင်ကြီးက မကြာခဏပို့ပေးသော ရုရှားပိုက်ဆံ မပြစ်စလောက်ကလေးဖြင့်သာ အသက်ဆက်ဖို့ ကြိုးစားနေရ၏။ တစ်နေ့ ၃ သျှီလင်နှင့်လောက်အောင် သုံးရ၏။ ထိုစရိတ်တွေထဲကွင် အခန်းခ, အစားအသောက်ဖိုး, အဝတ်အစား, မီးဖိုးထင်းဖိုးနှင့် ကျောင်းလခတွေ အပါအဝင်။





သူမ၏အခန်းငယ်မှာ ပြတင်းပေါက်တစ်ပေါက်တည်းရှိပြီး၊ ထိုတစ်ပေါက်ကလည်း ခေါင်မိုးအလင်းပေါက်သာ ဖြစ်၏။ ဓာတ်ငွေ့ပိုက် မရှိ။ ထိုထက်အဆပေါင်း ၁၀၀၀ ဆိုးသည်က အနွေးပေးစက်မရှိခြင်းပင်။

သူ့ခမျှာ တစ်ဆောင်းလုံးမှ မီးသွေး ၂ အိတ်သာ ဝယ်နိုင်သည်။ ထိုအဖိုးတန်ရွှေမီးသွေးများ အကုန်သက်သာအောင် ချမ်းအေးလှသောဆောင်းအတော်များများမှ မီးလင်းဖိုထဲမထည့်ရက်စွာ ချွေတာခဲ့ရင်း၊ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည့်ကြားက ထုံကျဉ်နေသောလက်ချောင်းများနှင့် သချာပုစ္ဆာတွေ ထိုင်တွက်ခဲ့ရသောဟူ၏။

ထိုမှ အိပ်ရာမဝင်ခင် မဒမ်ကျူရီအလောင်းအလျာကလေးသည် သူ့သေတ္တာကလေးကိုဖွင့်၍ မျက်နှာသုတ်ပဝါ, ခေါင်းအုံးစွပ်တို့ကို အိပ်ရာပေါ်ပုံ၍ နွေးအောင်ကြံဖန်လုပ်ခဲ့ရပြန်သည်။ ဒါပေမယ့်လည်း အချမ်းမပြေသေးဘဲ ရှိနေ၏။ သို့ဖြင့် ကုလားထိုင်ကိုသွားယူပြီး ဆတ်ဆတ်တုန်နေသောသူ့ကိုယ်ပေါ် တင်ဖိထားရရှာသည် ဆို၏။

စားရပြန်တော့လည်း ချိုချိုငဲ့ငဲ့မလောက်မင။ ဒီကြားထဲ အဖိုးတန်အချိန်တွေထဲက ဖဲ့ပြီး အလှအယက်ချက်ရသည်။ ပြီးတော့ မရှိ ရှိတာကလေးနှင့်ပင် တင်းတိမ်လိုက်ရသည်ပေါ့။ ပေါင်မုန့် ၁ လုတ် - ၂ လုတ်စာကလေးကို ထောပတ်ပါးပါးသုတ်၍ လက်ဖက်ရည် ခပ်ကျဲကျဲနှင့် တစ်နပ်စာ ပြီးလိုက်ရသည့် ရက်တွေကလည်း မနည်းလှ။

မကြာမကြာဆိုသလိုပင် မူးနောက်ပြီး အိပ်ရာပေါ် ဒယီးဒယိုင်တက်ခွေရင်းက သတိလစ်သွားရသေးသည်။ သတိပြန်ရလာသောအခါမှ သူ့ကိုယ်သူ ပြန်မေးမိ၏။

"ငါ ဘာဖြစ်လို့ မေ့သွားတာပါလိမ့်"

သူမအနေဖြင့် တဖြည်းဖြည်းအစာငတ်ရေငတ် အားပြတ်၍ ရောဂါရခဲ့သည်ကို လက်မခံလိုခဲ့ပါ။ တစ်ခါကလည်း တက္ကသိုလ်စာသင်ခန်းထဲမှာပင် မေ့လဲသွားခဲ့ရှူးသည်။ သူ ပြန်သတိလည်လာတော့ ချယ်ရီသီးအနည်းငယ်နှင့် မုန်လာဥတစ်တွဲသာ ရက်ပေါင်းများစွာအမှီပြုနေခဲ့ကြောင်း ဆရာဝန်ကို ဝန်ခံစကား ဆို၏။

ါပေမယ့် ပဲရစ်မြို့တော်၏တစ်နေရာ ထပ်ခိုးကလေးပေါ်မှာ ခိုကပ်နေခဲ့ရသော ကျောင်းသူမကလေးအတွက် သိပ်ပြီးဝမ်းနည်းပက်လက်တော့ မဖြစ်လိုက်ပါနှင့်။

လိုကျောင်းသူမကလေးသည် နောက် ၁၀ နှစ်အကြာတွင် ကမ္ဘာပေါ်မှာ အကျော်ဆုံး၊အတော်ဆုံးအမျိုးသမီးအဖြစ် လျှမ်းလျှမ်းတောက်တော့မည့် သူကလေး ပါ။

အလုပ်ကို အလွန်အမင်းအားစိုက်ကြိုးစား၍ ပညာဗဟုသုတရှာမှီးလိုစိတ် သူမတွင်အောင်မြင်းထန်သော သူမအား ငတ်မွတ်ဆာလောင်မှုက နောက်တွန့် မသွားစေနိုင်သလို၊ အအေးဒဏ်ကလည်း သူ့ရင်ထဲက ဆန္ဒမီးတောက်တွေကို အနိုင်ယူလွှမ်းမိုး မသွားနိုင်ပါချေ။

ပဲရစ်သို့ရောက်ပြီး ၃ နှစ်အကြာမှာ မာညာ စကလို ဒေါ်စကာသည် သူမတစ်သက်လုံးကို ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်စွမ်းသည့် တစ်ဦးတည်းသောအမျိုး သားနှင့် ဖူးစာဆုံခဲ့၏။

ထိုအမျိုးသားမှာ သူနှင့် အသွင်တူအသွေးတူ သူ့လိုပင် သိပ္ပံပညာကို အသက် ပေးမြတ်နိုးသူ ဖြစ်ပါသည်။ နာမည်ကတော့ "ပိုင်ယာရီ ကျူရီ" တဲ့။ ပိုင်ယာရီသည် အသက် ၃၅ နှစ်သာရှိသေးသော်လည်း ပြင်သစ်နိုင်ငံရှိ ထိပ်တန်းသိပ္ပံပညာရှင်တွေ ထဲတွင် တစ်ယောက်အပါအဝင်ဖြစ်နေပါပြီ။

သူတို့ မင်္ဂလာဆောင်သောနေ့က ပိုင်ဆိုင်သမျှဆို၍ စက်ဘီးတစ်ယောက် တစ်စီးသာ ရှိခဲ့ရာ၊ သူတို့၏ ဟန်းနီးမွန်းခရီးကို ပြင်သစ်ကျေးလက် တောရွာကလေး တွေဆီ စက်ဘီးကိုယ်စီနှင့် ထွက်လည်ခဲ့ကြသည်။

နေ့လယ်စာအဖြစ် ပေါင်မုန့်၊ ဒိန်ခဲ၊ ချိုချဉ်၊ သစ်သီးတွေနှင့် ပြီးခဲ့သလို၊ အရောင်အဆင်းတွေပျက်ပြယ်နေသော စက္ကူနံရံတွေကာရံထားပြီး ဖယောင်း တိုင်ထွန်းပြီး နေရသည့် ရွာထမင်းဆိုင်ကလေးမှာ ညအိပ်ခဲ့ကြရ၏။

နောက် ၃ နှစ် လွန်မြောက်ချိန်တွင်မှ မဒမ်ကျူရီတစ်ယောက် ဒေါက်တာ ဘွဲ့ယူဖို့ ပြင်ခဲ့ပါတော့သည်။ ဒဿနိကဗေဒဒေါက်တာဘွဲ့ကို ရည်မှန်းပြီး သူမသည် သိပ္ပံသုတေသနအချို့ကို လုပ်ဆောင်ခဲ့ရ၏။





သူမက မကြာသေးမီကမှ ရှာတွေ့ထားခဲ့သော လျှို့ဝှက်ချက်တစ်ခုကို ဖြေရှင်းရန် ကြိုးစားနေသည်။ သူမ၏ သိပ္ပံသုတေသနလုပ်ငန်းကို အခြေခံကာ လက်ကိုင်ပြုရန် ဆုံးဖြတ်ခဲ့သည်။

ထိုလျှို့ဝှက်ချက်သည်ကား "ယူရေနီယမ်သတ္တုမှ အလင်းရောင်ခြည်တန်းတွေ ဘာကြောင့် ထုတ်လွှတ်နေရသလဲ" ဆိုသည့် အချက်ပင်တည်း။

မဒမ်ကျူရီသည် သူသိသမျှ ဓာတ်သတ္တုအစိုင်အခဲနှင့်အတူ ရာပေါင်းများစွာ သော တွင်းထွက်သတ္တုတွေကို ရောင်ခြည်တွေ အဆန်းတကြယ်ထုတ်လွှင့်လေ မလားဟု နည်းမျိုးစုံနှင့် စမ်းသပ်ကြည့်၏။ စွမ်းအားကောင်းလှသော ထိုရောင်ခြည် တွေမှ အမည်မသိ ဒြပ်စင်တစ်မျိုးမှာ အာကာသအတွင်းသို့ ပစ်လွှတ်နေကြောင်း ဖြင့်ဆာ နိဂုံးချုပ်နိုင်ခဲ့သည်။

နောက်ဆုံးတော့ မဒမ်ကျူရီ၏ခင်ပွန်း ပိုင်ယာရီကျူရီလည်း သူ့ကိုယ်ပိုင် စမ်းသပ်ရှာဖွေမှုများကို ချောင်ထိုးပြီး၊ သူမ၏ ဆန်းကြယ်ထူးခြားသော ဒြပ်စင်သစ် သုတေသနလုပ်ငန်းသို့ ပါဝင်ကူညီခဲ့ရတော့၏။

လပေါင်းများစွာ ရှာဖွေစမ်းသပ်ပြီးနောက် မဒမ်ကျူရီနှင့် ခင်ပွန်းတို့သည် သိပ္ပံလောကကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားစေမည့် ဗုံးတစ်လုံးကို ပစ်သွင်း ဖောက်ခွဲပြလိုက်တော့၏။ ယူရေနီယမ်ထက် ရောင်ခြည်လွှတ်အား အကြိမ် ၂ သန်းပိုများသော သတ္တုတစ်မျိုးကိုတွေ့ရှိခဲ့ပြီဟုယုံကြည်ကြောင်း သူတို့ ဓနီးမောင်နှံ က ကြေညာလိုက်ခြင်းပင် ဖြစ်၏။

ထိုသတ္တု၏ရောင်ခြည်သည် သစ်၊ ကျောက်၊ သံမဏိ၊ ကြေးနီများကို ဖောက်ထွင်းနိုင်၍၊ အံ့မခန်းစွမ်းအားရှင်ထိုရောင်ခြည်ကို ထူထဲစွာထပ်ထားသော ခဲချပ်များကလွဲ၍ တခြားဘာကမျှ မတားဆီးနိုင်ကြောင်းလည်း ထုတ်ဖော်ခဲ့ကြ သည်။

သူတို့ ရှာဖွေတွေ့ရှိမှုသာ အကြွင်းမဲ့မှန်ခဲ့လျှင် သိပ္ပံပညာရှင်ကြီးများ ရာစု နှစ်ချီ၍ ယုံကြည်သတ်မှတ်ထားခဲ့သော အခြေခံသီအိုရီတွေမှန်သမျှ တစ်မျိုးတစ်မည် ပြောင်းလဲသွားကြရမှာ မလွဲပါ။

သူတို့က သူတို့၏ အံ့ဖွယ်သရဲထူးကဲလှသော ဒြပ်စင်သစ်အား 'ရေဒီယမ်' ဟု ကင်ပွန်းတပ်လိုက်၏။ ရေဒီယမ်သည် ယခင်ကသိနှင့်ပြီးသော ဓာတ်သတ္တုများ

နှင့် ဘာဆိုဘာမျှမဆိုင်။ တခြားသတ္တုများနှင့် ဩချတ္တနိလွှပ်လောက်အောင် လုံးဝကွဲပြားခြားနားသော သတ္တုတစ်မျိုး အသစ် ထပ်ပေါ်လာသည်ဆိုခြင်းကို သိပ္ပံသုတေသီကြီးများက သံသယပွားခဲ့ကြ၏။

"တို့ကို သန့်စင်ပြီးရေဒီယမ်စစ်စစ်ဆိုတာကို ပြစမ်းပါ။ တို့ ကြည့်ချင်တယ်။ လေ့လာမယ်။ စမ်းသပ်မယ်။ သူ့ရဲ့အသေးဆုံးပမာဏ အလေးချိန်ကို ရှာကြည့်မယ်" ဟု စိန်ခေါ်လိုက်သည်။

သို့ဖြင့် မဒမ်ကျူရီနှင့်ခင်ပွန်းသည်တို့လည်း ရေဒီယမ်ဆိုတာ တကယ်ရှိကြောင်း သက်သေအခိုင်အမာပြနိုင်ရေးအတွက် ၁၈၉၈ ခုနှစ်မှ ၁၉၀၂ ခုနှစ်တိုင်အောင် ၄ နှစ်လုံးလုံး အလုပ်ရှုပ်သွားကြရပြန်၏။

သူတို့ဇနီးမောင်နှံသည် ၄ နှစ်တိုင်အောင် ရေဒီယမ် ၁ ဒက်စီဂရမ် (၁ ဂရမ်၏ ၁၀ ပုံ ၁ ပုံ) ပမာဏအားဖြင့် ခပ်ငယ်ငယ်မြေပဲဆံတစ်စေ့၏ တစ်ဝက်ထက်မပိုသော ရေဒီယမ်သတ္တုများကို ထုတ်လုပ်ဖို့ ကြိုးစားခဲ့ကြ၏။ သူတို့ ဘယ်နည်းနှင့် ထုတ်လုပ်ပါသနည်း။ သတ္တုရိုင်းကျိုတံကို ကျိုချက်သန့်စင်ရပါသည်။

သူတို့သည် လက်ဦးက ဆေးကျောင်းသားများ ခွဲစိတ်ခန်းအဖြစ်အသုံးပြုခဲ့သော စွန့်ပစ်ကုန်ရုံဟောင်းကြီးတစ်လုံးထဲတွင် တကုပ်ကုပ်လုပ်ခဲ့ရခြင်းပါ။

ဂိုထောင်ကြီးမှာ ကြမ်းခင်း မရှိ။ အမိုးတွေကလည်း ဖရိုဖရဲ။ ပေါက်လို့ပြလို့။ ယိုယွင်းပျက်စီးနေသော မီးဖိုဟောင်းတစ်လုံးတော့ ရှိပါရဲ့။ ဆောင်းတွင်းကျရင်တော့ ကွင်းပြင်ကြီးထဲရောက်နေရသလို နိုက်နိုက်တုန် အေးစက်နေသည်။ သူတို့လင်မယား ၂ ယောက်သည် ထိုဂိုထောင်အိုကြီးထဲမှာ ၄ နှစ်လုံးလုံး ဒုက္ခခံခဲ့ကြရ၏။

ပိုင်ယာရီမှာ နောက်ဆုံးတွင် စိတ်ဓာတ်ကျသည်ထက် ကျခဲ့ပြီး လက်ရှိသုတေသနလုပ်ငန်းကို စွန့်လွှတ်၍ တန်ဖိုးရှိသောအချိန်တွေကို တစ်နေရာ၌သုံးဖို့ ကြံခဲ့မိ၏။ ဒါပေမယ့် မဒမ်ကျူရီကတော့ အရှုံးမပေး ဖွဲမလျှော့။

သည်လိုနှင့် ရေဒီယမ် ၁၀ ပုံ ၁ ပုံဂရမ် လက်ဝယ်ပိုင်ပိုင်ရရှိသည်အထိ မာန်တင်းကြိုးစားဖြစ်ခဲ့ကြသည်။





ထို ရှာဖွေဖော်ထုတ်မှု၏ရလဒ်အဖြစ် မဒမ်ကျူရီသည် ကမ္ဘာပေါ်တွင် ဂုဏ်အတင့်ဆုံးနှင့် နာမည်အကျော်ဆုံး အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့ရတော့၏။ ဒါပေမယ့် ချိုးမွမ်းသြဘာ ထောပနာတွေနှင့်ဂုဏ်ပြုခံပြီး အကျော်ဒေးယျဖြစ်ခဲ့ရသည့်ဘဝကို သူ နှစ်သက်ပျော်ရွှင်မည် ထင်ပါသလား။ 'ထင်သလောက် မပျော်ပါဘူး' တဲ့။

သူမက ဂိုထောင်စုတ်ကြီးထဲက ဖုန်အလိမ်းလိမ်းကြားတွင် ရေဒီယမ်ကို ဖော်ထုတ်နေရသည့် နှစ်ကာလ ငတ်တစ်လှည့်ပြတ်တစ်လှည့် အချိန်များသည်သာ သူမဘဝမှာ အပျော်ဆုံးနေ့များ ဖြစ်ခဲ့ပါသတဲ့။

ထိုအချိန်က သူ့တစ်ကိုယ်လုံး အေးလွန်းလို့ဆတ်ဆတ်တုန်နေပြီး၊ ခြေကုန်လက်ပန်းကျ၍ ယိုင်လဲမတတ်ဖြစ်နေခဲ့ရသည့်တိုင်အောင် သူမြတ်နိုးသော အလုပ်အတွက် အသက်ကိုပင် စွန့်ထားသည်မဟုတ်ပါလား။

၁၉၀၂ ခုနှစ်တွင်မှ မဒမ်ကျူရီနှင့် ခင်ပွန်းသည်တို့အဖို့ ရွှေဘုံပေါ်မှာပဲ စံချင်သလား၊ သိပ္ပံသုတေသနနယ်အတွက် ကိုယ်ကျိုးမဖက်သော စံပြသူရဲကောင်းတွေပဲ ထိုက်ထိုက်တန်တန်ဖြစ်ချင်သလား။ ကြိုက်ရာရွေးဖို့ ဖန်တီးလာသည်။ ထိုအချိန်က သူတို့တွေ့ရှိဖော်ထုတ်ခဲ့သော ရေဒီယမ်ဖြင့် ကင်ဆာဝေဒနာရှင်များကို ကုသနိုင်ကြောင်း သိခဲ့ကြတဲ့အချိန်။

ရေဒီယမ်ကို ဟိုကလိုချင်ဒီကလိုချင်နှင့် တောင်းဆိုမှုတွေ ကြီးထွားများပြားလာသလို၊ မဒမ်ကျူရီနှင့် ခင်ပွန်းကလွဲ၍ ဒီကမ္ဘာပေါ်မှာ ဘယ်သူမျှ မထုတ်လုပ်တတ်ကြတဲ့အချိန်။ သူတို့အနေဖြင့် ရတနာပုံဆိုက်အောင် သိုက်တူးခွင့်ရမယ့်ကာလ။

သူတို့ တီထွင်ဖော်ထုတ်ခဲ့ကြသော ရေဒီယမ်ထုတ်လုပ်နည်းကို မူပိုင် မှတ်ပုံတင်လိုက်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးက ထုတ်လုပ်သမျှသော ရေဒီယမ်တွေအတွက် အကျိုးခံစားခွင့်ရရှိမည် ဖြစ်၏။

ရေဒီယမ်ကို စီးပွားဖြစ် ထုတ်လုပ်ပြီဆိုသည်နှင့် လုပ်ငန်းရှင်များထံမှ အမြတ်အစွန်းတွေကိုလက်ခံလိုက်သော မဒမ်ကျူရီတို့ လင်မယား ၂ ယောက်စလုံးအား ကဲ့ရဲ့ရှုတ်ချမည့်သူ မဆိုစလောက်လေးမျှသာ ရှိပါလိမ့်မည်။

ဒီအကျိုးခံစားခွင့်က "သူတို့နှင့် သားသမီးတွေအတွက် တစ်ဘဝစာ ဖူလုံ ကြွယ်ဝသွားနိုင်သလို၊ ဆင်းရဲတွင်းမှ ထွက်မြောက်ခွင့်ရရှိမက သူတို့၏ အနာဂတ် သုတေသနလုပ်ငန်းကို လုပ်ဆောင်ဖို့ မတ်ခွဲခန်းတစ်ခုလည်း ကောင်းကောင်းကြီး ရရှိကြဦးမည်။ ဒါပေမယ့်လည်း သေမင်းလက်ကလူတွေ၏ အသက်ပေါင်းများ စွာကို ကယ်တင်ရန် ကြီးမားသောမေတ္တာစေတနာဖြင့် မဒမ်ကျူရီက သူ့ပညာကို ရောင်းစားရန် ငြင်းပယ်ခဲ့၏။ သူ၏ရှာဖွေတွေ့ရှိမှုအတွက် ငွေစကြေးစတစ်ပြားမျှ လက်မခံခဲ့ပါချေ။

"ဖြစ်မယ်မထင်ပါဘူးရှင်။ မူပိုင်ခွင့်လုပ်ပြီး ရောင်းစားတာဟာ သိပ္ပံ ပညာရှင်မပီသရာ ရောက်ပါလိမ့်မယ်။ သိပ္ပံလောကကိုလည်း သစ္စာဖောက် စော် ကားလိုက်တာနှင့် မခြားပါဘူး။ ဒီ့အပြင် ရေဒီယမ်ဟာ ရောဂါကုရာမှာ အသုံး ဝင်တာဆိုတော့ ဒီအပေါ်က အမြတ်ထုတ်ဖို့လည်း မသင့်ဘူးမဟုတ်လား" တဲ့။

မဒမ်ကျူရီကိုယ်တိုင်က ပြောခဲ့တဲ့စကားပါ။ အဓွနှင့် ပရကို သူ အမှန် အကန် ခွဲခြားနိုင်ခဲ့ပါသည်။ ဒါကြောင့်လည်း မဒမ်ကျူရီသည် ခရစ်တော်၏ ကိုယ်ကျိုးမဖက် အများကျိုးသက်သက် စွန့်လွှတ်အနစ်နာခံခြင်းမျိုးဖြင့် လောကကြီး ကို အလှခြယ်ခဲ့ပါပြီ။ ချမ်းသာခြင်းကိုပယ်၍ ဆင်းရဲခြင်းကို ရွေးချယ်လိုက်သည်။ သာယာဖြောင့်ဖြူးသောဘဝလမ်းကို ကျောခိုင်း၍ လူသားတွေ၏ အကျိုးဆောင်ရန် ဆင်းရဲပင်ပန်းစွာ အလုပ်ဆက်ရမည့်လမ်းကို လျှောက်လှမ်းခဲ့သည်။ ဤသည် ပင် မဒမ်ကျူရီ ဖြစ်ပါသည်။







# ဗိုလ်ချုပ်ကြီး ဂျော့ချ် စီ-မာရှယ်
# General George C.Marshall

**သူသည် သတင်းတွေကို ဖန်တီး၏။**
**သို့သော် ထိုသတင်းတွေကို**
**တစ်ခါမျှ နှားထောင်သူ မဟုတ်။**

❑ အမေရိကန်ပြည်ထောင်စု၏တပ်မတော်သမိုင်းတွင် စံပြုမော်ကွန်းထိုး သလောက်သော ဗိုလ်မှူးကြီးပေါင်း များစွာရှိသည့်အနက်မှ မနေ့တစ်နေ့ကအထိ စစ်ဦးစီးချုပ်အဖြစ် နံပါတ် ၁ နေရာကိုရယူ၍ တပ်ပေါင်းစုကို စီမံကွပ်ကဲခဲ့သူ ဗိုလ်ချုပ်ကြီး ဂျော့ချ် စီ-မာရှယ်လည်း တစ်ယောက်အပါအဝင် ပါတည်း။

အဲသည် အမေရိကန်ကြည်းတပ် ဗိုလ်ချုပ်ကြီးဟောင်းဟာ ဘယ်လို လူစား မျိုးပါနည်း။

ဂျင်နရယ်မာရှယ်နှင့်အတူ ဖိလစ်ပိုင်တွင် အတူတိုက်ပွဲဝင်ခဲ့သော အငြိမ်းစား ဗိုလ်ချုပ်ကြီး ဂျင်နရယ် ဂျေ-ဖရန့်ကလင်ဘဲလ် ကတော့ "ဂျော့ချ်မာရှယ်သည် စတုန်းဝေါလ်ဂျက်ဆင်၏နောက်တွင် အမေရိကန်ပြည်ထောင်စုကမွေးထုတ်လိုက် သော အထက်မြက်ဆုံး၊ အကြီးကျယ်ဆုံးပါရမီရှင် စစ်ပါရဂူကြီးပါ"ဟု လူသိ ရှင်ကြား ဖွင့်ဆိုခဲ့၏။

စတုန်းဝေါလ်ဂျက်ဆင် ကဲ့သို့သော အဓိပတိစစ်ခေါင်းဆောင်ကြီးတစ်ဦးနှင့် နှိုင်းယှဉ်ခံရခြင်းမှာ ဂျော့ချ်မာရှယ်အဖို့ ထူးကဲစွာချီကျူးထောပနာခံရခြင်းပင် ဖြစ်၏။

စတုန်းဝေါလ်ဂျက်ဆင်သည် အမေရိကန်ပြည်တွင်းစစ်ကာလအတွင်းက တောင်ပိုင်းစစ်တပ်၏ လေးစားအားထားအခံရဆုံးသော စစ်သူရဲကောင်းကြီး ဖြစ်ခဲ့၏။

သမ္မတကြီး အေဘရာဟင် လင်ကွန်းကပင် သူ၏မြောက်ပိုင်းစစ်တပ်များကိုကွပ်ကဲဦးစီးရန် စတုန်းဝေါလ်ဂျက်ဆင်ကဲ့သို့ စစ်ပါရဂူကြီးမျိုးစေလွှတ်ပေးပါရန် ထာဝရဘုရားသခင်ထံ ဒူးထောက်ပြီး ဆုတောင်းခဲ့ရသော ဟူ၏။

စတုန်းဝေါလ်ဂျက်ဆင်၏ ဗာဂျီးနီးယားပြည်နယ် ရှန်နန်ဒိုးတောင်ကြားတိုက်ပွဲမှာ စစ်သမိုင်းတွင် အပြောင်မြောက်ဆုံး စစ်ဆင်ရေးပညာ သေနင်္ဂဗျူဟာများအဖြစ် ဥရောပနိုင်ငံများရှိ စစ်တက္ကသိုလ်အသီးသီး၌ ယနေ့တိုင် လေ့လာသင်ကြားနေကြဆဲပင်။

ပထမကမ္ဘာစစ်အတွင်းက ဥရောပတစ်ခွင် အမေရိကန်တပ်များကို ဦးစီးခေါင်းဆောင်ခဲ့သူ ဂျင်နရယ်ပါးရှင်းကလည်း 'ဂျင်နရယ်မာရှယ်သည် ၁၉၁၈ ခုနှစ်ဝန်းကျင် အမေရိကန်တပ်မတော်ထဲ၌ အကောင်းဆုံး ထိပ်တန်းအရာရှိကြီးဖြစ်ကြောင်း' ထုတ်ဖော်ပြောဆိုခဲ့ပြန်၏။ ပါးရှင်းက မာရှယ်အား ဥရောပရှိ အမေရိကန်တပ်များအတွက် ပထမဆုံးစစ်ဆင်ရေးတာဝန်ခံ ခန့်အပ်ခဲ့သည်။

ထိုအခွင့်အာဏာဖြင့် ဗိုလ်ချုပ်မာရှယ်သည် ပထမကမ္ဘာစစ်ကြီး၏ စစ်ဆင်ရေးဆိုင်ရာ အခက်ခဲဆုံးပြဿနာများကို သူမတူအောင်ဖြေရှင်းပေးနိုင်ခဲ့သည်ဆို၏။ ပြဿနာကတော့ ဒီလိုပါ။

ဗိုလ်ချုပ်ကြီး ပါးရှင်းအနေဖြင့် တပ်သားပေါင်း ၅ သိန်းကျော်၊ လက်နက်ကြီး ၃၀၀၀၊ ခဲယမ်းမီးကျောက် တန် ၄၀ နှင့် ဆေးရုံ ၃၄ ရုံကို စိန့်မီဟီးလ်မှ အာဂွန်နီဒေသသို့ ပြောင်းရွှေ့ဖို့ လိုသည်။ ထိုသို့ တပ်ပြောင်းရာတွင်လည်း ရန်သူသူလျှိုများ၊ ရန်သူစစ်လေယာဉ်များမရိပ်မိအောင် အထူးလျှို့ဝှက် ပိရိရပေလိမ့်မည်။ သည်လို သေရေးရှင်ရေးပြဿနာကို ဗိုလ်ချုပ်ကြီးမာရှယ်က အမှားအယွင်းမရှိအောင် အတိအကျ လုပ်ဆောင်ခဲ့၏။

သိန်းချီနေသောတပ်ဖွဲ့ကြီးကို ဘယ်သူမျှမသိအောင် ညဘက်တွင် တစ်နယ်မှတစ်နယ်သို့ ၂ ပတ်အတွင်းမှာ တိတ်တဆိတ်ဖြတ်သန်းစေခဲ့သည်။

ဂျာမန်များမှာ မော်စီအာဂွန်နီရှေ့တန်းစစ်မျက်နှာတွင် သန်းဝက်မျှသော အမေရိကန်စစ်သားများ ဘွားခနဲပေါ်လာပြီး၊ ဂျာမန်တပ်များကို ဖရိုဖရဲပြိုကွဲအောင်





စစ်ကူဝင်တိုက်၍ စစ်ပွဲကို အနိုင်ယူလိုက်ချိန်အထိ ဂျင်နရယ်မာရှယ်၏စစ်ဆင်ရေးလှုပ်ရှားမှုကို မရိပ်မိခဲ့ကြရှာ။

အေဘရာဟင် လင်ကွန်း ပြောသည့်အတိုင်း "စစ်ရေးစစ်ရာတွေ အောင်ပွဲခံနိုင်ရေးဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ ဉာဏ်စွမ်းအပေါ် ဘယ်လောက်မူတည်လိုက်သလဲ။ ကြည့်စမ်း"လို့သာ ဆိုရပါတော့မည်။

ဂျင်နရယ်မာရှယ်သည် စည်းကမ်းဥပဒေကို လိုက်နာအပ်သည်ဟု ယုံကြည်၏။ သို့သော် ရက်စက်စွာတင်းကြပ်ခြင်းကိုတော့ မကြိုက်ပါ။ ရှေးဦးပိုင်း စစ်တပ်များ စဖွဲ့စဉ်ကတည်းက စစ်အရာရှိကြီးများကျင့်သုံးခဲ့သော ဖိနှိပ်ချုပ်ချယ်မှုများကို သူ လက်မခံခဲ့ပါ။

မာရှယ်သည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာသောအခါမှာတော့ တိုက်ခိုက်ရေးတပ်ဖွဲ့များသမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲလုပ်ပစ်လိုက်သည်။ သူက မေးခွန်း ၁၁၈ ခုပါဝင်သော မေးခွန်းလွှာတစ်ခုကို စစ်သည်တော် ၃၀၀၀ ထံသို့ ထုတ်ပြန်ခဲ့၏။ စစ်သည်များအနေဖြင့် သူ့မေးခွန်းများအား လွတ်လပ်ပွင့်လင်းစွာ စိတ်တိုင်းကျဖြေဆိုနိုင်ပြီး သူတို့နာမည်ကို ဖော်စရာလည်းမလိုပါချေ။ မာရှယ်က မေးခွန်းတွေ ခုလို မေးခဲ့သည်။

"မင်း အထက်အရာရှိတွေကို သဘောကျရဲ့လား"

"ကြိုက်တယ်ဆိုရင် ဘာကြောင့်လဲ"

"မကြိုက်ဘူးဆိုရင် ဘာဖြစ်လို့လဲ"

"မင်းကို စွမ်းရည်ပြည့်တဲ့ စစ်သားကောင်းဖြစ်အောင် တို့က ဘယ်လိုလုပ်ပေးရမလဲ"

"တို့ရဲ့တပ်မတော်ကြီးကို ကောင်းသည်ထက်ကောင်းအောင် ဘာတွေလုပ်ဖို့ လိုသလဲ"

ထုံးစံကိုသွေဖည်လျက် သမရိုးကျအစဉ်အလာကို ဆန့်ကျင်တော်လှန်ရာရောက်ခဲ့သော ထိုလုပ်ရပ်ကြောင့် ရှေးရိုးစွဲဆရာကြီးတချို့ အံ့အားသင့်ပြီး မျက်လုံးပြူးဖြစ်သွားကြကာ မနှစ်မြို့ဟန်ဖြင့် နှာခေါင်းရှုံ့ကြလေ၏။ ဒါပေမယ့် တော်လှန်ရေး၏ရလဒ်ကတော့ ထူးကဲလှပါဘိ။

တပ်မတော် လေ့ကျင့်ရေးသင်တန်းများကို လူသားဆန်အောင် ပြုပြင်နိုင်ခဲ့ပြီး တပ်သားများကိုလည်း အရည်အသွေး ပိုမိုတောက်ပြောင်အောင် စွမ်းဆောင် အရောင်တင်ပေးနိုင်ခဲ့၏။ ထို့အပြင် ထိုသင်တန်း၏အကျိုးက စစ်မြေပြင်တွင် ရောင်ပြန်ဟပ်၍ စစ်သူရဲကောင်းများအဖြစ် အောင်ပွဲခံနိုင်ကြစေ၏။

ကျွန်တော်သည် ဂျင်နရယ်မာရှယ်နှင့် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံ၍ စကား ပြောခွင့်၊ ကြည်နူးပီတိဖြစ်ခွင့် မရလိုက်ပါ။ သို့လင့်ကစား ဗိုလ်ချုပ်ကြီးကတော် နှင့်တော့ ဆုံတွေ့ခွင့်ရခဲ့ပြီး အားရပါးရပြောခဲ့ရပါသည်။

သူမက 'ဂျင်နရယ်မာရှယ်သည် စစ်သားဖြစ်ရန် မွေးဖွားလာခဲ့သလို၊ မွေးရာ ပါဗီဇအရပင် စစ်သွေးစစ်စိတ်တွေ ထက်သန်နေခဲ့ကြောင်း၊ ကလေးဘဝတွင်လည်း စစ်သားလုပ်တမ်းကစား၍ အိမ်နီးနားချင်း တခြားကလေးငယ်များကို စစ်ရေး လေ့ကျင့်ပြီး ချီတက်နိုင်းကြောင်း၊ သစ်သားချောင်းကို မြင်းလုပ်စီးကြသော မြင်းတပ် ကြီးဖွဲ့ကာ စစ်တိုက်ကြကြောင်းများ' ကို ပြောပြခဲ့၏။

မာရှယ်သည် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်တက်ရန် ဆန္ဒပြင်းစွာ လိုလား တောင့်တခဲ့သည်။ ဒါပေမယ့် ဝက်စ်ပွိုင့်ကို တက်ခွင့်ရဖို့ ဝင် အရွေးခံရဦးမည်။ ခက်တာက ရီပတ်ဗလစ်ကင်များ ကြီးစိုးတန်ခိုးထွားသော ပင်ဆီဗေးနီးယား ပြည်နယ်တွင် သူ့အဖေက တောင်ပိုင်းသား ဒီမိုကရက်ပါတီဝင် ဖြစ်နေလေတော့ သူ အရွေးခံရဖို့ မရှိ။ ထို့ကြောင့်လည်း ဗာဂျီးနီးယားပြည်နယ် လက်ဇင်တန်မြို့ရှိ ဗာဂျီးနီးယားစစ်တက္ကသိုလ်သို့ လျှောက်ထားခဲ့ရပြီး၊ ပေါ်ပြူလာအဖြစ်ဆုံး၊ အဘက်ဘက်က ထူးချွန်၍ လေးစားခံရသောကျောင်းသားတွေထဲ တစ်ယောက် အပါအဝင် ဖြစ်လာတော့၏။

သူသည် သူ့ကို အသက်သေလောက်အောင် နောက်ပြောင်ကျီစယ်ခဲ့သော ကျောင်းသားတစ်ယောက်၏နာမည်ကို ဖော်ပြောရန် ငြင်းဆန်ခဲ့ခြင်းဖြင့် မွန်မြတ် ဖြူစင်သော အားကစားသမားစိတ်ဓာတ်ကို ပြသခဲ့ဖူးသေး၏။ ထိုကျောင်းသား က မရည်ရွယ်ဘဲလျက် သူ့ကို ဘက်နက်ဒဏ်ရာ အပြင်းအထန်ရစေခဲ့၏။ သို့သော် နောင်အနှာဂတ်တွင် အမေရိကန်ပြည်ထောင်စု၏တပ်မတော် ဦးစီးချုပ် လောင်းလျာ ကလေးက တရားခံဘယ်သူ ဆိုတာကို ဖွင့်မပြောတမ်းဖုံးကွယ်ထားခဲ့သည်။





သူ့အပေါင်းအသင်း ရောင်းရင်းတစ်စုက ဦးထုပ်တွေကို မိုးပေါ်မြှောက် လေထဲ ပစ်တင်လိုက်သည်။ မာရှယ်ကို ကောင်းချီးသြဘာ ပေးကြသည်။ ကောင်း လိုက်တဲ့ ကစားနည်း၊ တော်လိုက်တဲ့ ချန်ပီယန်။ ဂုဏ်ပြုအမွှမ်းတင်သံတွေကြား တွင် သူ့ခမျာ နှာခေါင်းပင်မဖော်သာအောင် မြုပ်သွားရတော့သည်။

ကျော့ချ်မာရှယ်သည် ဗာဂျီးနီးယားစစ်တက္ကသိုလ်၏ ဘောလုံးလက်ရွေးစင် အဖြစ် ခြေစွမ်းပြနိုင်ခဲ့ခြင်းကလည်း ကျောင်းနေဖက်သူငယ်ချင်းများ၏ လှိုက်လှိုက် လှဲလှဲ အားပေးမှုကို ရခဲ့ပြန်သည်။

အမှန်စင်စစ် ပထမ ၃ နှစ်လုံးလုံး မာရှယ်အဖို့ ဘောလုံးကစားရန် အချိန် မရခဲ့ပေ။ နောက်ဆုံးနှစ်များကျခါမှ သူက ဘောလုံး၏နည်းပရိယာယ်များကို ရက်အနည်းငယ်အတွင်း သင်ယူလေ့ကျင့်ပြီး၊ တက္ကသိုလ်လက်ရွေးစင်အသင်း၏ နောက်တန်းလူအဖြစ် ပါဝင်ကစားခဲ့ခြင်းသာ ဖြစ်၏။

သည့်နောက် ကိုယ်အလေးချိန် ၁၂ စတုံပင်မပြည့်သော သူသည် ပြိုင်ဖက် အသင်းများကို တစ်ရာသီလုံး ဒုက္ခလှလှကြီးပေးကာ ဂုဏ်ထူးဆောင်ဆုတွေ ရယူလျက် ကျောင်းတော်ကြီးကို ဂုဏ်သရေတိုးစေခဲ့၏။ တောင်ပိုင်းပြည်နယ်၏ တံခွန်စိုက်ဆုကြီးကို ယူပေးလိုက်၏။ ဘောလုံးကို တစ်ခါမျှ မထိဖူး၊ မကိုင်ဖူးသူ တစ်ယောက်အနေဖြင့် အံ့မခန်းအောင်မြင်မှုကြီး ပါပေတည်း။

ဗာဂျီးနီးယားစစ်တက္ကသိုလ်မှ ဗိုလ်ချုပ်ကြီးမာရှယ်၏ မှတ်တမ်းရာဇဝင်အရ သူသည် ထူးချွန်မှုကြောင့် အသင်းကပ္ပတိန်ရာထူးကိုရခဲ့ရုံမက၊ စာအတော်ဆုံး၊ စစ်တိုက်အကောင်းဆုံး ဘွဲ့ထူးများလည်း ပိုင်ဆိုင်ခဲ့ကြောင်း တွေ့ရသည်။

အမေရိကန်သမိုင်းတွင် အင်အားအကြီးဆုံး စစ်တပ်မဟာ၏ သေနာပတိ ချုပ်ကြီးအနေဖြင့် ဗိုလ်ချုပ်ကြီး ဂျော့ချ်မာရှယ်သည် နေ့စဉ်နေ့တိုင်း တောင်လို ရာလိုပုံနေသော အလုပ်တာဝန်တွေကို မပြတ်မနားထမ်းဆောင်ခဲ့ရ၏။ သာမန် ပုဂ္ဂိုလ်တစ်ယောက်ကို သွက်သွက်လည်သွားစေနိုင်သည့်အလုပ်တွေကို သူက လွယ်လင့်တကူလုပ်ဆောင်ရင်း ဈေးမစွမ်းဆောင်နိုင်မှုကို ပြသခဲ့၏။ သို့တိုင် ဗိုလ်ချုပ်ကြီးမာရှယ်ပုံစံက စိုးရိမ်ပူပန်မှု မရှိ။ အလျှင်စလိုပျာပျာသလဲ ဘယ်တော့မျှ မဖြစ်။

ကျွန်တော်က သူ့ဇနီးအား သူ ဘယ်လိုနည်းဖြင့် သည်လိုစွမ်းဆောင်နိုင်တာလဲဟု မေးကြည့်မိ၏။

သူမက ဗိုလ်ချုပ်ကြီးမာရှယ်အနေဖြင့် အဆမတန် များပြားကြီးလေးလှသော အလုပ်တာဝန်တွေကို စိတ်ပင်ပန်းကိုယ်နွမ်းနယ်ခြင်း အလျှင်းမရှိဘဲ ပေါ့ပေါ့ပါးပါး လုပ်ဆောင်နိုင်ခဲ့ရခြင်း အကြောင်းရင်း ၇ ချက်ကို ဖော်ထုတ် အသိပေးခဲ့ပါသည်။

နံပါတ် ၁။ သူသည် ရှည်လျားဝေ့ပြားသော အစီရင်ခံစာများကို ဘယ်တော့မှ ဖတ်ရှုလေ့မရှိဘဲ၊ လိုရင်းတိုရှင်းအကျဉ်းချုပ်ထားသော အစီရင်ခံစာတွေကိုသာ ဦးစားပေးဖတ်လေ့ ရှိသည်။

နံပါတ် ၂။ သူ့ကိုယ်သူ စာသွက်သွက်ဖတ်နိုင်အောင် လေ့ကျင့်ထားသလို၊ တဒင်္ဂအတွင်း အလုံးစုံနားလည်နိုင်စွမ်းရှိ၍ ဆုံးဖြတ်ချက် အမြန်ဆုံး ချမှတ်နိုင်သည်။ သို့နှင့်အမျှ သူသည် ဘာမဆို သွက်လက်ထက်မြက်စွာ လုပ်ဆောင်လေ့ရှိ၏။ ရုံးမှ အိမ်ပြန်ရောက်ပြီး ညဘက်ပြန်ထွက်စရာရှိလျှင်လည်း တအောင့်တနား လဲလျောင်း၍ စာဖတ်ပြီး၊ ဖြန့်းခနဲထ၊ မိနပ်နှင့် အင်္ကျီလဲ၍ ယူနီဖောင်းကိုဝတ်သည်မှာ ၄ မိနစ်အတွင်း ပြီးသောဟူ၏။

နံပါတ် ၃။ စစ်ရေးနှင့်ပတ်သက်၍ ချမှတ်ပြီးသောဆုံးဖြတ်ချက်များကို အချိန်ကုန်ခံ၊ စိတ်အမောခံပြီး ပြန်လှန်သုံးသပ်ခြင်း မရှိတော့။ ပထမတစ်ကြိမ်ကတည်းက အားသွန်ခွန်စိုက်အချိန်ယူစဉ်းစားပြီး ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ပါလေသည်တဲ့။

နံပါတ် ၄။ သူ့အနေဖြင့် စစ်ဆင်ရေးပြဿနာနှင့် စပ်ဆိုင်သမျှ သိသင့်သိထိုက်သောအချက်အလက်တွေကို အသေးစိတ်အပြည့်အစုံ စုဆောင်းလေ့လာပြီး ဖြစ်နေတတ်သည်။ သူ့ရုံးခန်း နံရံကပ်မြေပုံတွေပေါ်မှာ ရောင်စုံ ပင်အပ်ကလေးတွေ စိုက်ထားတာကို သင် ဘယ်တော့မှ တွေ့ရလိမ့်မည် မဟုတ်ပါ။ ဗိုလ်ချုပ်ကြီးမာရှယ်သည် သူ့တပ်ရင်း၊တပ်ဖွဲ့တွေ တည်ရှိရာ ဒေသတိုင်းကို မှတ်ဉာဏ်ကောင်းကောင်းဖြင့် အလွတ်ရနေသည်။ ဘာတွေလိုအပ်လို့ ဘာတွေထောက်ပံ့ရမလဲ ဆိုတာလည်း အတိအကျသိထားသည်။

နံပါတ် ၅။ သူသည် တစ်နေ့တာလုပ်ငန်းများ စရန် အိပ်ရာမှ စောစောထခြင်းဖြင့် ဦးနှောက် အထူးကြည်လင်သည်ဟု ယုံကြည်သူဖြစ်၏။ မနက် ၇





နာရီတွင် မိုးလင်းစာစားပြီး၊ ၇ နာရီခွဲ ရုံးသွားသည်။ တစ်ခါက သူကိုယ်တိုင် ပြောဖူးသည်မှာ "ညနေ ၃ နာရီထိုးပြီးတဲ့နောက်ပိုင်းမှာ ဘယ်သူမှ အမှန်အကန် မတွေးနိုင်တော့ဘူး" တဲ့။

နံပါတ် ၆။ ဗိုလ်ချုပ်ကြီးသည် နေ့လယ်တွင် တရေးအိပ်ခြင်းဖြင့် သူ့ကိုယ်သူ ပြန်အားဖြည့်လေ့ ရှိ၏။ ပြီးတော့ ဝင်စတန် ချာချီလ် ကဲ့သို့ မမောခင် အရင်နား၍ အပန်းဖြေ၏။ နေ့လယ်စာစားဖို့ အိမ်ကို လမ်းလျှောက်ပြန်သည်။ သူနှင့်အတူ ထိပ်တန်းဗိုလ်ချုပ်တစ်ဦးဦးကို အဖော် ခေါ်လာတတ်၏။ သူတို့လမ်းလျှောက်ရင်း စစ်ရေးမဟာဗျူဟာနှင့်စပ်ဆိုင်သော ပြဿနာများကို ဆွေးနွေးလာကြသည်။ နေ့လယ်စာစားပြီးပြီးချင်း ဗိုလ်ချုပ်ကြီးမာရှယ်သည် သူ့အိမ်အပေါ်ထပ်ရှိ လေသာဆောင်တွင် တစ်ယောက်အိပ်မွေ့ရာခင်း၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပစ်လိုက်၏။ ၁၅ မိနစ်အကြာတွင် ပြန်ထခဲ့ပြီး လုံးဝ လန်းဆန်းသွားလေသတဲ့။

နံပါတ် ၇။ ဂျင်နရယ်မာရှယ်သည် အလုပ်ကို အင်နိုက်အားစိုက် စွမ်းအင်အပြည့်လုပ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် သူ့မှာ ပူပင်သောက ဟူ၍ မြူမျှ မရှိသောကြောင့် ဖြစ်၏။ ဗိုလ်ချုပ်ကြီးကတော် မစ္စမာရှယ်က ကျွန်တော့်ကို ပြောပြရာ၌

"ကျွန်မဟာ ဂျင်နရယ်နှင့် အိမ်ထောင်သက် ၁၃ နှစ် အတူနေခဲ့ပါတယ်။ အဲဒီအတွင်း ကျွန်မတွေ့ရသလောက် သူဟာ ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် အလုပ်တာဝန်တွေ ပိနေတဲ့ကြားမှာ ပုံမှန်ရှန်းကန်နေတာပါပဲ။ ဒါပေမယ့် စိုးရိမ်သောကစိတ်တွေကြောင့် ၁ စက္ကန့်စာကလေးမျှ အိပ်ရေးပျက် မခံခဲ့ဘူးရှင့်" ဟု ဆိုပါ၏။

ကျွန်တော်က မစ္စမာရှယ်အား ယောက်ျားဂုဏ်ရောင်ထွန်းပြောင်သော ခင်ပွန်းသည် ဗိုလ်ချုပ်ကြီးအနေဖြင့် ပူပန်သောကတွေကို ဘယ်နည်းနှင့် ရှောင်ကွင်းပယ်ဖျောက်ပါသလဲဟု မေးခွန်းထုတ်မိ၏။

သူမက တစ်နေ့စာ တာဝန်ဝတ္တရားတွေ ပြီးဆုံးပြီဆိုသည်နှင့် ဂျင်နရယ်မာရှယ်သည် ရုံးလုပ်ငန်းတွေနှင့် လုပ်ဖော်ကိုင်ဖက်အရာရှိတွေကို အဆက်ဖြတ်ပစ်လိုက်ကြောင်း၊ ဘယ်အလုပ်ကိုမျှ ညဘက်တွင် အိမ်သို့ပါအောင် တစ်ခါမျှ ယူလာလေ့မရှိကြောင်း ပြောကြားခဲ့သည်။

တစ်ဆက်တည်း၌ ဗိုလ်ချုပ်ကြီးကတော်က ဗိုလ်ချုပ်ကြီးသည် စစ်စည်းကမ်းနှင့် နှစ်ပေါင်းများစွာနေလာခဲ့သော အကျိုးကြောင့် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်းရှိကြောင်း၊ သို့နှင့်အမျှ စိုးရိမ်ပူပန်မှု သောကဗျာပါဒတွေကို သူ့ခေါင်းထဲ အဝင်မခံဘဲ ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ထင်မြင်ချက်ပေး၏။

သူ့တစ်ကိုယ်ရေ စည်းကမ်းစောင့်ထိန်းမှု၏ ပြယုဂ်အနေဖြင့်တော့ ယခုလို သိရ၏။

သူသည် တစ်နေ့တစ်နေ့ စီးကရက် ၂ ဘူး - ၃ ဘူး ကုန်အောင် သောက်တတ်သူ ဖြစ်၏။ ဒါပေမယ့် လွန်ခဲ့သော နှစ်အနည်းငယ်က စီးကရက်သောက်ခြင်းက သူ့ကျန်းမာရေးကို ထိခိုက်အန္တရာယ်ပေးသည်ဟု ဆုံးဖြတ်ခဲ့၏။ ချက်ချင်းပင် စီးကရက်ကို တိခနဲ ဖြတ်ပစ်လိုက်၏။ စီးကရက်ဖြတ်သည့် နေ့ကစ၍လည်း တစ်လိပ်မျှ မသောက်တော့။ လှည့်ပင် မကြည့်တော့။

ဗိုလ်ချုပ်တစ်ယောက်သည် မြို့တစ်မြို့ကိုသိမ်းပိုက်ရန် ကြိုးစားမည်ဆိုလျှင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းရှိ၊ မရှိ အရင် စမ်းသပ်ရပေမည်။ ဂျင်နရယ်မာရှယ်ကတော့ ၂ ခုစလုံးကို ပိုင်ပိုင်နိုင်နိုင်လုပ်ဆောင်နိုင်ခဲ့ပါလေ၏။

သူသည် သောကကင်းဝေးနေနိုင်ရေးအတွက် အချိန်ပို အချိန်အားများကို အလကားမထားဘဲ ဝါသနာပါရာအလုပ်တစ်ခုခုဖြင့် အစားထိုးနည်းကိုလည်း သုံးတတ်၏။

အားလျှင် ကနူးလှေ လှော်သည်။ မြင်းစီး ကျင့်သည်။ ရုပ်ရှင်သွားသည်။ ချစ်ဇနီးနှင့်အတူ အညောင်းပြေ လေညင်းခံထွက်သည်။ ညစဉ် အိပ်မပျော်ခင် ၃ နာရီကြာ စာဖတ်သည်။ စာဖတ်ရင်းက ရေဒီယိုသီချင်းတွေကို တိုးတိုးသာသာကလေး ဖွင့်ထားလိုက်သေးသည်။

ဂျင်နရယ်မာရှယ်၏ ယာဉ်မောင်းဆရာသည် ပြည်သူ့စာကြည့်တိုက်သို့ ကြိမ်ဖန်များစွာပြေး၍၊ စာကြည့်တိုက်မှူးများက ဗိုလ်ချုပ်ကြီးအတွက် သီးသန့်စုဆောင်းပေးထားသော စာအုပ် ၂၀ လောက်ကို ယူပေးရလေ့ ရှိ၏။

ထိုစာအုပ်တွေမှာ များသောအားဖြင့် သမိုင်း၊ အတ္ထုပ္ပတ္တိ၊ မျက်မှောက်ရေးရာနောက်ဆုံးပေါ် အကြောင်းအရာတွေပင် ဖြစ်ပါသည်။





ဗိုလ်ချုပ်ကြီး၏ ခုတင်တစ်ဖက်တစ်ချက်တွင် စားပွဲတစ်လုံးစီရှိ၍ စာအုပ်ပုံကြီးနှင့် ပြည့်နေတတ်၏။ သူက ထိုစာအုပ်တွေကို ဝါးစားသလိုဖတ်၏။ အံ့မခန်းစံချိန်တင်၍ အငမ်းမရဖတ်၏။ စာမျက်နှာ ၂၀၀ ပါစာတစ်အုပ်ကို ၃ နာရီနှင့် ပြီးအောင်ဖတ်၏။

ဂျင်နရယ်ကြီးသည် ညတိုင်းပင် မအိပ်မချင်း စာဖတ်လေ့ရှိခဲ့သည်။ ညဥ့်လယ်ခေါင် တရေးနိုးတော့ကော မျက်စိကြောင်ပြီး အိပ်မပျော်နိုင်ဘူးထင်ပါသလား။ ဝေးစွ။ မီးဖွင့်ပြီး စာအုပ်တစ်အုပ်ကောက်ဖတ်မည်။ ပြန်အိပ်ပျော်သွားသည့်အထိ ဖတ်သည်ပေါ့။

မစ္စမာရှယ်က ခင်ပွန်းဖြစ်သူဂျင်နရယ်ကြီးအား သမိုင်းဝင်ပုဂ္ဂိုလ်ကြီး ၂ ဦးဖြစ်သော ဘင်ဂျမင် ဖရန့်ကလင်းနှင့် ရောဘတ် အီးလီးတို့ကသာ အလွှမ်းမိုးနိုင်ဆုံးဖြစ်ခဲ့သည်ဟု ကျွန်တော့်အား ပြောပြ၏။ ဂျင်နရယ် မာရှယ်သည် လီး၏ စိတ်ဓာတ်နှင့် အမူအကျင့်များကိုလည်း အားရပါးရချီးမွမ်းလေ့ ရှိ၏။

သူ ဖတ်ပြီးရင်းဖတ်နှင့်အခေါက်ခေါက်အခါခါ ဖတ်လို့အားမရသည့် စာအုပ်ကတော့ အမေရိကန်စာပေလောက၏ ဂန္ထဝင်မြောက်လက်ရာဖြစ်သော ဘင်ဂျမင်ဖရန့်ကလင်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိကြီး ပင်ဖြစ်သည်။

တစ်နေ့တွင် ဗိုလ်ချုပ်ကြီးကတော်က ခင်ပွန်းသည်ဗိုလ်ချုပ်ကြီးအား 'အကယ်၍များ သူဟာ စစ်ခေါင်းဆောင်တစ်ယောက် မဟုတ်ခဲ့လျှင် ဘာဖြစ်ချင်ပါသလဲ'ဟု မေးခဲ့မိသည် ဆို၏။

သည်တော့ ဗိုလ်ချုပ်ကြီးက

"ငါ ရေမတေးသံစုံတီးဝိုင်းကြီးရဲ့ ဂီတမှူး ဖြစ်ချင်တယ်" ဟု ပြန်ဖြေခဲ့ပါသတဲ့။

ဤသည်မှာ စစ်သားကောင်းတစ်ယောက်ဖြစ်ခဲ့သည့် ဗိုလ်ချုပ်ကြီး ဂျော့ချ်မာရှယ်၏ ဘဝဇာတ်ကြောင်း တစ်စိတ်တစ်ပိုင်းပါပေတည်း။



# မတ်ခ်တွိန်း
# Mark Twain

**စာရေးကောင်းသလောက်**
**စီးပွားရေးမကျွမ်း၍ ဘဝပျက်မတတ် ဆုံးရှုံးခဲ့ရသော်လည်း။**
**အချစ်ကံကောင်းသဖြင့်**
**အောင်မြင်မှုသရဖူ ဆောင်းခဲ့ရသူ။**

❐ ဟောလီးဝုဒ်သည် အမေရိကန်နိုင်ငံက အထင်ရှားအထူးခြားဆုံးသော လူတစ်ယောက်၏ဘဝဇာတ်လမ်းကို သရုပ်ဖော်ရိုက်ကူးရန် ပေါင် ၄ သိန်း အကုန်ခံခဲ့ပါလေ၏။ ထိုပုဂ္ဂိုလ်ကား သူ့ခေတ်နှင့်သူ ထင်ပေါ်ကျော်ကြား လူကြိုက်အများဆုံး စာပေပညာရှင်ကြီးဖြစ်ခဲ့သလို၊ အစဉ်အဆက်ယနေ့ထက်တိုင် ကမ္ဘာအနှံ့ လူဖတ်အများဆုံး ဟာသစာရေးဆရာကြီး ဖြစ်လာသူပါပေ။

သူ့ဓမျာ အသက် ၁၂ နှစ်အရွယ်တိုင်အောင် သစ်လုံးကျောင်းကလေးတစ်ခု၌ ပညာသင်ခဲ့ရသည်။ ဤမျှနှင့်ပင် သူ့ပညာရေး ဆုံးခန်းတိုင်ခဲ့ပြီ ဆိုရမည်။

သို့တိုင် အောက်စ်ဖို့နှင့် ယေးလ်တက္ကသိုလ်ကြီးများက သူ့ကို ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ အပ်နှင်းခဲ့ကြ၏။ သူ၏ နှစ်လိုခင်မင်ဖွယ်ကောင်းမှုကို ပညာရှိပါမောက္ခကြီးများ မျက်စိကျခဲ့ခြင်းပဲ ဖြစ်ပါသည်။

သူသည် စာအုပ်တွေ ရေးခြင်းအားဖြင့် ပေါင်ငွေသန်းချီ၍ ရခဲ့၏။ တစ်နည်းပြောလျှင် သူ့ကလောင်များက ရွှေမိုးငွေမိုးရွာခဲ့သလို ခေတ်ပြိုင်စာရေးဆရာတွေထဲတွင် သူ့လောက်ရသူ မရှိ ဟုပင် ပြောစမှတ် တွင်ခဲ့သည်။ သူ လွန်ခဲ့သော ၃၄



နှစ်က ကွယ်လွန်ခဲ့လင့်ကစား စာအုပ်မူပိုင်ခွင့်၊ ရုပ်ရှင်ရိုက်ကူးခွင့်၊ ရေဒီယိုအသံလွှင့်ခွင့်များမှငွေတွေကလည်း သူ့ဘဏ်ငွေစာရင်းထဲသို့ ယနေ့တိုင် တသွင်သွင် တရဟောစီးဝင်နေဆဲ။

သည်စာရေးဆရာကြီး၏ နာမည်ရင်းမှာ 'ဆင်မြူရယ် လန်ဂျွန်နီ ကလီးမင်းစ်' ဖြစ်သော်လည်း၊ သူ့ကို ကမ္ဘာကသိကြတာကတော့ 'မတ်ခ်တွိန်း' ဟူသတည်း။

မတ်ခ်တွိန်း၏ ဘဝတစ်လျှောက်လုံး ဇွန်ခံစားခန်းတွေနှင့် ပြည့်နှက်နေသည်။ သူသည် အမေရိကန်သမိုင်း၏ အကြွယ်ဝ အလှပဆုံးသော ရွှေခေတ်ကို ဖြတ်သန်းနေထိုင်ခဲ့ရ၏။

သူ့ကို လွန်ခဲ့သော နှစ်ပေါင်း ၁၁၀ က မစ္စစ္စပီမြစ်နှင့် သိပ်မဝေးလှသည့် ဆိတ်ငြိမ်အေးဆေးလှသော မစ်စူရီမြို့ငယ်ကလေးတွင် မွေးဖွားခဲ့၏။ ထိုအချိန်မှာ အမေရိကန်ပြည်၌ ပထမဆုံးရထားလမ်း ဖောက်လုပ်ခဲ့သည်ကပင် ၇ နှစ်သာရှိသေး၏။ တစ်ပြိုင်တည်းတွင် သမ္မတလောင်း အေဘရာဟင် လင်ကွန်းကလည်း ဖိနပ်မပါ ခြေဗလာ သူရင်းငှားကလေးဘဝဖြင့် လယ်ထွန်၊ ဈေးကျောင်း လို့ကောင်းတုန်းသမယ။

မတ်ခ်တွိန်းသည် '၇၅ နှစ်' ဟူသော ရင်ခုန်ဖွယ်ရာနှစ်များကို နေထိုင်ခဲ့ပြီး၊ ၁၉၁၀ ပြည့်နှစ်၌ ကွန်နက်တီကပ်ပြည်နယ်တွင် အနိစ္စရောက်ခဲ့သည်။

စာအုပ် ၂၃ အုပ် ရေးသားခဲ့၏။ ထိုအထဲက စာအုပ်အချို့မှာ မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ရပေပြီ။ သို့ရာတွင် သူ့လက်ရာကောင်း ၂ ခုဖြစ်သော 'ဟယ်ကယ်ဘယ်ရီဖင်း' နှင့် 'တွမ် ဆောယား' တို့မှာကား ထာဝရအသက်ကိုရထားသော ဂန္ထဝင်ဝတ္ထုများအဖြစ် ကမ္ဘာ့ဦးတင်နေခဲ့ရသလို၊ ရာစုနှစ်ပေါင်းများစွာကြာအောင် လူငယ်တွေ သားစဉ်မြေးဆက်လက်ဆင့်ကမ်းကြရမည့် အဖိုးတန်ရတနာများဆိုလည်း မမှား။

ထိုစာအုပ် ၂ အုပ်စလုံးက သူ့ကိုယ်ပိုင်အတွေ့အကြုံတွေမှ ထုတ်နုတ်ရေးဖွဲ့ထားခြင်း ဖြစ်၏။ အတိအကျပြောရလျှင် ထိုစာအုပ်တွေမှာ လက်နှင့်ရေးခဲ့

ခြင်း မဟုတ်။ သူ့ရင်ထဲ၊ နှလုံးသားထဲက ပေါက်ကွဲထွက်ကျလာခြင်း ဟုသာ ဆိုရမည်။

မက်ခ်တွိန်းကို ဖလော်ရီဒါပြည်နယ် မစ်ဇူရီမြို့ငယ်ကလေးရှိ အခန်း ၂ ခန်းတည်းပါသော အိမ်ငယ်ကလေးတွင် မွေးဖွားခဲ့သည်။ ယနေ့ ခေတ်မီ လယ်သမားကြီးများအနေဖြင့် မက်ခ်တွိန်း ကလေးဘဝကနေခဲ့ရာ ထိုတင်းကုပ်ကလေးမျိုး၌ နွားတွေ၊ ကြက်တွေပင် ထားမည်မဟုတ်ပါလေ။

ထို မှောင်မည်းကျဉ်းကျပ်သော အခန်းကလေး ၂ ခု၌ မိသားစု ၇ ယောက်၊ အိမ်ဖော်မလေး ၁ ယောက်၊ ပေါင်း ၈ ယောက် နေခဲ့ကြရ၏။

မက်ခ်တွိန်း မွေးကင်းစက အလွန်ချူချာလှ၍ 'ပထမဆုံး ဆောင်းတွင်းကိုမှ ကျော်ပါ့မလား' ထင်ရလောက်အောင် အသည်းအသန် နာမကျန်းဖြစ်ခဲ့ရှာ၏။ သူ ကြီးပြင်းလာပြီဆိုတော့လည်း 'ပြဿနာကောင်ကလေး မက်ခ်တွိန်း' ဖြစ်ခဲ့ပြန်သည်။ သူ့မိခင်ကြီးကိုယ်တိုင်က 'သူသည် မိသားစုအားလုံးထဲတွင် သူမကို ဒုက္ခအပေးဆုံး ကလေးတစ်ဦးပါ'လို့ ဖွင့်ဟခဲ့ရ၏။ သူကား အကျီစားသန်လှ၏။ ပြီးတော့ ကျောင်းတက်ပျင်းရာမှ တစ်ခါတစ်ရံ အိမ်မှ ထွက်ပြေးပြီး အိုးလ်ဒ်မဲန်မြစ်ရှိရာသို့ တန်းပြေးနေကျ ဖြစ်၏။

သူသည် မစ္စစ္စပီမြစ်ကြီး၏ သူမတူအလှ၌ ယစ်မူးနေမိသည်နှင့်အမျှ လှိုင်းဂုက်ဆန်းကြယ်လှသော ကျွန်းများ၊ တဖြည်းဖြည်းရွေ့မျောနေသောဖောင်များ၊ ပင်လယ်ထဲသို့ တသွင်သွင်တငြိမ့်ငြိမ့် စီးဝင်သွားသော ရေအလျဉ်များကို စွဲမက်စွာငေးမောမဆုံး ဖြစ်ခဲ့ရသည်။ သူ့အဖို့ မြစ်ကမ်းဘေးမှာ နာရီပေါင်းများစွာထိုင်ကြည့်ရင်း စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့၏။

သူသည် ၉ ကြိမ်တိုင်တိုင် ရေနစ်သေမလို ကြုံခဲ့၏။ သို့သော် အင်ဒီးယန်းလူနီတွေ၊ ပင်လယ်ဓားပြတွေလုပ်တမ်းကစားရင်း၊ ဂူတွေထဲ စူးစမ်းဝင်ရောက်ရှာဖွေရင်း၊ ဖောင်ပေါ်မှမြစ်ကြောင်းတစ်လျှောက် စုန်ဆင်းရင်း ရရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံများက နောင် သူ၏ နာမည်အကျော်ဆုံး စာ ၂ အုပ်ထဲက ဇာတ်ကွက်၊ဇာတ်ကောင်တွေကို ဖန်တီးရာ၌ အထူးအသုံးဝင်ခဲ့၏။





မက်ခ်တွိန်းသည် ဟာသဉာဏ်ရွှင်ရွှင်ဖြင့် အရွှန်းဖောက်တတ်သည့်အထုံပေလှကို သူ့မိခင်ထံမှ အမွေဆက်ခံရရှိခြင်း ဖြစ်၏။ သူ တစ်ခါက ဖွင့်ပြောခဲ့ရာတွင် သူ့အဖေ ပြုံးတာကို တစ်ကြိမ်မျှ မမြင်ဖူးခဲ့ကြောင်း။ ဒါပေမယ့် သူ့မိခင်အကြောင်း ပြောသည့်အခါမှာတော့

"အမေဟာ ယောကျ်ားတွေထဲမှာတောင် ရှားရှားပါးပါး တစ်ယောက်တလေသာ ရှိတတ်ပြီး၊ မိန်းမတွေထဲမှာ မရှိသလောက်ဖြစ်တဲ့အရည်အချင်းတစ်မျိုးကို ပိုင်ဆိုင်ခဲ့ပါတယ်။ အဲဒီအရည်အချင်းကတော့ သူ့ကိုယ်သူ ရယ်စရာတွေပြောလို့ ပြောမှန်းမသိဘဲ ဟာသဉာဏ်တွေအပြည့်နှင့် ရယ်စရာတွေ ပြောတတ်တာပါပဲ" တဲ့။

သို့ကလို ပါရမီဇီဇ ဟာသဉာဏ်ကို မိခင်ထံမှအမွေရခဲ့သော မက်ခ်တွိန်းသည် လူထုဟောပြောပွဲတွေ၌ ပွဲကျအောင်ပြောနိုင်သည့် ရှာမှရှားသော ဟာသဝိဇ္ဇာကြီး ဖြစ်ခဲ့တော့၏။ သူ့ဟာသတွေက လူကြိုက်များလှသလို သူ့ကို သူဌေးဖြစ်အောင် လုပ်ပေးနိုင်ခဲ့သည်။

ကြုံတုန်း ပြောရဦးမည်။ မက်ခ်တွိန်း၏မိခင်သည် အလွန်ပင် ကြင်နာသနားတတ်၍ စိတ်နှလုံးနူးညံ့သူဖြစ်ကာ ယင်ကောင်ကလေးတစ်ကောင်တောင် မသတ်ရက်ခဲ့။ ထို့အပြင် ကြောင်တွေကိုလည်း ကြွက်ကလေးတွေကို သတ်ဖြတ်ကိုက်စားသည့်အတွက် အပြစ်တင်ဒဏ်ခတ်ခြင်း မပြုခဲ့ပါ။ တစ်ခါကတော့ မလိုချင်သော ကြောင်ပေါက်စကလေးတွေကို ရေနှစ်သတ်ဖို့ ကြုံလာသတဲ့။ ဒါပေမယ့် သူမက ကြောင်ကလေးတွေ မြန်မြန်ဆန်ဆန်နှင့် သက်သက်သာသာသေအောင်ဆိုပြီး ရေနွေးဖျောလိုက်ပါသတဲ့ဗျာ။

မက်ခ်တွိန်းသည် စာသင်ကျောင်းကို ကြောက်ခဲ့၏။ ကျောင်းက သူ့လွတ်လပ်မှုကို ချုပ်ချယ်ပိတ်ပင်သည်ဟု ယူဆသည်။ သူ့အဖို့ ကျောင်းဆိုသည်မှာ 'တောလည်သွားရန်နှင့် အံ့မခန်းဆန်းကြယ်သော မစ္စစ္စပီမြစ်ကမ်းပါးတွေကို စူးစမ်းရှာဖွေရန်' ဟူသော သူ့ဆန္ဒတွေကို ချုပ်နှောင်ထားရာ နံရံ ၄ ဖက်၌ သစ်လုံးတွေကာရံထားသည့် လှောင်အိမ်ကြီးသာ ဖြစ်နေခဲ့၏။

သူ အသက် ၁၂ နှစ်အရွယ်အရောက်၌ သူ မုန်းသောကျောင်းစာသင်ခန်းမှ ရှောင်ခွာ လွတ်မြောက်ဖို့ အခွင့်အရေးတစ်ရပ်က သူ့ဖခင်ကြီး သေဆုံးမှု၏အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသည်။ သူ့အဖေ မပြန်လမ်းသို့ မြန်းသွားပြီဟု သိနားလည်လိုက်သည်နှင့်အမျှ သူ ရမ်းရမ်းကားကားထင်ရာစိုင်းနေခဲ့သော နေ့ရက်များ၊ စကားနားမထောင်ဘဲ ထော်လော်ကန့်လန့်လုပ်ခဲ့မှုများ၊ အဖေ့လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရန် စိတ်မပါခဲ့ခြင်းများအတွက် နောင်တ ကြီးစွာရမိလေတော့၏။

စိတ်ထိခိုက်လွယ်သော ချာတိတ်ကလေးသည် သူ့ကိုယ်သူ အပြစ်တင်မဆုံးအောင်ဖြစ်ရင်းက မျက်ရည်တွေတွေကျရင်း ငိုနေခဲ့မိသည်။

သူ့အမေက ချော့မော့ဖျောင်းဖျဖို့ ကြိုးစားခဲ့၏။

"ပြီးတာတွေလည်း ပြီးသွားပါပြီ သားရယ်။ မင်းအဖေလည်း ဗွေယူမှာ မဟုတ်တော့ပါဘူး။ ခု သား၊ အမေ့ကို ကတိတစ်ခု ပေးစေချင်တယ်"

ချာတိတ်ကလည်း တရှုပ်ရှုပ်ရှိုက်ရင်းက "ဘာမဆို ကျွန်တော် ကတိပေးနိုင်ပါတယ် အမေ။ ကျောင်းပြန်တက်ခိုင်းတာကလွဲရင် တခြား ဘာပဲလုပ်ရလုပ်ရ" ဟု ပြန်ပြောခဲ့ရှာသည်။

နောက် ရက်အနည်းငယ်အကြာမှာတော့ မတ်ခ်တွိန်းအဖို့ ပညာလည်းရ ဝမ်းလည်းဝမည့် ပုံနှိပ်စက်အလုပ်သင်ကလေးဘဝသို့ ရောက်ခဲ့လေ၏။

အလုပ်သင်အဖြစ် ၂ နှစ်လုပ်ရစဉ်အတွင်း သူ့လုပ်ခကတော့ ထမင်းကျွေး၊ အဝတ်အစားဝယ်ပေးခြင်းမျှသာ ဖြစ်သည်။

၂ နှစ်ကြာပြီ ပုံနှိပ်စက်သမားဖြစ်လာရာမှ မစ်ဇူရီမြို့နယ် ဟန်နီဘောလ်မြို့ကလေးတွင် လမ်းသလားရင်း တစ်ညနေမှာတော့ လေလွင့်လာသည့် စက္ကူတစ်ရွက်ကို ကောက်ရလိုက်သည်။ စာအုပ်တစ်အုပ်မှ စုတ်ဖြဲထားသော စာရွက်တစ်ရွက်ပင်။ အမှတ်မထင် အရေးမပါသည့် အသေးအဖွဲ့ဖြစ်ရပ်ကလေးက သူ့ဘဝကို အခြားအခြားသောလုပ်ရပ်များထက် ထူးခြားစွာအကျိုးပြုလျက် ကံကြမ္မာအလှည့်အပြောင်းတစ်ခု ဖြစ်စေခဲ့သည် ဆိုနိုင်၏။ အကြောင်းမှ အမှိုက်သာသာထိုစာရွက်ကလေးမှာ အာဇာနည်မကလေး ဂျုန်းအော့ဖ်အာ့ခ်[၁]၏အတ္ထုပ္ပတ္တိ ဖြစ်နေ





သောကြောင့်ပါတည်း။ စာရွက်အစုတ်ကလေးမှာ ရှိအင်ခံတပ်ထဲကဂျုန်း၏ အကျဉ်းခံဘဝကို ဖော်ကျူးထား၏။

မတရားမှုတွေက ၁၄ နှစ်သား လူငယ်တစ်ယောက်အား နိုးကြားသွေးဆူစေခဲ့၏။ 'ဂျုန်းအော့ဖ်အာ့ခ်' ဆိုတာ ဘယ်သူပါလိမ့်။ တစ်သက်နှင့်တစ်ကိုယ် သူ မသိ။ သူမ၏ နာမည်ကလေးတောင်မှ မကြားဖူးခဲ့ပါ။ ဒါပေမယ့် ဒီနောက်ပိုင်းမှာတော့ ဂျုန်းအကြောင်းရေးထားလေသမျှ စာအုပ်စာစောင်တွေကို ငမ်းငမ်းတက် လိုက်ရှာဖတ်မိတော့သည်။

ဂျုန်း၏ဘဝဇာတ်လမ်းကို စိတ်ဝင်စားရမှုက သူ့တစ်ကိုယ်လုံး တဟုန်းဟုန်းတောက်စေခဲ့သလို၊ သူ့သက်တမ်း တစ်ဝက်လောက်မက အရှိန်ပြင်းစွာ လောင်မြိုက်နေခဲ့၏။

ထိုမှ ၄၆ နှစ်အကြာတွင်မှ 'ဂျုန်းအော့ဖ်အာ့ခ်ကို တမ်းတခြင်း'[၂] ဟူသော အမည်ဖြင့် စာတစ်အုပ် ရေးထုတ် ဖြစ်ခဲ့တော့သည်။ ဝေဖန်ရေးဆရာများက ယင်းစာအုပ်မှာ 'သူ၏အကောင်းဆုံးလက်ရာ' ဟု ယူဆသတ်မှတ်ခဲ့သည်။

သူက သူ့ကလောင်နာမည်ရင်းဖြင့် ထိုစာအုပ်ကို ထုတ်ဝေပါက လူတွေက ရယ်စရာဝတ္ထုလိုပင် အောက်မေ့ကြမည်ကို ကြိုတင်တွက်မိ၏။ သို့ဖြင့် ထိုအချက်ကို အလေးအနက်ကြီးစွာထားသော သူသည် စာမူပေါ်တွင် လက်မှတ်ကလေးတောင်မှ မထိုးခဲ့ချေ။

အဲလ်ဘတ် ဘိုင်ဂျလို ပိုင်နေး[၃]က သူ၏ အတွဲ ၄ တွဲရှိ မတ်ခ်တွိန်း၏ အတ္ထုပ္ပတ္တိစာအုပ်၌ 'ဂျုန်းအော့ဖ်အာ့ခ်အကြောင်း စာရွက်လေးကို အမှတ်တမဲ့ ရှာတွေ့ခဲ့ခြင်းသည် သမိုင်းစာပေများအပေါ်တွင် မတ်ခ်တွိန်း၏ စိတ်ဝင်စားမှုကို ကြီးကျယ်စွာ လှုပ်ခတ်နိုးကြားစေခဲ့သလို၊ ထူးချွန်ထက်မြက်သော ပညာရှင်ကြီးဘဝမှ နောက်ဆုံး ထွက်သက်အထိ အသည်းအသန် စွဲမက်စေခဲ့၏။ သူ့လက်ထဲသို့ စာရွက်အစုတ်ကလေး လွင့်ဝဲကျရောက်ခဲ့သည့် အချိန်မှစ၍ သူ့ဘဝသည် တစ်ဆစ်ချိုးပြောင်းလဲခဲ့သလို၊ စိတ်ဓာတ် မြင့်မားကြွနိုင်စေခဲ့သည်မှာလည်း အမှန်ပင်' ဟူ၍ ဖော်ညွှန်းထားခဲ့၏။

မတ်ခ်တွိန်းသည် စီးပွားရေးလုပ်ငန်းတွေနှင့်စပ်လျဉ်း၍ ရိုးအ၊ ရာမှာတော့ ကင်းဆက်ယုန်ကလေးတစ်ကောင်နှင့် မခြားပေ။ သူသည် စိတ်ကူးယဉ်အဆန်း

ဖွင့်သော စီးပွားရေးအကြံအစည်များ၏ သားကောင် ဖြစ်ခဲ့၏။ ဥပမာပြရသော် စာအုပ်တစ်အုပ်ကို ဖတ်ရှုအပြီး၌၊ 'အမေဇုံမြစ်များတစ်လျှောက်က အပူပိုင်းဒေသ တောနက်များအတွင်း ကိုကိုးဖျော်ရည်များ သွားရောင်းခြင်းဖြင့် စီးပွားဖြစ်နိုင်မည်' ဟု အကြံရခဲ့သည်။

စင်စစ်သူသည် ကိုကိုးဖျော်ရည်အကြောင်း နကန်းတစ်လုံးမျှ မသိသည့် အပြင် အမေရိကန်တောင်ပိုင်းသို့ ခရီးရှည်ကြီးထွက်ရန် စရိတ်စကလည်း မရှိ။ တကယ်လို့ အမေဇုံမြစ်များကို ရောက်ပြီပဲထားဦး။ ဒေသခံတိုင်းရင်းသားတွေ၏ စကားကို သူ မတတ်သလို၊ အပူပိုင်းဒေသ အပြင်းဖျားဝင်ပြီး သေတောင် သေသွားနိုင်၏။

ဒါပေမယ့် မယုံနိုင်စရာအဖြစ်ဆန်းနှင့် ကြုံလိုက်ရပုံက တစ်နေ့ လမ်းပေါ်မှ ငွေ ၁၀ ပေါင်တန်တစ်ရွက်ကို ကောက်ရခဲ့သည်။ ထိုငွေကို စရိတ်လုပ်၍ အမေဇုံမြစ်ကို စုန်ဆင်းခဲ့သည်။ စင်စင်နက်တီအထိ ရောက်ခဲ့ရပြီး ပိုက်ဆံပြတ်သွားသဖြင့် သူ့ခရီးစဉ်ကို စွန့်လွှတ်လိုက်ရ၏။

နောက်ပိုင်း သူ့စာအုပ်စာပေများမှ ဝင်ငွေတွေ သောက်သောက်လဲရခဲ့သည့် အခါများမှာလည်း ငွေအရင်းအနှီး မြှုပ်နှံဖို့ ကြိုးစားခဲ့ပြန်၏။ ထိုအထဲမှ ဥပမာတွေ တစ်ပြုံကြီးကို တင်ပြပါရစေ။

သူသည် တကယ်လက်တွေ့မှာ မမောင်းနိုင်သည့် ရေနွေးငွေ့ဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်သော ဂျင်နရေတာစက်တီထွင်မှုမျိုး၌ ငွေအရင်းအနှီး စိုက်ထုတ်ပေးဖူး၏။

ပြီးတော့ အင်ဂျင်စက်ပူလီထုတ်ရန်လည်း ငွေမြှုပ်နှံခဲ့ပြန်သည်။ ဒါလည်း စုန်းစုန်းမြုပ်၊ နည်းနည်းကလေးမျှ အလုပ်မဖြစ်။

နောက် စာအုပ်ထုတ်ဝေရေး ကုမ္ပဏီတစ်ခု စထောင်ပြန်တော့လည်း ပေါင် ၃ သောင်း ၂ ထောင် ရှုံး၍ ကုမ္ပဏီပြုတ်သွား၏။

လက်နှိပ်စက်လုပ်သည့်စက် တီထွင်ရန်အတွက်လည်း ငွေအရင်းအနှီး တနင့်တပိုးကြီး စိုက်ထုတ်ခဲ့သေး၏။ ဒါလည်း မတ်ခ်တွိန်းမှာ လက်ချည်းသက်သက်ကျန်ခဲ့ရပြီး၊ ပေါင် ၄ သောင်းလောက် ကုန်ပါလေရော။





ဒီနောက်ပိုင်း တစ်နေ့တော့ မတ်ခ်တွိန်းသည် အလက်ဇန္ဒား ဂရေဟမ်ဘဲလ်[၃] ဆိုသော တီထွင်သူ လူငယ်တစ်ယောက်နှင့် ဆုံဆည်းပြန်သည်။ ဘဲလ်က မတ်ခ်တွိန်းအား 'တယ်လီဖုန်း'[၄]ဟုခေါ်တွင်မည့် တီထွင်မှုအသစ်တွင် ငွေရင်းစိုက်ထုတ်မြုပ်နှံဖို့ ဖွဲ့တရားဟောခဲ့၏။ ဘဲလ်က သူ့တီထွင်မှုမှာ ကိုယ့်အိမ်ကိုယ်ထိုင်နေရင်းကလည်း လမ်း ၅ လမ်း ခြားနေသည့်နေရာမှ လူတစ်ယောက်ထံကြိုးဖြင့် ဆက်သွယ်စကားပြောနိုင်မည်ဖြစ်ကြောင်းလည်း ရှင်းပြသည်။ မတ်ခ်တွိန်းက ဟားတိုက်ရယ်မိ၏။

သူသည် ဆင်ခြင်ဉာဏ်နည်းသော လူမိုက်တစ်ယောက် ဖြစ်ချင်ဖြစ်မည်။ ဒါပေမယ့် တုံးတိုင်းဖျင်းအ,သော ငတုံးတစ်ယောက်တော့ မဟုတ်ပါဘူးတဲ့။ ဘယ့်နှယ်– ဝိုင်ယာကြိုးတစ်ချောင်းပေါ်ကနေ ဆက်သွယ်စကားပြောမလို့ ဆိုပဲ။ မဖြစ်နိုင်တာ။ ရယ်စရာကြီး။

တကယ်လို့သာ ထိုစဉ်က ပေါင် ၁၀၀ တန် တယ်လီဖုန်းရှယ်ယာ အစုတစ်စုကိုသာဝယ်ထားခဲ့လျှင် ယခုဆိုလျှင် သန်းပေါင်းမရေတွက်နိုင်အောင် အမြတ်ရနေပေပြီ။ သို့ပေမယ့် သူဌေးဇာတာ မပါသလို ငတ်ကိန်းကြုံချင်သော မတ်ခ်တွိန်းခမျာ ထိုရှယ်ယာတွေ ဝယ်မည့်အစား မွဲမွဲတေတေနှင့် ၃ ရက်အကြာတွင် ဒေဝါလီခံရမည့် မိတ်ဆွေတစ်ဦးကို ငွေအလုံးလိုက်အရင်းလိုက် ချေးပစ်လိုက်သောဟူ၏။

၁၈၉၃ ခုနှစ် မတ်ခ်တွိန်း ၅၈ နှစ်အရွယ်ရောက်ချိန်မှာတော့ သူကိုယ်တိုင်အကြွေးတွေဝိုင်းဝိုင်းလည်ပြီး အကြွေးနွံထဲ နစ်မွန်းနေခဲ့ရပါပြီ။

တစ်နိုင်ငံလုံးမှာလည်း စီးပွားပျက်ကပ် ဆိုက်၍ ကယိမ်းကယိုင် ဖြစ်နေသလို၊ မတ်ခ်တွိန်းခမျာလည်း မမာမကျန်း ဖြစ်နေခဲ့ရ၏။ သူ့အဖို့ ဘဏ်မှာဒေဝါလီခံ၊ လူမွဲစာရင်းဝင်ခြင်းဖြင့် သူ့အကြွေးတွေကို ရှောင်လွှဲလို့ ရပါသည်။ ထိုအစား သူက ဆပ်စရာကြွေးတွေ တစ်ပြားမကျန် ပြန်ဆပ်ဖို့ ဆုံးဖြတ်လိုက်၏။ ကဲ၊ ဘယ်နည်းနှင့် ဆပ်မလဲ။ စာရေးမည်။ ကမ္ဘာလှည့်ပြီး ဟောမည်၊ ပြောမည်ပေါ့။

သူ နာမကျန်းဖြစ်နေသည့်ကြားမှ ဆရာကြီးလုပ်ပြီး ဟောပြောပို့ချရမည်ကို စိတ်မပါဘဲနှင့် ၅ နှစ်လုံးလုံး ဟောပြောပွဲခရီးတွေထွက်ခဲ့ပြီး ကြွေးဆပ်ဖို့ ကြိုး

စားခဲ့ရှာ၏။ သူ့ကမ္ဘာလှည့်ခရီးစဉ်က အံ့မခန်း အကြီးအကျယ်အောင်မြင်ခဲ့ပါသည်။

သူ့ကို လာနားထောင်မည့်ပရိသတ်တွေက များပြားလွန်းသဖြင့် တော်ရုံတန်ရုံ ခန်းမနှင့် ဆံ့တယ်လို့ မရှိ။ ရုံကွဲလောက်အောင်ပင် အားပေးခြင်းခံခဲ့ရလေသည်။

"ကျွန်တော်အဖို့ စိတ်ရဲ့အေးချမ်းမှု အပြည့်အဝပြန်ရခဲ့သလို၊ ဝန်လေးမှု ဘာတစ်ခုမျှ မခံစားရတော့ပါ။ အလုပ်လုပ်ရတာလည်း ပျော်လာရပါပြီ။ တပင်တပန်း အားစိုက်ရတယ်လို့လည်း မရှိတော့ဘဲ ပေါ့ပါးသွက်လက်နေရပါတော့သည်" တဲ့။

မတ်ခ်တွိန်းသည် ဘယ်လိုပင် စီးပွားရေးကံခေသော်ငြားလည်း၊ အချစ်ရေးမှာတော့ အလွန်အထူး ကံကောင်းသည်။

သူ လက်ထပ်မည့်အမျိုးသမီးကို မယူခင်၊ ပန်းချီရုပ်ပုံ တွေ့ကတည်းက ကြိုက်သွားခဲ့၏။

ဇာတ်လမ်းက ဟိုဒီလင်းဒ်သို့ မော်တော်ခရီးဖြင့်သွားခိုက် အစပျိုးခဲ့ခြင်းဖြစ်၍၊ ထိုခရီးစဉ်က 'အပြစ်ရာယ်ကင်းကင်း လှည့်လည်ခြင်း' ဟူသောစာအုပ်ရေးသားရာတွင် အကျိုးပြုခဲ့သည်။

ကံတိုက်လာသော တစ်နေ့ မတ်ခ်တွိန်းသည် သူ့သူငယ်ချင်း ချားလ်စ်လန်ဒွန်၏အခန်းသို့ သွားလည်ခဲ့ရာမှ လန်ဒွန်၏ညီမ အလှစကေးမကလေး အော်လီဗီယာလန်ဒွန်၏ရုပ်ပုံကို မြင်တွေ့လိုက်ရ၏။ မြင်မြင်ချင်းပင် ချစ်သွားသလို၊ 'ဒီမိန်းမချောကလေးဟာ ငါလက်ထပ်ချင်တဲ့ ဇနီးလောင်းမျိုးပဲ' ဟု တန်းသိလိုက်သည်။

တစ်ခေါက်မက အခေါက်ခေါက်အခါခါ ကူးတို့ခေါက်ရေ များလာသည်နှင့်အမျှ လန်ဒွန်ကလေး၏အခန်းသို့ရောက်တိုင်း၊ ပန်းချီကားကလေးကို အခစားဝင်ဖူးမြင်မိသလို၊ 'မိန်းမလှလေးသည် သူ့အတွက်ပဲ' ဆိုသည့် ယုံကြည်ချက်က နိုင်မာသထက် နိုင်မာလာခဲ့ရ၏။

နောက် လအနည်းငယ်အကြာမှာတော့ မတ်ခ်တွိန်းသည် လှမိမယ်ကလေး အော်လီဗီယာအား နယူးယောက်ညစာစားပွဲတစ်ခု၌ နဖူးတွေ့ဒူးတွေ့ ဆုံဆည်းလိုက်ရတော့၏။





"သူ့ကို တွေ့လိုက်တဲ့နေ့ကစပြီး အခုထိ ကျွပ်ရင်ထဲက သူ့ကို မေ့ဖျောက်လို့ မရတော့ပါဘူးဗျာ" ဟူ၍ တစ်သက်တာမှတ်တမ်းတွင် မတ်ခ်တွိန်းက ကမ္ဗည်းတင်ခဲ့ပါလေသည်။

ဘာမျှ မကြာလိုက်ပါ။ မတ်ခ်တွိန်းကို နယူးယောက် အယ်လ်မီရာအရပ်ရှိ သူမ၏ဖခင်ကြီးအိမ်သို့ လာလည်ပါရန် ဖိတ်ခေါ်လိုက်တော့သည်။

သူ အိမ်လည်ရောက်သွားပြန်တော့လည်း တော်တော်နှင့် မပြန်ချင်။ သည်တော့လည်း မတ်ခ်တွိန်းက ဉာဏ်ကြီးရှင်ပီပီ အကြံအဖန်လုပ်ပါပြီ။ လန်ဒွန်၏မြင်းလှည်းမောင်းသမားကို စည်းရုံးပြီး မြင်းလှည်းထိုင်ခုံကို အံချော်အောင်ပြင်ထားစေပြီး၊ သူ့ကိုယ်သူ လိမ့်ကျအောင် လုပ်ခဲ့သည်။

သည်နောက် သူ့အိတ်ကို ယူ၊ လက်ဆွဲနှုတ်ဆက်၊ မြင်းရထားထဲ ဝင်၊ 'ဂွတ်ဘိုင်' လို့ လက်ပြပေါ့။ ရထားထိန်းက ကြာပွတ်နှင့် လှမ်းရိုက်လိုက်၍ မြင်းက ဝုန်းခနဲ ပြေးထွက်၏။ နောက်ထိုင်ခုံက လျှောကျပြီး လျှပ်တစ်ပြက်အတွင်း မတ်ခ်တွိန်း မြေကြီးပေါ်သို့ ကျွမ်းပြန်ကျသွားသည်။ မျက်စိစုံမှိတ်လျက်ကျသွားသည့်နောက်တော့ မြေကြီးပေါ်မှာ ဆန့်ဆန့်ကလေး အသေတစ်ပိုင်း တမင်မေ့လျက်သား။

အဲသည်လိုနှင့်ပဲ ရုတ်ရုတ်သဲသဲ ဝုန်းဒိုင်းကြဲ ဆူညံတုန်လှုပ် ချောက်ချားသံတွေ ပွက်လောရိုက်သွား၏။ အိမ်သားတွေက သူ့ကို မွေ့ချီကောက်ယူပြီး အိမ်ထဲပြန်ခေါ်သွားရာမှ မွေ့ရာပေါ်တင်လိုက်ကြသည်။ ပြီးတော့ ၂ ပတ်တိုင်တိုင် အိပ်ရာထဲမှာမျှော့မျှော့ကလေး အသည်းအသန်ဖြစ်နေခဲ့ရရှာ၏။

စင်စစ်တော့ ကိုယ်တော်မြတ်မှာ ဘာဒဏ်ရာ၊ ဘာရောဂါမျှ မရခဲ့ပါ။ မြင်းရထားပေါ်က လိမ့်ချသည့်ပညာကိုလည်း သူ ကလေးဘဝ မစ်စူရီမြို့ ဟန်နီဘောအရပ်မှာနေကတည်းက ကျွမ်းပြီးသားလေ။

ဒါပေမယ့် အိပ်ရာထဲမှာ လူမမာယောင်ဆောင်လျက်က သူ့အသည်းကျော်မလေး၏ ပြုစုယုယ ဂရုတစိုက်ကုသမှု၊ အလိုလိုက်အကြိုက်ပေးမှုတွေကို မြိန်မြိန်ကြီးခံယူခဲ့ရသည်။

သူမက သူ့ကို 'အငယ်လေး'လို့ ခေါ်၍၊ သူက သူမကို 'အချစ်လေး လစ်ဗီ'လို့ ခေါ်ခဲ့ကြ၏။ 'အချစ်ကလေးလစ်ဗီ' နှင့် 'အငယ်လေး' ဟု အပြန်အလှန်ခေါ်သံတွေက နောင် ၃၄ နှစ်အကြာ လစ်ဗီဆုံးသွားချိန်အထိ ဂျိုည်သွားခဲ့သည်။

သူမက သူ့ရည်းစားစာတွေကို သေတ္တာငယ်ကလေးတစ်လုံးထဲ သော့ခတ်ထည့်ထားသလို၊ နှစ်စဉ် သူတို့ အားလပ်ရက် အပျော်ခရီးထွက်တိုင်း ထိုသေတ္တာကလေးကို ဘဏ်မှာအပ်၍ လုံခြုံစွာသိမ်းနိုင်းထားစေ၏။

သူ့ဇနီးက မတ်ခ်တွိန်းရေးသမျှ စာမူတွေကို တည်းဖြတ်ပေးသည်။ ညမိုးချုပ်သည်နှင့် တစ်နေ့တာရေးပြီးသမျှ စာတွေကို ဇနီးသည်၏အိပ်ရာခေါင်းရင်းရှိ ခုံကလေးတစ်လုံးပေါ် တင်ထားနေကျ ဖြစ်၏။ ဒါမှလည်း လစ်ဗီက မအိပ်ခင် ဖတ်နိုင်မည် မဟုတ်ပါလား။

သူမက စာမူထဲမှ ရှုန့်ရင်းကြမ်းတမ်းသော၊ မလှပသောစကားလုံးတွေကို ဖြုတ်ပယ်ပစ်ပြီး၊ အပြစ်အနာအဆာ လုံးဝ ကင်းစင်ချောမွေ့သွားသည်အထိ စိတ်တိုင်းကျ ပြင်ဆင်၏။ သူ့စာတွေကို ဘယ်လောက်ပဲပြင်ပြင် ချစ်လင်က စိတ်မဆိုး။ ငြင်းချက်မထုတ်ဘဲ အမြဲတမ်း လက်ခံလေ့ရှိ၏။

မတ်ခ်တွိန်း၏ ပင်ကိုသဘာဝကတော့ သူ့စာမူတွေ ပျောက်သွားမှာ၊ နေရာအထားမှားမှာ သိပ်ကြောက်သည်။ ဒါကြောင့်လည်း အိမ်ဖော်မလေးက သူ့စားပွဲကို ရှင်းခွင့် ဘယ်တော့မျှ မရခဲ့ချေ။ ကြမ်းပေါ်မှာ မြေဖြူဖြင့်မျဉ်းတားပြီး အိမ်ဖော်မကလေးအား စည်းကျော်မဝင်ဖို့ တားမြစ်အမိန့် ထုတ်ထားခဲ့သည်။

မတ်ခ်တွိန်း အသက် ၇၀ ရောက်သောအခါ စိတ်သွားတိုင်း ကိုယ်မပါတော့သည့်ဘဝနှင့် အလှအပ အပျော်အပါးမှတွေကို လိုက်စားရမည့်အရွယ်မဟုတ်တော့ဟု ဆုံးဖြတ်ချက် ချလိုက်၏။

သို့ဖြင့် အဖြူရောင်ဝတ်စုံ ၁၄ စုံနှင့် လည်စီးအဖြူ ၁၀၀ မှာယူပြီး၊ သူ၏ဇရာအိုအချိန်များတွင် ခြေဆုံးခေါင်းဆုံး ဝတ်ဖြူစင်ကြယ်ဖြင့်သာ နေသွားခဲ့လေသတတ်။ သူသည် ညနေဝတ်စုံများကိုပင် အဖြူရောင်သက်သက်ဝတ်ဆင်ခဲ့သောဟူ၏။

ဟေလီကြယ်တံခွန်ကြီးသည် ၁၈၃၅ ခုနှစ် မတ်ခ်တွိန်းဖွားမြင်ခဲ့သော ညမှာပင် ကောင်းကင်ယံမှာ ပေါ်လာခဲ့သည်။





ကြယ်တံခွန်ကြီးက ၇၅ နှစ်လျှင်တစ်ကြိမ် ကမ္ဘာသို့ ပြန်လာလေ့ရှိသည်ဆိုကြသလို၊ သူကလည်း ကြယ်တံခွန်ကြီး ပြန်လာချိန်အထိ အသက်ရှင်လျက်ရှိရန် မျှော်မှန်းခဲ့၏။ သူ့ရည်းမှန်းချက် ပြည့်ဝခဲ့သည်။

ဟေလီကြယ်တံခွန်ကြီးသည် ၁၉၁၀ ပြည့်နှစ် သူ ကွယ်လွန်သည့်ညမှာပင် မိုးကောင်းကင်၌ ထွန်းလင်းစွာ အလည်ပြန်ရောက်လာ၏။

အောက်ပါ စာကြောင်း ၄ ကြောင်းသည် မတ်ခ်တွိန်းက သူ့ သမီးဆူဇီ၏ အုတ်ဂူပေါ်တွင် ထုထွင်းပေးခဲ့သော ကဗျာသီချင်း။

နွေနေ နွေးနွေးကလေး။
ဒီနေရာမှာ ကြင်နာစွာသာပါစေ။
နွေးထွေးတဲ့တောင်လေရယ်။
ဒီနေရာမှာ နုနုအေးအေး
တိုက်ခတ်ပါကွယ်။
အပေါ်လွှာမှာ မြက်လွှာစိမ်းစိမ်းပါးပါးလေးလိမ်းခြယ်
မင်္ဂလာညပါချစ်သည်းအလှ။
မင်္ဂလာညပါ၊မင်္ဂလာညပါ။



# ဂျင်နရယ် ချားလ်စ် ဝင်းဂိတ်
# General Charles W'ingate

**မြန်မာပြည် တောနက်ကြီးအတွင်း၊**
**ပြောက်ကျားစစ် ဆင်နွှဲ၍**
**ဂျပန်ဖက်ဆစ်များကို တိုက်ခဲ့သူ**
**တဖောက်ကန်း၊ စစ်သူရဲကောင်း။**

❒ အာရှတစ်လွှား တောအုံချုံကြားတွင် သူရသတ္တိအပြည့်ဖြင့် ထူးခြား ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြသော စစ်သူရဲကောင်းများအနက် ဗိုလ်မှူးချုပ် အော်ဒီ ချားလ်စ်ဝင်းဂိတ်သည် အထင်ရှားဆုံး ဖြစ်ပါ၏။

၁၉၃၄ ခုနှစ်အတွင်း အသက် ၃၉ နှစ်သာရှိသေးသော ဝင်းဂိတ်သည် တောနင်းတိုက်ခိုက်ရေး ဗြိတိသျှတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ဦးဆောင်လျက် အိန္ဒိယနယ်စပ်ကိုဖြတ်ကျော်ကာ မြန်မာပြည်ရှိ ဂျပန်စစ်ကြောင်းများကို ထိုးဖောက်ဝင်ရောက်ခဲ့သည်။

ထို့နောက် ဝင်းဂိတ်နှင့် သူ၏ အသေခံတပ်ဖွဲ့ဝင် ကွန်မင်ဒိုများက ၃ လ တိုင်တိုင် ဂျပန်တို့၏ ရိက္ခာထောက်ပံ့လမ်းကြောင်းများကို ဖြတ်တောက်၍၊ လက်နက်ခဲယမ်းသိုလှောင်စခန်းများကို ဖောက်ခွဲပစ်ပြီး လေယာဉ်ကွင်းများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ဒီ့အပြင် မီးရထားလမ်းနှင့် တံတားကြီးများကို ဒိုင်းနမိုက်ခွဲ၍ ချိုးဖျက်ခဲ့ခြင်းဖြင့် ၄င်းအား ဗိုလ်ချုပ်ကြီးရာထူးသို့ မြှင့်တင်ပေးလိုက်နိုင်၏။



ဂျပန်တွေမှာ မျက်ကလဲဆံပျာ အံ့အားသင့်သွားကြရပြီး ခြေမကိုင်မိလက်မကိုင်မိ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြရသည်။ နောက်ဆုံး ပြေးလိုက်ကြတာမှ ပုံနိုင်းပြောကြပါစို့ရဲ့ ခင်ဗျား။ ပုရွက်ဆိတ်ကုန်းတစ်ခုကို ကန်ထည့်ပြီး စောင့်ကြည့်လိုက်ပါ။ ပုရွက်ဆိတ်တွေ တိုင်းပြည်ပျက်၍ အလန့်တကြား ခြေဦးတည့်ရာသေပြေးရှင်ပြေး ကမ္ဘားရှားထိုးပြေးကြတာမျိုး မြင်ရပါလိမ့်မည်။ ခုလည်း အဲဒီအတိုင်းပါပဲ။

ဝင်းဂိတ်၏ လျှပ်တစ်ပြက်တိုက်ခိုက်ရေးတပ်က မထင်မှတ်ဆုံးနေရာများမှ မမျှော်လင့်ဘဲဝင်တိုက်ရာ ဂျပန်တွေခမျာ ပုရွက်ဆိတ်တွေလို ကစဉ့်ကလျား အသေအလဲ ထွက်ပြေးခဲ့ကြရသည်။

ဂျပန်တွေခမျာ ၁ ယောက်မှ ၁၀ ယောက်အကြားသာရှိသော တပ်စိတ်ကလေးလောက်ကို ရန်သူတွေတစ်ပြုံကြီး ဝိုင်းတိုက်သည်ဟု အထင်ရောက်ခဲ့ကြရပြီး၊ အရေအတွက်အမှန်ကို သိလိုက်ရသည့်အချိန်မှာတော့ သူတို့ အသက်ပျောက်နေကြပြီ ဖြစ်၏။

ဝင်းဂိတ်၏လူများက ရန်သူ့စခန်းအသီးသီးကို အလစ်ဝင်စီးချေမှုန်းပစ်ပြီးပြီဆိုသည်နှင့် ဖြုန်းခနဲ ပြန်ပျောက်သွားလေ့ ရှိစမြဲ။

ပြောက်ကျားစစ်သည်များအသွင် ဆောင်ထားသော သူတို့ကိုတွေ့ဖို့ဆိုသည်မှာလည်း စတုရန်း ၁၀ မိုင်ခန့်ကျယ်ဝန်းသော တောကြီးမြက်မည်းထဲ၌ အပ်တစ်ချောင်းကိုလိုက်ရှာရသည်နှင့် မခြားတော့။

ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ့ပြောက်ကျားတပ်ဖွဲ့ဝင်များအနေဖြင့် အလွန်အထူးအရေးကြီးသောလုပ်ငန်းစဉ်ကြီး ၄ ရပ်ကို အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့ကြ၏။

၁- ရန်သူဂျပန်တွေ မြန်မာပြည်ရှိ သူတို့၏ဆက်သွယ်ရေးလမ်းကြောင်းတွေ မပြတ်စေရန် သတိထားကာကွယ်ဖို့ ကြိုးစားရာများနေရသဖြင့် တရုတ်ပြည်ကို ဝင်တိုက်ရန်၊ သို့မဟုတ် အိန္ဒိယသို့ ကျူးကျော်ဝင်ရောက်ရန် အချိန်မရအောင် ထိန်းသိမ်းဟန့်တားနိုင်ခဲ့သည်။

၂- မြန်မာနိုင်ငံအတွင်းရှိ တပ်ဖွဲ့ဝင်များထံမှ သတင်းများကို နောက်တန်းသို့ ပြန်ပို့နိုင်ခဲ့ခြင်းကြောင့် ဘုရင့်လေတပ်မတော်က ရန်သူ့လက်အောက် စခန်း နယ်မြေများကို ဗုံးကြဲတိုက်ခိုက်နိုင်ခဲ့သည်။

၃- ပြည့်စုံလုံလောက်သော သင်တန်းများပေးခြင်းဖြင့် အင်္ဂလန်မှ စက်ရုံလုပ်သားများနှင့် ဆိုင်ဝန်ထမ်းများအပါအဝင် အသက် ၂၈ မှ အသက် ၃၅ ကြား အိမ်ထောင်ရှင်များ စုစည်းဖွဲ့စည်းထားသော ဝင်းဂိတ်၏ ဒုတိယတန်းစား တပ်ဖွဲ့ဝင်များပင်လျှင် တောနက်အတွင်းရှိ သဘာဝအန္တရာယ်များနှင့် ဂျပန်များရန်ကို နှိမ်နင်း ဖြိုခွင်းနိုင်ကြောင်း သက်သေထူနိုင်ခဲ့၏။

၄- သူတို့သည် စိမ့်ချက်ချသည်။ အထပ်ထပ် လေ့ကျင့်စမ်းသပ်သည်။ ပြီးတော့ တိုက်ခိုက်ရေးနည်းဗျူဟာ၊မဟာဗျူဟာတွေ တတ်မြောက်အောင် သင်ကြားသည်။ သို့ဖြင့် နောက်ဆုံးတွင် ဂျပန်တွေကို မြန်မာပြည်တောထဲက မောင်းထုတ်ပစ်လိုက်နိုင်၏။

---

တကယ်တော့ ဗိုလ်ချုပ်ဝင်းဂိတ်က တောထဲတောင်ထဲတွင် လေကြောင်းတစ်ခုမှလွဲ၍ မြေပြင်ထောက်ပံ့ရေးလမ်းကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ဘာမျှမရှိဘဲ ခွန်စား၍ စစ်ပြိုင်နွဲရမည့် တော်လှန်ရေးဆန်သောသူ့အကြံကို ပထမဆုံးအကြိမ် တင်ပြခဲ့စဉ်မှာ ရှေးရိုးစွဲ စစ်ခေါင်းဆောင်ကြီးများက "မင်း အစီအစဉ်ဟာ စစ်တိုက်တာနှင့် မတူဘဲ၊ ဟောလီးဝုဒ်ရုပ်ရှင်ကားထဲက ဇာတ်ကွက်တစ်ကွက်နှင့် ပိုတူနေသကွ" ဟု ပြောင်ပြောင်တင်းတင်းပင် မှတ်ချက်ချခဲ့ကြသည်။

တချို့ကလည်း 'ကိုယ့်သေတွင်းကိုယ်တူးတဲ့စစ်ဆင်ရေး'ဟု နာမည်ပေးခဲ့ကြသည်။

ဝင်းဂိတ်ကတော့ တစ်ဆံချည်မျှ နောက်မဆုတ်စတမ်း သူ့ယုံကြည်ချက်ကို ရဲရဲဝံ့ဝံ့ကိုင်စွဲလျက် ဆရာဆရာကြီးတွေကို စိန်ခေါ်ခဲ့သလို၊ ခေတ်မီစစ်ဆင်ရေးပုံစံဖြင့် အောင်နိုင်ရေးတပ်ဖွဲ့တစ်ခုကို အသစ်ဖွဲ့စည်းဖို့ စိုင်းပြင်းခဲ့တော့သည်။

၁၉၄၂ ခုနှစ် နွေဦးပေါက်မှာပင် ဝင်းဂိတ်သည် သူ့တပ်သားများကို အရိုးအရေတွေလောင်ကျွမ်းခမ်းခြောက်နိုင်သော အိန္ဒိယ၏အပူဒဏ်အောက်၌ ၆ လ လုံးလုံး လေ့ကျင့်ခန်း အပြင်းအထန်စ၊ဝင်စေခဲ့၏။ သူက ၎င်းတို့အား တောတွင်းသားတာဇံကို စံထား၍ အားကျပါးကျကြိုးစားရန် တွန်းအားပေးခဲ့သလို၊ သူ့တပည့်တွေကလည်း တစ်သဝေမတိမ်း လိုက်နာခဲ့ကြသည်။

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာတော့ သူတို့တပ်ကလူတွေ အစဉ်အဆက်သုံးနေကျ ခရီးသွားယာဉ်များကို မူလလက်ဟောင်းတွင် ဆန်းသစ်တီထွင်





ပေါင်းစပ်အသုံးပြုလျက် မြန်မာပြည်၏ တောတောင်လျှိုမြောင်များအစပ်သို့ ထိုးဖောက်ဝင်ရောက်မိတော့၏။

ရှင်းရှင်းပြောရလျှင် သူတို့သည် မဟာစကြာဝဠာအလက်ဇန္ဒားခေတ်က အသုံးပြုခဲ့သော ဝန်တင်လူစီး တိရစ္ဆာန်များဖြစ်သည့် ဆင်များ၊ လားများ၊ နွားများကို အသုံးပြုခဲ့ကြခြင်းပင်ဖြစ်၏။ လေယာဉ်တွေကိုတော့ ကောင်းကင်ယံမှ ရိက္ခာချပေးရန်အတွက်သာ အားထားခဲ့ကြသည်။

ဝင်းဂိတ်၏လူကြမ်းလူရမ်းတပ်ဖွဲ့သည် ဝိတ်ဝိတ်ဝိန်းနက်မှောင်နေသည့် မဟာမြိုင်တောကြီးတွေကို တရကြမ်းဖြတ်သန်းခဲ့သလို၊ လှစောင်းပမာချွန်ထက်နေသည့် ကျောက်တောင်တွေကိုလည်း ကျော်နင်းခဲ့ကြ၏။ ပြီးတော့ ခြေတစ်လှမ်းမှား၍ ချော်ကျလိုက်လျှင် ငရဲပြည်အထိရောက်သွားမည့် ရှည်လျားမတ်စောက်လှသည့် တောင်ကမ်းပါးလမ်းတွေကိုလည်း အသည်းတယားယားဖြင့် ကုတ်ကပ်ဆင်းတက်ခဲ့ရသေးသည်။ ဆင်ပဲဖြစ်ဖြစ်၊ လားပဲဖြစ်ဖြစ် ခြေချော်ကျလိုက်လို့ကတော့ နောက်က တစ်ပြုံကြီးပါ လိုက်သေရမည့်နေရာတွေကလည်း မနည်းလှ။

သည်ကြားထဲမှ ရံဖန်ရံခါဆိုသလို လူအရိုးစုတွေကို မြင်တွေ့ခဲ့ကြရသည်။ ထိုအရိုးစုတွေကတော့ ပြီးခဲ့တဲ့နွေက တပ်ဆုတ်ပြေးခဲ့ကြသော ဗိုလ်ချုပ်စတီးဝဲလ်၏လက်ကျန်အဖွဲ့တွေ ဖြစ်ပါ၏။

ဆင်တွေက မော်တာကျည်ဆံတွေ၊ သေနတ်တွေ၊ ခေါက်ယူလို့ရသော လှေတွေ၊ ရေဒီယိုစက်ကိရိယာတွေကို သယ်ဆောင်ရ၏။

နွားတွေကတော့ စက်သေနတ်ကြီးတွေ၊ ကျည်ဆံတွေ၊ ဒိုင်းနမိုက်သေတ္တာတွေပါသော လှည်းကို ဆွဲလာ၏။

သူ့တပ်တွင် ဂေါ်ရခါး၊ ဗမာ၊ အင်္ဂလိပ်တော်မီလူမျိုးများ အပါအဝင်၊ ဆင်တွေ၊ ခွေးတွေ၊ နွားတွေ၊ လားတွေတစ်ပြုံကြီးနှင့် စစ်ကြောင်းတစ်ကြောင်းချီတက်ခဲ့သည်။

စစ်ကြောင်းတစ်ကြောင်းလျှင် တစ်မိုင်ခန့်ရှည်၍ သမ္မာကျမ်းစာပါ 'တောင်ထိပ်ရှိ နောဧ၏လှေကြီး'ဆီသို့ ဦးတည်နေကြသော စီတန်းလှည့်လည်ပွဲကြီးနှင့်ပင်တူနေပါလေရဲ့။ သို့တိုင် တောအုပ်ကြီးတွေက ထူထပ်အုံ့ဆိုင်းလျက် စွတ်စိုထိုင်းမှိုင်းနေသဖြင့် သူတို့၏အသံဗလံတွေကို ကိုက် ၂၀၀ အကွာကပင် ကြားရဖို့မလွယ်ပါ။

ဝင်းဂိတ်၏ လျှပ်တစ်ပြက်စစ်ဆင်ရေးအဖွဲ့သည် သာမိုမီတာ ၁၀၅ ဒီဂရီထိအောင် အပူရှိန်ပြင်းထန်လှသည့်ကြားမှာပင် တစ်နေ့ကို မိုင် ၃၀ ခရီးပေါက်အောင် ဒုန်းစိုင်းခဲ့ကြ၏။

ဝင်းဂိတ်က အမြန်ချီခြင်းဖြင့် အိပ်ချင်၊ ငိုက်မျဉ်းချင်စိတ်နှင့် အများအနာရောဂါတွေကို ကာကွယ်နိုင်သည်ဟု ထူးဆန်းသောနိယာမကို လက်ကိုင်ပြုခဲ့သည်။ ထို့အပြင် သူ့လူများကို လမ်းတွင် မှတ်ဆိတ်ရိတ်ရန် ဝင်းဂိတ် ခွင့်မပြု။ မှတ်ဆိတ်ရိတ်နေခြင်းက ချီတက်ဖို့နှင့် အိပ်ဖို့ ၁၀ မိနစ်ခန့် အချိန်အလဟဿကုန်စေသောကြောင့် ဖြစ်ပါသတဲ့။

စစ်ကြောင်းတိုင်း၏ထိပ်၌ ကင်းထောက်ခွေးတွေ ပါသည်။ ခွေးတွေက ဓာမဏီငှက်နှင့် မြေခွေးတွေကိုအနံ့ခံနိုင်သော တခြားခွေးများနည်းတူ၊ ဂျပန်တွေအနံ့ကိုခံဖို့ အထူး လေ့ကျင့်ပေးထား၏။

တပ်သားတစ်ယောက်စီတွင် ကျောပိုးအိတ်၌ ၆ ရက်စာရိက္ခာ အလုံအလောက်သယ်ခဲ့ကြရ၏။ သည့်နောက်ရက်တွေမှာတော့ မိုးပေါ်မှကျလာမည့် ရိက္ခာကိုသာ မျှော်ကိုးဖို့ရှိ၏။ ရေဒီယိုအော်ပရေတာက ရိက္ခာချရမည့်နေရာ အတိအကျကို စကားဝှက်များဖြင့် လမ်းညွှန်သတင်းပို့ပေးရမည်ပေါ့။

သူတို့က ရိက္ခာချပေးရန် မြစ်ကမ်းနံဘေး သွေ့ခြောက်သောမြေကွက်လပ်များ၊ လယ်ကွင်းများ၊ လေယူရာယိမ်းနွဲ့နေသော မြက်ရိုင်းတောကြီးများကို ရွေးချယ်အသုံးပြုကြ၏။ နေရာမှန်သိရန် နေ့ဘက်တွင်မီးဖို၍ မီးခိုးများဖြင့် ပြပြီး၊ ညကျလျှင်တော့ မီးကျည်တွေဖောက်သည်။ အလေးချိန် ပေါင် ၅သိန်းခွဲကျော်ကျော်မျှသော ရိက္ခာထုပ်တွေကို လေယာဉ်နှင့် ချပေးခဲ့ကြ၏။

တပ်သားတွေတောင်းဆိုသမျှ ဘာပဲဖြစ်ဖြစ် အိန္ဒိယရှိဌာနချုပ်က အစွမ်းကုန်ပို့ပေးခဲ့၏။ လေယာဉ်တွေက သူတို့လိုအပ်ပါသည်ဆို၍ သွားတုများ၊ တစ်ဘက်တည်းတပ်ရသောမျက်မှန်များ၊ ဘားနဒ်ရှော၏အတ္ထုပ္ပတ္တိစာအုပ်များပင် ချပေးခဲ့သည်။

အရာရှိတစ်ယောက်ကတော့ သူ့တပ်ဖွဲ့ကို ဂျပန်တွေ အဝိုင်းခံထားရစဉ်မှာပင် 'သူ့သေတမ်းစာကို ပြင်ရေးပြီး လက်မှတ်ထိုးပါရစေ'ဟု ပန်ကြားခဲ့၏။ ဒါကိုလည်း လိုက်လျော၍ ဖြည့်ဆည်းပေးပို့ခဲ့သော ဟူ၏။





ထို့အတူ ရဲဘော်တွေတောင်းဆိုသော ချောကလက် ပေါင် ၄၀၀ ကိုလည်း ကာလကတ္တားမှ စားသောက်ဆိုင်တစ်ခုကို ညလုံးပေါက်အလုပ်ဆင်းနိုင်းပြီး အရောက်ပို့ခဲ့ပြန်၏။

အိန္ဒိယရှိ ထောက်ပို့တပ်ရင်းမှူးမှာ ဗိုလ်ကြီးလော့ဒ် ဖြစ်၏။ တစ်နေ့တော့ ဝင်းဂိတ်က ရေဒီယို သတင်းပို့လိုက်သည်။

"လော့ဒ်ရေ။ တို့ကို ပေါင်မုန့်တွေပို့လိုက်ဦးဟေ့"

စက်ထဲမှ အဖြေပြန်လာသည်က "လော့ဒ် (ဘုရားသခင်)ဟာ ဝတ်ပြုဆုတောင်းသူများရဲ့ အသံကို နားငြီးတော်မူလျက်ပါ" တဲ့။ နာရီပိုင်းအကြာမှာပင် ပေါင်မုန့်သေတ္တာတစ်လုံး မိုးပေါ်က ကျလာသည်။ ကောင်းကင်ဘုံဆိုသည်မှာ ဒီလိုပဲ။ လိုတာ ရစမြဲပေပဲ။

သည်လိုနှင့် ရန်သူ့ပိုင်နက်ထဲသို့ ကိုက် ၃၀၀ ခန့်ခရီးဆန့် ထိုးဖောက်ဝင်ရောက်ခဲ့ရုံမက၊ စစ်ရေးအချက်အချာကျသော ပစ်မှတ်များ၊ ရန်သူ့စခန်းများကိုလည်း ပြာကျအောင် ချေမှုန်းနိုင်လိုက်သည်။

တာဝန်ကျေပြီ ဆိုသည့်အဆုံး၌ ဝင်းဂိတ်၏သူရဲကောင်းတပ်ဖွဲ့ကို တပ်ခေါက်၍ အိမ်ပြန်ရန် အမိန့်ပေးခဲ့တော့၏။ ရေး စစ်သုံးစကားပုံတစ်ခု ရှိသည်။

'တိုက်ပွဲဝင်ဖို့စုစည်းကြ၍၊ ဘဝတွင် ရပ်တည်နေထိုင်ဖို့ တကွဲတပြားစီ ခွဲသွားရစမြဲ' တဲ့။

သူတို့၏တာဝန် ကျေပွန်စွာပြီးဆုံးသွားသည့်နောက်တော့ ဝင်းဂိတ်၏ တပ်သားများသည် ၄၀ လျှင် ၁ စု အုပ်စုဖွဲ့ခဲ့ကြ၏။

သူတို့အနေဖြင့် နွားတွေ၊ လားတွေအပေါ်တွင် ရေဒီယိုစက်တွေနှင့် လေးလံသောပစ္စည်းကိရိယာတွေ တင်ဆောင်ခြင်းထက် တိရစ္ဆာန်တွေနှင့် ဝန်ထုပ်ဝန်ပိုးတွေမပါဘဲသွားခြင်းက ၃ ပုံ ၁ ပုံမက ခရီးပိုတွင်မည် ဟု နားလည်ခဲ့ကြသည်။ အမြန်နှုန်းက အရေးတကြီးလိုအပ်နေ၏။

ထို့ကြောင့် သူတို့က ရေဒီယိုစက်တွေကို မြေမြှုပ်ပစ်လိုက်သည်။ လေးလံသော ကိရိယာကြီးတွေကို ထုချေဖျက်ဆီးပစ်ခဲ့သည်။ နွားနှင့် လားတွေကို သတ်စားလိုက်ကြသည်။ သည့်နောက်တော့ ရှည်လျားသလောက် ကြောက်မက်ဖွယ်

အန္တရာယ်ပြမ်းတီးနေသော အိန္ဒိယသို့ ခြေလျင်ခရီးကို စတင်ခဲ့တော့သည်။ သူတို့လက်ထဲမှာ ရေဒီယိုတွေမရှိကတည်းက ရိက္ခာတွေ ရလမ်းမရှိတော့ပါ။

သူတို့အဖို့ အစာရေစာငတ်ပြတ်လာရာမှ မြွေများ၊ လင်းတများကို ဖမ်းဆီးစားသောက်၍၊ သစ်ဥသစ်ဖုများကိုတူးဖော်ပြီး မြက်သစ်ရွက်တွေကို ချက်ပြုတ်မှီဝဲကြရသည်။

လူတိုင်းလိုလိုပင် ကိုယ်အလေးချိန် ၁၅ ပေါင်ခန့် ပွန်းမျှအားဖြင့် ကျသွားကြရ၏။ သူတို့၏ အစာအိမ်တွေမှာလည်း ထက်ဝက်ခန့် ကျုံ့လိုသွား၏။

ဂျပန်တွေက ရေထွက်ပေါက်တွေကို ပိုင်းရံပိတ်ဆို့ထားလိုက်ကတည်းက ဝါးလုံးခေါင်းတွေထဲက ရေတစ်ငုံစာမျှဖြင့် ပူပြင်းလှသော ကြောက်စရာ နေပူဒဏ်အောက်က နေ့ဖက်များမှာသာ ချီတက်ခဲ့ကြ၏။

၁၉၄၃ ခုနှစ် မေလအတွင်း ဝင်းဂိတ်နှင့်သူ့ရဲဘော်များ အိန္ဒိယသို့ရောက်သောအခါ သောင်းသောင်းဖျဖျကြိုဆိုခဲ့ကြပြီး၊ ချီးကျူးသြဘာသံတွေ မိုးလုံးညံသွားရတော့၏။

ဝင်းဂိတ်အား ပထမကမ္ဘာစစ်ကြီးတုန်းက နာမည်ကျော်သ[illegible]ကောင်း 'အာရေဗျလောရင့်စ်' နှင့် ထပ်တူဂုဏ်ပြုလျက် 'မြန်မာပြည်ကလောရင့်စ်' ဟု ကင်ပွန်းတပ်လိုက်ကြသည်။ သူ့ကို ကျေးဇူးတင်လှသော မြန်မာပြည်သားတွေကလည်း 'ရွှေဘုရားများကို ကာကွယ်စောင့်ရှောက်ခဲ့သောကျေးဇူးရှင်' ဟု ခေါ်ခဲ့ကြ၏။

ဝင်းဂိတ်ကား ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၆၀၀၀ကျော် မြင့်သော ဟိမဝန္တာတောင်တန်းကြီးရှိရာ အိန္ဒိယနိုင်ငံတွင်မွေးဖွားခဲ့သူ ဖြစ်၏။

ဖခင်ဖြစ်သူမှာ ဗြိတိသျှတပ်မတော်တွင် ၃၂ နှစ်ကြာ စစ်မှုထမ်းပြီးနောက် အငြိမ်းစားယူခဲ့သော အိန္ဒိယရှိ သာသနာပြုမစ်ရှင်အဖွဲ့တစ်ခု၌ တာဝန်ထမ်းဆောင်နေခဲ့၏။ ဝင်းဂိတ်သည် ကြီးမားကျဉ်းကျပ်လှသော ဘာသာရေးစည်းကမ်းများအောက်တွင် ကြီးပြင်းလာရ၏။ သို့ဖြင့် တိုက်ပွဲတွေ အပြင်းအထန်ဖြစ်နေသည့်ကြားမှာပင် နေ့စဉ်မပြတ် ဘုရားရှိခိုး၊ ဆုတောင်းဝတ်ပြု မပျက်ခဲ့သလို၊ ရေဒီယိုသတင်းပို့ချချက်များကိုလည်း သမ္မာကျမ်းစာထဲကစာပိုဒ်များဖြင့် စကားဝှက်လုပ်ခဲ့သည်။





သူ့အနေဖြင့် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ထားလင့်ကစား၊ 'ကြက်သွန်ဥက စိတ်ကို လန်းဆန်းပျော်ရွှင်စေသည်' ဟု အယူအစွဲရှိခဲ့ရာမှ ရိက္ခာတွေထဲတွင် ကြက်သွန်တချို့ပါ ထည့်လေ့ရှိ၏။ စစ်ချီသည့်အခါများမှာလည်း ကြက်သွန်စားပြီး ချီတက်တတ်သော ဟူ၏။

သူကား စာဖတ်ဝါသနာလည်း ကြီးလှပါဘိ။ ပြီးတော့ သူမတူအောင် မှတ်ဉာဏ်ကောင်း၍ တပ်မတော်လက်စွဲစာအုပ်ပါ အဓိကအရေးပါသော အချက်ကြီးတွေမှန်သမျှ အလွတ်ရသလို၊ အီဂျစ်ပြည် ဖာရိုဘုရင်များလက်ထက်ကဖြစ်သော မဟာစစ်ဗိုလ်ချုပ်ကြီးများ၏ ဘဝဇာတ်ကြောင်းများကိုပါ နောကျေထား၏။

သူသည် ရှိတ်စပီးယားပြဇာတ်များ၊ ဒဿနကျမ်းများ၊ ဘာသာရေး၊ သမိုင်းများမှအစ ရုပ်ပြ၊ကာတွန်းစာအုပ်ကလေးများအဆုံး အရသာခံ၍ နှစ်မြိုက်စွဲလမ်းစွာ ဖတ်ရှုလေ့ရှိ၏။

တစ်ခါတစ်ရံ သူက ဓမ္မစိုကျမ်းကြီးတစ်ဆူအလား ဗဟုသုတကြွယ်ဝစွာ ပြောဆိုတတ်ပြီး၊ ဟင်းမလက်ပြဇာတ်ထဲမှ ကဗျာလင်္ကာသွားတွေကိုလည်း အရာရှိရိပ်သာတွင် ထွက်၍ ရွတ်ပြနိုင်ပြန်သည်။

တို့အပြင် သူသည် ဘာသာစကားပေါင်းစုံ ပြောဆိုနိုင်သလို၊ အာရေဗျသီချင်းတွေကိုပင် ဆိုပြတတ်သေး၏။

ပြောက်ကျားတိုက်ပွဲတစ်ပွဲအတွက် စီစဉ်ပြင်ဆင်နေရင်းမှ အချက်ပေးနာရီတစ်လုံးကို တစ်နေ့လုံးကိုင်ထားပြီး တစ်ချက်ချက်နှင့်သွားနေသောမိနစ်တိုင်းအဖိုးတန်ကြောင်းကို လူတိုင်းအားသတိပေးရင်း အသိကပ်စေခဲ့သည်။

သူသည် ဗြိတိသျှစစ်ဦးစီးမှူးများအထွတ်အမြတ်ထားသော စည်းကမ်းချက်တစ်ရပ်ကို သူတို့၏ စစ်ရေးဆိုင်ရာအမှားအယွင်းများအား လက်ညှိုးထိုး၍ လွန်လွန်ကဲကဲဝေဖန်ထောက်ပြခြင်းဖြင့် ရဲရဲကြီးချိုးဖောက်ခဲ့ဖူး၏။

ဗိုလ်ချုပ်၊ဗိုလ်ချုပ်ကြီးများက သူ့အား 'အချောင်သမား၊ နောက်မှပေါ်တဲ့ ရွှေကြာပင်' ဟု သတ်မှတ်ခဲ့ကြ၏။

သူသည် အထက်အရာရှိတစ်ယောက်၏အမှားများအား သူရရှိထားသော အထူးအခွင့်အရေးများကိုအသုံးချ၍ ဘုရင့်ထံ စာရေးတိုင်ကြားခဲ့သော မျက်မှောက်ခေတ်၏ တစ်ဦးတည်းသော ဗြိတိသျှအရာရှိလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဖြစ်ရပုံက ဝင်းဂိတ်၏စာကို စုံစမ်းအရေးယူမည့် ဘုရင့်အကြံပေးအဖွဲ့၌ သူ ထိုးနှက်ဝေဖန်ခဲ့သော အတိုင်ကြားခံပုဂ္ဂိုလ်ကိုယ်တိုင် ပါဝင်နေခြင်းပါပေတည်း။ ထိုပုဂ္ဂိုလ်အနေဖြင့် ဝင်းဂိတ်အား စစ်တပ်ထဲမှ ထုတ်ပစ်နိုင်ခွင့်ရှိသည့်တိုင်အောင် ဝင်းဂိတ်၏စစ်ရေးထူးချွန်မှုများကို ထောက်ညှာခဲ့ရလေသည်။

တစ်ခါက ဝင်းဂိတ်ကိုယ်တိုင် သူ့မိတ်ဆွေတစ်ယောက်အား အလေးအနက် ဖွင့်ပြောခဲ့၏။

"ကျုပ်ဟာ လူတွေထင်နေကြသလို အရူးတစ်ပိုင်းသတ္တဝါ မဟုတ်ပါဘူးဗျာ" တဲ့။

ဝန်ကြီးချုပ် ဝင်စတန်ချာချီလ်ကတော့ သူ့ကို ရူးနေသည်ဟု မထင်ခဲ့ပါ။ မြန်မာပြည်တောနက်ထဲမှ သူ ပြန်လာသည့်နောက် စစ်ရေးဆိုင်ရာ ကြူးဘက် ညီလာခံသို့ သူ့အား ပထမဆုံးအကြိမ်တက်ရောက်ခွင့် ပြုလိုက်၏။

ထိုညီလာခံ၌ ချာချီလ်၊ ဝင်းဂိတ်နှင့် အခြားသောစစ်ခေါင်းဆောင်ကြီးများသည် မြန်မာပြည်မြောက်ပိုင်းရှိ ဂျပန်များအား အရေးပေါ်ထိုးစစ်ကြီး ဆင်နွှဲရန် တိုင်ပင်ခဲ့ကြသည်။

သို့ဖြင့် လေထီးဆင်းတပ်ဖွဲ့ဝင်များကို တောတွေ တောင်တွေထဲသို့ ချပေးခဲ့ပြီး၊ လေကြောင်းအထောက်အပံ့ဖြင့် စစ်ဗျူဟာခင်း၍ မြန်မာတော်လှန်ရေးတပ်ဖွဲ့နှင့်ပူးပေါင်းတိုက်ခိုက်ကာ ဂျပန်တွေကို မောင်းထုတ်နိုင်ခဲ့၏။

ဗိုလ်မှူးချုပ် အော်ဒီချားလ်စ်ဝင်းဂိတ်သည် ၁၉၄၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အိန္ဒိယ-မြန်မာ နယ်စပ်တစ်နေရာ၌ လေယာဉ်ပျက်ကျ၍ ကွယ်လွန်ခဲ့ရရှာ၏။ သို့သော် သူ့ဝိညာဉ်ကတော့ သူလေ့ကျင့်ပေးထားသော တပ်ဖွဲ့ဝင်ရဲဘော်များနှင့်အတူ ဆက်လက်ချီတက်နေလျက်။ သူတို့၏စိတ်ဓာတ်၊ သူတို့၏ကွန်မြူးညာဏ်၊ သူတို့၏ ကျင့်ထုံးနည်းနာများတွင်ပါ စွဲကျန်နေမည်မှာ မလွဲတော့ပါချေ။

သူက သူ့လူတွေကို 'ခြင်္သေ့'ဟု တင်စားခဲ့၏။ 'ခြင်္သေ့' ဆိုသည်က မြန်မာနိုင်ငံရှိ ဘုရားဝှကျောင်းများတွင် ကြောက်မက်ဖွယ် နဂါးရုပ်များနှင့်အတူ စောင့်ရှောက်နေသော ကျောက်အင်္ဂတေသတ္တဝါများပင် ဖြစ်ပါသည်။





သူသေဆုံးသွားသည့်နောက် သူ့ခြင်္သေ့တွေက လက်သံပြောင်ပြောင်နှင့် အကြီးအကျယ်အောင်ပွဲခံခဲ့သည့်အဖြစ်ကို ဂျင်နရယ်ဝင်းဂိတ်ခမျာ မျက်ဝါးထင်ထင် မြင်မသွားရရှာသည်မှာ သနားစရာပင်။

ဝင်းဂိတ်သည် ဒုတိယကမ္ဘာစစ်သမိုင်းတွင် ပုဂ္ဂိုလ်ရေးအားဖြင့် အစဉ်အလာကြီးမားကျော်ကြားခဲ့ကြသော အိန္ဒိယမှ ကလစ်ဗ်၊ ကြူးဘက်မှ ဝူလ်ဖီ၊ တရုတ်မှ ဂေါ်ဒန်၊ အာရေဗျမှ လောရင့်စ်တို့နှင့် တစ်တန်းတည်းထားလောက်အောင် ဥဒါန်းတွင် မော်ကွန်း ဝင်ခဲ့ပါလေပြီ။

ဝင်းဂိတ်ကား သူ့အသည်းစွဲ ကောက်နုတ်ချက်စာပိုဒ်နှင့်မခြား ထာဝစဉ် အသက်ဝင်ရှင်သန်နေမည့် ပုံရိပ်လွှာပေတည်း။

"အမြဲထာဝစဉ် ဘာမဆိုဖန်တီးလုပ်ဆောင်နိုင်တဲ့ လက်တွေဟာ စွမ်းအားရှိသရွေ့ အမြဲထာဝစဉ်လုပ်နေကြမှာပါပဲ"



# ဂျက် ကေ ဒမ်ပ်ဆေး
# Jack K Dempsey

## ၄ မိနစ်တွင် ပေါင် ၁ သိန်းဝင်ငွေနှင့် ကမ္ဘာ့သရဖူဆောင်းခဲ့ရသူ၏ ဘဝအိပ်မက်ဆန်း

❒ တစ်ခါက ကျွန်တော်သည် တစ်စက္ကန့်လျှင် ပေါင် ၄၀၀ (၂၃၇ စက္ကန့်အတွက် ပေါင် ၁ သိန်း) မက ရခဲ့ဖူးသူတစ်ယောက်နှင့် ညစာ အတူစားခဲ့၏။ သူ့နာမည်ကတော့ ဂျက် ကေ ဒမ်ပ်ဆေး။ ဂျက် ကေ ဒမ်ပ်ဆေးကား လူသာမန်ထက် ထူး၏။

ထောင်ပေါင်းများစွာသောတပည့်များအား သူ ဒုဋ္ဌနဲ့ကြားရေးမှုးအဖြစ် နပန်း၊ လက်ဝှေ့၊ ဂျူဂျစ်ဆု စသော အတတ်ပညာများကို သင်ပေးနေရာ ဘရွတ်ကလင်းရှိ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်၌ သူနှင့် ညစာစားခဲ့၏။

စစ်ဖြစ်ခါစ စောစောပိုင်းရက်များက အနောက်အလယ်ပိုင်းကမ်းခြေစောင့်တပ်၌ ဂျက် ကေ ဒမ်ပ်ဆေး အလုပ်ဝင်လုပ်နေကြောင်း သတင်းစာတစ်စောင်က ဖော်ကောင်လုပ်လိုက်ရာမှ ဟိုးလေးတကျော် ဖြစ်သွားသည်။



သတင်းစာက စနေနေ့ တပ်သားသစ်စုဆောင်းရေးစခန်းရုံး ပိတ်ပြီးသည့်နောက်မထွက်လာသလို၊ နောက်တစ်နေ့မနက်စောစောမှာတော့ ပြဿနာရှာတော့၏။

တနင်္ဂနွေနေ့မနက် သတင်းစာ အယ်ဒီတာလုပ်သူ၏နေအိမ်သို့ "တပ်သားသစ်စုဆောင်းရေးစခန်းရုံးကို လူငယ် ၂၅၀ ကျော်ဝိုင်းပြီး ဝုန်းဒိုင်းကြဲတိုးဝှေ့နေကြကြောင်း" ဖုန်းဆက်လာသည်။

အယ်ဒီတာမင်းလည်း ဆိုင်ရာအာဏာပိုင်များထံ အကြောင်းကြားပေးရာမှ စခန်းရုံးကိုအမြန်ဖွင့်ပြီး ဂျက်ကေဒမ်ပ်ဆေး၏ လမ်းညွှန်သင်ကြားမှုအောက်တွင် လေ့ကျင့်လိုကြသူ လူကြီးလူငယ်များ၏ စစ်ထဲဝင်ခွင့်လျှောက်လွှာကို လက်ခံခဲ့ရလေ၏။

ဂျက်ကေဒမ်ပ်ဆေးက အသေအလဲကြိုးစားနေရာက ဂျက်စ်ဝီးလတ်အား အနိုင်ရပြီး ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖြစ်ခဲ့သည့်နောက် တစ်ဟုန်ထိုးတိုးတက်အောင်မြင်လာရသော သူ့ဘဝကို ကျွန်တော့်အား ဖွင့်ဟခဲ့ပါသည်။

ပထမအချီမှာပင် ၇ ကြိမ် အလဲထိုးခံခဲ့ကြရသည်။ ကြိုးဝိုင်းဘေးမှ အားကစားသတင်းထောက်တွေတောင် ဘယ်သူ ဘယ်နှစ်ခါ အလဲထိုးခံလိုက်ရမှန်းမသိ၊ အငြင်းပွားခဲ့ကြရသော ဟူ၏။

ဒမ်ပ်ဆေးက ထို နာမည်ကျော် ပွဲကြီးပွဲကောင်းကြီးတွင် သူကိုယ်တိုင်လည်း ဘာတွေ ဘယ်လိုဖြစ်လို့ ဖြစ်မှန်းမသိခဲ့ကြောင်း ကျွန်တော့်အား ပြောကြားခဲ့ပါသည်။

သူ ဖာပိုကို ဘယ်နှစ်ကြိမ်အလဲထိုးခဲ့မိတယ်ဆိုတာ တကယ့်ကို မမှတ်မိ။ သူကိုယ်တိုင် ကြိုးဝိုင်းအပြင်ကို လွင့်ကျခဲ့သည့်အဖြစ်ကိုလည်း မမှတ်မိ။

ထိုစဉ်က စင်မြင့်ပေါ်မှ ကျွမ်းပြန်ကျပြီး လက်နှိပ်စက်တစ်လုံးကို ပျက်စီးသွားစေခဲ့သလို၊ သတင်းထောက် ၂ ယောက်အပေါ်ကျ၍ ကွဲပြဲဒဏ်ရာ ရသွားကြသည်အထိ ဖြစ်ခဲ့၏။ ဟဲဗီးဝိတ် သရဖူလုပွဲကြီးက ဒုတိယအချီတွင် ပွဲသိမ်းခဲ့ရသည်။

ဒါပေမယ့် ဒမ်ပ်ဆေး၏ အပြောအရ သူ အဝတ်လဲခန်းထဲ ပြန်ရောက်ချိန်အထိ 'လက်ဝှေ့ပွဲမှာ ၂ ချီနှင့် အဆုံးသတ်ခဲ့တာလား၊ ဒါမှမဟုတ် ၁၀ ချီလား၊ အချီ ၂၀ လား။ ရေရေရာရာ စဉ်းစားလို့ မရ'ဟု ဆို၏။ သူ ၂၃၇ စက္ကန့်ထိုးချိန်အတွင်း တစ်စက္ကန့်ကို ပေါင် ၄၀၀ မက ရခဲ့သည်မှာလည်း ထိုပွဲကြီးပင် ဖြစ်သည်။

ထိပ်သီးဆိုသော အားကစားသမားအားလုံး အံ့အားသင့်လောက်စရာ ထိပ်တန်းသို့ရောက်ကြရာ၌ မရှိမဖြစ် အရည်အချင်း ၂ ရပ် ရှိ၏။

၁- အာရုံစူးစိုက်မှု၊ သို့မဟုတ် စိတ်တည်ငြိမ်မှုစွမ်းရည်နှင့်

၂- ယှဉ်ဖက်ပြိုင်ဆိုင်မှုစွမ်းရည်

ဒမ်ပ်ဆေးက သူ ထိုးသတ်နေစဉ်အတွင်း ထိုးဖို့သတ်ဖို့သာ သဲသဲမဲမဲ အာရုံစိုက်နေမိသဖြင့် လူထုပရိသတ်၏ ပွက်ပွက်ညံနေသော အော်ဟစ်အားပေးသံတွေကို တစ်ခါမျှမကြားခဲ့ဟု ဆိုပါသည်။

သူ၏ တုံ့ပြန်မှုတွေ အလွန်အမင်းမြန်လွန်း၏။ အင်မတန်မှ အလိုအလျောက်ဆန်၏။ သို့ကြောင့်လည်း ကြိမ်ဖန်များစွာပင် သူ့ကိုယ်သူ ဘာလုပ်မိမှန်းမသိလိုက်ပါတဲ့။

သူသည် အခြားလူအများအပြား တွေ့ကြုံခဲ့ရသည့်အဖြစ်မျိုးပင် ကြုံတွေ့ခဲ့ရသည်။ ဒါကတော့ လက်ဝယ်ပိုင်ဆိုင်ရသည်ထက် ကျားကုတ်ကျားခဲကြိုးစားနေရသည်က ပို၍ ပျော်စရာကောင်းကြောင်းကို ရံဖန်ရံခါဆိုသလို ခံစားမိခြင်းပင်ဖြစ်ပါသတဲ့။

သူ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်သည့်နေ့မှကိုစ၍ သူ့ဘဝ ရုတ်တရက်ကြီးကို ပြောင်းလဲသွားရ၏။ မိုးပေါ်ကို ဦးခနဲပျံတက်သွားပြီး သူ မျှော်လင့်မထားသော ကမ္ဘာသစ်ကြီးတစ်ခုသို့ ရောက်သွားသည်နှင့်မခြား ကိုယ့်ကိုယ်ကို မယုံနိုင်လောက်အောင် အံ့ဖွယ်ဘနန်း ထူးခြားဆန်းကြယ်မှုတွေနှင့် ဆုံဆည်းလိုက်ရ၏။

သတင်းထောက်တွေ၊ ဓာတ်ပုံဆရာတွေ၊ အော်တိုရေးဓိုင်းသူတွေ၊ ကုန်ပစ္စည်းအရောင်းသမားတွေ၊ ငွေချေးလိုသော မိတ်ဆွေ အပေါင်းအသင်းဟောင်းတွေက သူ့ရဲမင်းရဲစီးသလို သူ့နောက်က ဝိုင်းအုံစုပြုံလိုက်ကြသည်။

သူ့ကို သတင်းစာနှင့်မဂ္ဂဇင်းတွေထဲ ရေးပေးရန်၊ စင်မြင့်ပေါ်သို့ တက်ရန်၊ သင်ကြားပို့ချချက်တွေ ပေးရန်၊ ဆေးတွေကို ထောက်ခံကြော်ငြာပေးရန်၊ ဘာသာ





ရေး၊ လူမှုရေးအသင်းအဖွဲ့တွေ၏ အလှူငွေတိုးတက်ရေး ကူညီပေးရန် စသဖြင့် အတင်းအဓမ္မ လာအကျပ်ကိုင်တာတွေကလည်း မနည်း။

ဟောလီးဝုဒ်ရုပ်ရှင်ကုမ္ပဏီကလည်း သူ့ကို ရုပ်ရှင်ရိုက်ရန် ကန်ထရိုက်စာချုပ်ဖြင့် ချည်လာ၏။

သူသည် အမေရိကန်နှင့် အင်္ဂလန်တစ်ဝှမ်းလုံးက ထိပ်တန်းပဂေးဟု ဆိုရသော မင်းစိုးရာဇာ မီလျံနာကြီးတွေနှင့် ထိတ်ထိတ်ကြဲနာမည်ကြီးများ၏ အရေးတယူပြုစုယုယခြင်းကို ခံလာရသည်။

သူ ဘာမှန်းနားမလည်နိုင်သော စကားလုံးတွေ လျှင်လျှင်ပြော၍ သူ့ဦးနှောက်ခြောက်စေသော မေးခွန်းတွေနှင့်နှောင့်ယှက်ခဲ့ကြသော ပညာတတ်ပုဂ္ဂိုလ်ကြီးများ၏ အရေးပေးဧည့်ဝတ်ပြုခြင်းကိုလည်း ခံခဲ့ရသည်။

ဂျက်ကေဒမ်ပ်ဆေးက သူ့ဇာတ်ကြောင်းကို ရင်ဖွင့်ပြောပြခဲ့သည်မှာ -

''ကျွန်တော်ဟာ ရွာကျောင်းကလေးကို မြည်းစီးပြီး ကျောင်းတက်ခဲ့ရတဲ့ လူပါဗျာ။ ပြီးတော့ ကျောင်းစာကိုလည်း သိပ်စိတ်မဝင်စားတော့ ပညာကောင်းကောင်းမတတ်ဘူးပေါ့ဗျာ။ ဒါကြောင့်လည်း အဲဒီပညာတတ်ကြီးတွေ ဘာတွေပြောနေကြသလဲဆိုတာ နားမလည်ခဲ့တာ အမှန်ပါပဲ''

ဂျက်ကေဒမ်ပ်ဆေးခမျာ လူတွေ ဝိုင်းဝန်းခြောက်လှန့်ခံခဲ့ရသည့်ဘဝတွင် ထမင်းပင် ဖြောင့်အောင်မစားခဲ့ရချေ။ သူတည်းခိုရာ ဟိုတယ်ခန်းထဲသို့ စားဖွယ်သောက်ဖွယ်တွေမှာသောအခါ၌ပင် စားပွဲထိုးတစ်ယောက်သာ လာရမည့်အစား ၆ ယောက်တောင်လာပို့ပြီး၊ သူစားသောက်နေသည်ကို အားလုံးက ငေးကြည့်နေပါလေရောတဲ့။

သူ အင်္ဂလန်သို့ အလည်ရောက်လာသည့်အခိုက် မေရီဘုရင်မကြီးက သူမ၏ ရွှေမှောက် ဘာကင်ဟမ်နန်းတော်သို့ အခစားဝင် ဖူးတွေ့ရန် သဝဏ်လွှာဖြင့် ဆင့်ခေါ်ခဲ့သည်။ သို့ပေမယ့် ဂျက်ဒမ်ပ်ဆေးအဖို့ စိတ်အနှောင့်အယှက် ကြီးစွာ ဖြစ်သွားရသလို၊ 'သူ နေမကောင်း၍ မလာနိုင်ပါ'ဟု အကြောင်းပြန်လိုက်၏။ ဘာကင်ဟမ်နန်းတော်၏ အမိန့်စာချွန်လွှာကို ငြင်းပယ်ရဲသော လူဆိုလို့ ရာစုဝင်တစ်လျှောက်မှာ သူတစ်ယောက်တည်း ရှိလောက်ပါပေရဲ့။

အမှန်တော့ သူ တကယ်လည်း ဖျားနေပါသည်။ စိတ်ကသိကအောင့်ဖြစ်ပြီး ဖျားနေခြင်းပါ။ ပူပန်စိုးရိမ်မှုတွေ၊ တာဝန်ဝတ္တရားတွေ၊ စိတ်ညစ်ညူး ရှုပ်ထွေးမှုတွေကြောင့်လည်း ခေါင်းကိုက်နေရပါသည်တဲ့။

ဂျက်ဒေဒမ်ပ်ဆေးသည် ၁၉၁၉ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ဂျက်စ်ဝီးလတ်ဒ်လက်ထဲက ဟဲဗီးဝိတ်သရဖူကို အနိုင်ပွဲဖြင့် လွဲယူနိုင်ခဲ့ပါ၏။ ထိုညက လက်ဖွေ့ပွဲတွင် အကြိတ်အနယ်ထိုးသတ်၍ ခြေကုန်လက်ပန်းကျခဲ့ရပြီး၊ ညဥ့်နက်မှ အိပ်ရာဝင်ခဲ့ရသည်။ သွေးလေချောက်ချား၍ ကြောက်စရာအိပ်မက်ကြီးတစ်ခု မက်သည်။ အိပ်မက်ထဲ၌ သူ လက်ဖွေ့ပွဲ ရှုံးသွားရသည်တဲ့။ အိပ်မက်က ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ရှိလှ၏။ တကယ့်ကို ဖြစ်နေသည်ဟု ထင်ရ၏။ ဒါကြောင့်လည်း သူ အိပ်ရာမှ ငေါက်ခနဲထ၊ အဝတ်အစား ကမန်းကတန်းလဲကာ ဒရောသောပါး ပြေးဆင်းခဲ့သည်။

သတင်းစာဝယ်ရန် သူ ထွက်ခဲ့ချိန်မှာ လင်းအားကြီး မနက် ၃ နာရီ။

"ကျွန်တော်လည်း သတင်းစာရောင်းတဲ့ချာတိတ်လေးတွေကို ညကလက်ဖွေ့ပွဲမှာ ဘယ်သူနိုင်သလဲလို့ အမောတကော မေးမိတယ်"

ဂျက်က မေးလိုက်သည်ချ၏။ ချာတိတ်က

"ဒမ်ပ်ဆေး နိုင်တယ်လေ။ နေစမ်းပါဦး။ ခင်ဗျား- ခင်ဗျားဟာ ဒမ်ပ်ဆေးပဲ မဟုတ်လား"

ဂျက် မချိသွားဖြ ဖြစ်သွားသည်။ ပြီးတော့ နဝေတိမ်တော် အကြောင်းကြောင်း။ အဆုံးကျမှ သူ 'ဒမ်ပ်ဆေးပါပဲ' လို့ ဝန်ခံလိုက်၏။

"ရော- ခင်ဗျားသာ ဒမ်ပ်ဆေးဆိုရင် ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ် ဆိုတာ ကျိန်းသေသိရမှာပေါ့ဗျာ" တဲ့။

သတင်းစာသမားကလေးက မှတ်ချက်ချလိုက်၏။

အကယ်၍သာ ဂျက်ဒမ်ပ်ဆေးသည် အိပ်မက်ဆိုးကြောင့် ကယောင်ကတမ်းတွေဖြစ်ခဲ့ရာမှ 'ကမ္ဘာ့ဟဲဗီးဝိတ်ချိန်ပီယံ သူမှ ဟုတ်ရဲ့လား' ဆိုတာ သေချာအောင်စုံစမ်းဖို့ အရေးတကြီးလိုအပ်နေခဲ့ကြောင်းသာ သိလိုက်ပါလျှင်၊ ထိုသတင်းစာသမားကလေးမျာ သူ့နဖူးသူ ရိုက်ပြီး 'ဟိုက်' ခနဲအော်မိမှာ မလွဲ။





ဒမ်ပ်ဆေးက သူသည် ဆင်းရဲမွဲတေမှုကြောင့်သာ အရှက်တကွဲအကျိုးနည်း မဖြစ်ခဲ့ရပါက သူ့အနေဖြင့် ကြေးစားလက်ဝှေ့ကျော်ဘဝကို ဘယ်နည်းနှင့်မျှ ရောက်လာမည်မဟုတ်ကြောင်းလည်း ကျွန်တော့်အား ပြောပြခဲ့၏။

သူ့အဖေက 'ပျော်ပျော်နေ သေခဲ' ဆိုသကဲ့သို့ 'ပျော်ပျော်နေ ကံကောင်း' ဆိုသည့်ဝါဒကို လက်ကိုင်ထားသူဖြစ်၏။ နေ့ရှိသရွေ့ တယောတစ်လက်ကို တကျွီကျွီကြုနေပြီး၊ အိမ်ခြေရာခြေအတည်တကျမနေဘဲ ဟိုရွှေ့ဒီပြောင်းရင်း ခွန်စားရတာလည်း ဝါသနာပါ၏။ 'သက်တန့်ကြီးအဆုံးတွင် ရွှေအိုး တွေ့ရမည်' ဟုလည်း စိတ်ကူးယဉ်နေတတ်၏။

တစ်နေ့တော့ သူက ဇနီးသည်နှင့် ကလေး ၁၁ ယောက်ရှိသော မိသားစုတစ်အုံတမကြီးနှင့် လက်စွဲတော်တယောလေးကို ပေါင်းမိုးတပ်လှည်းပေါ်တင်ဆောင်လျက် မြင့်ခေါင်လှသော ကော်လိုရာဒိုးတောင်တန်းကြီးတွေအပေါ် ဖြတ်သန်းဖို့ ခရီးထွက်ခဲ့သည်။

ပေပေါင်း ၁ သောင်းကျော်အမြင့်သို့ သူတို့ရောက်သောအခါ လေထုကပါးလွှာလွန်းလှပြီး၊ မြင်းတွေလည်း အမောဆို့၍ တစ်ကောင် သေဆုံးသွား၏။

ထို့အတူ ဂျက်အမေမှာလည်း သေလုနီးပါးအသက်အန္တရာယ် ကျရောက်ခဲ့ရပါလေပြီ။ သူမသည် ပြင်းထန်သောရောဂါဝေဒနာများကို အလူးအလှိမ့် ခံစားနေရလျက်မှ သတိလစ် မေ့မျောသွားသည် အထိပင်။

သူ့ဇနီးကို ပင်လယ်ရေမျက်နှာပြင်ထက် အများကြီးမြင့်ရာမှ မြေပြန့်သို့ အမြန်ဆုံးပြန်ပို့မှ ဖြစ်တော့မည်ဟု သိလိုက်သည်။

မိခင်ဖြစ်သူက ဂျက်ကို သူမနှင့်အတူ ရထားပေါ်သို့ အဖော်ခေါ်လာခဲ့သည်။ ဂတ်ဗိုလ်က သူ့သားကလေးကို အခမဲ့စီးခွင့်ပြုဖို့လည်း မျှော်လင့်ခဲ့မိ၏။ ဒါပေမယ့် ထိုအချိန်မှာ ဂျက်က ၈ နှစ်ပြည့်ပြီဖြစ်၍၊ ဂတ်ဗိုလ်က 'တစ်ဝက်ခမပေးလျှင် မလိုက်ရ' ဆိုပြီး ရထားပေါ်က မောင်းချသည်။

မစ္စစ်ဒမ်ပ်ဆေးက သူ ဆိုးဆိုးဝါးဝါးဖျားနာနေကြောင်းနှင့် ရထားခ ထပ်ပေးစရာ ပိုက်ဆံလည်း မရှိတော့ကြောင့်ဖြင့် အသနားခံတောင်းပန်ရှာသည်။

ဆိုးကိုင်ပင် ဂတ်ဗိုလ်က ခါးစါးသီးသီး ငြင်းပယ်နေ၏။ 'ပိုက်ဆံမရှိလျှင် ရထား စီးခွင့်လည်း မရှိ'တဲ့။ မိခင် လူမမာသည်ကြီးမျာ ၁ ပွဲပေါ် ၂ ပွဲဆင့်၍ ချုန်း ပွဲချ ငိုရပါတော့သည်။သည်တွင် သူတို့နှင့် မျက်စောင်းထိုး လူသွားလမ်းတစ်ဖက် ထိုင်ခုံက နွားကျောင်းသားကြီးတစ်ယောက် ဂျက်ကို လှမ်းခေါ်ပြီး တိုးတိုးကလေး ကပ်ပြောသည်။

'ဒီမယ် ငါ့သား။ ဘာမျှမပူနှင့်လို့ မင်းအမေကို သွားပြောလိုက်။ ဘယ်လိုမျှ တောင်းပန်လို့မရတဲ့အဆုံး မင်းအတွက်ရထားခကို ငါပေးမယ်'တဲ့။

''ကျွန်တော်လည်း အဲဒီကတည်းက မရှိဆင်းရဲတဲ့ဒုက္ခကို မခံစားနိုင်တော့ဘူး ဖြစ်သွားခဲ့တယ်။ လူ့အောက်ကျပြီးဆင်းရဲရတာဟာ မတရားရှက်ဖို့ ကောင်းတာပဲ လေ''

ဒမ်ပ်ဆေးက သူ့ဇာတ်လမ်းကိုပြောရင်းက အံကြိတ်လိုက်သည်။ နောက် ဆက်လက်၍

''ဒါနှင့် ကျွန်တော် ကြီးလာတဲ့တစ်နေ့ကျရင် လူတွေရဲ့အနှိမ်မခံဘူး။ အဲဒီလို ရထားပေါ်က မောင်းချမခံစေရဘူးလို့ သန္နိဋ္ဌာန်ချထားလိုက်မိတယ်၊ နောက်ပြီး လူတကာမျက်စိအောက်မှာ အမေ ရှိုက်ကြီးတငင်ငိုတာကို ရှက်လည်းရှက် သနား လည်းသနား သိပ်ကိုတုန်လှုပ်ခဲ့ရပါတယ်။

''ဒီတင် ရွှေသရဖူဆောင်းနိုင်တဲ့ မဟာဖိုက်တာကြီးဖြစ်အောင်လုပ်ပြီး ငွေရှာမယ်။ တစ်နေ့ ကျေးဇူးရှင်နွားကျောင်းသားကြီးလို ချမ်းသာကြွယ်ဝတဲ့ ဘဝ ရောက်စေရမယ်လို့လည်း အဓိဋ္ဌာန်ပြုခဲ့တော့တယ်''

ဂျက် ဒမ်ပ်ဆေးသည် သူမွေးထားသော ခွေးကြီးလိုပင် ပွဲတိုင်းကျော် ဗိုလ်တကာ့ဘုရင်ဖြစ်အောင် ကြိုးစားမယ်ဟုလည်း ဆုံးဖြတ်ခဲ့သည်။

ဂျက်၌ 'ဒင်ဗာ' ဟုအမည်ပေးထားသော ခွေးဘီလူးကြီးတစ်ကောင် ရှိ၏။ သူ့ခွေးဘီလူးကြီးသည် ဘယ်တော့မျှ ငုံ့ခံနေသည် မရှိ။ ခွေးချင်းကိုက်လျှင် သူကဦးအောင် ကိုက်လိုက်ရမှ။ ရန်သူက သူ့ကို ဘယ်လောက်ပဲကိုက်ကိုက် မမှုဘဲ သဲကြီးမဲကြီး နင်းကိုက်လေ့ရှိသည်။

''ဒီကောင်ကြီးဟာ တကယ်ပဲ ခွန်အားအပြည့်နှင့် ရဲစွမ်းသတ္တိရှိတဲ့ ဖိုက်တာ ကြီးပဲဗျ။ ဒါနှင့်အမျှ သူ့ကို ကျွန်တော် အမြဲတမ်းအားကျပြီး သူ့အလေ့အကျင့်မျိုး





တစ်ထပ်တည်း အတုယူခဲ့တယ်။ လက်ဝှေ့ပွဲတွေမှာ ကျွန်တော့်နှုတ်ခမ်းတွေ ကွဲပြဲ စုတ်ပြတ်သွားပါစေ။ မျက်လုံးတွေ ပိတ်ပြီး ဖူးယောင်နေတဲ့အထိ ကျွန်တော်ကတော့ အရှုံးမပေးတမ်းပေါ့''

''အဲ- ပြိုင်ဖက်လက်သီးချက်တွေထဲက ကျွန်တော့်ကို ရေရေလည်လည် အထိနာစေခဲ့တာကတော့ ဂျွန်ဆင်နှင့် ထိုးတုန်းကပါပဲ။ သူက ကျွန်တော့်ကို နံရိုး ၃ ချောင်းတောင် ချိုးပစ်ခဲ့တာဗျ။ ဒါကလွဲလို့ ကျန်တဲ့လက်သီးချက်တွေ အားလုံးတော့ လုံးဝကို မမှုဘဲဗျို့။ တခြားလူတွေ ဘယ်လောက်ပဲထိုးထိုး အဲဒီ လက်သီးချက်တွေကို ပန်းနှင့်ပေါက်တာပဲ မှတ်ပြီး သူတို့ကို နောက်ထပ် စဉ်းစား ခွင့် နည်းနည်းကလေးမျှမပေးဘဲ ကျွန်တော်ကသာ တရကြမ်း တိုက်စစ်ဆင်ခဲ့တာ ကလား။ လက်ဝှေ့ကြိုးဝိုင်းထဲမှာ ထိုးရင်းသတိရင်းကလည်း ကျွန်တော့်ကိုယ် ကျွန်တော် ထပ်တလဲလဲ သတိပေးပြောနေမိတယ်။

''ငါ့ကို ဘယ်ကောင်မျှ မနိုင်စေရဘူး။ တားလို့ မရဘူး။ ဘယ်သူမျှ ငါ့ ကို ဒဏ်ရာအနာတရရအောင် မလုပ်နိုင်ဘူး။ ငါကတော့ ပြိုင်ဖက်ရန်သူမှန်ရင် သေသေကျေကျေ မညှာတမ်းကိုသတ်ရမယ်'' လို့ -

ဒမ်ပ်ဆေးက 'ပင်းပတ်ဒ်က ကျွဲရိုင်းကြီး'ဘွဲ့ထူးရသော လူးဝစ္စဖာပိုနှင့် ယှဉ်သတ်ခဲ့စဉ်က ငေးမောအံ့သြဖွယ်ရာ ဖြစ်ရပ်တချို့ကိုလည်း ဖွင့်ပြောခဲ့သေး၏။

လက်ဝှေ့အားကစားသမိုင်းတွင် ထိုပွဲလောက် ဆွဲဆောင်မှုအရှိဆုံး၊ အသက် ရှူရပ်မတတ် သည်းထိတ်ရင်ဖို တုန်လှုပ်ချောက်ချားရဆုံး ပွဲမျိုးရယ်လို့ မရှိခဲ့ပါ။ ဒီပွဲမှဒီပွဲ သဲသဲလှုပ်အောင်ကျော်ခဲ့ရသည်။

နေရာမပွဲကြည့်ပရိသတ်ကြီးမှာ ဖင်တကြွကြွလည်တမော့်မော့် ဟာခနဲ့၊ ဟင်ခနဲကြားက အရူးတွေလို အသံကုန်အော်ဟစ် အားပေးကြသည်မှာ ကမ္ဘာပျက် မတတ်။ လူ ၂၀၀၀ ကျော်က ဗိုလ်လုပွဲကြီးကိုကြည့်ဖို့ ပေါင် ၂ သိန်းကျော် ပေးခဲ့ကြပြီး၊ စက္ကန့်ပေါင်း ၂၃၇ စက္ကန့် (၄ မိနစ်နီးပါး)အတွင်း မကြုံစဖူး ထူးထူးကဲကဲ အကောင်းဆုံးလက်ဝှေ့ပွဲကြီးကို အားရပါးရရှုစားလိုက်ကြရ၏။

''ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ ရပ်ပြီးစဉ်းစားနေရင် ခင်ဗျား သိပ်နောက်ကျ သွားပြီလေ။ ဟုတ်တယ်။ စဉ်းစားဖို့တောင် အချိန်မရဘူးပေါ့ဗျာ''

သူက တစ်ဆက်တည်း၌

''ကျွန်တော် သတင်းစာကို အမြဲဖတ်နေကျပါ။ ပွဲထဲမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အဲဒီတော့မှ တွေ့ရတာပဲ။ လူတစ်ယောက်ကို ကျွန်တော် ထိုးချလိုက်တာ ဘာလက်သီးလဲဆိုတာ မသိတာက များတယ်လေ။ တစ်ခါတလေ ဒိုင်လူကြီးက နံပါတ်စဉ်ရေပြီး အရှုံးပေးလိုက်တဲ့အထိ 'ကျွန်တော်ဟာ သူ့ကို နောက်ကောက် ထိုးချလိုက်ပါလား' ဆိုတာတောင် မစဉ်းစားမိဘူး။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် ထိပြီး လဲသွားတဲ့အခါမျိုးမှာလည်း ဘာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ နားမလည်မိလိုက်ပါဘူး''

ဂျက်ဒမ်ပ်ဆေးသည် အသက် ၁၂ နှစ်သားအရွယ်ကပင် လက်ဝှေ့သမားဘဝကို အစပျိုးပြင်ဆင်ခဲ့သည်။ သူသည် စွန့်ပစ်ထားသော ကြက်တဲဟောင်းကြီးတစ်လုံးကို သူ့အတွက် ဘားကျွမ်းရုံအဖြစ် စီမံအသုံးပြုခဲ့၏။ ကျွမ်းပစ်ရန် ဖုံဟောင်းကြီးတစ်ခုကို ကြမ်းပြင်တွင်ခင်းပြီး၊ သဲနှင့် လွှစာမှုန့်များထည့်ထားသော အိတ်တစ်လုံးအား လက်ဝှေ့လေ့ကျင့်အိတ်အဖြစ် ဖန်တီးလိုက်သည်။

သူက မေးရိုးကြောများသန်မာပြီး ပြင်းထန်သောလက်သီးချက်များကို မနာမကျင်တင်းခံနိုင်ရန် အင်တွဲပါသောပီကေကို တစ်ချိန်လုံးဝါးနေခဲ့သည်။

၁၉၁၀ ပြည့်နှစ် ဇူလိုင်လ ၄ ရက်တွင် ဂျင်ဂျက်ဖရီနှင့် ဂျက်ဂျွန်ဆင်တို့ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံသရေဖူ လုကြမည်ဖြစ်ကြောင်း ကြေညာလိုက်ချိန်၌ ဂျက်ဒမ်ပ်ဆေးမှာ ၁၅ နှစ်သားသာ ရှိသေး၏။ ဒါပေမယ့် သူက တစ်ယောက်တည်း ကျိတ်ပြီးကြိမ်းဝါးခဲ့၏။

''တစ်နေ့ကျရင် ဒီပွဲမှာ အနိုင်ရတဲ့လူကို ငါ ကောင်းကောင်းကြီး ဆုံးမပစ်မယ်'' ဟူ၏။

သူသည် ဂျင်ဂျက်ဖရီ၏ရုပ်ပုံကို သဲအိတ်မျက်နှာတစ်ဘက်တွင် မြေဖြူခဲနှင့် ဆွဲပြီး၊ ကျန်တစ်ဘက်မှာတော့ နီဂရိုးလက်ဝှေ့ကျော် ဂျက်ဂျွန်ဆင်၏ပုံကို ရေးဆွဲလိုက်၏။

နေ့ပေါင်းများစွာပင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ၂ ယောက်ကို သူက စိန်ခေါ်၍ သွက်သွက်လည်အောင် လက်သီးစာကျွေးလေ့ရှိ၏။ ဂျက်ဂျွန်ဆင် ဗိုလ်လုပွဲမှာ





နိုင်သွားပြီဆိုတော့လည်း ဒမ်ပ်ဆေးက သူ့ပုံကို အိတ် ၂ ဖက်စလုံးတွင်ဆွဲ၍ နားထင်၊ နားရင်းတွေပွင့်ထွက်မတတ် အားကုန်ကျုံးပြီး ဆုံးမခဲ့ပြန်ပါသတဲ့။

နောက် ၉ နှစ်ကြာပြီးနောက် လက်ဖြစ်သဲအိတ်တစ်လုံးနှင့် ကြက်တဲကြီးကထဲတွင် လက်ဝှေ့ရေးပြခဲ့သော ချာတိတ်ကလေးက ဂျက်ဂျွန်ဆင်ကို နောက်ကောက်ချပစ်ပြီး ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဖြစ်လာတော့သည်။ ဂျက်ဒမ်ပ်ဆေးသည် ၁၉၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဟဲဗီးဝိတ်သရဖူကို ဆောင်းခဲ့ရ၏။

သူ့အဖေက ဆောတ်လိတ်မ်စီးတီးတွင်နေထိုင်လျက်ရှိရာ ထိုမြို့ထုတ်သတင်းစာတစ်စောင်က လက်ဝှေ့ပွဲကြေးနန်းသတင်းကို လာနားထောင်ရန် သတင်းစာတိုက်သို့ ဖိတ်ခေါ်ခဲ့သည်။ ရောမလူအုပ်ကြီးသည် အနိုင်၊အရှုံးသတင်းကို သိရဖို့ သတင်းစာတိုက်အပြင်ဘက်တွင် ခွဲနပ်ဖြင့် စောင့်ဆိုင်းနေကြ၏။ လူအုပ်ကြီးက ဒမ်ပ်ဆေး၏ဖခင်ကြီးအား စကားထွက်ပြောရန် တောင်းဆိုကြသည်။

သူလည်း လေသာဆောင်ပေါ်ထွက်ရပ်ကာ သူ့သားသည် ၄ ချီထက် ပိုခံနိုင်မည် မထင်ကြောင်း၊ ဒါကလည်း ဂျက်စ်ဝီးလဒ်က သူ့သားထက် အဆမတန်ကြီးထွားနေခြင်းကြောင့် ဂျက်အနေဖြင့် ကြာရှည်ရင်ဆိုင်နိုင်မည့် အခွင့်အရေးသိပ်မရှိကြောင်းများကို အာပေါင်အာရင်းသန်သန် ဟောကိန်းထုတ်ခဲ့၏။

ဂျက်၏အောင်မြင်မှုသတင်းများက ကြေးနန်းစက်ပေါ် တဖျပ်ဖျပ်ရောက်လာသောအခါတွင်မူ ဘသားချောကြီး လေသာသို့ ပြေးထွက်ပြီး လူအုပ်ကြီးကို လှမ်းအော်ပြောလိုက်ပုံက

''ကဲ- ကျုပ် အစကတည်းကမပြောဘူးလား။ ကျုပ်ကောင် ကျိန်းသေပေါက်နိုင်လိမ့်မယ်လို့။ သူနိုင်မယ်ဆိုတာ ခင်ဗျားတို့ကို ကျုပ် ပြောခဲ့သားပဲ'' တဲ့။

ဂျက် ဒမ်ပ်ဆေးသည် ပြိုင်ပွဲအတွက်လေ့ကျင့်နေစဉ် တစ်နေ့တွင် အကြိမ်ပေါင်းများစွာ ဘုရားရှိခိုး၊ဆုတောင်းလေ့ ရှိသလို၊ သူနိုင်ကိုယ်နိုင် အကြိတ်အနယ်ပြိုင်ကြပြီဆိုတော့လည်း ပထမဆုံးအချက်ပေးခေါင်းလောင်း မထိုးခင် ဆုတောင်း၊ ဘုရားရှိခိုးမြဲ ဖြစ်ပါ၏။

ဤသို့ ဘုရားဆုတောင်းခြင်းဖြင့် ယုံကြည်စိတ်နှင့် ရဲစွမ်းသတ္တိတွေ တိုးလာပြီး၊ လက်ဝှေ့ပွဲစတင်ရာတွင် အားရှိစေသည်ဟု သူက ဆိုခဲ့သည်။

"ကျွန်တော့်ဘဝမှာ ဘုရားဆုမတောင်းဘဲနှင့် အစာ မစားသလို၊ အိပ်ရာဝင်တယ်လို့လည်း မရှိခဲ့ပါဘူး။ ကျွန်တော့်ဆုတောင်းသံတွေကို ဘုရားသခင်က အကြိမ်ပေါင်းထောင်သောင်းမက ပြန်ကြား အဖြေပေးခဲ့တယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်တစ်သက်တာအဖို့ ကောင်းခြင်းမင်္ဂလာ တစ်စုံတစ်ရာမရဘဲနှင့်တော့ ဘုရားသခင်ကို ကြည်ညိုသဒ္ဓါအပြည့်နှင့် ဆုတောင်းမှာ မဟုတ်ပါဘူးဗျာ"





# ဝင်စတန် ချာချီလ်
# Winston Churchill

**သင်္ချာ ဝါသနာ မပါပါဘူးဆိုမှ ဘဏ္ဍာရေးတာဝန်ခံ ဖြစ်ခဲ့ရသူ၊**
**'ကြောက်မွေးပါ ဇာဂနာနှင့်နတ်' ဆိုသော ကမ္ဘာကျော်ဝန်ကြီးချုပ်၊**
**သေမင်းအန္တရာယ်ကို ဖွတ်တိုးရင်ဆိုင်ခဲ့သော စစ်သူရဲကောင်း။**
**မနားတမ်းအလုပ်လုပ်သော နိုင်ငံရေး ပရောဟိတ်။**

❒ တစ်ခါတစ်ရံ "အရေးမကြီးဘူး"ဟုထင်ရသော သေးသေးမွှားမွှားဖြစ်ရပ်ကလေးများက သမိုင်းကြောင်းကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်သည် ဟူသောအချက်ကို ကျွန်ုပ်တော် ခိုင်ခိုင်မြဲမြဲမှတ်စွဲထားမိ၏။

ပမာအားဖြင့် အမေရိကန်ပြည်တွင်းစစ်ကြီးမဖြစ်မီ ၄ နှစ်ခန့်က (၁၈၅၇ ခုနှစ်က) တိုင်းပြည်တစ်ဝန်း ကမောက်ကမ ကျီးလန့်စာစားဖြစ်နေချိန်တွင် လီယိုနတ် ဂျိုရုမ်းသည် ဝေါလ်စထရိငွေ‌ဈေးကွက်တွင် စျေးကစားရင်း ပေါင် ၁၂ သိန်းကျော် အမြတ်ထွက်သွားခဲ့သည်။

ထိုအဖြစ်က လီယိုနတ်ဂျိုရုမ်းမှလွဲ၍ အခြားသူများအတွက် အရေးမပါဟုထင်ခဲ့ရ၏။ သို့သော် ယခုမှစ၍ ထိုဖြစ်ရပ်က မျက်မှောက်သမိုင်းပေါ်တွင် အကြီးအကျယ် အကျိုးသက်ရောက်လွှမ်းမိုးခဲ့သည်ကို မြင်နိုင်ပါသည်။ အကြောင်းမူ "လီယိုနဒ်ဂျိုရုမ်း" ဆိုသူသာ ဝေါလ်စထရိတွင် ငွေကစား၍မအောင်မြင်ခဲ့ပါက၊ ဝင်စတန်ချာချီလ်လည်း မွေးလာမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဝေါလ်စထရိ၏ငွေကစားသမားကြီး လီယိုနဒ်ဂျိုရုမ်းမှာ ဝင်စတန်ချာချီလ်၏အဘိုး ဖြစ်သောကြောင့်ပါပေတည်း။

ဝင်စတန်ချာချီ၏ အမေရိကန်ဘိုးအေကြီးသည် နယူးယောက်တိုင်းမ် သတင်းစာကြီး၏ ရှယ်ယာတစ်စိတ်တစ်ပိုင်းကို သူမြတ်လိုက်သော ပေါင် ၁၂ သိန်းဖြင့် ဝယ်ခဲ့၏။ အမေရိက၏ ရောမမြင်းပြိုင်ကွင်းကြီး ၂ ခုကို စတည်ထောင်ခဲ့၏။ ကမ္ဘာအနှံ့အပြားသို့ လျှောက်လည်၏။ အင်္ဂလန်ကိုရောက်တော့ တော်ဝင်မျိုးနွယ်တို့ကို ဧည့်ခံပွဲ ပေး၏။ အားလုံးကို စာရင်းချုပ်လိုက်တော့ သူ၏ အမေရိကန်သမီးပျို ညို့အားကောင်းသော အလှသူဌေးမကလေး ဂျင်နီဂျိုရုမ်းတစ်ယောက် အင်္ဂလိပ်မြေပိုင်ရှင်သူဌေးသား လော့ဒ်ရန်းဒေါ့ဖ် ချာချီလ်နှင့် ဖူးစာဆုံခဲ့ရခြင်းပင် ဖြစ်ပါလေတော့သည်။

ထိုဇနီးမောင်နှံက ဝင်စတန်ချာချီလ်ကို ၁၈၇၄ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် အင်္ဂလန်နိုင်ငံက နာမည်ကျော်ဂေဟာကြီးတစ်ခုဖြစ်သော ဘာကင်ဟမ်နန်းတော်ကြီး၌ မွေးဖွားခဲ့ပါသည်။

ဝင်စတန်ချာချီလ်သည် အမေရိကန်ကပြားဖြစ်သလို ကြီးကျယ်မြင့်မြတ်သလောက် အံ့ထူးမဆုံးဖွယ်ရာ အင်္ဂလိပ်လူမျိုးတစ်ဦးဆိုလည်း မမှား။

သူ့ဘဝက ဘယ်လောက်များ စိတ်ဝင်စားစရာကောင်းလိုက်ပါသလဲ။

၂၃ ဒီဂရီ စောင်းငဲ့၍ လည်ပတ်နေသော ဤကမ္ဘာမြေကြီးပေါ်တွင် သည်းထိတ်ရင်ဖိုမှုနှင့် စွန့်စားမှုတွေတစ်ပုံကြီးပြည့်နှက်နေသော သူလိုလူမျိုး ရှိတော့မည်လို့ပင် မထင်ပါ။

ထိုအတူ ပျော်ရွှင်ခြင်းနှင့် ဘဝ၏ချိုမြိန်မှုအရသာကို အလျှံပယ်ခံစားခွင့်ရသူမျိုးလည်း သူမှတစ်ပါး အခြားရှိ၊မရှိ မသိတော့ပါ။ သူသည် ရာစုနှစ်၏ ၃ ပုံ ၁ ပုံကျော် အကြွင်းမဲ့အာဏာပိုင်စိုး၍ ကမ္ဘာကြီးကို လွှမ်းမိုးခြယ်လှယ်နိုင်ခဲ့သူဟုလည်း ဆိုနိုင်ပါသည်။

●

၁၉၁၁ ခုနှစ်တွင် ဗြိတိသျှဘုရင့်ရေတပ်မတော်၏ ရေတပ်ဦးစီးဌာနဒုညွှန်ကြားရေးမှူးချုပ်အဖြစ် အရပ်ဖက်ဆိုင်ရာအကြီးအကဲ ဖြစ်ခဲ့၏။ ထို့အတူ ရာစုနှစ်၏ ၃ ပုံ ၁ ပုံကျော် လူတွေနှင့် ဖြစ်ရပ်တွေကို သူလိုသလို ပုံသွင်း ထုဆစ်နိုင်ခဲ့ပြီး၊ တစ်ရှိန်ထိုး ထင်တိုင်းကြဲနိုင်သော အချိန်ကောင်း၊အခွင့်ကောင်းလည်း ရခဲ့၏။





ဝင်စတန်ချာချီလ်သည် ကလေးအရွယ်ကပင် စစ်သားလုပ်ရန် မျှော်မှန်းတမ်းတခဲ့သလို မကြာခဏပင် တပ်ရင်းကြီးတစ်ရင်းစာလောက်ရှိသော စစ်သားရုပ်များနှင့် တစ်နေကုန် ကစားနေလေ့ရှိ၏။ နောက်တော့လည်း ကမ္ဘာကျော် ဆင်းဟတ်စ် စစ်တက္ကသိုလ်ကြီးမှ ဘွဲ့ ရခဲ့ပြန်သည်။

သူသည် ဗြိတိသျှကြည်းတပ်မတော်တွင် ဗိုဘိစစ်သားအဖြစ် နှစ်ပေါင်းအတန်ကြာအမှုတော်ထမ်းရင်း အိန္ဒိယနိုင်ငံ၌ ဘင်္ဂါလီတပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရ၏။ ဆူဒန်သဲကန္တာရအတွင်း ကစ်ချင်နာတပ်များနှင့်လည်း အသေအကျေ စစ်နွှဲခဲ့ဖူး၏။

ဝင်စတန်ချာချီလ်သည် သူ့ရသတွိကောင်းမှုနှင့် ရှုပ်ရှုပ်ချွံချွံ စွန့်စားမှုများအတွက် ၁၉၀၀ ပြည့်နှစ်မတိုင်မီကပင် ထင်ရှားကျော်ကြားလာခဲ့ရ၏။ သို့နှယ်မကြောက်မရွံ့နောက်မတွန့်တမ်း ရဲဝံ့ခြင်းနှင့် သတ္တိရှိခြင်းတို့ကြောင့် နာမည်ကျော်လာရုံမျှမက၊ အသက် ၂၆ နှစ်တည်းဖြင့် ပါလီမန်အမတ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

ဖြစ်ပုံကတော့ ဒီလို။ ၁၈၉၉ နှစ်ဦးပိုင်း ဘိုးဝါးစစ်ပွဲအတွင်း မောနင်းပို့စ်သတင်းစာကြီး၏စစ်သတင်းထောက်အဖြစ် တောင်အာဖရိကသို့ အပြေးအလွှားရောက်သွားသည်။ စစ်သတင်းထောက်လခက ၁ လ ပေါင် ၂၅၀။ တစ်နေ့ကို ၈ ပေါင်နှုန်း ရသည်။ ဈေးကြီးဈေးကောင်းရသည်ပဲ ဆိုရမည်။ ဒါပေမယ့် တကယ်လည်း ထိုက်ထိုက်တန်တန်ရခဲ့ခြင်း ဖြစ်ပါ၏။

မကြာမီပင် ဝင်စတန်ချာချီလ်သည် ဗြိတိသျှသမိုင်းတွင် နာမည်အကျော်ကြားဆုံး စစ်သတင်းထောက်အဖြစ် သူ့ကိုယ်သူ ဂုဏ်တင်နိုင်ခဲ့ပြန်သည်။ သူက သတင်းတွေပို့ခဲ့ရုံတင်မကဘဲ၊ အမြောက်တရစပ်ပစ်နေသော ရန်သူ့နယ်မြေထဲသို့ သံချပ်ကာရထားစီး၍ ဖွတ်တိုးဝင်သွားသည်။ ဘိုးဝါးများက သူ့ကို လက်ရဖမ်းမိပြီး ထောင်သွင်းအကျဉ်း ထားလိုက်၏။ သူက အကျဉ်းစခန်းမှ သက်စွန့်ဆံဖျားထွက်ပြေးခဲ့ရာက ကိုယ်တိုင်သတင်းဖန်တီးသူ သတင်းစာဇာတ်လိုက်ကျော်တစ်ဦး ဖြစ်ခဲ့ရတော့သည်။

ဘိုးဝါးတွေအဖို့လည်း လွတ်တဲ့ငါး ကြီးရပါချေပြီ။ သူတို့က အင်္ဂလိပ်အရှင်သခင်တစ်ပါး၏ သားတော်ဖြစ်သူ ဝန်စတန်ချာချီလ်အား စစ်သုံ့ပန်းအဖြစ်

အပိုင်ဖမ်းမိပြီးမှ လွတ်သွားရခြင်းအတွက် ယမ်းပုံမီးကျ ဆွေ့ဆွေ့ခုန် ဒေါသခဲ့ကြရ၏။ သူ့ကို အသေရရ အရှင်ရရ ဖမ်းမိရေးအတွက် ဆုငွေအမြောက်အမြား ထုတ်ခဲ့ကြ၏။

ချာချီလ်လည်း အကျဉ်းစခန်းမှလွတ်မြောက်ခဲ့ပြီ ဆိုကတည်းက ဘိုးဝါးစစ်သားများစောင့်ကြပ်နေသော ရထားလမ်းများနှင့် တံတားများအပါအဝင် မိုင်ပေါင်းရာချီ၍ ရန်သူ့နိုင်ငံအတွင်းမှ အလွတ်ရုန်းဒုန်းစိုင်းခဲ့ရသည်။ သည်ကြားထဲ ခြေလျင်တစ်မျိုး၊ ကုန်ရထားကြီးတွေပေါ်ကတစ်ဖုံ ခရီးပြင်းနှင်ခဲ့ရသလို၊ သစ်တောထဲ၊ ကွင်းပြင်ထဲ၊ မီးသွေးမိုင်းတွေထဲ ပုန်းအိပ်လာရ၏။ ညွန့်အိုင်ကြီးတွေကို ရုန်းဖြတ်ပြီး မြစ်၊ချောင်းအတန်တန်ကိုလည်း လက်ပစ်ကူးခဲ့ရသေးသည်။

အာဖရိကကန္တာရလွင်ပြင်ကြီးများအတွင်း သူ အမောဆို့ကာ လဲကျသေမည့်အချိန်ကိုစောင့်၍ ခေါင်းပေါ်မှာဝဲပျံလိုက်ပါလာသော သွားရေတမြားမြား လင်းတငေါ်ကြီးတွေကြားကလည်း ဒယီးဒယိုင်ဖြတ်သန်းခဲ့ရပြန်၏။

သူ၏အသက်ဘေးမှ ထွက်ပြေးခန်းကား တုဖက်နိုင်းစရာ မရှိ။ အကောင်းတကာ့အကောင်းဆုံး ဖြစ်ခဲ့ပါ၏။ ဝင်စတန်ချာချီလ်က အချို့ပေါ် သကာလောင်းသလို မှုရင်းအဖြစ်အပျက်ကို အသက်ရှူရပ်လောက်အောင် ဇာတ်လမ်းရှည်ကြီးဖွဲ့နွဲ့ရေးသားပြီး မောနင်းပို့စ်သတင်းစာကြီးထဲ ထည့်လိုက်သည်။ သူ့ဇာတ်လမ်းက အသည်းနင့်စရာ၊ ရင်တုန်လှိုက်မောစရာတွေနှင့် ပြည့်နေ၏။

၁၉၀၀ ပြည့်နှစ် စာနယ်ဇင်းလောကကို သိမ့်သိမ့်တုန်ကိုင်လှုပ်လိုက်သော ဇာတ်လမ်းတစ်ပုဒ်အနေဖြင့်လည်း အောင်မြင်ခဲ့ရ၏။

ဝင်စတန်ချာချီလ်၏အိမ်အပြန်ကို နိုင်ငံသူရဲကောင်းအဖြစ် အင်္ဂလန်က ကြိုဆိုကြသည်။ သူ၏ ကိုယ်ကျိုးစွန့် တိုက်ပွဲဝင် လှုပ်ရှားမှုများကိုပင် သီချင်းတစ်ပုဒ်စပ်ဆို ဂုဏ်ပြုခဲ့ကြသေးသည်။ သူစကားပြောတာကို နားထောင်ဖို့ ဧရာမလူအုပ်ကြီးက ကြိတ်ကြိတ်တိုးနေရ၏။

အဆုံးတွင် သူ၏ သူမတူအောင်စွမ်းဆောင်ချက်နှင့် ဂုဏ်သတင်းကျော်စောထင်ရှားမှုကိုအရင်းခံသော လူထု၏ အင်တိုက်အားတိုက်ထောက်ခံမှုဖြင့် ချာချီလ်သည် ပါလီမန်အဖွဲ့ဝင်အဖြစ် အရွေးခံရပါတော့၏။





ချာချီလ် တစ်သက်လုံး လက်သုံးပြုခဲ့သည့် ဆောင်ပုဒ်တစ်ခု ရှိပါသည်။ 'အန္တရာယ်ကနေ ဘယ်တော့မျှ ရှောင်မပြေးနှင့်' တဲ့။

တစ်ညလျှင် ပေါင် ၂၂၀ နှုန်းရသော ပို့ချချက် ၄၅ တွဲကို ဟောပြောပို့ချရန် ၁၉၂၁ ခုနှစ်က အမေရိကန်သို့ ရောက်သွားခဲ့၏။

သို့သော် သူ့ကို လုပ်ကြံသတ်ဖြတ်လိမ့်မည်ဟု စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးက သတင်းရလိုက်၏။ အင်္ဂလိပ်အစိုးရပိုင်နက်အတွင်းရှိ နိုင်ငံအချို့မှ အဖိနှိပ်ခံ အစွန်းရောက်သမားများစုစည်းပြီး အမေရိကန်နိုင်ငံ၌ 'လုပ်ကြံရေးအဖွဲ့'များ တည်ထောင်ထားကြောင်း၊ ဝင်စတန်ချာချီလ်သည် အင်္ဂလိပ်အာဏာပိုင်အစိုးရ၏ အထိမ်းအမှတ်သင်္ကေတ ဖြစ်လာကတည်းက ပစ်မှတ်ဘဝရောက်ခဲ့သလို၊ ယခု အမေရိကန်ဟောပြောပွဲခရီးမှာ ပစ်ခတ်သတ်ဖြတ်ရန် ကြံရွယ်ထားကြောင်း စကော့တလန်ယာဒ်များက သတိပေးခဲ့ကြသည်။ ဒါပေမယ့် အတန်တန်သတိပေးသည့်ကြားကပင် ချာချီလ်သည် သူ့ဟောပြောပွဲခရီးစဉ်ကို ရဲရဲကြီး ရှေ့သို့ချီကာ ဆက်လုပ်ခဲ့၏။

သူ အနောက်ဘက်မြို့တော်တစ်ခုသို့ ရောက်သောအခါမှာတော့ ထိုမြို့ရှိ 'လုပ်ကြံရေးအဖွဲ့'မှ အဖွဲ့ဝင်တစ်စုက ဟောပြောပွဲလက်မှတ်တွေ ဝယ်ထားသည်ဟု သိလိုက်၏။

မြို့တော်ရဲမင်းကြီးက အလန့်တကြားထိတ်ထိတ်ပျာပျာဖြင့် 'ဟောပြောပွဲကို ချက်ချင်းပိတ်ပစ်ရန်' အမိန့်ထုတ်ပြန်လိုက်သည်။ သို့ရာတွင် ချာချီလ်၏မန်နေဂျာ လူဝစ္စ ဂျေ အယ်လ်ဘာ က ထိုအမိန့်ကို ငြင်းဆန်ခဲ့သည်။ ချာချီလ်က သူ့မန်နေဂျာကို ထောက်ခံချီးကျူး၏။

"မင်းမှန်တယ် အယ်လ်ဘာ။ လူတစ်ယောက်ဟာ ခြိမ်းခြောက်နေတဲ့ အန္တရာယ်ကို ကျောပေးပြီးရှောင်ပြေးဖို့ ဘယ်တော့မျှ မကြိုးစားသင့်ဘူးကွ။ အဲသလို လုပ်မယ့်အစား၊ အန္တရာယ်ကို မမှုတမ်းထိပ်တိုက်ပြေးတွေ့လိုက်တာ မင်းကို တစ်ဝက်လောက်သက်သာစေနိုင်တယ်။ အေး- ဘာပြဿနာပဲဖြစ်ဖြစ် ဘယ်တော့မျှ ရှောင်မပြေးနှင့်။ ဘယ်တော့မျှ အရှုံးမပေးနှင့်"

ဝင်စတန်ချာချီလ်သည်၏ သူပြောသည့်အတိုင်းလုပ်၍ ကြောက်မွေးပါ စာဂနာ နှင့်နတ်၊ လာမည့်ဘေး ပြေးတွေ့တတ်သည့်လူစား ဖြစ်၏။

သူ့ဘဝတွင် သည်အဖြစ်မျိုး မကြာခဏကြုံရ၏။

သူ ရေတပ်ဦးစီးချုပ်ဘဝဖြင့် တာဝန်ထမ်းဆောင်စဉ် ဗြိတိသျှရေတပ်မတော် ၌ လေယာဉ်ကြီး ၄ယ် ၁ ဒါဇင်သာရှိခဲ့၏။ ထိုအချိန်က ၁၉၁၁ ခုနှစ်ဖြစ်၍၊ လူသားတွေ လေထဲသို့ ပထမဆုံးပျံသန်းခဲ့သည်မှာ ၈ နှစ်သာ ကြာသေး၏။ ထိုနှစ်ကာလများအထိ လေကြောင်းပျံသန်းမှုတိုင်းမှာ သေမင်းနှင့်စိန်ခေါ်ပြီး အသက်ကို ရင်းရသည်ချည်းပင် ဖြစ်ပါသည်။ သို့လင့်ကစား ဝင်စတန်ချာချီလ်ကတော့ လေထဲသို့ ကိုယ်တိုင် ဝင်ပျံခဲ့သည်။

သူသည် သူပိုင်လေယာဉ်ကို ကိုယ်တိုင်မောင်းခဲ့ရာမှ တစ်ကြိမ်ပြီး တစ်ကြိမ် အကြိမ်ကြိမ်ပျက်ကျခဲ့ဖူးသလို၊ သေဘေးက လက်တစ်လုံးခြား လွတ်မြောက်ခဲ့ရ သည်သာ ဖြစ်၏။ အစိုးရပိုင်းက သူ့ကို လေယာဉ်မောင်းခြင်းကနားရန် တိုက်တွန်း ပေမယ့်လည်း သူက အသည်းမာမာဖြင့် ခေါင်း တွင်တွင်ခါခဲ့၏။

သူက လေယာဉ်မောင်းရင်း အသည်းတလှပ်လှပ် ရင်ဖိုခံစားရခြင်းနှင့် အန္တရာယ်တွေကြုံရခြင်းကို အရသာတွေ့ပြီး ချစ်မက်းနေသည်ကိုး။ ပြီးတော့လည်း 'လေယာဉ်တွေက စစ်ရေးစစ်ရာများတွင် တော်လှန်မှုအသစ် လုပ်လိမ့်မည်'ဟု လည်း ကြိုမြင်၊ကြိုတွက်မိထားသည်။

ဗြိတိသျှရေတပ်မတော်၏ လေယာဉ်အင်အားကိုတိုးချဲ့ခဲ့ရာ၌ ဝင်စတန် ချာချီလ်၏ စွမ်းဆောင်အားထုတ်မှုပင် ဖြစ်သည်ဟု ဆိုလောက်၏။

ဝင်စတန်ချာချီလ်၏ ထူးခြားသောအရည်အသွေးတစ်ရပ်မှာ တစ်ရှူးထိုး တစောက်ကန်း ဆုံးဖြတ်ချက်ချခြင်း ပါပေတည်း။

သူ ပညာသင်ခဲ့ပုံကပင် ထိုအချက်အတွက် ဥပမာကောင်းတစ်ခုဟု ဆိုရ ပါမည်။ သူ ငယ်စဉ်က စာ အလွန်ညံ့၏။

လက်တင်ဘာသာ၊ ဂရိဘာသာ၊ ပြင်သစ်ဘာသာ၊ သင်္ချာဘာသာရပ် များကို မထီမဲ့မြင်လုပ်ခဲ့၏။ သူက နိုင်ငံခြားဘာသာတွေသင်ကြား၍ အချိန်ဖြုန်း မပစ်ချင်။ အင်္ဂလိပ်စာကို ဆရာတစ်ဆူဖြစ်အောင် ကျွမ်းကျွမ်းကျင်ကျင်သင်ကြား





တတ်မြောက်ထားဖို့ လိုသည်ဟု သဲသဲမဲမဲယုံကြည်သူ ဖြစ်၏။ အမှန်စင်စစ်လည်း သူ မှန်သင့်သလောက်မှန်ပါသည်။ သို့ပေမယ့် ဒီလို နိုင်ငံခြားဘာသာရပ်များနှင့် သင်္ချာကိုအလေးမထားမှုကြောင့် အခြေခံပညာသင်ကျောင်းတွင် အတန်းထဲ၌ အောက်ပိတ်နောက်ပိတ်ဆုံး ရောက်ခဲ့ရသည်။

ဒီကြားထဲက ထူးထွေသည့်အံ့ရာသော်ဟု ဆိုရမည့်အဖြစ်မှာ ဂဏန်းသင်္ချာကို စိတ်မဝင်စားဘဲပစ်ပယ်ခဲ့သူ ချာတိတ်လေးက တစ်ချိန်တွင် ဘဏ္ဍာအခွန်ဌာနအကြီး အကဲ ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာခဲ့ရပြီး၊ ဗြိတိန်နိုင်ငံ၏ ငွေကြေးကိစ္စများကို ၄ နှစ်လုံးလုံး ကိုင်တွယ်ဖြေရှင်းပေးခဲ့ခြင်း ပေတည်း။

သူ့ခမျာ ဆင်းဟတ်စ် စစ်တက္ကသိုလ်ဝင်ခွင့်ရဖို့ကိုလည်း ၃ ကြိမ်တိုင်တိုင် ဝင်ဖြေခဲ့ရ၏။ ၃ ကြိမ်စလုံး စာမေးပွဲကျ၏။ ၄ ကြိမ်မြောက် ကြိုးစားတော့မှ အောင်သည်။

အင်္ဂလန်နိုင်ငံ၏ ဂုဏ်အမြင့်ဆုံး ကျောင်း ၂ ကျောင်းဖြစ်သော ဟာရိုးလ် နှင့် ဆင်းဟတ်စ်ကထွက်ခဲ့ပြီး နောက်ပိုင်းကျမှ တက္ကသိုလ်ဘွဲ့ရသူများ ကြဲနေကျ အဖြစ်နှင့် တည့်တည့်တိုးတော့သည်။ ဒါကတော့ နာမည်အရသာ ပညာတတ်၊ ဘွဲ့ရ။ တကယ်လက်တွေ့ကျတော့ ဘာမျှမသိ၊ ဘာမျှမတတ်ခြင်းပင် ဖြစ်ပါ၏။ သည့်နောက်မှာတော့ တကယ့်ပညာတတ်ဖြစ်အောင် သူ့ကိုယ်သူ ပညာသင်ကြားရန် အနိုင်အမာဆုံးဖြတ်လိုက်မိသည်။

ထို့ကြောင့် အင်္ဂလန်ရှိသူ့မိခင်အား အတ္ထုပ္ပတ္တိစာအုပ်များနှင့် သမိုင်း၊ ဒဿနိက၊ ဘောဂဗေဒဆိုင်ရာစာအုပ်များကိုပို့ပေးရန် လှမ်းမှာခဲ့တော့၏။

ပြီးတော့ ပူစပ်ပူလောင်ညတွေမှာ လုပ်ဖော်ကိုင်ဖက်အရာရှိများ သိုးနေအောင် အိပ်နေချိန်မျိုးတွင် သူက ပလေတိုမှသည် ဂစ်ဘွန်းနှင့် ရှိတ်စပီးယားအဆုံးရှိ သောစာအုပ်တွေကို အငမ်းမရ ကျက်ဖတ်နေမိပါလေတော့သည်။

သူသည် လှနားလည်လွယ်၍ ထိရောက်ပြောင်မြောက်သောဝါကျများကို ရေးသားရန် နှစ်ပေါင်းများစွာ အချိန်ယူ လေ့ကျင့်ခဲ့၏။ ထိုဝါကျများက သူ့ မိန့်ခွန်း တွေ၊ စာအုပ်တွေထဲအထိပါလာခဲ့ရာမှ တေးသီချင်းဆိုပွဲနိုင်သည့်တိုင်အောင်လည်း အသုံးတည့်ခဲ့သည်။

တို့အပြင် အသံအက်ကွဲပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် သိသိသာသာဆိုးဝါးသော စကားပြောသမားဘဝမှ ထက်မြတ်တက်ကြွ၍ စကားပြောအကောင်းဆုံးပုဂ္ဂိုလ်ဖြစ်အောင် သူ့ကိုယ်သူ ပြောင်းလဲနိုင်လိုက်သည်။

ဒုတိယကမ္ဘာစစ်ကာလ ဝန်ကြီးချုပ်ဖြစ်နေစဉ်အတွင်း ဝင်စတန် ချာချီလ်သည် တစ်နေ့လျှင် ၁၄ နာရီမှ ၁၇ နာရီတိုင်တိုင် မနားတမ်း ကျိုးလုပ်ခဲ့သည့်ရက်တွေကလည်း တစ်ပုံကြီး။ ယနေ့တိုင်အောင် သူသည် အင်တိုက်အားတိုက်သွက်လက်ဖျတ်လတ်စွာ အလုပ်လုပ်နိုင်သလို၊ သူ၏ မြောက်မြားလှစွာသော အတွင်းရေးမှူးများကို အလုပ်နှင့် လက် မပြတ်တမ်းထောင့်စေ့အောင် ခိုင်းထားနိုင်၏။

သို့ကလို သူလုပ်နိုင်စွမ်းခြင်းမှာ အလုပ်လုပ်ရင်းတန်းလန်းက အပန်းဖြေတတ်ခဲ့ပြီး၊ မောပန်းမစွမ်းနယ်ခင် အနားယူတတ်သောကြောင့်ပင် ဖြစ်သည်။

သူသည် မနက် ၁၀ နာရီ မခွဲမချင်း အိပ်ရာက ထလေ့မရှိ။

ဒါပေမယ့် ထိုမတိုင်မီ ၃ နာရီလုံးလုံး အိပ်ရာပေါ်တွင် လူးလားလိမ့်လားကြားက ဆေးပြင်းလိပ်တုတ်တုတ်ကြီးခဲလျက်နှင့် တယ်လီဖုန်းတွေ ဆက်၊ ရေးစရာတွေ မှတ်တိုက်ချ၊ သတင်းစာ၊ အစီရင်ခံစာ၊ ကြေးနန်းစာတွေ ဖတ်ခဲ့ပြီးသား။

၁၀ နာရီခွဲပြီးမှ အိပ်ရာထခဲ့သည့်နောက် မှတ်ဆိတ်ရိတ်ဓား ဟောင်းကြီးနှင့် မှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ရိတ်၏။

၁ နာရီတွင် နေ့လယ်စာစား၍၊ တစ်နာရီခန့် အိပ်ပြီး၊ တစ်ညနေလုံးလုပ်စရာရှိတာတွေ တောက်လျှောက်လုပ်တော့သည်။ ညနေ ၅ နာရီတွင် တစ်ဖန်အိပ်ရာဝင်ပြန်သည်။ သည်တစ်ကြိမ်တော့ နာရီဝက်မျှသာမေးခြင်း ဖြစ်၏။ ညစာစားပြီးသည့်နောက် သန်းခေါင်ယံအထိ အလုပ် လုပ်နေတတ်ပြန်၏။

ဝင်စတန်ချာချီလ်၏ မိန့်ခွန်း ဟောပြောချက်များကို 'အင်္ဂလန်ကြီး အိပ်မောကျနေခိုက်တွင်' ဟူသောခေါင်းစဉ်ဖြင့် စာတစ်အုပ်အဖြစ် ထုတ်ဝေခဲ့သည်။

နှစ်ပေါင်းအတော်ကြာကြာ ဗြိတိသျှနိုင်ငံရေးသမားနှင့် အစိုးရအဖွဲ့ဝင်အများစုက တစ်ကမ္ဘာလုံး စစ်မီးကြီးတောက်တော့မည့်အဖြစ်ကို လုံးဝမေ့လျော့လျက် ငိုက်မျဉ်းအိပ်ပျော်နေချိန်တွင် ချာချီလ်က ဟစ်တလာ၏ သေတွင်းတူး၊ မီးလောင်တိုက်သွင်းမည့်အန္တရာယ်ကို တွေးမိ၊ တွက်မိခဲ့၏။





၁၉၃၃ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ၆ နှစ်တိုင်အောင် နေ့တိုင်းလိုလို 'ဂျာမနီ၌ လက်နက် ပြန်လည်တပ်ဆင် စုဆောင်းနေကြောင်း၊ ဟစ်တလာသည် တင့်ကားများ၊ အမြောက်များ၊ လေယာဉ်များကို တည်ဆောက်လျက် ဗြိတိန်နိုင်ငံကို ဖုံးကြဲတိုက်ခိုက်ရန် ကြံစည်နေကြောင်း၊ အင်္ဂလိပ်ရေတပ်သင်္ဘောများကို မြုပ်ပစ်ပြီး ကမ္ဘာကြီးကို သိမ်းပိုက်လိမ့်မည်ဖြစ်ကြောင်းများ' ကို သူ သတိပေးဆော်ဩနေခဲ့သည်။ သူက ဟစ်တလာ၏ခြေလှမ်းနှင့် အကြံတွေအားလုံးကို ကြိုမြင်ခဲ့တာ အမှန်ပင်။

အကယ်၍ အင်္ဂလန်သည် သူ့ဟောကိန်းထုတ်ဖော်ချက်များကိုသာ အရေးထားနားထောင်ပြီး တစ်ဖက်ရန်သူ၏ခြိမ်းခြောက်မှုကို လက်နက်စွဲကိုင် ဟန့်တားခဲ့မည်ဆိုပါလျှင်၊ 'ဒုတိယကမ္ဘာစစ်' ဟူသည်မှာ အရူးတစ်ယောက်၏အိပ်မက်အဖြစ်သာ လေထဲ လွင့်ပြယ်သွားမှာ မလွဲပါတကား။



# အယ်လီ ကူဘတ်ဆန်
## Ely Culbertson

**မိန်းမယူရန် ကြော်ငြာခေါ်ခဲ့ရာက**
**လျှောက်လွှာရှင် ၃၀၀ ကျော် လက်ခံရရှိခဲ့သူ။**
**တရေးဆရာဖြစ်ရန် ရွှေဘုံပေါ်မှ မြေကြီးပေါ်သို့**
**ခုန်ချပြီး ပြည်သူ့ဘဝ လေ့လာခဲ့သူ။**
**စိတ်ကူးယဉ်သမား၏**
**လက်တွေ့အဖြစ်ဆန်း ဘဝများ။**

❒ ၁၉၄၃ ခုနှစ်တွင် 'အလုံးစုံ ငြိမ်းချမ်းရေး' ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ထွက်လာ၏။ 'စစ်ဖြစ်အောင် ဘာတွေက ဖန်တီးသလဲ' ဆိုတာနှင့် 'ငြိမ်းချမ်းအောင် ဘယ်လိုစေ့စပ်မလဲ' ဟူ၍ တင်ပြထားသည်။

ထိုစာအုပ်ကို အယ်လီကူဘတ်ဆန်က ၄ နှစ်ကြာ အချိန်ယူ ရေးခဲ့၏။

သူ့စာအုပ်ထဲ၌ ခင်ဗျားတို့၊ကျွန်တော်တို့ ရင်ဆိုင်နေရသော အကြီးမားဆုံးနှင့် ကြောက်ခွဲစရာအကောင်းဆုံးဖြစ်သည့် အနာဂတ်စစ်များကို တားဆီးကာကွယ်ရေး ပြဿနာကို ဖြေရှင်းရန် စိတ်အားထက်သန်စွာ ကြိုးစားထား၏။

နယူးယောက်တိုင်းမ်စ်သတင်းစာကြီးက ကူဘတ်ဆန်၏စာအုပ်ကို ကြောင်းကျိုးဆီလျော်၍ စိတ်ကူးအတွေးကောင်းသော လက်ရာကောင်းတစ်ခုအဖြစ် ချီးကျူးခဲ့သည်။



ဤ ကူဘတ်ဆန်သည် အဖျော်တမ်း ဘရစ်ဂျ်ဖဲကစားနည်းများကို စတွင်ရေးသားခဲ့ရာက ကမ္ဘာသိခဲ့သောကူဘတ်ဆန်နှင့် တစ်ယောက်တည်းပင် ဖြစ်နေသည်ကလည်း ပွေးဆန်းလှပါဘိ။

သူ၏ ဖဲချင်းဆက်ကစားနည်းက သူ့ကို ချမ်းသာကျော်ကြားစေခဲ့၏။ သို့သော် ကူဘတ်ဆန်သည် ဖဲကစားနည်းသင်ကြားခြင်းကို အရန်လုပ်ငန်းအဖြစ်သာ သဘောထား၏။

လွန်ခဲ့သောနှစ်များက ကျွန်တော့်ကို သူ ပြောပြခဲ့ရာတွင် သူ၏ ဘဝရည်မှန်းချက်အစစ်မှာ 'လူတွေသည် လူစုလူဝေးနှင့် အုပ်သင်းဖွဲ့မိသည့်အခါ ဘယ်သို့ပြုမူသည်၊ အမျိုးသားနိုင်ငံရေး ကြိုးချိန်၍ ဘယ်သို့ ကြံဆောင်သည်'ဟူသော အချက်များကိုလေ့လာသော 'mass psychology'ကို အထူးပြုလေ့လာလိုခြင်းပင် ဖြစ်ကြောင်းပင်။

ကူဘတ်ဆန်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ကြီးမှာ စာမျက်နှာ ၇၀၀ မျှရှိ၍ ထုထဲလှပြီး၊ 'လူတစ်ယောက်၏ ထူးဆန်းသောဘဝများ' ဟု နာမည်ပေးထားသည်။ ထိုခေါင်းစဉ်က အယ်လီကူဘတ်ဆန်မှာ ဘဝတစ်ခုကိုသာ ဦးဆောင်ခဲ့သည် မဟုတ်။ ဘဝပေါင်းများစွာ ရှိခဲ့သည်။ ပြီးတော့ ထိုဘဝများမှာလည်း ထူးဆန်းလှသည်ဟု ဖော်ညွှန်းထားပါ၏။

ထူးဆန်းသတဲ့။ အမှန်တော့ သူ့ဘဝတွေမှာ 'ထူးဆန်းတယ်' မမည်ပါ။ စိတ်ကူးယဉ်အိပ်မက်ဆန်ဆန် အံ့မခန်းဆန်းကြယ်လှတာသာ ဖြစ်ပါသည်။

သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ အမေရိကန်မိလျံနာသူဌေးကြီး၏ သားစင်စစ်က ရုရှားတော်လှန်ရေးသမားဖြစ်ခဲ့ရသူတစ်ယောက်၏ အကြောင်းပါပေတည်း။

သူသည် ကျောင်းနေဖက်သူငယ်ချင်းများနှင့် တော်လှန်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းတည်ထောင်ပြီး ဆွစ်ဇာလန်နိုင်ငံတွင် လီနင်ထုတ်ဝေနေသော ဘော်လ်ရှီဗစ်သတင်းစာများကို ရုရှားပြည်အတွင်းသို့ ခိုးသွင်းခဲ့၏။

ထို့အတူ နန်းတော်ကြီးတမျှ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော အိမ်ဂေဟာကြီးကို စွန့်ခွာခဲ့ရပြီး ဆင်းရဲသားတွေကြားတွင် ရောနှောနေထိုင်လျက်၊ လမ်းတကာလည်၍ ပေါင်မုန့်လျှောက်တောင်းစားရသည့် လူငယ်တစ်ယောက်၏ ရင်နင့်ဖွယ်ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်ခဲ့ပါသည်။

အယ်လီကူဘတ်ဆန်၏ဘဝသည် ဖဲကစားခြင်းကို 'မကောင်းဆိုးဝါးမိစ္ဆာတို့၏ အလေ့အကျင့်လမ်းစဉ်' ဟု ယုံကြည်ခဲ့သူ ဘာသာရေးသမား စကော့လူမျိုး ဖခင်ကြီး၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းခဲ့ရလင့်ကစား၊ အတော်ဆုံး အကျော်ဆုံး ဖဲဝိဇ္ဇာဖြစ်ခဲ့ရသူတစ်ယောက်၏ဇာတ်လမ်း ဆိုလျှင်လည်း မှန်၏။

ထိုစာအုပ်မှာ အမေရိကန်ဖဲကစားနည်း ဖြန့်ဝေသင်ပေးခြင်းဖြင့် ပေါင် ၂ သိန်းရအောင် လုပ်နိုင်ခဲ့သော်လည်း ရုရှားအကျဉ်းထောင်တစ်ခု၏ ကြိုးတိုက်ထဲ အသွင်းခံရသည့်တိုင် ဖဲမကစားတတ်ခဲ့သော လူတစ်ယောက်၏ဘဝဇာတ်လမ်းကို တင်ပြထားခြင်းလည်း ဖြစ်၏။

ကူဘတ်ဆန်ဘဝသည် ရုရှားတွင်မွေးဖွားသော အမေရိကန်နိုင်ငံသား အဖြစ်နှင့် ဘာသာစကား ၈ မျိုး ပြောနိုင်ခဲ့ပေမယ့်၊ အသက် ၁၈ နှစ်ရောက်ချိန်အထိ အင်္ဂလိပ်စကား အလုံး ၁၀၀ ထက် ပိုမပြောတတ်ရှာသော အမေရိကန်တစ်ဦး၏ ဇာတ်လမ်း။

ယေးလ်တက္ကသိုလ်က အင်္ဂလိပ်စာ မတတ်မချင်း ဝင်ခွင့် မပေးခဲ့ပေ။ သူသည် ကမ္ဘာကျော်တက္ကသိုလ်ကြီး ၆ ခုသို့ တက်ရောက် ပညာသင်ကြားခဲ့သည်နှင့် အမျှ ကြေးစားလောင်းကစားသမားအဖြစ်လည်း ၆ နှစ်တိုင်တိုင် အသက်မွေးဝမ်းကျောင်းခဲ့ဖူး၏။

ရီးဒါးစ်ဒိုင်ဂျက်စ်စာပဒေသာမဂ္ဂဇင်းကြီးက ကူဘတ်ဆန်အား ဘက်စုံထူးချွန်သူ ပါရမီရှင်အဖြစ် ဖော်ကျူးခဲ့၏။ သို့တိုင် သူ့ခမျာ မြေသလုံးအိမ်တိုင်ဘဝဖြင့် လူပေါင်းများစွာထံ ၊ အိမ်ရှင်မတွေထံ လိုက်တောင်းစားခဲ့ရပြီးနောက်၊ နှစ်အတန်ကြာသောအခါ ထိုအိမ်ရှင်မတို့ပင် သူ့ဆီက အမှတ်တရ လက်မှတ်ကလေးရဖို့အတွက် ပိုက်ဆံပေးဝယ်ရသူတွေ ပါကောင်းပါသွားပါလိမ့်မည်။

မယုံနိုင်လောက်အောင် ပွင့်ပွင့်လင်းလင်းရေးထားသော သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်အတွင်းက ကူဘတ်ဆန်၏ အိပ်မက်ယမင်းပျို သတို့သမီးလောင်းရှာပုံတော် ဖွင့်ခဲ့ပုံကလေးက ကျွန်တော့်အဖို့တော့ ကြည်နူးပျော်မြူးစရာ အကောင်းဆုံး ဖြစ်ပါသည်။





ကူဘတ်ဆန်က 'ယောက်ျားအတော်များများရဲ့ ဖူးစာဖက်ဇနီးလောင်း ရွေးပုံတွေမှာ အလွယ်တကူနှင့် မတော်တဆနိုင်လွန်းသည်ကို သူ အံ့သြခဲ့ရကြောင်း' ကျွန်တော့်ကို ပြောခဲ့ဖူး၏။ ဒီကိစ္စမှာ ဘယ်သူကကော ဒီလို မလုပ်ခဲ့ကြလို့လဲ။

ယောက်ျားတစ်ယောက်သည် မိန်းမပျိုတစ်ယောက်ကို ကျောင်းမှာဖြစ်စေ၊ အလုပ်ထဲမှာဖြစ်စေ၊ တစ်စုံတစ်ဦး၏ အိမ်မှာဖြစ်စေ ဆုံတွေ့လိုက်ပြီး လက်ထပ်ယူခဲ့ကြသည်ချည်း မဟုတ်ပါလား။

ကူဘတ်ဆန်ကတော့ ဇနီးလောင်းတစ်ယောက်ကို ရှာမည်ဆိုလျှင် 'မြင်းဦးနှောက်နှင့် တစ်ထပ်တည်းသောဉာဏ်ကို သုံးပြီး၊ လက်ရေးတို၊ လက်နှိပ်စက်စာရေးမတစ်ယောက်ငှားသလို ရှာမည်' ဟု ဖွင့်ဟခဲ့ပါ၏။

'လက်ရေးတို၊ လက်နှိပ်စက်စာရေးမတစ်ယောက် အလိုရှိပြီ' ဆိုလျှင်လည်း သတင်းစာထဲက ကြော်ငြာခေါ်ပြီး၊ လျှောက်လာသူတွေ တစ်ပုံတစ်ခေါင်းကြီးထဲမှ စိတ်ကြိုက် ရွေးချယ်လိုက်ပါမည်တဲ့။ ဒါဖြင့် 'ဇနီးလောင်း အလိုရှိသည်' ဟု သူ တိုက်ရိုက် ကြော်ငြာခဲ့ပါသလား။ အို- ဘယ်ကလာ ဟုတ်ရမှာလဲ။ မဟုတ်-မဟုတ်။

ကူဘတ်ဆန်ဆိုတာ လူပါးလူနပ်၊ မာယာ ၁၀၀၀ နှင့်ယောက်ျား၊ ဧရာမဉာဏ်ကြီးရှင်။

သူက အမေရိကန် ပန်းချီဆရာဟန်ဆောင်ပြီး၊ 'မော်ဒယ်ဂဲလ် လိုချင်ကြောင်း' ဖြင့် အီတလီတွင် ကြော်ငြာထဲ၌ သူလိုချင်သည့်အရည်အချင်းတွေကို အတိအကျ ဖော်ပြထား၏။ စံပြမယ်၏ ခါး၊ ရင်၊ တင် အတိုင်းအတာတွေနှင့် မျက်လုံးအရောင်၊ အသားအရေ၊ အသက်၊ ရုပ်လက္ခဏာမှအစ စံချိန်စံညွှန်းတွေ ပေးထားသည်။

ဒါကို သူ ဘယ်မှာ ကြော်ငြာပါသလဲ။ နေရာတကာ လိုက်ကပ်ပါသလား။ ဝေးပါသေး။

သူကိုယ်တိုင် အီတလီနိုင်ငံ ပိုင်ဒ်မောင့်နယ်သို့ တကူးတကသွားလိုက်သည်ပေါ့။ ပိုင်ဒ်မောင့်နယ်ကား အချောအလှတွေပေါလှသဖြင့် နာမည်ကျော်တယ်လေ။ သူက ကြံရှင်မြို့တော်၏ စာတိုက်သေတ္တာတစ်လုံးအောက်တွင် မော်ဒယ်တစ်ယောက်အလိုရှိကြောင်း ကြော်ငြာကပ်လိုက်သည်။

သူ့လုပ်ချက်က စိတ်ကူးယဉ်ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်လာနိုင်သလို၊ သူကလည်း ပီပီပြင်ပြင်ရုပ်လုံးဖော်ဖို့ အစွမ်းကုန်ကြိုးစားခဲ့သည်။

စိတ်ပညာရှင်တစ်ယောက်နှင့် တိုင်ပင်သည်။ ချစ်ရေးချစ်ရာ အနုပညာနှင့် ပတ်သက်သော စာအုပ်စာတမ်းမှန်သမျှဖတ်ရှုံမက အသေးစိတ်ကျကျမှတ်လေ့လာသည်။

သူ့လိုလားချက်တွေ သိပ် တိကျပြတ်သားလွန်းနေသဖြင့် လျှောက်လွှာ ၁ ဒါဇင်ထက် ပိုမည်ဟု မထင်ခဲ့။ တကယ့်တကယ်ကျတော့ လျှောက်လွှာ ၃၀၀ ကျော် ရခဲ့ပါသတဲ့။

ခြောက်- "လျှောက်လွှာရှင်သည် ၁၈ နှစ်နှင့် ၂၁ နှစ်ကြားသာ ရှိရမည်" ဟု ကြော်ငြာထဲတွင် ဖော်ပြခဲ့သေးသည်။ ဒါပေမယ့် လျှောက်ထားသူအမျိုးသမီး အတော်များများမှာ "သွားမရှ၊ ခါး၀၀နှင့် အသားကလည်းညို၊ ခြေသလုံးတုတ်တုတ်၊ အသက် ၄၀ ကျော်တွေ ဖြစ်နေသည်" ဟု ကူဘတ်ဆန်က ကျွန်တော့်ကို ရယ်ရယ်မောမောပြောပြခဲ့၏။ အဖြစ်ကတော့ ရယ်စရာလည်း ကောင်း၊ ဆွေးစရာလည်း ကောင်း။

သူက ပန်းချီဆရာ၏ စံပြမယ်လောင်းလျှာ ၃၀၀ စလုံးကို ပြည်သူ့ပန်းခြံ ထောင့် ၄ ထောင့်တွင် ၁၅ မိနစ်စီခြား၍ တွေ့ဆုံအင်တာဗျူးရန် စာပြန်လိုက်၏။ စာထဲတွင် နှင်းဆီပန်းအဖြူ ထိုးထားသောအမျိုးသားကို ရှာရန်လည်း ရေးသားခဲ့၏။

ချိန်းဆိုချက်အတိုင်း ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာချိန်၌ ကူဘတ်ဆန်က လှမ်းကြည့်၊ အကဲခတ်၊ အနားကပ်သွားပြီး ပြောလိုက်ပါလိမ့်မည်။

"ဆောရီးပဲ အမိရယ်။ ကျွန်တော် မော်ဒယ်လ်ကလေးကို ရွေးပြီးပါပြီ" လို့။

သူတို့လေးတွေက တစ်နာရီပြီး၊ တစ်နာရီ၊ တစ်နေ့ပြီးတစ်နေ့၊ ပန်းခြံထဲတွင် လိပ်ပြာလေးတွေဝဲသလို လှည့်ပတ်နေကြရှာ၏။

"ဆောရီး အမိရယ်"

"ဆောရီး အမိ"





သူ့ခမျာလည်း "ဆောရီး" လို့ပင် မဆိုးနိုင်တော့ပါ။

သည့်နောက်မှ မမျှော်လင့်ဘဲ ရုတ်တရက် သူ့အိပ်မက်သခင်မလေးကို ရှာတွေ့လိုက်သည်။ အသက်က ၁၉ နှစ်လောက်။ ဆံပင်ကလည်း ပိတုံးရောင်ကေသာ ရွှန်းလဲ့ဖြာလျှက်။ မျက်လုံးကလေးတွေက သောကြာကြယ်အလား အသက်ရှုမှားစရာ။ ပြစ်မျိုးမဲ့မတင် ဆိုတဲ့ ရုပ်ကလေး။ ရှာမှရှားတဲ့ တစ်ပြည်သူ အလှပဂေး။

သူက မြင်မြင်ချင်းပင် ကြွေသွားသလို ရွှေရုပ်ကလေး၏အချစ်ကို အနုပညာ သမားဆန်ဆန် တဖြည်းဖြည်းသိမ်းသွင်း အရယူလိုချင်စိတ်ဖြင့် သူ့ကို အီတလီစကား သင်ဆရာမလေးအဖြစ် ခန့်အပ်လိုက်တော့၏။ အထူးသဖြင့် ဒန်တီ၏ "ဒီဗွိုင်း ကမ်မဒီ" ကိုဖတ်တတ်အောင် သင်ပေးရန် ငှားခဲ့ခြင်းဖြစ်၏။

ဒါပေမယ့် ရင်းနှီးကျွမ်းဝင်စ သင်တန်းဆရာမနှင့် တပည့် ဇာတ်လမ်းကလေး၏ မမျှော်လင့်သောအဆုံးသတ်ပျော်စရာ သို့မဟုတ် လွမ်းစရာကလေး အဖြစ် ခင်ဗျား ကြိုက်သလို စိတ်ကူးယဉ်ကြည့်နိုင်ပါသည်။

တကယ်လက်တွေ့မှာတော့ အမေရိကန်ပန်းချီဆရာအသွင်ဖမ်း၍ လူစည်ကားရာ ပန်းခြံထောင့် ၄ ဖက်တွင် ကောင်မကလေး ၃၀၀ ကို ရက်ပေါင်းများစွာ ချိန်းတွေ့နေသော ခေတ်သစ်ရိုမီယို မင်းသားကလေးအား အီတလီရဲများက မျက်စိ နောက်လာ၏။

သူ သွားခြေရှုပ်သည့်အချိန်က အေးအေးဆေးဆေးနှင့် ရာသီဥတုသာယာ နေချိန်ဆို တော်ပါသေးရဲ့။ ခုတော့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေတဲ့အချိန်။

ကူဘတ်ဆန်သည် အမေရိကန်နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ဝင်လာသလို၊ အီတလီစကားကို ရှုရှားသံဝဲ၍ ပြောနေမိ၏။

ကောင်းပါလေရဲ့။ သူ့ပုံစံကတော့ တယ်မနိုပ်ဘူးဆိုပြီး ဖမ်းစစ်လိုက်တော့မှ ဘရစ်ဂျ်ဖဲကစားနည်းတွင် ပါရဂူတစ်ဆူအဖြစ်ကမ္ဘာကျော်ခဲ့သော အထင်ကရ ပုဂ္ဂိုလ်ကလေးတစ်ဦးမှန်း သိသွားကြကာ၊ "အီတလီမှ ချက်ချင်းထွက်သွားစေ" ဟု ပြည်နှင်ဒဏ်ပေးပစ်လိုက်သည်။

နောက် နှစ်ပေါင်းအတော်ကြာခါမှ သူက သူ့အိပ်မက်နတ်သမီးကလေး တစ်ပါးကို နယူးယောက်မြို့တော်ကြီးတွင် ရှာတွေ့ခဲ့လေတော့၏။ ဒါပေမယ့် သည်တစ်ခါတော့ ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်ပြီး ယူခဲ့ရခြင်းမဟုတ်ပါ။

အယ်လီကူဘတ်ဆန်၏ ဖခင်ကြီးမှာ စကော့အမျိုးသားဖြစ်သလို ငွေနဲ့စား ရတာကို အလွန်မြတ်နိုးသည်။

သူသည် ရုရှားနိုင်ငံသို့သွား၍ ကော့ကေးဆပ်စ်တောင်တန်းများအကြား တွင် ဂရော့ဇနီရေနံမြေမှ ရေနံကြောကြီးကို တွေ့ခဲ့ရ၏။ ထိုရေနံမြေမှာ အာဏာရှင် ဟစ်တလာက အပိုင်သိမ်းလိုသောကြောင့် အသက်ပေါင်း ၁ သန်းအသေခံခဲ့သော ရုရှားရေနံမြေများ၏ ရေနံအကြွယ်ဝဆုံး အဓိကအစိတ်အပိုင်းဖြစ်ပါသည်။

ကူဘတ်ဆန်၏ဖခင်သည် ရုရှားရေနံတွင်းများမှ သန်းပေါင်းများစွာသော ပေါင်ငွေများကို ထုတ်ယူခဲ့ပြီး၊ ကော့ဆက်ဗိုလ်ချုပ်ကြီးတစ်ဦး၏သမီးနှင့် ထိမ်းမြား ခဲ့၏။

အဖေကြီးက သူ့သားကို အမေရိကန်၌ ပညာသင်စေချင်သဖြင့် ယေးလ် တက္ကသိုလ်သို့ ပို့ပေးလိုက်၏။ ဒါပေမယ့် အယ်လီသည် ယေးလ်၌ ကျိုးကြည့် ကြောင်ကြည့် အထိတ်ထိတ်အလန့်လန့် စိတ်ဓာတ်အကြီးအကျယ်ကျခဲ့ရသည်။ သို့တမှု မကြာခင်က ဓာဘုရင့်စစ်သားများ၏ သွေးဖျန်းဖျန်းထွက်အောင်နှိပ်စက် ညှဉ်းပမ်းမှုများကို ပြန်လည်ခံစားလိုက်ရ၏။

သူတို့က သူ့ကို တော်လှန်ရေးလှုပ်ရှားမှုများအတွက် ဖမ်းဆီးထောင်ချခဲ့ ရုံမက၊ သူ့ချစ်သူ ရုရှားမကလေးကိုပါ ရက်ရက်စက်စက်သတ်ပစ်ခဲ့ကြသည်။ သူ့အဖို့ ရုရှားပြည်တွင်းမှ ဘဝဆိုး၊အသေဆိုးအနိဋ္ဌာရုံများကို မမြင်ချင်သည့်အဆုံး ကြုံတွေ့ခဲ့ဖူးရာမှ ယေးလ်တွင် လူသစ် စိတ်သစ် ဘဝသစ်ထူထောင်လိုက်တော့၏။

နယူးဟေဗင်၌ ၄ လကြာ နေထိုင်ပြီးနောက် သူ၏ လစဉ်အသုံးစရိတ် ၂၅ ပေါင်ကို ညီဖြစ်သူအား ပေးခဲ့ပြီး၊ 'နယူးယောက်ရှိ ဆင်းရဲသားရပ်ကွက်တွင် သွားနေတော့မည်' ဟု အသိပေးလိုက်သည်။

"ကျွန်တော်ဟာ အမေရိကန်က အောက်ခြေလူတန်းစားနင်းပြားတွေ ဘယ်လိုနေထိုင်ပြီး ဘဝကိုရပ်တည်ကြသလဲဆိုတာ သိချင်ခဲ့တယ်"

ကူဘတ်ဆန်က ကျွန်တော့်ကို ရင်ဖွင့်ခဲ့၏။

"ဒါနှင့်အမျှ သူတို့နေထိုင်သလိုပဲ ကျွန်တော်လိုက်နေဖို့ ကြံခဲ့တယ်"

သူသည် ၃ နှစ်လုံးလုံး ဆင်းရဲသားနင်းပြားတွေနှင့်အတူ ပေါင်းသင်း နေထိုင်ခဲ့ပါသည်။ ဘာကြောင့်လဲ။





အဖြေကတော့ သူသည် ထိပ်တန်းစာရေးဆရာတစ်ယောက်ဖြစ်ဖို့ အာသီသ ပြင်းစွာဆုံးဖြတ်ခဲ့သလို၊ စာအုပ်တွေကိုသာ ဖတ်နေရုံဖြင့် ထိပ်သီးစာရေးဆရာကြီး ဖြစ်လာမည် မဟုတ်မှန်း နားလည်ခဲ့သောကြောင့်ပါတဲ့။

စာရေးဆရာတစ်ယောက်ဖြစ်ရေးမှာ စိတ်ဓာတ် ခိုင်မာပြင်းထန်ရမည်။ ကြံ့သလိုကျပန်း နေနိုင်ရမည်။ လူ့သဘာဝတွေကို အကျွမ်းတဝင်သိရမည်။ ဒါမှလည်း ရေးကွင်းရေးကွက်အချက်အလက်တွေ ရလာမည်မဟုတ်ပါလား။

သို့နှင့်အမျှ ကူဘတ်ဆန်လည်း ပထမဆုံးအနေဖြင့် အမေရိကန်လူနေမှုဘဝ ၏ ကြမ်းတမ်းခက်ထရော်မှုနှင့် မတည်ငြိမ်ယိမ်းယိုင်နေမှုများကို လေ့လာရန် ပိုင်းဖြတ်ခဲ့မိသည်။

သန်းကြွယ်သူဌေးကြီး၏သားသည် နယူးယောက်မြို့တော်၏မှောင်ရိပ်က သူခိုးများ၊ မူးယစ်ဆေးရောင်းဝယ်သူများ၊ လူဆိုးဂိုဏ်းဝင်များနှင့် လပေါင်းများ စွာ အရောတဝင် အတူနေခဲ့၏။ ပြီးတော့ အမူးသမားများနှင့် ကလေကချေများ တစ်ည ၆ ပဲနိပေးပြီး ဝင်အိပ်နေကျ ဈေးပေါသောအခန်းများတွင်လည်း တအောင့် တနားဆိုသလို သွားနေဖူးသည်။

ထိုအတောအတွင်း သူသည် စာအုပ်တိုက်တစ်တိုက်တွင် တောက်တိုမယ်ရ အလုပ်သမားအဖြစ် ဝင်လုပ်ခဲ့၏။ နောက်တော့ သတင်းစာရောင်းခြင်းဖြင့် ဝမ်းစာ ရှာမိ၏။

ထို့အတွက် သူ့အဖို့ မြေပဲတစ်ပန်းကန်၊ လက်ဖက်ရည်တစ်ခွက်ဖိုး ရခဲ့သလို၊ တစ်ခါက ဟိုရေးရှိုး အဲလ်ဂါနေသွားဖူးသော သတင်းစာပို့သမားများဂေဟာတွင် ၁ ခုတင်ကို ၁၀ ပဲနိနှုန်းဖြင့် ညအိပ်ရန်လည်း လုံလောက်သောငွေကို ရခဲ့သည်။ သည်ကြားထဲမှ သံထည်အလုပ်သမားများသမဂ္ဂတွင် ဖွင့်လှစ်သော ညကျောင်း၌ တက်ရောက်ခဲ့သေး၏။

ထို့အပြင် ပေါင်မုန့် တန်းစီဖူး၏။ မူးယစ်ဆေးစွဲအုပ်စုနှင့် ပေါင်းသင်းနေထိုင် ဖူး၏။

လအတန်ကြာပြီးနောက်တွင် ကနေဒါတောင်တန်းကြီးများကို ဖြတ်သန်း ဖောက်လုပ်နေသော ကနေဒီယန် အမျိုးသားရထားလမ်းလုပ်ငန်းခွင်မှ အလုပ်သမား ဂိုဏ်းတွင် အချိန်မှတ်စာရေးအလုပ်ကို ရခဲ့လေ၏။

ထိုမှ သူသည် အလုပ်သမားများအား သူတို့ မတရားအလိမ်အညာခံနေရကြောင်း၊ ကန်ထရိုက်တာများက ခေါင်းပုံဖြတ်၍ လုပ်ခကို လျှော့ပေးကြောင်း၊ ကုမ္ပဏီကလည်း အမှေ့အမြဲဖော်ပြတိုက်ကြောင်းများကို ရဲရဲတောက်စကားလုံးများဖြင့် သွေးထိုး ဟောပြောခဲ့သည်။

အလုပ်သမားဆန္ဒပြပွဲတစ်ခုကို စည်းရုံးဦးဆောင်ခဲ့ရာမှ အောင်မြင်ပြီး သံလမ်းအလုပ်သမားများ လုပ်ခ တိုးမြှင့်ရကြသော်လည်း၊ သူ့ကိုတော့ ကုမ္ပဏီက အလုပ် ထုတ်ပစ်လိုက်၏။

သို့ဖြင့် အနီးဆုံးမြို့ရှိရာသို့ မိုင် ၂၀၀ ကျော် ခြေလျင်ခရီးလျှောက်ခဲ့ရပြီးနောက်၊ သူ စုဆောင်းမိသမျှ ငွေတွေအားလုံးကို ဆန်ဖရန်စစ္စကို ဘဏ်တစ်ဘဏ်တွင်အပ်ခဲ့ကာ ပစိဖိတ်ကမ်းခြေသို့ ကုန်းကြောင်းသွားရန် ဆုံးဖြတ်ခဲ့ပြန်သည်။

ကုန်ကားကြီးတွေ သူ ခိုးစီးခဲ့၏ လူလေလူလွင့်များနှင့် မိတ်ဆွေဖွဲ့ခဲ့ရ၏။ တစ်အိမ်မှတစ်အိမ် ကူး၍ တောင်းစားခဲ့၏။ မောင့်တနာတွင် ပန်းကန်ဆေး ဝင်လုပ်၏။ ကာလီဖိုးနီးယားမှာ သစ်သီး ဝင်ခူး၏။ ရောက်လေရာအရပ်တိုင်းမှာတော့ လူတွေနှင့် သူတို့ဘဝတွေကို လေ့လာ၏။

ကာလီဖိုးနီးယားပြည်နယ် ဘတ်ကလေမြို့အရောက်မှာတော့ မင်းမဲ့ဝါဒအကြောင်းရေးထားသော စာပေများကို လေ့လာရင်း ၆ လမျှ ကုန်သွားသည်။ ထို့နောက် တော်လှန်ရေးအကြောင်း ဖတ်ရှုနေခြင်းများကို ဖြန့်စားကြီးစွန့်ပစ်ပြီး၊ တကယ့်တော်လှန်ရေးတွေဖြစ်ပွားနေရာ မက္ကဆီကိုသို့ သွားရောက်ပူးပေါင်းရန် ခရီးပြင်း နှင်ခဲ့ပြန်၏။ မက္ကဆီကိုတွင် သူအဖမ်းခံရပြီး ထောင်ကျခဲ့ရသည်။ အမေရိကန် ပတ်စပို့လက်မှတ်က ကယ်လိုက်ပေလို့သာ ပစ်သတ်မခံရခြင်း ဖြစ်၏။

စာဘုရင်နန်းကျ၍ လီနင်က ဆိုဗီယက်ပြည်ထောင်စုကြီး တည်ထောင်လိုက်သောအခါ ကူဘတ်ဆန်၏ဖခင်ဝယ်ယူထားသည့် ဒေါ်လာသန်းပေါင်းများစွာတန်သော စာချုပ်အားလုံးမှာ စာပို့တံဆိပ်ခေါင်းတစ်လုံးမျှပင် တန်ဖိုးမရှိတော့ပေ။ ၁၉၂၁ ခုနှစ်တွင် ကူဘတ်ဆန်၏ဖခင်ကြီးသည် နယူးယောက်မြို့ တော်တစ်နေရာ၌ ညစောင့်အလုပ်ကို ဝင်လျှောက်ခဲ့ရရှာ၏။





အယ်လီကူဘတ်ဆန်လည်း ဒဿနိကနှင့် လူမှုဆက်ဆံရေး ဘာသာသင်ကျောင်းဆရာဖြစ်ဖို့ ကြိုးစားသော်လည်း မရခဲ့။ မီးသွေးရောင်းဖို့ ကြံပြန်သည်။ ရှုံးသွားသည်။ ကော်ဖီမှုန့်တွေ ရောင်းပြန်၏။ မအောင်မြင်။

နောက်ဆုံးတော့ နယူးယောက်က ဆိုရှယ်လစ်ပါတီဝင်တစ်စုကို ပြင်သစ်စာပေ ပညာသင်ပေးခွင့်ရပြီး၊ ညီဖြစ်သူ တယောဆရာ၏ဂီတဖျော်ဖြေပွဲမှာ မန်နေဂျာအဖြစ်လည်း ဝင်လုပ်ခဲ့မိ၏။

အမေရိကန်ဖဲကစားနည်းသင်ပေးဖို့ သူ မကြိုးစားမီအထိ ဘယ်အလုပ်မျှ သူ့အတွက် ကောင်းကောင်း အဆင်မပြေပါ။ သူသည် ဖဲကစားကျွမ်းသော်လည်း ဖဲကစားရင်း အမေးအမြန်းထူခြင်း၊ တစ်ဖက်သားကို အကျပ်ရိုက်စေသော စုံစမ်းစစ်ဆေးမှုတွေလုပ်ခြင်းကြောင့် သူနှင့် ဘယ်သူမျှ ဖဲမကစားလိုကြပါ။ ဒါကြောင့်လည်း သူ့ကို ဖဲသမားကောင်းတစ်ယောက်လို့ မဆိုနိုင်ပြန်။

သူသည် ၄ အိမ်ဖဲကစားနည်း စာအုပ်တွေကို လျှောက်ဖတ်ခဲ့သည်။ ဒါပေမယ့် တစ်အုပ်မျှ စိတ်တိုင်းမကျ သဘောမတွေ့။ သူ့ကို ထိရောက်အောင် မကူညီနိုင်။ သို့ဖြင့် သူကိုယ်တိုင် စာအုပ်ရေးဖို့ အစပျိုးလိုက်သည်။

သူ စာအုပ် ၄ အုပ်တိတိ ရေးခဲ့သည်။ ၄ အုပ်စလုံး မကောင်းပါ။ ဒါကို သူလည်း သိ၏။ စာမူအားလုံး လက်နှိပ်စက်မရိုက်ခင်ပင် သူ ဆွဲဖြဲပစ်လိုက်သည်။ ဒါပေမယ့် သူ စိတ်မဓာတ်မကျပါ။ ကမ္ဘာနှင့် ချီ၍ ထင်ရှားအောင်မြင်ခဲ့သော အမေရိကန်ဖဲကစားနည်း စနစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်အထိ ဇွဲတင်းပြီးအားထုတ်ခဲ့၏။ သူ၏ ဖဲကစားနည်းစာအုပ်တွေမှာ ဘာသာပေါင်း ၁၂ ဘာသာခန့်သို့ ပြန်ဆို၍ စောင်ရေ ၁ သန်းကျော် ရောင်းချခဲ့ရသည်။

ကျွန်တော့်ကို အယ်လီကူဘတ်ဆန်က ပြောပြသည်။

ထူးဆန်းကြမ်းတမ်း ဆိုးဝါးဆန်းပြားသောသူ့ဘဝတွင် အကြီးအကျယ်ကျေနပ်အားရမှု ရခဲ့သည့်အချိန်မှာ အနာဂတ်စစ်ဘေးများကို ဟန့်တားကာကွယ်

ရုံးကြီးရှယ်သော 'အလုံးစုံ'ငြိမ်းချမ်းရေး' စာအုပ်ကြီးကို စီစဉ်ရေးသားနေချိန် ၄ နှစ်တာကာလသာ ဖြစ်ပါသတဲ့။ သို့ဆိုလျှင် ဖဲဝီစွာဖဲပါရဂူကြီး ကူဘတ်ဆန်အား ရေရှည်ငြိမ်းချမ်းရေးကို ထိန်းသိမ်း စောင့်ရှောက်နေသော ကျွန်တော်တို့၏ ကြိုးပမ်းမှုကို ဂုဏ်ဝင်မြောက်အောင် စာတစ်စောင်ပေတစ်ဖွဲ့ ထပ်ရေးနိုင်းဖို့ မကောင်းပေဘူးလားဗျာ။





# ကလပ်ဂေဘယ်လ်
## Clark Gable

**အမျိုးသမီးတွေကို တစ်ချိန်က ကြောက်ခဲ့၏။**
**ခုတော့ သူ့ကို တခဏမြင်ရရုံကလေးအတွက်**
**သူတို့မှာ အလုပ်ခွင်ကို နေ့ဝက် ရပ်နားခဲ့ကြရသည်။**
**နှုတ်ခမ်းမွှေးကလေးတွေ၏ အသည်းစွဲ**
**ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး၏**
**ဝိဟ်ကားပေါ်မှ စိတ်ကူးယဉ်ဇာတ်လမ်းများထက်**
**ထူးခြားဆန်းကြယ် အံ့ဩဖွယ် ဘဝ။**

❐ ကလပ်ဂေဘယ်လ်သည် အမေရိကန်တပ်မတော်တွင် စစ်မှုထမ်းသူများ အနက် ထင်ထင်ရှားရှားလူသိအများဆုံး ဖြစ်လောက်ပါသည်။

ကျွန်တော်တို့ခေတ်တွင် အကြီးကျယ်ဆုံး အောင်မြင်မှုသရုပ်ဆောင်းခဲ့သော သူများထဲ၌ တစ်ယောက်အပါအဝင်ဖြစ်၍၊ ဥရောပ၊ အာဖရိက၊ အိန္ဒိယ၊ တရုတ်ပြည်၊ တောင်အမေရိကရှိ မရေမတွက်နိုင်သော သန်းပေါင်းများစွာသော ရုပ်ရှင်ချစ်သူများ၏ ရုပ်သပ်ရှမော အံ့သြမကုန် ချီးကျူးဂုဏ်ပြုခြင်းကို သူ ခံခဲ့ရ၏။

အမေရိကန် စစ်ခေါင်းဆောင်ကြီးများနှင့် အမေရိကန်သမိုင်းကို နကန်းတစ်လုံးမျှမသိသူ သန်းပေါင်းများစွာ၏ လေးစားချစ်ကြည်မှုကို ရခဲ့ခြင်းလည်း ဖြစ်၏။

တောင်အမေရိကသို့ ကလပ်ဂေဘယ်လ် အလည်တစ်ခေါက် ရောက်ခဲ့စဉ် မိန်းမကဲလေးများက လက် ၂ ဖက်ဆန့်တန်းလျက် သူ့ကို အားရပါးရပြေးဖက်ပြီး

လည်တိုင်ကို ယီးဒေသနီ အမှုပိုခဲ့ကြသေးသည်။ ဒါနှင့်မှုအားမရတော့ သူဦးထုပ်ကို ဆွဲသူဆွဲ၊ ကုတ်အင်္ကျီကို ချွတ်သူ ချွတ်၊ ရှပ်အင်္ကျီကို တစ်စစီဆွဲဖြဲသူဖြဲနှင့် သူရဲမင်းရဲစီးကြပြန်သည်။ ဒါကလည်း သူ့ဆီက အမှတ်တရလက်ဆောင်ကလေး တစ်ခု ရလိုရေးအတွက်ပါတဲ့။

သူ စစ်ထဲဝင်ပြီဆိုတော့လည်း ရုပ်ရှင် မကြည့်၊ ကပွဲ မသွား၊ ပျော်ပွဲရှင်ပွဲကြည့်ချင်ပွဲစသည့် နေရာအားလုံးကို ရှောင်ပြီး၊ ချောင်ကုပ်၍ အခန်းအောင်းနေခဲ့သည်။ သည်ကြားထဲကပင် အင်္ဂလန်နိုင်ငံတွင် သူ့အသည်းကျော်အမျိုးသမီးတစ်စုက ဘုရားကျောင်းထဲအရောက် တကောက်ကောက် နောက်ကဝင်လိုက်ခဲ့သောဟူ၏။

ပြီးတော့ လယ်ယာများတွင် သီးနှံဆွတ်ခူးနေကြသော မိန်းမပျိုတစ်သိုက်ကလည်း အမေရိကန်စစ်စခန်းမှ သူတို့၏သူရဲကောင်းကြီးကို 'မျက်နှာကလေးခဏတဖြုတ်မြင်ရရင် သေပျော်ပါပြီ' ဆိုပြီး သွားချောင်းဖို့အတွက် အလုပ်ခွင်မှ နေ့ဝက် ခွင့်ယူခဲ့ကြပါသတဲ့။

ကလပ်ဂေဘယ်လ် စစ်ထဲဝင်ရန် စာရင်းသွင်းချိန် ၁၉၄၂ ခုနှစ်၌ အသက် ၄၂ နှစ် ရှိပါပြီ။

သူသည် စစ်ထဲ ဝင်ခွင့်ရရန် ဟောလီးဝုဒ်ရုပ်ရှင်ကုမ္ပဏီများနှင့် ချုပ်ဆိုထားသော အဖိုးတန်ကန်ထရိုက်စာချုပ်တစ်ခုကို ပယ်ဖျက်ပစ်ခဲ့၏။ ကန်ထရိုက်စာချုပ်မှာ သူ့ကို ၁ ပတ် ပေါင် ၁၅၀၀နှုန်းဖြင့် ၁ နှစ်လျှင် ရက်သတ္တပတ် ၄၀ ရိုက်ကူးဖို့ ၇ နှစ်စာ ချုပ်ဆိုထားသည်။ သူ့ ၁၀ ပတ်စာဝင်ငွေက အမေရိကန် သမ္မတကြီး၏ ၁ နှစ်လုံးလစာနှင့် ညီမျှသည် ဆိုရမည်။ ဟုတ်ကဲ့။ ရှင်းရှင်းပြောလျှင်တော့ သူ ၁ နှစ် ပေါင် ၇ သောင်းနီးပါး ရမည့်စာချုပ်ကို ကာကီယူနီဖောင်း နှင့် ၁ လ- ၁၀ ပေါင်ဖြင့် လဲလှယ်ခဲ့သည်ပေါ့။

လွန်ခဲ့သော နှစ်အနည်းငယ်ကပင် ကျွန်တော်သည် ကလပ်ဂေဘယ်နှင့် ပျော်ပျော်ပါးပါးကြီး အင်တာဗျူးလုပ်ခဲ့ဖူး၏။

သူကား ဖော်ရွေသည်၊ ရိုးသားသည်၊ ဟန်ဆောင်မှုကင်းသည်။ သူ့ကို ကျွန်တော် အကြီးအကျယ်သဘောကျသွားသည်။





သူ့ကို အမေရိကန်ပြည်တွင် ဖက်ရှင်ဒီဇိုင်း အကောင်းဆုံးဝတ်စားတတ်သော အမျိုးသား ၁၀ ဦးအနက် တစ်ဦးအပါအဝင်အဖြစ် ကြိမ်ဖန်များစွာ ရွေးချယ်ခဲ့ကြ၏။

ကျွန်တော်က သူ့အဝတ်အစားလဲခန်းထဲ၌ သူနှင့် ဆုံတွေ့ခဲ့ရစဉ် လည်ပင်းတွင် တူရကီပဝါတစ်ထည်ပတ်လျက် မလိုင်ထည့်သော ကြွေခွက်အဖုံးကလေး တစ်ခုကို ဆေးလိပ်ပြာခွက်အဖြစ် အသုံးပြုနေပါ၏။

ကလပ်ဂေဘယ်လ်သည် ရုပ်ရှင်ကားပြောက်မြားစွာတွင် ထူးထူးခြားခြား အသက်ပါပါ သရုပ်ဆောင်နိုင်ခဲ့သူ ဖြစ်၏။ သို့သော် သူ ပါဝင်သရုပ်ဆောင်ခဲ့သော ဘယ်စိတ်ကူးယဉ်ဇာတ်လမ်းကမျှ သူ့တကယ့်ဘဝဖြစ်စဉ်လောက် စိတ်ဝင်စားစရာ၊ ရင်နင့်ကြေကွဲစရာ ကောင်းမည် မဟုတ်ပါ။

သူ အသက် ၁၅ နှစ်အရွယ်တွင် အိုဟိုင်ယိုးပြည်နယ် အက်ကရွန်မြို့ရှိ ညစာစားသောက်ခန်းတစ်ခု၌ ဝက်ပေါင်ခြောက်ညှပ် ပေါင်မုန့်တစ်ချပ်နှင့် ကော်ဖီတစ်ခွက်ရဖို့အရေးအတွက် အချိန်မတော် ညကြီးသန်းခေါင် သွားရပ်စောင့်နေခဲ့ရဖူး၏။ ထိုဖြစ်ရပ် အသေးအမွှားကလေးက သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်ပါသည်။ ဘယ်လိုကြောင့်ပါလိမ့်။

အကြောင်းကတော့ ထိုညစာစားသောက်ခန်းထဲတွင် အက်ကရွန်မှ စတော့ငွေကြေးလုပ်ငန်းကုမ္ပဏီတစ်ခု၌ လာရောက်ငွေကစားကြသော ပြဇာတ်သရုပ်ဆောင်တစ်စုကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။ ကလပ်ဂေဘယ်လ်လည်း ထို ပြဇာတ်မင်းသား၊ မင်းသမီးတွေကို အကြီးအကျယ်အားကျသွားမိ၏။

သူက လွန်ခဲ့သော လအနည်းငယ်က စ၍ ရော်ဘာစက်ရုံတစ်ခုတွင် အချိန်မှတ်စာရေးအဖြစ် အလုပ် ဝင်လုပ်နေသည်။ သို့ပေမယ့် ထိုမတိုင်ခင် သူ့ဘဝတစ်လျှောက်လုံးမှာတော့ လယ်ယာလုပ်ငန်းတစ်ခု၌ နွားနို့ညှစ်၊ သိုး အစာကျွေး၊ မြက်ထုံးသယ်၊ ယာထွန် စသဖြင့် အဖိနှိပ်ခံ အလုပ်ကြမ်းသမား လယ်ကူလီသာသာဘဝ၌ ကျင်လည်ခဲ့ရပြီး၊ သူ့ဘဝ သူ စိတ်နာခဲ့ရ၏။

ယနေ့ ပထမဆုံးအကြိမ်အဖြစ် ကလပ်ဂေဘယ်လ် ပြဇာတ်မင်းသားတွေကို မြင်ဖူးလိုက်ရချေပြီ။ သူတို့တစ်တွေ စတိုင်ကျကျနေနေသည့်အဖြစ်ကို မြင်ပြီး

သူကိုယ်တိုင်လည်း ဆလိုက်မီးရောင်အောက်တွင် သရုပ်ဆောင်က,ပြရသောအလုပ်ကို လုပ်ချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်ခဲ့ရတော့သည်။

မဖြစ်နိုင်ဘူး ထင်ရသော်လည်း တကယ်ကြိုးစားတော့ ဖြစ်ခဲ့သည်။ စစချင်း သူက ပြဇာတ်ရုံတစ်ခုတွင် အခိုင်းခံ တောက်တိုမည်ရအလုပ်သမားကလေး ဝင်လုပ်ရ၏။ သူ့အလုပ်က ဇာတ်သမားတွေကို အဝတ်လဲခန်းထဲမှ ဇာတ်ခုံပေါ်သို့ အချိန်ကိုက်ရောက်အောင် ခေါ်ပေးရသည်။

သည့်အပြင် တစ်ယောက်နှင့်တစ်ယောက်ကြား ဆက်သွယ် သတင်းပို့ပေးရသည်။ ဇာတ်သမားတွေ၏အဝတ်အစားတွေကို ပင်မင်းဆိုင် သွားအပ်ရသည်။ သူတို့၏ဇာတ်ဝတ်ဇာတ်စားတွေကို ကြယ်သီးတပ်တန် တပ်, ချုပ်တန် ချုပ်ဖို့ကလည်း သူ့တာဝန်။ နောက်ဆုံးတော့ သူတို့ခိုင်းသမျှကို သူ တတ်နိုင်သရွေ့ ကူညီလုပ်ကိုင်ပေးရသည် ဆိုပါတော့။ ပြဇာတ်ထဲတွင် အောက်ခြေသိမ်းအလုပ်သမားကလေးအဖြစ် သူ ၂ နှစ်တိုင်တိုင် ဝင်လုပ်ခဲ့သည်။ သည့်အတွက် သူ့လုပ်ခလစာ ဘယ်လောက်ရမယ်လို့ ခင်ဗျားထင်ပါသလဲ။

အဖြေကတော့ ဘုရားစူးရစေရဲ့။ တစ်ပြားမျှ မရပါတဲ့။

၂ နှစ်လုံးလုံး လုပ်ခဲ့ရပေမယ့် အတွေ့အကြုံကလွဲလို့ တစ်ပြားဆို တစ်ပြားမျှ မရခဲ့ရှာပါ။ ဒါဖြင့် သူ့နေရေးထိုင်ရေးကကော ဘယ်လိုရှိခဲ့ပါလိမ့်။ ဇာတ်ခုံနောက်ဘက်က ပက်လက်ကုလားထိုင်တစ်လုံးမှာ အမြဲတစေအိပ်ရပြီး ကုတ်အင်္ကျီကို စောင်လုပ်၍ ခြုံခဲ့ရသည်လေ။

စားတော့ကော ဘယ်လိုစားမလဲ။ မခက်ပါဘူး။ မင်းသား, မင်းသမီးတွေက သူ့ကို တစ်အားခင်ကြ၍၊ တစ်နေ့ကို ၂ ထပ် သူတို့နှင့်လာစားဖို့ ခေါ်ကျွေးပါသတဲ့။

ထိုနှစ် ထိုရက်များက သူ့အဖို့ မီးလင်းစာမစားဘဲ နေနိုင်အောင် လေ့ကျင့်မိလျက်သား။ နောက် နှစ်ပေါင်းများစွာကြာ၍ ကမ္ဘာကျော် သောက်ရှုံးကြယ်ကြီးဘဝနှင့် သန်းပေါင်းများစွာ ချမ်းသာခဲ့ချိန်အထိ။ သူက အကျင့်ပါပြီး တစ်နေ့ ၃ ထပ်မစားဘဲ ၂ ထပ်တည်းသာ စားခဲ့ပါတော့သတဲ့။

မီးလင်းစာ (ဘရိတ်ဖတ်စ်)ကို ရှောင်တယ်။ ဟုတ်လား။ ဒါလေးများ။ အကြောင်းမှတ်လို့။ ကြမ်းပေ့ဆိုတဲ့အလုပ်တွေ ကြမ်းချင်သလောက် ကြမ်း။ သူက မမှုထမ်း။ ဒါကလည်း သူ အသက် ၁၅ နှစ်သားကလေးသာ ရှိခဲ့သလို ခေါင်ခေါင်





မြည်အောင် တောင့်ခံနိုင်စွမ်း ရှိခဲ့ပေသကိုး။ပြီးတော့ အဓိကအနေဖြင့် သူ မျှော်မှန်းတမ်းတချက် ဇရာမကြီးက ရှိနေတာကလား။

စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲမှာ ရှင်သန်နေပြီး၊ ယုံကြည်ချက်ကမ္ဘာကလေးထဲမှာ စွန့်စားနေရတာဆိုလည်း မမှား။

ဒီ့အရင် သူ တမ်းတမက်မောခဲ့သော ရောင်စုံဆလိုက်မီးရောင်များ, မိတ်ကပ်များ, ဆီဆေးရေဆေးပန်းချီကားချပ်များ, ဩဘာလက်ခုပ်သံများ, သမုဒယနွယ်ပျိုကလေးများ၏ ရင်ခုန်ကြည်နူးစရာများရဲ့ကမ္ဘာလည်း ဖြစ်နေပါလေရဲ့။

ထိုအချိန်က သူသည် အိုဟိုင်ယိုးပြည်နယ်ရှိ ဘယ် မီလျံနာသူဌေးကြီးမျှ လိုက်မမီအောင် ပီတိတွေရွှန်းရွှန်းဝေ အကျေနပ်ကြီး ကျေနပ်လျက် အပျော်ကြီး ပျော်နေခဲ့သည်ကတော့ အမှန်။

ကျွန်တော်က ကလပ်ဂေဘယ်လ်အား "ဘာတစ်ပြားမျှ မရသည့် ဇာတ်ရုံက 'ထမင်းစားကျွန်းခံ' အလုပ်သမားကလေး ဘဝထက် ယခုလို တစ်နေ့ကို ပေါင် ၂၀၀ အနည်းဆုံးဝင်ငွေရနေသည့် ကမ္ဘာကျော်မင်းသားဘဝကို ပိုပျော်မှာပေါ့နော်" ဟု သွေးတိုးစမ်းမေးမိ၏။

သူ ပြန်ဖြေလိုက်ပုံကတော့

"ဘယ်ကလာ ပျော်ရမှာလဲဗျာ။ ငွေနှင့် အောင်မြင်ကျော်ကြားမှုဆိုတာတွေက ပျော်ရွှင်မှုကို အရယူပေးနိုင်တာမှ မဟုတ်ဘဲ"တဲ့။

အက်ကရွန်ပြဇာတ်ရုံတွင် ၂ နှစ်ကြာ အသုံးတော်ခံပြီးနောက် ဝမ်းနည်းကြေကွဲစရာနှင့် ဖြန့်စားကြီး ဝင်တိုးလိုက်ရသည်။ သူ့မိထွေး သေသွားခြင်းပင် ဖြစ်၏။ ထိုအဖြစ်က သူ့ဖခင်ကြီး၏စံအိမ်ကို ပြိုကွဲသွားစေခဲ့သလို၊ ကလပ်ဂေဘယ်လ်၏ အနာဂတ်မျှော်မှန်းချက် အကြံအစည်များကိုလည်း တစ်စစီ ဖရိုဖရဲ ကြေပျက်စေခဲ့သည်။

သူ့အဖေက သူ့ယာအလုပ်ကို စွန့်ပစ်၍ ရေနံတွင်းတူး အလုပ်သမားဘဝဖြင့် အိုကလာဟိုးမားသို့သွားမယ်ဆိုပြီး၊ သားဖြစ်သူကိုပါ တစ်ပါတည်းခေါ်သွားဖို့ ဆုံးဖြတ်လိုက်၏။ အဘိုးကြီးက သူ့ကို တော်တော်ကလေး အမြင်ကတ်နေသည်။

ဇာတ်ရုံတွင် ၂ နှစ်တိုင်တိုင် အလကားပဲတင်း သွားကျွန်ခံနေသော တန်ဖိုးမဲ့ သည့်သားကို ရေနံတွင်း၌ တစ်နေ့ ၂ ပေါင် ၁၀ သျှီလင်ရနိုင်သော အလုပ် လုပ်နိုင်းမည်ဟု ဈေးတွက်တွက်ခဲ့၏။

အဘိုးကြီးက တစ်ချက်လွှတ်အမိန့်ဖြင့် ''မင်း ငါနှင့် လိုက်ခဲ့'' ဟု ခေါ်၏။ သူ့အမိန့်က ငြင်းခွင့် မရှိ။ ဓာဒကတက်မယ် မကြံနှင့်။ ပြန်ခံပြောဖို့တော့ ဝေလာဝေး။

သို့ဖြင့် ကလပ်ဂေဘယ်လ်ခမျာ ရေနံတွေ ခြေဆုံးခေါင်းဆုံးအပေပေ အလူးလူး ညစ်တူးပြီးသရဲရုပ်ပေါက်ခဲ့ကာ တစ်နေ့ကုန်တစ်နေ့ခမ်း ၁၈ ပေါင် တူကြီးကို တနိုင်းနိုင်းထုရင်း၊ ပေ ၆၀ မြင့်သောရေနံတူးစင်ကြီးတွေထိပ်ပိုင်းကို စက်ဆီတွေသွားထည့်ရင်း၊ ရေနံစစ်ကန်တွေမှာ တကုပ်ကုပ်လုပ်ရင်း နောက် ၂ နှစ်တာကာလကို ဖြတ်သန်းခဲ့ရရှာ၏။

နောက်ဆုံး ၁၉ နှစ်အရွယ် ရောက်ခဲ့ပြီး ကလပ်တစ်ယောက် ကိုယ့်ခြေ ထောက်အပေါ် ကိုယ် မားမားမတ်မတ်ရပ်နိုင်ခဲ့ပါပြီ။ သူ့အိပ်မက်များရှိရာသို့ စိတ်ညွှန်ဦးလှည့်ပြီး ပြဇာတ်လောကသို့ ပြန်ပြေးခဲ့သည်။

သူက 'ရတနာ ၇ ပါးကစားသူများ' ဟု အမည်ရသော နယ်လှည့် ဇာတ်အဖွဲ့ တစ်ခုနှင့် ဆက်မိ၏။ ထိုဇာတ်မှာ ရွှက်ဖျင်တဲနှင့် က,ပြသော တတိယတန်းစား ဇာတ်မျိုး ဖြစ်၍၊ ဇာတ်ခုံကလည်း ပရိသတ်နှင့် လက်တစ်ကမ်း မြေပိုင်းကြီးတား က,တာမျိုး ဆိုပါတော့။

သူတို့ဇာတ်အဖွဲ့က ကင်းဆက်စ်၊ နီဘရာစကာ၊ အနောက်အလယ်ပိုင်း ပြည်နယ်တစ်ခွင်ရှိ မြို့ငယ်ကလေးတွေ တစ်မြို့မှာ ရုံဝင်ခ ၂ ပဲနိမှ ၇ ပဲနိအထိယူပြီး 'ဦးလေးတွမ်ရဲ့အခန်း' သို့မဟုတ် 'ချာလီ၏အန်တီ' စသည့်ဇာတ်မျိုးကို တင်ဆက် က,ပြကြ၏။

'အဲဒီ နယ်လှည့်ဇာတ်အဖွဲ့တွင်ဝင်လုပ်တော့ လခ ဘယ်လောက်ရသလဲ' ဟု ကလပ်ဂေဘယ်လ်အား ကျွန်တော် မေးကြည့်မိ၏။ သူက သွားအဖွေးသားနှင့် ရယ်သည်။ 'လခရယ်လို့ တစ်ယောက်မျှ ရတာမဟုတ်ပါဘူး'တဲ့။ တတ်နိုင် သလောက် ကိုယ့်စရိတ် ကိုယ်စား။ မတတ်နိုင်တော့တဲ့အခါကျတော့မှ အမြတ်ငွေ ခွဲကြ။





ဒီလိုနှင့် 'တစ်ခါတော့ တစ်ပတ်စာအမြတ်ထဲမှ သူ့ဝေစုအဖြစ် ၉ သျှီလင် ရဖူးကြောင်း' သူက မှတ်မှတ်ရရ ပြန်ပြောပြ၏။

၁၉၂၂ ခုနှစ် မတ်လ ၂၁ရက် မွန်တာနာပြည်နယ် ဘက်တီမြို့လေး ရောက်သည့် အခါမှာတော့ သူတို့ဇာတ်အဖွဲ့ နှင်းမုန်တိုင်းမိပြီး ရစရာမရှိ၊ ပေးစရာ မရှိ၊ မျှော်လင့်ချက်မရှိသောဘဝမှ ကြွေးပတ်လည်ဝိုင်းလျက် စိတ်ဓာတ်ကျခြင်း များအလယ်တွင် အကျပ်အတည်းပေါင်းစုံကို ဘယ်လိုမှမဖြေရှင်းနိုင်တော့ဘဲ ဇာတ်ခေါင်း ကွဲခဲ့ကြရတော့သည်။

နောက်တစ်နေ့မနက်၌ ဂေဘယ်လ်တစ်ယောက် ရထားဘူတာရုံသို့ သစ်ရွက် တစ်ရွက်လို လွင့်လာ၏။ သူ့ခမျာ ချမ်းခိုက်ခိုက်တုန်လျက် ဆာလောင်မွတ်သိပ် နေ၏။ သူ့ဘောင်းဘီတွေကလည်း အဖာ ဗရပွစ်။ ဖိနပ်တွေကလည်း အောက်ခံမှာ အပေါက်ပေါက်အပြဲပြဲ။ အိတ်ထဲမှာတော့ ခြူးတစ်ပြားမျှ မကပ်။

သူက အဖေကြီးထံ 'သူ အိမ်ပြန်လာနိုင်ရေးအတွက် ငွေပို့ပေးပါရန်' ကြေးနန်းစာတစ်စောင်ရေးမိသည်။ ရေးပြီးခါမှ ကလပ်ဂေဘယ်လ် လက်တုံ့နှေး နေရသည်။ သူက နှင်းမုန်တိုင်းထဲသို့ မှုန်ဝါးဝါးမျက်လုံးတွေဖြင့် ရပ်ကြည့် ငေးမော ရင်း တွေးနေသည်၊ ဆွေးနေသည်၊ စဉ်းစားနေသည်။ သူ ကြေးနန်းကို ပို့ရ ကောင်းမလား၊ မကောင်းဘူးလား။ သူ စက်ဆုပ်ရွံရှာသောအလုပ်ကို ခွန့်ပစ်တော့ မှာလား။

သူ့အဖို့ ဘဝ၏လမ်းဆုံလမ်းခွတွင် ရပ်လျက်သားရောက်နေရာမှ 'အနာဂတ် တွင် အထူးအရေးပါသောဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရတော့မှာပါလား'ဟုလည်း သဘောပေါက်လိုက်သည်။

နောက်ဆုံးတော့ လေ့ခွက်ချည်းကျန် အလံမလှဲ ဆုံးဖြတ်ချက် ရဲရင့်နိုင်မာ သော ဒတ်ချ်လူမျိုးတို့၏ စရိုက်သဘာဝအတိုင်း (သူ့အဖေရော အမေပါ ပင်စီဗေးနီး ယား ဒတ်ချ်များ ဖြစ်ကြသည်။) သူလည်း သူ့ကြမ္မာ သူဖန်တီးရန် ယတိပြတ် ဆုံးဖြတ်လိုက်တော့၏။

ကြေးနန်းစာရွက်ကို အစိတ်စိတ်အမွှာမွှာခွဲဆုတ်ပစ်လိုက်သည်။ ဘူတာရုံမှ ထွက်ခဲ့သည်။ ကုန်ရထားကြီးတစ်စင်းပေါ် ခုန်တက်သည်။ ခြေသလုံးအိမ်တိုင်

ဘယ်ဖြင့် မြို့တက်ခဲ့သည်ပေါ့။ လက်မှတ်စစ်က ကလပ်ဂေဘယ်လ်အား ကုန်တွဲ တစ်တွဲထဲတွင် မိသွား၏။

နောက်ကြောင်းပြန်ရလျှင် ထိုအချိန်က ၁၉၂၂ ခုနှစ်။ ကလပ်ဂေဘယ်လ် ကမ္ဘာ့အကျော်ကြားဆုံး လူတစ်ယောက်အဖြစ် ဂုဏ်မတင်ခင် ၁၂ နှစ်အကြာ ကပေါ့။ ဒါပေမယ့် လက်မှတ်စစ်လုပ်သူက ဒါကို မသိခဲ့သလို၊ သူ့ကို ရထားပေါ်မှ ကန်ချခဲ့၏။

ကလပ်လည်း အော်ရီဂွန်ပြည်နယ် ပို့တ်လင်းမြို့သို့ ရထားခအလုံအလောက် ရဖို့အတွက် နီးရာသစ်ခုတ်စခန်းတစ်ခုမှာ ၃ လလုံးလုံး ဝင်လုပ်ရပြန်သည်။

သူ ပို့တ်လင်းကိုရောက်တော့ တခြားနယ်လှည့်ဇာတ်အဖွဲ့တစ်ခုထဲ ဝင်ခဲ့ပြန်၏။ ထိုအဖွဲ့ကလည်း ထုံးစံအတိုင်း လိမ်ဖယ်လိမ်ဖယ် တော်တစ်လှည့်ပြတ် တစ်လှည့်နှင့်မို့ ကလပ်ဂေဘယ်လ်ခမျာ စားဝတ်နေရေးအဆင်ပြေဖို့ နေ့စား အလုပ်သမား ဝင်လုပ်ရပြန်သည်။

အလုပ်တွေကတော့ စုံမှစုံ။ မြေတိုင်းအဖွဲ့တစ်ဖွဲ့အတွက် သံကြိုးကွေ သယ်ပေးရဖူး၏။ ဆူး ချုံနွယ်၊ မြက်တွေပေါလှသောကွင်းထဲမှာ လားအုပ်ကျောင်းရဖူး၏။

လမ်းဖောက်သူတွေခိုင်းလို့ ချုံတွေ ရှင်းပေးရ၏။

ပို့တ်လင်းသို့ ဒုတိယအကြိမ်ပြန်ရောက်သွားသောအခါမှ သူ့အတွက် အလုပ်ရဖို့ ဘယ်နည်းနှင့်မှုမလွယ်အောင် ကြုံရတော့သည်။ သူလိုချင်သော အလုပ်တွေ မှန်သမျှ သူ လျှောက်လိုက်ချိန်မှာ လူပြည့်နေတာ များ၏။ ထို့ကြောင့် သတင်းစာ တိုက်တစ်တိုက်၏ အလိုရှိသည်ကြော်ငြာဌာနတွင် အလုပ်ရအောင်ဝင်ခဲ့ပြီး၊ သူ့အရည်အသွေးနှင့်အစွမ်းအစ မခေကြောင်းကို ပြသခဲ့သည်။

သူ့အလုပ်က 'အလိုရှိသည်'ကြော်ငြာတွေ သတင်းစာထဲမထည့်ခင် အမျိုးအစား ရွေးချယ်ပေးရ၏။

သည်တွင် သူ့အနေဖြင့် အလုပ်ကောင်းကို ဦးဦးဖျားဖျားသိပြီး လျှောက်ထားခွင့်ရစေ၏။ သူရွေးချယ်လိုက်သော အလုပ်သစ်က တယ်လီဖုန်းကုမ္ပဏီ တစ်ခု၌ တစ်ပတ် ၃ ပေါင်ရသော လိုင်းမင်း (ကြိုးဆက်သွယ်ရေးဝန်ထမ်း) ဖြစ်သည်။ ထိုအလုပ်က သူ့ဘဝ၏ တစ်ဆစ်ချိုး အလှည့်အပြောင်းကို ဖန်တီးပေးလိုက်၏။





တစ်နေ့ သူ့ကို ပို့တ်လင်းမြို့ရှိ ပြဇာတ်ရုံငယ်တစ်ခုမှ တယ်လီဖုန်းတစ်လုံးကို သွားပြင်ခိုင်းသည်။ သူက ဖုန်းကိုပြင်ပေးရင်း ဇာတ်ခုံဒါရိုက်တာ ဂျိုးဇက်ဖင်းဒီလွန်နှင့် သိကျွမ်းခဲ့ရ၏။

သူသည် သူမထံမှ သရုပ်ဆောင်ပညာများကို သင်ယူခဲ့ရာမှ တွယ်တာ နှောင်ဖွဲ့မိပြီး လက်ထပ်ယူလိုက်သည်။ သူတို့ မင်္ဂလာဆောင်သည့်နေ့ကား ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ဖြစ်၏။

သို့သော် သူ စိန်ကြယ်တစ်ပွင့်အဖြစ်သို့ တက်လှမ်းရာ ပထမဆုံးလှေကား ထစ်ဟုဆိုရမည့် 'လွတ်လပ်ရေးဝိညာဉ်' ဟူသော ရုပ်ရှင်ကားထဲတွင် လူဆိုး တစ်နေရာက ပါဝင်ခွင့်မရမီအထိ စိတ်ဓာတ်ကျစရာ၊ ရင်နာစရာတွေကတော့ ပြောလို့မကုန် တစ်ပုံရယ်မှ တပင်ကြီး။

သူ့ခမျာ ဘရော့ဒ်ဝေးပြဇာတ်ရုံများနှင့် ဟောလီးဝုဒ်ရုပ်ရှင်လောကတွင် မထင်မရှား 'ဖြတ်လျှောက်'အခန်းများက ပါဝင်သရုပ်ဆောင်ရန် ကူးချည်သန်းချည် တရစ်ဝဲဝဲ ကျင်လည်ပြေးလွှားရင်း နှစ်နှင့်ချီ၍ ဒုက္ခခံခဲ့ရသေးသည်။ စုပေါင်းအိပ်ရာ အခန်းကျယ်ကြီးတွင် နေထိုင်ရ၏။ အပေါစားဆိုင်များတွင် စားသောက်ရ၏။ ရုပ်ရှင်စတူဒီယိုများမှ သရုပ်ဆောင် ရွေးချယ်ရေးဌာနများသို့ ခြေတိုအောင် သွား၍မျက်နှာပြရ၏။

ဘယ်နေရာ၊ ဘယ်အခန်းက ဘာပဲလုပ်ရလုပ်ရ လုပ်ခွင့်ကလေးရဖို့ ၁ လပြီး ၁ လ၊ ၁ နှစ်ပြီး ၁ နှစ် စိတ်ရှည်ရှည် ဖွဲကောင်းကောင်းနှင့် ကြိုးစားခဲ့သည်။ နောက်ဆုံးမှာတော့ ဇာတ်ကားတစ်ကားထဲ၌ စကားပြောရသော ဇာတ်ကောင်တစ်နေရာ ရခဲ့တော့၏။ 'ဟောလီးဝုဒ်ရုပ်ရှင်နယ်ပယ်မှာ သူ ခြေဖျားကလေး တစ်ထောက်စာ ဝင်တိုးမိပြီပေါ့လေ။ ဒါပေမယ့် သူ့အထင်က တက်တက်စင်မှားသွားသည်။

နောက်တစ်ကြိမ် စကားပြောခန်းမှ ပါဝင်ရိုက်ကူးခွင့်ရရေးအတွက် ၆ နှစ်လုံးလုံးစောင့်လိုက်ရသည်။ ပြီးတော့ သူအဖို့ ထင်သလောက်လည်း မပေါက်လိုက်ရပါ။ 'ပျော်မြူးနေသော မုဆိုးမ' ရုပ်ရှင်ကား၌ သံပြိုင်ဆိုအဖွဲ့မှာ အရန်လူအဖြစ် သရုပ်ဆောင်ခွင့် တစ်ကြိမ်လား ရခဲ့၏။ သူ့သရုပ်ဆောင်ခကလည်း တစ်ရက်မှ ၁ ပေါင် ၁၀ ဆင့်။

နှစ်ပေါင်းအတန်ကြာ၍ ကမ္ဘာ့အသည်းကျော် ရှေမင်းသားဘဝ ရောက်ပြီဆိုသောအခါ ကလပ်ဂေဘယ်လ်သည် သူ့စတူဒီယိုဏ်နံရံများပေါ်၌ 'ပျော်မြူးနေသော မုဆိုးမ' ကြော်ငြာပိုစတာက သူပါသောဓာတ်ပုံကို မှန်ပေါင်သွင်း၍ ချိတ်ထားလိုက်ပါ၏။ ထိုပိုစတာကိုဖြတ်၍ သူက စာတန်းရေးထိုးထားသည်။

'မင်းကို သတိပေးဖို့အတွက်ပါ ဂေဘယ်လ်၊
မင်းဘဝကို မမေ့အောင်လို့ပါ' တဲ့။

ဘာပဲဖြစ်ဖြစ်၊ ကလပ်ဂေဘယ်လ်အဖို့ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်ရှောက်ရန် ပူပင်ကြောင့်ကြစိုက်စရာ ဘယ်တော့မှ လိုသူမဟုတ်ပါ။ သူက ပါးနပ်လိမ္မာပြီးသား ဖြစ်ပါသည်။

မီယာမီရှိ တပ်မတော် လေတပ်သင်တန်းကျောင်း၌ တက်ခဲ့စဉ်ကာလမှာလည်း သူက ကျောင်းတွင် ပေါ်ပြူလာအဖြစ်ဆုံး ကျောင်းတော်သားအဖြစ် အများဆန္ဒအရ ရွေးချယ်ခံခဲ့ရပါ၏။ ဒါကလည်း သူကိုယ်၌က ချစ်ခင်စရာကောင်းလို့၊ ရိုးသားလို့၊ မြေကြီးဆန်ဆန် သည်းခံနိုင်မှုချလို့၊ လေလုံးထွားထွား အကြွားမသန် ဟိတ်ဟန်မထုတ်လို့သာ ဖြစ်ပါသည်။

ကလပ်ဂေဘယ်လ်သည် လေကြောင်းကာကွယ်ရေးတပ်ဖွဲ့တွင် စက်သေနတ်သမားဖြစ်ရန် လပေါင်းများစွာ သင်ကြားလေ့ကျင့်ခဲ့ရသည်။ ထိုသင်တန်းမှာ လူငယ်စစ်သည် ထောင်သောင်းများစွာကိုပင် တက်ရောက်ခွင့် ငြင်းပယ်ပစ်သော သင်တန်းတစ်ခု ဖြစ်၏။ သို့သော် အသက် ၄၂ နှစ် ရှိနေပြီဖြစ်သော ကလပ်ဂေဘယ်လ်ကိုတော့ ငြင်းပယ်ခြင်း မပြုခဲ့ချေ။

ကလပ်ဂေဘယ်လ်သည် ရုပ်ရှင်လောကတွင် ရုပ်ရှင်ချစ်သူများ၏အသည်းကျော် လျှမ်းလျှမ်းတောက်ရှေ့ကြယ်ပွင့်ကြီးတစ်ပွင့် ဖြစ်ခဲ့လင့်ကစား၊ 'သူ ငယ်ငယ်ကတော့ မိန်းကလေးတွေနှင့်ပတ်သက်၍ ကံခေသူ၊ အချစ်ရှုံးသမားတစ်ဦးပါ' ဟူ၍ ကျွန်တော့်ကို သူကိုယ်တိုင် ဖွင့်ပြောခဲ့၏။

ယောကျ်ားကလေးသဘာဝ သူလည်း မိန်းကလေးတချို့ကို ချစ်ကြိုက်ခဲ့ဖူးပေသပေါ့။ သို့ပါသော်လည်း အများစုက သူ ချစ်နေတာကို မသိခဲ့ကြပါ။ ဒါကလည်း သူ့ခမျာ ဖွင့်ပြောဖို့ သတ္တိမရှိခဲ့လို့ပါတဲ့။ သို့ဖြင့် 'ကောင်မကလေး





တွေနားတိုးကပ်ပြီး မရှက်မကြောက် ရည်းစားစကားပြောသော ကောင်ကလေးတွေကို သူ မနာလိုတောင်ဖြစ်မိကြောင်း' ရင်ဖွင့်ခဲ့ပါသည်။ သူ့အနေဖြင့် ကောင်မလေးတွေကို ကြောက်လန့်ကောင်း ကြောက်လန့်ခဲ့သော်ငြားလည်း၊ သူ့ သတ္တိကတော့ အမြင့်စား၊ အမြတ်စားဖြစ်တာ သေချာပါ၏။

သတ္တိရှိ၍ ရဲရင့်ကျွမ်းကျင်မှုအတွက် 'လေသူရဲကောင်း' ဘွဲ့တံဆိပ် ချီးမြှင့်ခံခဲ့ရခြင်းက ထိုအချက်ကို အထင်အရှား ပြဆိုနေခဲ့ပါသည်။

ကလပ်ဂေဘယ်လ်သည် သူရဲကောင်းဘွဲ့ကို ဥရောပတိုက် စစ်မျက်နှာပေါ်သို့ ဗုံးကြဲလေယာဉ်ဖြင့် ၅ ကြိမ်တိတိ သွားရောက်တိုက်ခိုက်ခဲ့ရာမှ ချီးကျူးအံ့ဩလောက်အောင် ထူးထူးခြားခြား စွန့်စားစွမ်းဆောင်ခဲ့ခြင်းကြောင့် ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းပါ။ ဘွဲ့တံဆိပ်ချီးမြှင့်ကြောင်း အမိန့်စာသဝဏ်လွှာထဲ၌ ဤသို့ ဖော်ကျူးထား၏။

'တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဗိုလ်ကြီးဂေဘယ်လ်၏ ကျွမ်းကျင်မှု၊ သွေးအေးမှု၊ ရဲစွမ်းသတ္တိရှိမှုများက သူ့အား ကြီးမြတ်စွာ ဂုဏ်ပြုချီးကျူးခြင်းကို တုံ့ပြန်ပေးအပ်စေပါကြောင်း'



# ဗိုလ်ချုပ်ကြီး ကလိုင်ယာ ရှန်းနော့
# General Claire Chemnault

**လက်ဝှေ့ထိုးကောင်းလို့ ကျောင်းဆရာဖြစ်လာသူ။**
**စစ်တက္ကသိုလ်ဝင်ခွင့်မရဘဲ ဗိုလ်ချုပ်ကြီးရာထူး ရခဲ့သူ။**
**စွန့်စားမှုကို ဝါသနာပါ၍**
**စစ်သွေးစစ်မာန် အပြတ်အ တက်ကြွနေခဲ့သူ။**

❐ ပထမကမ္ဘာစစ်ကြီးအတွင်းက လူးဝစ်ရှာနားတွင် ကျောင်းဆရာလုပ်ခဲ့သူ တစ်ယောက်သည် လေတပ်ထဲဝင်ဖို့ ကြိုးစားခဲ့၏။ သို့သော် သူ၏ ပထမ လျှောက်လွှာမှာ အောက်ပါအကြောင်းပြချက်ဖြင့် ပယ်ချခံခဲ့ရသည်။

'အောင်မြင်သော လေသူရဲတစ်ဦးဖြစ်ရန် လိုအပ်သောအရည်အချင်းများ မရှိပါ' တဲ့။

နောက်ပိုင်းကျတော့ ထိုပုဂ္ဂိုလ်မှာ လေကြောင်းတိုက်ပွဲများတွင် အုံ့မခန်း လက်သံပြောင်သော ပါရမီရှင်သူရဲကောင်းအဖြစ် ဂုဏ်ပြုခံဘဝသို့ ရောက်ခဲ့ရပါ လေ၏။ သူ့အမည်ကား ရှန်းနော့။

ဗိုလ်မှူးချုပ် ကလိုင်ယာလီး ရှန်းနော့ ပါပေတည်း။

ပုလဲဆိပ်ကမ်းကို ဂျပန်များ ဗုံးကြဲခဲ့ပြီး ရက်ပေါင်း ၃၀ အတွင်း တရုတ်ပြည် တွင်အခြေစိုက်သော သူ၏ အမေရိကန်အပျော်တမ်းလေတပ်က လက်တစ်ဆုပ်စာ မျှ ငယ်ပင်ငယ်လှသော်လည်း ဂျပန်လေတပ်ကို ဟန့်တားနိုင်ခဲ့ကာ၊ မြန်မာပြည် တောတောင်တွေထဲသို့လည်း မီးဟုန်းဟုန်းတောက်အောင် ဗုံးကြဲပေးနိုင်ခဲ့သည်။



ဗိုလ်မှူးချုပ်နှင့် သူ၏ အမေရိကန် အပျော်တမ်းလေသူရဲများ၏ 'ကျားပျံများ' သည် ပုလဲဆိပ်ကမ်းအပါအဝင် ဝမ်းနည်းကြေကွဲစရာများကြုံရသော ၆ လတာ အတွင်း ဂျပန်တွေအပေါ်၌ အောင်ပွဲဆင်နိုင်သည့် တစ်ဖွဲ့တည်းသော မဟာမိတ် တပ်ဖွဲ့အဖြစ် ဥဒါန်းတွင်ခဲ့၏။

ထို ကြေကွဲဖွယ် ၆ လအတွင်း အင်အားကြီးမားသောရန်သူများ၏ နိုင်ထက် စီးနင်း ဖျက်ဆီးတိုက်ခိုက်မှုခံခဲ့ရပုံများကို မှတ်မိပါသလား။

ယင်းအချိန်ကာလများအတွင်း ဂျပန်များက ဖိလစ်ပိုင်ကျွန်းများ၊ ဒတ်ချ် အရှေ့အင်ဒီးစ်ကျွန်းများ၊ စင်ကာပူနိုင်ငံများကို အနိုင်ယူသိမ်းပိုက်ထားခဲ့သည်။

ကျွန်တော်တို့၏ အစွမ်းအထက်ဆုံး စစ်သင်္ဘောကြီး ၂ စင်းဖြစ်သော 'ဝေလမင်းသား' နှင့် 'တိုက်တိုင်းအောင်' တို့ကို နစ်မြုပ်ပစ်ခဲ့သည်။ အလျူရှန်းစ်ရှိ အမေရိကန်ပိုင်နယ်မြေများကို စီးနင်းတိုက်ခိုက် သိမ်းယူလိုက်ကြသည်။

ဩစတေးလျနိုင်ငံ၏ နယ်စွန်နယ်ဖျားတစ်ဝိုက်ကို ကျူးကျော်ဝင်ရောက် နေကြသည်။

မြန်မာနိုင်ငံ၏ ကောင်းကင်ယံတွင် မီးလျှံရဲရဲ သွေးချင်းချင်းနီစေ၍ လေ ကြောင်းတိုက်ပွဲသမိုင်း၌ တုဖက်မရှိ နှိုင်းဖက်မမြင်အောင် အဆိုးရွားဆုံးကမ္ဘည်း တင်ခဲ့သည်။

ဂျပန်များ ပုလဲဆိပ်ကမ်းကို အလစ်ဝင်တိုက်ခိုက်ချိန်၌ ဗိုလ်ချုပ်ကြီး ရှန်းနော့ လက်ထဲ၌ ခေတ်မမီတော့သော လေယာဉ်အစင်း ၁၀၀ နှင့် လေ့ကျင့်ပြီး လေသူရဲ ၅၀ သာ ရှိ၏။

လေယာဉ်အပိုပစ္စည်းတွေရဖို့ အင်မတန် ခက်ခဲလှသည့်အတွက်ကြောင့် လည်း တိုက်ပွဲတစ်ပွဲ ဖြစ်ပြီးနောက် သူ့လေယာဉ်များတွင် ပြန်လည်အသုံးပြုနိုင်မည့် ဂျပန်လေယာဉ်ပျက်က စက်ကိရိယာအပိုင်းအစတွေကို သွားရှာရန် တရုတ်ကူလီ တွေကို တောထဲသို့ စေလွှတ်ခဲ့ရ၏။

လေယာဉ်ဆီ အတွက်ကရော၊ ဆီတွေအားလုံးမှာ အိန္ဒိယနိုင်ငံမှတစ်ဆင့် ကမ္ဘာ့အမြင့်ဆုံးတောင်တန်းကြီးတွေအပေါ် ဖြတ်ကျော်ပျံသန်း၍ သယ်ယူခဲ့ရသည် လေ။ ထိုအချိန်က 'လေယာဉ်ဆီ' ဆိုတာကလည်း ရှားမှရှားမို့ ရွှေထက်ပင် အဖိုးတန်နေသလို ခဲရာခဲဆစ် ဂရုတစိုက်သယ်ဆောင်ခဲ့ရခြင်း ဖြစ်ပါ၏။

ပုလဲဆိပ်ကမ်း ချေမှုန်းခံရပြီး ရက် ၉၀ အတွင်း ရှိန်နော့၏ ကျားပျံများမှာ စင်းရေ ၂၀ ကျော်ကျော်သာရှိခဲ့ပြီး၊ ခဲယမ်းမီးကျောက်တွေကလည်း စက္ကန့် ၆၀ ကျော်စာမျှသာ ပစ်ခတ်နိုင်ရုံကလေး ရှိခဲ့သည်။ သို့တိုင် သူတို့က သူတို့ ဆုံးရှုံးခဲ့သမျှသော လေယာဉ်တွေအတွက် လျော်ကြေးတောင်းသောအားဖြင့် ဂျပန် လေယာဉ်အစင်း ၂၀ ကို ပစ်ချနိုင်ခဲ့ကြ၏။

ပြီးတော့ အသက်စတေးခဲ့ရသမျှသော သူတို့လေသူရဲတွေအတွက်လည်း ဂျပန်လေသူရဲ ၉၂ ယောက်ကို ကလဲ့စားချေ သုတ်သင်ခဲ့ကြခြင်းဖြင့် လေကြောင်း တိုက်ပွဲသမိုင်းတွင် ရာစုနှစ်နှင့်ချီ၍ စံချိန်တင်လောက်သည့် မော်ကွန်းတစ်ရပ်ကို ကမ္ပည်းထိုးခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက် ပုလဲဆိပ်ကမ်းကို စုံးကြပြီး ၁၆ ရက် မျှအကြာမှာပင် သူတို့ တိုက်လေယာဉ်အုပ်စုက မြန်မာနိုင်ငံလမ်းမကြီးကို စုံးကြဖို့ ကြိုးစားခဲ့သောအခါ ဂျပန်တွေ အံ့အားသင့် လန့်ဖျပ်သွားကြရ၏။

ရုတ်တရက်ဆိုသလို ကျားပျံ ၆ စင်းက ၃ သုတ်ခွဲ ၂ စင်းတွဲလျက် တိမ်တိုက် တွေကြားမှ ဖောက်ထွက်လာပြီး အောက်ဘက်သို့ ထိုးစိုက်ဆင်းခဲ့ကာ ကောင်းကင် ယံထဲတွင် ကွေ့လိုက်ပတ်လိုက် လူးလွန့်ပျံသန်းလိုက်ဖြင့် တဖျပ်ဖျပ်တောက်ပ နေခဲ့ကြပါပြီ။

သည့်နောက် သူတို့က မီးပွင့်မီးပန်းတွေ ဝေါခနဲ တစ်ချက်တည်း ပစ်ဖောက် ပြီး တစ်ပြိုင်တည်း ကိုယ်ရောင်ဖျောက်ပြေးခဲ့ကြ၏။ သို့ပေမယ့် ဂျပန် စုံးကြ လေယာဉ်ကြီးတစ်စင်းမှာ မီးတောက်မီးလျှံတွေကြားထဲရောက်သွားလျက် ဝုန်းခနဲ ပေါက်ကွဲသွားရတော့သည်။

တရုတ်ပြည်အာကာသကို လေကြောင်းကစိုးမိုးထားသော ဂျပန်ဖက်ဆစ် များအဖို့ ၅ နှစ်သက်တမ်းအတွင်း ယခင်က မကြုံဖူးသောအဖြစ်ဆိုးနှင့် ရင်ဆိုင် လိုက်ရခြင်းပင် ဖြစ်၏။ ဒါက အစပဲ ရှိသေးသည်။

နောက် ၄၈ နာရီအကြာ ခရစ်စမတ်နေ့ကြီးတွင် ဂျပန်လေယာဉ်တွေက ရန်ကုန်မြို့ပေါ်သို့ ရက်ရက်စက်စက်စုံးကြခဲ့သဖြင့် လူ ၁၆၀၀ ကျော် သေဆုံးခဲ့ရ သည်။ သည်ကြားထဲမှ ကျားပျံ ၁၈ စင်းက ဂျပန်စုံးကြလေယာဉ်ကြီးတွေကြား ဖွတ်တိုးဝင်ခဲ့ပြီး ဂျပန်လေယာဉ် ၁၈ စင်းကို တစ်ပိုင်းတစ်စစီ လွင့်စဉ်ပေါက်ကွဲ သွားအောင် ပစ်ခတ်တိုက်ခိုက်ခဲ့၏။





အမေရိကန်လေယာဉ်တစ်စင်းမျှ၊ လေသူရဲတစ်ယောက်မျှ ထိခိုက်ဆုံးရှုံး ခြင်း မရှိခဲ့ရပါ။ ယခု ကျားပျံတွေမှာ သွေးအရသာ သိသွားကြလေပြီ။

နောက်တစ်နေ့ အရုဏ်တက်ချိန်မှာတော့ သူတို့က ထိုင်းနိုင်ငံတောအုပ်ထဲ တွင်အခြေစိုက်ထားသော ဂျပန်စုံးကြလေယာဉ်အုပ်စုတစ်ခုလုံး မြေပြင်က ပျံမတက် နိုင်ခင် ပြွတ်ပြွတ်ပြန်း ချေမှုန်းပစ်လိုက်ပြန်သည်။ ထိုညမှာလည်း သူတို့က တစ် ကျော့ပြန်လာပြီး ဂျပန်လေတပ်၏ အကြွင်းအကျန်လေယာဉ်အုပ်စုကို ရှင်းပစ်ခဲ့ ပြန်၏။

တိုကျိုမှ ဂျပန်စစ်ဘုရင်ကြီးတွေလည်း အသားတဆတ်ဆတ်တုန်၍ တကဲ တခေါက်ခေါက်နှင့် ဖြုံသွားကြရသည်။ ၄ ရက်တာအတွင်း မြန်မာနိုင်ငံပေါ်၌ သူတို့ပျက်စီးဆုံးရှုံးခဲ့ရသော လေယာဉ်တွေက တရုတ်ပြည်တွင် ၁ နှစ်လုံး ဆုံးရှုံး ပျက်ကျခဲ့ရသမျှထက် အဆပေါင်းများစွာ ပိုခဲ့ရသည် မဟုတ်ပါလား။

ဗိုလ်ချုပ်ကြီး ရှိန်နော့နှင့် သူ့တပည့်ကျော်များသည် ဂျပန်တို့၏ ကျူးကျော် ရေးအစီအစဉ်ကို ဆန့်ခါကျအောင် ဖောက်ပစ်နိုင်ခဲ့ကြ၏။

သူတို့လုပ်ရပ်က ဘယ်တော့မျှ ရောက်လာစရာမရှိတော့သော ဂျပန်လေတပ် ၏ကယ်ဆယ်မှုအား မျှော်ကိုးစောင့်စားနေကြသည့် ထောင်ပေါင်းများစွာသော ဂျပန်စစ်သားများကို မီးခိုးတလူလူထွက်နေသည့် မြန်မာနိုင်ငံတောအုပ်ကြီးတွေ ထဲ၌ လှောင်ပိတ်ထားနိုင်အောင် ပံ့ပိုးကူညီရာရောက်ခဲ့သည်။

ထို့အပြင် ဂျပန်တွေ အိန္ဒိယကို ကျူးကျော်ဝင်ရောက်မည့်အရေးမှလည်း ဟန့်တားနိုင်စွမ်းပေးခဲ့သည်။

အကယ်၍ မိုင်ပေါင်း ရာ အနည်းငယ်သာဝေးတော့သော အိန္ဒိယပြည်အထဲ သို့ ဂျပန်တွေသာ ထိုးဖောက်ဝင်လာနိုင်ခဲ့လျှင်၊ ကာလကတ္တားမြို့တော်ကို သူတို့ အပိုင်စီးရုံမက ဗြိတိသျှလက်ထဲက အကြီးဆုံးသံမဏိမိုင်းတွေကိုပါ လုယူ သိမ်းပိုက် လိုက်ကြမှာ မလွဲ။

ဗိုလ်မှူးချုပ် ကလိုင်ယာရီရှိန်နော့ဟာ ဘယ်လိုလူစားလဲ။

ဂျပန်လေယာဉ်တွေအပေါ် မယုံနိုင်လောက်အောင် ထူးထူးကဲကဲ အနိုင်ယူ အောင်ပွဲဆင်ခဲ့သည့် သူ့လျှို့ဝှက်ချက်တွေကကော ဘာများပါလိမ့်။ ဒါတွေသိဖို့

အတွက် သူ့ဘဝကို နောက်ကြောင်းပြန် ဆန်းစစ်ရန် လိုပါသည်။

သူသည် မိဘတွေ တော်တော်များများက သဘောမကျသောနည်းလမ်း တစ်ရပ်ဖြင့် လူလားမြောက်ခဲ့သူဖြစ်၏။

သူ ၄ နှစ်သားအရွယ်ကပင် မိခင် ကွယ်လွန်ခဲ့ရ၏။ ဝါခင်းလုပ်ငန်း တစ်ဖက်၊ မြို့အုပ်ရဲမှူးတာဝန်တစ်ဖက်ဖြင့် အလုပ်ရှုပ်နေသော သူ့ဖခင်ကတော့ သူ့ကို တောသားကလေးတစ်ယောက်ပီပီ အလုပ်ကြမ်းတွေလုပ်ပြီး သူ့အရိုက်အရာကို ဆက်ခံခြင်းဖြင့် ကိုယ့်ကိုယ်ကို အားထားရပ်တည်နိုင်လာမည်ဟု ယုံကြည်ခဲ့၏။ သို့နှင့်အမျှ ကလိုင်ယာရီကလေးမှာ ထိုအတိုင်း ပုံသွင်းခံခဲ့ရသလို အရိုင်းအစိုင်း တိရစ္ဆာန်တစ်ကောင်ထက် အခွင့်အရေး နည်းနည်းပိုသာရုံလေး ထိန်းသိမ်းချုပ်ချယ်မှုခံခဲ့ရ၏။

အတိအကျ သေချာအောင်ပြောရလျှင် သူသည် ရွာကျောင်းကလေး၌ ဝင်လိုက်ထွက်လိုက် တက်ခဲ့ရ၏။ ဒါပေမယ့် ကျောင်းတွင် သူ ဝါသနာပါသော ဘာသာရပ်ကိုသာ သင်ကြားခဲ့ရ၏။ အဓိကအားဖြင့် ပထဝီနှင့် သမိုင်း။

သူ့ဉာဏ်ရည်ကို မီးထိုးပေး၍ သူ့စရိုက်ကိုပုံသွင်းပေးခဲ့သော စွမ်းအား တစ်ရပ်ကတော့ ဒင်နီယယ်ဘွန်းနီ၊ တွမ်ဆောယား၊ ဟပ်ကယ် ဘယ်ရီဖင်းတို့ ကဲ့သို့သော စွန့်စားခန်းစာအုပ်များကို ဖတ်မိခြင်းပင် ဖြစ်၏။ သို့နှင့်အမျှ သူသည် အလွန်စိတ်တက်ကြွခဲ့ရ၏။ အလွန်ကို စွန့်စားချင်လာ၏။ ဒင်နီယယ်ဘွန်းနီတို့၊ ဟပ်ကယ်ဘယ်ရီဖင်းတို့ဘဝမျိုးမှာ နေချင်ခဲ့ရာမှ 'နေမည်'ဟု ဆုံးဖြတ်ခဲ့သလို၊ တကယ်လက်တွေ့လည်း သွားနေခဲ့သည်။

တစ်ချိန်တွင် ချုံနွယ်ပိတ်ပေါင်းတွေထူထပ်လှသော လူးဝစ်ရှားနားတောနက်ကြီးအတွင်းသို့ သေနတ်တစ်လက်၊ ငါးမျှားကိရိယာတန်ဆာပလာတွေနှင့် မီးခြစ်ဘူးများယူကာ တစ်ယောက်တည်းဝင်သွားရာက တစ်ပတ်ကြာ ပျောက်နေခဲ့၏။ ဖမ်းမိသောငါးများနှင့် ပစ်ခတ်ရရှိသောကြက်ဆင်ရိုင်းတွေ စားသောက်ပြီး အသက်ဆက်ခဲ့သည်။ သက်သက်အချိန်ဖြုန်းတာလား။ မဟုတ်ပါ။

သူ၏ လူငယ်ဘဝနှင့်ဝါသနာကို အဆင့်မြင့်စွန့်စားခန်းများနှင့် ဖြည့်စွမ်းခဲ့ခြင်းသာဖြစ်ပြီး၊ နောင်အခါ ထက်မြက်သောစစ်ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်ဖို့ ပါရမီဖြည့်ခဲ့ခြင်းဆိုလည်း မမှား။





ငယ်ဘဝအလေ့အကျင့်တွေက ဘက်စုံထူးချွန်သူတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးခဲ့၏။ ဒါကြောင့်လည်း သူ့ရဲသတ္တိ၊ ဆန်းသစ်တီထွင်မှု၊ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်မှု၊ ဆုံးဖြတ်ချက်လျင်မြန်မှု၊ သေနတ်ပစ်လက်တည့်မှုများတွင် သူ့မတူအောင် စွမ်းဆောင်နိုင်ခဲ့တော့သည်။

သေနတ်ပစ်မှာ ပြိုင်ဖက်မရှိ ချန်ပီယံဖြစ်ခဲ့တော့လည်း၊ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ကို သွားတက်ဖို့ ကြံခဲ့၏။ သို့ပေမယ့် ဝက်စ်ပွိုင့်ကို တက်ဖို့ဆိုသည်မှာ တင်းကြပ်သောစာမေးပွဲကြီးဖြေပြီး အောင်မှတ်ကောင်းမှ ဝင်ခွင့်ရ၏။ ဒီတော့လည်း အသင့်ပြင်သည့်အနေဖြင့် လူးဝစ်ရှားနား ပြည်နယ်တက္ကသိုလ်တွင် ပညာသွားသင်မိသည်။

ကံခေချင်တော့ သူ့မဟာအကြံမှာ မက္ကစီကိုမှကူးလာသော ဘာမဟုတ်သည့် ပိုးကောင်မွှားကောင်ကလေးတွေကြောင့် ဗုန်းဗုန်းလဲပျက်စီးခဲ့ရပါပြီ။ နှံဖျက်ပိုးတွေကျ၍ သူ့ဖခင်ကြီး၏ ဝါခင်းတစ်ဝက်လောက် ကုန်သွားသည့်နောက် သားဖြစ်သူအား သူ့လက်ငုတ်လက်ရင်းကိုဆက်လုပ်ဖို့ အဓမ္မခိုင်းစေခဲ့၏။ သို့ရာတွင် သူက တခြားအလုပ်ပြောင်းလုပ်ဖို့ ကြိုးစားခဲ့၏။ မအောင်မြင်။

သူက ကျောင်းဆရာအဖြစ်အသက်မွေးဖို့ ဆုံးဖြတ်ခဲ့သလို၊ ပထမဆုံး သူရသော အလုပ်မှာလည်း ဆရာပင် ဖြစ်၏။ ဒါက သူ့ပညာအရည်အချင်းကြောင့် မဟုတ်ဘဲ၊ အတိုက်အခိုက် အသတ်အပုတ်ကောင်းလို့သာ ဖြစ်ပါသည်။

တစ်နေ့ သူ လူးဝစ်ရှားနားတက္ကသိုလ်တွင် ကျောင်းတက်နေခိုက် သူတို့ကျောင်းတစ်ဖက်ကမ်း မစ္စစ္စပီမြစ်ထဲ၌ စစ်သင်္ဘောကြီး 'မစ္စစ္စပီ' လာပြီး ကျောက်ချရပ်နားသည်။

စစ်သင်္ဘောမှ သင်္ဘောသားတွေက တစ်မြို့လုံးကို ဝုန်းဒိုင်းကြဲအောင် သောင်းကျန်းချင်တိုင်း သောင်းကျန်းပြီး၊ သူတို့တက္ကသိုလ်ကျောင်းသားတစ်ယောက်ကို လက်ဝှေ့ရေးပြိုင်ဖို့ စိန်ခေါ်သည်။

သည်တော့ ကလိုင်ယာက 'စစ်သင်္ဘောပေါ်က မစ်ဒယ်ဝိတ်တန်း ဘယ်ကောင်နှင့်မဆို ယှဉ်ထိုးမည်'ဟု လူစွမ်းကောင်းလုပ်၍ ကြေညာလိုက်၏။ စစ်သင်္ဘောပေါ်က မစ်ဒယ်ဝိတ်တန်းချန်ပီယံမှာ ရေတပ်မတော်တစ်ခုလုံးတွင် ပြိုင်ဖက်မရှိ တံခွန်စိုက်ဆုဆွတ်ခူးထားသူ ဖြစ်ကြောင်း သူ့ခမျာ မသိရှာခဲ့။

ရှန်နော့အဖို့ ထိုချန်ပီယံအား လက်အိတ်နှင့် ၁၀ ချီတိုင်တိုင် အသည်းအသန် ခံထိုးခဲ့ရာမှ၊ "နောက် ၁၀ ချီကို လက်အိတ်ချွတ်ပြီး လက်သီးချည်းသက်သက် ထိုးရအောင်" ဟု စိန်ခေါ်လိုက်ပြန်သည်။

ချန်ပီယံကြီးကငြင်းသဖြင့် တက္ကသိုလ်တစ်ကျောင်းလုံး ချီးကျူးဂုဏ်ပြုသံတွေဖြင့် အုံးအုံးကျွက်ကျွက်ဆူသွားတော့၏။ အကြိတ်အနယ်ဗိုလ်လုပွဲသတင်းက တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။

သည်သတင်းက ဆရာမှန်သမျှ လက်လှန် ဆလံသပြေးရလောက်အောင် ကျောင်းသားဆိုးတွေမင်းမူကြီးစိုးနေသည့် ရွာကျောင်းကလေးတစ်ကျောင်းသို့လည်း ရောက်ခဲ့၏။

ကလိုင်ယာရှန်နော့လည်း ထိုကျောင်းသားတွေကို စာသင်ပေးရန် အရေးပေါ် ဆရာအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ သူက ထိုကျောင်းတွင် ခပ်ထောင်ထောင် ၃-၄ ကောင်ကို သွေးစက်လက်အသားနီလန်ပြီး ဖင်ထိုင်လဲအောင် ဆုံးမလိုက်သည်။ ဒါပေမယ့် သူတို့ကို စာဖတ်တတ်၊ ရေးတတ်အောင်၊ သင်္ချာတွက်တတ်အောင်ကား မသင်ခဲ့ချေ။ ဘာပဲဖြစ်ဖြစ်၊ ဆရာပြန်ပြေး ကျောင်းကလေးမှာတော့ သူက သရဖူဆောင်းလိုက်နိုင်ပါပြီ။

သည်လိုနှင့် ပထမကမ္ဘာစစ်ကြီးဖြစ်လာသောအခါ သူ ကျောင်းသင်ခန်းကို ကျောခိုင်းလိုက်ပြီး စစ်ထဲဝင်ခဲ့တော့သည်။

စစ်ကြီးပြီးတော့ သူက အမြဲတမ်းတပ်မတော်ကြီး၏လေတပ်တွင် ဗိုလ်ကလေး ဖြစ်သွား၏။ ဒါနှင့်လည်း သူက အားမရသေး။ "ဘယ်တော့များ ရှေ့ဆက် စစ်တိုက်ရပါ့မလဲ" လို့သာ တမျှော်မျှော်နှင့် မျှော်ကြည့်နေခဲ့မိသည်။

ပြီးတော့ လေတပ်က လက်ရှိအသုံးချနေသော ချွတ်ယွင်းချက်ရှိသည့် နိဿယများကို အပြင်းအထန်ငြင်းဆန်ကန့်ကွက်ရင်း လတွေ၊နှစ်တွေကုန်သွားရ၏။

ထိုအတွင်း သူက ခေတ်သစ်၊ခေတ်ဟောင်း စစ်ပညာတွေကို လေ့လာဆည်းပူးပြီး၊ အဆက်မပြတ် စမ်းသပ်လေ့ကျင့်ကာ "ခံစစ်ရှင်တို့၏ကဏ္ဍ" အမည်ဖြင့် စာတစ်အုပ်ပင် ရေးထုတ်လိုက်သေး၏။





သူ့အထက်အရာရှိကြီးများက သူ့ကို စိတ်ကူးယဉ်သမား၊ လေသမား၊ အာခံပြောင်းလဲရေးသမားတစ်ယောက်အနေဖြင့် မျက်မုန်းကျိုးခဲ့ကြရာမှ အသက် ၄၆ နှစ်တွင် အနားပေးလိုက်တော့သည်။

အကြောင်းပြချက်ကတော့ "အမိုးဖွင့်လေယာဉ်တွေစီး၍ အင်ဂျင်စက်သံများကြောင့် နားလေးသွားသဖြင့်" ဟူသတည်း။

နောက် လအနည်းငယ်အကြာမှာပင် သူက တရုတ်ကူမင်တန်တပ်မှ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်၏ လေတပ်အကြံပေးပုဂ္ဂိုလ် သွားဖြစ်လေ၏။

၁၉၄၁ ခုနှစ် နွေဦးကာလတွင် သူက အမေရိကန်ပြည်ထောင်စုရှိ လေယာဉ်ကွင်းများသို့ သွားလည်ရင်း အမေရိကန်ပိုင်းလော့များအား သူနှင့်ဆက်သွယ်ရန် တိုက်တွန်းခဲ့သည်။ လခကကော။ တစ်လ ပေါင် ၁၂၀ ပါ။ အဲဒီအပြင် ဂျပန်လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ပါက တရုတ်အစိုးရက ပေါင် ၁၀၀ ဆုချမည်ပေါ့။

သို့ဖြင့် တိုက်ပွဲဝင်ချင်စိတ်ဖြင့် သွေးဆူပြီးလက်ယားနေကြသော အမေရိကန်လေသူရဲ ၁၀၀ က အပြန်ခရီးတွင် သူနှင့် တစ်ပါတည်းပါခဲ့ကြတော့၏။

ထို ၁၀၀ လုံးက ဂျပန်လေတပ်ကို ဆန့်ကျင်ရန်ဖက်လုပ်လို စိတ်တွေ တဖွားဖွားနှင့်ဖြစ်နေခဲ့ကြ၏။

ဗိုလ်ချုပ်ရှန်နော့သည် ၄ နှစ်တိုင်တိုင်အချိန်ယူပြီး ဂျပန်လေသူရဲများ၏ စိတ်ဓာတ်ကို သရုပ်ခွဲပြ၏။ သူတို့၏တိုက်ခိုက်ရေး နည်းစနစ်များကို အသည်းစွဲအောင် သင်ပေး၏။ လေယာဉ်ချင်း စီးချင်းထိုးချိန်ကာလများအတွင်း သူတို့၏ တုံ့ပြန်ပြုမူတတ်ပုံတွေကို ဆက်ထပ်သင်ကြား၏။

မကြာမကြာဆိုသလို ကောင်းကင်ယံကို ခရာမမှန်ပြောင်းကြီးနှင့် မော်ကြည့်ရင်း၊ "ဂျပန်လေယာဉ်အုပ်စုကို ဘယ်လို ဘယ်ပုံ ဝင်တိုက်ရမလဲ" ဆိုတာတွေကို ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို၊ ပါးစပ်အဟောင်းသား သူ့တပည့်လေသူရဲများအား အသေးစိတ်သရုပ်ဖော် သင်ပြပေးလေ့ရှိသည်။

သူက အမေရိကန် အပျော်တမ်းလေသူရဲများကို တစ်နေ့လျှင် တစ်ကြိမ်၊ တစ်ကြိမ်ပျံသန်းချိန် ၆ နာရီနှုန်းဖြင့် ပညာစုံသည်အထိလေ့ကျင့်ရန် ကန့်သတ်ထား၏။ ထို့နောက် သူတို့ကို အုပ်စုလိုက်ဖွဲ့၍ တိုက်ခိုက်နည်းများကိုလည်း အထူးလေ့ကျင့်စေသည်။

ဗိုလ်ချုပ်ကြီးက ဂျပန် ဇီးရိုးဖိုက်တာတွေလည်း အမေရိကန်တွေ၏ ကြီးမားလေးလံသော ပီ ၄၀ ဘွမ်မာဟော့ခ် တိုက်လေယာဉ်တွေထက် ပိုမြန်အောင် မောင်းနိုင်ပြီး၊ အကွေ့အလှည့် အစောင်းအငဲ့တွေက ပိုသွက်ကြောင်း နားလည်ခဲ့၏။ သို့သော် ပီ-၄၀ တွေကလည်း ကျွမ်းထိုးစိုက်ဆင်းရာတွင် ပိုမြန်၍ ပစ်အားပိုကောင်းပြီး ရန်သူကို အထိနာစေကြောင်းလည်း သူ သိ၏။

သူက သူ့လူတွေကို အဖွဲ့လိုက်တိုက်ခိုက်ရာတွင် အပေါ်နှင့်အောက်ကို စက်ဝန်းပတ်သဏ္ဍာန် နေရာကျယ်ကျယ်ဝန်းဝန်းပတ်ရန်၊ လှည့်၍တိုက်ခိုက်ရန်၊ ခွေးများကိုက်သလို တရှူးထိုးဒေါသကြီး ထိပ်တိုက်ရင်ဆိုင်မှုများမှ ရှောင်ကြဉ်ရန်ကိုလည်း သတိပေး၏။

"မင်းတို့ တိုက်ပွဲဝင်ပြီးလို့ မိခင်တပ်ရင်းကို ပြန်တော့မယ်ဆိုရင် နောက်ပိုင်းမှာ ဘာတွေဖြစ်ကျန်ခဲ့သလဲဆိုတာ ကြည့်ဖို့ ရပ်မယ်တော့ မကြံနှင့်။ ရပ်လိုက်တာနှင့် တစ်ပြိုင်နက် မင်းတို့အလှည့်ရောက်ပြီး ဘုံကြီးပြတ်ပြီသာ မှတ်လိုက်" ဟုလည်း သွန်သင်ဩဝါဒပေးသည်။

၃-၄ လအတွင်း ရှန်းနော့သည် သူ့လက်ရွေးစင်လေသူရဲအုပ်စုကို တစ်ကမ္ဘာလုံး မကြုံစဖူး အံ့ချီးဖွယ်ရာအကောင်းဆုံး လေတပ်အဖြစ် ထုဆစ်အသက်သွင်းပေးနိုင်ခဲ့သည်။

သူ့လေတပ်ကား အရှေ့တောင်အာရှတွင် အင်အားအကြီးဆုံးသော ဂျပန်လေတပ်မတော်ကြီးရဲ့မလှမ်းမကမ်းမှာ တည်ထားလျက် တစ်ခါတစ်ရံ အစင်း ၂၀ သာသာကလေးသာရှိသော လေတပ် ဖြစ်ပါ၏။

ကျားပျံများကို ၁၉၄၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု တပ်မတော်အောက်သို့ သွတ်သွင်းလိုက်သလို၊ ဗိုလ်ချုပ်ကြီးရှန်းနော့ကိုလည်း တရုတ်ပြည်ရှိ အမှတ် ၁၄ လေတပ်စခန်း၏ တပ်မှူးရာထူးသို့ တိုးမြှင့်ခန့်အပ်ခဲ့တော့သည်။

ကျွန်တော်တို့အနေဖြင့် ဗိုလ်ချုပ်ကြီး ကလိုင်ယာ ရှန်းနော့၏ ကျေးဇူးတွေကဆပ်လို့ မကုန်နိုင်အောင် များလှပါဘိ။

ဂျပန်တွေ ပုလဲဆိပ်ကမ်းကိုဗုံးကြဲပြီး အဖိုးတန်လပိုင်းများအတွင်း လက်ရဲဇက်ရဲရှေ့မတိုးသာအောင်၊ စစ်ဆင်ရေးစီမံချက်တွေ ပျက်ယွင်းသွားအောင်၊ မဟာမိတ်များက တန်ပြန်စစ်ဆင်မှုတွေ ပြင်ဆင်နိုင်ချိန်ရအောင် သူက ဂျပန်တွေကို လှလှကြီးဒုက္ခပေးပြီး ဟန့်တားထားနိုင်ခဲ့သည် မဟုတ်ပါလား။





# ဂလင်း အယ်လ် မာတင်
## Glemm L.Martim

**သူသည် တစ်ချိန်သောအခါက**
**ဗီးဗိုချောင်ကြမ်းပြင်ပေါ်တွင် စွန်တွေလုပ်ခဲ့သူ။**
**ခုတော့ သူပိုင်စက်ရုံကြီးမှ**
**ဗုံးကြဲလေယာဉ်ကြီးတွေ တည်ဆောက်နေလေပြီ။**

❒ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့။

အိုင်အိုဝါပြည်နယ် မက်စ်ဘတ်ဂ်မြို့မှ 'မစ္စစ်မင်တာမာတင်' အမည်ရှိ အိမ်ရှင်မတစ်ဦးက အိပ်မက် မက်သည်။

အိပ်မက်ထဲ၌ သူမသည် ယန္တရားပျံတစ်စင်း လေထဲဝဲပျံသွားသည်။ မက်စ်ဘတ်ဂ်မြို့ပေါ်ကောင်းကင်ယံမှ တစ်မြို့လုံးအနှံ့ပျံဝဲရင်း အောက်ဘက်လမ်းတွေပေါ်တွင်ရပ်နေသော မိတ်ဆွေများကို လက်ပြနှုတ်ဆက်ခဲ့ရာက သူ့လိုမပျံသန်းနိုင်သော သူတို့အတွက် သနားနေမိသည် ဆို၏။

ထိုအိပ်မက်က ရိုက်ညီနောင်တို့ ပထမဆုံး စမ်းသပ်ပျံသန်းမှုမလုပ်ခင် အရင် ၁၇ ခုနှစ်က မက်ခဲ့ခြင်းပါတည်း။

ဖြစ်ရိုးဖြစ်စဉ်အနေနှင့်ဆို မစ္စစ်မာတင်အဖို့ အိပ်မက်ကို အရေးထားဂရုစိုက်မိမည် မဟုတ်ပါ။ ဒါပေမယ့် သူမက မီးဖွားအံ့ဆဲဆဲ မိခင်လောင်းတစ်ယောက်ဖြစ်နေရုံ မက အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုလည်း ကြားဖူးနားဝရှိနေ၏။

နောက် ၂ ရက်အကြာ သူ့သားကလေး ဂလင်းမာတင်ကို မွေးဖွားခဲ့သည်တွင်၊ 'တစ်နေ့နေ့၌ သူ့သားကလေးသည် သူ့လိုပင် မိုးပျံနိုင်လိမ့်မည်'ဟု သူ့အိပ်မက်ကို သူ နိမိတ်ကောက်ခဲ့သည်။

ဆန်းပုံကဲ့ သားဖြစ်သူ ဂလင်းမာတင်သည် ရိုက်ညီနောင်တို့ လေယာဉ်ကိုထွင်ပြီး နောက်များမကြာမီမှာပင် လေယာဉ်ပျံသန်းမှုများကို လေ့လာဆည်းပူးခဲ့ခြင်း ဖြစ်၏။ သို့ဖြင့် သူသည် သူကိုယ်တိုင်လုပ်သော စက်တပ်လေယာဉ်ဖြင့် အမေရိကန်တွင် မိုးပေါ်ပျံသန်းခဲ့သော တတိယလူ ဖြစ်ခဲ့ရတော့သည်။

ယနေ့ဆိုလျှင် မာတင်မှာ လေယာဉ်စက်ရုံကြီး၏ အကြီးအမှူးဖြစ်ခဲ့ကာ၊ လေယာဉ်မောင်းသမိုင်းတွင်လည်း ကနဦးအစ ထွင်သူတစ်ဦးအဖြစ် ဂုဏ်တင်ခဲ့ပါပြီ။

သူ့စက်ရုံ ဂလင်းအယ်လ် မာတင်ကုမ္ပဏီမှာ မေရီလန်းပြည်နယ် ဘယ်လ်တီမိုးမြို့အနီးတွင်ရှိလျှက်၊ အကြီးဆုံးလေယာဉ်စက်ရုံ ၃ ခု အနက် တစ်ခုအပါအဝင်ဖြစ်၏။

သူက ကြည်းတပ်အတွက် တိုက်နိုက်ရေးဗုံးကြဲလေယာဉ်ကြီးတွေ ထုတ်လုပ်ပေး၍၊ ရေတပ်အတွက် မရင်းနာ ဗုံးကြဲလေယာဉ်တွေ တည်ဆောက်ပေးပြီး၊ ကျွန်တော်တို့အဖို့တော့ ဘယ်တီမိုး ဗုံးကြဲလေယာဉ်တွေ ဖန်တီးပေးခဲ့သည်။

သူသည် ကမ္ဘာ့အကြီးဆုံး မိုးပျံယာဉ်များကိုဆောက်လုပ်သူ အမှန်ဖြစ်၏။ သို့လင့်ကစား သူ့အမေကသာ သူမ အိပ်မက်သည် သူ မိုးပျံမည့်တန်ခိုးကံဖြစ်ကြောင်း ယုံကြည်ခံစားခဲ့ခြင်းမရှိပါက သူလည်း လေယာဉ်စက်ရုံများထဲသို့ တစ်ကြိမ်တစ်ခေါက်မျှဝင်ရောက်ဖူးမည် မဟုတ်တာတော့ ကျိန်းသေလှ၏။

ဘယ်လိုကြောင့် ကျွန်တော် ဒီစကားပြောရပါသလဲ။

သူ ကြီးလာချိန်၌ သူ့အမေက အိပ်မက်အကြောင်းကို ဖွင့်ဟပြောပြခဲ့ပြီးသားဖြစ်၍၊ သူ၏ဦးနှောက်နှင့် အသည်းထဲတွင် အာကာဝေဟင် ဝဠာပြင်တိမ်တိုက်တွေကို စိုးမိုးနိုင်ရေး ယုံကြည်ချက်တစ်ခု၊ ရည်မှန်းချက်တစ်ရပ်၊ စိတ်ကူးစိတ်သန်းတစ်သွယ်ကို ဖန်ဆင်းသွတ်သွင်းပေးထားခဲ့၏။

ထို့အပြင် ဂလင်း ချာတိတ်ဘဝကပြေးလွှားဆော့ကစားခဲ့ရာ ကင်းဆက်စ်အနောက်တောင်ပိုင်းရှိ လွင်ပြင်ကြီးတွေပေါ်တွင် လေပြင်းတွေကလည်း အဆက်မပြတ်တမ်း တဝှီးဝှီးတိုက်ခတ်လျှက်ရှိနေ ပြန်သည်။





သူ့ကို ကျွန်တော် အင်တာဗျူးလုပ်ခဲ့စဉ် သူက ကင်းဆက်စ်လေအဟုန်များသည် သူ၏လူငယ်ဘဝအတွက် လိုအပ်သော ရှင်သန်တက်ကြွမှုများကို ပေးစွမ်းနိုင်ခဲ့ကြောင်း ပြောဆိုခဲ့ပါသည်။

၆ နှစ်သားအရွယ်တွင် ဂလင်းမာတင်သည် သူ့အမေ၏ အိပ်ရာခင်းဖြင့် သူ၏လှည်းငယ်ကလေးမှာ ရွက်လုပ်တပ်ဆင်ကာ လမ်းတစ်လျှောက် ရွက်လွှင့်ခဲ့၏။

သည့်နောက်တော့ စကိတ်စီးခဲ့ရာမှ သူ့လက်ဖြစ် "ရွက်"ကိုကိုင်ကာ ရေခဲပြင်ပေါ်၌ လေဟုန်စီးခဲ့ပြီး အမြန်နှုန်းတင်ခဲ့ဖူး၏။

သူ ဘယ်လောက်များ အဖြစ်သည်းလိုက်ပါသလဲဆို သူ့စက်ဘီးမှာပင် ရွက်တပ်၍စီးခဲ့သော ဟူ၏။ မာတင်က "ထိုသို့ သူစီးနေခိုက် ရွက်ဖျင်မျက်နှာပြင်၏ ညှို့ယူဖမ်းစားမှုကို လျှစ်လျူရှုမိသည် ဟူ၍ တစ်ခါမျှမရှိကြောင်း" ပြောခဲ့ပါသေးသည်။

မစ္စစ်မင်တာမာတင်အနေဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက ကင်းဆက်စ်ပြည်နယ် အနောက်တောင်ပိုင်း၌နေခဲ့ချိန်က "ဆိုင်ကော်လော်ဂျီ" ဟူသောစကားလုံးကို ကြားဖူးခဲ့ပါ့မလားဟု ကျွန်တော် သံသယအတွေးဝင်မိပါ၏။

သို့သော် သူမနှင့် ကျွန်တော် တွေ့ဆုံမေးမြန်းမိသောအခါ သူ့သားအားကိုယ့်ကိုယ်ကို ယုံကြည်စိတ်နှင့် ရဲစိတ်တွေ မွေးနိုင်အောင် သူမ ဘယ်သို့ဘယ်ပုံ ကူညီပံ့ပိုးခဲ့ကြောင်းကို ထုတ်ဖော်ပြောပြ၍ သိခဲ့ရသည်။ ခေတ်မီစိတ်ပညာရှင်များကလည်း သူမ အသုံးပြုခဲ့သောနည်းပညာများကို လက်ခံအတည်ပြုမှာ မလွဲပါ။

သူမသည် သားဖြစ်သူ စွမ်းဆောင်နိုင်သမျှသောအရည်အသွေးများ ထက်မြက်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်။ အချိန်တန်အရွယ် မရောက်ခင် စောစီးစွာကပင် တနိုင်တပိုင်အားဖြင့် အားပေးအားမြှောက်လုပ်ခဲ့သည်။

မာတင် စကိတ်တစ်စုံလိုချင်လာ၍ ဝယ်စရာပိုက်ဆံ မရှိသောအခါ သူ့အမေက ပန်းပဲဆိုင်ကိုလွှတ်ပြီး သူ့ဘာသာ စကိတ် လုပ်စေခဲ့သည်။ သူကလည်း ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်ခဲ့၏။

သူ့ စွန်တစ်ကောင် ဝယ်ချင်လာပြီဆိုတော့လည်း လက်ဖြစ်စွန်တစ်ကောင် လုပ်ဖို့ တိုက်တွန်းခဲ့ရာက မာတင်သည် လုပ်ပြခဲ့၏။

ထူးခြားတာကတော့ သူသည် လူငယ်မဂ္ဂဇင်းတစ်ခုတွင်ပါသော စွန်အကြောင်းကိုဖတ်ရှု၍ စွန်အသစ်တစ်မျိုးကို တီထွင်လုပ်ခဲ့ခြင်းပင် ဖြစ်သည်။ သူ့စွန်က သေတ္တာပုံးစွန်၊ သို့မဟုတ် ၂ ထပ်စွန်မျိုး။

မာတင်သည် သူ၏ပုံးစွန်ကို မီးဖိုချောင်ကြမ်းပြင်တွင်လုပ်နေရင်းက၊ သူ့စွန်မှာ ကင်းဆက်စ်တွင်ရှိသမျှ စွန်တွေထက် ပို၍ပို၍ အမြင့်ကြီးနှင့် ဖြောင့်ဖြောင့်မတ်မတ်တက်အောင် လွှတ်နိုင်ဖို့ စိတ်ထက်သန်တက်ကြွနေခဲ့၏။

သူ့အတွက် ဂုဏ်ယူဝင့်ကြွားစရာက စွန်ပြိုင်ပွဲတစ်ခုဖြစ်အောင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ပြီး၊ သူပင်လျှင် အောင်မြင်မှုတွေ သိမ်းကျုံးရရှိလိုက်သည်။ ထိုပြိုင်ပွဲ၏အကျိုးဆက်ကကော။ ဒီလိုပါ။

သူတို့မြို့မှ တခြားလူငယ်များက ၄င်းတို့အတွက် ပုံးစွန်တွေလုပ်ပေးရန် အပ်နှံလာကြခြင်းပဲ ဖြစ်ပါသည်။

နောက် အနှစ် ၅၀ အကြာတွင် ကမ္ဘာပေါ်တွင် အကြီးဆုံးမိုးပျံမော်တော်ကြီး 'မားစ်'ကို တည်ဆောက်မည့် ချာတိတ်ကလေး ဂလင်းလူသာမာတင်သည် သူ့မိခင်၏မီးဖိုချောင်ထဲ၌ စွန်အလုပ်ရုံကလေးတည်၍ တစ်ညကို စွန် ၃ ကောင်အပြီး ထုတ်လုပ်ကာ၊ တစ်ကောင်ကို ၁ သျှိလင်ဖြင့် ရောင်းချခဲ့ခြင်းကြောင့် ငွေဝင်လမ်းဖြောင့်ခဲ့၏။

သို့နှင့်အမျှ သူ၏ ကိုယ့်ကိုယ်ကိုယုံကြည်မှုကလည်း မြင့်မားနိုင်မာစွာ ပြင်းပြလာခဲ့ရတော့သည်။ အကြောင်းမူ သူသည် တခြားတခြားသောလူငယ်တွေ မလုပ်နိုင်တာတွေကို လုပ်နိုင်စွမ်းရှိသော စက်မှုလက်မှုပါရမီရှင်တစ်ဦးဖြစ် ကြောင်း သူ့ကိုယ်သူ သုံးသပ်နားလည်ခဲ့သောကြောင့်ပင် ဖြစ်၏။

စစ်သဘော်တွေကို နှစ်မြှုပ်နိုင်စွမ်းရှိသောဗုံးကြဲလေယာဉ်ကြီးများကို ထုတ်လုပ်နေပြီဖြစ်သော မာတင်အား ''လေယာဉ်စက်ရုံပိုင်ရှင်ဘဝသို့ ဘယ်လိုအစပျိုးရောက်ခဲ့ရပါသလဲ''ဟု နောက်အနှစ် ၃၀ အကြာ၌ သတင်းစာဆရာတစ်ဦးက မေးခွန်းထုတ်ခဲ့သည်။

ဂလင်းမာတင်က ပြန်ဖြေသည်။





''ကျွန်တော်အမေက ကျွန်တော့်ကို ဩဇာအလွှမ်းမိုးဆုံးဖြစ်ခဲ့တာဟာ အမှိကပါပဲ။ သူက ကျွန်တော်ကို မီးဖိုချောင်ကြမ်းပြင်မှာ စွန်တွေစလုပ်ဖို့ တိုက်တွန်းအားပေးခဲ့ပါတယ်။ သူက ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှုရလာအောင်လည်း ကူညီ ထောက်မခဲ့ပါတယ်'' တဲ့။

ကင်းဆက်စ်သို့ ပထမဆုံး မော်တော်ကားများရောက်လာချိန်၌ မာတင်သည် ထိုထူးဆန်းသောမြင်းမဲ့ယာဉ်များကို ကိုင်တွယ်မောင်းနှင်ရန် စိတ်အားသန်ခဲ့မိပြန်၏။ ကားရုံတစ်ခု၌ သူ အလုပ်ရ၏။

ထို့နောက် သူ့မိသားစုတစ်တွေ ကာလီဖိုးနီးယားပြည်နယ် စင်တာအန်နာမြို့သို့ ပြောင်းခဲ့ရာမှ သူက သူတို့ခြံထဲတွင် ဖို့ဒ်နှင့်မက္ကဝဲလ် ကုမ္ပဏီကိုယ်စားလှယ်တော်ကြီးများအတွက် ကားရုံတစ်ရုံကို စတင်တည်ဆောက်ထောင်ခဲ့တော့၏။ ထိုအချိန်၌ သူ့အသက်မှာ ၂၀ ရှိပြီ ဖြစ်၍၊ ကားတွေကို ရောင်းချပြင်ဆင်ခြင်းလုပ်ငန်းဖြင့် ၁ နှစ်ကို ပေါင် ၆၀၀ မှ ၈၀၀ အထိ ရနေပါလေပြီ။

သည်မှနောက်တော့ သူ့ဘဝလမ်းကို ပြင်ပြင်ကြီးပြောင်းလဲသွားစေမည့် အကြောင်းတစ်ရပ် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့သည်။

၁၉၀၅ ခုနှစ်အတွင်း တစ်နေ့သောအခါတွင် ဂလင်းမာတင်သည် သတင်းစာဆောင်းပါးတစ်စောင်ကို ဖတ်မိပြီး အကြီးအကျယ်အံ့ဩကာ ညှို့ယူဖမ်းစားခြင်းခံလိုက်ရသည်။ ထိုဆောင်းပါးကတော့ 'ကာရိုလိုင်းနားမြောက်ပိုင်း ကစ်တီဟော့ခ်၌ ရိုက်ညီနောင်တို့သည် မိုးပျံယန္တရားကို စီး၍ လေထဲတွင် စက္ကန့် ၁၀၀ ကြာအောင် ပျံသန်းနိုင်ခဲ့ကြောင်း' သတင်းပေတည်း။

သူသည် ထိုသတင်းကြောင့် ဟာခနဲ အံ့ဩတုန်လှုပ်သွားရ၏။ တစ်ဆက်တည်း၌ ထိုမိုးပျံယန္တရားသည် သိပ္ပံခေတ်သစ်ဆီသို့ ထစ်ချုန်းသံကြီးနှင့် တိုးဖောက်ဝင်ရောက်လိုက်ပြီဖြစ်ကြောင်း သူက ဉာဏ်လျှင်လျှင်ဖြင့် တွက်ဆနားလည်လိုက်ပါ၏။

ရိုက်ညီနောင်တွေဟာ စက္ကန့် ၁၀၀ ကြီးများတောင် လေထဲမှာ ပျံသန်းခဲ့သတဲ့လား။ တကယ်ပဲလား။

မာတင် သူ့နာရီကိုထုတ်ကြည့်ပြီး စက္ကန့် ၁၀၀ ကို ရေတွက်မိ၏။ ပြီးတော့ ''အခုလောလောဆယ် လူတွေဟာ လေထဲမှာ စက္ကန့် ၁၀၀ နေနိုင်မယ်ဆိုရင် လေထဲမှာ ၁ နာရီ၊ ၅ နာရီကနေ ၁၀ နာ ရီအထိ ကြာချင်လည်း ကြာအောင် နေနိုင်မယ့် မိုးပျံယာဉ်ကို တို့အနေနှင့် တည်ဆောက်နိုင်တဲ့အချိန်ကော ဘာကြောင့် ရောက်မလာနိုင်ရမှာလဲ။ ဘယ်သူပြောနိုင်တာမှတ်လို့'' ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုလိုက်မိ၏။

နောက် လအတန်ငယ်ကြာ သူ နောက်တစ်ကြိမ် ရင်ခုန်သွားရပြန်သည်။ စက်မှုနည်းပညာဆိုင်ရာ မဂ္ဂဇင်းတစ်စောင်တွင် ရိုက်ညီနောင်၏ 'မိုးပျံစက်'ပုံကို တွေ့မြင်ပြီး စိတ်လှုပ်ရှားခဲ့ရခြင်း ဖြစ်ပါသည်။ ပုံကို လေ့လာကြည့်ခဲ့သည့်နောက် မိခင်ကြီးအား သူ ပြောမိသည်။

''ဒါဟာ အဝ်ဂျင်စက်တပ်ထားတဲ့စွန်ကြီးပဲ အမေရဲ့။ ကျွန်တော်က စွန်တွေလည်း လုပ်တတ်တယ်။ အင်ဂျင်စက်လည်း လုပ်နိုင်တာပဲ။ ဒီတော့ အဲဒီလိုလေယာဉ်မျိုး တစ်စင်းဆောက်ပြီး ကျွန်တော်ကိုယ်တိုင် မောင်းပြမယ်။ ဘာလို့ မဖြစ်ရမှာလဲ''

သူ့အမေကလည်း သူ မမွေးခင် ၂ ညလောက်က အိပ်မက်ကို ပြန်တွေးမိလိုက်ရင်းမှ ခုလို တုံ့ပြန်ပြောခဲ့ပါသတဲ့။

''သိပ်ဖြစ်တာပေါ့ သားရယ်။ သိပ်ဖြစ်တယ်။ ငါ့သားထင်တဲ့အတိုင်း လုပ်နိုင်မှာသေချာတယ်''

အသက် ၂၀ အရွယ်ရောက်နေပြီဖြစ်သော ဂလင်းမာတင်လည်း လေထဲပျံသန်းဖို့ကိုသာ အရူးအမူးစိတ်စွဲခဲ့ရာမှ ထိုကိစ္စတွင် အချိန်ပြည့် ပျော်မွေ့လုံးပန်းနေချင်စိတ် ပေါက်ခဲ့ရ၏။

နေ့ဘက်၌ ကားရုံဖွင့်ပြီး ဖို့ဒ်နှင့်မက္ကဝဲလ်ကားတွေကို ရောင်းချသည်။ ဒါပေမယ့် ညဘက်ကျတော့၊ အဲ- ညကျတော့ သူတကယ်လုပ်ချင်တဲ့အလုပ်ကို လုပ်သည်ပေါ့။

ပထမ သူ စက်မဲ့လေယာဉ်တစ်စင်းကို ဆောက်သည်။ စင်စစ်တော့ လူစီးနိုင်သော ရောမစွန်ကြီးမျိုးပါ။ ပြီးတော့ ထိုစက်မဲ့လေယာဉ်ကို စီးနင်းပျံသန်းနိုင်ဖို့ ကြိုးစားသည်။





လပေါင်းများစွာ စမ်းသပ်ခဲ့သည့်အဆုံး တကယ့်လေယာဉ်မာတ်ဆီသုံး အင်ဂျင်တစ်လုံးဖြင့် မောင်းနှင်မည့်လေယာဉ်တစ်စင်းကို တည်ဆောက်တော့၏။

သူသည် လေယာဉ်စက်စွမ်းအင်များ၏ သိပ္ပံဆိုင်ရာပညာရပ်များကို အနည်းငယ် မဟုတ်၊ လုံးဝကို နားမလည်ခဲ့သလို စက်မှုနည်းပညာနှင့်စပ်လျဉ်း၍ သင်ယူလေ့ကျင့်မှုလည်း ဘာဆိုဘာမျှ မရှိခဲ့။

ခုတော့ သည်လိုလူက ဘာပုံစံပြာ၊ ဘာစာရွက်မျှမပါဘဲ၊ ဘယ်တစ်စုံတစ်ယောက်ရဲ့ ကွပ်ကဲလမ်းညွှန်မှုမျှ မရှိဘဲ လေယာဉ်ကြီးတစ်စင်း ဆောက်လုပ်ဖို့ ကြိုးစားနေခဲ့ပါလေပြီ။

သူက အထောက်အကူရရန် ပြည်သူ့စာကြည့်တိုက်များသို့သွား၍ စာအုပ်တွေ မွှေနှောက်ဖတ်ရှုဖို့ အရဲကိုးခဲ့ရာက တံတားတည်ဆောက်ရေးစာအုပ်တစ်အုပ်ကို ဖတ်မိခဲ့သည်။

သူ့စိတ်ကူးက တံတားပေါင်များ၊တန်းများ၏ဖွဲ့စည်းပုံနှင့် ဒဏ်ခံနိုင်ရည်များကိုလေ့လာခြင်းဖြင့် လူတစ်ယောက်နှင့် အင်ဂျင်စက်တစ်လုံးကို သယ်ဆောင်ရမည့် လေယာဉ်ငယ်လေး၏ 'ဝန်နှင့် အား' ပြဿနာကို ဖြေရှင်းနိုင်ဖို့ အကြံကောင်းရမည်ဟု မျှော်လင့်ယုံစားခဲ့၏။

ဂလင်းမာတင်သည် ပထမဆုံးလေယာဉ်ကို ကာလီဖိုးနီးယားပြည်နယ် စင်တာအန်နာရှိ စွန့်ပစ်ထားသော ဘုရားကျောင်းဟောင်းကြီးအတွင်း၌ ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့တော့သည်။ သူက ဘုရားကျောင်းဟောင်းကြီးကို တစ်လ ၂ ပေါင် ၁၀ ဆင့်ဖြင့် ငှားရမ်းခဲ့၏။

သူ့အမေကတော့ 'ဂလင်းမာတင် ကျပ်မပြည့်တဲ့အကောင် ရူးကြောင်ကြောင်လုပ်နေပြီ'ဆိုပြီး အရှက်ရခဲ့သည်။ သူက ဝင်ငွေကောင်းသောကားရောင်းချရေးလုပ်ငန်းကို ကျောခိုင်းပြီး လေယာဉ်တစ်စင်းဆောက်ဖို့ အချိန်ဖြုန်းနေသောသားတစ်ယောက် မွေးထားမိသည့်အတွက် အရှက်ကြီးရှက်ပြီး စိတ်ဆင်းရဲနေမိရှာ၏။

သူတို့မြို့ရှိ ရွယ်တူလူငယ်များကလည်း ဂလင်းမာတင် နေ့ရောညပါ အားလပ်ရက်များပါမချန်ဘဲ တကုပ်ကုပ်ဖြင့် မိုးပျံယာဉ်ဆောက်လုပ်နေသည်ကို နှာခေါင်းရှုံ့ကြ၊ မေးငေါ့ကြ၊ လှောင်ပြောင်သရော်ခဲ့ကြ၏။

အဘွားကြီးတစ်ယောက်ကဆိုလျှင် ဂလင်းမာတင်၏မိခင်အား ပြုံးတုံးပြုံးတဲ နှင့်ပင် သတိပေးလာ၏။

''နှင့်သားကို မကောင်းဆိုးဝါးမိစ္ဆာတွေနှင့် ဆက်သွယ်နေတဲ့အလုပ်က ချက်ချင်းရပ်ဖို့ တားလိုက်ပါဦး။ ဘုရားသခင်က လူတွေကိုပျံစေချင်ရင် အစကတည်းက တောင်ပံတွေတပ်ပေးလိုက်မှာပေါ့။ ခုတော့ နှင့်သားလုပ်ပုံတွေက ဘုရားသခင်ကိုဆန့်ကျင်ရာ ရောက်နေပြီ'' တဲ့။

ဘယ်သူတွေ ဘာပြောပြော ဂလင်းကို အားပေးအားမြှောက်လုပ်နေသူက တစ်ဦးတည်း ရှိသည်၊ သူ့အမေပဲ ဖြစ်၏။ သူက သူ့အိပ်မက်ကို ဘယ်တော့မျှ မမေ့။ သူ့သားကလေးအနေဖြင့် မလွဲမသွေ 'မိုးပေါ်ပျံတက်နိုင်မည်' ဟု အတပ်သိနေ၏။

သူက သားဖြစ်သူနှင့်အတူ ဘုရားကျောင်းပျက်ကြီးအတွင်း ညစဉ် ဝိုင်းကူလုပ်ပေးနေခဲ့သလို၊ ကတ္တရာဆီသုံး မှန်အိမ်ကြီးတစ်လုံးဖြင့် အနားမှာ မီးထိုးပြပေးလိုက်သေးသည်။

လူတွေကလည်း 'သွပ်ချောင်းချောင်းပေါ်တောတော ဒီအရူးသားအမိ ဘာတွေဘယ်လိုများလုပ်နေပါလိမ့်' ဆိုပြီး ပြတင်းပေါက်တွေက ချောင်းကြည့်၏။ သူက ပြတင်းမှန်တွေကို ဆေးသုတ်ထားလိုက်သည်။ တံခါးတွေကို သော့ခတ်လိုက်သည်။ သည်ကြားထဲက ဒင်းတို့တစ်တွေက မပြတ်လာပြီးနှောင့်ယှက်ကာ လျှောင်ပြောင်လား၊ ရယ်လားမောလား လုပ်နေတုန်း။ နောက်ဆုံးတော့ ဒင်းတို့ကို မောင်းထုတ်ဖို့ အစောင့်တစ်ယောက်ငှားလိုက်ရသည် အထိ။

ဂလင်းမာတင်နှင့် သူ့အမေတို့ ေန့မအားညမနားဖြင့် ၁၃ လ တိုင်တိုင် လေယာဉ်တည်ဆောက်ရေးလုပ်ခဲ့ကြရ၏။ ခရစ်စမတ်နေ့နှင့် နှစ်သစ်ကူးနေ့များတောင် အလွတ်မပေးပါ။ ဒါပေမယ့် မာတင်အတွက် ဝမ်းမနည်းပါလေနှင့်။ ဒါ သူတို့အဖို့ အလုပ်လုပ်ရုံသက်သက် မဟုတ်ပါ။ စိတ်လှုပ်ရှားမှုအရသာကိုပါ ခံစားရပါသည်။

သူက လေယာဉ်တစ်စင်းကို တည်ဆောက်နေခြင်းသာ မကပါ။ သူက အာကာဝေဟင်ကို ပိုင်စိုးဖို့ ကြိုးပမ်းနေခြင်းသာဖြစ်ပါသည်။ သူ့အနေဖြင့် အိပ်မက်တစ်မက်ကို လက်တွေ့အကောင်အထည် ဖော်နေခြင်းဆိုလည်း မှန်ပါသည်။





ထိုအချိန်က သူသည် ကမ္ဘာပေါ်ရှိ မီလျံနာသူဌေးကြီး၊ သို့မဟုတ် ဘုရင်တစ်ပါးထက်ပင် ပျော်နေမည် ထင်ရပါသည်။

ဂလင်းမာတင်ကိုယ်တိုင်က ကျွန်တော့်ကိုပြောပြခဲ့ရာတွင်လည်း 'ထိုသို့ ပထမဆုံး လေယာဉ်ဆောက်လုပ်နေဆဲ ၁၃လသည် သူ့ဘဝမှာ အပျော်ဆုံးနေ့ရက်များသာ ဖြစ်ခဲ့ပါသည်' တဲ့။

သူက သူ့လေယာဉ်တွင် မြင်း ၁၂ ကောင်အား ကားအင်ဂျင်တစ်လုံးကို တပ်ဆင်ခဲ့၏။ အလေးချိန်ပေါ့ပါးစေရန် သံချည်သံကွေးနေရာများတွင် ကြေးဝါတစ်မျိုးကို အသုံးပြုခဲ့သည်။ တကယ်တမ်းအလုပ်ဖြစ်နိုင်သော ပန်ကာတစ်လုံးကို ရရန် ၆ လုံးမျှ အားထုတ်ခဲ့ရ၏။ နောက်ဆုံးတော့ လေယာဉ်တစ်စင်းလုံး တည်ခဲ့ပြီးပါပြီ။

ဘုရားကျောင်းတစ်ဖက်ထိပ်ကိုဖွင့်လိုက်ပြီး ၁၉၀၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ ညဉ့်သန်းခေါင်ယံ၌ ကူဖော်လောင်ဖက် ၂ ယောက်နှင့်အတူ လေယာဉ်ငယ်ကလေးကို ဘုရားကျောင်းထဲမှ ဘီးလှိမ့်ထုတ်ခဲ့ကာ၊ နောက်တစ်နေ့မနက်၌ စမ်းသပ်ပျံသန်းမည့်ကွင်းရှိရာသို့ ၃ မိုင်ခန့် တွန်းပို့ခဲ့ကြရ၏။

ယာဉ်ထူးဆန်းကို ညကြီးသန်းခေါင် လမ်းပေါ်တင်တွန်းခဲ့ကြခြင်းဖြင့် ဘယ်မြင်းမျှ လန့်မပြေးခဲ့ကြတော့ပေ။

၁၉၀၉ ခုနှစ် ဩဂုတ် ၁ ရက်။ နေအရုဏ် ပွင့်လာချိန်။

ဂလင်းမာတင်လည်း သူ့လက်ဖြစ်လေယာဉ်ပေါ် တွယ်တက်ခဲ့ပြီး စက်နှိုးလိုက်ပါပြီ။ စက်က လည်ပြီး ဖွတ်ချက်ဖွတ်ချက် မြည်နေ၏။ သူက စက်အားကို မြှင့်လိုက်သည်။ လေယာဉ်ပေါက်စကလေးတစ်ကိုယ်လုံး တုန်ခါပြီး ယိမ်းလှုပ်၍ ရှေ့တိုးသွား၏။ သည်မှနောက်တော့ အဆန်းအကြယ်အံ့ဩဖွယ်ကြီး ဖြစ်ထွန်းခဲ့ရပါပြီကော။ လေယာဉ်ကလေး မြေပေါ်က မိုးယံထက်ဆီပျံတက်သွားပြီလေ။

ဂလင်း အယ်လ် မာတင်။ ကင်းဆက်စ်ပြည်နယ် မီးဖိုချောင်သံမံတလင်းပေါ်တွင် ရွှံ့တွေလုပ်နေသည့် ချာတိတ်ကလေး။ တကယ်ပဲ မိုးပေါ် ဝဲပျံနေပါလေပြီ။ ဒါသည်ပင် သူ့ဘဝ၏ အကြီးကျယ်ဆုံး ဝိတိဆုလာဘ်ကြီး ပါပေတည်း။

ဂလင်းမာတင်သည် ပစိဖိတ်သမုဒ္ဒရာပြင်ကြီးကို ပထမဆုံးဖြတ်သန်းခဲ့သည့် 'ချိုင်းနားကလစ်ပါ' ခေါ် ခရီးသည်တင်လေယာဉ်ကြီးကိုလည်း တည်ဆောက်ခဲ့သေး၏။ ထို့အပြင် ကမ္ဘာစစ်ကြီးအတွင်းက စစ်လေယာဉ်တွေကိုလည်း ထုတ်လုပ်ပေးခဲ့သေး၏။

ဂလင်းမာတင်၏ဘဝကား ရည်မှန်းချက်ပန်းတိုင်ကို မဖြစ်မနေရောက်သွားသော တစ်ကိုယ်တော်ဖွဲ့သမားတစ်ဦး၏ သရုပ်သကန်ပုံရိပ်ပင် ဖြစ်ပါလေတော့သည်။

သူ မကြာမီက ပြောဖူး၏။

''ခင်ဗျားက လုပ်ငန်းစဉ်တစ်ခုကို လုပ်မယ်လို့ဆုံးဖြတ်ပြီးရင် မူလရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ အလျှော့မပေးစတမ်း မဆုတ်မနစ်သော လုံ့လ၊ ဝီရိယ၊ဖွဲ့နှင့် လုပ်မယ်ဆိုရင် အောင်မြင်မှုအဆင့် တစ်ဆင့်ဆင့်ကိုတော့ မလွဲမသွေ ရရှိမှာပါပဲ''တဲ့။







# လော့ဒ် လူးဝစ္စ မောင့်ဘက်တန်
# Lord Lowis Mountbatten

**ဗိတိုရိယဘုရင်မကြီး၏ မြစ်တော်။**
**နောက်ဆုံးကျည်တစ်တောင့်ကျန်သည့်အထိ**
**ရေနစ်သွားသော စစ်သင်္ဘောကြီးပေါ်မှ ပစ်ခတ်ပေးခဲ့သူ။**
**သေတူရှင်ဖက် တပည့်များနှင့်အတူ လေ့ကျင့်စခန်းဝင်၍**
**မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ**
**ဂျာမနီ၊ ဂျပန်တို့ကို မောင်းထုတ်ခဲ့သူ**
**ဗြိတိသျှရေတပ် စစ်ဗိုလ်ချုပ်ကြီး။**

❐ ထောင်ပေါင်း ရာချီနေသောလူငယ်များသည် အရှေ့တောင်အာရှစစ်မြေပြင်၌ အင်္ဂလန်ပြည့်ရှင်ဘုရင်မင်းမြတ်၏ ဝမ်းကွဲညီတော်၊ ဗိတိုရိယဘုရင်မကြီး၏ မြစ်တော်၏ ဦးဆောင်မှုအောက်တွင် အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြ၏။

သူကား ရုပ်အချောဆုံး၊ ယဉ်ကျေးသိမ်မွေ့ဆုံးနှင့် ဒုတိယကမ္ဘာစစ်ကြီးတွင် စွယ်စုံမှန်သောက် လျှမ်းလျှမ်းတောက်အရည်အသွေးပြည့်ဝသော စစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်နှင့်မခြား။

လုပ်သလိုပြော၍ ပြောသလိုလုပ်တတ်ပြီး အသည်းကောင်းသလောက် ဖွဲ့ကောင်းကာ၊ ဖျတ်လတ်လျှင်မြန်ရာတွင် ပြိုင်စံရှားသူ စစ်သူရဲကောင်းတစ်ယောက်ဟုလည်း ဆိုနိုင်ပါသည်။ သူ့အမည်ကတော့ မောင့်ဘက်တန်။

သူနှင့်ရင်းနှီးကျွမ်းဝင်သူ ငယ်ပေါင်းကြီးဖော်များ၏ အခေါ်ကတော့ 'ဒစ်ကီ'။ ဒါပေမယ့် သူ့နာမည်အပြည့်အစုံမှာမူ 'လော့ဒ် လူးဝစ္စ ဖရန့်စစ် အဲလ်ဘတ် ဗစ်တာ နစ်ကိုးလတ်စ် မောင့်ဘက်တန်'ပါပေတည်း။

သူသည် အရှေ့တောင်အာရှတစ်ခွင် မဟာမိတ်တပ်များ၏သေနာပတိချုပ်ကြီးလည်း ဖြစ်ခဲ့၏။ သူ၏စစ်မိန့်များက ကမ္ဘာ့မြေပြင်၏ ၁၂ ပုံ ၁ ပုံကို လွှမ်းမိုးနိုင်ခဲ့သည်ပဲ ဆိုပါတော့။

လော့ဒ်လူးဝစ္စမောင့်ဘက်တန်တစ်ယောက် ဒီအမိန့်တွေ ပေးနိုင်စွမ်းရှိခဲ့သည်ကလည်း သူသည် ရေတပ်ဆိုင်ရာစီမံချက် သယ်ယူပို့ဆောင်ရေးကိစ္စများတွင် ပါရဂူတစ်ဆူ ဖြစ်ခဲ့သောကြောင့်ပါတည်း။

ကမ္ဘာ့စစ်ဦးစီးအဖွဲ့အတွင်းရေးမှူး စတင်ဆန် ကဆိုလျှင် ရခိုင်ပြည်နယ် စစ်တွေမြောက်ပိုင်းတောနက်ထဲမှ အကြံကြီးသောဂျပန်အထူးတပ်ဖွဲ့ကို နာလန်မထူနိုင်အောင် တိုက်ခိုက်နှိမ်နင်း အောင်ပွဲဆင်နိုင်ခဲ့ခြင်းအတွက် မောင့်ဘက်တန်အား တလေးတစားချီးကျူးလို့ မဆုံး။

ထိုတပ်ဖွဲ့မှာ ကာလကတ္တားသို့ သွားရောက်တိုက်ခိုက်ရာ ဂျပန်တို့၏ လေတပ်အခြေစိုက်စခန်း ဖြစ်၍၊ မောင့်ဘက်တန်၏ ထိုးစစ်ဆင်ချေမှုန်းခဲ့မှုကြောင့် ဂျပန်များ၏ အနောက်ဘက်ပိုင်းသို့ အဟုန်ပြင်းစွာထိုးဖောက်ဝင်ရောက်မှုမှာ တန့်သွားဆုတ်သွားခဲ့ရသည် မဟုတ်ပါလား။

ဝင်စတန်ချာချီကိုယ်တိုင်က လော့ဒ် လူးဝစ္စ မောင့်ဘက်တန်ကို ရာထူးကြီးခန့်အပ်ရန် အင်တိုက်အားတိုက်တာဝန်ခံခဲ့၏။ သို့သော် ချာချီသည် 'ကြူးဘက်ညီလာခံ၌ မောင့်ဘက်တန်အား သေနာပတိချုပ်ရာထူး ပေးအပ်ရန် တောင်းဆိုရာ၌ ချမ်းသာကြွယ်ဝခြင်း၊ ရုပ်ရေချောမော ခံ့ညားခြင်း၊ ဗိတိုရိယဘုရင်မကြီး၏ မြစ်တော်ခြင်း၊ နတ်ရှာစ် အင်္ဂလန်ဘုရင်ကြီး၏ ညီဝမ်းကွဲ ဖြစ်ခြင်းဆိုသော အကြောင်းများကြောင့် မဟုတ်ပါ။

ချာချီအနေဖြင့် အရေးကြီး အဆင့်မြင့်စစ်ရာထူးကြီးကို တစ်စုံတစ်ယောက်က လွှဲအပ်ရေးတွင် 'လော့ဒ် လူးဝစ္စ မောင့်ဘက်တန် ကလေးဘဝက နန်းတော်ထဲ ပျော်ပါးကစားရင်း အချိန်တော်များများ ဖြုန်းခဲ့သည့်အဖြစ်များ၊ သို့မဟုတ် အိုက်ဆင်ဟောင်ဝါး သမ္မတကြီးကဲ့သို့ ကင်းဆက်စ်ပြည်နယ်တွင် ယုန်ပစ်ထွက်၍





ကြောင်လိုလို ရှဉ့်လိုလိုအကောင်လေးများကို ထောင်ချောက်ဆင် ဖမ်းဖူးခဲ့သလား' ဆိုသည်များကို အရေးမစိုက်ခဲ့ပါ။

သည်အချက်ကို မှန်ကန်ကြောင်းပြသသောအားဖြင့် လော့ဒ် လူးဝစ္စက အောင်ပွဲတွေ အလီလီခံနိုင်ခဲ့ပါပြီ။ သို့သော် စစ်ပွဲ၏ကနဦး အစပိုင်းတိုက်ပွဲတော်တော်များများမှာတော့ သူ အနိုင် မရခဲ့။ ထိုအချိန်က သူပါဝင်ခဲ့သမျှ တိုက်ပွဲအများစု၌ အနိုင်ရဖို့အခွင့်အရေးတစ်ဝက်မျှ သူ မရရှိခဲ့ပါ။ ဒါပေမယ့် သူက ကြောက်ခမန်းလိလိ သူသေကိုယ်သေတိုက်ကြရသော စစ်မျက်နှာတိုင်းတွင် စွမ်းစွမ်းတမံ ရဲရဲရင့်ရင့်စွန့်စားစွာတိုက်ခိုက်ခဲ့သည်။

သူ ဦးစီးဦးကိုင်အမိန့်ပေးသော စစ်သင်္ဘောများမှာ နေ့ရောညပါ ဗုံးကြဲခံကြရသည်။ သူစီးနင်းသော တိုက်သင်္ဘောကြီးကိုယ်၌ပင်လျှင် ၂ ကြိမ်တိုင်တိုင် ဗုံးထိပြီးမီးလောင်ခဲ့ရာက မနည်းငြိမ်းသတ်ခဲ့ရသည်။ သို့ဖြင့် ဒစ်ကီ မောင့်ဘက်တန်မှာ ဗြိတိသျှရေတပ်တွင် ဗုံးအကြဲခံရဆုံး ဗိုလ်ချုပ်တစ်ယောက်အဖြစ်လည်း အခေါ်ခံရသေး၏။

သို့လင့်ကစား ရာဇဝင်ပါကာ ရာဇမာန်ဝင့်ထည်သော ဤရေတပ်ဗိုလ်ချုပ်၏ ပြင်းထန်တက်ကြွသည့်တိုက်ရည်စွမ်းရည်နှင့် ရဲရဲတောက်သတ္တိပြောင်မြောက်မှုများအတွက် ဘယ်သူကမျှ သံသယထားပြီး စစ်လားကြောလား မလုပ်ခဲ့ကြပါ။

ဗြိတိသျှများက လော့ဒ်လူးဝစ္စမောင့်ဘတ်တန်ကို 'နယ်လ်ဆင်ဝိညာဉ်ဝင်ကပ်သူ' သို့မဟုတ် 'နယ်လ်ဆင်လိုလူစား' ဟု ပြောလေ့ရှိကြသည်။

စင်စစ်တော့ သူတို့က ထရာဖဲလ်ဂါတိုက်ပွဲကြီး၏ မော်ကွန်းဝင်သူရဲကောင်း၊ လက်တစ်ဖက်တည်း၊ မျက်လုံးတစ်လုံးတည်းရှိပြီး ဗြိတိသျှရေတပ်မတော်ကြီး၏ အလေးအမြတ်ထားရာ အရှင်သခင်၊ ဘယ်တော့မျှ တိမ်မြုပ်ပျောက်ကွယ်သွားမည် မဟုတ်တော့သော ပြည့်ဂုဏ်ဆောင်၊ ပြည့်မျက်နှာဖုံးဖြစ်ခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ် နယ်လ်ဆင်နှင့် ထပ်တူထပ်မျှ နှိုင်းယှဉ်တင်စား ချီးမြှောက်လိုက်ကြခြင်း ပါတကား။

ကဲ-ကျွန်တော့်အနေဖြင့် ခင်ဗျားကို လော့ဒ်လူးဝစ္စတစ်ယောက် ဖျက်သင်္ဘောကြီးကယ်လီ၏ ဇာတ်ရာဇ်ဝင်ဇာတ်ကြောင်း ဘယ်သို့ဘယ်ပုံ သရုပ်ပြခဲ့သည်ကို သာ သာဓကဆောင်ပုံဖော်ပြပါရစေ။

ပထမဆုံး သူက ကယ်လီကို ရေမြုပ်မိုင်းထိ၍ ပျက်စီးခဲ့သည့်နောက် ဆိပ်ကမ်းသို့ အရောက်ပြန်ယူလာခဲ့သည်။ နောက် ၆ လ လောက်အကြာ ကယ်လီ ပြင်ဆင်မှုမ်းမံပြီးပြီ ဆိုသောအခါ လော့ဒ်လူးဝစ္စက ပင်လယ်ပြင်သို့ ပြန်ခေါ် ထွက်ခဲ့ပြန်သည်။

သည်တစ်ခါတော့ သူ့စက်ခန်း ရှေ့တစ်ခန်းလုံး စုတ်ပြတ်ပွင့်ထွက်သွားအောင် တိုပီဒို ထိမှန်ခဲ့ရပြန်၏။ လော့ဒ်လူးဝစ္စလည်း ကယ်လီဆိပ်ကမ်း ပြန်ကပ်နိုင်ရေးအတွက် ၄ ရက် ၄ ညလုံးလုံး တိုက်ခိုက်လာရသည်။ သူသည် ဂျာမနီ တိုပီဒိုသင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ပတ်ပတ်လည်ကို နေရာမလပ် ကျဲချနေသော ဗုံးကြဲလေယာဉ်များကို အံတုတိုက်ခိုက်ခဲ့ရ၏။

သည်ကြားထဲက အပြင်းအထန်မုန်တိုင်းမိ၍ မြောက်ပင်လယ်လှိုင်းလုံးရေမကြီးတွေက ကယ်လီကို ထုထောင်းနှိပ်စက် အန္တရာယ်ပြုပြန်၏။

ကယ်လီအဖို့ တောင့်ခံနိုင်စွမ်း လုံးဝမရှိတော့သဖြင့် တခြား ဖျက်သင်္ဘောကြီးတစ်စင်းနှင့် တွဲယူလာရသည်။ စစ်သင်္ဘောကြီးမှာ ဘယ်အချိန် နစ်မြုပ်မည်မသိ။ ရင်တထိတ်ထိတ် စိုးရိမ်သောကတွေပွားစရာ ကြုံနေရ၏။

လော့ဒ်လူးဝစ္စက တပည့်လက်သား သင်္ဘောတပ်သားတွေ ရှိသမျှ (တဖြုန်းဖြုန်းလိုက်ဗုံးကြဲနေသော ဂျာမန် ဗုံးကြဲလေယာဉ်တွေကို ခံပစ်ရန် မိမိဆန္ဒအလျောက် သူနှံဘေးတွင်နေရစ်ခဲ့သူ အမြောက်ပစ်သမား၊ စက်သေနတ်သမားတချို့က လွဲ၍) အကုန်လုံး တစ်ဖက်သင်္ဘောသို့ကူးပြောင်းရန် အမိန့်ပေးခဲ့၏။

လူးဝစ္စသည် နောက်ဆုံးတွင် ကယ်လီကို ကုန်းတွင်းရှိသင်္ဘောကျင်းတစ်ခုသို့ ဆောင်ကြဉ်းနိုင်ခဲ့ပြီး၊ လိုအပ်သလို ပြင်ဆင်ပေးနိုင်လိုက်သည်။

၁ နှစ်ပဲ ကြာပါလိမ့်မည်။ သူ့လက်စွဲတော်ကယ်လီကို စစ်ရေပြင်သို့ ပြန်မောင်းသွင်းခဲ့သည့်နောက်၊ နယ်လ်ဆင့်လိုလူစား ဖြစ်ကြောင်း နောက်တစ်ကြိမ်ပြသခဲ့ပြန်၏။

ထိုအချိန်မှာ ဂျာမန်တပ်များ ဂရိကို သိမ်းပိုက်ပြီး၊ ကရေတီကျွန်းများပေါ်သို့ လေထီးစစ်သည်များ ကြဲချ၍ အပိုင်စီးလိုက်ပြီးခါစပင် ဖြစ်၏။

ကျွန်တော်တို့အဖို့ စိတ်မာတ်ကျစရာနှင့် အမှောင်ကြီးလွှမ်းခဲ့သော နေ့ရက်များပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ အလုံးစုံမဆုံးရှုံးသေးပါ။ ဗြိတိသျှတပ်သားတွေက ပင်လယ်လှိုင်းများကို ပိုင်စိုးအုပ်ချုပ်ထားဆဲ ဖြစ်သောကြောင့်ပါတည်း။





လော့ဒ် လူးဝစ္စ မောင့်ဘက်တန်သည် ထိုတိုက်ပွဲကြီး၌ သူ့ရဲရင့်ဆောင်ကာ အသက်စွန့်တိုက်ခိုက်ခဲ့၏။

သူက စစ်သင်္ဘောကြီး ကယ်လီပေါ်မှာရပ်လျက် ပဋ္ဌမမြောက် စစ်သင်္ဘောကြီး ဖလောတီလာကိုပါ ကြီးကြပ်ကွပ်ကဲကာ ကမ်းသို့ အနီးကပ်တစ်ဟုန်ထိုးဗွတ်တိုးဝင်ပြီး ဂျာမန်တို့၏အဓိကပစ်မှတ်များကို အမြောက်မိုး၊ ဗုံးမိုးတွေ ရွာပစ်ခဲ့၏။ သူ့ဖျက်သင်္ဘောကြီးများက ဂျာမန်တပ်သားတွေ အပြည့်အနက်တင်ဆောင်ထားသော ကူးတို့သင်္ဘောတစ်စင်းကို မြုပ်ပစ်လိုက်ရုံမက ဂျာမန် လက်နက်ခဲယမ်းသင်္ဘောတစ်စင်းကိုလည်း မီးလောင်တိုက် သွင်းပစ်နိုင်လိုက်၏။

ဂျာမန် ဗုံးကြဲလေယာဉ်တွေကလည်း လော့ဒ်လူးဝစ္စ၏သင်္ဘောကို နှစ်မြုပ်ပစ်ဖို့ နာရီပေါင်းများစွာ ကြိုးပမ်း၏။ ဗုံးတွေ ရာချီ၍ ကြဲချသည့်ကြားမှ တစ်ခုမကျွန် လွဲကုန်၏။

၈ နာရီကျော်စကလေးမှာတော့ စစ်သင်္ဘောကြီး ဗုံးကျည် ထိတော့သည်။ ဂျာမန်ဗုံးကြဲကောင်တွေက တိမ်ကြားထဲမှ သောမင်းအော်သံကြီးနှင့် ထိုးဆင်းလာပြီး ကယ်လီ၏နှလုံးသားရှိရာသို့ ဗုံးတစ်လုံး ပစ်ထည့်လိုက်၏။ နောက် ကြောက်စရာလန့်စရာ သေမင်းအန္တရာယ် ဗုံးကြဲလေယာဉ်တွေ တစ်အုပ်ကြီး တဝေါဝေါဖြင့် ထိုးဆင်း တိုက်ခိုက်လာပြန်သည်။ လော့ဒ်လူးဝစ္စ၏သင်္ဘောကြီးမှာ အသည်းအသန် ထိခိုက် ဒဏ်ရာရသွားခဲ့ရပါလေပြီ။

အလွန်ဆုံး စက္ကန့် ၄၀ အတွင်းမှာပင် ပင်လယ်လှိုင်းအောက် နစ်သွားမတတ်ပါ။ ဒါပေမယ့် မောင့်ဘက်တန်မှာ နယ်လ်ဆင်၏သူရစိတ်ဓာတ်မျိုး ရှိနေသည်။

သူက "ကယ်လီသည် တိုက်ပွဲဝင်လျက် သေနတ်တွေ၊ အမြောက်တွေ ရှိသမျှ မီးကုန်ယမ်းကုန်ပစ်ခတ်ရင်းသာ နစ်သွားစေရမည်"ဟု ဆုံးဖြတ်လိုက်၏။ သူက သူ့လူများကို အသံချဲ့စက်မှ အော်ပြောလိုက်သည်။

"ဟေ့ ရဲဘော်တို့။ ဘာတွေပဲဖြစ်ဖြစ် ဘယ်အခြေပဲရောက်ရောက် သေနတ်တွေ အပစ်မရပ်နှင့်။ ဆက်ပစ်"

စက္ကန့် ၄၀ ကျော်ကျော်တွင်မူ အလူးအလဲဒဏ်ရာရထားသော စစ်သင်္ဘောကြီးလည်း စုန်းစုန်းမြုပ်ရပါလေပြီ။ သင်္ဘောကြီး ရေအောက်နစ်သွားနေချိန်၌

လော့ဒ်လူးဝစ္စလည်း ပွဲစင်မှလွင့်ထွက်သွားပြီး ရေအောက်သို့ ပေပေါင်းများစွာ ပါသွားသေး၏။ ထို့နောက် ရုတ်တရက် ဖြုန်းဆို ရေပေါ် ပြန်ပေါ်လာသည်။ ရေပေါ်ရောက်ရောက်ချင်း သူ ဖမ်းမြင်လိုက်ရသည်က သေအံ့မူးမူးဖြစ်နေသော သင်္ဘောသန်ကာကြီးများက လေထဲတွင် တပျံပျံအားကုန်လည်လျက်သားဖြင့် သူ့ခေါင်းပေါ်မှာ ဖြတ်သွားခြင်းပင် ဖြစ်ပါ၏။

လော့ဒ်လူးဝစ္စနှင့် သေဖော်ရှင်ဖက်သူ့ရဲမက်များမှာ ၂ နာရီခွဲတိုင်တိုင် ပင်လယ်ထဲတွင် ရုန်းကန်ကူးခတ်နေရသည်။ မျက်စိတွေထဲမှာလည်း ဆုံးစမဲ့ ဆီပြင်ကြီးက ဆီတွေအစေ့သား ကာဆီးထားလျက်။

ဂျာမန်ဗုံးကြဲလေယာဉ်များက သူတို့ခေါင်းပေါ် ပေအနည်းငယ်အကွာက ပျံသွားရင်း စက်သေနတ်ကျည်ဆံတွေဖြင့် ဖျန်းပက် ကောင်းချီးပေးနေသည့်ကြားမှ လူးဝစ္စနှင့်အပေါင်းအပါများမှာ ပင်လယ်ရေပြင်၌ နာရီပေါင်းအတော်ကြာအောင် အသက်လု ကူးနေခဲ့ကြရ၏။

သို့ရာတွင် သေကံမရောက် သက်မပျောက်ချင်တော့ ကံထူးလှစွာဖြင့် စစ်သင်္ဘောကြီးတစ်စင်း၏ကယ်ဆယ်ခြင်း ခံလိုက်ရပါသည်။

ဟုတ်ကဲ့။ ဂျာမန်ဗုံးကြဲလေယာဉ်များက ကရေတီကျွန်းမှ ပျံတက်၍ သူတို့ကိုအသေသတ်ဖို့ ကြံစဉ်က ဒီဖြစ်ရပ်ကလည်း လော့ဒ် လူးဝစ္စ မောင့်ဘက်တန်အား နယ်လ်ဆင်လိုလူစား ဖြစ်ကြောင်း သက်သေခံသည့်ပြယုဂ်ပဲ မဟုတ်ပါလား။

နိုလ် ကောင်းဝဒ်၏ အကောင်းဆုံးလက်ရာမွန် "ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့စဉ်က" ဆိုသော နာမည်ကျော် ရုပ်ရှင်ဇာတ်ကားမှာ လော့ဒ် မောင့်ဘက်တန်၏ ထိုအတွေ့အကြုံများကို အဓိကအခြေခံထားခြင်း ဖြစ်၏

မောင့်ဘက်တန်သည် အသေခံတပ်ဖွဲ့၏ ကွန်မန်ဒိုခေါင်းဆောင် သင်တန်းလျှောက်ချိန်ကပင် စတင်ထင်ရှားခဲ့သည်။

သူတို့ကွန်မန်ဒိုတွေမှာ လက်မရွံ့ပြောက်ကျားတပ်ဖွဲ့အဖြစ် ပြင်သစ်၊ ဘယ်လ်ဂျီယမ်၊ ဟော်လန်ကမ်းခြေများသို့ လျှို့ဝှက်စွာဝင်ရောက်၍ တစ်ညလုံး မွှေနှောက်ခဲ့ကြ၏။ အလစ်ဝင်စီးခဲ့ကြသမျှ ထိုတိုက်ပွဲတိုင်းတွင် ဂျာမန်တွေကို သေပြေးရှင်ပြေးပြေးရသည့်အထိ ယောက်ယက်ခတ်သွားစေပြီး၊ စစ်စခန်း၊ စစ်လက်နက်သိုလှောင်ရုံများကို ဖောက်ခွဲပစ်နိုင်ခဲ့သည်။

ရန်သူကို အထိတ်ထိတ်အလန့်လန့်ဖြင့် စိတ်ဓာတ်ကျစေခဲ့၍ မိမိတို့၏ စိတ်ဓာတ်ကို မြှင့်တင်နိုင်ခဲ့ရုံမက၊ နယ်သိမ်းတိုက်ပွဲများဆင်ရန် အဖိုးတန်သတင်းများကိုလည်း စုဆောင်းနိုင်ခဲ့သည်။

လော့ဒ်လူးဝစ္စ ကွန်မန်ဒိုတပ်ဖွဲ့မှူးဖြစ်လာသောအခါ "သူ လုပ်မည်မဟုတ်သော အလုပ်မှန်သမျှ သူ့ရဲဘော်များကို မလုပ်နိုင်းပါ" ဟု ကြေညာချက်ထုတ်ခဲ့၏။

သူသည် ရန်သူဂျာမန်များအား ကြေးလက်သီးစွပ်၊ ဖိနပ်စူးချွန်၊ ဓားမြှောင်၊ တင်းပုတ်၊ သံတုတ်၊ ကွန်မန်ဒိုဓားရှည်ကြီးများနှင့် သတ်ဖြတ်ခဲ့သော အသေခံတပ်ဖွဲ့တိုက်ခိုက်ရေးစီးနင်းမှုများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူ ဖြစ်၏။ သူ့အနေဖြင့် ကွန်မန်ဒိုတိုက်ပွဲများတွင် ကိုယ်ထိလက်ရောက်ဆင်နွှဲခဲ့ရုံမက၊ စစ်ပွဲကြီးများကဲ့သို့ ပြင်းထန်၍ စစ်သားများအတွက် အကြမ်းဆုံးအပင်ပန်းဆုံး လေ့ကျင့်ရသည့် ကွန်မန်ဒိုသင်တန်းတွင်လည်း ရဲဘော်များနှင့်အတူ လေ့ကျင့်ခဲ့၏။

သူသည် သူ့ရဲဘော်များကိုဦးဆောင်လျက် ကွန်မန်ဒိုတိုင်း မကျင့်ဘဲ မနေရသော သွေးနှင့်ချွေးနှင့် ရင်းရသည့်လမ်းကို ဖြတ်သန်းခဲ့သည်။

ပထမ ကျောပိုးအိတ်နှင့် စစ်ပစ္စည်းအပြည့်အစုံဆင်ပြီး လုံ့ခွပ်တပ်ရိုင်ဖယ်ကိုကိုင်ဆောင်လျက် သံဆူးကြိုးတွေ ကျောလွတ်ရုံကလေးရှပ်ယှက်နေသော ၁၀ ပေခန့်ခရီးကို မိကျောင်းတွား သွားရသည်။

ခရီးဆက်ခဲ့ပြန်တော့ ဗုံးဆံတွေ၊ မြေမြှုပ်မိုင်းတွေ နေရာအနှံ့အပြား လွှင့်စဉ်ပေါက်ကွဲနေသည့်ကြားက လမ်းမြောင်ကလေးအတွင်းသို့ အလုအယက်ဆင်းခဲ့ရ၏။ ထို့နောက် ရေတွေ လည်မျိုလောက်ပြည့်နေသော တွင်းကြီးတစ်တွင်းထဲ ခုန်ချ ဖြတ်ကူးရပြန်သည်။ ပြီးတော့ မီးတောက်မီးလျှံတွေ ဟုန်းဟုန်းနေသော မီးတံတိုင်းတစ်ခုကို ကျော်ဖြတ်ရသည်။ တစ်ဖန် ၁၀ ပေကျော်မြင့်သော အတားအဆီး နံရံတစ်ခုကို တွယ်တက်၊ခုန်ဆင်းရသည်။

နောက်ဆုံး ပန်းဝင်မျဉ်းသို့ရောက်အောင် မတ်စောက်လှသည့်တောင်ကုန်းကို ခက်ခဲကြမ်းတမ်း ပင်ပန်းလှစွာ ရုန်းကန်တက်ခဲ့ရတော့သည်။

သည် မရေအာကန္တာရလမ်းကို ဖြတ်ကျော်နေစဉ်တစ်ချိန်လုံး အသံချဲ့စက်တွေက ဂျာမန် ထိတ်လန့်သည်းဖိုရုပ်ရှင်များမှ ကြောက်စရာတီးလုံးများ၊ အော်သံများ၊ ဆူဆူညံညံအသံများ၊ ဗုံးကြဲလေယာဉ်ကြီးများ၏ နားကွဲမတတ်အသံကြီးများ၊ အသံနက်ကြီးဖြင့် သွေးပျက်ခမန်း ထ,အော်သံများကို သင်တန်းသားရဲဘော်များ၏နှလုံးထဲ၌ ကြောက်စရာကောင်းအောင် လွှင့်ထုတ်ပေးနေ၏။

ဤသည်ပင် မောင့်ဘက်တန် ကွန်မန်ဒိုတပ်မှူးဘဝက သူကိုယ်တိုင် သူ့ရဲဘော်များနှင့် တစ်ပြိုင်တည်းပါဝင်လေ့ကျင့်ခဲ့သော လေ့ကျင့်ခန်းတစ်ခု ဖြစ်ပါ၏။ တစ်နည်းအားဖြင့် သူသည် သူ စီစဉ်ညွှန်ကြားသောစာတ်ကြမ်းတွင် လက်ညှိုးထိုးနိုင်းရုံမက ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သည် ဆိုရပေမည်။

လော့ဒ်လူးဝစ္စသည် ကျွန်တော်တို့၏ထိပ်တန်းခေါင်းဆောင်များထဲတွင် အငယ်ဆုံးလည်း ဖြစ်ပါ၏။

သူ သေနာပတိချုပ်ဖြစ်ချိန်က အသက် ၄၅ နှစ်သာ ရှိသေး၏။ အိုက်ဆင်ဟောင်ဝါထက် ၁၀ နှစ်ငယ်၍၊ မက်အာသာထက် ၂၁ နှစ် ငယ်ခဲ့ပါသည်။

သို့နှင့်အမျှ မဟာမိတ်တပ်ပေါင်းစု ပူးပေါင်းစစ်ဆင်ရေးခေါင်းဆောင်တစ်ဦးအနေဖြင့်လည်း ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး မဟာစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရာ၌ တစ်တပ်တအား ပါဝင်ကူညီနိုင်ခဲ့သည်။ ဒါကတော့ မြောက်အာဖရိကကို သိမ်းပိုက်ရယူခဲ့ခြင်းပင် ဖြစ်၏။

သူသည် စစ္စလီကျွန်းနှင့် အီတလီပင်ကိုကျွန်းမကြီးကို စီးနင်းရယူရေး စီမံချက်များမှာလည်း အကူအညီပေးခဲ့ပါသည်။

လော့ဒ်လူးဝစ္စမောင့်ဘက်တန်သည် သူ့ဘဝ၏ ၃ ပုံ ၁ ပုံ ကျော်ကျော်ကို ဗြိတိသျှရေတပ်မတော်ထဲတွင် ကုန်လွန်စေခဲ့၏။ သူက ရေတပ်ထဲသို့ ၁၃ နှစ်သားအရွယ်ကပင် ဝင်ခဲ့၏။ ရေတပ်မှခေါ်သံများက သူ့သွေးကြောထဲတွင် စီးဝင်ဆူပွက်နေခဲ့ရာမှ ညို့သက်မိသူပမာ မဝင်မဖြစ်ဝင်ခဲ့ရခြင်းသာ ဖြစ်ပါသည်။ သူ ကလေးအရွယ်ကပင် ကစားစရာစစ်သင်္ဘောလေးများနှင့် စစ်တိုက်တမ်း ကစားခဲ့သည်။





သူ့အဖေကား မီလ်ဖိုဒ်ဟေဗင်မှ မှူးမတ်ကြီးတစ်ဦး ဖြစ်ခဲ့သလို၊ ဗြိတိသျှရေတပ်မတော်၌ ရာစုနှစ်ဝက်ကျော်ကျော် ဝင်ရောက်အမှုထမ်းခဲ့ပြီး ဗြိတိသျှရေတပ်မတော်၏ အမြင့်ဆုံးရာထူးဖြစ်သော ရေတပ်ဖက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ခန့်အပ်ခြင်း ခံခဲ့ရ၏။

လော့ဒ်လူးဝစ္စလည်း 'သူ့ဖခင်ကြီးကဲ့သို့ပင် ရေတပ်မတော်၌ အဆင့်မြင့်နေရာတစ်ခုကို ရအောင်ယူမည်' ဟု နှစ်ပေါင်းများစွာကပင် စိတ်ပိုင်းဖြတ်ထားခဲ့၏။ ဒီ့အတွက် 'တော်ဝင် ဘုရင့်အမျိုးဖြစ်သည်' ဟူသောအချက်က မကူညီနိုင်ကြောင်း သူက သိသည်။

သူ ဗြိတိသျှရေတပ်၏ထိပ်တန်းခေါင်းဆောင်နေရာရဖို့ တစ်ခုတည်းသောလမ်းမှာ ထိုက်ထိုက်တန်တန်နှင့် ပြည့်ဝသောအရည်အသွေး ရှိထားရန်သာဖြစ်ကြောင်းလည်း နားလည်ခဲ့၏။ သည်တွင် သူ့ကိုယ်သူ ကြိုတင်ပြင်ဆင်သောအားဖြင့် အပြင်းအထန်ကြိုးစားတော့၏။ မနားမနေ သင်ကြားလေ့လာခြင်းဖြင့် နေရာတိုင်းတွင် ဗိုလ်စွဲ၍ ပါရဂူမြောက်ခဲ့သည်။

ကင်းဘရစ်ချ်တက္ကသိုလ်တွင် ၄ နှစ်တက်ခဲ့ပြီး၊ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ကို အရယူနိုင်လိုက်သည်။ ရေဒီယိုအချက်ပြနည်းပညာအလုပ်ကို အရင်ဦးစွာ ဝင်လုပ်ပြီး၊ ရေတပ် အချက်ပြဆက်သွယ်ရေးကျောင်းတွင် ဆရာအဖြစ် ၂ နှစ် ဝင်သင်ပေးခဲ့၏ ယခု ရေတပ်တွင်သင်ကြားနေသော သင်္ကေတစနစ်အတော်များများမှာ သူ တီထွင်ပေးခဲ့ခြင်း ဖြစ်၏။

ကျွန်တော်တို့၏ လက်နက်ကိုင်တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ လက်သုံးစကားတစ်လုံးမှာ လော့ဒ်လူးဝစ္စ စတင်သုံးစွဲပြောဆိုခဲ့သော စကားပါပေ။

"အားလုံး တစ်စမကျန် သိမ်းပြီးပြီ"

အဓိပ္ပာယ်က 'အစစအရာရာပြည့်စုံအောင် စနစ်တကျစီစဉ်ပြီးပါပြီ' တဲ့။

ဒစ်ကီမောင့်ဘက်တန်သည် စစ်ဆင်ရေးအထူးတာဝန် ထမ်းဆောင်ရတော့မည့် အချိန်တိုင်း အားလုံးကို တစ်စမကျန်သိမ်း၍ အဆင်သင့်ပြင်ပြီးသား ဖြစ်နေ၏။

သူ ဗြိတိသျှအသေခံတပ် ကွန်မန်ဒိုအဖွဲ့အကြီးအကဲဖြစ်ချိန်တွင် တိုက်ပွဲတွေပြီးတိုင်း အလေ့ာင်းတွေကို စစ်ဆေးလေ့ရှိသည်။ သူက ဘာအမှားကြောင့် ဘယ်သို့သေရကြောင်း ကောက်ချက်ချပြီး၊ နောက်နောင် အလားတူအမှားမျိုး ထပ်မဖြစ်အောင် ရှောင်ရှားနိုင်စေခဲ့သည်။

''တို့ တစ်နေရာရာမှာ အချိန်ကုန်သွားတယ်ကွ။ တို့ဟာ ၈ နာရီ ၃၀ တိတိမှာ ကမ်းပေါ်တက်ဖို့ချိန်းထားတယ်။ ဒါပေမယ့် ပထမဆုံးလူဟာ ၈ နာရီ ၃၁ မိနစ်အထိ သတ်မှတ်နေရာကို မရောက်နိုင်ခဲ့ဘူး''

သူ ရယ်စရာပြောနေတာလား။ မဟုတ်ပါဘူးခင်ဗျ။

သူက နောက်ကျသွားခြင်းက အသက်တွေအများကြီး သေသွားစေနိုင်တာကို သိလို့ပဲ ဖြစ်ပါသည်။ သူတို့စစ်ဆင်ရေးမှာ အစီအစဉ်အတိုင်း မဖြစ်ခဲ့သည့်အတွက် သူ စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့ရ၏။

လောဒ်လူးစ္စ ဖရန့်စစ် အဲလ်ဘတ် ဗစ်တာ နစ်ကိုးလတ်စ် မောင့်ဘက်တန်သည် အရာခပ်သိမ်းကို စိတ်တိုင်းကျ တစ်စမကျန် သိမ်းမပြီးသရွေ့ တကယ့်လုပ်ငန်းတာဝန်များကို ဘယ်တော့မျှ မစချေ။

သူ စလုပ်မိပြီ ဆိုလျှင်လည်း ဘယ်တော့မျှ ရပ်သည်မရှိ။

သူ့မှာ နယ်လ်ဆင်၏စိတ်ဓာတ် ကိန်းဝပ်နေသည်လေ။





# ဘော့ဟုပ်
# Bob Hope

**ကုန်လှောင်ရုံတစ်ခုမှာ အလုပ်မရခဲ့ပေမယ့်**
**ခုတော့ အမေရိကား၏ လူကြိုက်အများဆုံး**
**လူရွှင်တော်အလုပ်ကို ရခဲ့ပါပြီ။**
**စစ်မြေပြင် ဗုံးဆံ့,အမြောက်ဆံတွေကြားထဲ**
**သက်စွန့်ဆံဖျားသွား၍ ပျော်တော်ဆက်ခဲ့သူ။**
**ရေဒီယိုကို အထင်မကြီးခဲ့သော ဦးကာပ်စေး။**

❒ ရယ်ပွဲဖွဲ့ဖို့အတွက် မိုင်ပေါင်း ၈ သောင်းခရီးကို သွားသူ ဟူ၍ တစ်ယောက်ဆို တစ်ယောက်တည်းရှိသောသူမှာ အဆိုကျော် ဘင်းခရော့စ်ဘီနှင့် အိမ်ချင်းကပ်နေသူ 'ဘော့ဟုပ်' ပင်ဖြစ်ပါသည်။

မိုင် ၈ သောင်း ဆို့မဟုတ် အီကွေတာရပ်ဝန်းဒေသကို ၃ ကြိမ် ကျော်ကျော်ပတ်ရမည့် အကွာအဝေး။ ဒီလောက်ခရီးကို တိုင်းပြည်တာဝန်ထမ်းဆောင်နေသူ စစ်သည်များအား ပြုံးရယ်ပျော်ရွှင်အောင် ဖျော်ဖြေရေးအတွက် ဘော့ပ်ဟုပ်ခြေဆန့်ခဲ့၏။ ထို့ကြောင့် အယ်လ်ကျီးယားတွင် ဗုံးစာမိမလို့ သီသီကလေး ကြုံခဲ့ရသည်။

အီတလီမှာလည်း လေဆိပ်နှင့် လက်နက်တိုက်ကို ဗုံးကြဲနေခိုက် သူက ကြားညှပ်ပြီး ချောင်ပိတ်မိခဲ့သေး၏။

ပြီးတော့ သူက ပြက်လုံးထုတ်ဖို့ ထရပ်ကားကြီးတွေ, တင့်ကားကြီးတွေ, ဂျစ်ကားတွေပေါ် ကပျာကရာခုန်တက်ကာ ရေခြား မြေခြား စစ်မြေပြင်များမှ

အိမ်လွမ်းနေကြသောတပ်ဖွဲ့ဝင်များကို စက်သေနက်လို တဒက်ဒက်တဝေါဝေါ ဟသောသောရယ်ရသောပြက်လုံးများဖြင့် ဟဒယရှင်ဆေးတိုက်ကျွေးခဲ့၏။

တိုင်းပြည်၏တစ်နေရာမှာလည်း စစ်သည်တော် ၆၀၀ ခန့်က သူ့ဇာတ်ပွဲကို ကြည့်ရန် ၁၀ မိုင်ဝေးသော ဖုန်းဆိုးမြေကို ကုန်းကြောင်းဖြတ်လာခဲ့ကြရာမှ မရောက်နိုင်သည့်အဆုံး စိတ်ပျက်ပျက်ဖြင့် လမ်းတစ်ဝက်က တပ်ခေါက်ပြန်သွားကြကြောင်း ဘော့ဟုပ် ကြားလိုက်ရသည်။

သည်တွင် လောလောဆယ်ဖျော်ဖြေပွဲက လက်ခုပ်သံများမစဲခင်ပင် သူ့အဖွဲ့သားများကို ဂျစ်ကားတွေပေါ်မောင်းတင်ပြီး ထိုရဲဘော်တွေနောက် အသည်းအသန်အမီလိုက်ခဲ့ရာက မိုးတဖွဲဖွဲကြား ချုံနွယ်ပိတ်ပေါင်းတွေဖုံးလွှမ်းနေသော မြေရိုင်းလွင်ပြင်ပေါ်မှာပင် သူ့အစီအစဉ်ကို အစအဆုံး က,ပြတင်ဆက်ခြင်းဖြင့် ကိုယ်လူတွေကို အာသာပြေစေခဲ့၏။

စာတ်ခုံပေါ်က ဘယ်မင်းသားမင်းသမီးမျှ ဘော့ဟုပ်၏ စေတနာစံချိန်ကို တုမမီနိုင်ခဲ့ပေ။ သူသည် ရှေ့တန်းစစ်မြေပြင်များသို့ စိတ်ဓာတ်မြှင့်တင်ရေး၊ စစ်ဆင်ရေးအင်အားတစ်ရပ်အဖြစ် တကူးတက သွားရောက်ဖြေဖျော်သူများအနက်တွင် ပထမဆုံးပုဂ္ဂိုလ်လည်း ဖြစ်ခဲ့သည်။

ထို့အပြင် သူက ဥရောပတစ်နံတစ်လျား စာတ်ရုံအားလုံး၌ က,ပြခဲ့ရုံမက အလာစကာပြည်နယ်ရှိ လေ့ကျင့်ရေးစခန်းတိုင်းသို့ပင် သွားပြီး ဖျော်တော်ဆက်ခဲ့၏။

အလာစကာပြည်နယ်၌ စစ်ဆင်ရေးတာဝန်ခံမှာ ဒုဗိုလ်ချုပ်ကြီး ဘီ-ဘပ်ကနာဖြစ်၍၊ တစ်နေ့၌ ဘပ်ကနာသည် အလွန်ထူးခြားသော ကြေးနန်းတစ်စောင် ရလိုက်သည်။ ကြေးနန်းထဲမှာ သတင်းပို့ထားသည်က-

"ကျွန်တော်တို့ ဆိုမယ်၊ ကမယ်။ ပြဇာတ်တွေ ကမယ်။ ခင်နာဝတ်စုံတွေ ဝတ်ပြီး လာခဲ့မယ်။ ခင်ဗျားတို့နှင့်အတူ ပျော်ကြရအောင်ပါ"

အောက်ကမှ "ဘော့ဟုပ်" လို့ လက်မှတ်ထိုးထားသည်။

အလာစကာတစ်ခွင်ပြုံပြုံစင်အောင် ခက်ခဲပင်ပန်းစွာသွားခဲ့ပြီး ရှေ့တန်းစစ်မျက်နှာများရှိ ရဲဘော်တွေကို အပန်းတော်ပြေစေခဲ့၏။

သူသည် အလူးရှင်းကျွန်းများရှိ သွပ်မိုးရုံကလေးများနှင့် ဖြစ်ကတတ်ဆန်းဆောက်ထားသော တဲစုတ်ကလေးထဲက ဘယ်တုန်းကမျှ ခွင့်ပြန်၍မရခဲ့သူများ





ဆီသို့ပင် အရောက်သွားခဲ့၍ တဟားဟားတဟီးဟီးဖြင့် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်ပွက်လောရိုက်သွားအောင် လုပ်ဆောင်ခဲ့သည်။

ဘော့ဟုပ်ကို "အမေရိကန်လူရွှင်တော်"ဟု အများကသတ်မှတ်ခဲ့ကြသော်လည်း၊ အမှန်မှာ သူသည် အင်္ဂလိပ်စစ်စစ် ဖြစ်၏။

သူ့မိဘများက သူ ဒုတိယအံသွား မပေါက်ခင်ကပင် ကလိဗ်လန်းသို့ ပြောင်းလာကြ၏။ ထိုအချိန်၌ သူ့အသက် ၇ နှစ်နီးပါးသာ ရှိပြီး၊ စာတ်ခုံပေါ်တက်ဖို့ ဆုံးဖြတ်ခဲ့ပါပြီ။

သူတို့ရပ်ကွက်ထဲမှ ဘုရားကျောင်းက စထရော်ဘယ်ရီပွဲတော်ကျင်းပခဲ့စဉ် "လက်စ်လီ" ဟု အမည်တွင်သော "ဘော့" ကလေးသည် ကဗျာတစ်ပုဒ် ထရွတ်ခဲ့၏။ သူက ပထာစကြောင်းတွေ၊ ကပေါက်ကချာစာလုံးပေါင်းတွေ၊ အမှားမှား အယွင်းယွင်းနှင့် ပွဲကြည့်ပရိသတ်တွေကို နားမချမ်းသာရာရောက်စေခဲ့သည်။ သူ့အသက်အရွယ်မျိုး တခြားကလေးတွေသာဆို စင်ပေါ်က ရှက်ရှက်ကြောက်ကြောက်နှင့် ဆင်းပြေးတာ ကြာလှပြီပေါ့။

သို့ပေမယ့် ဘော့က ဖြတ်ထိုးဉာဏ်သုံး၍ လက်ခါခါ ခြေခါခါနှင့် မြူးတူးခုန်ပေါက်၍ က,ပြလိုက်ပြီးမှ သူ့ဘဝတစ်သက်တာ၌ လူတွေကို အူမြူးပျော်ရွှင်အောင်လုပ်နိုင်သော အဆန်းတကြယ် ခြေထိုးအကတစ်မျိုးကို သူအပိုင်ရှာတွေ့လိုက်သည်ဟု ဆိုရသည်။

နောက် ၁၂ နှစ်ကြာသည့်တိုင်အောင် စာတ်ခုံ၏အရသာက သူ့ကို ညို့ဆွဲနေခဲ့သည်မှာ အလုပ်လုပ်ရင်းကပင် တသသမမေ့နိုင်အောင် ဖြစ်ပါသည်။

ဘော့ခမျာ တရှုရှုထိုးနေသည့်ပိုးကို အရိန်သတ်၍ အင်ဂျင်စက်ကိုထောင်တစ်လုံးမှာ အလုပ် ဝင်လုပ်ခဲ့ရ၏။ ရွယ်တူလူငယ်တွေကိုစုပြီး ၄ ယောက်သံပြိုင်အဖွဲ့ကလေးဖွဲ့ကာ အသံဖမ်းမှတ်တမ်းစက်ထဲသို့ ညတိုင်း သံစဉ်တေးတွေ ဆိုသွင်းခြင်းဖြင့် ပျော်မွေ့နေခဲ့ကြ၏။ သူတို့ဘဝက အတိုင်းအတာတစ်ခုအထိတော့ ချမ်းမြေ့သာယာခဲ့သည် ဆိုရမည်။

တစ်မနက်ကျတော့ သူ့ဌေးက သူ့ရုံးခန်းထဲဝင်လာပြီး မှတ်တမ်းတင်စက်ကို ဖွင့်လိုက်ရာမှာ-

'ဒီည မြို့ဟောင်းကလေး အပူပွားရလိမ့်မည်' ဆိုသည့် နှုတ်ဆက်စာတန်းသက ဆီးကြိုလိုက်သည်။

အသံဖမ်းစက်က ထွက်ခဲ့သည့်အတိုင်းပင် ထိုညက မြို့ဟောင်းကလေးထဲမှာ အပူတွေပွားခဲ့ရသလို၊ လက်ခုပ်သောင်းနက်သံ ဟုပ်လည်း အလုပ်က ထွက်ခဲ့ရတော့၏။

'ပြီးတာတွေ ပြီးပါစေတော့။ သူ ဝင်ကျွတ်သွားပြီပေါ့' ဆိုသောအတွေးနှင့်အတူ ကိုယ့်လမ်းကိုယ်ဖောက် ကိုယ့်စိတ်ကြိုက်လျှောက်ရန် ဆုံးဖြတ်လိုက်ပြီး ဇာတ်ခုံပေါ်သို့ ခြေဦးလှည့်လိုက်သည်။ သူ့တာဝန်က တွဲဖက်တစ်ယောက်နှင့် သီချင်းဆိုရ က,ရဖြင့် အသုံးတော်ခံရ၏။

ထိုနှစ်တွေအတွင်း မြေပဲကြော်နှင့် မုန့်ပေါင်းတွေသာ ဖိစားပြီး သူ့ခမျာ အသက်ဆက်ခဲ့ရလင့်ကစား၊ သူကတော့ ယနေ့တိုင်အောင် နတ်ပြည်ရောက်၍ နတ်သုဓာတွေ စားခဲ့ရသည်ဟု ထင်နေဆဲဖြစ်ပါသည်။ ကံထလို့ ဟန်ကျချင်ပြီဆိုတော့လည်း စိုင်ကော်လို့ ရွှေဘုံပေါ်ရောက်ရသည့်ကိန်း ကြုံရစမြဲ။

သူ က,ပြနေသော အသေးစားဇာတ်ရုံကလေးက မန်နေဂျာသည် တစ်ခါတွင် ကန့်လန့်ကာရှေ့ထွက်ပြီး လာမည့်အပတ်တွင် ပြဇာတ်အသစ်တစ်ပုဒ်တင်ဆက်မည့်အကြောင်း သူ့ကို ထွက်ကြေညာခိုင်း၏။

ဘော့လည်း ပွဲကြည့်ပရိသတ်အား

"လေးစားရပါသော ရွှေပွဲလာများ ခင်ဗျာ။ ဇာတ်ဆရာက ရှေ့အပတ်မှာ ဇာတ်အသစ်တင်ဆက် က,ပြမယ်ဆိုတာ အသိပေး ကြေညာလိုပါတယ်တဲ့။ အဲဒီဇာတ်နာမည်ကတော့"

ပရိသတ်တွေက သူ့ကို စကားဆုံးအောင် ပြောခွင့်မပေး။ တရှိုးရှိုး လေချွန်သံတွေ ရုံကွဲမတတ်ညံသွားအောင် သြဘာပေးခဲ့ကြသဖြင့် ပြောင်ချော်ချော်အမူအရာနှင့် ဗလုတ်ရွတ်တာတွေ ၁၀ မိနစ်လောက် လုပ်ပြခဲ့ရသေးသည်။ ပရိသတ်တွေငြိမ်သွားသည့်အဆုံးမှ သူက မနိုတရိုဟန်ဖြင့် တော့တာလုပ်ပြီး ကားလိပ်နောက်ပြန်ဝင်ပြေးခဲ့သည်။ သည်မှာပင် မန်နေဂျာလုပ်သူက -





"ဘော့။ မင်းကွာ ပါရမီဓာတ်ခံရှိသားနှင့် ဆိုလား က,လား အလကားအချိန်ဖြုန်းနေတာပဲ။ မင်းက တစ်ကိုယ်တော် ဟာသမင်းသားပုံစံနှင့်မှ ကိုက်တာကွ" ဟု အကဲဖြတ်ဒိုင် လုပ်လိုက်သည်။

ဘော့ကလည်း အခွင့်ကောင်းကိုအရယူ၍ တတ်သမျှမှတ်သမျှ ပညာစွမ်းကလေးတွေထုတ်ပြရင်းက အထွတ်အထိပ်သို့ ရောက်ခဲ့ရပါလေတော့၏။

ယခုဆိုလျှင် ၁ နှစ်ကို ပေါင် ၈ သောင်းလောက် ရနေခဲ့သလို ဟောလီးဝုဒ်ပြင်ပအရပ်ထဲမှာလည်း ဝင်ငွေစံချိန်နှင့် အောင်မြင်မှုကို ဘယ်လိုဆက်ထိန်းရမယ်ဆိုတာ သူ နားလည်ကြောင်းလည်း ပြောနေကြ၏။

လွန်ခဲ့သော နှစ်အနည်းငယ်က ဟောလီးဝုဒ်ရှိ ငွေရင်းမြှုပ်နှံရေး ပွဲစားတစ်ယောက်က ဘဏ်ဥက္ကဋ္ဌကြီးတစ်ဦးနှင့် သွားတွေ့ရာမှ ထိုဘဏ်တွင် ဘော့ဟုပ်သည် ငွေအများဆုံးအပ်ထားသူဖြစ်ကြောင်း သိလိုက်ရ၏။

"ဒါဆိုရင် ကျွန်တော်ကို ဟုပ်နှင့်တွဲလုပ်ဖို့ ထောက်ခံပေးပါလားဗျာ။ သူ့ရဲ့လုပ်ငန်းမန်နေဂျာအဖြစ် သူ့ကို အဖိုးတန်အကျိုးရှိမယ့် အကြံဉာဏ်တွေ ကျွန်တော်ပေးနိုင်ပါတယ်"

ပွဲစားက တောင်းပန်သည်။ ဘဏ်ဥက္ကဋ္ဌကြီးကလည်း

"အို- ဒီလိုလား။ ကျုပ်လည်း ဘော့ဟုပ်ကို ချောင်းနေတာ ၃ နှစ်ကြီးများတောင် ကြာပြီဗျ။ ခင်ဗျားရှိသမျှပိုက်ဆံတွေ သူက နှိုက်ထုတ်မသွားရင်ပဲ ကံကောင်း"

ဟုပ်ဆိုသည့် နှာခေါင်းပြားပြားနှင့် ကိုလူပါးကလေးအဖို့ တစ်သက်မှာ တစ်ခါသာ ရောမလာဘ်လုံးကြီးတစ်လုံးနှင့် လွဲခဲ့ဖူး၏။

ဒါကတော့ ၁၉၃၀ ပြည့်နှစ်က သူ့ကို ရေဒီယိုလောကထဲဝင်ဖို့ ကမ်းလှမ်းခဲ့ခြင်း ဖြစ်၏။ ဘော့ဟုပ်က နှာခေါင်းရှုံ့ပြီး

"ဝမ်းနည်းပါရဲ့ဗျာ။ ကျွန်တော် အချိန်မဖြုန်းနိုင်လို့ပါ။ ပြီးတော့ ရေဒီယိုဆိုတာက တောကြိုအုံကြားနေရာအနှံ့အပြားကို ဘယ်တော့မျှ ရောက်မှာ မဟုတ်ဘူးဗျ" ဟု ငြင်းပယ်ခဲ့သည်။

နောက် ၅ နှစ်လောက်အကြာ ရေဒီယိုခေတ် ထလာသည့်အခါ ဘော့ ဒုတိယအကြိမ်အခွင့်အရေး ရခဲ့ပြန်သည်။

သည်တစ်ကြိမ်တော့ သူက လေလှိုင်းသံတွေကြားမှ အသံကောင်းဟစ်ဖို့ တစ်အား စိတ်ထက်သန်နေခဲ့သလို၊ ဇာတ်ညွှန်းတွေကို ညလုံးပေါက်ထိုင်ရေးနေခဲ့ သော ဟူ၏။ သို့သော် အသံလွှင့်ရုံရောက်သောအခါ သူ့ရှေ့မှာ ပရိသတ်တစ် ယောက်မျှ မရှိတာတွေ့ရပြီး၊ သူ့လေသံအတိုင်း ပြောရလျှင် -

"ထိုင်ခုံတစ်လုံးလွတ်နေလို့ စိတ်လှုပ်ရှားမှုကို စင်မြင့်ပေါ်က ဘယ်လိုမျှ ခံစားလို့ မရသလို" ကြုံနေရသည်။

နောက်တစ်ခန်း၌ ချာလီမက်ကာသီနှင့် အက်ဂါဘာဂျင်းတို့က အသံလွှင့် နေဆဲ။ လူတွေ ဝိုင်းအုံကျပ်ခဲနေသည်ကို တွေ့လိုက်ရ၏။

သို့ဖြင့် ဘော့ဗ်က အသံလွှင့်ရုံအစောင့်တစ်ယောက်ကို လာဘ်ထိုးပြီး ဘာဂျင်စ် စတူဒီယိုခန်းမှ သူ့အခန်းသို့ ကတ္တီပါစအချို့နှင့် ကြိုးတန်းပေးလိုက် ကာ လူအုပ်တွေ တစ်သီကြီးထွက်လာသောအခါ လှမ်းအော်လိုက်သည်။

""ဒီဘက်ကြွ၊ ဒီဘက်ကြွ။ ထွက်ပေါက်ကို ဒီကကြွ""

တအုံတကြွလူအုပ်ကြီးက သူ့စတူဒီယိုခန်းထဲသို့ တစ်ပြုံတမကြီး တိုးဝင် ရောက်လာကြရာ ဘော့ဟုပ်လည်း သူ မလိမ့်တပတ်ကျုံးသွင်းထားသော ပရိသတ် ကြီးရှေ့မှောက်တွင် ရေဒီယိုမှ ပထမဆုံး အသံလွှင့်ဖြေဖျော်နိုင်ခဲ့တော့၏။

ဘော့ဟုပ်သည် နေ့စဉ်ဘဝတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အားနှင့် မာန်နှင့် ဇယ်ဆက်သလို မနားတမ်းလှုပ်ရှားနေတတ်ပြီး၊ ထိုင်နားနေရမှာကို စက် ဆုပ်သူဖြစ်၏။

သူသည် အလုပ်ပေါင်း အလွန့်အလွန်မြောက်မြားစွာကို တစ်ပြိုင်နက်အတွင်း လုပ်နေခဲ့သလို၊ တစ်ခါက တစ်ယောက်က သူ့ကို

""ပျာယီးပျာယာနှင့် အလျင်လိုနေတဲ့လူတစ်ယောက်ရဲ့ ပီပြင်တဲ့ ပုံတူပါပဲ ဗျာ"" ဟု ဖော်ညွှန်းခဲ့ဖူး၏။

တစ်ခန်းလုံးအနှံ့ ဟိုလျှောက်ဒီလျှောက်လုပ်ရင်းကိုင်ရင်းက သူ စကားပြော နိုင်ရန်၊ အထူးစီမံထားသေး၏။





သူ့အဖို့ စာအုပ်တစ်အုပ်ကို စိတ်ရှည်လက်ရှည် အချိန်ယူဖတ်ခဲလှသည်။ သို့သော်လည်း ရုပ်ပြကာတွန်းစာအုပ်ပါးကလေးတွေကိုတော့ စွဲစွဲမက်မက် ဖတ်ရှု လေ့ ရှိ၏။

သူ အာဝဇ္ဇန်းရွှင်ရွှင် အမြုပ်တစီစီထွက်လောက်အောင် ပေါက်ကရလေးဆယ် လျှောက်ပြောနိုင်ခြင်းမှာ သူ ချေးနှင့်ရင်း၍ အပတ်တကုတ်ကြိုးစားရှာဖွေစုဆောင်း ထားခဲ့မှု၏ ရလဒ် ဖြစ်၏။

သူ့အတွက် အမြတ်တနိုး တန်ဖိုးအထားဆုံးအရာမှာ သူ့အိပ်ခန်းနှင့် တစ် ဆက်တည်းဆက်သွယ်ထားပြီး တံခါးအခိုင်အခံ့နှင့် သော့ပိတ်ထားသောအခန်း ထဲက ရယ်စရာဟာသဖိုင်တွဲကြီးများ ပါပေတည်း။ ထို့ကြောင့်လည်း ထိုအခန်း သော့ကို သူမှတစ်ပါး တခြားဘယ်သူမျှ မကိုင်ရ။

သည့်အပြင် စကားလုံးကောင်းကောင်းရှာတတ်သော စာရေးဆရာ ၆ ယောက်ကလည်း ၁ နှစ်ပတ်လုံး ဦးနှောက်တွေမျှစ်ညှစ်သုံး၍ သူ့အတွက် ဟာသ ပြက်လုံးတွေ၊ ဇာတ်လမ်းတွေ ထုတ်ပေးကြရ၏။ ကျောက်မျက်ရတနာ ကုန်သည် ကြီးလက်သို့ သွေးပြီးသားစိန်တုံးတွေ ပေးအပ်သလို၊ သူတို့၏ အမြတ်တနိုးကျွမ်း ကျင်မှုများဖြင့် စကားလုံးအသစ်အဆန်းတွေ တီထွင်၊ စကားအဟောင်းတွေကို အရောင်တင်၊ စကားပရိယာယ်အသွယ်သွယ်ကို တန်ဆာဆင်ပေးခဲ့ကြရသည်။

သူ၏ ဟာသပြက်လုံးစကားတွေကို သန်း ၁၃၀ သောလူတွေက မက်မက် မောမော တမ်းတသဘောကျခဲ့ကြလင့်ကစား၊ အမာခံပရိသတ်များအဖြစ် သူ့ဇနီး သည် ဒိုလာရက်စ်တစ်ယောက်ကိုတော့ တစ်ကွက် ချန်ထားရအုံ့သည်။

သူမ အထင်က သူသည် ဝိတ်ကားပေါ်၌ ရယ်စရာကောင်းချင် ကောင်း မည်။ ရေဒီယိုထဲက သူ့အသံလွှင့်စဉ် သူမ ကြိုက်ချင်ကြိုက်မည်။ ဒါပေမယ့် အိမ်မှာတော့ ခိုးခိုးခစ်ခစ် ရယ်သံကလေးတစ်ချက် ထွက်အောင်တောင် တစ်ခါမျှ လုပ်နိုင်စွမ်းမရှိခဲ့ ဟုဆိုခဲ့၏။

""ကျွန်မနှင့် သူ့ကြားမှာ ဘာ ဘယ်လိုကို အဆင်မပြေမှန်း မသိပါဘူးလေ။ အဲ-တကယ်လို့ ဘော့တစ်ယောက် အိမ်မှာ နောက်လားပြောင်လားလုပ်ပြန်ရင် လည်း ကြက်ဥအုတဲ့အတိုင်းပဲ။ ဖွတ်ခနဲတောင် အသံမမြည်လိုက်ရပါဘူး""

မစ္စဟုပ်က ဖွင့်ဟခဲ့ခြင်းဖြစ်ပါသည်။

နာမည်ကျော် သရုပ်ဆောင်ပညာရှင်များလိုပင် ဟုပ်သည်လည်း အယူသီးပါသည်။

ပါရာမောင့် ရုပ်ရှင်စတူဒီယိုကြီးမှ သူ့အတွက် အဝတ်လဲအနားယူခန်းအသစ်ဆောက်ဖို့ စီစဉ်ပေးစဉ်က သူ ပထမဆုံး ရုပ်ရှင်စရိုက်ရာမှာ သုံးခဲ့သည့် အခန်းဟောင်းကလေးကို မစွန့်နိုင်ကြောင်းဖြင့် ငြင်းဆန်ခဲ့ဖူး၏။ တကယ်တော့ ထိုအခန်းကလေးမှာ ကျဉ်းကျဉ်းကြုတ်ကြုတ် လှောင်ပိတ်နေသည့် ဗီရိုသာသာ အခန်းကလေး ဖြစ်ပါသည်။

ခုတော့ ပါရာမောင့်သည် ထို သားရေတွင်းပေါက်စကလေးကိုင်၍ အခန်းကျယ်ကြီးတွေ ဝန်းရံဆောက်လုပ်ပေးခဲ့သဖြင့် ဘော့ဟုပ်သည် သူ ကြည့်နေကျမှန်ကြီးရှေ့၌ ဘယ်ဂြိုလ်ဆိုးကြမ္မာဆိုးနှင့် မကောင်းဆိုးဝါးတွေမျှ လာရောက်နှောင့်ယှက်ခြင်းမရှိဘဲ မိတ်ကပ် လိမ်းနေနိုင်ပါပြီ။

ဟုပ်က သူ တစ်နေ့နေ့တော့ ဟောလီးဝုဒ်ကချိုးမြှင့်သည့် ရုပ်ရှင်ထူးချွန်ဆု အော်စကာဆုတစ်ဆု ရလိမ့်မည် ဟု မျှော်လင့်ခဲ့၏။

သူက ထိုအရုပ်ကလေးများကို 'အေးခဲနေသော မိန္ဓာကောင်လေးများ' ဟု ခေါ်ဝေါ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် အော်စကာ ရရ၊ မရ ဘော့ဟုပ်ကတော့ ရှေ့တန်း ရဲဘော်များ၏အသည်းနှလုံးထဲက ဦးစားပေးနေရာတွင် သရဖူဆု အပိုင်ဆောင်းထားနိုင်လိုက်သလို၊ အိမ်ထဲမှ လူပေါင်းအသင်္ချေ၏မျှော်ရှုင်မှုကိုလည်း နာရီပေါင်း မရေမတွက်နိုင်အောင် ကျုံးယူသိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော် ထင်သည်။ ဒါသည်ပင်

"ကျွန်တော့်ဘဝမှာ အလေးနက်အထားဆုံး တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ရယ်မောခြင်းပါပဲ" ဟု ပြောခဲ့သူ လူငယ်တစ်ယောက်အတွက် အကောင်းဆုံး၊ အလှပဆုံးလုပ်ရပ်ပဲ ဆိုရတော့မည် ဟူ၍။





# ကပ္ပတိန် အက်ဒီ ရစ်ကင်ဘက်ကာ
# Captain Eddie Rickenbacker

**ကမ္ဘာစစ်ကြီး ၂ ခု၏ သူရဲကောင်းတစ်ယောက်။**
**တစ်ချိန်ကတော့**
**'မင်္ဂလာ နံနက်ပါ' ဟု နှုတ်ဆက်ရမှာကိုပင်**
**တရားလွန်ရှက်ခဲ့သူ**
**မဖြစ်မနေခွဲကြောင့် ထိပ်တန်းရောက်လာသော သူ့ဘဝ။**
**'အချိန်မီ မဟန့်တားပါက ကမ္ဘာစစ်ကြီး ထပ်ဖြစ်၍**
**သွေးချောင်းစီးလိမ့်ဦးမည်' ဟု နိမိတ်ဖတ်ခဲ့သော**

❒ အရှေ့ပိုင်းလေကြောင်းကုမ္ပဏီ၏ ဥက္ကဋ္ဌကြီးနှင့် အထွေထွေမန်နေဂျာချုပ်ဖြစ်သူ ကပ္ပတိန် အက်ဒီ ဘက်ကာ၏ဘဝသည် တထိတ်ထိတ်ရင်ဖိုစရာ ဇာတ်ကြမ်းများနှင့်၊ ကြက်သီးထဖွယ်စွန့်စားခန်းများနှင့် ပြည့်နှက်နေပါ၏။

အမေရိက၏ နာမည်အကြီးဆုံး ပြိုင်ကားမောင်းသမားတစ်ဦးအဖြစ် အက်ဒီ ရစ်ကင်ဘက်ကာသည် ကားပြိုင်ပွဲများတွင် ဖင်ပြန်ခေါင်းပြန် ကား ၃-၄ ပတ် ကျွမ်းပစ်ပြီး သေမင်းနှင့်ရင်ဆိုင်ကစားခဲ့ရသလို၊ ပထမကမ္ဘာစစ်ကြီးအတွင်း ကောင်းကင်တိုက်ပွဲများတွင်လည်း သေပေါက်သေဝသို့ အကြိမ်ကြိမ်ရောက်ခဲ့သည်။

၁၉၄၁ ခုနှစ် လေယာဉ်ပျက်ကျမှုတစ်ခု၌ သူ ဇီဝိန်ကြွေလုနီးပါး ကြုံခဲ့ရ၏။ ရက်သတ္တပတ်ပေါင်းများစွာ မျှော်လင့်ချက်ကင်းမဲ့နေလောက်အောင် ဒဏ်ရာတွေ

အပြင်းအထန်ရခဲ့သည့်ကြားမှ သူနှင့် သူ့အဖော်တွေကို ကယ်တင်ရန်လာသည့် ကယ်ဆယ်ရေးလုပ်သားများကို ကိုယ်တိုင်ကိုယ်ကျ ညွှန်ကြားနေပါသေး၏။

၁၉၄၂ ခုနှစ်အတွင်းက ပစိဖိတ်သမုဒ္ဒရာအတွင်း သူ့လေယာဉ်ပျက်ကျပြီး ၃ ပတ်မျှကြာအောင် အဖော် ၆ ယောက်နှင့်အတူ ရာဘာဖောင်ကလေးပေါ်တွင် မျောချင်ရာမျောပြီး ပျောက်ဆုံးနေခဲ့ရာမှ အစာငတ်ရေငတ် အကာအကွယ်မဲ့ ဘဝဖြင့် သေလုနီးနီး ဖြစ်ခဲ့ရသေးသည်ကို ခင်ဗျား မှတ်မိပါလိမ့်ဦးမည်။ ထိုဖြစ်ရပ်၏ ထူးထွေဆန်းကြယ်သောအပိုင်းက ဒီလိုပါ။

သူ့ကို ကျွန်တော် အင်တာဗျူးလုပ်ခဲ့တုန်းက အက်ဒီ ရစ်ကင်ဘက်ကာက ဖွင့်ဟခဲ့ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ တစ်ယောက်မျှ သေရမှာကြောက်ပုံ မရကြပါဘူး။ ကျွန်တော် နားလည်မိသလောက်တော့ ကျွန်တော်ဟာ သေမင်းနှင့် မျက်နှာချင်းဆိုင် အကြိမ်ကြိမ်ဆုံဖူးခဲ့တာကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါဟာ တကယ့်ကို နှစ်သက်ပီတိဖြစ်စရာကောင်းလှတဲ့ အတွေ့အကြုံပါပဲ။ လှပတဲ့ဂီတသံတွေကို ကြားလာတယ်လို့ ခင်ဗျား ထင်ရမယ်။ ပြီးတော့ အရာခပ်သိမ်းဟာ တောက်ပကြည်လင်နေတယ်၊ သာယာနေတယ်၊ ဆိတ်ငြိမ်နေတယ်။ ရုန်းကန်လှုပ်ရှားမှု မရှိ၊ ကြောက်လန့်ခြင်း မရှိဘဲနှင့် ပကတိ 'အေးချမ်းလှပနေတယ်။ သေခြင်းတရားနှင့် နီးကပ်လာတဲ့အခါ ခင်ဗျားကြုံတွေ့ခဲ့သမျှထဲမှာ သက်သက်သာသာအရှိဆုံးနှင့် ပျော်ရွှင်ချမ်းမြေ့စရာ အကောင်းဆုံး အတွေ့အကြုံတစ်ခုအဖြစ် ခင်ဗျားတွေ့ရှိရပါလိမ့်မယ်" တဲ့။

ယနေ့အဖို့ အက်ဒီ ရစ်ကင်ဘက်ကာသည် ကမ္ဘာပေါ်တွင် အရဲရင့်ဆုံးနှင့် သတ္တိအကောင်းဆုံးလူတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်လင့်ကစား၊ ငယ်ရွယ်စဉ်ကာလ ကလေးဘဝတုန်းကမူ အင်မတန်ရှက်တတ်ရွံ့တတ်ပြီး ကိုယ့်ကိုယ်ကို မယုံမရဲ မလုံမလဲဖြစ်နေတတ်သူပါ။ ဘယ်အထိများ အရှက်အကြောက်ကြီးလိုက်ပါသလဲဆိုလျှင် အိမ်နီးချင်းတွေကို 'မင်္ဂလာနံနက်ပါ' ဟု နှုတ်ဆက်ရမှာစိုးသဖြင့် လမ်းဖြတ်ကူးတာတောင် လူမတွေ့အောင် သေပြေးရှင်ပြေးရှောင်ပြေးနေကျ ဖြစ်ပါသည်တဲ့။





သူ့ဘဝမှာ "အောင်မြင်မှုနှင့် ပျော်ရွှင်မှုရလိုပါက ရှက်ကြောက်မှုကို အနိုင်တိုက်ရမည်" ဟု သဘောပေါက်ခဲ့သည့်နောက်မှ ဘာမဆို ရဲရဲတင်းတင်းလုပ်ဆောင်ရန် ဖွတ်မိုတ်ကြိုးစားခဲ့တော့၏။

သူက ရပ်ကွက်အသင်းအဖွဲ့များသို့ ဝင်သည်။ အသင်းအဖွဲ့ကိစ္စများကို အားတက်သရောဆောင်ရွက်သည်။ အကြံကောင်းဉာဏ်ကောင်းတွေ အများကြီး ပေးသည်။

သည်လိုနှင့် မကြာမီ သူလည်း ရေ့တန်းခေါင်းဆောင်တစ်ယောက် ဖြစ်လာရသည်။ ထိုမှနောက်တော့ ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးနှင့် မမျှော်လင့်ဘဲ ဝင်တိုးမိတော့၏။

သူ့အဖေက တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မတော်တဆဖြင့် ရုတ်တရက်သေဆုံးသွားခြင်းပင် ဖြစ်၏။ အက်ဒီ ရစ်ကင် က်ကာလေးမှာ ချက်ချင်းကျောင်းထွက်လိုက်ရပြီး၊ မိသားစု ၇ ယောက်၏ဝမ်းရေးကို ရှာဖွေပေးရသည့် အိမ်ထောင်ဦးစီးဘဝ ရောက်ခဲ့ရပါပြီ။

ပွဲဦးထွက်ထွက်ချင်း ဖန်ချက်စက်ရုံတစ်ခု၌ ညဂိုဏ်းအလုပ်သမား ဖြစ်ခဲ့ရ၏။ လုပ်ခက တစ်ည တစ်နာရီ ၂ ပဲနီခွဲနှုန်းသာ ရခဲ့သည်။

ညစဉ် စက်ရုံသို့ ၇ မိုင် လမ်းလျှောက်ရ၍၊ မနက် အိမ်ပြန်တော့လည်း ၇ မိုင် ပြန်လျှောက်လာရသဖြင့် အသွားအပြန် တစ်နေ့ကို ၁၄ မိုင် လျှောက်ရ၏။ ထိုအတွက် ကားခ ၅ ပဲနီ သက်သာ၍ ထိုငွေကို မိခင်ကြီးလက် အပ်နိုင်ခဲ့၏။

သူသည် ဖန်ချက်စက်ရုံ၊ ပြီးနောက် ဖိနပ်စက်ရုံ၊ ဒီ့အပြင် စက်အရောင်းဆိုင်များတွင် ဝင်လုပ်ခဲ့ရရှာသည်။ ဒါပေမယ့် သူက ထိုအလုပ်အားလုံးကို ရွံမုန်းသည်။ ထိုအလုပ်တွေ လုပ်ရတာလည်း လွန်စွာမှ မပျော်ပိုက်။ စိတ်မချမ်းမသာ ဖြစ်နေခဲ့ရ၏။

အကြောင်းမူ သူက ပန်းချီဆရာ အနုပညာသည်တစ်ဦးဖြစ်ဖို့ မျှော်မှန်းခဲ့သောကြောင့်ပါတည်း။ ညကျောင်း၌ ပန်းချီပညာ သူ သင်၏။

ထိုမှ တစ်နေ့တာ သံချိုင်းမှတ်တိုင် လုပ်ငန်းရှင်တစ်ယောက်က အက်ဒီဖခင်၏ အုတ်ဂူထိပ်တွင် စိုက်ထူရန် သူ့မိခင်ထံ အထိမ်းအမှတ်ကျောက်တိုင် လာရောင်း၏။ ထိုမှတ်တိုင်ရောင်းသူ၏ အပြောက အက်ဒီ ရစ်ကင်ဘက်ကာ၏ နှလုံးခုန်သံကို

စိတ်လှုပ်ရှားမှုဖြင့် အမြင့်ဆုံးသို့ ရောက်စေခဲ့သည်။ ဟာ- ဒါ အခွင့်ကောင်းပဲ။ ဘုရားသခင်က ပေးလိုက်တဲ့ အခွင့်ကောင်းပဲ။

အုတ်ဂူတွေပေါ်မှာ နတ်သားနတ်သမီးကောင်းကင်တမန်ရုပ်လုံးကလေးတွေ ထုတဲ့အလုပ်ကို ဘာလို့ မရနိုင်ရမှာလဲ။ ဒါဆို စားဝတ်နေရေးလည်း ပြေလည်၊ ပန်းပုဆရာဖြစ်အောင် ပညာလည်း သင်ရ၊ ၁ ချက်ခုတ် ၂ ချက်ပြတ် ကောင်းလိုက်တဲ့အလုပ်။ သို့ဖြင့် စိတ်အားထက်သန်လှုမ်းလှစွာဖြင့် အက်ဒီက ထိုပုဂ္ဂိုလ်အား သူ့ကိုအလုပ်ခန့်ရန် သွေးဆောင်ခဲ့မိတော့သည်။

သည့်နောက်တော့ အက်ဒီသည် သူ့အဖေ၏အုတ်ဂူပေါ်တွင် ယခုတိုင် စိုက်ထောင်ထားဆဲသော ကမ္ဗည်းကျောက်စာကို ထုထွင်းနိုင်ခဲ့သည့်အဆင့်သို့ ရောက်ခဲ့ရ၏။

ထိုနှစ်ကုန်တွင်မူ အက်ဒီ ရစ်ကင်ဘက်ကာအဖို့ ကျောက်တုံးမှ ကျောက်မှုန့် ကျောက်မွှားများက သူ့အဆုပ်ထဲဝင်ခဲ့ရာမှ အုတ်ဂူကျောက်ဆစ်ပန်းပုဆရာအလုပ်ကို စွန့်လွှတ်ရမည့်အခြေသို့ ဆိုက်ခဲ့သည်။ သူ့အမေက သူ့ကို 'တီဘီရောဂါဖြင့် သေတော့မလား' လို့ပင် စိုးရိမ်ကြောက်လန့်ခဲ့ရရှာ၏။

ထိုမှနောက် ၁၄ နှစ်သားအရွယ်၌ အက်ဒီ ရစ်ကင်ဘက်ကာ၏ဘဝကို ပြင်ပြင်ကြီးပြောင်းပစ်လိုက်မည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရပြန်သည်။

တစ်မနက် လမ်းထဲသို့ စက်သံတဂျုံးဂျုံးနှင့်မောင်းဝင်လာသော (မြင်းမပါသည့်ရထား) ဆလင်ဒါတစ်လုံးနှင့်ကားကို စတင် မြင်ဖူးလိုက်သည်။ ကားက တရှုံးရှုံး ဖွတ်ချက်ဖွတ်ချက် ၁ နာရီ ၁၀ မိုင်နှုန်းဖြင့် သူ့ရှေ့က ဖြတ်သွားခြင်းဖြစ်၏။

"ကျွန်တော်လည်း ကားသွားရာလမ်းတစ်လျှောက် နောက်က ပြေးလိုက်သွားတယ်။ ကျွန်တော့်စိတ်တွေ အလွန့်အလွန်ကို လှုပ်ရှားချောက်ချားသွားရပါတယ်ဗျာ။ ကျွန်တော်ဟာ ကားတွေကို မမြင်ရင် မနေနိုင်လောက်အောင် ဖြစ်ရတဲ့အထိ စိတ်တွေ ဗလောင်ဆူခဲ့ရာက ကျွန်တော်တို့မြို့မှာ ဦးဦးဖျားဖျား ပထမဆုံးဖွင့်ခဲ့တဲ့ကားရုံမှာ အလုပ်ဝင်လုပ်ခဲ့တယ်။ သစ်သားစပါးကျီကြီးပါဗျာ။ အဲဒီ ဝီဘီကားဂိုဒေါင်ကြီးမှာ ကျွန်တော်တို့မြို့က ဝယ်ခဲ့တဲ့ ကား ၃ စီး ထားတာပါ။ ကားပိုင်ရှင်တွေမရှိတဲ့အချိန်မှာ ကျွန်တော်က ကားပေါ်တက်ပြီး ကိုယ့်ဟာကိုယ် အမောင်းသင်တော့တာပဲလေ"





အက်ဒီ ရစ်ကင်ဘက်ကာသည် သူ့ဘဝဇာတ်ကြောင်းကိုပြောရင်းက ကျွန်တော့်ကို ဖွင့်ဟအသိပေးခဲ့ပါသည်။

ဟုတ်ကဲ့။ အက်ဒီ ရစ်ကင်ဘက်ကာတစ်ယောက် ကားရူးရူးခဲ့ပုံမှာ သူကိုယ်တိုင် ကားတစ်စီးလုပ်ဖို့ ကြံခဲ့တဲ့အထိ ဖြစ်ပါ၏။ သူ့ခမျာ ကိရိယာတန်ဆာပလာတွေဝယ်ဖို့ မတတ်နိုင်၍ သူ့ဘာသာသူ လက်နက်ကိရိယာတွေလုပ်ပြီး အိမ်နောက်ဖေးမှာ ကိုယ်ပိုင်အလုပ်ရုံ ဆောက်ခဲ့သည်။ လအနည်းငယ်အတွင်းမှာ တကယ်ခုတ်မောင်းနိုင်သော အင်ဂျင်စက်တစ်လုံးကို ဖန်တီးတည်ဆောက်နိုင်ခဲ့၏။

သူတို့မြို့တွင် မော်တော်ကားစက်ရုံငယ်ကလေးတစ်ခု ဆိုင်းမဆင့်ဗုံမဆင့် လာဖွင့်လိုက်သောအခါ သူ့အတွက်လိုအပ်နေသော ကားကိုယ်ထည်ကိစ္စအတွက် ရင်အေးသွားရသည်။ အပြီးတိုင် လက်စသတ်လိုက်နိုင်တော့သည်။

အက်ဒီရစ်ကင်ဘက်ကာသည် ထိုစက်ရုံတွင် အလုပ်ဝင်ရန် ဆုံးဖြတ်လိုက်၏။ မူ၏ သန္နိဋ္ဌာန်ခိုင်မာလိုက်ပုံကလည်း အဆိုပါစက်ရုံသို့ တနင်္ဂနွေမနက်တိုင်း ၈ လတိုင်တိုင်သွား၍ အလုပ်ရဖို့ လျှောက်ခဲ့သော ဟူ၏။ ဒါပေမယ့် သွားတိုင်းပင် ခေါင်းခါလိုက်၍ ဆန့်ပြတ် ဆုတ်ပြန်ခဲ့ရရှာ၏။

သူကလည်း ၁၄ နှစ်သားသာ ရှိသေးသည်ကိုး။ ပြီးတော့ စက်ရုံက လိုချင်တာက စက်ပြင်ဆရာ မကျွမ်းနစ်။ သူ့လို ချာတိတ်ကလေးမျိုး မဟုတ်။

သူ့အဖြစ်မျိုးကြုံရသည့် ချာတိတ်အတော်များများဆို စိတ်ဓာတ်ကျသွားမှာ သေချာသည်။ သို့သော် အက်ဒီ ရစ်ကင်ဘက်ကာက စိတ်ဓာတ်ကျတယ်ဆိုတာ နားမလည်။ သူ့အဖို့ အလုပ်ရဖို့သာ ဇောကပ်နေ၍ တစ်ပြားမှုမလျှော့ဘဲ ကျားပိန် တွယ် တွယ်ကပ်နေခဲ့၏။

သို့ဖြင့် တစ်မနက် စက်ရုံသို့လျှောက်ဝင်သွားပြီး ဘယ်သူ့မှ တစ်ခွန်းမပြောဘဲ တံမြက်စည်းတစ်ချောင်းကောက်ကိုင်ကာ ကြမ်းပြင်ပေါ်က သံတိုသံစအမှိုက်သရိုက်တွေကို စ,လှဲထုတ်တော့သည်။ ပြီး စက်ခုံတွေကို သန့်ရှင်းရေးလုပ်သည်။

ပိုင်ရှင်သူဌေးကတော့ ပါးစပ်အဟောင်းသား။

အက်ဒီ ရစ်ကင်ဘက်ကာက

"ကျွန်တော် ဒီမှာ အလုပ်လုပ်မယ်။ ခင်ဗျား လုပ်ခ ပေးပေး၊ မပေးပေး အကြောင်းမဟုတ်ပါဘူး" ဟုလည်း ပြောလိုက်သေးသည်။

စင်စစ်တော့ သူ့ရည်မှန်းချက်၊ စိတ်အားထက်သန်မှု၊ ဆုံးဖြတ်ချက်ခိုင်မာခြင်းတွေက သူ့ကို မောင်းတင်ပေးလိုက်ခြင်းသာ။ အင်ဒီ ရစ်ကင်ဘက်ကာအနေဖြင့် လိုချင်တာရဖို့ကို ခွေးဘီလူးတစ်ကောင်လို ဖွတ်အစွဲ မရရအောင်လိုက်ဟပ်ဖို့သာ သိသည်။

စက်ရုံပိုင်ရှင်လည်း သူ့ကို စက်ရုံတစ်ခွင်တွင် လက်တိုလက်တောင်းခိုင်းရန် တစ်နေ့ ၄ သျှိလင်ဖြင့် အလုပ်ခန့်လိုက်တော့သည်။

တစ်နေ့နေ့လယ်ပိုင်း စက်ရုံပိုင်ရှင်လည်း ကားစက်ရုံထဲသို့ အမှတ်မထင်ရောက်လာရာမှ အံ့သြစရာနှင့် ကျေနပ်စရာအဖြစ်တစ်ခုကို တွေ့လိုက်ရ၏။

စက်ရုံအလုပ်သမားတွေ နေ့လယ်စာ စားသူစား၊ ဆေးလိပ်သောက်သူသောက်၊ ဖဲကစားသူ ကစား၊ ထွေရာ၄ပါး စကားဖောင်သူဖောင်နှင့် နားနေကြခိုက် အင်ဒီ ရစ်ကင်ဘက်ကာတစ်ယောက်တည်း ထောင့်တစ်ထောင့်တွင်ခိုလျှက် စက်ပြင်နည်းစာအုပ်တစ်အုပ်ကို သဲသဲမဲမဲဖတ်ရှုလေ့လာနေတာ မြင်လိုက်ရခြင်းပင် ဖြစ်၏။ စက်ရုံပိုင်ရှင်လည်း မနောခွေ့ သဘောတွေ့သွားသည်။

နောက် ၂ ပတ်အကြာမှာတော့ ၁၄ နှစ်သားချာတိတ်ကလေးကို စက်ရုံအင်ဂျင်နီယာဌာနသို့ ပို့လိုက်ပြီး၊ လခလည်း တိုးပေးလိုက်တော့သည်။

ရစ်ကင်ဘက်ကာက ကျွန်တော့်ကို ပြော၏။

"ကျွန်တော် ၇ တန်းမအောင်ဘဲ ကျောင်းပြီးခဲ့ပါတယ်။ တကယ်လို့သာ ကျွန်တော်ဟာ စက်မှုအင်ဂျင်နီယာပညာကို စာပေးစာယူနှင့်မသင်ခဲ့ရင်၊ တကယ်လို့သာ ကျွန်တော်ဟာ အချိန်ပိုတွေကို ပိုင်ပိုင်နိုင်နိုင်အသုံးမချဘဲနှင့် ကိုယ့်ကိုယ်ကို ပညာတိုးအောင်မကြိုးစားခဲ့ရင် ဘယ်တော့မျှ တစ်နေရာရာကိုရောက်မှာ မဟုတ်ပါဘူး"

သူ ကားစက်ရုံအင်ဂျင်နီယာဌာနကို ရောက်ချိန်မှစ၍ သူ့တိုးတက်မှုကို တစ်ဟုန်ထိုး လျှင်မြန်စေခဲ့သည်။ သာမန်အလုပ်သမား၊ အလုပ်ကြပ်၊ လက်ထောက်အင်ဂျင်နီယာ၊ စစ်ဆေးရေးမှူး၊ အရောင်းစာရေး၊ ဌာနခွဲမန်နေဂျာရာထူးတွေကို ဟောခနဲဟောခနဲ ရလာသည်။





မော်တော်ကားလောက၏ ဆရာတစ်ဆူဘဝရောက်ခဲ့သော သူလည်း ဗိုလ်ချုပ်ကြီးပါးရှင်း၏ လက်စွဲဒရိုင်ဘာအဖြစ် ပြင်သစ်သို့ သဘော်ဖြင့်ရောက်ခဲ့၏။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးတစ်ယောက်၏ဒရိုင်ဘာအဖြစ် လမ်းတကာလည်မောင်းနေရသည်မှာ သူ့လို စွန့်စားချင်စိတ်တဖွားဖွားနှင့် လူတစ်ယောက်အတွက် သိပ်ပြီးနှုန်ယ်သိမ်မှုလွန်းလှ၏။ သူက တုံးတိုက်တိုက် ကျားကိုက်ကိုက် လှုပ်လှုပ်ရှားရှားနေရတာမျိုးမှ ကြိုက်သလို၊ သူလိုလားသည့်အတိုင်း ဆန္ဒပြည့်ခဲ့သည်။

လေကြောင်းအတတ်ကို ၅ ပတ်တည်းသာ သင်တန်းတက်လိုက်ရပြီး၊ တောင်ပံအပ်နှင်းခံရ၍ လအနည်းငယ်အတွင်း ၂၆ ကြိမ် တိုက်ပွဲဝင် ၂၆ ကြိမ်စလုံးအောင်ပွဲခံနိုင်ခြင်းဖြင့် ထူးချွန်မှုတံဆိပ် စိုက်ခဲ့သည်။

စစ်သူရဲကောင်းများမှတ်တမ်းတွင် သူ့နာမည်ကို ထိပ်ဆုံးတန်းက ကမ္ပည်းတင်နိုင်လိုက်သည်။

စစ်ကြီးပြီးလို့ နယူးယောက်သို့ ခြေချမိသည်နှင့် မော်တော်ကားစက်ရုံမှ သူ့ကိုဂုဏ်ပြုသည့်အနေဖြင့် ညစာမထမင်းစားပွဲကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပပေးခဲ့၏။

သူ့ဇာတိဌာနေ အိုဟိုင်းယိုပြည်နယ် ကိုလမ်ဘတ်စ်မြို့ကလေးကလည်း စုပေါင်းရန်ပုံငွေဖြင့် တင့်တောင့်တင့်တယ်အိမ်ကြီးတစ်လုံးကို ဆောက်ပေးခဲ့ကြသည်။

ပြီးတော့ လော့စ်အိန်ဂျလိစ်သို့အရောက်တွင် လေယာဉ်ပျံသဏ္ဍာန် ခမ်းနားလှပစွာအလှဆင်ထားသော ကားတစ်စီးနှင့်တင်ဆောင်၍ သူသွားရာ လမ်းတစ်လျှောက်ရှိ သန်းဝက်မကသောလူထု၏ စိတ်တက်ကြွလှုပ်ရှားစွာ နှုတ်ဆက်ဟစ်အော် ဆုတောင်းကြွေးကြော်ရင်း သောင်းသောင်းဖျဖျဂုဏ်ပြုကြိုဆိုခြင်းကို ခံခဲ့ရသည်။

အင်ဒီ ရစ်ကင်ဘက်ကာက 'ထူးထူးခြားခြားနှင့် အံ့သြစရာ အကောင်းဆုံးမှာ ပထမကမ္ဘာစစ်ကြီးအပြီး ဂျာမနီနိုင်ငံ၌ ဟားမင်းဂိုးအာရင်းနှင့် ဆုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း' ကျွန်တော့်ကို ပြောပြလိုက်ပါ၏။

အင်ဒီရစ်ကင်ဘက်ကာသည် သတို့သမီး ဇနီးအသစ်ကျပ်ချွတ်ကလေးနှင့်အတူ ဥရောပတစ်ခွင်သို့ ပျားရည်ဆမ်းခရီး ထွက်ခဲ့သည်။ သူတို့စုံတွဲ ဘာလင်သို့ရောက်ရောက်ချင်းပင် ဂျာမနီက အထင်ရှားဆုံးလေသူရဲကျော် ၄ ဦးက တလေးတစားဖိတ်ကြားခဲ့ကြရ၏။

၁၉၁၈ ခုနှစ်သို့ နောက်ကြောင်းပြန်ပါမူ သူတို့လေသူရဲတွေအချင်းချင်း လေကြောင်းတိုက်ပွဲ၌ တစ်ယောက်ကိုတစ်ယောက် သူသေကိုယ်သေ အသေသတ်ဖို့ ကြိုးစားခဲ့သူများသာ ဖြစ်ပါသည်။ သို့ပေမယ့် အဲဒီအဖြစ်အပျက်တွေ အားလုံးက လွန်ခဲ့သော ၄ နှစ်မှာ ကျန်ခဲ့ပါပြီ။

စစ်သားဆိုတာက စစ်မြေပြင်မှာသာ ရန်သူလိုသတ်မှတ်၍ ပြင်ပတွင် မိတ်ဆွေတွေပဲ မဟုတ်ပါလား။ စစ်သားတို့သဘာဝက ရန်ငြိုးဖွဲ့အာဃာတ ထားတယ်လို့လည်း မရှိ။

ဒါကြောင့်လည်း ဂျာမန်လေတပ်ဗိုလ်တွေက ရစ်ကင်ဘက်ကာအား ဘာလင်ရှိ အက်ဒ်လွန်ဟိုတယ်ကြီးတွင် ချိန်းချက်တွေ့ဆုံပြီး နှစ်ပေါင်းများစွာ ကွဲကွာနေသော မိတ်ဆွေရင်းချာတစ်ယောက်လို ဧည့်ခံပြုစုခဲ့ကြသည်။

ထိုလူစုထဲ၌ ဟစ်တလာ၏လေတပ်ကြီးကို ဖွဲ့စည်းတည်ထောင်ပြီး အမိန့်ပေးအုပ်ချုပ်ခဲ့သူ ဟားမင်းဂိုးအာရင်းလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့၏။ ဂိုးအာရင်းက အက်ဒီရစ်ကင်ဘက်ကာကို ပြောခဲ့သည်မှာ (ဤနေရာတွင် ဂျာမနီ စစ်ရှုံးပြီး ၄ နှစ်အကြာကာလဖြစ်ကြောင်း သတိရစေလိုပါသည်။)

"ဂျာမနီရဲ့ အနာဂတ်တစ်ခုလုံးဟာ လေထဲမှာ ရှိပါတယ်။ ဒါနှင့်အမျှ ကျုပ်တို့ဟာ လေတပ်အင်အားနှင့် ဂျာမနီအင်ပါယာကြီးကို ပြန်လည်ထူထောင်ဖို့ ကြံရွယ်ကြိုးစားနေပါတယ်။ ကျုပ်တို့အနေဖြင့် အချက် ၃ ချက်ကို အကောင်အထည်ဖော်မယ်လို့ ရေးရွှစီမံထားပါတယ်"

ဂိုးအာရင်းက တစ်ဆက်တည်း၌

"ပထမ ဂျာမနီမှာရှိသမျှ လူငယ်တိုင်းကို လေကြောင်းပညာနှင့် လေယာဉ်မောင်းတွေ သင်ပေးမယ်။ ဒါကို ဘယ်သူမျှ ကန့်ကွက်မှာ မဟုတ်ပါဘူး။ ဒီနောက် ကျုပ်တို့စီးပွားဖြစ်ပြီးတော့ နှစ်အတော်ကလေးကြာတဲ့နောက် ဒီမိုကရေစီနိုင်ငံတွေက စစ်ကို ငြီးငွေ့နေတဲ့အချိန်မှာ ကျုပ်တို့ကတော့ စစ်ရေးအသွင် လက္ခဏာဆောင်တဲ့ လေတပ်တစ်တပ်ရဲ့အခြေခံကို ဖန်တီးရမယ်။ ပထမတော့ အတူတကွ ပေါင်းစည်းလိုက်ပြီး အင်အားရဲ့ထွင်မယ်။ အဲဒီနောက်တော့ အင်္ဂလိပ်နှင့်ပြင်သစ်တွေ ဘာမျှကြိုတင်ပြင်ဆင်မှုမရှာဘဲ အိပ်ပျော်နေကြတုန်းမှာ ကျုပ်တို့က အငိုက်ဖမ်းဝင်တိုက်ပြီး လာမယ့်စစ်ပွဲကြီးကို အနိုင်ယူမယ် ဆိုပါတော့"





သည်စကားကို ဂိုအာရင်းပြောခဲ့ချိန်မှာ ဂျာမနီသည် အားကိုးရာမဲ့အင်အားချည့်နဲ့နေချိန်ဖြစ်ကြောင်း မမေ့ပါနှင့်။

ထို့အပြင် ဟစ်တလာတစ်ယောက် သူ၏ လက်တစ်ဆုပ်စာ တစ်ပူသန် အုပ်စုထဲမှာရှိနေပြီး၊ အပြင်ပတ်ဝန်းကျင်၌ နာမည်မကြီးခင် နှစ်ကာလများက ဓိန့်ခေါ်ပြောဆိုခဲ့ခြင်းလည်း ဖြစ်ပါ၏။

ဂိုအာရင်းက ဒီစကားတွေကို ဂျာမနီနိုင်ငံ ငွေကြေးဖောင်းပွမှုဒဏ်ကြောင့် ဒုက္ခပင်လယ်ဝေနေသလို၊ စီးပွားရေးအကျပ်အတည်းဆိုက်ပြီး ကမ္ဘာ့အလယ်တွင် အပယ်ခံဘဝဖြင့် အထီးကျန် မျက်နှာငယ်နေစဉ် ဖွင့်အန်ပြောကြားခဲ့တာလည်း ဖြစ်ပါသည်။

၁၉၄၃ ခုနှစ်အတွင်းကျတော့ အက်ဒီ ရစ်ကင်ဘက်က စကားလုံး ၇၇ လုံးပါသော သတိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့၏။

ထို ကြေညာစာအား ကြေးဝါပြားပေါ်တွင် ရေးထွင်း၍ အိမ်တိုင်း၊ ကျောင်းတိုင်းတွင် ချိတ်ဆွဲထားဖို့လည်း နှိုးဆော်ထားသည်။ ကြေညာချက်မှကား -

"ဂျာမနီနှင့် ဂျပန်နိုင်ငံရှိ သွေးဆာနေသော စစ်ရူးတစ်သိုက် မျိုးပြုန်းသွားအောင် ကျွန်ုပ်တို့မဟာမိတ်တပ်များ၏ အခြေခံစစ်အင်အားကို စုစည်းထိန်းသိမ်းမထားဘဲနေလျှင်၊

"မျိုးဆက်သစ်များအနေဖြင့် ဒီမိုကရေစီ အနက်အဓိပ္ပာယ် အနှစ်သာရကို နားလည်အောင် ကျွန်ုပ်တို့မဟာမိတ်နိုင်ငံများက သင်ကြားမပေးလျှင်၊

"ဂျာမန်နှင့် ဂျပန်များအား လေယာဉ်တစ်စင်း၊ တင့်ကားတစ်စီး၊ သို့တည်းမဟုတ် ရေငုပ်သင်္ဘောတစ်စင်းသော်မျှ တည်ဆောက်ခွင့်ကို မဟန့်တားခဲ့လျှင်၊

"အဆိုပါအချက်များကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါလျှင်-

"ဂျာမနီနှင့် ဂျပန်တို့သည် လက်နက်များ ပြန်လည်တပ်ဆင်၍ ကျွန်ုပ်တို့ကို ထပ်မံတိုက်ခိုက်ဦးမှာ သေချာသလို၊ ကျွန်ုပ်တို့၏ ရင်သွေးတွေလည်း အာရှနှင့် ဥရောပစစ်မြေပြင်များတွင် နောက်ထပ် အသေခံကြရဦးမှာ သေချာ၏။"



## ဂျွန် ဘယ်ရီမိုး
## John Barrymore

**တစ်နေ့ကို ပေါင် ၁၀၀၀ ရနေသော်လည်း သူ့အချစ်တော် လင်းတငှက်ကလေးအတွက် အမှိုက်ပုံများတွင် အစာလိုက်ရှာနေခဲ့၏။ နာမည်ကျော် ပြဇာတ်မင်းသားစုဝင်ဖြစ်ပါလျက် ပန်းချီဆရာဘဝကို မက်မောခဲ့၏။ ဘရော့ဒ်ဝေးပြဇာတ်ခုံပေါ်သာမက ဟောလီဝုဒ်ရုပ်ရှင်မြို့တော်၌သို့ပါ မှော်နောက်ချောက်ချားစေပြီး ကမ္ဘာကျော်ခဲ့သည်။**

❑ ၁၈၇၆ ခုနှစ်၏ မှုပြင်းသောနွေရာသီတစ်နေ့တွင် အင်္ဂလိပ်လူငယ်တစ်ဦးသည် အမေရိကန်ပြည် နယူးယောက်မြို့ရှိ ဟော့ဖ်မင် ဟောက်စ် အရက်ဆိုင်ထဲသို့ ပေါက်ချလာပြီး၊ ဝီစကီတစ်ခွက်နှင့် ဆိုဒါကို ရေခဲမပါဘဲ မှာလိုက်၏။

ဆိုင်ထဲမှာ သောက်နေသူတွေလည်း ဒီလောက်ခြစ်ခြစ်တောက်ပူနေသည့် အချိန်မှာ ရေခဲမပါဘဲမှာသောက်သံကို ကြားလိုက်ရခြင်းကြောင့် တအံ့တသြ ဖြစ်သွားကြသလို၊ သူ့ပိုးဦးထုပ်, မျက်စိတစ်ဖက်တပ် မျက်မှန်နှင့် ပီပြင်ထင်ရှားသော အောက်စ်ဖို့လေသံတို့ကို သရော်ပြုံးပြုံးကြသည်။

သည်အထဲမှာ ရှုတ်နောက်နောက်ကောင်ကလေးတစ်ကောင်က အင်္ဂလိပ်လူပေါ်ကြောကိုပြောင်လှောင်ရန် အရေးပေါ်ကော်မတီဝင်အဖြစ် သူ့ကိုယ်သူ ခွဲစန့်လိုက်သည်။



ပြီးတော့ မျက်လုံးတစ်ဖက်တွင် ဒေါ်လာတစ်ပြားကပ်လိုက်ကာ အမေရိကန် လူကုံထံတစ်ယောက်၏ ဟန်ပန်လေသံအပြည့်ဖြင့် မျက်နှာစိမ်းကိုယ်ပေါ်သို့ ညွှတ်မိုးလျက်

"ကိုယ့်လူ- ပါစီ။ စကော့ချ်ဝီစကီနှင့် ဆိုဒါကို ရေခဲမထည့်ဘဲ သောက်တာ ဟာ အင်္ဂလိပ်ထုံးစံပဲ ထင်တယ်။ ဟုတ်တယ်။ ဟုတ်ရော့"

အမှန်တော့ ပိုးဦးထုပ်ဆောင်းထားသောနေသည့် အောက်စ်ဖို့တက္ကသိုလ်တွင် ဘွဲ့မရခင် ကျောင်းသားဘဝဖြင့် ပညာသင်နေဆဲကပင် အင်္ဂလန်နိုင်ငံလိုက်ဝိတ်တန်း အပျော်တမ်းလက်ဝှေ့ဘုရင် တစ်ယောက်ဖြစ်ကြောင်း သူ မသိရှာ။ သည်လို မသိလိုက်တာကိုက သနားဖို့ကောင်းသွားသည်။ သို့သော် သိခွင့်ရရေးအတွက်မူ လှလှပပသင်ခန်းစာတစ်ရပ်နှင့် လဲလှယ်လိုက်ရ၏။

အင်္ဂလိပ်အမျိုးသားက သူ့မှန်တစ်ဖက်မျက်မှန်ကို ဂရုတစိုက် ဖြုတ်လိုက်ကာ သူ့ပိုးဦးထုပ်ကို ခေါင်းပေါ်တွင် ခပ်တင်းတင်းကလေး ဖိချလိုက်ပြီးနောက်၊ အချို တကာ့ အချိုဆုံးလေသံဖြင့် ယဉ်ယဉ်ကျေးကျေးပင်

"ကျွန်တော် နားလည်မှုမရှိလိုက်တာဆိုရင်တော့ တောင်းပန်ပါတယ်။ ဒါပေမယ့် အင်္ဂလိပ်ထုံးစံ ဘယ်လိုရှိတယ်ဆိုတာတော့ ပြခွင့်ပြုပါနော်"

ပြောပြောဆိုဆိုနှင့် နယူးယောက်မြို့သားၡ၏မေးရိုးကို ပင့်လက်သီးတစ်လုံး လျှပ်တစ်ပြက်ပစ်သွင်းလိုက်၏။ ရုတ်တရက် ဖြုန်းခနဲ ခွပ်ခနဲမို့ ငှေပ်ကလေးခမျာ အံ့အားသင့်ချိန်တောင် မရလိုက်။

၅ မိနစ်လောက်သတိလစ်နေ၍ နာနပ်ပေးလို့ ပြန်သတိရလာတော့မှ ငထောင်ငှေပ်ကလေး သဘောပေါက်သွားပြီး သူ့ကိုအလဲထိုးခဲ့သော အင်္ဂလိပ် လူပေါ်ကြောနှင့် လက်ဆွဲနှုတ်ဆက်ရင်း ဆိုင်ထဲရှိသမျှ သောက်ဖော်သောက်ဖက် အားလုံးအတွက် အရက်တွေ မှာပေးလိုက်သည်။

"တစ်ခွက်မျှ ရေခဲမထည့်နှင့်ဟေ့" တဲ့။

ယမကာလုလင်အပေါင်းတို့လည်း ဟေးလေးဝါးလားနှင့် တစ်အားမြူးသွားကြတော့သည်။

ပိုးဦးထုပ်ဆောင်းထားပြီး လက်သီးထဲမှာ ယမ်းဘီလူးအား တန်ချိန်ချ၍ထည့်ထားသူ အင်္ဂလိပ်အမျိုးသားမှာ အမေရိကန်ပြဇာတ်သမိုင်းတွင် ဂုဏ်ထူးဆောင်

ရွှေရောင်နာမည်တစ်ခုကို ထိုက်ထိုက်တန်တန်ကမ္ပည်းထိုးနိုင်ခဲ့၍ နှစ်ပေါင်းများစွာကြာအောင်လည်း တိုက်ကြီး ၅ တိုက်စလုံးရှိ လျှပ်စစ်မီးပြေးများပေါ်တွင် သူ့နာမည် တဖျပ်ဖျပ်တောက်ကြွားအောင် အစွမ်းထက်ခဲ့သူလည်း ဖြစ်၏။

သူ့နာမည်ကတော့ ဘယ်ရီမိုး။ မောရစ်စ် ဘယ်ရီမိုး။ နာမည်ကျော် သရုပ်ဆောင်မင်းသား၊မင်းသမီးများဖြစ်ကြသော အီသယ်လ်လီ ယွန်နယ်နှင့် ဂျွန်ဘယ်ရီမိုးတို့၏ ဖခင်ပါပေတည်း။

ဘယ်ရီမိုးတို့သည် ၂၀ ရာစု၏ အကျော်တကာ့ အကျော်ဆုံး ပြဇာတ်မိသားစုတွေအဖြစ် ပြိုင်စံရှားခဲ့ကြပါ၏။

သူတို့မိသားစုတစ်တွေမှာ ဘရော့ဒ်ဝေးဇာတ်ခုံတွေပေါ်မှာသာ လျှမ်းလျှမ်းတောက်ခဲ့သော စိန်ကြယ်ပွင့်တွေ မဟုတ်ပါ။ လီယွန်နယ်နှင့် ဂျွန် ဆိုလျှင် ဟောလီဝုဒ်ရုပ်ရှင်လောကတွင် ကမ္ဘာကျော်မင်းသား ၂ လက်အဖြစ် သရုပ်ဆောင်နိုင်ခဲ့ကြသည်အထိ အောင်မြင်ခဲ့ကြသည်။

ဘယ်ရီမိုးတို့သည် သူတို့မိသားစုနှင့် ပတ်ဝန်းကျင်အကြောင်း သိဖွဲ့ထား၍ လွန်ခဲ့သော ၁၇ နှစ်က ဘရော့ဒ်ဝေးပြဇာတ်လောကတွင် လူကြိုက်များခဲ့သော 'တော်ဝင်မိသားစု' ပြဇာတ်ဖြင့် အထူးထင်ရှား အကျော်ကြားဆုံး ဖြစ်လာကြရသည်။ မယုံနိုင်လောင်အောင်ထူးဆန်းသည်ကတော့ ဘယ်ရီမိုးတို့ညီအစ်ကိုမောင်နှမတွေက သရုပ်ဆောင်ပြဇာတ်မင်းသား၊ မင်းသမီးတွေရယ်လို့ တစ်ယောက်မျှ ဖြစ်လိုစိတ် မရှိခဲ့ကြခြင်းပင်။

ညီအစ်ကို ၂ ယောက်က ပန်းချီဆရာဘဝကို မျှော်မှန်းတမ်းတခဲ့ကြ၏။

လီယွန်နယ်သည် မနားစတမ်း တောက်လျှောက် အမှုအရာလုပ်ရခြင်းကို မနှစ်မြို့ပါ။ ဒါကြောင့်လည်း သူ့ဘွားအေကြီး ဒေါ်ဒရူးက သူမတင်ဆက်ထုတ်လုပ်သည့် 'ပြိုင်ဖက်များ' ပြဇာတ်မှ ထုတ်ပစ်လိုက်သောအခါ ဝမ်းအသာကြီးသာသွား၏။ အဘယ့်ကြောင့်ဆိုသော် သူ တကယ်တမ်းလုပ်ချင်တာတွေကို လုပ်ခွင့်ရလိုက်သောကြောင့် ဖြစ်၏။

သို့နှင့်အမျှ ပန်းချီဆရာဖြစ်လာပြီး ဇာတ်ခွင်နောက်ခံ ရှုခင်းကားတွေကို စိတ်တိုင်းကျ ရေးခြယ်နေခဲ့ပါတော့သည်။





လီယွန်နယ်အဖို့ ပန်းချီပညာကို ပဲရစ်ပန်းချီမြို့တော်တွင် ခဏတဖြုတ်သာ လေ့လာသင်ကြားခဲ့ရပြီး၊ ဂျွန်ကတော့ နယူးယောက်ဂျာနယ်က အယ်ဒီတာ အာသာဘရစ်စ်ဘိန်းထံ၌ သရုပ်ဖော်ပုံများနှင့် ကာတွန်းများ ဆွဲပေးရသည့်အလုပ်ကို ရခဲ့၏။

ထိုအထဲတွင် နာမည်ကျော်ကဗျာဆရာမကြီး အယ်လာ ဝီးလား ဝီလ်ကောက်စ်၏ 'ရင်တွင်းဝေဒနာများ'ကို အပတ်စဉ် သရုပ်ဖော်ပုံတွေရေးရသည့် အလုပ်လည်း ပါ၏။ ဂျွန်က ကဗျာတွေထဲမှာ ဘာတွေပဲ ရေးထားဖွဲ့ထား၊ နည်းနည်းကလေးမျှ ဂရုမထား။ သူ စိတ်ထင်ရာ ကြိုက်သလို ရေးနေကျဖြစ်၏။

ဥပမာအားဖြင့် တစ်ပတ်တော့ မစ္စဝီလ်ကောက်စ်၏ အချစ်အကြောင်း သည်းသည်းလှုပ်ဖွဲ့ဆိုထားသော တေးကဗျာတစ်ပုဒ်ကို သူက သစ်ပင်ပေါ်တွင် ကြိုးတန်းလန်း ဆွဲကြိုးချသေနေသူတစ်ယောက်၏ပုံ ရေးထည့်လိုက်သည်။ ဘာပြောကောင်းမလဲ။ ကဗျာဆရာမကြီး ဒွေ့ဒွေ့ခုန်ဒေါ်ပွသွားရာမှ သူ့ကဗျာကို ငေါ့တော့တော့ သရော်တော်တော်ဖျက်ဆီးပစ်သော ပန်းချီဆရာနှင့်တွေ့ပေးရန် တောင်းဆိုခဲ့တော့၏။

သူမ၏အိမ်သို့ ရုပ်ချောချော အပြောကောင်းကောင်း ပန်းချီဆရာငယ်ကလေးလာတွေ့သောအခါမှ သတ်လတ်ပိုင်းကဗျာဆရာမကြီးမှာ ရန်တွေ့ဖို့မေ့သွားပြီး နှစ်ထောင်းအားရ အကျကြီးကျသွားရှာ၏။ သို့ဖြင့် လက်ဖက်ရည်သောက်ဖိတ်ခဲ့ပြီး၊ ထိုနောက်ပိုင်းတွင်လည်း သူ့ကဗျာများကို ပန်းချီဆရာကလေးဂျွန်ဘယ်ရီမိုးသာ အမြဲသရုပ်ဖော်ပေးရန် အပ်နှံခဲ့ပါလေတော့သည်။

နောက် ၃ ပတ်အကြာမှာတော့ ပန်းချီဆရာကလေးကို 'အရည်အချင်းမပြည့်လို့၊ ထင်ရာစိုင်းတတ်လို့' ဟု အကြောင်းပြ၍ ဘရစ်စ်ဘိန်းက အလုပ်ထုတ်ပစ်လိုက်လေ၏။

တစ်ခါက ကျွန်တော် လီယွန်နယ်ဘယ်ရီမိုးအား သူတို့ပန်းချီပညာသင်နေစဉ်ကာလ ဘဝအခြေအနေများကို မေးကြည့်မိသည်။

'ပြတ်လားတော်လားနှင့် ဒုက္ခမရောက်ဘူးလား' ဆိုတော့၊ သူက

"ရောက်ပါပြီလားဗျာ။ ကျွန်တော်တို့ရဲ့မင်ခြစ်လက်ရာတွေ မဂ္ဂဇင်းတိုက်တွေကို မရောင်းရတဲ့အချိန်တွေ အများကြီးကြုံခဲ့တာပေါ့။ ပန်းချီပုံမရောင်းရတော့

ပိုက်ဆံပြုတ်၊ ပိုက်ဆံပြုတ်တော့ ထမင်းငတ်တာပဲ။ အမှန်မှာ ကျွန်တော်တို့က အိမ်ကို ကြေးနန်းရိုက်မှာလိုက်ရင် အချိန်မရွေး ပိုက်ဆံရပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အဲဒီလို ကြေးနန်းရိုက်ဖို့တောင် ကြေးနန်းခ လက်ထဲမရှိဘူး။ ဂျက်နှင့် ကျွန်တော်ဟာ ၁၄ လမ်းမှာရှိတဲ့ စုတ်ချာချာ စတူဒီယိုကလေးထဲမှာ တစ်ဆောင်းလုံး ဒုက္ခခံ ကျင့်ခဲ့ကြရတာကလား'' ဟု ဖွင့်ဟလျက် တစ်ဆက်တည်း၌

''ကျွန်တော်တို့မှာ စားပွဲ-ကုလားထိုင်တွေဝယ်ဖို့ တစ်ပြားမျှ မရှိခဲ့ဘူး။ ကုတင်ဆိုတာတော့ ဝေးရော။ ဒီတော့ သံမံတလင်းပေါ်မှာပဲ အိပ်ရတယ်။ ခြုံစရာစောင်ဆိုလို့ မရှိဘူး။ ဒါနှင့် သတင်းစာစက္ကူတွေထိုးသိပ်ထားတဲ့ ကုတ်အင်္ကျီတွေပဲ ဝတ်အိပ်ရတယ်။ သိပ်ချမ်းလာပြီဆိုရင်လည်း စာအုပ်ပုံကြီးဖြစ်အောင် ကျွန်တော်တို့ကိုယ်ပေါ်မှာ ထပ်တင်ပြီး အနွေးဓာတ်ကို ကြံဖန်ယူရတယ်။

''ကျွန်တော်တို့နှင့်အတူ ဖရင့်ခ်ဘတ်တလာဆိုတဲ့ စာရေးဆရာတစ်ယောက်လည်း တစ်ခန်းတည်း နေတယ်။ အဲ-သူ့မှာက ရွှေသွားအရှင်တစ်ချောင်း စိုက်ထားတယ်လေ။ ၃ ယောက်သား ဘိုင်ပြတ်ပြီဆိုတာနှင့် သူ့ရွှေသွားကို သွားပေါင်ကြတော့တာပဲ။ အရှေ့ပိုင်းမှာရှိတဲ့ အပေါင်ဆိုင်အားလုံး နှံ့သွားတဲ့အထိ လိုက်ပေါင်ပေမယ့် အဲဒီရွှေသွားကို ၃ ဒေါ်လာထက် ပိုမပေးကြတာလည်း မှတ်မိပါသေးရဲ့''

တဲ့။

တစ်နေ့ ဂျွန်ဘယ်ရီမိုးနှင့် ဘတ်တလာတို့ဆာလောင်နေကြသည်။ သူတို့ ၂ ယောက် ရွှေသွားကိုသွားပေါင်ပြီး ဝယ်စားခဲ့ကြပေမယ့် မဝခဲ့ကြဘူး။ လက်ထဲမှာတော့ ဘဏ္ဍာတော်ငွေ အသပြာ ၅ ပဲနီ ကျန်သေးသည်။ ထို ၅ ပဲနီနှင့် အပေါစားဆိုင်သွားပြီး ကိတ်မုန့်နှင့်ကော်ဖီတစ်ခွက် မှာလိုက်ချိန်အထိ ဂျွန်က ဆိုင်အပြင်မှ စောင့်နေသည်။

ထို့နောက် ဘယ်ရီမိုးက နောက်က ကျား ၃ ကောင်လိုက်သလို အရေးတကြီးဒရောသောပါး ဆိုင်ထဲပြေးဝင်လာပြီး ဘတ်တလာအား နားဝကပ်၍ တီးတိုးပြောလိုက်ရာမှ ဘတ်တလာလည်း ထ၊ ခုန်ပြီး အော်ကြီးဟစ်ကျယ်ငိုလျက်

''အို- ဘုရားသခင်။ မဟုတ်ဘူး။ ဒါ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး။ အမယ်လေး- အဖြစ်ဆိုးလိုက်လေခြင်း အမေရဲ့''

ပြောပြောဆိုဆိုနှင့် နောက်က ကျား ၁၀ ကောင်လိုက်သည့်နှုန်းဖြင့် စားသောက်ခန်းထဲမှ မာရသွန်လစ်ပြေးတော့သည်။ ဂျက်လည်း စားပွဲတွင် အကျ





အနထိုင်၍ အားရပါးရ ထိုင်လွေးရတော့၏။

လီယွန်နယ်နှင့် ဂျက်ဘယ်ရီမိုးတို့မှာ ထိုအိမ်နိမ့်စံဘဝတွင် အအေးဒဏ်၊ အငတ်ဒဏ်တွေ အံကြိတ်ခံရလင့်ကစား၊ သူတို့၏ အိပ်မက်များကို အကောင်အထည်ဖော်ခွင့် ရနေသည့်အတွက် ပျင်းတောင်ပျင်းသေး သီချင်းတအေးအေးနှင့် နေခဲ့ကြသည် ဆို၏။

လီယွန်နယ်သည် ထိုနေ့ရက်များကို ပြန်လည်လွမ်းဆွတ် သတိရနေခဲ့ပါလေပြီ။

မကြာမီကပင် သူသည် သူ့ညီငယ်ဂျွန်အား တမ်းတအောက်မေ့သောအားဖြင့် ငယ်ရွယ်နုပျိုစဉ်ကနေ့ရက်များကို အမှတ်တရအနေဖြင့် သံစုံတီးဝိုင်းအဖွဲ့ကြီး တစ်ခုတွင် တေးသံစဉ်တွေ ရေးပေးခဲ့၏။

ထိုသံစဉ်တေးများကို ဂီတမှူး ယူဂျင်းအော်မန်ဒီ၏ကွပ်ကဲမှုဖြင့် ဖီလာဒီဖဲယား ဆင်ဖိုနီ အော်ခက်စထရာ တီးဝိုင်းအဖွဲ့ကြီးမှ ၁၉၄၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ပထမဆုံးအကြိမ် ထုတ်လွှင့်ခဲ့သည်။

တေးသွားများက ခြေသလုံးအိမ်တိုင်သမား ဂျစ်ပစီလူမျိုးများ၏ မြူးကြွချိုလွင်သောတေးသံများ၊ သူတို့ ဘယ်ရီမိုးညီနောင် ဘဝတိုက်ပွဲရင်ဆိုင် ရွှန့်စားခဲ့ချိန်တုန်းက အဆုံးမဲ့ပျော်စရာအဖြစ်တင်စားခဲ့သော အပေါစားအရက်ဆိုင်၊ အစားအသောက်ဆိုင်များက နားထောင်မငြီးခဲ့သော ကျေးလက်တေးသွားများဖြင့် မြိုင်ဆိုင်လှပလျက် ပျော်မြူးစရာကောင်းနေ၏။

လီယွန်နယ်က ထိုတေးသွားကို သီကုံးနေခိုက်မှာ သူ့ညီ 'ဂျက်' (ဘဝတစ်ပါးမှ ဂျွန်ဘယ်ရီမိုး) ထံသို့ အကြာကြီးသွားလည်နေရသည် ဟုထင်ရကြောင်းလည်း ဖွင့်ဟပြောကြားခဲ့ရှာ၏။

လီယွန်နယ် ဘယ်ရီမိုးက ကျွန်တော့်အားပြောပြရာတွင် သူတို့အဖေကြီး၏ ဝါသနာက တိရစ္ဆာန်တွေစုဆောင်းခြင်း ဖြစ်သည်ဟု သိရ၏။ သူ့အဖေသည် ဝက်ဝံတွေ၊ မျောက်တွေ၊ တောကြောင်ရိုင်းတွေ၊ ခွေးမျိုးစုံတစ်အုပ်ကြီးကို မြေခြားမြေခြားမှ တကူးတကသယ်ယူ မွေးမြူထားခဲ့၏။

ဂျွန်နှင့် လီယွန်နယ်သည် တစ်နေ့တွင် လယ်စောင့်တဲကြီးတစ်လုံး၌ နီဂရိုး အစေခံအိုကြီးတစ်ယောက်ကို အဖော်လုပ်ကာ ရောင်စုံ၊ အရွယ်စုံ၊ အမျိုးစုံ၊ ပုံသဏ္ဍာန်ပေါင်းစုံ ခွေး ၃၅ ကောင်နှင့်အတူ နေခဲ့ကြရဖူးသည်။ လီယွန်နယ်ရော ဂျွန်ပါ တိရစ္ဆာန်တွေကိုချစ်ကြရာ၌ ချစ်စိတ်လျော့နည်းသွားသည် မရှိ၊ အပြိုင် အဆိုင်ပင် စံတင်လောက်အောင် ချစ်ကြ၏။

တစ်ခါက ကြောင်မကြီးတစ်ကောင် ဟောလီးဝုဒ်ရှိ လီယွန်နယ်၏အိမ် နံရံကြားထဲဝင်၍ ကြောင်ကလေးတွေပေါက်ခဲ့သည်။ သည်တွင် "ကျွဲးကျွဲးကျပ် ကျပ်ကလေးထဲ ကြောင်ကလေးတွေ မွန်းသေမှာစိုးတယ်" ဆိုပြီး၊ သူက နံရံတစ် ဝက်ကို ဖျက်ချပစ်ခဲ့ဖူး၏။

ဂျွန်မှာလည်း ကလီမင်တိုင်းဟု နာမည်ပေးထားသော အချစ်တော် မျောက် တစ်ကောင် ရှိခဲ့သည်။ သူက ထိုမျောက်ကြီးကို ငယ်ငယ်ကတည်းကပင် မွေးခဲ့ သည်။ သွားလေရာလာလေရာ သင်္ဘောခရီးသွားရာမှာပင် ခေါ်သွား၍ သူနှင့် တစ်စားပွဲတည်းကျွေး၏။

ငှက်ကလေးတစ်ခုကို ပေါင် ၄၀၀ နီးပါး ပေးဝယ်သည်။ ပြီးတော့ အမှုပိုင်း ဒေသမှ ငှက်တွေတစ်အုပ်ကြီးကို နွေးနွေးထွေးထွေးထားရန် စပယ်ရှယ်အမှုပေး ကိရိယာတွေ တပ်ဆင်ထားသည့် ဇရာမငှက်လှောင်အိမ်ကြီးတစ်လုံးကိုလည်း ပေါင် ၄၀၀၀ အကုန်ခံ၍ ဆောက်ပေးခဲ့၏။

တစ်ခါကလည်း ဇရာမလင်းတဘုရင်ကြီးတစ်ကောင်ကို ဝယ်၍ ချစ်စနိုး မွေးထားဖူးသည်။ လင်းတကြီးက ငှန်းတစ်ကောင်လောက်ကြီးမား၍၊ ရှည်လျားပြီး အကြည့်ရဆိုးသော ချိတ်ကဲ့သို့ နှုတ်သီးကြီးလည်း ရှိ၏။ လင်းတတို့သဘာဝ အသားပုပ်တွေကို အင်မတန်ကြိုက်၏။

သို့ဖြင့် ဂျွန်ဘယ်ရီမိုးဆိုသော၊ တစ်နေ့ ပေါင် ၁၀၀၀ ဝင်ငွေရှိသော ကမ္ဘာကျော်အချစ်မင်းသားကြီးသည် ဟောလီးဝုဒ်မြို့တော်တစ်ခွင် ပြဲပြဲစင်သွား၍ သူလင်းတကြီးကြိုက်တတ်သည့် ကောင်းနိုးရာရာ အစာများကို တွေ့သမျှအမှိုက်ပုံး တွေထဲက အားရပါးရကျုံးရှာရပါလေတော့သည်။

တစ်ညတော့ ဘယ်ရီမိုး စုတ်ပြတ်ဟောင်းနွမ်းနေသော အလုပ်ကြမ်းသမား ဝတ်စုံကိုဝတ်၍ အသားအကြွင်းအကျန်တွေ့လိုတွေငြား တစ်လမ်းဝင်တစ်လမ်း





ထွက် လျှောက်ရှာလာသည်။ ဤတွင် သားသားနားနားဝတ်ထားသော လူတစ် ယောက်ကတွေ့ပြီး အမှိုက်ပုံးတွေထဲ စားစရာလိုက်ရှာနေသော အငတ်သေးကြဲ နေသူတစ်ယောက်ရယ်လို့ အထင်မှားသွားမိ၏။ စေတနာရှင်မျက်နှာစိမ်းက ဘယ်ရီမို အား ၁ သျှီလင် ရက်ရက်ရောရောထုတ်ပေးသည်။

"ခင်ဗျား အစားပဲ ဝယ်စားနော်" ဟုလည်း မဟုတ်မဟတ်သုံးပစ်မှာ စိုးသံဖြင့် အကြံပြုလိုက်သေး၏။

ဘယ်ရီမိုးလည်း ဦးထုပ်အစုတ်ကလေးကို ချွတ်၊ တရိုတသေကလေး ဦးညွတ်လျက်

"ဆရာ့ကို ဘုရားသခင် ကောင်းချီးပေးပါစေဆရာရယ်" ဟုပင် ဆု တောင်း ရေရွတ်လိုက်ပါသေးသည်။

ဂျွန်ဘယ်ရီမိုးသည် ဟောလီးဝုဒ်တွင် ပေါင် ၆ သိန်းမကရအောင် သုံ့ယူ နိုင်ခဲ့၏။ သူက အိမ်တစ်လုံးကို ပေါင် ၅ သောင်း ပေးဝယ်ခဲ့သည်။ သူ့ရေကူး ကန်၌ နေနာရီစင်တစ်စင်ထိုးရန် ပေါင် ၁၆၀၀ သုံးခဲ့၏။

ပြီတော့ လုပ်ကြံခံရမှုကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်စေခဲ့သော သြစတြီး ယားမင်းသား ဖရန့်စစ်စ်ဖာဒီနန့်၏နန်းတော်တွင် တစ်ချိန်ကချိတ်ထားခဲ့သော ပန်းမီးဆိုင်းကြီးတစ်ဆိုင်းကိုလည်း ဝယ်ယူခဲ့သည်။ ဘယ်ရီမိုးသည် ပန်းမီးဆိုင်း အတွက် ၁၅ ပေါင်သာ ပေးခဲ့ရသော်ငြား၊ ထိုပန်းမီးဆိုင်း ချိတ်ဆွဲဖို့ အခန်းတစ်ခန်း ကို ပေါင် ၆၀၀ အကုန်ခံ၍ ဆောက်လုပ်ခဲ့၏။

၁၉၃၄ ခုနှစ်မှာတော့ သူ့ကျန်းမာရေးကိစ္စဖြင့် အိန္ဒိယသို့ သွားခဲ့ရသည်။ ထိုနှစ်က သူ့ဝင်ငွေမှာ ၁ နှစ် ပေါင် ၁ သောင်း ၅ ထောင်သာရှိခဲ့ရာ ဝင်ငွေ၏ ၄ ဆ ပေါင် ၆ သောင်းလောက် သုံးစွဲပစ်လိုက်၏။ နောက်နှစ်ကျတော့ အခြေ အနေပိုဆိုးသွားသည်။

၁၉၃၅ ခုနှစ်၏ ၅ လအတွင်း တစ်နေ့ ၁၆၅ ပေါင်နှုန်း သူ သုံးခဲ့သည်။ သူသုံးတာတွေက သူ့ဝင်ငွေထက် ၂၅ ဆ များပြားသည်ကား မှန်၏။ သို့သော် အများစုမှာ တခြားလူတွေအတွက်သုံးခဲ့ခြင်း ဖြစ်၏။

သူနှင့် အရင်နီးဆုံး တိုင်ပင်ဖော်တိုင်ပင်ဖက်မိတ်ဆွေ ဂျင်းဖောင်လာက ခုလို ပြောခဲ့ပါသည်။

"ဘယ်ရီမိုးဟာ အဝတ်အစားတွေကို တန်ဖိုးမထားသလောက်ပါပဲ။ နာရီ ကလေးတစ်လုံးတောင် အပိုင်မဝယ်ပါဘူး။ လက်စွပ် ဘာညာလည်း မဝတ် ဘတ်ဘူး။ ညှိခံပွဲပေးတယ်လို့လည်း မရှိသလောက်ပါပဲ"

"သူက ပင်လယ်ငါး အသေးစားကလေးတွေကို မီးဖိုချောင်ထဲထိုင်စားရတာ သိပ်သဘောကျတာ။ မီးဖိုချောင်ထဲမှာ ဝင်စားလို့ မရဘူးဆိုရင်လည်း စားသောက် ဆိုင်စားပွဲမှာ အဖိုးတန်ဖက်ရှင်ကို ရှိုးကျကျဝတ်ပြီး အကျအနထိုင်စားရမှ ကျေနပ် တယ်။ သူ့မှာ မုန့်ဖိုးပဲဖိုး အများကြီးဆောင်ထားခဲ့တယ်။ သူဟာ ကျသင့်ငွေမှန်သမျှ ရှင်းပေးနေတာ ကြည့်ရမှာကို သွေးလန့်တတ်တာမျိုးကလွဲရင်၊ ငွေနှင့်ပတ်သက်လို့ ခေါင်းရှုပ်ခံပြီး အရေးစိုက်ချင်ပုံ မပေါ်ဘူး"

ဂျွန်ဘယ်ရီမိုး၏ မိတ်သင်္ဂဟ အပေါင်းအသင်းတွေထဲ၌ အနိမ့်ဆုံးအလွှာမှာ ထိပ်ဆုံးအဆင့်အထိ ပါဝင်သည်။

သူ့မိတ်ဆွေတစ်ယောက်မှာ ကလေကချေ လမ်းပေါ်ကလူဖြစ်၍၊ နောက် တစ်ဦးကတော့ ဝင်စတန်ချာချီ ဖြစ်၏။

လန်ဒန်တွင် ဟမ်းမလက်ပြဇာတ်ကို ပိတ်ပစ်တော့မည်ဟု ဆုံးဖြတ်ပြီး နောက်မှ ဂျွန်ဘယ်ရီမိုး ဆက်လက်က,ပြဖြစ်သည်မှာ ဝင်စတန် ချာချီ၏ အားပေး တိုက်တွန်းမှုကြောင့်ပင်တည်း။

ဘယ်ရီမိုးသည် ဘဝခရီးကို ကြုံသလိုကျပန်း ခပ်တောတောဖြတ်သန်းခဲ့ရ သူပီပီ ခရေ့ဟုံးတမ်းစည်းကမ်းတွေကို သိပ်အရေးမထားချင်ပါ။

တစ်ညသူ ဟမ်းမလက်ပြဇာတ် က,နေရင်းမှ နည်းနည်းကလေးကွန့်ပြီး အစွမ်းပြချင်စိတ် ပေါက်လာပုံရသည်။ သို့ဖြင့် ပြဇာတ်တစ်ခန်းရပ်၍ နောက်တစ်ခန်း မဆက်မီ တီးဝိုင်းကဆက်ဆိုဖွန်းဖြင့် အခန်းပြောင်း တီးလုံးမှုတ်နေဆဲ ကာလမှာပင် သူက ဟမ်းမလက်မင်းသား၏ ကိုယ်ကျပ်အဝတ်အစားတွေဝတ်လျက် ပြည့်ဖုံး ကားရှေ့သို့ ထွက်၍ ဆိုင်းချက်အလိုက် ခြေက ကပြီး၊ တစ်ယောက်တည်းနှင့် စုံတွဲအကပါ က,ပြလေသော ဟူ၏။





နောက်တစ်ခါ ညတစ်ညမှာလည်း "ပီတာ အက် ဘတ်ဆင်"ဟူသော ဇာတ်နယဉ်မှ ချစ်ခန်းကြိုက်ခန်းကပြနေစဉ် သူက ပန်းစည်းကိုနမ်းပြီး ရင်မှာအပ်၍ ဖိထားလိုက်သည်။ ဒါကို ပွဲကြည့်ဆောင်ဒုတိယတန်းက ကောင်မကလေး တစ် ယောက်သည် ရယ်သွမ်းသွေး၏။ ဘယ်ရီမိုးလည်း ဒေါကန်သွားပြီး လှမ်းအော် လိုက်၏။

"ဟေ့- ဒီမယ်၊ ဒီအခန်းကို မင်းက ငါ့ထက်သာအောင် က,နိုင်မယ် ထင်ရင် ခုချက်ချင်း ဇာတ်ခုံပေါ်တက်ခဲ့။ လာက"

ပြောပြောဆိုဆိုနှင့် စိတ်မထိန်းနိုင်သလို ပန်းစည်းကို ပွဲကြည့်ပရိသတ်ကြား ထဲ ပစ်ပေါက်လိုက်ရာမှ အမျိုးသမီးကြီးတစ်ယောက်၏မျက်နှာကို သွားမှန်တော့ သည်။ ကားလိပ်ကို ကပျာကရာချလိုက်ကြရ၏။ ဇာတ်ရုံတစ်ခုလုံးလည်း မကျေ မနပ်သံများဖြင့် ပွက်ပွက်ညံသွား၏။

မန်နေဂျာခများလည်း ရှန်းရင်းဆန်ခတ်မှုတစ်ခု မဖြစ်အောင် မနည်းထိန်းရ၏။ က,လက်စကြီးကို နာရီဝက်ခန့်ရပ်နားပြီးမှ ဆက်က,ဖို့ ကားလိပ်မဖွင့်ခင် သရုပ် ဆောင်ပြဇာတ်အဖွဲ့သားများကို အရေးအကြောင်းကြုံလာလျှင် ဦးအောင်ပြေးကြဖို့ လိုက်သတိပေးထား၏။

ဇာတ်ခုံပေါ်ထွက်ပြီး ဂျက် လမ်းလျှောက်လာသောအခါ ပွဲခင်းထဲတွင် အပ်ကျသံမကြား တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်ချက်သားကောင်းနေ၏။ ဒါပေမယ့် သူက မျက်တောင်တစ်ခတ်အတွင်းမှာပင် ပရိသတ်တွေကို သူ့ဟန်ပန်အမူအရာ၊ နှစ်လိုဖွယ်ဆွဲဆောင်မှု၊ ကျွမ်းကျင်ပြောင်မြောက်လှသော သရုပ်ဆောင်ချက်များဖြင့် ဖမ်းစားပစ်လိုက်၏။ တစ်မိနစ်လောက်အကြာမှာပင် ပွဲကြည့်ပရိသတ်မှာ ဖြစ်ခဲ့ သမျှကို မေ့သွားပြီး၊ ဇာတ်ထဲသို့ ရွှင်ရွှင်လန်းလန်း မျောပါသွားကြပါတော့၏။

တုပ်ကွေးရောဂါ ထနေစဉ်အချိန်။ ဘယ်ရီမိုးမှာ ပွဲကြည့်ပရိသတ်၏ အဆက် မပြတ်ချောင်းဆိုးသံများကြောင့် ကသိကအောက်ဖြစ်နေရ၏။ သို့ဖြင့် သူ့ကုတ်အင်္ကျီ အောက် ငါးကြီးတစ်ကောင်ဝှက်ထည့်ထားပြီး ပရိသတ်တွေ ချောင်းစဆိုးကြပြီဆို သည်နှင့် ငါးကို ဇာတ်ခုံအောက်မှထိုးသော မီးလုံးတွေကိုကျော်၍ စင်ရှေ့သို့ ပစ်ချလိုက်ကာ အကျယ်ကြီးအော်ပြောလိုက်၏။

''အဲဒီကောင်နှင့်ပဲ ခင်ဗျားတို့ နပန်းလုံးနေကြပေတော့။ အလကား လာနှောင့်ယှက်နေတဲ့ လူရှုပ်တွေ''

တစ်ခါတုန်းကလည်း ဂျွန်သည် တတိယမြောက် ရစ်ချတ်ဘုရင် နေရာမှ ပါဝင်က,ပြရင်း နာမည်ကျော်ကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြနေ၏။

''မြင်းတစ်ကောင် - မြင်းတစ်ကောင်။ ငါ့နိုင်ငံကြီး မြင်းတစ်ကောင်ကြောင့်''

သည်တွင် အပေါ်ထပ်ဝရန်တာဆောင်မှ ပရိသတ်တစ်ယောက်က ကျယ်ကျယ်လောင်လောင်ရယ်ချလိုက်၏။

ဘယ်ရီမိုးလည်း ဖျတ်ခနဲ သူ့မျက်စိကို ဝရန်တာဆောင်သို့ ထုတ်ချိန်လိုက်ပြီး အော်ပြောလိုက်သည်က -

''ဟော့- ဟိုက တဖြဲဖြဲအော်နေတဲ့ မြည်းကောင်။ ခုချက်ချင်းမနေး ငါ့ရှေ့တော်မှောက် အရောက်ပြေးဆင်းပြီး စီးတော်ဆက်စမ်း''တဲ့။

ဂျွန်ဘယ်ရီမိုးကား ဟမ်းမလက်နေရာတွင် က,ပြရာ၌ ကျွန်တော်တို့ခေတ်တွင် ၂ ယောက်မရှိအောင် ထူးချွန်ပြောင်မြောက်သူတစ်ဦး ဖြစ်ကြောင်း အငြင်းပွားစရာ မလိုပါ။ သူသည် ဟမ်းမလက်အသွင်ဖြင့် အခြားအခြားသော သရုပ်ဆောင်များထက် ကာလရှည်မြင့်စွာ က,ပြခဲ့ရ၏။

ထို့ကြောင့်လည်း အစ်ကိုဖြစ်သူ လီယွန်နယ်က ညီငယ်၏အုတ်ဂူပေါ်တွင် သူနှင့်လိုက်ဖက်ထိုက်တန်သော ကဗ္ဗည်းစာများဖြင့် အမှမ်းတင်ရေးထိုးထားခဲ့ပါတော့သည်။

ဟမ်းမလက် သေငယ်စောဖြင့် မျောနေစဉ် သူငယ်ချင်း ဟိုရေးရှိုးက ပွေ့ပိုက်ထားလျက် မြည်တမ်းရေရွတ်ခဲ့သောစကားများသာ ဖြစ်ပါတော့သတည်း။

''ကောင်းသောညပါ ချစ်စရာမင်းသားကလေးရယ်။ တို့ချစ်တဲ့ မင်းသားကလေးအတွက် ကောင်းသောညသာ ဖြစ်ပါစေ။ ကောင်းကင်တမန် နတ်သမီးကလေးတွေက အနားယူနေသူတွေကို တေးဆိုသိပ်ကြ''





# အော်လီဗာ ဝင်ဒယ်လ် ဟုမ်းစ်
## Oliver Wendell Holmes

**အသက် ၆၀ အရွယ်မှာ**
**ဟာသပွဲများကို သွားကြည့်ပြီ။**
**အသက် ၉၃ နှစ်ကျတော့**
**သူ့စိတ်ဓာတ်နှင့် အသိတရားမြင့်မားဖို့**
**ပလေတိုးကို ဖတ်ပါသတဲ့။**
**သူ မုန်တယ်ထင်လျှင်**
**မြင်းမိုရ်တောင်ကိုပင် တက်တိုက်ဝံ့တဲ့လူစား။**
**သမ္မတကြီးလင်ကွန်းကို သေသေးကကာယ်တင်ခဲ့တဲ့**
**စစ်ဗိုလ်ဟောင်း။**

❐ ခင်ဗျားကို အမေရိကန်ပြည်ထောင်စုအတွက် အထူးသဖြင့် တရားဥပဒေဆိုင်ရာနှင့်ပတ်သက်၍ အလေးအနက်ထား စဉ်းစားတွေးခေါ်ခဲ့သူ တစ်ယောက် အကြောင်း ကျွန်တော် ပြောပြပါတော့မည်။

သူသည် နိုင်ငံတော်ကမွေးထုတ်ခဲ့သော မဟာပညာရှိကြီးများအနက် တစ်ယောက်အပါအဝင် ဖြစ်သည့်တိုင်၊ လူသားဆန်လှစွာပင် ဟာသပွဲများကို အလုအယက်ပြေးကြည့်တတ်ပြီး၊ သူကိုယ်တိုင် တစ်ပတ်လျှင် ၁ မှုမဟုတ် ၂ မှု ခွဲတမ်းကျလောက်ရှိသော ရက်ရက်စက်စက်သတ်ဖြတ်သည့် လူသတ်မှုများပါသည့် စုံထောက်ဝတ္ထုများကိုလည်း အသေအလဲကြိုက်တတ်၏။

ထိုပုဂ္ဂိုလ်မှာ တရားသူကြီး အော်လီဗာဝင်ဒယ်လ်ဟုမ်းစ် ပင်တည်း။

သူ့ကို အမေရိကန်ပြည်ထောင်စုကြီး၌ ပြည်နယ် ၂၇ ခုသာရှိစဉ်က ဖွားမြင်ခဲ့ပြီး၊ ဤစာရေးနေသည့်အချိန်မှ ၁၇ နှစ်ကြာ အတိတ်က အသက် ၉၄ နှစ်အရွယ်တွင် အနိစ္စရောက်ခဲ့ပါပြီ။

အော်လီဗာ ဝင်ဒယ်လ်ဟုမ်းသည် လွန်ခဲ့သော အနှစ် ၁၀၀ အတွင်း ဖြစ်ထွန်းလာသော ဧရာမပုဂ္ဂိုလ်ကျော်ကြီးများထဲတွင် လူသိအများဆုံး ဖြစ်ပါ၏။

သူ့ နှမ်ိုစဉ်လူငယ်ဘဝက ရပ်ဖ် ဝေါလ်ဒို အီမာဆင်နှင့်အတူ နာရီပေါင်းများစွာကြာအောင် စာအုပ်စာပေအကြောင်း ထိုင်ဆွေးနွေးခဲ့ဖူးသည်။

ထို့အပြင် သူ့အဖေကိုယ်တိုင်ကလည်း မှန်ကန်စားပွဲဝိုင်းများကို စီးမိုးခဲ့သော ကမ္ဘာတစ်လွှားကျော်ကြားခဲ့သူ စာရေးဆရာကြီး ဒေါက်တာ အော်လီဗာ ဝင်ဒယ်လ်ဟုမ်းစ်ပင် ဖြစ်၍၊ 'အိုးလ် အိုင်းယင်းဆိုက်စ်' နှင့် 'သည် ဝမ်း ဟော့စ်ရှေး' ဟူသော ဝတ္ထု ၂ အုပ်ကို ရေးခဲ့၏။

ဟုမ်းစ် ချာတိတ်ဘဝက သူ့အဖေက မိသားစုထမင်းဝိုင်းရှိ 'ဉာဏ်အထက်ဆုံး၊ စကားအသွက်ဆုံးသူကို လိမ္မော်ယို သို့မဟုတ် သစ်သီးယို ပိုပေးမည်'ဟု ကလေးများအား ပြောခဲ့သည်။

ထိုအချိန်ကတည်းက လိမ္မော်ယိုကြိုက်သော ဝင်ဒယ်လ်သည် အာသွက်လျှာသွက်နှင့် ဉာဏ်ရည်ထက်ကာ အချိန်တိုလေးအတွင်း တိုးတက်ချွန်ထက်လာတော့၏။ သည် ကနဦးလေ့ကျင့်ခန်းက အစကောင်း၍ အနှောင်းသေချာဆိုသလို သူ့ဘဝတစ်လျှောက်လုံး ဖွဲ့ငြိကပ်ပါလာ၏။

အသက် ၇၀ ကျော်လာသည့်နောက်ပိုင်းမှ အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရှိ အဆင့်မြင့်ခုံရုံးများ၌ သရော်လားနောက်လား ထိကပါးရိကပါး အာဝဇ္ဇန်းရွှင်ရွှင် စကားစစ်ထိုးခြင်း မပြုနိုင်တော့သလို၊ သူ့ကောက်ချက်များ၊ ပြောဆိုချက်အများအပြားမှာ မှတ်တမ်းတွေမှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။

သူက 'ပညာတတ်တစ်ယောက်ဖြစ်တာနှင့် ဌာနဆိုင်ရာအဝတ်အစား ဝတ်ရပြီး ရယ်လားမောလားမနေရတာ ဘာကြောင့်လဲဆိုတာ အကြောင်းရှာမရကြောင်း' အမြဲ ပြောလေ့ရှိ၏။

တစ်ည ဝါရှင်တန်မြို့တော်တွင် သူ့ဆံပင်တွေ တစ်ခေါင်းလုံးဖွေးဖွေးဖြူနေချိန်မှာပင် ဟာသပွဲတစ်ပွဲကို သွားကြည့်ခဲ့သည်။ ပွဲကတော့ အဲ- ဆိုကြပါစို့၊ ဟားကွက်တွေက အသင့်အတင့်လောက်နှင့် မကောင်းတကောင်းထဲကပါ။ ဒါပေ





မယ့် တရားသူကြီးကြီးက မိုးကြိုးပစ်သံကြီးနှင့် အားရပါးရဟားတိုက်ရယ်လိုက်သည်မှာ ပရိသတ် ၁၀ တန်းအဝေးကပင် ကြားလောက်ပါ၏။ ဒါနှင့်ပင် အားမရသေး။ သူက ဖြူနီးဆို ချာခနဲလှည့်ကာ နောက်ခုံမှထိုင်နေသော (သူနှင့် လုံးဝမသိသူ) ပွဲကြည့်တစ်ယောက်အား လှမ်းပြောလိုက်သေးသည်။

"ကျုပ်က ခပ်ညံ့ညံ့ အောက်တန်းစားဟာသတွေကိုလည်း အရသာခံတတ်တာအတွက် ဘုရားသခင်ကို အမြဲကျေးဇူးတင်တယ်ဗျ" တဲ့။

သိထားဖို့က ဤသည်မှာ အင်္ဂလန်တစ်ဝန်းလုံးက လေးလေးစားစား ဖူးဖူးမှုတ်ထား၍ အမေရိကန်သမ္မတကြီး လင်ကွန်း၏ ဂုဏ်ထူးဆောင်အဖွဲ့ကြီးမှ အဖွဲ့ဝင်အဓိပတိ ဥပဒေပညာရှင်ကြီး၏နှုတ်ထွက်စကား ဖြစ်ကြောင်းပါပေတည်။

လူ့လောကထဲတွင် ထိုမျှပွင့်လင်း၍ နားလည်မှုရှိသူ၊ လူသားဆန်သူတစ်ဦးကို အမေရိကန်ပညာရှင် အဓိပတိပကေးကြီးများထဲတွင် ရှေးက မပေါ်ပေါက်ခဲ့ဘူးဟု ကျွန်တော့်အနေဖြင့် ထင်မိပါသည်။

၁၈၅၇ ခုနှစ်လောက်ဆီက သူ ဥပဒေပညာကို စတင်လေ့လာလိုက်စားခဲ့စဉ် သူ့ဖခင်ကြီးမှာ အထိတ်တလန့်ဖြစ်သွားရ၏။ ဒါကလည်း 'ထိုခေတ်က ရှေ့နေဆိုသည်မှာ လူ့လောကမတိုးနိုင်အောင် အထင်သေးအမြင်သေးခံရသူများ ဖြစ်သောကြောင့်ပါပေ။

"ဒီအလုပ် မလုပ်စမ်းပါနှင့် ဝင်ဒီရာ။ ရှေ့နေလိုင်းလိုက်တဲ့လူ တစ်ယောက်မျှ အထင်ကရကြီးပွားတာ ဘယ်ရှိလို့လဲ"

အဘိုးကြီးက ဟန့်တားကန့်ကွက်ခဲ့၏။

သို့သော် ဝင်ဒယ်လ်ကတော့ 'ဥပဒေပညာကို လေ့လာတတ်ကျွမ်းခြင်းဖြင့် ကြီးမြတ်သောဘဝကို ဖန်တီးနိုင်မည်'ဟု ထင်မြင်ခဲ့သလို၊ စာမျက်နှာတိုင်းတွင် ဆွဲဆောင်မှုရှိနေသော ဘလက်စတုန်းလိုဝတ္ထုမျိုးကို ကျော်ဖတ်ခဲ့၏။

၁၈၆၁ ခုနှစ်ကျတော့ သူသည် ဟားဗတ်တက္ကသိုလ်က ဥပဒေဘွဲ့ယူရန် အသင့်ဖြစ်နေခဲ့ပါပြီ။ ဒါပေမယ့် ပြည်တွင်းစစ်ကြီးဖြစ်လာရာမှ သူ့ဥပဒေစာအုပ်တွေကို ဘေးဖယ်ချောင်းထိုး၍ အမေရိကန်ခြေမြန်တပ်တွင် သာမန်တပ်သားကလေးတစ်ဦးအဖြစ် ဘောင်းဘီပွပွကြီး၊ မိုးပြာရောင်ကျူးနစ်အင်္ကျီ၊ ရဲရဲလွှင်သော ဦးထုပ်နီတို့ကိုဆောင်း၍ ချီတက်ခဲ့၏။

ယနေ့အဖို့ စစ်သားတစ်ယောက်ဝတ်ဆင်ရန်မလျော်ကန်သော ယူနီဖောင်းမျိုး ဖြစ်လင့်ကစား၊ အော်လီဗာ ဝင်ဒယ်လ်ဟုမ်းစ်ကတော့ အများနည်းတူ ဝတ်ဆင်ပြီး တိုက်ပွဲဝင်နိုင်ခဲ့၏။

သူသည် ၃ ကြိမ်တိုင် ဒဏ်ရာရခဲ့ပြီး၊ တစ်ကြိမ်မှာတော့ ကျည်ဆံက သူ့အသည်းနှင့် အလွန်ကပ်သွားသဖြင့် စစ်ဆရာဝန်က သူ့ထမ်းစင်နားက ဖြတ်သွားရင်း မှတ်ချက်ချခဲ့သည်။

"ဒီလူ့ကိုကြည့်နေလို့ အချိန်ကုန်ရုံပဲ ရှိမယ်။ ဒီလူက သေတော့မှာပဲကွ"

သေမယ်။ ဟုတ်လား။ ဘာလို့ သေရမှာလဲ။

ဆရာဝန်က သို့ကလိုပြောလိုက်ရုံဖြင့် ဘော့စတွန်မြို့သား အမေရိကန်မြောက်ပိုင်းသားကလေး၏ရှင်သန်ကြီးထွားမှုကို ရပ်တန့်နိုင်စွမ်းမရှိခဲ့ပါ။

သူက ၆ ပေ ၃ လက်မဆိုသော အရပ်ကြီးကိုရောက်ဖို့ ၁ လက်မ၊ ၂ လက်မလောက် လိုနေသေးသည်။

သူ့တိုင်းပြည်အတွက် ထူးခြားပြောင်မြောက်စွာ အမှုတော်ထမ်းရန် စွမ်းအားတွေ ညှစ်ထုတ်ဖို့ တာဝန်ရှိသေးသည်။

၁၈၆၄ ခုနှစ်အတွင်း သမ္မတကြီးလင်ကွန်း၏အသက်ကို ကယ်ဆယ်ရပေဦးမည်။

ဗိုလ်ချုပ်ကြီးဂရန့်က ရစ်ချ်မွန်တွင် အလုပ်ရှုပ်နေခိုက် ဂျူဘယ် အာလီဦးဆောင်သော တောင်ပိုင်းတပ်ပေါင်းစုမှ တပ်တစ်တပ်က မြောက်ပိုင်းသို့ တရကြမ်းထိုးစစ်ဆင်လာပြီး၊ ဝါရှင်တန်မြို့နှင့် ၁၀ မိုင်ကွာ ဗာဂျီးနီးယားပြည်နယ် အလက်ဇန်ဒရီးယားမြို့နားသို့ပင် ကပ်လာ၏။ ထိုမြို့ရှိ စတီဗင်စ်ခံတပ်မှ ပြည်ထောင်စု အစိုးရတပ်တွေကလည်း သူတို့ကို ခုခံကာကွယ်ဖို့ အသင့်ပြင်ထားကြ၏။

တိုက်ပွဲအတွေ့အကြုံ တစ်ခါမျှ မရှိ၊ စစ်ဖြစ်သည်ကို တစ်ကြိမ်မျှ မမြင်ဖူးသော အေဘရာဟင်လင်ကွန်းသည် ခံတပ်ရှိရာသို့ ဒရောသောပါးပေါက်ချလာ၏။ ပစ်ကြခတ်ကြ တိုက်ပွဲစချိန်၌ သူက ခံဂေါတုတ်များအနီးရှိ အမိုးတစ်ခုပေါ်မှာ မတ်မတ်မားမားကြီးရပ်ကြည့်နေ၏။

ခြေတံလက်တံရှည်ရှည်နှင့် အရပ်ကမိုးထိုးနေသည့်အထဲ ပိုးဦးထုပ် အမြင့်စားဆောင်းထားသောသူ့ပုံက လူတိုင်းအတွက် မျက်စိမမှားနိုင်သလို၊ ရန်သူ့သေနတ်များအတွက် ပစ်မှတ်ကောင်းကြီး ဖြစ်နေသည်။





ဗိုလ်ချုပ်ကြီးတွေထဲမှ တစ်ယောက်က အရဲစွန့်၍ပြောလိုက်သည်။

"သမ္မတကြီးခင်ဗျား။ နည်းနည်းနောက်ဆုတ်လိုက်ရင် မကောင်းဘူးလားလို့"

ဒါပေမယ့် လင်ကွန်းက မကြား။ အရေးမစိုက်။ သူနှင့် ၅ ပေအကွာမှ ကတုတ်ကျင်းအစပ်သို့ ခေါင်းပြူလိုက်မိသော လူတစ်ယောက်ကတော့ နောက်လန်ကျသွားကာ ပွဲချင်း ပြီးသွား၏။ ၃ ပေ အဝေးမှ နောက်တစ်ဦးလည်း ကျည်သင့်၍ လဲသွားပါပြီ။

ရုတ်တရက် လင်ကွန်း နောက်တည့်တည့်မှ အသံတစ်သံ အော်ကြီးဟစ်ကျယ် ဟိန်းထွက်လာ၏။

"အောက်ဆင်းစမ်း အရူး။ ကျည်သွားလမ်းကြောင်းထဲက ထွက်လိုက်"

လင်ကွန်းက ချာခနဲလှည့်ကြည့်တော့ သူ့ကို မီးတောက်မျက်လုံးများဖြင့် စူးစူးဝါးဝါး ကြောက်ခမန်းလိလိစိုက်ကြည့်နေသော ဗိုလ်ကြီးဟုမ်းစ်နှင့် မျက်နှာချင်းဆိုင်မိ၏။

"ကောင်းပါပြီ ဗိုလ်ကြီး"

လင်ကွန်းက ပြုံးပြုံးကလေးနှင့်

"ခင်ဗျားဟာ အရပ်သားတွေကို နားလည်အောင် ပြောတတ်ပါပေရဲ့"

လက်ခံသဘောတူဟန်ဖြင့် ခေါင်းညိတ်ကာ ပစ်ကွင်းကြားမှလှမ်းထွက်သွား၏။

ထုံးစံအတိုင်း သည်အကြောင်းက ပျံ့နှံ့သွားခဲ့သည့်အဆုံး အော်လီဗာဝင်ဒယ်လ်ဟုမ်းစ်အား သူ့ရဲကောင်းသဖွယ် ချီးကျူးစကား ပိုင်းဆိုကြသည်။ ဒါပေမယ့် သူက ဖျာဖျာသလဲ ရှူးရှူးရှဲရှဲနှင့် ထိုသူတွေအားလုံး ဝပ်ကျသွားအောင် ခံပက်လိုက်၏။

"ဟာ- ကျွန်တော်ကို သူရဲကောင်းလို့ မခေါ်ပါနှင့်။ ကျွန်တော်က စစ်သားတစ်ယောက်အနေနှင့် တာဝန်ကျေအောင်လုပ်လိုက်တာပဲ။ ဒါများ ဆန်းတာမှတ်လို့။ ဘာမျှ ရေးကြီးခွင်ကျယ်လုပ် ပြောနေစရာမလိုပါဘူး"

ဘာမျှ ထူးထူးခြားခြားလုပ်ခဲ့တာ မဟုတ်ဘူးတဲ့လား။

ဒါဖြင့်လည်း ဒီနောက်ပိုင်း စစ်ကြီးပြီးခဲ့ရာမှ ဒီလူငယ်ကလေးက ဘာမျှ မဖြစ်သလို၊ သူ့လက်တွေကိုဆေးကြောသန့်စင်ပြီး ကျောင်းပြန်တက်ခဲ့တာကိုပဲ

မှတ်တမ်းတင်လောက်အောင် ထူးခြားတယ်လို့ ပြောရမှာပေါ့။

သူ ဥပဒေပါရဂူဘွဲ့ရတော့လည်း ငွေတွေ အကြီးအကျယ် အမြောက်အမြား ရနိုင်စရာ အကြောင်းမရှိကြောင်း ကောင်းကောင်းကြီး သိနားလည်ခဲ့၏။ အကြောင်းမှု ထိုအချိန်က ဆိုရိုးစကားတစ်ခွန်း ရှိ၏။

'ရှေ့နေတစ်ယောက်က ပထမဆုံးနှစ်မှာ အကြွေးမတင်ရင်ပဲ ကံကောင်းလှပြီ' တဲ့။

ဒေါ်လီဗာ ဝင်ဒယ်လ်ဟုမ်းစ်ကား အဲသလောက်တော့ အဖြစ်မဆိုးသေးပါ။ သူ အသက် ၃၀ မကျော်မီအထိ သူ့ထမင်းဖိုး သူ ပေးနိုင်သေးသည်။

သူ အသက် ၃၀ မှတော့ သူ့ငယ်ချစ်ဦး ဖင်နီဒစ်စ်ဝဲလ်နှင့် လက်ထပ်ခဲ့၏။ သူတို့ ၂ ဦးစလုံးလက်ထဲမှာ ခြူးတစ်ပြား မကပ်ခဲ့ပါ။ သူတို့ဖနီးမောင်နှံသည် ဒေါက်တာဟုမ်းစ်၏အိမ်ဂေဟာကြီး ၃ ထပ်ပေါ်က အိပ်ခန်းကျဉ်းကလေးတစ်ခန်း၌ နေခဲ့ရ၏။ ဒီအပြင် ဖင်နီဟုမ်းစ်အဖို့ ၁ နှစ်လုံး ကုတ်ကတ်မြီးခြုံလျက် အိမ်ငှားနေနိုင်ဖို့ ပိုက်ဆံစုခဲ့ရသည်။

သူတို့ ပြောင်းပြီဆိုတော့လည်း နေရတဲ့အိမ်က ဆေးဆိုင်ရှင်တစ်ယောက်၏ အပေါ်ထပ်တွင်ဖြစ်၍၊ ၂ ခန်းတွဲကလေးသာ ပါ၏။ သူတို့ ချက်တော့ပြုတ်တော့ တစ်ဖိုတည်းရှိသော ဓာတ်ငွေ့မီးဖိုကလေး။ ဟုတ်ကဲ့။ ဒါဟာ ပါရမီရှင်ကြီး တစ်ယောက်၏သား ဖြစ်ခဲ့ရာမှ အသက် ၃၀ တိုင် ဘဝကို မ,စနိုင်သေးသည့် သဘော။

သည်ကြားထဲမှ အနားယူချိန်မထားဘဲ ဥပဒေဂန္ထဝင်စာအုပ်ထူကြီးဖြစ်သော 'အမေရိကန် တရားဥပဒေကို ဖွင့်ဆိုရှင်းလင်းချက်များ' အား ပြန်လည်တည်းဖြတ်ရန်နှင့် အချိန်မီပြီးစီးရန် အစပျိုးကြိုးပမ်းနေရ၏။ လုပ်ငန်းပမာဏကား အဆမတန်ကြီးမားလှ၏။

အမှုတွဲပေါင်း ထောင်သောင်းများစွာနှင့် တရားရုံးက ချမှတ်လိုက်သော စီရင်ချက်များ၏ အယူအဆ, သဘောသဘာဝ, ထင်မြင်ချက်များ မရေမတွက်နိုင်အောင်ကို လေ့လာ၍ မှတ်စုထုတ်ရသည်။

နှစ်တွေ တရွေ့ရွေ့သာကုန်လွန်လာ၏။ သူ့လုပ်ငန်း လက်စသတ်ဖို့ အရိပ်လက္ခဏာကား မမြင်ရသေး။ ဟုမ်းစ်ကိုယ်တိုင် စိုးရိမ်စ ပြုခဲ့ရပါပြီ။





သူက 'လူတစ်ယောက်သည် အသက် ၄၀မတိုင်မီ မှတ်တိုင်တစ်ခုစိုက်နိုင်အောင်လုပ်ရမည်' ဟု ယုံကြည်ခဲ့သည့်ကြားက ခေါင်းမော်ကြည့်ပြီး ဇနီးသည်ကို မေးနေကျ။ သည်တော့ ဖင်နီကလည်း လက်ထဲတွင် ဇောင်ချုပ်နေရင်းက

''ရှင် လုပ်နိုင်ပါတယ် ဝင်ဒယ်လ်။ ရှင် အပြတ်လုပ်နိုင်မယ်ဆိုတာ ကျွန်မ သိတယ်'' ဟု အားပေးနေကျ။

အားပေးခဲ့သည့်အတိုင်းလည်း သူ အပြီးတိုင် လုပ်စွမ်းနိုင်လိုက်၏။

ယခုအခါ အမေရိကန်ဥပဒေစာအုပ်တွေထဲတွင် မော်ကွန်းထိုးစံပြုရလောက်အောင်ထင်ရှားသော ထိုစာအုပ်မှာ သူ အသက် ၄၀ ပြည့် မွေးနေ့မတိုင်မီ ၅ ရက်တိတိအလိုတွင် စာအုပ်အဖြစ် ထွက်ပေါ်လာခဲ့ပြီး၊ ဇနီးမောင်နှံ ၂ ယောက်သား ရှန်ပိန်တစ်ပိုင်းမျှဖြင့် အောင်ပွဲခံလိုက်ရသော ဟူ၏။

ဟားဗတ်တက္ကသိုလ်ကြီးကလည်း ထိုစာအုပ်ကြီးကို တလေးတစား အရေးထားသောအားဖြင့် သူတို့ကျောင်း၌ 'ဥပဒေပညာ လာသင်ပေးပါလျှင် ၁ နှစ် ပေါင် ၉၀၀ ချီးမြှင့်၍၊ ပါမောက္ခတစ်နေရာ ပေးမည်'ဟု ကမ်းလှမ်းခဲ့သည်။

သူကကော သင်ပါသတဲ့လား။ သူက ဘွဲ့ထူးဂုဏ်ထူးကို ယူရေး၊ မယူရေးနှင့်ပတ်သက်၍ ဝေခွဲမရအောင် ဦးနှောက်ခြောက်နေခဲ့ပြီး၊ စွာကျယ်ကျယ် ဘော့စတွန်မြောက်ပိုင်းသားပီပီ သူ့သူငယ်ချင်း ဂျော်ချ် ရှပ်တပ်ထံပြေး၍ အကြံတောင်းသည်။ ရှပ်တပ်က အကြံပေး၏။

''ပေးနေတာ ယူလိုက်ပေါ့ ဝင်ဒယ်လ်ရာ။ အေး- ဒါပေမယ့် တစ်ခုတော့ ဆက်စဉ်းစားထား။ မက်ဆာချူးဆက်တရားရုံးမှာ တရားသူကြီးခန့်မယ့် အခွင့်အရေး ပေါ်လာမယ်ဆိုရင်တော့ အရယူဖို့ မမေ့နှင့်။ မင်းဆိုရင် ရမှာ သေချာတယ်''

ဟုမ်းစ်က မဟာစီမံကိန်းကြီးကို ကျယ်လောင်စွာ ဟားတိုက်ပစ်လိုက်မိ၏။ သို့သော် ရှပ်တပ်ပြောသည့်အတိုင်း သူ တစ်သဝေမတိမ်း လိုက်နာခဲ့၏။ သည့်နောက်တော့ သူ့ဘဝမှာ ကံအကောင်းဆုံးအဖြစ်တွေနှင့် တိုးခဲ့ရတော့သည်။

ကျောင်းစာသင်လို့ ၃ လပင် မပြည့်သေး။ ရှပ်တပ်က ဟားဗတ်တက္ကသိုလ်ထဲ အပြေးအလွှားဝင်လာပြီး ပါမောက္ခကြီးကို စာသင်ခန်းထဲမှ ဆွဲထုတ်ခဲ့သည်။ ပြီးတော့ အသက်ကို မောကြီးပန်းကြီး အလုအယက်ရှူရင်းက

"အကြီးအကျယ်သစောင်းထူးတယ် သူငယ်ချင်း။ အော့တစ်စ် လော့ဒ် အငြိမ်းစား ယူသွားပြီကွ။ မက်ဆာချူးဆက် တရားလွှတ်တော်ချုပ်မှာ နေရာလပ် တစ်ခု ပေါ်နေပြီ။ ပြည်နယ်မှူးကလည်း မင်းကိုပဲ လိုချင်နေတယ်။ ဒါပေမယ့် သူက ပြည်နယ်ကောင်စီမှာ မင်းနာမည်ကို ၁၂ နာရီမထိုးခင် တင်ရမှာတဲ့။ အခု ၁၁ နာရီ ထိုးနေပြီ"

၁ နာရီပဲ လိုပါတော့ကလား။ ဟုမ်းစ် ဦးထုပ်ကို ကောက်ကိုင်လိုက်ပြီး ၂ ယောက်သား ပြည်နယ်မှူးရုံးသို့ ပြေးမတတ် သုတ်ခြေတင်ခဲ့ကြတော့၏။

နောက်တစ်ပတ်အကြာမှာတော့ ဘော်လီဗာ ဝင်ဒယ်လ်ဟုမ်းစ်သည် တရားသူကြီးရာထူးဖြင့် မက်ဆာချူးဆက်တရားလွှတ်တော်ချုပ်မှာ တစ်နေရာ ရခဲ့ပါတော့သည်။

ထိုအဖြစ်မှာ သူ့ဘဝကို အသွင်ပြောင်းပစ်လိုက်အောင် အလင်းဓာတ် ထွန်းညှိပေးလိုက်သော ခလုတ်တစ်ချက်ပင် ဖြစ်သည် ဟု သူ ကြုံတိုင်း ပြောခဲ့၏။ တကယ်လည်း သူ့ဘဝတွင် မမေ့နိုင်စရာအလှည့်အပြောင်းကြီး ဖြစ်ပါ၏။

ပထမအစတွင် မက်ဆာချူးဆက်တရားခွင်များမှာ ဟုမ်းစ်တစ်ယောက် စရာမလှကန့်လန့်ကြီးအဖြစ် နာမည်ထွက်ခဲ့ရသည်။ သူကလည်း တခြားတရားသူကြီးတွေနှင့် မကြာခဏ သဘောထားကွဲလွဲခဲ့သောကြောင့် ဖြစ်၏။

ပမာဆောင်ရသော် ၁၈၉၆ ခုနှစ်တွင် ဆိုင်တစ်ဆိုင်သည် အလုပ်သမား ရပိုင်ခွင့်နှင့်ပတ်သက်၍ ပြဿနာပေါ်နေသောအမှုတစ်မှု လွှတ်ရုံးသို့ တက်လာသည်။

တစ်သက်နှင့်တစ်ကိုယ် လက်ကြောတင်းအောင် ဘူတစ်ချက် မထုဖူးသူ ဟုမ်းစ်က အလုပ်သမားတွေကို အနိုင်ပေးလိုက်၏။ သူက စီရင်ချက်ကိုကိုင်ပြီး မိတ်ဆွေတစ်ယောက်အား ဖွင့်ပြော၏။

"ကျုပ်တော့ တရားရေးဌာနနှင့်ပတ်သက်ပြီး တက်လမ်းမရှိအောင် ကျုပ်ကိုယ်ကျုပ် ပိတ်ပစ်လိုက်တာပဲဗျို့"

ဒါက သူ့တွေးလုံးသက်သက်ပါ။ တကယ်တမ်းကျတော့ သူ့ကိုယ်ရေးကိုယ်တာကို ငဲ့ကွက်အရေးထားခြင်းမရှိသော ထိုပုဂ္ဂိုလ်သည် မယိမ်းမယိုင် နိုင်ကျည်





သောသမာဓိနှင့် အကတ်လိုက်စားခြင်းမရှိဘဲ လုပ်သင့်လုပ်ထိုက်တာကိုသာ လုပ်ခဲ့၏။ သူ မှန်တယ်လို့ ယုံကြည်တာတစ်ခုကိုပဲ သူ ဂရုစိုက် အလေးမူခဲ့၏။

သို့တိုင်အောင် သူ့ဘဝတက်လမ်းကို ပိတ်ရာရောက်မည်ဟု ယုံစားခဲ့သော ထိုဆုံးဖြတ်ချက်နှင့် အခြားစီရင်မှုများက သူ့အတွက် ကျော်ကြားမှု၊ အောင်မြင်မှု များကို လမ်းခင်းပေးခဲ့၏။

အကြောင်းမူ ဝါရှင်တန်ရှိ သမ္မတကြီး သီအိုဒိုရုစဗဲ့ကိုယ်တိုင်က ကုန်သည်ကြီးများအသင်းနှင့် ထိပ်တိုက်တွေ့နေပြီး လက်ဝါးကြီးအုပ်အရင်းရှင်တစ်စုကို ဖြိုခွဲရန် အာဏာကုန်သုံးနေချိန် ဖြစ်သောကြောင့်ပင်။

"ဟာ- ဒါမှ တရားသူကြီးကွ။ သူလိုလူမျိုးကို ငါလိုချင်နေတာ ကြာပြီ"

ခန့်ဓာကို တတ်နိုင်သလောက်အမြန်ဆုံးပို့၍ ရုစဗဲ့က ဟုမ်းစ်အား အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ရာထူးပေးလိုက်ပါတော့သည်။ တိုင်းပြည်ကပေးနိုင်သမျှထဲတွင် တရားရေးနှင့်ပတ်သက်၍ အထွတ်အထိပ် ဂုဏ်ထူးဆောင်ရာထူးကြီးပင် ဖြစ်ပါ၏။

ရုစဗဲ့က သူ ခန့်အပ်လိုက်သော 'တရားသူကြီးအသစ်သည် သူ ကြိုးဆွဲရာကဲ့ သူ့ဆန္ဒအတိုင်း အဆုံးအဖြတ်ပေးလိမ့်မည်' ဟု မျှော်လင့်အောက်မေ့ခဲ့၏။ ဒါပေမယ့် သူ မှားသွားသည်။

ရှေးဦးပေါက်အမှုကြီးမှာပင် ဟုမ်းစ်က သမ္မတကြီးနှင့် ဆန့်ကျင်ဆုံးဖြတ်လိုက်ရာ မှ ရုစဗဲ့တစ်ယောက် ဒေါသူပုန်ထပြီး အော့နှလုံးနာသံကြီးဖြင့် အသံကုန်ဟစ်လိုက်မိသည်အထိ။

"တောက်- ငှက်ပျောသီးကို လှီးထုတ်လိုက်ရင်တောင် သူ့ထက်သာတဲ့ တရားသူကြီးတစ်ယောက်ကို ရဦးမယ်။ ကျောထောက်နောက်ခံမကောင်းတဲ့ လူကိုများ ငါ ဘာဖြစ်လို့ ရွေးမိပါလိမ့်"

ရုစဗဲ့ကား ရူးမတတ် ဆွေ့ဆွေ့ခုန်နေရပေမယ့် ပြည်သူလူထုကတော့ အားကြီးကြိုက်၊ ကောင်းမှကောင်း ဖြစ်သွားသည်။ ဟုမ်းစ်သည် သူတို့လိုချင်သည့် လူအစစ်အမှန် ကေန်ပါပဲ။

တရားသူကြီးတစ်ယောက်ဟာ ဘယ်သူ့မျှ မျက်နှာမလိုက်ရဘူးလေ။ တရားသူကြီးဆိုတာ သူ့ကိုယ်သူပဲ ပိုင်ရမှာ မဟုတ်လား။

ထိုမှ နောက် အနှစ် ၃၀ လုံးလုံး မှန်တယ်ထင်သရွေ့ ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ကန့်လန့်တိုက် ထင်ရာစိုင်းခဲ့ရာမှ သမိုင်း၌ ပြောစမှတ်ပြုလောက်သည့် နိုင်ငံကျော် ပုဂ္ဂိုလ်တစ်ဦးဘဝသို့ ရောက်ခဲ့ရလေတော့၏။

တရားလွှတ်တော်ချုပ်တွင် ထိုင်ခဲ့သမျှတွေထဲ၌ တိုင်းပြည်က အလေးစားဆုံး တရားသူကြီးချုပ်ကြီး ဖြစ်ခဲ့ရပြီဆိုပါတော့။

ဝါရှင်တန်မြို့တော်သားအဖြစ် သူ၏ ထူးခြားအဆန်းကြယ်ဆုံး လုပ်ရပ်တစ်ခုမှာ ဟုမ်းစ်သည် လူအထင်ကြီးအောင် ကြေညာရသည့်အလုပ်မျိုးကို စက်ဆုပ်ရွံမုန်းသူပီပီ ဘယ်တော့မျှ အင်တာဗျူး မခံခြင်းပင်တည်း။

သို့လင့်ကစား သူ၏ တစ်ကိုယ်ရေဘဝကျတော့ သွားချင်ရာသွား၊ နေချင်သလိုနေ၊ လူတွေကြားထဲ တိုးချင်တိုး၊ အထိန်းအချုပ် အကန့်အသတ် မရှိ လွှတ်ထားတတ်၏။ ဥပမာ သူနှင့် သူ့ဇနီး ၂ ယောက်စလုံး တိရစ္ဆာန် ချစ်ကြ၏။ သူတို့အိမ်တွင် ငှက်မျိုးစုံလှောင်အိမ်ကြီး တစ်လုံးသာမက၊ မျောက် ၂ ကောင်၊ သူတို့ အိပ်ရာထဲအထိ ပတ်ပျံနေကြသော ရှဉ့်ပျံကလေး ၃ ကောင်လည်း မွေးမြူထား၏။

တစ်ခါတစ်ရံ တရားလွှတ်တော်တက်လာသော တရားသူကြီးမင်းခမျာ နေ့ခင်းကြောင်တောင်ကြီးပင် ငုတ်တုတ် အိပ်ငိုက်နေတတ်၏။ ဒါကလည်း တစ်ညလုံး သူ့အိပ်ရာပေါ်သို့ ရှဉ့်ပျံ ၃ ကောင်က ဗုံးကြဲလေယာဉ်များလို ဒိုင်ဗင်ထိုးချနေသည့်ဒဏ်ကြောင့် ဖြစ်ပါ၏။

အသက် ၈၀ ကျော် သူ ကျန်းမာနေသည့်အချိန်အထိ ဟုမ်းစ်သည် ဓာတ်လှေကားစီးရန် ငြင်းပယ်လျက် လှေကား ၂ ထစ်ကို ၁ ကြိမ် နှား၍ အပေါ်ထပ်သို့ အရောက်တက်ခဲ့၏။

မီးလှန့်ဥသြသံကြားပြီဆိုလျှင်တော့ သူရောသူ့မိန်းမပါ အိမ်ထဲက အလု အယက်ပြေးထွက်ပြီး မီးလောင်ရာသို့ သွားကြပါလိမ့်မည်။

ဒါကတော့ ယဉ်ကျေးသော ပညာတတ် နယူးအင်္ဂလန်သားကြီး၏ တရားရုံး၊ တရားခွင်ပြင်ပမှ ကျင့်ထုံးဝါသနာများဖြစ်၍၊ သော့စတွန် အထက်တန်းစား ပုဂ္ဂိုလ်တစ်ဦးဆိုတာထက် ပင်လယ်ဓားပြနှင့်ပိုတူသည်ဟု အဓိပ္ပာယ်ဖွင့်ဆို နိုင်ပါသည်။





သူသည် သူ့အတွင်းရေးမှူးများကို (သွားလေသူ ရှေ့နေချုပ်ကြီး ဖရန့်စစ် ဘစ်ဒယ်လ်ကဲ့သို့ပင်) 'ဆန်နီ' ၊ 'ငချွတ်ကလေး' ၊ 'ငမိုက်ကောင်' စသဖြင့် နာမည်ပေးထားလေ့ ရှိ၏။

၁၉၈၂ ခုနှစ်က ဝါရှင်တန်သတင်းထောက်တစ်ယောက်က စက်ပြင်ဝတ်စုံ ဝတ်ထားဆဲ မတ္တင်းနစ်တစ်ဦးအား

"ဒေါ်လီဇာ ဝင်းဒယ်လ် ဟုမ်းစ် ဆိုတဲ့နာမည်က ခင်ဗျားအတွက် အဓိပ္ပာယ် တစ်ခုခုများ ရှိမလား"

စက်ဆရာက သွားအဖွေးသားပေါ်အောင် ပြုံးလိုက်ပြီး

"သိပ်ရှိတာပေါ့ဗျာ။ သူဟာ တရားလွှတ်တော်ချုပ်မှာ အဘိုးကြီးတွေနှင့် အမြဲသဘောကွဲနေတဲ့ တရားသူကြီးချာတိတ်ကလေးပဲဟာ"

ဟုမ်းစ်က ဒီစကားကိုပြန်ကြားသည့်တွင် ဟက်ဟက်ပက်ပက် ရယ်လေသော ဟူ၏။ အဘယ်ကြောင့်ဆိုသော် သူ့ကို 'ချာတိတ်ကလေး' ဟု ကင်ပွန်းတပ်လိုက်ချိန်တွင် သူ့အသက်က ၈၇ နှစ်ရှိနေပြီ။ တရားရုံးချုပ်တွင် အစဉ်သဖြင့် ဟုမ်းစ် ပြောလေ့ပြောထရှိသော စကားတစ်လုံး ရှိသည်။

"ကျုပ်ကို ဘုရားသခင်ကိုယ်တိုင်က 'ရပ်လိုက်တော့'လို့ လာမပြောမချင်း အလုပ်က အနားမယူတော့ဘူးဗျ"

အသက် ၉၁ နှစ်မှာတော့ သူ့ကျန်းမာရေး ချို့တဲ့စပြုလာသည်။ သူ တရားခွင်စင်မြင့်မှ အောက်ဆင်းလျှင် အခြားတရားသူကြီး ၂ ယောက်က တွဲချရ၏။ တစ်နေ့တော့ သူ့ရှေ့ဖက်စာရေးကို ပြောသည်။

"ငါ မနက်ဖြန် မလာနိုင်တော့ဘူး။ မနက်ဖြန် ငါ လာနိုင်တော့မှာ မဟုတ်ဘူး"

ပြောသည့်အတိုင်းပင် အလုပ်ခွင်သို့ ပြန်ရောက်မလာတော့ပါ။

နောက် ၂ နှစ်ကြာ၍ ဇရာအိုအဘိုးကြီး ၉၃ နှစ်မွေးနေ့သို့ ရောက်သော အခါ တစ်ချိန်က သူ့တရားခွင်ရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုရန် ရောက်ဖူးသူ ဖရန့်ကလင် ဒီလာနို ရုစဗဲ့ လာပြီး ဂါရဝပြုခဲ့၏။ တရားသူကြီးဟုမ်းစ်က ပလေတိုး

စာစဉ်တစ်အုပ်ကို ငုတ်တုတ်ထိုင်ဖတ်နေတာ သူ တွေ့လိုက်၏။ ရုစဗဲ့က စပ်စုမိသည်။

''တရားသူကြီးမင်းခင်ဗျား။ ဘာကြောင့် ပလေတိုးကို ဖတ်ပါသလဲဆိုတာ သိပါရစေ''

ဟုမ်းစ်က ပြန်ဖြေသည်။

''ကျုပ်စိတ်၊ ကျုပ်အသိဉာဏ်တွေ တိုးတက်မြင့်မားဖို့ပဲလေ''

စဉ်းစားသာကြည့်ပေတော့။ အသက် ၉၃ နှစ်။ အသိဉာဏ် တိုးမြှင့်ချင်လို့တဲ့။


မှန်ပါသည်။ သူ့နိုင်ငံကြီးသည် အော်လီဗာ ဝင်ဒယ်လ် ဟုမ်းစ်ထက် ပို၍ စာရိတ္တကောင်းသောပုဂ္ဂိုလ်တစ်ယောက်ကို ဘယ်တော့မျှ ထပ်မွေးနိုင်တော့မှာ မဟုတ်သလို၊ တရားဥပဒေအပေါ်တွင် ရောမ ဩဇာတိတ္တမလွှမ်းနိုင်သော သူလို လူစားတစ်ယောက်ကိုလည်း အစားပြန်ရဖို့ လွယ်မည် မဟုတ်တော့ပါ။ သူ၏ ဆုံးဖြတ်ချက်များသည် လာမည့်နှစ်ပေါင်းများစွာတိုင်အောင် လူ့အဖွဲ့အစည်းကို လွှမ်းမိုးထားပါလိမ့်မည်။

ဒီ့အပြင် ခင်ဗျားအနေဖြင့် သိကောင်းဖွယ်ရာ၊ သိချင်ဖွယ်ရာအချက်တစ်ချက်ကို ထပ်ပြောလိုက်ချင်ပါသေးသည်။

တရားသူကြီး ဟုမ်းစ် ကွယ်လွန်ချိန်၌ သူပိုင်ငွေကြေးအားလုံး (ပေါင် ၅ သောင်း) ကို အမေရိကန်ပြည်ထောင်စုအစိုးရများသို့ ပေးလှူရန် သေတမ်းစာ ရေးသွားခဲ့ပါ၏။

သူ့စာအုပ်တွေအားလုံးကိုလည်း သူ ကြည်ညိုလေးစားစွာဖြင့် ထူးထူးကဲကဲ အလုပ်အကျွေးပြုခဲ့သော ပြည်သူ့လွှတ်တော် စာကြည့်တိုက်ကြီးသို့ ပြည်သူတွေ ဖတ်ရှုအသုံးပြုနိုင်ရေးအတွက် လှူခဲ့လေသတည်း။





## ဂျင် ခရစ်ယန် စမတ်စ်
## Jam Christian Smuts

**ဗြိတိန်၏ ထိတ်ထိတ်ကြဲခေါင်းဆောင်တစ်ဦးဖြစ်သူက**
**'ဗြိတိသျှအလံအောက် မွေးရတဲ့ကလေးကို မလိုချင်ဘူး'**
**ငြင်းဆန်ခဲ့တဲ့အမျိုးသမီးကို လက်ထပ်ယူခဲ့ပါသတဲ့။**
**ပထမတော့ ဘိုးယားစစ်ပွဲ၏ ပြောက်ကျားစိုလ်ချုပ်။**
**နောက်တော့ ရန်သူများ၏ အရင်းနှီးဆုံးမဟာမိတ်။**
**စစ်တိုက်ရင်းနှင့် တဖက်မပျက်ခဲ့သော စွယ်စုံပညာရှင်။**
**ဟစ်တလာကို အနိုင်တိုက်ခဲ့သူ။**

❐ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အရေးပါဆုံးသော မဟာမိတ်စစ်ခေါင်းဆောင် ၅ ယောက်အဖြစ် ဘယ်သူတွေကို ခင်ဗျား စာရင်းသွင်းချင်ပါသလဲ။

ပထမ ၄ ယောက်ကိုတော့ ကျွန်တော်တို့အားလုံး စိတ်တူသဘောတူ ရွေးကောင်းရွေးနိုင်ပါလိမ့်မည်။

ချာချီ
ရုစဗဲ့
စတာလင်
ချန်ကေရှိတ်
\- - - -

ပဥ္စမနေရာမှာ ဘယ်သူ့ကို ခင်ဗျားထည့်မလဲ။ ကဲ -

ကျွန်တော်ကတော့ ၅ ယောက်မြောက်ကို စစ်မြေပြင်တိုက်စစ်မှူး ဗိုလ်ချုပ်ကြီး ကွယ်လွန်သူ ဂျင်စမတ်စ် ဟု ဆန္ဒမဲပေးချင်ပါသည်။

အထူးလေးစားဂုဏ်ပြုထိုက်၍ အမေရိကန်ပြည်ထောင်စု၏ ၆ ပုံ ၁ ပုံ ကျယ်ဝန်းသော တောင်အာဖရိကနိုင်ငံ၏ ဝန်ကြီးချုပ်၊ ဘုန်းသမ္ဘာရှင်ဂျင်ခရစ်ယန် စမတ်ပါ။

ဂျင်စမတ်စ်သည် နိုင်ငံခေါင်းဆောင်တစ်ယောက်၊ အတွေးအခေါ်ပညာရှင် ဒဿနသမား၊ ပညာရှိကဝိ၊ စစ်ဗိုလ်ချုပ် အကျော်ဒေးယျဖြစ်ခဲ့၏။

အကယ်၍ ဂျင်စ်ကသာ စကားတစ်လုံးမပြောလျှင် တောင်အာဖရိကသည် စစ်ကြီးအတွင်း၌ ကြားနေနိုင်ငံဖြစ်သွားမည်မှာ သေချာသလောက်။ ဖြစ်ရပ်ကတော့ ၁၉၃၉ ခုနှစ်အတွင်း တောင်အာဖရိကပါလီမန်က အစည်းအဝေးထိုင်ပြီး ဘက်မလိုက်စတမ်း ကြားနေဖို့ ကြေညာမည့်ဆဲဆဲအချိန်။

ဂျိမ်းစ်ဟတ်ဇော့ဂ် တောင်အာဖရိကဝန်ကြီးချုပ် ဖြစ်လာ၏။ သူက ဂျာမနီနှင့် နောက်ထပ် ဖက်ပြိုင်တိုက်ခိုက်ရမည့်စစ်ပွဲကြီးတွင် အင်္ဂလန်ဘက်မှ ဝင်ကူရေးအတွက် အပြင်းအထန် ဆန့်ကျင်ခဲ့၏။

ထို့အတူ သူ့နောက်လိုက်အင်အား အများစုကလည်း သူနှင့် တစ်သဘောတည်း ရှိခဲ့ကြသည်။ သူတို့အားလုံးလိုလိုက အတွင်းကြိတ်လိုလားနေကြသည်မှာ ဟစ်တလာစစ်နိုင်ရေးပင် ဖြစ်၏။ ဒါကတော့ ဖုံးကွယ်စရာမလိုအောင် ထင်ရှားပါသည်။ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ၊ တချို့ဆိုလျှင် ပြောင်ကျကျနှင့် အော်ကြီးဟစ်ကျယ်ပင် ပြောနေကြ၏။ အဘယ်ကြောင့်ပါနည်း။

အကြောင်းကမူ ဒတ်ချ် အာဖရိကကပြား ဘိုးဝါးအတော်များများက သည် ရာစုအတွင်း အံတုခံတိုက်ရင်း အထိနာခဲ့ရသော ဘိုးဝါးစစ်ပွဲကြီးနှင့်စပ်လျဉ်း၍ အင်္ဂလန်ကို နည်းနည်းကလေးမျှ အခဲမကြေ၊ ဘယ်တော့မျှ ခွင့်မလွှတ်နိုင်သောကြောင့်ပင်တည်း။

ဘိုးဝါးစစ်ပွဲကြီးမှာ ဂျော့ဂ်ျဝါရှင်တန်မမွေးခင် အနှစ် ၈၀ လောက်ကတည်းက အခြေစိုက်ခဲ့သော ဘိုးဝါးအဆက်အသွယ်များကို အင်္ဂလန်က အောင်နိုင်ခဲ့သော စစ်ပွဲကြီး ဖြစ်၏။ ဘိုးဝါးများသည် ဗြိတိသျှ အင်ပါယာဝင်အဖြစ်မှ လွတ်မြောက်လိုကြပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်သူ့သမ္မတနိုင်ငံ ထူထောင်လိုကြသည်။





ပါလီမန်က လျှို့ဝှက်မဲစနစ်ဖြင့် စစ်တမ်းကောက်ခဲ့ရာ၌လည်း ကြားနေရေးဘက်သို့ အရေးသာခဲ့၏။ သည်အခြေအနေတွင် ဂျင်စမတ်စ်က မိန့်ခွန်းထပြောခဲ့ခြင်း ဖြစ်၏။ ပြဿနာက သေရေးရှင်ရေးအရေးကြီးနေ၍ အတိမ်းအစောင်းခံလို့ မဖြစ်ကြောင်း နားလည်ထားသည်။ တကယ်လို့ ဂျာမနီသာ စစ်နိုင်သွားပါက ဟစ်တလာသည် တောင်အာဖရိကကို ဓားမိုးအုပ်ချုပ်တော့မှာကိုလည်း ဂျင်စမတ်စ် တွက်မိ၏။ သူက တောင်အာဖရိကပါလီမန်တွင် အင်္ဂလန်နိုင်ငံအတွက် မဟုတ်ဘဲ၊ သူတို့နိုင်ငံအကျိုးအတွက် ဂျာမနီကို စစ်ကြေညာရန် တင်ပြခဲ့၏။

သူသည် အယူအစွဲပြင်းထန်သော 'ပက်ထရစ် ဟင်နရီ' ဆိုသူနှင့် အကြိတ်အနယ်ယှဉ်ပြောခဲ့၏။ အဆိုမှာ မဲ ၁၃ မဲဖြင့် ပွတ်ကာသီကာကလေး အနိုင်ရခဲ့သည်။ နောက်တော့ သူကိုယ်တိုင် ဝန်ကြီးချုပ် ဖြစ်လာ၏။

တောင်အာဖရိက စစ်ကြေညာ၍ စစ်ထဲဝင်လာပြီ ဆိုသောသတင်းကို ဟစ်တလာကြားတော့ ဟားတိုက်ရယ်သည် ဆို၏။ တကယ့်ကို ရယ်စရာကြီးမို့ပါပဲ။ တောင်အာဖရိကမှ လူဖြူဦးရေက ချီကာဂိုတစ်မြို့စာထက်ပင် နည်းသေး၏။ ထိုနိုင်ငံငယ်ကလေးမှာ ရေတပ် ဆိုလို့လည်း တိုက်သင်္ဘောတစ်စင်းတောင် မရှိ။ သူ့လေတပ်အင်အားကလည်း ဟောလိဝုဒ်ကိုပင် မမီ။ ကြည်းတပ်အင်အားက လေ့ကျင့်မှု မပြည့်သည့်အပြင် ၄ သောင်းတောင် မပြည့်။ တင့်ကား ၂ စီးနှင့် ဘရင်းကယ်ရီယာ ၂ စီးသာ ရှိသည်။ ခဲယမ်းမီးကျောက် ဆိုတာက အပြင်းအထန်တိုက်ရမည့် စစ်ပွဲကြီးတစ်ပွဲစာ မပြောနှင့်၊ သာမန်စစ်ပွဲကလေးအတွက် တစ်ရက်တာမျှသာ၊ သုံးနိုင်၏။ စစ်ပစ္စည်းတွေထုတ်လုပ်ရန် စက်ရုံငယ်တစ်ရုံသာ ရှိ၏။

ပထမကမ္ဘာစစ်ကြီးအတွင်းက စစ်ထဲ မဝင်မနေရ အတင်းအကျပ် စစ်မှုထမ်းစေခဲ့ခြင်းကြောင့် ပြည်တွင်းစစ်ဖြစ်ဖို့ ဦးတည်သွားခဲ့ကြောင်းလည်း ဂျင်စမတ်စ် အမှတ်ရ၏။ ထို့ကြောင့် သူက တောင်အာဖရိကရှိ လူဖြူ ၁၀၀ လျှင် ၁၅ ယောက်နှုန်းဖြင့် မိမိ၏ဆန္ဒအလျောက် အပျော်တမ်း စစ်ထဲဝင်ကြပါရန် ပန်ကြားခဲ့သည်။

သည်အချိုးအစားအတိုင်း အမေရိကန်ပြည်ထောင်စုစစ်တပ်များသို့ စေတနာဝန်ထမ်း ပါဝင်လာကြပါက ၁၃ သန်းမျှအင်အားရှိသော အပျော်ထမ်း တပ်ဖွဲ့ကြီး ပေါ်ပေါက်လာမည် ဖြစ်၏။

ဂျင်စမတ်စ်သည် ပထမကမ္ဘာစစ်ကြီးတုန်းက ပြည်တွင်းစစ်ဖြစ်ခဲ့ရခြင်းမှာ အင်္ဂလန်နှင့်တွဲ၍ တိုက်ပွဲ မတိုက်လိုသောကြောင့် ဖြစ်၏။ သည်တစ်ခါတော့ ဂျင်စမတ်က ထိုအချက်ကို အလေးထားပြီး ပြည်တွင်းစစ်အန္တရာယ်ကို ကြိုတင်ကာကွယ်ထားလိုက်သည်။

သူက "အရပ်သားပိုင် ရိုင်ဖယ်သေနတ်များအားလုံးကို အစိုးရသို့ ရောင်းချရန်နှင့် ထိမ်ချန်ထားပါက ကြီးလေးသောဒဏ်ငွေကို ပေးဆောင်ရမည်"ဟု ကြေညာလိုက်၏။ သို့ဖြင့် အမဲလိုက်ရိုင်ဖယ်ပေါင်း ၇ သောင်းကျော် အစိုးရကသိမ်းဆည်းနိုင်ခဲ့ပြီး၊ အတိုက်အခံတွေမှာ လက်နက် မဲ့သွား၍ တရန် အေးသွားတော့သည်။

ဟစ်တလာ၏စစ်တပ်များက ပိုလန်နိုင်ငံထဲ ရမ်းရမ်းကားကားဝင်ရောက်စီးနင်းခဲ့စဉ်၌ကပင် တောင်အာဖရိကကလည်း သခွပ်ပင်ကမီးတကျိုကျို လုပ်၍ စစ်အင်အားကို ဖြည့်ဆည်းနေခဲ့ပါပြီ။

တစ်လကို ရိုင်ဖယ်ကျည်ဆံ ၁ သန်း ထုတ်လုပ်ခဲ့သည်။ နောက် နေ့စဉ်ကျည်ဆံ ၁ သန်းထုတ်လုပ်နိုင်အောင် အရှိန်မြှင့်ခဲ့သည်။

ဂျင်စမတ်စ်က အချိုရည်စက်ရုံကို ယော်ဝစ်ဇာအမြောက်စက်ရုံ လုပ်ပစ်လိုက်၏။ တံတားစက်ရုံကိုတော့ သံချပ်ကာကားစက်ရုံအဖြစ် ပြောင်းလဲလိုက်၏။ နာရီစက်ရုံတစ်ရုံကတော့ ဗုံးလုပ်သည့်စက်ရုံ ဖြစ်သွား၏။

ယခုအခါ လူတချို့သာ ဂျင်စမတ်စ်ကဲ့သို့ ဗဟုပညာတွေကြွယ်ဝခဲ့ကြသည်။ သို့တစ်မူ စမတ်စ် ကိုယ်တိုင်လည်း ၁၂ နှစ်သား အရွယ်ထိ စာရေး၊စာဖတ်တတ်ခဲ့သည် မဟုတ်ပါ။ ကလေးဘဝတွင် သူက သူငယ်နာဖြင့် ရှုံ့မှာရှိုက်ကုန်းလေးဖြစ်နေအောင် ချုချာလွန်းလှ၏။ သူ့ဖခင်ကိုယ်တိုင်ကပင် သူ့ကို

"တကယ် သနားစရာကောင်းအောင် ကျန်းမာရေး ချို့တဲ့ခဲ့တာနှင့်အမျှ ဉာဏ်သိပ်မထက်လှတဲ့ ကောင်ကလေးပါဗျာ"ဟု ထုတ်ပြောခဲ့သည်။

သို့ကလို အဖေအရင်းကပြောခဲ့ရသော ကောင်လေးမှာ ကမ္ဘာကျော်ပညာရှင်တစ်ဦးနှင့် တောင်အာဖရိကတွင် ဩဇာအာဏာအကြီးမားဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာပါ၏။

တောင်အာဖရိကရှိ ဝိတိုရိယကောလိပ်သို့တက်သောအခါ စမတ်စ်က ဘော်ဒါဆောင်တွင် မနေခဲ့ပါ။ အဆောင်မှာနေခြင်းဖြင့် အလဟဿလေဖော၍ မေား





လားဝါးလား အချိန်ဖြုန်းရာရောက်သည် ဟု ယူဆ၏။ ထိုသည်ကိုရှောင်ဖို့အတွက် သူက ကျောင်းပြင်ပတွင် မိသားစုတစ်စုအိမ်၌ သွားငှားနေခဲ့ရာမှ မျက်နှာချင်းဆိုင်အိမ်က ကောင်မကလေးတစ်ယောက်နှင့် ဖူးစာဆုံပြီး လက်ထပ်ခဲ့တော့သည်။ သူတို့က ကလေး ၆ ယောက် ရခဲ့၏။

မည်သို့ပင်ဖြစ်စေ၊ ဂျင်စမတ်စ်သည် ကျောင်းမှာ စာအတော်ဆုံး ကျောင်းသားဘဝ ရောက်ခဲ့သည်။ သူ ကျောင်းမှာ ထူးချွန်ခဲ့ခြင်းမှာ အကြောင်း ၂ ခု ရှိ၏။

ပထမအကြောင်းက ပညာဗဟုသုတကို အငမ်းမရလိုချင်စိတ်ဖြင့် မရောင့်ရဲနိုင်အောင် ရှာမှီးခဲ့ခြင်းကြောင့်ပင် ဖြစ်၏။ သူသည် တစ်ချိန်လုံး စာဖတ်၏။ ဘာအားကစားမှု မလိုက်စား။ ဘယ်သူငယ်ချင်းနှင့်မှု အပေါင်းအသင်း မလုပ်။ စာကိုသာ ဖတ်ပြီးရင်း ဖတ်၊ ထပ်တလဲလဲ ဖတ်၊ အလကားနေရင်း ဖတ်၊ တဖတ်တည်း ဖတ်ခဲ့၏။ တစ်နေ့ကို ၁၂ နာရီမှ ၁၅ နာရီအထိ သူ စာဖတ်၏။

တစ်ခါက သူ့အတန်းထဲတွင် တစ်ယောက်မျှ အဖြေရှာမရခဲ့သော သင်္ချာပုစ္ဆာတစ်ပုဒ်ကို တစ်ညလုံး မိုးအလင်း ခက်ခက်ခဲခဲတွက်ရင်း ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းနိုင်ခဲ့၏။

ဒုတိယအနေဖြင့် ဂျင်စမတ်စ် ကျောင်းတွင် တစ်မှုဟုတ်ချင်းတိုးတက်ခဲ့ရခြင်းမှာ သူ့တွင် သူမတူအောင် မှတ်ဉာဏ်ကောင်းလွန်းလှသောကြောင့် ဖြစ်သည်။ သူ ဘာပဲဖတ်ဖတ် ဖတ်သမျှကို မေ့သွားသည် မရှိ။ သူ မှတ်ဉာဏ်ကို ကောင်းကြောင်းပြသရန် အစမ်းသပ်ခံ စိန်ခေါ်ခဲ့ရာတွင် စာအုပ်ပေါင်း ၁ သောင်းကျော်ရှိသော သူ့စာကြည့်တိုက်ကို လက်ညှိုးထိုးပြရင်းမှ

"ခင်ဗျား အဲဒီ စာအုပ် ၁ သောင်းထဲက ကြိုက်ရာစာအုပ်ကိုယူပြီး ကြိုက်တဲ့စာမျက်နှာကို လှန်။ ဘယ်စာပိုဒ်မဆို ဖတ်ပြလိုက်ပါ။ ကျွန်တော်က အဲဒီစာမျက်နှာက ကျန်တဲ့စာပိုဒ်တွေကို ရွတ်ပြမယ်"

သူ ကြွားတာမဟုတ်ပါ။ လက်တွေ့မှာလည်း လူအတော်များများက သူ့စိန်ခေါ်ချက် မှန်ကန်ကြောင်း လက်ခံခဲ့ကြရသည်။ ဂျင် စမတ်စ် ရှုံးခဲ့တယ်လို့ တစ်ကြိမ်မှ မရှိခဲ့။

သူသည် ခင်ဗျားတို့ထက် အဆ ၄၀ ပို၍ဉာဏ်ကောင်းသည် ဟုသာဆိုရပါတော့မည်။ ဒါလည်း မအံ့သြလိုက်ပါနှင့်။

ကောလိပ်ကျောင်းသားဘဝတွင် ဂရိသဒ္ဒါကို ၆ ရက်အတွင်း အလွတ်ကျက်မှတ်နိုင်ခဲ့၏။ ကြားရုံနှင့် မယုံနိုင်စရာ။ တကယ့်ကို ဩချလောက်ပါရဲ့။ သူကတော့ လက်တွေ့လုပ်ပြခဲ့ပါသည်။

သူ၏ ရှားမှရှားသောမှတ်ဉာဏ်က ကင်းဘရစ်ချ်တက္ကသိုလ်တွင် ပညာသင်ဆုရအောင်ပင် အထောက်အကူပြုခဲ့၏။

ထို့အပြင် သူ့မှတ်ဉာဏ် ဘယ်လောက်များ ကောင်းလိုက်သလဲ ဆိုလျှင် ၂ နှစ်သင်ရသော ဥပဒေသင်ခန်းစာများကို သူက ၁ နှစ်တည်းနှင့် အပြတ်သင်နိုင်စွမ်း ရှိခဲ့၏။ သူသည် ကင်းဘရစ်ချ် ဥပဒေသင်တန်းတွင် တက်သမျှကျောင်းသားတွေထက် ၂ ပြန်သာရုံမက၊ အတန်း ၂ တန်းစလုံး၌ ပထမရချည်း ဗိုလ်စွဲခဲ့သေး၏။ သူ့အဖေက 'ဉာဏ် သိပ်မရှိဘူး' ဟု ထင်ခဲ့သော လူငယ်တစ်ယောက်နေဖြင့် သိပ်မဆိုးလှသောစံချိန်ပဲ မဟုတ်ပါလား။

ကင်းဘရစ်ချ်တွင် လျှမ်းလျှမ်းတောက်ပညာရည်ချွန်ခဲ့ခြင်းက ခရစ်စ်ကောလိပ်၌ ပါမောက္ခရာထူး အပ်နှင်းခဲ့ရသည်အထိ ဖြစ်လာ၏။ သည်ရာထူးက အင်္ဂလန်၌ရှိသမျှသော အခြားရာထူးအမြောက်အမြားလိုပင် မက်မောစရာ ကောင်းလှပါဘိ။ ဒါပေမယ့် သူက ဒါတွေအားလုံးကို ကျောခိုင်းပြီး ဥပဒေပညာကို လက်တွေ့လေ့ကျင့်ရန် တောင်အာဖရိကသို့ ပြန်လာခဲ့သည်။

သူ ဘယ်လောက်ပဲတော်တော်၊ ဂျိုဟန်နက်စ်ဘာ့ဂ်နှင့် ကိတ်ပ်တောင်း ၂ မြို့စလုံးမှာ ရှေ့နေအဖြစ် မအောင်မြင်လိုက်ဘဲ ရှုံးနိမ့်ခဲ့ရ၏။

သူက လူတွေကို ဘယ်လို ပေါင်းသင်းဆက်ဆံရမှန်း မသိလို့ပါပဲ။ သူက အေးတိအေးစက်နိုင်သည်။ အထက်စီးက ပြောတတ်သည်။ အမြဲတမ်း ငြင်းခုံသည်။ ဆန့်ကျင်ဘက်ပြောသည်။ အပြစ်ရှာ ဝေဖန်သည်။ အမှုသည်တွေကို မောင်းထုတ်ပစ်တတ်သလို၊ တရားသူကြီး၊ ဂျူရီလူကြီးတွေကိုလည်း သင့်တင့်အောင် မစည်းရုံး။

၁၈၉၉ ခုနှစ် ဘိုးဝါးစစ်ပွဲကြီး ဖြစ်လာပါပြီ။

ဂျင်စမတ်စ်က တက်ကြွသောစစ်ခေါင်းဆောင်တစ်ယောက်၏ အရည်အသွေးကို ပြသနိုင်ခဲ့၏။ စစ်လေ့ကျင့်မှုဆိုတာ ဘာမှန်း လုံးဝမသိသော အနီရှေ့နေကလေးသည် လပိုင်းအနည်းငယ်အတွင်း ဗိုလ်ချုပ် ဖြစ်သွားသည်။





သူသည် ဘိုးဝါးလယ်သမားများကိုဦးဆောင်လျက် တောင်အာဖရိကကို မိုင် ၁၀၀၀ ဖြတ်၍ ဗြိတိသျှများအား ပြောက်ကျားစစ်ဆင်ပြီး သူ့နိုင်ငံအတွက် တိုက်ခိုက်ခဲ့သည်။

ဘိုးဝါးတွေက ရိုင်ဖယ်သေနတ်များ၊ လက်နက်ခဲယမ်းများ၊ မြင်းများ လိုအပ်လျှင် ဗြိတိသျှတပ်စခန်းတွေကိုဝင်စီးပြီး လုယက်ယူ၏။

စမတ်စ်သည် ရှာပေါက်သောက်လယ်သမား ၃၀၀ လောက်နှင့် သူ့တပ်ကို စဖွဲ့ခဲ့၏။ သို့သော် သူရောက်လေရာတွင် လူအင်အားလိုသလောက် ခေါ်လို့ရ၏။ စစ်ပြီးသောအခါ သူ့ပြောက်ကျားတပ်ဖွဲ့မှာ မူလကထက် ၁၀ ဆ မျှ များလာခဲ့၏။

စမတ်စ်အနေဖြင့် တိုက်ပွဲများအတွင်း သိမ့်သိမ့်တုန်အောင် အောင်ပွဲရခဲ့သလို အမျိုးသားသူရဲကောင်း ဖြစ်သွားတော့သည်။ သူ သူရဲကောင်းဖြစ်ခဲ့ရခြင်းမှာလည်း တောင်အာဖရိကတစ်နိုင်ငံလုံးလူဦးရေက မန်ချက်စတာတစ်မြို့စာသာ ရှိသောကြောင့် ဖြစ်၏။

သို့လင့်ကစား ထိုဘိုးဝါးများသည် စမတ်စ်ကဲ့သို့သောလူများ၏ ခေါင်းဆောင်မှုအောက်မှ ကမ္ဘာ့အချမ်းသာဆုံးနှင့် အင်အားအကြီးမားဆုံး ဗြိတိသျှအင်ပါယာကြီးကို သူတို့ လက်နက်ချ အရှုံးမပေးရခင်အထိ ၃ နှစ်တိုင်တိုင် အံတုတိုက်ခိုက်ခဲ့ကြ၏။

အင်္ဂလိပ်များနှင့် အကျိတ်အနယ်သူနိုင်ကိုယ်နိုင် ပြောက်ကျားစစ်ဆင်နွှဲနေစဉ်အတွင်းမှာပင် စမတ်စ်သည် စာအုပ် ၂ အုပ်ကို သူ့ မြင်းကုန်းနှီးအိတ်ထဲတွင် အမြဲဆောင်ထားခဲ့၏။ တစ်အုပ်က ဂရိဘာသာဖြင့်ရေးထားသော သမ္မာကျမ်းစာဖြစ်၍၊ နောက်တစ်အုပ်ကတော့ ကင့်၏ 'သန္တာတရားကို ဆန်းစစ်ချက်' ဖြစ်၏။

မီးရထားလမ်းတံတားကို ဖောက်ခွဲဖျိုးမယ်ဆိုမီ နာရီပိုင်းကလေးအလိုမှာ ဂရိဓမ္မသစ်ကျမ်းကို ထိုင်ဖတ်နေခဲ့သည့် ဗိုလ်ချုပ်ကြီးတစ်ယောက်ကို မြင်ယောင်လိုက်စမ်းပါ။ ခဲယမ်းမီးကျောက်နှင့် မြင်းကောင်းမြင်းသန့်တွေ အရယူဖို့ ရန်သူ့စခန်းကို ဝင်တိုက်ပြီး၊ နာရီအနည်းငယ်အတွင်းမှာ ရွက်ဖျင်တဲတစ်လုံး၏မီးပုံဘေး၌ 'သန္တာတရားကို ဆန်းစစ်ချက်'ကို အေးအေးဆေးဆေးဖတ်နေသော ဗိုလ်ချုပ်ကြီးတစ်ယောက်၏ပုံကို တွေးထင်ကြစမ်းပါ။

ဂျင်စမတ်စ် ဆိုသည်မှာ တောင်အာဖရိကဝန်ကြီးချုပ် ဖြစ်ရုံသာမက အကြွင်းမဲ့ အာဏာပိုင်ခဲ့သော အစိုးရလည်း သူပဲ ဖြစ်ခဲ့သည်။ တောင်အာဖရိကရှိ သက်ရှိသက်မဲ့တိုင်းကို သူ ထိန်းကွပ်ချုပ်ကိုင်ခဲ့သည်။ အဲ-အဲ၊ လူတိုင်းဆိုပေမယ့် သူ့မိန်းမကိုတော့ ခြွင်းချက်ထားရပါလိမ့်မည်။ သူနှင့် သူ့မိန်းမသည် အင်္ဂလိပ်တွေနှင့် ပတ်သက်၍ ပြဒါးတစ်လမ်း သံတစ်လမ်း သိသိသာသာသဘောထား ကွဲလွဲခဲ့၏။

ဂျင်စမတ်စ်က ဘိုးဝါးတွေအရေးနိမ့်ခဲ့ရာမှ ငွေကြေးအကူအညီတွေ ပံ့အောပေးခဲ့သည့်အတွက်နှင့် စစ်ပြေငြိမ်းပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးခြင်းကြောင့် အင်္ဂလိပ်တွေကို ကျေးဇူးတင်ခဲ့သည်။ သည့်နောက်တစ်လျှောက်လုံး အင်္ဂလိပ်သစ္စာတော်ခံဘဝဖြင့် ဗြိတိန်နိုင်ငံ၏ အားထားယုံကြည်ရဆုံးမဟာမိတ် ဖြစ်ခဲ့၏။

သို့သော် သူ့မိန်းမကတော့ ဗြိတိသျှကို အစဉ်မပြတ် ခါးခါးသီးသီးဆန့်ကျင်ခဲ့သည်။ သူမက 'ဗြိတိသျှအလံအောက်တွင် သူ ကလေးတစ်ယောက်မျှ မမွေးစေရ' ဟု အခိုင်အမာပြောထား၏။

ဗြိတိသျှအလံများ တောင်အာဖရိကတစ်ဝန်း တလူလူလွှင့်ခဲ့ပြီဆိုကတည်းက သူမအနေဖြင့် လက်မှိုင်ချရမည့်အခြေအနေ ဆိုက်ခဲ့သည်။ ဒါပေမယ့် သူမက မဖြစ်ဖြစ်သည့်နည်းဖြင့် ဆန့်ကျင်၏။ ဒါကတော့ ဘိုးဝါးသမ္မတနိုင်ငံအလံတော်ကို သူမ၏အိပ်ရာထက်တွင် မျက်နှာကျက်လုပ်၍ မိုးထားလိုက်ခြင်းပါပေတည်း။

"ကျွန်မယောကျ်ားက တစ်ခါတော့ သတိပေးဖူးတယ်ရှင့်"

သူမက ရယ်ရင်းမောရင်း ဖွင့်ပြောခဲ့၏။

"ကျွန်မ အဲ့သလောက် အင်္ဂလိပ်ကိုမုန်းနေတာ ကျွန်မကလေးတွေ အင်္ဂလိပ်နှင့်ရုပ် လာနေဦးမယ်"တဲ့။

တကယ်ပါပဲ။ သမီး ၃ ယောက်အနက်က ၂ ယောက်က အင်္ဂလိပ်နှင့် လက်ထပ်ခဲ့၏။

ဂျင်စမတ်စ် အသက်ကြီးပြီးအိုမင်းလာသည်တွင် သိပ်အကြမ်းပတမ်း မခံနိုင်တော့သလို သိပ် ဉာဏ်မကောင်းတော့ဘဲ ချွတ်ယွင်းလာသည်။

သို့တိုင် အလုပ်လုပ်ပြီဆိုလျှင် အားသွန်ခွန်စိုက်လုပ်တုန်း။ ထို့အတွက် မကြာခဏဆိုသလို စိတ်လွတ်ကိုယ်လွတ်နှင့် ဒေါသကြီးလာတော့၏။ သူ ဒေါကန်





နေချိန်တိုင်း သူ့ဇနီးက အနားကပ်သည်မရှိ။ သူ့အတွင်းရေးမှူးတွေမှတစ်ဆင့် သူ့ကို အကျိုးအကြောင်းစာရေးဆက်သွယ်၏။

သူ့သားသမီးတွေက သူ့ခြေရာအတိုင်းလိုက်နင်း၏။ ပညာဗဟုသုတ ကြွယ်ဝသည့် နေရာမှာရော၊ စွမ်းအားထက်မြက်သည့် နေရာမှာရော၊ ဂုဏ်သိက္ခာ မြင့်သည့်နေရာမှာပါ ဖအေနှင့် တစ်ပုံတည်း။ သို့နှင့်အမျှ သူတို့က သူ့အပေလို မထုံတက်တေးနှင့် ဂုဏ်ခံ၍ သွေးကြီးချင်ကြ၏။

တစ်ခါက ဗိုလ်ချုပ်ကြီးစမတ်စ်ကိုယ်တိုင်က

"ကျုပ်ကလေးတွေဟာဗျာ ကျုပ်ကိုတောင် လေးစားအပ်တဲ့ဂုဏ်သရေရှိ သူစိမ်းတစ်ယောက်လို ဆက်ဆံကြတာဗျ"

ဂျင်စမတ်စ်သည် 'အာဖရိက၏ဝန်ကြီးချုပ်' ဟူပြီး အစိုးရအိမ်တော်၌ စည်းစိမ်ခံပြီးမနေခဲ့ပါ။

ထိုအစား မြို့တော်မှ ၁၀ မိုင်ကွာ သူပိုင်ယာခင်းထဲတွင် လွှန်ခဲ့သည့် အနှစ် ၄၀ က ပေါင် ၃၀၀ ဖြင့်ဝယ်ခဲ့သော တစ်ပတ်ရစ်အိမ်မိုးသွပ်ဖြင့် အိမ်ဆောက်၍နေခဲ့သည်။ ယင်းသွပ်အိမ်ထဲမှာ ဟောင်းနွမ်းညစ်ထေးနေသော ပရိဘောဂများ၊ မြွေးများ၊ တိရစ္ဆာန်သားရေများ၊ လမ်းလျှောက်တုတ်များ၊ စာအုပ်များ၊ ရထားသံလမ်းအပိုင်းအစများနှင့် ရှုပ်ပွပြည့်နှက်နေပြီး၊ လေအေးပေးစက် တစ်လုံးတည်း ရှိ၏။

ဂျင်စမတ်စ်က ဆင်ရင်အပေါ်ထပ်မှခ်ဦးဆောင်၌ သံခုတင်တစ်လုံးနှင့် အိပ်သည်။ သူ့အိပ်ရာဘေးတွင် မီးဖိုချောင်သုံးကုလားထိုင်တစ်လုံး ထားပြီး၊ လက်ဖက်ရည်တစ်ခွက်နှင့် စာအုပ်တစ်အုပ် တင်ထားနေကျ။ စာအုပ်ကတော့ အမြဲရှိနေ၏။

စစ်မြေပြင် ဗိုလ်ချုပ်ကြီးနှင့် တောင်အာဖရိကနိုင်ငံ၏ဝန်ကြီးချုပ် ဟူသော ဘွဲ့ထူးများဖြင့် အံ့မခန်းလေးစားထိုက်သောဂျင်စမတ်စ်သည် သူ့အိပ်ရာ သူ အမြဲတမ်းခင်းအိပ်လေ့ ရှိ၏။

စမတ်စ်၏အိမ်ပတ်လည်က ခြံမြေမှာလည်း ဂရုတစိုက်လုံ့ကျင်းထား၍ ပြောင်ရှင်းနေ၏။ ရှေ့ကွက်လပ်မှာ ဘာပန်းမျှ စိုက်မထားသလို၊ ထိန်းသိမ်း ပြုပြင်ထားသော ဘာမြက်ခင်းမျှ မရှိ။ ချုံနွယ်ပိတ်ပေါင်း ဟူ၍လည်း မရှိ။

သူ့မြေးများက သစ်ပင်ကိုင်းကြီးတစ်ခုတွင် တွဲလောင်းချိတ်ထားသော မော်တော်ကားတာယာဟောင်းကြီးတစ်လုံးကို ဒန်းလုပ် စီးနေမည်။ ပြီးတော့ ဒန်ဘူးအဟောင်းများဖြင့် အိမ်ဆောက်တမ်း ကစားချင်ကစားနေမည် ဖြစ်၏။

တောင်အာဖရိကဝန်ကြီးချုပ်စမတ်စ်၏ ဝါသနာကတော့ သတ္တဗေဒနှင့် ရုက္ခဗေဒပင် ဖြစ်၏။ အာဖရိက၏အပူဒဏ်ဖြင့် ညှိုးရော်ခြောက်ကပ်သွားနိုင်သည့်ကြားမှ သူက မြက်တွေကို ရှင်သန်အောင် စမ်းသပ်ကြိုးစားသည့်အနေဖြင့် သူ့တလင်းတွေထဲမှာ မြက်မျိုးပေါင်း ၅၀ ကို စိုက်ပျိုးထားသည်။

သူ့ကိုယ်ပိုင်မြေ ဧက ၆၀၀၀ ၌ အပင်ပေါင်း ၅ သိန်းခန့်စိုက်ထားပြီး တစ်နေ့သောအခါ မိုင်းတွင်းများ၌ သစ်အဖြစ်အသုံးချရန် မျှော်မှန်းထားခဲ့၏။

ဂျင်စမတ်စ်သည် ပထမကမ္ဘာစစ်ကြီးကို အဆုံးသတ်စေခဲ့သော ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သူ ဖြစ်၏။ အမှန်စင်စစ် တစ်ဖက်သတ် နိုင်ငံထက်စီးနင်းလုပ်ထားသောစာချုပ်ကို သူ၏ မဟုတ်မခံပုန်ကန်သွေးနှင့် တော်လှန်ရေးစိတ်ဓာတ်အား ဆန့်ကျင်ချိုးနှိမ်လျက် လက်မှတ်ရေးထိုးခဲ့ခြင်းပါ။

ဘာပဲဖြစ်ဖြစ်၊ ဒုတိယကမ္ဘာစစ်ကြီးက ထိုငြိမ်းချမ်းရေးကို နိဂုံးကမ္ပတ်အဆုံးသတ်ပေးလိုက်လိမ့်မည်ဆိုတာ လူတချို့ကသာ ကျိန်းသေပေါက်တွက်ဆထားခဲ့ကြပါ၏။





## ဘားနဒ် ဘရုချ်
## Bermard Baruch

**လက္ခဏာဆရာက**
**သူ့မိခင်ကို အကြံပေးခဲ့သည်။ ယခု သူက**
**သမ္မတကြီးတွေကို အကြံပေးနေရပါပြီ။**
**နာမည်ကြီးဘဝမှ အပေါင်းအသင်းကောင်း၍**
**ကမ္ဘာ့ဇီလျံနာကြီး ဖြစ်ခဲ့ရသူ။**
**ငွေရေးကြေးကို ချုပ်ကိုင်နိုင်သလို**
**လက်နက်စက်ရုံတွေကို ကြီးစိုးခဲ့ရသူ။**

❒ ရာစုနှစ်ကုန်ပိုင်းဆီသို့ ရွေ့လျားနီးကပ်လာချိန်။ နယူးယောက်မြို့တော် စီတီကောလိပ်ကျောင်း ဘေ့စ်ဘောကစားကွင်း၌ အကြမ်းဖက်ရန်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုရန်ပွဲက ပထမကမ္ဘာစစ်ကြီးတိုင်အောင် ဂယက်ရိုက်သွားပြီး ကျွန်တော်တို့၏အနာဂတ်ကိုပါ သက်ရောက်မှုရှိခဲ့သည်ဆိုလျှင် မှားမည်မထင်ပါ။

ပွဲမှာ ကစားသူ တစ်ဖက် ၃ ယောက်ပါဝင်ပြီး၊ တစ်သင်းကို ဘောလုံး ၉ ကြိမ်ပစ်ခွင့်ရသော ကစားပွဲပင် ဖြစ်၏။ ဘတ်တံကိုင်သမားက ပစ်လိုက်သောဘောလုံးကို ရိုက်ထုတ်ပြီး အိမ်ကိုပြန်ရောက်အောင် ကွင်းပတ်ပြေးနိုင်လျှင် အနိုင်ရသည်။ ဘတ်တံရိုက်သမား ပန်းတိုင်ကို ရောက်,မရောက်မှာ ဒိုင်လူကြီး၏ အဆုံးအဖြတ်အပေါ် မူတည်၏။

ယခုပွဲတွင်လည်း ဒိုင်က ဘတ်တံရိုက်သမားက နိုင်သည်ဟု အဆုံးအဖြတ်ပေး၏။ ဒါပေမယ့် တစ်ဖက်အသင်းက 'ညစ်ပတ်မှုရှိခဲ့ကြောင်း' ဒေါသတကြီးစောဒကတက်သည်။

သူက ဘတ်တံရိုက်ပတ်ပြေးခဲ့သော ဘားနဒ်ဘရုချ်သည် သူ့ကို တမင်ဝင်တိုက်၍ လက်ထဲကဘောလုံးကို လွှတ်ကျစေခဲ့သည်ဟု စွပ်စွဲ၏။ ဘရုချ်ကလည်း ထိုသို့မဟုတ်ရကြောင်း ပြင်းပြင်းထန်ထန် ငြင်းဆန်သည်။ သူက ဘောလုံးဖမ်းသမားအား ၁ ချွန်း-၂ ချွန်း ခံပြောမိ၏။ ဤမှာပင် ရန်ပွဲစတော့သည်။ သွေးထွက်သံယိုဖြစ်ခဲ့ရတဲ့ ရန်ပွဲကြီးပါ။

ဘရုချ်သည် နှစ်အတော်ကြာ လက်ဝှေ့ထိုးသတ်ခဲ့သူ ဖြစ်၏။ သူက လက်ဝှေ့ထိုးကောင်းလှသလို နောင်အခါ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သူ။ ဘော့ဘ်ဖစ်ဆိုင်မွန်ကပင်လျှင် သူ့ကို ကြေးစားလက်ဝှေ့ကျော်လုပ်ရန် အကြံပြုဖူးသေးသည်။

ထို့ကြောင့်လည်း ဘော့စ်ဘောကစားကွင်းထဲက ရန်ပွဲမှာ ဘာနီ ဘရုချ်အတွက်တော့ အကြိုက်ပေါ့။ ပြိုင်ဖက်ကစားသမားတွေက သူ့ကို လက်သီးနှင့်ဝိုင်းထိုးရာမှ သူက ဘယ်ပြန်ညာပြန် အလဲထိုးပစ်လိုက်သည်။

သည့်နောက် သူ့လက်သီးဒဏ်ကြောင့် လဲခဲ့ရသူတစ်ယောက်က ဝုန်းခနဲထပြီး ဘော့စ်ဘောဘတ်တံတစ်ချောင်းကို ပြေးဆွဲသည်။

သူက အားကစားစည်းကမ်းဥပဒေများကို တစ်ခါမျှ ကြားဖူးဟန်မရှိသလို ဘာနေဘရုချ်ခေါင်းကို ဘော့စ်ဘောဘတ်တံဖြင့် အမှေ့အလဲ ရိုက်ထည့်လိုက်တော့၏။ ရိုက်ချက်က ဘရုချ်၏ဘယ်ဘက်နားအုံကို ကွဲသွားစေပြီး နားတစ်ဖက်ကန်းလုနီးပါးဖြစ်ခဲ့ရသည်။ သို့ကလို နားကန်းခဲ့ရခြင်းက ဘားနဒ်ဘရုချ်၏ ဘဝကို လုံးဝ ပြောင်းလဲပစ်လိုက်၏။

ဘရုချ်က ဝက်စ်ပွိုင့်စစ်တက္ကသိုလ်တက်၍ အမြဲတမ်းတပ်မတော်တွင် အရာရှိလုပ်ဖို့ ကြံရွယ်ခဲ့၏။ သူက ဝင်ခွင့်စာမေးပွဲအောင်ခဲ့သလို ဝက်စ်ပွိုင့်သို့ တက်ရောက်ခွင့် ရောရောရှုရှုရခဲ့ပါသည်။ သို့သော် ဝက်စ်ပွိုင့်က သူ အကြားအာရုံချို့ယွင်းနေသဖြင့် ပြန်ပယ်ချလိုက်၏။

နားထိုင်းကြီးဘဝမှ ဘာနေလည်း စစ်ဗိုလ်ဖြစ်ရေးကို မေ့ပစ်လိုက်ပြီး၊ စီးပွားရေးနယ်ပယ်၌ ထွန်းပေါက်အောင်မြင်ပြီး ကြွယ်ဝချမ်းသာလာခဲ့သည်နှင့်အမျှ ဂုဏ်သိန်အရှိန်အဝါ အဆမတန်ကြီးမားခဲ့ရ၏။





သမ္မတကြီး ဝုဒရိုး ဝီလ်ဆင်ကိုယ်၌ပင် သူ၏လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်စွမ်းပကားကို အထူးအာရုံစိုက်မိရာမှ အမေရိကန်သမိုင်းတွင် တော်ရုံတန်ရုံလူရခဲလှသော အကြီးတကာ့ အကြီးဆုံးလုပ်ငန်းကြီးတစ်ခုကို အပ်နှင်းခဲ့ရသည့် အဖြစ်ကို ဆိုက်ခဲ့သည်။

ဝုဒရိုးဝီလ်ဆင်က ပထမကမ္ဘာစစ်ကြီးကာလ၌ အမေရိကန်စက်ရုံများလည်ပတ်ရေးအတွက် သူ့ကို တာဝန်လွှဲခဲ့ခြင်းပင်ဖြစ်၏။

၁၉၁၈ ခုနှစ်တစ်လျှောက်လုံး ဘယ်စက်ရုံလုပ်ငန်းမဆို သူက ဖွင့်ဆိုဖွင့်၊ ပိတ်ဆို ပိတ် တစ်ချက်လွှတ်အာဏာကို ပိုင်စိုးခဲ့ရသည်။ သူ့ခွင့်ပြုချက်မရဘဲ ဘယ်စက်ရုံမျှ ကြေး၊သံ၊သွပ်၊သစ်နှင့် အခြားအသုံးလိုသော ရှားပါးပစ္စည်းမှန်သရွေ့ ၁ ပေါင် ၁ စိတ်မျှ ရမည်မဟုတ်ပေ။

၁၉၁၉ ခုနှစ်မှာလည်း ဝုဒရိုးဝီလ်ဆင်က ဘားနဒ်ဘရုချ်အား စီးပွားရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရာ ဥရောပသို့ ခေါ်သွားခဲ့၏။ အလားတူပင် စစ်ပြီးငြိမ်းပြီး ခက်ခဲဆိုးဝါးလှသော နောက်ဆက်တွဲပြဿနာတွေကို ဖြေရှင်းရာ၌လည်း ဘားနဒ်ဘရုချ်မှာ အရေးပါအရာရောက်သော နေရာက ပါဝင်ခဲ့ရ၏။

ပြဿနာက အမေရိကန်တစ်ဝန်းလုံး စစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်မှုကိုရပ်ဆိုင်း၍ စစ်အေးကာလထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးဘက်သို့ ဦးတည်စေရာတွင် ဘဏ်ကြွေးမဆပ်နိုင်သဖြင့် ပစ္စည်းသိမ်းချိပ်ပိတ်ခံရမှုများ ကြီးကြီးကျယ်ကျယ် ကသောင်းကနင်းနှင့် အလုပ်လက်မဲ့ဖြစ်မှုများ မပေါ်ပေါက်ရအောင် ညင်သာစွာ လှည့်ပြောင်းပေးနိုင်ဖို့ပင် ဖြစ်သည်။

ဘရုချ်၏ဘဝကို ထိထိရောက်ရောက်ရောင်ပြန်ဟပ်စေသည်မှာ ခေါင်းတွင် ဘော့စ်ဘောရိုက်တံတစ်ချက် ထိခဲ့သည့်အတွက်ကြောင့်သာ မဟုတ်ပါ။ လက္ခဏာဆရာတစ်ယောက်၏ပယောဂလည်း ရှယ်ယာပါသည် ဆိုနိုင်၏။

သူငယ်စဉ်က မိခင်ကြီးသည် ဦးခေါင်းမှသွင်ပြင်လက္ခဏာများကို ကြည့်၍ အနာဂတ်ကို နိမိတ်ဖတ်ဟောပြောသော ဆရာတစ်ဦးထံ ခေါ်သွားခဲ့ဖူးသည်။ ထိုဆရာက ခေါင်းကအရေးအကြောင်း၊ အဖုအထစ်များကိုစမ်းသပ်ပြီး 'ဘာ

လုပ်ငန်း၊ သို့မဟုတ် ဘယ်သို့အသက် မွေးဝမ်းကျောင်း လုပ်သင့်ကြောင်း"ကို လမ်းညွှန်ပေးနိုင်၏။ ဆရာကြီးက ဘားနဒ်၏ခေါင်းကိုကိုင်စမ်းလျက် "စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်မည်"ဟု အတိအကျဟောကိန်းထုတ်လိုက်သည်။

လောလောဆယ်အားဖြင့်မူ ဘားနဒ်ဘာရုချ်က သူ့အဖေကြီးလိုပင် ခွဲစိတ်ဆရာဝန် ဖြစ်လိုလှ၏။ သူသည် သူ့အဖေ၏ဆေးပညာကို လေ့လာလိုက်စားလိုစိတ် အမွေရခဲ့သလို၊ ဆေးပညာအကြောင်း ၁ နှစ်လောက် လေ့လာခဲ့၏။

သို့လင့်ကစား သူ့အမေကြီးက ပရောဖိတ်လက္ခဏာဆရာ ဟောကိန်းထုတ် အကြံပေးခဲ့သည့်အတိုင်း စီးပွားရေးလုပ်ငန်းလုပ်ဖို့သာ တိုက်တွန်းအားပေးခဲ့၏။ အမေကြီး စိတ်ချမ်းသာအောင်ဆိုပြီး ဖန်ထည်စက်ရုံတစ်ရုံ၌ တစ်ပတ် ၁၅ သျှီလင် ဖြင့်ဝင်လုပ်ခဲ့ကာ ညဘက်တွင် ဥပဒေပညာကို သင်ယူခဲ့၏။ သည်တွင် သူ့အမေကြီးက သူ ရှေ့နေလုပ်စားမှာ စိုးရိမ်လာသည်။

လက္ခဏာဆရာ၏ဟောကိန်းကို သတိရနေရင်းမှ သားဖြစ်သူအား ထပ်တလဲလဲ နားသွင်းခဲ့သည်။

"ငွေရှိတဲ့နေရာကိုသာ သွားစမ်းပါဘာနေရယ်။ ငွေပေါတဲ့နေရာကိုသာ သွားလုပ်စမ်းပါ"

သူက မိဘစကားနားထောင်သော သားလိမ္မာ ဖြစ်၏။ ဝေါလ်စထရိငွေဈေး သို့သွား၍ စတော့စာချုပ်တွေကို ကစား၏

စတော့ဈေးကွက်တွင် ဈေးကစားသူ ၁၀၀ မှာ ၉၉ ယောက် အရှုံးပေါ် တတ်ကြပါသည်။ ဒါပေမယ့် ဘားနဒ်ဘာရုချ်ကတော့ ဝေါစထရိငွေဈေးမှ သန်း ပေါင်းများစွာ အမြတ်ထုတ်နိုင်ခဲ့၏။ ဝေါစထရိငွေဈေးတွင် ဘားနဒ်ဘာရုချ် အံ့မခန်း အောင်မြင်ရခြင်း လျှို့ဝှက်ချက်တွေက ဘာပါလဲ။

သူ့အောင်မြင်မှု၌ သော့ချက် ၂ ချက် ရှိ၏။

ပထမအချက်က ဈေးကွက်မှ တန်ခိုးသြဇာကြီးမားလှသော အဓိပတိ သူဌေးကြီးများနှင့် နေ့ချင်းညချင်းဆိုသလို မိတ်ဆွေဖွဲ့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

လူတွေက သူ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှု၊ ထာဝစဉ်ပြုံးနေမှု၊ အသွင် အပြင်သားနားမှု၊ ယဉ်ကျေးဖော်ရွေသောအမူအရာ၊ ပကတိရိုးသားမှု၊ ပါးနပ်





ထက်မြက်မှုများကို မလွန်ဆန်နိုင်ခဲ့ကြပါ။ တွေ့သူတိုင်းလိုလို သူ့ညှို့သက် အမိခံ ကြရသည် ဆိုပါတော့။

ဆရာ့ဆရာကြီးတွေဖြစ်ကုန်သော မစ္စတာကုဋေကုဋာကြီးများက သူ့ကို သွားလေရာ၊ စားလေရာ ခေါ်သွားကြသည်။ အကြံကောင်းဉာဏ်ကောင်းတွေ ပေးသည်။ သူတို့ပညာတွေ လက်ထပ်သင်သည်။ အဆက်အသွယ် ကွန်ချက်တွေ ပြသည်။ လုပ်ပိုင်ခွင့်တွေ ပေးသည်။ သူလည်း တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်လာရ သလို "ဦးဖြူ"ဟု မန်းလိုက်သည်နှင့်မခြား မြင့်သည်ထက် မြင့်မားကြီးပွားလာရ တော့၏။

သူ အသက် ၂၇ နှစ်သာရှိသေးသည့်အချိန်က သောမတ်စ်ဖော်ကျူးရိုင်းက "လစ်ဂျက်နှင့် မေယားစ်" စီးကရက်ဆေးရွက်ကြီးကုမ္ပဏီကို ဝယ်ယူရန် ပေါင် ၂ သောင်း ၆ ထောင် ထုတ်ပေးခဲ့၏။

ဝေါစထရိတွင် ဘားနဒ်ဘာရုချ် အောင်မြင်ခဲ့သည့် ဒုတိယနှင့် အရေးအပါ ဆုံးအကြောင်းရင်းကတော့ အကြောင်းအချက်တွေကို စူးစူးစိုက်စိုက်အလေးဂရု ထားသော ဝါသနာပင် ဖြစ်သည်။

ဘာရုချ်၏လုပ်ဆောင်ချက်တိုင်းမှာ အကြောင်းတစ်ခုရှိနေပြီး ထိုအကြောင်း ကလည်း တစ်ဆင့်ကြား၊ သို့မဟုတ် စိတ်ကူးပေါက်သလိုလုပ်ခြင်း မဟုတ်ဘဲ နိုင်လုံသောသတင်းအချက်အလက်ကို လက်ကိုင်ထား၍ ဉာဏ်ကို လွှာပြီးသုံးနိုင်ခဲ့ ခြင်းသာ ဖြစ်ပါ၏။

ဘားနဒ်ဘာရုချ်၏ အချက်အလက်တွေစုဆောင်းနိုင်မှု၊ ရပြီးသောအချက် အလက်တွေကို စူးစမ်းလေ့လာမှု၊ အမှန်အကန် အဓိပ္ပာယ်ကောက်နိုင်မှုများကြောင့် ရရှိခဲ့သော အနာဂတ်ကိုကြိုမြင်တတ်သည့်စွမ်းရည်က သူ့အား သူ့ခေတ်သူ့အခါ အလျောက် ထိပ်တန်းရောက် ထူးချွန်သူတစ်ဦး ဖြစ်စေခဲ့သည်။

သည်လို အနာဂတ်ကိုကြိုတင်တွက်ဆတတ်မှု စွမ်းပကားကပင် "ဝီလ်ဆင်၊ ဟာဒင်း၊ ကူးလစ်ချ်၊ ဟူးဗား၊ ရုစဗဲ့"မည်သော သမ္မတကြီး ၅ ဆက်တိုင်တိုင် လက်ရုံးထား အားကိုးယုံကြည်ခဲ့သော အကြံပေးပုဂ္ဂိုလ်ဖြစ်အောင် လုပ်ဆောင်ပေးခဲ့ သည်။

ဝူဒရိုးဝီလ်ဆင်က သူ့ကို ချစ်စနိုးနာမည်ပေးခဲ့သည်မှာ 'ဒေါက်တာဖက်စ်တ်' သို့မဟုတ် 'ဒေါက်တာသုတ' သို့မဟုတ် 'အချက်အလက် ဝိဇ္ဇာကြီး' တဲ့။

ဘားနဒ်ဘာရုချ် ဝေါလ်စထရိတ္တင်ကျက်စားစဉ် မတော်တဆနိုးပါးဖြင့် တစ်ချို့ကောင်းမိပြီး အပွကြီးပွဖူး၏။ ဖြစ်ပုံကတော့ ဒီလိုပါ။

သူ လပေါင်းများစွာအကဲခတ်လေ့လာပြီးနောက် ကြေးနီထုတ်လုပ်မှုမှာ အဆမတန်ပိုလျှံနေကြောင်း တွေ့ရှိခဲ့ရသလို၊ ကြေးနီဈေးတွေထိုးကျ၍ ကြေးနီကုမ္ပဏီကြီး၏အမြတ်ရှယ်ယာတွေမှာ ၈ ရာခိုင်နှုန်း ဖြတ်တောက်ခံရမည်ဟု ကောက်ချက်ချနိုင်ခဲ့သည်။

ထို့ကြောင့် သူက ထိုကြေးနီရှယ်ယာ ထောင်ပေါင်းများစွာမှ အချို့ကို ထုတ်ရောင်းလိုက်၏။ စတော့ဈေးတွေလည်း တစ်နာရီ အတွင်း ၁၀ မှတ်သို့ ကျဆင်းသွားတော့၏။

ဘားနဒ်ဘာရုချ်၏ အပေါင်းအသင်းများက သူ့ကို တဒင်္ဂအမြတ်ပေါ်အောင် အခွင့်ကောင်း ယူစေချင်ကြပေမယ့်၊ ထိုနေ့က သူ့ကို ဘယ်လိုမျှဆက်မရဘဲ အဆက်ပြတ်နေခဲ့ကြရသည်။ ထိုနေ့မှ ဘာသာရေးအားလပ်ရက်ဖြစ်သော 'အပြစ်ဒဏ်များ ချေသည့်နေ့' ပင် ဖြစ်နေ၏။

ဘားနဒ်ဘာရုချ်က ထိုနေ့ထူးရက်မြတ်တွင် ဘာအလုပ်မျှမလုပ်ဘဲ သူ့အမေနှင့်အတူနေမည်' ဟု သူ့မိခင်အား ကတိပေးထားသည်။

သူ့အပေါင်းအသင်းတွေလည်း အလန့်တကြားထိတ်ထိတ်ပျာပျာဖြစ်ကုန်သည်။ စတော့စာချုပ်တွေကို ချက်ချင်းပြန်ဝယ်ခြင်းဖြင့် ပေါင် ၈၀၀၀ အသာကလေးမြတ်နိုင်သည် မဟုတ်ပါလား။ တကယ်လို့ နောက်တစ်နေ့ကူးသွားပါက အရှုံးအမြတ်မရေရာ။ ဘာမဆို ဖြစ်သွားနိုင်သည်။ သူတို့လည်း သူ့ကို ဖုတ်ပူမီးတိုက် အဆက်မပြတ်ဖုန်းဆက်ကြ၏။ သူ့အိမ်သို့ပင် ကြေးနန်းရိုက်ကြ၏။ လူလွှတ်၍ အကြောင်းကြား၏။ သူတို့ကိုယ်တိုင်လည်း သွားပြောဖို့ ကြိုးစား၏။ ဒါပေမယ့် အချည်းနှီးပင်။ ဘာရုချ်က အတွေ့မခံခဲ့။





နောက်ပိုင်းတွင် 'သူသာ ထိုနေ့က ရုံးခန်းဖွင့်၊ ထိုင်၍ စတော့တွေကို ဝယ်ဖြစ်ခဲ့လျှင် ချက်ချင်း ပေါင် ၈၀၀၀ မြတ်မှာအမှန်ပဲ' ဟု ကိုယ်တိုင် ဖွင့်ဟဝန်ခံခဲ့သည်။

ထိုနေ့က သူ မလှုပ်ရှားဘဲနေခဲ့ရာမှ နောက်နေ့များတွင်လည်း ဈေးကွက်ဆက်လက်အေးသွားမည်ဟု အပိုင်တွက်ပြီး လက်ကျန်ကြေးနီစတော့တွေကို တဝီဝီရောင်းထုတ်လိုက်ပြန်၏။

၁ နှစ်အတွင်းမှာပင် ကြေးနီစတော့ဈေးက အမှတ် ၁၀၀ တိုင် ကျဆင်းခဲ့၍ စာရင်းချုပ်လိုက်သောအခါ ထိုလုပ်ငန်းတစ်ခုတည်းနှင့်ပင် ငွေထုပ်ကြီး ပိုက်မိလေတော့သည်။ သူသည် ငွေကိုချစ်သလို စွန့်ပစ်ရာမှာလည်း ဝန်မလေးပါ။

ယခင်နှစ်အနည်းငယ်က အမေရိကန်ပြည်ထောင်စုတပ်မတော်သို့ ယမ်းမှုန့်လုပ်သည့်စက်ကိရိယာများဝယ်ရန် ပေါင် ၆ သောင်း ပေးလှူခဲ့၏။ သို့ကလို သူပေးခဲ့ခြင်းမှာလည်း စစ်ကြီးဖြစ်တော့မည့်အရိပ်အယောင်များကို မြင်၍ ဘာမျှကြိုတင်ပြင်ဆင်မှုလုပ်မထားသော သူတို့အား တပ်လှန့်ပေးလိုက်ခြင်းပင် ဖြစ်ပါ၏။

ပြီးခဲ့သောစစ်ကြီးအတွင်းကလည်း အစိုးရအတွက် လိုအပ်နေသော ပညာရှင်များမွေးထုတ်ရန် ဥရောပသို့ ပညာတော်သင်လွှတ်ဖို့ သူ့အိတ်ထဲမှ ပေါင် ၁ သောင်း ၇ ထောင် စိုက်ထုတ်ပေးခဲ့သည်။ အမှန်ဆိုလျှင် ထိုငွေမှာ စစ်လက်နက်စက်ရုံများ ဘုတ်အဖွဲ့၏ အသုံးစရိတ်အဖြစ် အစိုးရက ထုတ်ပေးရမည်ဖြစ်သော်လည်း သူက သူ့စေတနာနှင့်သူ ပေးခဲ့ခြင်းဖြစ်၏။

၁၉၁၈ ခုနှစ်ကတည်းက စစ်ဝန်ထမ်းများအတွင်း ကြောက်မက်ဖွယ်ကူးစက်ခဲ့သော တုပ်ကွေးရောဂါသည်များအား စောင့်ရှောက်ကုသရန် ဆေးရုံတစ်ရုံကို သူပိုင်ငွေဖြင့် ဝါရှင်တန်တွင် ဆောက်လုပ်ပေးခဲ့ပြန်သည်။

စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများဘုတ်အဖွဲ့က စစ်ကြီးပြီးလုနီးနီးတွင် အလုပ်များကို ရပ်ဆိုင်းလိုက်သဖြင့် စရိတ်ပြတ်ပြီးဒုက္ခရောက်နေသော စစ်လက်နက်စက်ရုံအလုပ်သမားများအား ခရီးစရိတ်ငွေ ပေါင် ၁ သောင်း အိတ်စိုက်ပေးခဲ့သေး၏။

ဘားနဒ်ဘရုချ်သည် ကလေးဘဝက လူတောထဲ အရှက်ကွဲခဲ့ရသည့် အတွေ့အကြုံကြောင့် အသက်ကြီးလာပြီး နှစ်အတော်ကြာအောင် ရှက်ရွံ့မှုနှင့် အားငယ်ကြောက်ရွံ့မှုတွေ ခံစားနေခဲ့ရ၏။

အဖြစ်က ခါးသီးနာကျည်းစရာ ဆိုးဝါးရက်စက်လှပါသည်။ သူ့အဖို့ ထိုနေ့ကို မမေ့တမ်းမှတ်မိနေဆဲပါ။ ထိုဖြစ်ရပ်က လျောင်ပြောင်သရော်ခံရသော ကလေးငယ်တစ်ယောက်၏ ဝမ်းနည်းကြေကွဲမှုကို သင်ကြားပေးလိုက်သည်။ ဖြစ်ပုံကတော့

ပါတီပွဲတစ်ခုတွင် သူနှင့် အခြားကလေးတွေ တစ်လှည့်စီ ကျက်မှတ်ထားသော စာကဗျာများကို ဧည့်ပရိသတ်များရှေ့တွင် ထွက်၍ ရွတ်ပြကြရသည်။ ဘားနဒ်ဘရုချ်က ပရိသတ်ကို မျက်နှာချင်းဆိုင်ပြီး ကဗျာသီချင်းကလေးတစ်ပုဒ်ကို ဟန်ပါပါရွတ်ဆိုခဲ့မိ၏။

**လန်ဒန်အပေါ်မှာ နေလုံးကြီး ဝင်သွားသောအခါ၊**
**ခြေရာမထင်တဲ့ နှင်းတွေအားလုံး**
**သွေးမရှိတော့ဘဲ ဖြူရော်နေတာ၊**
**နောက်ပြီး ဆောင်းဝင်လာတဲ့အတိုင်း အမှောင်ဖုံး၊**
**အိုင်ဆာကဖြင့် တရိပ်ရိပ်လူးလှိမ့်နေတုန်း။**

သည်တွင် ရှေ့ဆုံးတန်းတွင် ထိုင်နေသော လူကြီးတစ်ယောက်က စာရွတ်နေသော ဘားနဒ်ဘရုချ်ကလေး၏အမူအရာမျိုး လိုက်လုပ်ရင်း နောက်ပြောင်ကျီစယ်သည်။ သူ အလွန် စိတ်ထိခိုက်သွား၏။ တစ်အားလည်း ထိတ်လန့်သွား၏။

အလွန်အလွန် ရှက်စိတ်မွန်ခဲ့ရသည့်တိုင် မျက်ရည်စက်လက်ဖြင့် ခန်းမထဲမှ ထွက်ပြေးပြီး၊ ကြောက်ရွံ့အားငယ်စိတ်များဖြင့် အိမ်သို့ တန်းပြေးခဲ့တော့၏။

ထိုအတွေ့အကြုံက သူ့ဘဝတစ်သက်တာအဖို့ အရိပ်မည်းကြီးထိုးထားသလို လူတောထဲမတိုးဝံ့သော ရှက်ကြောက်မှုကို ပေးခဲ့သည်။ ကနေ့တိုင်အောင်ပင် ဘားနဒ်ဘရုချ်သည် သူပြောရမည့်စကားများကို ကြိုတင်ဖတ်ထားရခြင်း မရှိပါက လူပုံအလယ်မှာ စကားထပြောမည် မဟုတ်ပါ။





ဘရုချ်တစ်ယောက် ထို ရှက်ကြောက်မှုကြီးကို တိုက်ဖျက်အနိုင်ယူဖို့ အကောင်းဆုံးနည်းမှာ ရှက်ရွံ့စိတ်ဆိုတာကို ဥပေက္ခာပြုလျက်၊ လုပ်ရမှာကြောက်သည့်ကိစ္စမှန်သမျှ ဇွတ်မှိတ်လုပ်ရန်ပင်ဖြစ်ကြောင်း တွေ့ရှိလိုက်ရပါပြီ။

တစ်ညသူ့အသက် ၁၆ နှစ်အရွယ်မှာတော့ ကိုယ်ပိုင်အိမ်တစ်လုံး၌ ကျင်းပသည့် မိတ်ဆုံပွဲတစ်ခုသို့ တက်ခဲ့မိ၏။ သူက သူ့အဖေ၏ ပါတီတက်သည့် ဝတ်စုံကိုဝတ်ခဲ့ရာ သူနှင့် အဆမတန်ကြီးနေ၍ အမေက ချိတ်နှင့်တွယ်ပြီး ကျွေးပေးခဲ့ရ၏။

ပါတီပွဲလုပ်ရာအိမ်ကိုရောက်တော့ အပေါ်ထပ်တက်ပြီး ပျော်ပွဲရွှင်ပွဲနှင့်ရန် မဝံ့မရဲနှင့် ရှက်ရွံ့သိမ်ငယ်နေခဲ့သည်။ သို့ဖြင့် အပေါ်သို့မတက်တော့ဘဲ အောက်ထပ်ရှိ အခန်းတစ်ခန်းထဲ ဝင်အောင်းနေမိ၏။

ထိုအချိန်မှာပင် ပါတီကိုဦးဆောင်ကျင်းပသည့် ပုဂ္ဂိုလ်တစ်ယောက်က အောက်ထပ်သို့ဆင်းလာပြီး၊ မတော်တရော်ကို့ရို့ကားယားဝတ်စုံကြီးနှင့် ချောင်ကုပ်နေသည့် ဘားနဒ်ဘရုချ်ကို တွေ့သွားသည်။

ထိုပုဂ္ဂိုလ်က ဘရုချ်အား သူနှင့်အတူ အပေါ်ထပ်ကိုလိုက်လာရန် ချော့ခေါ်ခဲ့၏။

ဘရုချ်လည်း မိန်းမလှကလေးတစ်ဦးနှင့် မိတ်ဆက်ပေးခံရပြီး တွဲက၊ လိုက်ရချိန်မှ စ၍၊ တစ်နည်းဆို အာရုံပြောင်း၍ အလုပ်ရှုပ်သွားရပြီဆိုကတည်းက သူ့ကိုယ်ထဲက အရှက်အကြောက်တရားတွေလည်း ပျောက်ခြင်းမလှ ပျောက်သွားရပါလေတော့သတည်း။

ဘားနဒ်ဘရုချ်သည် သူ့အဖေထံမှ အမွေရသော စကား ၇ လုံးပါ ဆောင်ပုဒ်ကလေးတစ်ခု လက်ကိုင်ထား၏။ ထို စကား ၇ လုံးက သူ ယုံကြည်အားထားရာဖြစ်ခဲ့သလို၊ သူ့အတွက် ဘဝရှေ့ဆောင်လမ်းပြကြယ် ဆိုလည်း မမှား။


ထိုအမွာစကားများကို သူ့ဖခင်ကြီးက သူ့ခါတ်ပုံအောက်နားဘက်တွင် ဖြတ်၍ရေးထားခဲ့ရာ၊ ဘားနဒ်ဘရုချ်က အဲဒီဓာတ်ပုံကို သူ့စားပွဲပေါ်တင်၍ နေ့တိုင်း

ဖတ်ရှုခဲ့လေသော ဟူ၏။ ဧဆောင်ပုဒ်ပါစကားစုကတော့

'မဖောက်မပြန် ရိုးသားဖြောင့်မတ်ခြင်းကို မင်းရဲ့ရှေ့ဆောင် လမ်းပြအဖြစ် အမြဲထားပါ။'

ညီညီနိုင်





# ဂျင်နရယ် အိုမာ ဘရက်ဒ်လေ
# General Omar Bradley

**အလွန်ရှက်တတ်၍ မယုံမရဲဖြစ်နေသော**
**လူငယ်တစ်ယောက်သည်**
**အမေရိက၏ စစ်ဦးစီးဗိုလ်ချုပ်တစ်ယောက်**
**ဘယ်ကဲ့သို့ဖြစ်လာကြောင်းကို ဖတ်ကြည့်ပါ။**
**စစ်ကျောင်းတွင်**
**အိုင်ဆင်ဟောင်ဝါထက် အဆ ၂၀ သာပြီ။**
**'ငါ စစ်တိုက်ဖို့သွားတာ။**
**အလုပြဖို့သွားတာ မဟုတ်ဘူး' တဲ့။**
**'ကျွန်တော်ဟာ စစ်တပ်ထဲမှာ လုပ်သင့်လုပ်ထိုက်တာ**
**အကုန်လုပ်ခဲ့ပါတယ်' တဲ့။**

❐ တစ်ရံရောအခါက စိန့်လူးဝစ္စမြို့အနီး မစ္စစ္စပီမြစ်ကမ်းနံဘေးက အခန်းတစ်ခန်းထဲတွင် လူငယ်တစ်ယောက် စာမေးပွဲဖြေနေပါသည်။

သူ့ခမျာ ထိုစာမေးပွဲဖြေရန် မိုင် ၁၅၀ ခရီးနှင်လာခဲ့ရပြီးမှ ခုတော့ မဖြေနိုင်တော့မှာ စိုးကြောက်နေမိ၏။ သူ ကြောက်ခမန်းလိလိစိတ်ဓာတ်ကျနေရခြင်းမှာလည်း သူဖြေနေရသည်က ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြစ်နေသောကြောင့်ပါတည်း။

သူ ဝက်ပွိုင့်စစ်တက္ကသိုလ် တက်ချင်သည့်အကြောင်းက စစ်မှုထမ်းဘဝကို အထူးစိတ်ဝင်စားလို့သာမက၊ တက္ကသိုလ်ပညာကို အခမဲ့သင်ခွင့်ရသည်မှာ ဒီတစ်နေရာတည်းရှိလို့ပဲ ဖြစ်ပါသည်။

တကယ်လို့ တက္ကသိုလ်ပညာ သင်ရမည် ဆိုလည်း ငွေမရှိ။ ဖခင်မှာ ကွယ်လွန်ခဲ့ပြီး၊ မိခင်က စက်ချုပ်သမားဘဝနှင့် ရုန်းကန်လှုပ်ရှားနေရသဖြင့် ကုန်စုံဆိုင်ကြွေးတောင်မှ အနိုင်နိုင်။

သူသည် ဂျော်မက်တြီမေးခွန်းကို မဖြေခင်အထိ စာမေးပွဲတစ်လျှောက်လုံး ပိုင်ပိုင်နိုင်နိုင်ဖြေနိုင်ခဲ့၏။ ဂျော်မက်တြီကျတော့ သူ အခက်တွေ့ပြီး ခေါင်းချွေးပြန်ရတော့သည်။ သူ ဂျော်မက်တြီစာအုပ်တွေကို မကျက်ဘဲပစ်ထားခဲ့တာ ကြာသွားသည်။ ခုတော့ ပုစ္ဆာတွေကိုဖြေရှင်းဖို့ အသည်းအသန်ကြိုးစားခဲ့ပေမယ့် သူ မဖြေတတ်တော့ပါ။ သူ ဆက်မဖြေဘဲ ရပ်လိုက်သည်။ ဆက်ဖြေလို့ကော ဘာထူးတော့မှာလဲလို့။ သူ စာမေးပွဲကျမယ်ဆိုတာ ကောင်းကောင်းသိသည်။

အဖြေစာရွက်တွေကို ကောက်ယူပြီး စာမေးပွဲကြီးကြပ်သူထံသွား၍ သူ စာဖြေခန်းက ထွက်ခွင့်တောင်းရန် ထ,သွားမိ၏။ သို့ပါသော်လည်း တာဝန်ကျအရာရှိက သတင်းစာတစ်စောင်ကို အာရုံစိုက်ပြီးဖတ်နေသည်။ အလွန်ရှက်တတ်ပြီး မဝံ့မရဲနိုင်လှသောလူငယ်အဖို့ စာဖတ်နေသောအရာရှိကို အနှောင့်အယှက်ပေးရာရောက်မှာစိုး၍ ခေါ်လိုက်ပြောလိုက်ဖို့ သတ္တိမရှိခဲ့ပါ။ သို့ဖြင့် ထိုအရာရှိ သတင်းစာဖတ်အပြီးကို စောင့်ရင်းမှ ဂျော်မေတြီပုစ္ဆာတွေကို ခေါင်းထဲမှာ ပြန်စဉ်းစားခဲ့သလို၊ အံ့မခန်းဖြစ်ရပ်ဆန်းတစ်ရပ်နှင့် ကြုံတွေ့လိုက်ရတော့သည်။

တစ်ချိန်တုန်းက လေ့လာကျက်မှတ်ခဲ့သော ဂျော်မက်ကြီပညာတွေက သူ့ဦးနှောက်ဉာဏ်ထဲမှ ပုန်းလျှိုးနေရာမှာ အစီအရီခုန်ထွက်လာကြ၏၏။ ထိုမှ သူ စာမေးပွဲဆက်ဖြေခဲ့ရာ အမှတ်ကောင်းကောင်းနှင့် အောင်မြင်ပြီး၊ ၁၉၁၁ ခုနှစ်တွင် ဝက်စ်ပွိုင့်သို့ တက်ရောက်သင်ကြားခဲ့ရတော့သည်။

ထိုသူငယ်ကလေးသည် နောင်အခါ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်တွင် သင်္ချာပါမောက္ခကြီး ဖြစ်ခဲ့သည့်အပြင်၊ အမေရိကန်စစ်တပ်၌ အစွမ်းအထက်ဆုံး မဟာဗျူဟာမှူး ဗိုလ်ချုပ်ကြီး ဖြစ်လာ၏။

သူ့အမည်ကား ဘရက်ဒ်လေ။ ဂျင်နရယ် အိုမာနယ်လ်ဆင် ဘရက်ဒ်လေပါ။

သူသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန်ပြည်ထောင်စု စစ်တပ်ကြီးမှ တိုက်ခိုက်ရေးအင်အားစုကို ကွပ်ကဲညွှန်ကြားနိုင်ခဲ့သည်။ ပြင်သစ်သို့ အမေရိကန်များ ဝင်ရောက်သိမ်းပိုက်ရာတွင် မျှော်မှန်းချက်များထက် ပိုလွန်သော အရှိန်အဟုန်ဖြင့် သူ အောင်ပွဲရခဲ့၏။

အိုမာ ဘရက်ဒ်လေအနေဖြင့် ၁၉၁၁ ခုနှစ်က ဂျော်မက်ကြီ ဘာသာရပ်အတွက် စိတ်ဓာတ်ကျခဲ့ရလင့်ကစား၊ ၁၉၁၅ ခုနှစ် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်မှ





ဘွဲ့ရခဲ့ရာတွင်မူ အတန်းသား ၁၆၄ ယောက်အနက်၊ အဆင့် ၄၄ နေရာ ထိပ်ပိုင်းမှာ ရှိခဲ့သည်။ ဝက်စ်ပွိုင့်၌ အိုမာဘရက်ဒ်လေနှင့် တစ်တန်းတည်းတက်ခဲ့သော အိုင်တီအိုက်စင်ဟောင်ဝါကတော့ အဆင့် ၆၂ သာ ရ၍၊ ဘရက်ဒ်လေထက် ၁၇ ဆင့် နိမ့်ခဲ့၏။

ခေါင်းဆောင်ရွေးသောအခါ ရှက်တတ်သော အိုမာဘရက်ဒ်လေက နံပါတ် ၆ နေရာ ရ၍၊ သွက်လက်ချက်ချာပြီး လူပျော်ဖြစ်သူ အိုင်တီ အိုက်စင်ဟောင်ဝါက ၁၅ နေရာတွင် ရှိခဲ့၏။

၁၉၁၅ ခုနှစ် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ဆင်းများထဲမှာ နာမည်ကျော် စစ်ဗိုလ်ချုပ်ကြီး ၃၀ ကျော်ကို မွေးထုတ်ပေးခဲ့သည်။ ထိုနှစ်က ကျောင်းဆင်း ၅ ယောက်တွင် တစ်ယောက် ဗိုလ်ချုပ်ကြီးရာထူးဖြင့် ရွှေကြယ်ပွင့်များ တပ်ဆင်ခွင့်ရကြ၏။

အိုမာ ဘရက်ဒ်လေကတော့ သူ့အတန်းထဲတွင် ဗိုလ်ချုပ်ကြီး ပထမဆုံးဖြစ်သူဖြစ်၏။

ကျောင်း ဘေ့စ်ဘောအသင်းတစ်ခုတည်းအနေဖြင့် ဗိုလ်ချုပ်ကြီး ၈ ယောက် ထုတ်ပေးနိုင်ခဲ့၏။

စပ်မိလို့ ပြောရဦးမည်။ ဘရက်ဒ်လေသည် ဘေ့စ်ဘောအသင်းတွင် ဘယ်ဘက်ခြမ်းမှကစားသူဖြစ်၍ ဘက်တံရိုက်ချက် ပျမ်းမျှ ပွိုင့် ၃၈၃ မှတ် ရခဲ့သူဖြစ်၏။

ဘောလုံးအသင်းမှာလည်း ဘယ်ဘက်နောက်ခံလူအဖြစ် အကောင်းဆုံး ကစားနိုင်ခဲ့သည်။

သူသည် ယခုတိုင် အားကစားဝါသနာ ပါနေဆဲပါ။ ဗိုလ်ချုပ်ကြီးကတော်က ကျွန်တော့်ကို ပြောပြချက်အရ သူသည် အားကစားအားလုံးတွင် တော်၍၊ အထူးသဖြင့် ဂေါက်သီးရိုက်အကောင်းဆုံးဟု သိရ၏။

သူက ငါးမျှားရတာ၊ အမဲလိုက်ရတာတွေလည်း နှစ်သက်၍ မစ်ဆူရီတွင် ငှက်မုဆိုးခွေး ၂ ကောင် မွေးထားပြီး၊ ငှက်ပစ်ထွက်တိုင်း သူတို့ကို ခေါ်သွားလေ့ရှိသည်။ သူ၏ အပြင်ထွက်ကစားနည်းများက သူ့ခန္ဓာကိုယ်အား ထွားကျိုင်းသန်မာစေခဲ့၏။

သူ ၄၉ နှစ်ပြည့်သော ၁၉၄၂ ခုနှစ်အတွင်း လူဝစီယန်နားရှိ အမှတ် ၂၈ ခြေမြန်တပ်ရင်း၏တပ်ရင်းမှူး ဖြစ်ခဲ့သည်။ အသက် ၄၉ နှစ်အရွယ်ပင် ရှိခဲ့သော်ငြား

လည်း သူက အခက်အခဲ လှေကျင့်ရေးလမ်းကြောင်းတွေကို ငယ်သားတွေနှင့် အတူလိုက်ပြေးပြီး၊ လျှိုကြီးတစ်ခုကိုဖြတ်တန်းသော ကြိုးပေါ်တွင် သူ့အသက် တစ်ဝက်မကငယ်သော လူငယ်တွေ အမောဆို့ မူးလဲနေကြစဉ်မှာပင် တွဲလောင်းခို ဖြတ်သန်းပြနိုင်ခဲ့၏။

ဂျင်နရယ်ဘရက်ဒ်လေသည် သူ့သမီးငယ် ကောလိပ်ကျောင်းသွားတက်ရာ ၌လည်း အားကစားကို ကျွမ်းကျင်အဆင့်ရောက်အောင် ကြိုးပမ်းလိုက်စားရန် သူက တိုက်တွန်းခဲ့သည်။

အားကစားကျွမ်းကျင်မှုက သူမကို ရုပ်ပိုင်းဆိုင်ရာ သက်လုံကောင်းစေမည်၊ ပျော်ရွှင်စေမည်၊ ပေါ်ပြူလာဖြစ်စေမည်ဟု သိထား၏။

သူ့ဇနီးက သူသည် သမီးကလေးအား ရွှေစည်းမျိုးများနှင့်အညီ နေထိုင် ရန်လည်း သင်ကြားထားကြောင်း ကျွန်တော့်ကိုပြောပြ၏။ သူကိုယ်တိုင်လည်း ထိုရွှေစည်းမျိုးအတိုင်း ကျင့်ကြံနေထိုင်သဖြင့် သူ့ရဲဘော်များကြားတွင် ပေါ်ပြူလာ အမြဲဖြစ်ခဲ့ရသည်။

ဗိုလ်ချုပ်ကြီး ဘရက်ဒ်လေသည် တစ်ခါတစ်ရံ ရဲဘော်များနှင့်အတူ တန်းဝင် စီပြီး ထမင်းရာရှင် ယူစားလေ့ရှိ၏။

ကျော်ဂျီယာပြည်နယ် ဘင်နင်းခံတပ်ရှိ ရေ့တန်းစစ်ပညာသင်ကျောင်း၌ စာ သင်ပေးစဉ်ကလည်း မကြာခဏ တောပစ်ထွက်ခဲ့ရာမှ ရဲဘော်တစ်ယောက်ယောက် ကို လက်စွဲတော်အဖော်အဖြစ် ခေါ်သွားတတ်၏။

နယူးစ်ဝိခ်မဂ္ဂဇင်းက 'ဂျင်နရယ် ဘရက်ဒ်လေသည် သူ့ကိုယ်သူ သာမန် လူအနေဖြင့် မှတ်ထင်ထားသည်' ဟု တစ်ခါက ရေးဖူး၏။

ကျွန်တော်က သူ့ကတော်အား "ထိုအချက် မှန်ပါသလား" လို့ မေးကြည့်ရာ

"အို- သွေးထွက်အောင်ကို မှန်တာပေါ့ရှင်" ဟု သူမက ပြန်ဖြေလိုက်သည်။

မကြာသေးမီကမှ သတင်းစာများကလည်း သူ့တွင် ဗိုလ်ချုပ်ရာထူးအဆင့် နှင့်ဆောင်းရသော ကက်ဦးထုပ်ပင် လက်ဝယ်မရှိကြောင်းနှင့် ဆမ်ဘရောင်နီ ခါးပတ်လည်း ကိုယ်ပိုင်ရှိပုံ မရကြောင်း ရေးသားဖော်ပြကြသည်။

ကျွန်တော်က ထိုသတင်းတွေ မှန်၊ မမှန် ဗိုလ်ချုပ်ကတော်ကို မေးကြည့် မိပြန်၏။ သူမက မမှန်ကြောင်းနှင့် သူ[illegible]သည့်အတိုင်း မဟုတ်ကြောင်း





ဖြေကြားခဲ့ပါသည်။ ဂျင်နရယ်ကြီးမှာ အခမ်းအနားတက်သည့် ကက်ဦးထုပ်ကော ဆမ်ဘရောင်နီခါးပတ်ပါ ရှိကြောင်း။ ဒါပေမယ့် သူက နိုင်ငံခြားသွားသည့်ခရီး များသို့ ယူမသွားတတ်ကြောင်း။

သူကိုယ်တိုင်ကိုက -

"ငါက စစ်တိုက်ဖို့ သွားမှာ။ အလှပြဗိုလ်ရှမ်း သွားတာမှ မဟုတ်ဘဲ" ဟု ပြောဖူးကြောင်းဖြင့်လည်း အသိပေး၏။

ဘရက်ဒလေသည် ဘဝင်မမြင့် ဟန်မဆောင်၊ အလွန်ရိုးသား၏။ ၁၉၄၃ ခုနှစ်က သူ့ကို ဒုဗိုလ်ချုပ်ကြီးအဖြစ် ယာယီ ရာထူးပေးခဲ့သည်။ သတင်းစာတွေက ထိုသတင်းကို အရေးတယူထည့်သွင်းဖော်ပြကြ၏။ သတင်းက ဘာမျှလျှို့ဝှက် စရာမလို။ လူတိုင်း သိပြီးသား။ သို့ရာတွင် အိုမာဘရက်ဒ်လေကတော့ တရား ဝင်အမိန့်ပြန်တမ်း ထွက်မလာမချင်း ပခုံးပေါ်မှာ တတိယကြယ်တစ်ပွင့်ကို မတပ် ခဲ့ပါ။

ဂျင်နရယ်ဘရက်ဒ်လေသည် အင်မတန်ယဉ်ကျေး၍ စကားကို သိမ်မွေ့ ညင်သာစွာပြောလေ့ရှိသူ ဖြစ်ပါသည်။ တစ်ခါက သူ ဖွင့်ပြောဖူး၏။

သူ့အနေဖြင့် ခပ်ကျယ်ကျယ် အော်ပြောလောက်အောင် အကြောမာသူ တစ်ယောက်ကိုမျှ မကြုံဘူးခဲ့ပါတဲ့။ ဒါပေမယ့် စစ္စလီကျွန်းအရောက်မှာတော့ ဂျင်နရယ်ဘရက်ဒ်လေတစ်ယောက် အသံကိုမြှင့်၍ အော်ပြောခဲ့ရသည်။

ဒါတောင် 'ကျေးဇူးပြု၍' ဆိုသောစကားလုံးကလေးကို ထည့်ပြောဖို့ မမေ့ပါ။ ဇာတ်ကြောင်းပြန်ရလျှင်တော့

သူက လောလောလတ်လတ်ဖမ်းမိခဲ့သော စစ်သုံ့ပန်း ဂျာမန်စစ်ဗိုလ်တစ် ယောက်အား စစ်ဆေးမေးမြန်းနေစဉ် မိမိတပ်ဖွဲ့ဝင် အစောင့်တစ်ယောက်၏ သေနတ်မှ ရုတ်တရက် မတော်တဆကျည်ဆံထွက်သွားသည်။ ကျည်ဆံက ဘရက်ဒ်လေ၏နားရွက်ဖျားမှ ဝီခနဲ ဖြတ်သွား၏။

သူက ထိုအစောင့်တပ်သားဘက်သို့ နောက်လှည့်ပြောလိုက်၏။

"ဒီကမြင်းမသား။ သေနတ်ကို ဂရုစိုက်ပြီးကိုင်မှပေါ့။ ကျေးဇူးပြုပြီး"

နောက် ဖြစ်ရပ်တစ်ခုမှာတော့ ဘက်နက်ထိုး လေ့ကျင့်ခန်းဆင်းချိန် လူတွေ ဝိုင်းအုံကြည့်နေခိုက် ပစ်မှတ်ကို အမိအရထိုးမိဖို့ အရေးကြီးကြောင်း သရုပ်ပြနိုင်ရန် တပ်ဖွဲ့ဝင်တစ်ဦးကို ဆောင့်တွန်းပစ်လိုက်၏။ သရုပ်ပြပွဲပြီးသည့်နောက်မှ သူတွန်းခဲ့သောရဲဘော်ကို အနူးအညွတ်တောင်းပန်သော ဟူ၏။

"ကိုယ် မင်းကို အရမ်းကာရောလုပ်ချင်တာ မဟုတ်ပါဘူးနော်" တဲ့။

အိုမာဘရက်ဒ်လေ အမေရိကန်ပြည်ထောင်စု အကာယဒမိစစ်တက္ကသိုလ်ကြီးမှ ဘွဲ့ရလေသောအခါ အတန်းသားတစ်ဦးက ဝက်စ်ပွိုင့်နှစ်စဉ်မှတ်တမ်းစာအုပ်ကြီးတွင် သူနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဟောကိန်းထုတ်ခဲ့၏။

"သူ့ရဲ့အထူးခြားဆုံးဂုဏ်ပုဒ်လို့ ခေါ်လောက်တဲ့ စိတ်နေသဘောထားကောင်းမှုဟာ ထိုက်တန်တဲ့နေရာကို ပို့လိုက်တာပါ။ ပြီးတော့ သူဟာ စလိုက်တဲ့ ခြေလှမ်းအတိုင်း မတိမ်းမစောင်း ဆက်လျှောက်သွားနိုင်မယ်ဆိုရင်ဖြင့် တစ်နေ့နေ့မှာ ကျွန်တော်တို့ထဲက လူတချို့ဟာ သူတို့ရဲ့မြေး၊မြစ်တွေကို ခုလိုထုတ်ကြွားနိုင်ပါလိမ့်မယ်။ 'မယုံမရှိနှင့်။ စစ်ဗိုလ်ချုပ်ကြီး ဘရက်ဒ်လေဟာ ငါနှင့် ကျောင်းနေဖက်ကွ' လို့"

ထိုနိမိတ်ဖတ်စကားက အံ့မွယ်သရဲ ထူးထူးကဲကဲ မှန်လိုက်သည်မှာ ကွက်တိ။

အကြောင်းမူ ၁၉၄၃ ခုနှစ် ဆောင်းကာလ၌ အိုမာ ဘရက်ဒ်လေသည် တူနီးရှားစစ်ပွဲတွင် ထူးထူးခြားခြားအောင်ပွဲခံနိုင်ခဲ့ခြင်းဖြင့် သက်သေခံလိုက်သောကြောင့်ပါတည်း။ သူသည် ဘီဇတ်တီမြို့၌ ဂျာမန်များကို ဝိုင်းရံပိတ်ဆို့ပြီး အပိုင်တိုက်ခဲ့ရာမှ ရန်သူ ၄၂၀ ယောက်ကို အသေမိပြီး၊ ၃ သောင်း ၇ ထောင်ကို အကျဉ်းသားများအဖြစ် လက်ရဖမ်းဆီးနိုင်ခဲ့၏။

ဘရက်ဒ်လေသည် ထိုတိုက်ပွဲကို အံ့သြလောက်စရာအစီအမံများဖြင့် ဗျူဟာဆင်ခဲ့သည်။

တပ်သား ၅ သောင်းကို တိတ်တဆိတ်ချီတက်စေ၍ ထောင်ပေါင်းများစွာသော စစ်သုံးယာဉ်များနှင့် လက်နက်ကိရိယာများကို သူသည်အချိန်မှောင်ကြီးမည်းကြီးထဲ





မိုင် ၂၀၀ခရီးကို အသံတစ်ချက်မကြားအောင် ဖြတ်ကျော်စေခဲ့ပြီး၊ ဂျာမန်များကို သူတို့မျှော်လင့်မထားသော နေရာမှ ဝင်တိုက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဂျင်နရယ်ဘရက်ဒ်လေက သမရိုးကျမဟုက်ဘဲ ဆန်းသစ်တီထွင်သော နည်းဗျူဟာများ၊ စစ်ကျောင်းပြဋ္ဌာန်းစာအုပ်များတွင် မပါဝင်သော ပရိယာယ်များကို အသုံးချခဲ့သည်။ ထိုနည်းပရိယာယ်များက ရန်သူကို သတိလက်လွှတ် အငိုက်မိစေသလို ထောင်ချောက်ထဲသို့ လိမ့်သွင်းနိုင်ခဲ့၏။

နောက်ရက်ပိုင်းကလေးအတွင်း တူနီရှားရှိ ဂျာမန်တပ်ကြီးတစ်ခုလုံး ပြိုလဲသွားရတော့၏။

၃ သောင်း ၇ ထောင်ကုန်သော ဂျာမန်များ စစ်သုံ့ပန်းဘဝ ရောက်သွားကြ၏။ တွက်ကြည့်ပါ။ မဟာမိတ်တပ်သား ၁ ယောက်ကျတိုင်း ဂျာမန် ၈၈ ယောက်နှုန်း ကျရှုံးရသည့်အဓိပ္ပာယ်ပင်။ ၁ ဆနှင့် ၈၈ ဆ။ အချိုးက ဘယ်လောက်များကွာလိုက်သလဲလို့။

ဟုတ်ကဲ့။ ဒီတော့လည်း ဗိုလ်ချုပ်ဘရက်ဒ်လေတစ်ယောက် တူနီရှားစစ်ပွဲကြီးတွင် သူမတူအောင်လုပထည်ဝါသော အောင်မြင်မှုသရဖူကို ဆောင်းနိုင်ခဲ့သည်လို့ပဲ တအံ့တအားချီးကျူးရတော့မည်ပေါ့။

ဒီ့အပြင် ဘယ်စစ်သမိုင်းမှာပဲ ကြည့်ကြည့်။ ခုလို အကျအဆုံး နည်းပါးလှစွာဖြင့် အကြီးအကျယ်စစ်နိုင်ခြင်းမျိုးကား ရှားမှရှား။ သည်သမိုင်း မှတ်တိုင်စိုက်လိုက်သော အောင်ပွဲက အနှစ် ၃၀ လုံးလုံး မပြတ်တမ်း လေ့လာကြိုးစားမှု၊ လေ့ကျင့်ပြင်ဆင်မှုများ၏ရလဒ် ဆိုလည်း မမှား။

ပထမကမ္ဘာစစ်ကြီး စစ်ပြေငြိမ်းခဲ့သည့်နောက် တပ်မတော်သားအတော်များများမှာ တာဝန်ပေါ့သွားသလို လတ်လျားလတ်လျားဖြင့် အချိန်တွေအလဟဿကုန်နေကြရသည်။

အိုမာဘရက်ဒ်လေကတော့ ထိုသို့ မဟုတ်။ အများနည်းတူ ဝေလေလေမလုပ်ခဲ့ပါ။ ဘရက်ဒ်လေသည် ဝက်စ်ပွိုင့်မှထွက်ကတည်းက စစ်သိပ္ပံပညာ၊ စစ်အတွေ့အကြုံများကို အချိန်ရသမျှ လေ့လာဆည်းပူးရင်း၊ တစ်ဖက်ကလည်း သင်ကြား ပို့ချပေးနေခဲ့၏။ တစ်ခါက သူ ပြောဖူး၏။

"ကျွန်တော်ဟာ စစ်တပ်ထဲမှာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်မှန်သမျှကို လုပ်ခဲ့ပါတယ်"

သူ့စကားအတိုင်းလည်း စစ်သံသရာလည်နေခဲ့၏။ သို့ဖြင့် ၂၉ နှစ်တာကာလအတွင်း သူသည် ရာထူးနေရာ ၃၃ ခု၌ အမှုတော်ထမ်းခဲ့၏။

၁၉၂၀ ပြည့်နှစ်မှ ၁၉၂၄ ခုနှစ်အထိ ဝက်စ်ပွိုင့်၌ သင်္ချာဘာသာပြခဲ့သည်။ ထိုအတွေ့အကြုံက ဒုတိယကမ္ဘာစစ်ကာလ စစ်မြေပြင်တိုက်ပွဲများတွင် လျှပ်တစ်ပြက်ဆုံးဖြတ်ချက်များ ချနိုင်အောင် အထောက်အကူပြုလိုက်သည်။ ထို တစ်နှပ္ပတ္တိဆုံးဖြတ်ချက်များက ဂျာမန်များကိုချေမှုန်းပြီး အမေရိကန်များကို အသက်ကယ်ခဲ့၏။ ပြောမယ့် ကြုံဖူးမှသိတဲ့။

မဟုတ်ဘူးလား။

ဗိုလ်ချုပ်ကြီးဘရက်ဒ်လေကိုယ်တိုင်က ထုတ်ပြောခဲ့ပုံမှာ '၄ နှစ်မျှ သင်္ချာသင်ပေးခဲ့ခြင်းက စစ်ရေးဆိုင်ရာအခက်အခဲပြဿနာများကို ယခင်ကထက် ၄ ပုံ ၁ ပုံ အချိန်ကုန်သက်သာစွာဖြင့် တွေးဆဖြေရှင်းပေးနိုင်ခဲ့သည်'ဟူ၏။

ဂျင်နရယ်ကြီးသည် ဘယ်တော့မျှ ဆေးလိပ်မသောက်။ အရက်ဆိုလည်း သောက်ခဲပါဘိခြင်း။ အမဲပြားကျော်ကိုတော့ အသေအလဲကြိုက်သည်။ မိုးလင်းအဆာပြေစားရာမှာလည်း နေ့တိုင်း ငမ်းငမ်းတက်စားလေ့ရှိ၏။

သူ့အသည်းစွဲတေးဂီတမှာ 'နီဂရိုးတို့၏ ရိုးရာသီချင်းများနှင့် ရေးတပ်မတော်ကြီး၏သတ္တိ၊ တို့ကျောင်း' စသော ဝက်စ်ပွိုင့်တက္ကသိုလ်၏ ဂုဏ်ဝင်တေးသံများပင်ဖြစ်သည်။

သူ အကြိုက်ဆုံးစာအုပ်များကတော့ 'ဘော့ပ် ဆိုတဲ့ စစ်မြေပြင်၏ သားကောင်းစာနည်' နှင့် 'အိုင်ဗင်ဟို' ရာဇဝင်ဝတ္ထုကြီးတို့ပင်တည်း။ သူသည် အိုင်ဗင်ဟိုကို နှစ်လုံးပေါက်နီးပါး အထပ်ထပ်အပြန်ပြန်ဖတ်လေ့ ရှိ၏။

သူကတော်က ကျွန်တော့်ကို ပြောပြရာတွင် သူသည် ခွန့်စားခန်းဝတ္ထုများကို တန်းတန်းစွဲဖတ်တတ်ပါသည်တဲ့။ သို့သော် သူ အဖတ်အများဆုံးမှာ စစ်တိုက်သည့်အကြောင်းတွေပါသော စာအုပ်များပင်။





သူသည် ပြည်တွင်းစစ်အတွင်းမှာလည်း အာဏာပိုင်တစ်ဦး ဖြစ်ခဲ့၏။

သူတို့လက်ထက် နိုင်ငံတော်တွင်ပေါ်ထွန်းခဲ့သမျှသော အကြီးကျယ်ဆုံးဗိုလ်ချုပ်များအနက်တွင် ဒုတိယနေရာပေးထားသူ 'လီး' ကို သူ အရမ်းလေးစား၏။

အင်း- ပထမ နံပါတ် ၁ လေးစားသူကတော့ အမေရိကန်ပြည်ထောင်စုတပ်မတော်၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဂျော့ချ် စီမာရှယ်နှင့် ထိုက်တန်သည်ဟု သူ ယုံကြည်၏။

ဗိုလ်ချုပ်ဘရက်ဒ်လေ၏ ဘဝလမ်းကြောင်းမှာ ဂျင်နရယ် မာရှယ် ကိုစံထား၍၊ လေ့လာသင်ကြားခဲ့မှုများ၏ နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးခံခဲ့ရသည်ဟု ဆိုနိုင်သည်။

သူတို့၏ 'အိမ်ထောင်သက် ၂၈ နှစ်အတွင်း သူ့ခင်ပွန်းသည်၏ အကြီးဆုံးအမှားကို ပြောပြပါရန်' မစ္စဘရက်ဒ်လေအား ကျွန်တော် ပန်ကြားမိ၏။ ထိုအခါ သူမက

"သူ အမှားတစ်ခုခုလုပ်ခဲ့တာကို ကျွန်မ သွေးရိုးသားရိုးနှင့်စဥ်းစားလို့တော့ မရပါဘူးရှင်" တဲ့။

ဇနီးသည်အများစုကတော့ ဒီပုံစံအတိုင်းပါပဲ။ မဟုတ်ဘူးလား၊ ဟုတ်သလားဗျာ။ ကျွန်တော်က "ဂျင်နရယ်ဘရက်ဒ်လေ၏ အဆိုးဝါးဆုံးအပြစ်ဟာ ဘာပါလဲ" လို့ မေးပြန်တော့ သူမပြန်ဖြေသည်က

"ဩော်- တစ်ခါတလေ ကျွန်မအဖို့ သူဟာ အဆိုးမြင်ဝါဒီဆန်ပါတယ်။ ဒါပေမယ့် သူကတော့ သူဟာ အဆိုးမြင်သမား မဟုတ်ပါဘူးလို့ ပြောတယ်။ သူပြောတာတော့ သူဟာ ပြဿနာတစ်ရပ်ကို ရှုထောင့်မျိုးစုံ၊ ဘက်ပေါင်းစုံက ကြည့်ရှုသုံးသပ်တာတဲ့"

ကောင်းပါပြီ။ ပြဿနာတစ်ရပ်ကို ဘက်ပေါင်းစုံက စေ့စေ့စပ်စပ်လေ့လာသုံးသပ်တာကိုပဲ အပြစ်လို့ဆိုလျှင်၊ ကျွန်တော်တို့က ပို၍ အပြစ်ရှိနေပြီဟု ဆိုချင်၏။ ကဲ-မိတ်ဆွေ။ ဘယ့်နှယ်ရှိစ။

၁၉၄၄ ခုနှစ် ဇူလိုင်လထဲမှာ ဗိုလ်ချုပ်ကြီး ဘရက်ဒ်လေက သူ့အား အင်တာဗျူးလာလုပ်သော စစ်သတင်းထောက်များကို ဟောကိန်းတစ်ခုထုတ်ခဲ့၏။

''တကယ်လို့ ကျွန်တော်ဟာ ဘယ်နေ့မဆို ထမင်းမစားခင် ၃ နာရီလောက် လေယာဉ်ပျံသန်းနိုင်တဲ့ ရာသီဥတုကောင်းကြုံခဲ့ရင် နော်မန်ဒီကို ဝင်တိုက်သိမ်းပိုက်နိုင်ပါလိမ့်မယ်''

သူ့လိုအပ်သလောက်လူတွေ၊အထောက်အပံ့တွေ၊တင့်ကားတွေ၊အမြောက်ကြီးတွေပါဝင်သော စစ်အင်အားကို ရခဲ့၏။

သူက ဗုံးကြဲလေယာဉ် ၂၀၀၀ ခန့်ကသာ ဂျာမန်တွေ၏စစ်ကြောင်းကို ပြတ်တောက်သွားအောင် ကျယ်ပြန့်စွာဖောက်ခွဲပေးခဲ့ပါက သူ့တပ်မကြီးကို ဖျက်အားကောင်းသော တို့နာဒိုမုန်တိုင်းကြီးလို လွှတ်ပေးလိုက်နိုင်ကြောင်း သိခဲ့သည်။

ဇူလိုင်လ ၂၅ ရက်နေ့မှာတော့ ဗိုလ်ချုပ်ကြီး ဘရက်ဒ်မှာ သူ့စိတ်ကြိုက်ရာသီဥတုကိုရခဲ့ပြီး ကောင်းကင်ထက်မှ ငရဲဗုံးတွေကြဲနိုင်သဖြင့် ဂျာမန်တွေ မရှုမလှခံလိုက်ရပြီး တပ်ဖရိုဖရဲ ပျက်သွားရပါပြီ။

ဂယ်ပေါက်ကြီးမှ ရန်သူ့စစ်ကြောင်းဇာစ်လျှောက်ကို ဗုံးကြဲလေယာဉ်တွေက ဝင်မွှေခဲ့ချိန်မှာပင်၊ ဂျင်နရယ်ဘရက်ဒ်လေ၏တပ်များက ဇရောမဒုံးကျည် ကြီးကဲ့သို့ တစ်ဟုန်ထိုးဝင်လိုက်ပြန်သည်။

ထိုဒုံးကျည်ကြီးမှာ မဟာမိတ်တပ်များလည်း ပူးပေါင်းပါဝင်ခဲ့ပြီး၊ ဘရစ်တင်နီဒေသပေါ်တွင် ပြင်းထန်စွာပေါက်ကွဲစေခဲ့၏။ ဆက်လက်ဖောက်ခွဲခဲ့သည့်နောက် ပြင်သစ်ပြည်ကိုဖြတ်သန်းတိုက်ခိုက်ကာ ဂျာမန်ပိုင်နက်ထဲသို့ အလုံးအရင်းဖြင့် ထိုးဖောက်ခဲ့ခြင်းကြောင့် ကြံရာမရဖြစ်သွားသောဂျာမန်များမှ ပြေးမိပြေးရာ ကစဉ့်ကလျားပြေးကြရတော့၏။

ဒိုမာဘရက်ဒ်လေ အမည်ရှိ လူငယ်ကလေးသည် ကျော်မက်ကြီးပွစွာများကို မတွက်တတ်တော့ကြောင်း စာမြေခန်းကြီးကြပ်သူကိုဖွင့်ပြောရန် အရက် အကြောက်မကြီးခဲ့လျှင်၊ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်သို့ ဘယ်တော့မျှကပ်နိုင်ခဲ့မည် မဟုတ်ပါ။

ဒါကြောင့်လည်း ယခု ထိုလူလင်ပျို့မှာ အမေရိကန်နိုင်ငံ၏ အောင်မြင်ကျော်ကြားဆုံးစစ်ဗျူဟာမှူးကြီး ဖြစ်ခဲ့ရလေပြီတကား။





# ဂျိုးဇက် စတာလင်
# Joseph Stalim

**သူ့မိဘများက မြေဝယ်ကျွန်တွေ ဖြစ်၏။**
**ဒါပေမယ့် သူက လူသန်း ၂၀၀ ကို**
**လွှမ်းမိုးအုပ်ချုပ်ခဲ့ရ၏။**
**ကြမ်းတမ်းလွန်း၍ နာမည်ဆိုးထွက်ခဲ့လင့်ကစား**
**စင်စစ်အားဖြင့် ကမ္ဘာ့ကယ်တင်ရှင် ဖြစ်ခဲ့ပါသည်တဲ့။**

❒ ဤမြေကမ္ဘာပေါ်တွင် အကြီးမားဆုံးအာဏာကို ပိုင်စိုးခဲ့ရ၍ သန်းပေါင်းများစွာသောလူများ၏ လေးစားကြည်ညိုမှုကို ခံရပြီး၊ တစ်ဖက်ကလည်း သန်းပေါင်းများစွာသောလူများက ယမ်းနှုတိုင်မုန်းတီးနေဆဲ လူသားတစ်ယောက် ရှိခဲ့ပါလေသည်။

သူ့မိဘများမှာ တစ်ချိန်တစ်ခါက မြေဝယ်ကျွန်များ (လက်တွေ့အားဖြင့် ကျွန်စင်စစ်များ) ဖြစ်ခဲ့ကြရ၏။ မြေဝယ်ကျွန်ဆိုသည်မှာ စာချုပ်စာတမ်းအရ သူတို့ မှီတင်းနေထိုင်လျက်ရှိသော မြေတွေနှင့်တစ်ပါတည်း အရောင်းအဝယ်လုပ်ခြင်း ခံရသူများပင်တည်း။

သို့သော် မြေဝယ်ကျွန်ဟောင်းကြီး ၂ ယောက်၏ ဒီသားကမှ ကမ္ဘာကြီး၏ ၆ ပုံ ၁ ပုံကျော်ကို စိုးမိုးအုပ်ချုပ်ခဲ့ရပါလေပြီ။ သူ့ လက်ထဲ၌ လူ သန်းပေါင်း

၂၀၀ ၏ ဘဝနှင့် အသက်ကို 'သေစေ၊ ရှင်စေ' တစ်ချက်လွှတ်အမိန့် ကိုင်ထားခဲ့၏။

သင့်အနေဖြင့် သူ့ကို ချီးကျူးလေးစားနိုင်ပါသည်။ သို့တည်းမဟုတ် သူ့ကို အထင်သေးအမြင်သေးဖြင့် ကဲ့ရဲ့ရှုတ်ချနိုင်ပါသည်။ ဒါပေမယ့် သေချာတာတစ်ခုကတော့ သူ့ကို ဥပေက္ခာပြုလျစ်လျူရှုပစ်လိုက်၍ မရခြင်းပင်ဖြစ်၏။

သူ အသက်ရှင်နေသမျှကာလပတ်လုံး တစ်ခုတည်းသော ယုံကြည်မျှော်မှန်းချက်အနေဖြင့် –

'သူ့တိုင်းပြည်ကို ပြည်သူတွေလက်ထဲ နှင်းအပ်၍ သူ့ပြည်သူတွေကိုလည်း တိုင်းပြည်ကို ထိုက်ထိုက်တန်တန်စီမံအုပ်ချုပ်စေပြီး၊ ထိုသို့ စီမံအုပ်ချုပ်ဖို့လည်း လိုလားနှစ်သက်နေစေရမည်' ဟူသောအချက်ကို မယိုင်မလဲသစ္စာစောင့်သိခဲ့သူ။

သူ့အား အနည်းနှင့်အများ မလေးစားဘဲနေနိုင်သူ ဟူ၍ တစ်ယောက်မျှ ကျွန်တော် မမြင်မိ။

ထိုသူ၏အမည်မှာ စတာလင်။ ဂျိုးဇက်စတာလင် ဖြစ်ပါ၏။ ဒါက စင်စစ်တော့ သူ့နာမည်ရင်း မဟုတ်ပါ။ သူ့နာမည်အရင်းကား အိုင်ဆစ်ဖ် ဗစ်ဆာရီယန်နိုဗစ်ချ် ဇူဂက်ရှ်ဗီလီ ပါပေတည်း။

စတာလင်ကို ရုရှားရေနံတွင်းများအနီး တောင်ကြားတစ်ခုကိုမျက်နှာမူထား၍ ၁ လလျှင် ၆ သျှီလင် (၁ ဒေါ် ၂ ပဲနီခွဲ) ပေးရသော တဲကုပ်ကလေး၌ ၁၈၇၉ ခုနှစ်တွင် မွေးဖွားခဲ့၏။

စတာလင်သည် ပင်လယ်နက်နှင့် ကက်စပီယန်ပင်လယ်တို့အကြားရှိ ဂျော်ဂျီယာနယ်မှ လာခဲ့သူလည်း ဖြစ်၏။ ဂျော်ဂျီယာနယ်သားများသည် ကိုယ်ပိုင်ဘာသာစကားပြောနေခဲ့ကြသည့်တိုင်အောင် သူတို့၏ပိုင်နက်နယ်မြေမှာ ရုရှားအစိတ်အပိုင်းအဖြစ် အနှစ် ၁၄၀ တိုင် သတ်မှတ်ခံခဲ့ရ၏။

စတာလင်က အသက် ၂၀ အထိ ဂျော်ဂျီယာစကားပြောဆိုခဲ့သည်။ ထိုစကားမှာ အင်္ဂလိပ်စကားနှင့် ဗပိန်စကားကွဲပြားသလို၊ ရုရှားစကားနှင့် ကွဲပြားခြားနား၏။





ဇာဘုရင် ဒုတိယမြောက်အလက်ဇန္ဒားသည် ရုရှားပြည်တစ်ဝန်းမှ မြေဝယ်ကျွန်စနစ်ကို ဖျက်သိမ်းခဲ့ရာတွင် အမေရိကန်၌ ငွေဝယ်ကျွန်စနစ် ပယ်ဖျက်ခဲ့ခြင်းထက် ၃ နှစ် စော၏။

ဂျိုးဇက်စတာလင်ပေါက်စလေးကို ၁၈၇၉ ခုနှစ်၌ ဖွားမြင်သောအခါ သူ့အမေနှင့်အဖေလည်း ကျွန်ဘဝမှ လွတ်မြောက်ခဲ့ချေပြီ။ ထိုသို့ လွတ်မြောက်ခဲ့ရာမှ သူတို့၏ဝမ်းရေးအတွက် အဝတ်လျှော်၊ ဖိနပ်ချုပ်အလုပ်ကို လုပ်ကိုင်စားသောက်ခွင့် ရခဲ့ကြသည်။

ကဲ–ဇာဘုရင် အနှစ် ၅၀၀ တိုင်အုပ်ချုပ်ခဲ့သော ရုရှားပြည်ကြီးတစ်ခုလုံးတွင် ဂျိုးဇက်စတာလင်က သက်ဦးဆံပိုင် တစ်ချက်လွှတ်အာဏာဖြင့် ပိုင်စိုးသူဖြစ်အောင် ဘယ်လို လုပ်ဆောင်ခဲ့သလဲဆိုတာ ကြည့်ကြရအောင်။

တစ်နည်းအားဖြင့် အိုင်ဆစ်ဖ် ဗစ်ဆာရီယန်နိုဗစ်ချ် ဇူဂက်ရှ် ဗီလီ ဘဝမှ ကမ္ဘာပေါ်တွင် ထိပ်တန်းအာဏာပိုင်တစ်ယောက်ဖြစ်သော ဂျိုးဇက်စတာလင်အဖြစ်သို့ ဘယ်ပုံဘယ်နည်း ရောက်ခဲ့ပါသလဲ လို့ ခြေရာကောက် ဖော်ထုတ်ကြည့်ကြပါစို့ရဲ့။

ပထမ စစချင်း သူသည် ခရစ္စဆင်းရဲသံသရာမှ ထွက်မြောက်ရာ ပတ်ဝန်းကျင်ကောင်းကို ပို့ဆောင်ပေးနိုင်ခဲ့သည်အထိ ပညာတတ်မြောက်ပြီး၊ ထိုပညာက သူ့ကို အမြင်ကျယ်စေခဲ့၏။ မြင့်မားသောရည်မှန်းချက်တွေ ပေးစွမ်းနိုင်ခဲ့၏။

စင်စစ် စတာလင်၏အဖေက သူ့သားကို ဖိနပ်ချုပ်သမား ဖြစ်စေချင်သည်။ ဒါပေမယ့် သူ့မိခင်ကြီးက မိခင်တိုင်းမက်နေကျ အိပ်မက်တွေကို မက်ခဲ့၏။

စာတစ်လုံးမျှမသင်ခဲ့ရဘဲ လူမွေးမပြောင် ကျွန်ရောင်တောက်သောကျွန်မျိုးအဖြစ် ကျွန်စနစ်အောက်၌ မွေးဖွားခဲ့ရရှာသော အမျိုးသမီးကြီး။ အခစား အဝတ်လျှော်ဖို့နှင့် စက်ချုပ်ဖို့သာတတ်ခဲ့သော ထိုအမျိုးသမီးကြီးသည် သူ၏ ရင်နှစ်သည်းချာသားလူရတနာကို သူ့လက်ရှိဘဝထက် အဆပေါင်းများစွာသာ၍၊ ရွှန်းလက်တောက်ပ လှပကောင်းမွန်သောကမ္ဘာသို့ အရောက်ပို့ထားချင်ခဲ့သည်။

လူနေချို့ကြား စိတ်နေဘုံမြင့် ဆိုသလို သားတော်မောင်အတွက် မျှော်လင့်ချက်ကြီးတစ်ခွဲသားနှင့် အားထားခဲ့သည်။ ထို့ကြောင့်လည်း ရုရှားအော်သိုဒေါ့က္ခ

ဘုရားကျောင်းသို့ ကြိမ်ဖန်များစွာသွားကာ သူတော်စင်ရုပ်ထုများရှေ့တွင် စီးထွေထွေဖြင့်ဒူးထောက်လျက် သူ့သားကလေး အိုင်ဆစ်ဖ်တစ်ယောက် ဘုန်းတော်ကြီးဖြစ်စေရန် ဆုပန်တောင်းခဲ့မိရှာ၏။

သူက အလုပ်တွေ ဘယ်လောက်ပဲပင်ပန်းပင်ပန်း၊ ဆင်းရဲဒုက္ခ ဘယ်မျှပင်တာရှည်ပါစေ။ ဂရုမစိုက်ပါ။ သူ အသေအလဲအလုပ်လုပ်နေသည်မှာ မြင့်မားသောရည်ရွယ်ချက်နှင့် အကြောင်းရင်း တစ်ခုတည်းသာရှိခဲ့၏။

သို့ဖြင့် ကံအားလျော်စွာပင် သူ့သားကလေးကို တစ်ဖလစ်စ်ရှိ ခရစ်ယာန်ကျမ်းစာသင်ကျောင်းသို့ အခမဲ့ပညာသင်ခွင့်ရအောင် ကြံဆောင်လိုက်နိုင်သည်။ စတာလင်သည် ထိုဘုန်းကြီးဖြစ်ကျောင်း၌ ၇ နှစ်တိုင် ပညာသင်ခဲ့ရ၏။ ထိုမှ ၁၅ နှစ်သားအရွယ်ရောက်ခဲ့သော တစ်နေ့တော့ သူ့ဘဝကို ပြောင်းလဲပစ်မည့် အဖြစ်တစ်ရပ် ဖြစ်ပေါ်လာ၏။

ထိုဖြစ်ရပ်က သူ့ဘာသာသူဆိုလျှင် သာမန်အနေဖြင့် ဘာမျှမထူးခြားလှသည့်တိုင်၊ တစ်နေ့တစ်ချိန်တွင် ကမ္ဘာကြီးကိုလှုပ်ခါပစ်လိုက်မည့်အထိ ပွဲတင်လှိုင်းတွေ ရိုက်ခတ်သွားစေတာကတော့ အမှန်။

အဖြစ်ကတော့ ဒီလို။ စတာလင့်လက်ထဲသို့ အခြားအခြားရေးသားထုတ်ဝေခဲ့ပြီးသမျှသော ဘာသာရေးမဟုတ်သည့် စာအုပ်များထက် ကမ္ဘာ့သမိုင်းကို ထူးထူးခြားခြားပြောင်းလဲပစ်နိုင်စွမ်းရှိသည့် စာအုပ်တစ်အုပ် ရောက်ရှိသွားခြင်းပင်ဖြစ်ပါ၏။ ထိုစာအုပ်ကား ကားလ်မတ်စ်၏ "အရင်းကျမ်း" သို့မဟုတ် "နိုင်ငံရေးဘောဂဗေဒကို ဝေဖန်သုံးသပ်ချက် စာတမ်းကြီး" ပါပေတည်း။

စတာလင်လည်း ယင်းစာအုပ်ကိုဖတ်ပြီး စိတ်တက်ကြွလာရာမှ ကားလ်မတ်စ်၏ နောက်လိုက်တပည့်ဘဝသို့ နေ့ချင်းညချင်း အရည်အချင်းပြည့် ရောက်ခဲ့ရပါလေတော့သည်။ သူသည် စိတ်ထက်သန်လွန်းမက ထက်သန်လာရသည့်အဆုံးလူ့လောကကြီးကောင်းစားရေးအတွက် တိုက်ပွဲဝင်ရန် သူ့ဘဝကို မြုပ်နှံစတေးဖို့အထိ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်မိသည်။

သူက ရုရှားလယ်သမားတွေ သန်းပေါင်း ၁၀ ဂဏန်းချီ၍ နစ်မွန်းနေရသော ထိတ်လန့်ကြောက်မက်ဖွယ် ဆင်းရဲတွင်းနက်နေရသည့်အဖြစ်ကို ရှန်းထွက်တော်လှန်ဖို့ ကြံဆခဲ့ပါပြီ။





သူတို့တစ်တွေ၏ဆင်းရဲချက်က အဆုံးစွန်လွန်ကဲ၍ ကျွန်တော်တို့အနေဖြင့် စဉ်းတောင်မစဉ်းစားဝံ့စရာ။ ရုရှားလယ်သမားအများစုမှာ ဆားကိုမျှ ငန်ငန်မခတ်စားနိုင်အောင် မွဲပြာကျနေရသည့်ဘဝ။

စတာလင်ကတော့ လယ်သမားနှင့် အလုပ်သမားတို့၏ ဘဝအခြေအနေ တိုးတက်ဖို့ တစ်ခုတည်းသောနည်းလမ်းမှာ တော်လှန်ရန်ပင်ဖြစ်သည်ဟု ယုံကြည်ခဲ့၏။ တော်လှန်ရေးအတွက် တက်ကြွသော သူ၏လှုပ်ရှားမှုများကြောင့် စတာလင်သည် ဘုန်းကြီးဖြစ်သင်ကျောင်းမှ အထုတ်ခံခဲ့ရ၏။

သူသည် ရာစုနှစ် တစ်စိတ်စာလောက်ကို သူ့စိတ်ကူးအကြံ အောင်မြင်ရေးအတွက် မမောနိုင်မပန်းနိုင်လုပ်ဆောင်ခဲ့သည်။ သူ့ခမျာ အမဲလိုက်ခံရသောတိရစ္ဆာန်တစ်ကောင်နှင့်မခြား ပြေးလွှားပုန်းရှောင်၍ နေခဲ့ရ၏။ နှစ်နှင့်ချီပြီး အိုးမဲ့အိမ်မဲ့ဖြစ်ရ၏။ ရက်သတ္တပတ်ပေါင်းများစွာ ဟိုပုန်းဒီပုန်းနှင့် ကြုံသလို အိပ်ခဲ့ရ၏။

သူ၏စိတ်ကူးယဉ်မှုအတွက် ထောင် ၈ နှစ်လည်း ကျခဲ့ရသေးသည်။ သို့လင့်ကစား သူကား ရွေးမှု မဖြုံ။ မကုန်မလှုပ် နောက်မဆုတ်ခဲ့။

ခက်ထန်ကြမ်းကြုတ်လှသော ထိုနှစ်များအတွင်း ပြေးလိုက် ရှောင်လိုက် ဖမ်းမိလိုက်နှင့်ကြားထဲက ရဲရဲတောက်မိန့်ခွန်းတွေ မပြတ်ခြွေခဲ့ပြီး စိန့်ပီတာစဘတ်ထောင်၏အကျဉ်းခန်းတစ်ခုထဲမှာ တော်လှန်ရေးသတင်းစာတစ်စောင်ကိုပင် တည်းဖြတ်ပေးလိုက်ပါသေး၏။

စတာလင်သည် သူ၏ တစ်ကိုယ်ရေ လွတ်လပ်ခွင့်ကိုသာမက ဘဝတစ်ခုလုံးနှင့် အသက်ကိုပါ နှစ်ရှည်လများ စွန့်လွှတ်စွန့်စားခဲ့သော တကယ့်တော်လှန်ရေးသမားအစစ် ဖြစ်ခဲ့သည်။ •

၁၉၀၅ ခုနှစ်။ တော်လှန်ရေးအရေးနိမ့်ပြီးနောက် လီနင်နှင့် ထရော့စကီတို့သည် လည်ပင်း ကြိုးကွင်းစွပ်ခံရမည့်ဘေးမှလွတ်အောင် ဆွစ်ဇာလန်သို့ အလုအယက်ပြေးခဲ့ကြ၏။

ဂျိုးဇက်စတာလင်ကတော့ မပြေး။ ပြေးဖို့လည်း မစဉ်းစား။ ရုရှားပြည်တွင်းမှာသာ ပေကပ်နေခဲ့ရာမှ ဖမ်းမိလိုက်လျှင် နံရံတွင်မျက်နှာအပ်ပြီး မသေမချင်း ပစ်သတ်ခံရမည့်အန္တရာယ်ကို မမှုဘဲ၊ ဓာတုရင်နှင့် ပုလိပ်တွေကို ကလန်ကဆန်တုခဲ့သေးသည်။

လီနင်ကတော့ ပြည်ပြေးဘဝမှ သူ၏ လှို့ဆော်ဝါဒဖြန့် ဆောင်းပါးတွေကို ဒီးကရက်စက္ကူများပေါ်တွင် ရေးသားလျက်၊ သွပ်ဘူးတွေထဲထည့်၍ ဝိုင်အရက်စည်တွေထဲဝှက်ကာ ရုရှားနိုင်ငံအတွင်းသို့ ခိုးသွင်းခဲ့သည်။ စတာလင်က ထိုဆောင်းပါးများကို သူ၏ မြေအောက်သတင်းစာတွင် ပုံနှိပ်ဖော်ပြခဲ့၏။

စတာလင်သည် ဆိုက်ဘေးရီးယားနယ်သို့ ၆ ကြိမ်တိုင်တိုင် အပို့ခံရပြီး၊ ၅ ကြိမ်တိတိ ထွက်ပြေးလွတ်မြောက်ခဲ့ကာ သူ၏ တော်လှန်ရေးလုပ်ငန်းတွေကို ပုံမှန်ဆက်လက်လှုပ်ရှားခဲ့သည်။

အကျဉ်းထောင်သံတိုင်များ၊ ကြာပွတ်များနှင့် သေမင်း၏ သွားဖြဲခြောက်လှန့်မှုများ။ ဘာတစ်ခုမျှ စတာလင်ကို နောက်တွန့်ရှောင်ဖယ်သွားအောင် မစွမ်းနိုင်ခဲ့ချေ။ သူ့နိုင်ငံ၏ သက်ဦးဆံပိုင်ဘုရင်အစိုးရကို ဖြုတ်ချရေး၊ ပြည်သူတွေကို မြေယာများ အပိုင်ပေးပြီး ချမ်းသာစေရေးတို့အတွက် အရှိန်အဟုန်ပြင်းထန်စွာ တိုးမြှင့်စေခဲ့၏။

နောက်ဆုံးအကြိမ် ၆ ကြိမ်မြောက်အဖြစ် ဇာဘုရင့်ပုလိပ်တွေက စတာလင်ကို လက်ရဖမ်းမိလိုက်ရာမှ သက်ညှာခွင့် လုံးဝမပေးတော့ပါ။ သူ့ကို အစောင့် ၂ ဦးညှပ်၍ ၁၀ ယောက်မှာ ၁ ယောက်သာ အသက်ရှင်လျက်ပြန်လာနိုင်သော နေရာသို့ ပို့ပစ်လိုက်တော့သည်။

ထိုနေရာကား အာတိတ်စက်ဝိုင်းမှ တောင်ဘက် ၁၈ မိုင်မျှသာ ကွာဝေးလျက် ဆိုက်ဘေးရီးယားဒေသအတွင်း၌တည်ရှိသော ရေခဲတွေဖုံးနေသည့် တဲကလေး ၃ လုံးသာ ဖြစ်ပါ၏။

ထိုနေရာ၌ အကျဉ်းထောင်ဆောက်ထားရန်လည်း မလိုပါ။ အကယ်၍ စတာလင် ထွက်ပြေးဖို့ ကြိုးစားမည်ဆိုပါကလည်း အအေးဒဏ်နှင့် အစာရေစာပြတ်ပြီး သေပွဲဝင်ရဖို့သာ ရှိ၏။ သူ့ခမျာ ဆိုက်ဘေးရီးယား လှင်တီးခေါင်ကြီးထဲက ကြောက်စရာကျတ်တွင်းထဲတွင် ၄ နှစ်တိုင် အငတ်ငတ်အပြတ်ပြတ် နေခဲ့ရ၏။

ထိုဒေသတွင် အစာအာဟာရရှားပါးလွန်းသဖြင့် ရုရှားတွေက "ရေခဲကန္တာရထဲမှာ ကြမ်းပိုးတောင် စားစရာအဖြစ်ကမလွတ်ဘူး မှတ်လိုက်" ဟု ဆိုရိုးပြုခဲ့ကြသည်။

သူ့အဖို့ မီးထိုးဖို့ ထင်းလိုချင်လျှင်လည်း တောထဲသွားပြီး ကိုယ်တိုင်ခုတ်ရ၏။ အေးလွန်းလှသောကြောင့် စာလည်း မဖတ်နိုင်။ ဘာကိုမျှ မလေ့လာနိုင်။ သွေးခဲပြီး





သေမသွားအောင်သာ အလုပ်ကြမ်းတွေ နင်းလုပ်နေခဲ့ရသည်။ သူ့အခြေအနေမှာ မျှော်လင့်ချက်ကင်းမဲ့နေသည့်ကြားက စတာလင်ကား အားမလျှော့ အညှိုးမခံခဲ့။ တစ်နေ့နေ့တစ်ချိန်ချိန် တစ်နည်းနည်းဖြင့် သူ လွတ်မြောက်ခွင့်ရမှာပဲလို့ ယုံကြည်ထားခဲ့၏။

၁၉၁၇ ခုနှစ် တော်လှန်ရေးကြီးနှင့်အတူ သူ တကယ်ပဲ လွတ်မြောက်ခဲ့ရ၏။ ငရဲခံအကျဉ်းသားဘဝမှ သူ့ကို လွတ်ပေးလိုက်ခြင်းကြောင့်ပင်တည်း။

စတာလင်ဆိုသောအမည်သည် "သံမဏိ" ဟု အဓိပ္ပာယ်ရသော ရုရှားစကား "စတားလ်"မှ ဆင်းသက်လာခြင်းဖြစ်သလို၊ သူ့စိတ်ဓာတ်ကလည်း အေးစက်မာကြောသော သံမဏိပြားအလား ချိုးမရဖွဲ့မရနှင့် သံမဏိအစစ်က "အဖေ"ခေါ်ရလောက်သည်။ ထို့ကြောင့် "စတာလင်" ဟု ခေါ်၏။

ဇာဘုရင်အစိုးရကို ဖြုတ်ချသည်အထိ ခွဲနပဲနှင့် ထိုတော်လှန်ရေး ကာလအတွင်း ဘော်ရှီဗစ်ပါတီကို မပြိုကွဲအောင် စည်းလုံးပေးခဲ့သူများအနက် အခြားလူများထက် စတာလင်က ခေါင်းတစ်လုံးသာခဲ့သည် ဆိုရမည်။

စတာလင်သည် အိမ်ထောင် ၂ ခါ ပြုခဲ့၏။

သူ၏ပထမဇနီး ကက်သရင်းသည် ငယ်ရွယ်နုပျို၍ ပညာ အနည်းငယ်သာ တတ်ရှာ၏။ သူမက သူ့ကို သားတစ်ယောက် မွေးပေးခဲ့၏။ သူတို့၏ အိမ်ထောင်ရေးဘဝမှာ နှလုံးတုန်ရင်ခုန်စရာ ကောင်းလှပါဘိ။ စတာလင်မှာ တော်လှန်ရေးသမားပီပီ ပုလိပ်တွေနှင့် လိုက်တမ်းပြေးတမ်း အမြဲ ကစားနေရသည်။ သူ့ခမျာ အိမ်မှာ အေးအေးလူလူနေရတယ် မရှိ။ နေရပြန်တော့လည်း ရက်ပိုင်းကလေးမျှသာ။ ပြီးတော့ အမှောင်ထဲသို့ လှစ်ခနဲ ကိုယ်ရောင်ဖျောက် ပြေးနေရစမြဲ။ သူတို့လက်ထပ်ပြီး ၄ နှစ်အကြာတွင် ကက်သရင်းတစ်ယောက် အဆုပ်နာဖြင့် ကွယ်လွန်သွားရှာသည်။

စတာလင်သည် အသက် ၄၀ နားကပ်သည်အထိ နောက်အိမ်ထောင် မပြုခဲ့။ ထို့နောက် သူ့ထက် အသက်တစ်ဝက်ခန့်ငယ်သော ၁၇ နှစ်သမီးကလေးနှင့် ယူခဲ့၏။ သူမမှာလည်း သွေးအဆိပ်သင့်ရောဂါကြောင့် တိမ်းပါးသွားခဲ့ရပြန်သည်။ ဒုတိယဇနီးသည်ကလေးက စတာလင့်အား သားတစ်ယောက်၊ သမီးတစ်ယောက် မွေးပေးခဲ့၏။

သူ့သား ၂ ယောက်စလုံးသည် စစ်အတွင်းက ရုရှားလက်နက်ကိုင်တပ်ဖွဲ့များတွင် ဝင်ရောက်အမှုထမ်းခဲ့ကြ၏။ သားအကြီးက အမြောက်တပ်အရာရှိတစ်ယောက် ဖြစ်ပြီး၊ သားအငယ်မှာ လေတပ်ထဲဝင်ခဲ့၍ သူရသတ္တိအတွက် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရခဲ့သည်။

ရုရှားနိုင်ငံ အထွတ်အထိပ်အာဏာကို ပိုင်စိုးခဲ့ရသူတစ်ဦးအနေဖြင့် သူသည် ဇာဘုရင်များ ၆၅ နှစ်တိုင်တိုင်စံမြန်းခဲ့ရာ တော်ဝင်နန်းတော်ကြီးအနီးတွင် နေထိုင်ခဲ့၏။

သူသာ ဆန္ဒရှိမည်ဆိုလျှင် ဧရာမနန်းတော်ဆောင်ကြီးများမှ ဂန္ဓဝင်ပန်းချီကားများနှင့် အဖိုးမဖြတ်နိုင်သောရွှေချည်ထိုးတင်းထိမ်များအလယ်၌ နေနိုင်သည်။ ဘုန်းတော်ကြီးမြတ်လှသည့် ဇာဘုရင် နားနေလျှောင်းစက်ခဲ့ရာ ဖဲမွေ့ရာပေါ်တွင် တက်အိပ်နိုင်ပါသည်။ သို့လင့်ကစား ဂျိုးဇက်စတာလင်သည် တစ်ချိန်က ဇာဘုရင်၏ကျွန်ယုံတော်တစ်ဦးနေထိုင်ခဲ့ရာ အခန်းငယ် ၄ ခန်းပါသော အဆောက်အဦးတစ်လုံးကိုသာ ရွေးချယ်ခဲ့၏။

သူ့အတွက် ခံဖွယ်ဘောဇဉ်များမှာ ကရင်မလင်စားဖိုဆောင်မှ ချက်ပြုတ်ပေးရပြီး၊ စစ်သည်တော်တစ်ယောက်က လာရောက်ကျွေးမွေးရသည်။ သို့သော် ထိုအစားအသောက်တွေမှာ ကရင်မလင်နန်းတော်ကြီး၌ အလုပ်လုပ်နေသူ အရာရှိပေါင်းများစွာကိုကျွေးသော အစာတွေနှင့် တစ်မျိုးတစ်စားတည်းသာ ဖြစ်၏။

စတာလင်သည် သူ့ကိုယ်သူ ထင်ထင်ပေါ်ပေါ် ပပလွှားလွှားနေလေ့ မရှိဘဲ၊ ဘယ်တော့မျှလည်း ဟန်နှင့်ပန်နှင့် လူလုံးပြဖို့ မကြိုးစားခဲ့ချေ။ ထိုကြောင့်ပင် မျက်နှာစိမ်းဧည့်သည်များ၏နှောင့်ယှက်မှုကို သူ မကြာခဏ ခံရ၏။

တိုင်းကြီးပြည်ကြီးများမှ သံတမန်ကြီးများပင် စတာလင်အား တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခြင်းမရှိဘဲ မော်စကိုတွင် နှစ်နှင့်ချီပြီး နေသွားရသည်ဟု အဆိုရှိ၏။

စတာလင်သည် ဝတ်ကောင်းစားလှတွေတော့ ကြိုက်၍ အရောင်ဖျော့ဖျော့ကလေးများကို အထူးတလည်ရက်လုပ်ပေးရ၏။ စတာလင်သည် အဝတ်အစားကို တစ်နေ့တစ်မျိုး မရိုးအောင်ဝတ်တတ်၍၊ ဘယ်တော့မျှ ထပ်သည်ရယ်လို့ မရှိ။ သူ့ချူးဖိနပ်တို့သည် အပြာနုရောင်ကလေးဖြစ်လျှင်၊ နက်ပြောင်နေသော





ဘွတ်ဖိနပ်ထဲတွင်သွင်းထားသော မြင်းစီးဘောင်းဘီမှာ ဆော်လမွန်ငါးအရောင်ပန်းနုသွေးကလေး ဖြစ်နေပါလိမ့်မည်။ နောက်တစ်ရက်ကျလျှင်တော့ ဘောင်းဘီကိုတခြားအရောင်ကလေး ပြောင်းဝတ်ပါလိမ့်မည်။ ဧည့်သည်များက စတာလင့်အား အံ့ချီးဖွယ်ရာစွမ်းဆောင်မှုများကို ချီးမွမ်းစကားဆိုကြလေတိုင်း သူက ပကတိအရိုးခံလေသံဖြင့် -

"ဟာဗျာ- အဲဒါဟာ ရှေ့ဆက် ကျုပ်တို့လုပ်ဖို့ကြံထားတဲ့ အလုပ်တွေနှင့်ယှဉ်ရင် ဘာမျှ မပြောပလောက်သေးပါဘူးလေ" တဲ့။

စတာလင်ကား ခွန်အားစွမ်းပကား ကြီးမားသူဖြစ်သည်နှင့်အမျှ သူလည်း မမှောက်မှားနိုင်သူမဟုတ်ကြောင်း သိနားလည်သောဉာဏ်,သတိ ရှိခဲ့၏။ သူတစ်ခါက ဤသို့ရေးဖူး၏။

'အဓိကအချက်က တစ်စုံတစ်ယောက်၏အမှားကို ကိုယ်ဝန်ခံရဲသော သတ္တိရှိဖို့နှင့် သူတို့ကို လမ်းမှန်ပေါ်ရောက်အောင် အချိန်တိုနိုင်သမျှ အတိုဆုံး ဆွဲခေါ်နိုင်သည့်စွမ်းအား ရှိဖို့ပင် ဖြစ်၏'

စတာလင်သည် တကယ့်စွမ်းအားရှင်တစ်ယောက် ဖြစ်သော်လည်း သူ့နည်းလမ်းတွေက တစ်ခါတစ်ခါကြမ်းတမ်းလှ၏။

ရုရှားတော်လှန်ရေးဖခင်ကြီး လီနင်ကပင် စတာလင်နှင့်ပတ်သက်၍ ပြောကြားရာတွင်

"ဒီစားဖိုမှူးကတော့ ရေလုံပြုတ်ဟင်းအိုးကို ထူးအောင်ချက်တော့မယ်" ဟု မှတ်ချက်ချခဲ့လေသတတ်။

ကောင်းပါပြီ။ ဒီ ရုရှားထမင်းချက်ကြီး ဂျိုးဇက်စတာလင်သာ ဟစ်တလာနှင့် သူ့နာဇီတပ်သားတွေအတွက် ဟင်းအိုးကို ကျွက်ကျွက်ဆူမီးကျွမ်းအောင် မကျိုချခဲ့မချက်ခဲ့ပါလျှင်၊ ဟစ်တလာကိုအနိုင်ရဖို့ မဟာမိတ်စစ်သည်တော်တွေ ဘယ်လောက်များ အစတေးခံရဦးမလဲ။ ခင်ဗျား တွက်ကြည့်နိုင်ပါသည်။

အမှန်စင်စစ် 'အာဏာရှင်' ဟု နာမည်ကြီးခဲ့သူ ဂျိုးဇက်စတာလင်က ရုရှားနိုင်ငံကို စေတနာသန့်သန့်ဖြင့်ကယ်တင်ဖို့ ကြံရွယ်ခဲ့ရင်းမှ ဒီမိုကရေစီနိုင်ငံများနှင့် ခင်ဗျားတို့ ကျွန်တော်တို့ကိုပါ ကယ်ဆယ်ရန် အပတ်တကုတ်ကြိုးစားခဲ့ခြင်းကြောင့်သာ ချမ်းသာရာရကြခြင်း ဖြစ်ပါသည်။

ဂျိုးဇက်စတာလင်၏ တပ်နီတော်များကသာ သူရဲကောင်းဆန်ဆန်စွန့်စား တိုက်ခိုက်မှု မပြုခဲ့ကြလျှင် ကျွန်တော်တို့ ဘယ်လိုအဖြစ်ဆိုးနှင့် ဘယ်ဘဝ ရောက်ရမည်ဆိုတာ တွေးရဲစရာပင်မရှိအောင် ကြောက်စရာကောင်းလှပါဘိ တော့သည်တကား။





# ချက်စတာ ဒဗလျူ နီမစ်ဇ်
# Chester W.Nimitz

**သင်္ဘောများ၊ ရန်သူများ၊ အမျိုးသမီးများအား**
**ဘယ်လို ထိန်းသိမ်းချုပ်ကိုင်ရမည်ကို နားလည်သူဖြစ်၏။**
**ပုလဲဆိပ်ကမ်း ငရဲကျပြီးနောက်**
**မစ်ဒ်ဝေးတိုက်ပွဲကြီးဖြင့် သွေးကြွေးပြန်ဆပ်ခဲ့သူ၊**
**ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်းဆိုတဲ့ လူစား။**

❐ ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ်သည် ကမ္ဘာ့အကြီးဆုံး စစ်သင်္ဘောအုပ်စု၏ ဦးစီးချုပ် ဖြစ်ခဲ့သလို၊ ပစိဖိတ်သမုဒ္ဒရာရေပိုင်နက်တစ်လွှား၏ ဗိုလ်ချုပ်ကြီးရာထူး ရခဲ့၏။

ပစိဖိတ်သမုဒ္ဒရာဧရိယာက လူမနေသောကျွန်းများအပါအဝင် ဆားငန် ရေပြင်ကြီးသည် အမေရိကန်ပြည်ထောင်စုထက် ၂၂ ဆကြီးမား၍ မြောက်အမေရိက၊ တောင်အမေရိက၊ ဥရောပ၊ အာရှ၊ အာဖရိက၊ သြစတြေးလျတိုက်အားလုံး ပေါင်းထက်ပင် အများကြီးပိုကျယ်ပါသေးသည်။

နီမစ်ဇ်သည် ရေတပ်စစ်ပွဲသမိုင်းတွင် အကြီးအကျယ်ဆုံးဖြစ်သော မစ်ဒ်ဝေး တိုက်ပွဲကြီး၌ အောင်ပွဲခံနိုင်ခဲ့၏။

သူသည် ပုလဲဆိပ်ကမ်း ဗုံးကြဲခံရပြီး ၂၄ ရက်အကြာ ၁၉၄၁ ခုနှစ်ကုန်ရက် ဒီဇင်ဘာ ၃၁ ရက်မှစ၍ ပစိဖိတ်စစ်သင်္ဘောတပ်မဟာကို ကွပ်ကဲညွှန်ကြားခဲ့ပြီး အနိုင်တိုက်ခဲ့ခြင်းဖြစ်၏။

သူ့အဖို့ အမေရိကန်ပြည်ထောင်စု ရေတပ်အရာရှိတစ်ဦးအနေဖြင့် ကြေကွဲစရာအကောင်းဆုံးအခြေအနေနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည်။ တစ်နည်းအားဖြင့် ပုလဲဆိပ်ကမ်းဖျက်ဆီးခံရမှုမှာ အမေရိကန် ရေတပ်သမိုင်းတွင် အဆိုးဝါးဆုံး ထိခိုက်ချေမှုန်းခံခဲ့ရခြင်းဆိုလည်း မှန်သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက် တနင်္ဂနွေနေ့မနက် ၈ နာရီမထိုးခင် ၅ မိနစ်အလို၌ သူတို့၏ ပစိဖိတ်ရေတပ်အုပ်စု၌ စစ်သင်္ဘောကြီး ၈ စင်း ရှိခဲ့၏။ နောက် ၂ နာရီကြာအတွင်းမှ ထို စစ်သင်္ဘောကြီးများထဲမှ ၅ စင်းမှ ဗုံးကြဲခံရသည့်ဒဏ်ကြောင့် ရေအောက်သို့ စုန်းစုန်းမြုပ်သွားရတော့၏။ ထို ၅ စင်းထဲတွင် ရေတပ် ဗိုလ်ချုပ်ကြီးနီမစ်ဇ်၏ အလံတင်သင်္ဘောအိုကြီး 'အရီဇိုးနား' လည်း ပါသွားသည်။ ကျန်စစ်သင်္ဘော ၃ စင်းမှာလည်း မြင်မကောင်းရှုမကောင်း လုံးလုံးနီးပါး ပျက်စီးခဲ့ရပြီး၊ မိခင်နိုင်ငံသို့ ပြုပြင်ရန် ပြန်ပို့ရမည့်အခြေသို့ ဆိုက်ခဲ့ရ၏။

ထိုဖြစ်ရပ်က သာမန်အတိုက်ခံရတာထက် အဆုံးအရှုံးကြီးမားလှသည်။ ရောမ အထိနာမှုမျိုးဖြင့် အဆမတန်ပျက်စီးခဲ့ရသည်။ အမေရိကန်တွေ ဒါကို သိသည်။ ဂျပန်တွေလည်း သိသည်။ ဂျပန်တွေက အမေရိကန်ရေတပ်မတော်မှာ စစ်သင်္ဘောများ၊ လေယာဉ်များ၊ လေယာဉ်ပစ်အမြောက်များ၊ ရေငုပ်သင်္ဘောများ၊ ခဲယမ်းမီးကျောက် အပါအဝင် အစစအရာရာ အင်အားနည်းပါးသွားတာကိုလည်း သိသည်။

ဒါပေမယ့် ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီးနောက်ပိုင်းတွင် ပစိဖိတ်ဒေသတစ်ဝှမ်းလုံးကိုကာကွယ်ရန် တိုက်လေယာဉ် ၁၇၆ စင်း အမေရိကန်တို့လက်ထဲ၌ ကျန်သေးကြောင်း။ သည်အဖြစ်က ဂျပန်များကို အံ့အားသင့်သွားစေခဲ့သည်။

အမေရိကန်များကလည်း သူတို့အင်အား ချည့်နဲ့နေစဉ် ဂျပန်တွေဘက်က အမြန်ဆုံးထပ်တိုက်လိမ့်မည်ဟု သိနားလည်ထားကြ၏။

ထိုသို့သော ၂ ဖက်အခြေအနေများကို သမ္မတကြီးရုစဗဲ့က သိရှိပြီး၊ ဂျပန်များနှင့် ဖြစ်ပွားနေသောစစ်ပွဲကြီးတွင် သူတို့အနိုင်ရရေးမှာ ပုလဲဆိပ်ကမ်းသို့ လူတော်လူကောင်းတစ်ယောက် အမြန်ပို့လွှတ်ရေးအပေါ် အဓိကမူတည်နေကြောင်း။

ထို့ကြောင့်လည်း ရေတပ်ဗိုလ်ချုပ်ကြီး ချက်စတာ ဒဗလျူ နီမစ်ဇ်ကို သူ ရွေးချယ်လိုက်တော့၏။





ဝါရှင်တန်မှ ပုလဲဆိပ်ကမ်းသို့ ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ် သွားရသော ခရီးစဉ်မှာ စွန့်စားခန်းဝတ္ထုတစ်ပုဒ် ဆန်လှပါဘိ။

ဂျပန်တို့၏လက်ချက်ကြောင့် အိုးရ လျှို့ဝှက်စာရွက်စာတမ်းများ၊ ရေတပ်မှ ဆုံးရှုံးပျက်စီးမှုကို ဖော်ပြထားသောစာရင်းများကို သူက သယ်ဆောင်သွားရ၏။

ဂျပန်ထောက်လှမ်းရေးများသည် ထိုလျှို့ဝှက်အစီရင်ခံစာများကို ရယူနိုင်ရေးအတွက် တတ်နိုင်လျှင် သယ်ဆောင်လာသူနီမစ်ဇ်ကို လုပ်ကြံသတ်ဖြတ်လိမ့်မည်ဟု အမေရိကန်အစိုးရအနေဖြင့် နားလည်ခဲ့ကြသည်။

သို့ဖြင့် ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ်သည် ဝါရှင်တန်မှ ကာလီဖိုးနီးယားသို့ 'မစ္စတာဝိန်းရိုက်' ဟူသော အမည်ပါ မှတ်ပုံတင်အတုဖြင့် သွားခဲ့ရ၏။ တစ်ချိန်တည်း ၌ ဝိဝိရိရိပိုဖြစ်အောင် သူ့နဂိုရုပ်ကိုဖျက်၍ ရေတပ်ယူနီဖောင်းအစား အရပ်ဝတ်အရပ်စားများကို ဝတ်ခဲ့ရ၏။ စိတ်ကူးယဉ်ဝတ္ထုထဲက စုံထောက်များအတိုင်းလည်း လျှို့ဝှက်စာရွက်စာတမ်းများကို သူ့လက်ဆွဲအိတ်ထဲမှာ မထည့်ဘဲ သူ့ဇနီးသည်ကိုင်သော ပတ္တူအိတ်အဟောင်းကြီးထဲမှာ ထည့်ယူလာစေသည်။

သမ္မတကြီးရုစဗဲ့က ပုလဲဆိပ်ကမ်းတိုက်ပွဲအပြီး ပစိဖိတ်ရေတပ်အုပ်စုကို ကြီးမှူးယူရန် သူ့ထက်ရာထူးကြီးသော အခြားအခြား ရေတပ်အရာရှိကြီးတွေကို ကျော်၍ ဗိုလ်ချုပ်နီမစ်ဇ်ကို ဘာဖြစ်လို့ တာဝန်ပေးခဲ့ရပါသနည်း။

တကယ် သူ့အဆင့်က အလံတင်သင်္ဘောအရာရှိကြီး ၂၈ ယောက် အောက်မှာ ရှိနေခဲ့သည်။ သို့ပါလျက် သူ့ထက် စီနီယာကျသော ပစိဖိတ်ရေတပ်အုပ်စုကို သာမက ပစိဖိတ်သမုဒ္ဒရာလုံးဆိုင်ရာ ရေတပ်ဦးစီးချုပ် ဖြစ်ခဲ့ရ၏။

သူ့အဖို့ ထိုသို့ ရာထူးဂုဏ်သိန် အာဏာပါဝါ ကြီးမားလှသောအဆင့်ကို ပေးအပ်ခြင်းခံခဲ့ရသည်မှာ သူတွင် ထူးချွန်သောအရည်အချင်း ၄ ရပ် ရှိသောကြောင့် ပင်တည်း။

ပထမမှာ သူသည် ရေတပ်နှင့်ပတ်သက်သမျှသော ရေကြောင်းပညာ၊ စစ်ပညာများတွင် ဗဟုသုတကြွယ်ဝသလောက် အတွေ့အကြုံရင့်နေသူ ဖြစ်၏။

အန်နာပိုလစ်စ်ရေတပ်မိုလ် အကယ်ဒမီကျောင်းမှ ကျောင်းဆင်းပြီး နှစ်အနည်းငယ်အတွင်းမှာပင် စစ်သင်္ဘောတစ်စင်း၌ တာဝန်ထမ်းဆောင်ရန် လျှောက်ထားခဲ့သည်။ စစ်သင်္ဘောဆိုသည်မှာ ညှို့ဓာတ်ပါ၍ စိတ်ဝင်စားစရာ ဆွဲဆောင်မှုအားများသော လုပ်ငန်းတာဝန်တွေ ရှိနေသည်ကိုး။ သို့သော် သူ မျှော်လင့်ထားတာတွေနှင့် တကယ့်လက်တွေ့က ဆန့်ကျင်ဘက် ကွာခြားလွန်းလှ၏။

သူက နိုင်ငံ၏ ပထမဆုံး ရေငုပ်သင်္ဘောလက်ပေါင်းကြီးတစ်စီးတွင် တာဝန်ကျသွား၏။ သူ့စကားနှင့်ဆိုရသော် ထိုရေငုပ်သင်္ဘောမှာ -

“ဘီးတစ်ဘီးနှင့် ဂျူးလ်စ်ဘန်း၏ စိတ်ကူးယဉ်မှုကမ္ဘာကြားကို ဖြတ်သန်းသွားရသော ယာဉ်တစ်စင်းပင်”

သင်္ဘောက ဝေလငါးရုံတစ်ခုလိုပင် အနံ့ဆိုးတွေ ထောင်းထောင်းထနေ၏။ ဓာတ်ငွေ့နံ့တွေနှင့် ဘက်ထရီအိုးကျွမ်းလောင်မှု ညှော်နံ့တွေဖြင့်၊ မှိန်းတန်းလန်းနှင့် ဝေလငါးကြီးလို ရှန်းမလွတ်တမ်း ချောင်ပိတ်နေရာမှ ပွက်ပွက်ဆူနေသည့်အလား။ ထိုအနံ့ဆိုးတွေနှင့် အန္တရာယ်အပြည့်ရှိနေပါလျက် ချက်စတာ ဒဗလျူ နီမစ်ဇ်က မမှုသည့်အပြင် ရေငုပ်သင်္ဘောများအပေါ် စိတ်ဝင်စားတွယ်တာမှုတွေ တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးမားလာရသည်။

ဒီ တက်ဆက်စ်ငနဲကြီးသည် ၁၆ နှစ်သား ငနဲကလေးအရွယ်မှာမှ ဆားငံပင်လယ်ကြီးပြင်ကြီးကို မြင်ဖူးခဲ့သလို၊ ရေငုပ်သင်္ဘောတွေဆိုတာလည်း စစ်ရေးစစ်ရာတွင် ထိရောက်ထက်မြက်သောစွမ်းဆောင်ချက် ရှိလိမ့်မည်ဟု ယုံကြည်ခဲ့၏။ ဒါကြောင့်လည်း ရေငုပ်သင်္ဘောတွေကို အမှန်တကယ် ချစ်ခင်မြတ်နိုး တန်ဖိုးထားစိတ်တွေ တိုးပွားလာသည်နှင့်အမျှ ၁၉၁၃ ခုနှစ်၊ သူအသက်နှင့် ၂၇ နှစ်မှာပင် အတ္တလန္တိတ်ရှိ အမေရိကန် ရေငုပ်သင်္ဘောအုပ်စု၏ ဦးစီးမှူးဖြစ်လာခဲ့ရပြီး၊ ပထမကမ္ဘာစစ်တွင် ရေအောက်စစ်တပ်မှ ပါဝင်တိုက်ခိုက်ခဲ့သည်။

နောက်တော့ ရေတပ်နှင့်ပတ်သက်သမျှ လှုပ်ရှားမှုအမျိုးမျိုးကို ကြွယ်ဝသော အတွေ့အကြုံရရှိရေးအတွက် ခြေဆန့်လိုက်သည်။ ဥရောပ၌ ဒီဇယ်အင်ဂျင်တွေကိုလေ့လာခဲ့ပြီး၊ ပထမဆုံးဒီဇယ်အင်ဂျင်ကို အမေရိကန်ရေတပ်သင်္ဘောတစ်စင်း၌ တပ်ဆင်၍ အင်ဂျင်နီယာချုပ် လုပ်ခဲ့သည်။





သူသည် ရေငုပ်သင်္ဘောမှ စစ်သင်္ဘောအဆုံး အရွယ်ပမာဏအမျိုးမျိုးသော သင်္ဘောပေါင်းစုံ၌ တာဝန်ထမ်းဆောင်ခဲ့၏။ ထို့အပြင် သူ တာဝန်ကျသမျှနေရာတိုင်း၌ သူ၏ အေးစိတ်ကျကျ ပြည့်စုံကြွယ်ဝသော ပညာဗဟုသုတနှင့် အစွမ်းထက်မှုများကြောင့် လူအများ၏လေးစားခြင်းကို ခံရသည်။

အစဦးပိုင်းက သူ ဦးစီးသော ဖျက်သင်္ဘောအဒိုအပေါင်းကြီးမှာ ဝမ်းတစ်နေရာတွင် ရုတ်တရက်ပေါက်သွား၏။ ရေတွေက ရေစုပ်စက်မှ ထုတ်နိုင်သည်ထက် များပြားမြန်ဆန်စွာ စီးဝင်လာ၏။ အင်ဂျင်နီယာချုပ်က ကပ္ပတိန်ရှိရာ ပွဲစင်ပေါ်သို့ တုန်လှုပ်ချောက်ချားစွာ သတင်းပို့၏။

“သင်္ဘောမြုပ်တော့မယ်။ ကျွန်တော် ဘာလုပ်ရမလဲ”

နောက် ရေတပ်မိုလ်ချုပ်ကြီးဖြစ်လာမယ့် ကပ္ပတိန်နီမစ်ဇ်က ပွဲစင်ပေါ်တွင် ရပ်လျက် ပြန်ပြောလိုက်သည်။

“ဘာတန်ရဲ့ အင်ဂျင်နီယာလမ်းညွှန်စာမျက်နှာ ၈၄ မှာကြည့်။ ဒီအဖြစ်မျိုးကြုံလာရင် ဘာလုပ်ရမလဲဆိုတာ ရေးထားတယ်”

သင်္ဘောအင်ဂျင်နီယာကလည်း စာအုပ်ပြေးကြည့်သည်။ စာအုပ်ပါအတိုင်း လိုက်လုပ်သည်။ သင်္ဘောမြုပ်မည့်ဘေးမှ လွတ်သွားသည်။

ဒုတိယမှာ ရေတပ်မိုလ်ချုပ်ကြီးနီမစ်ဇ် အောင်မြင်မှုများ ရခဲ့ရခြင်းမှာ ဆားငန်ပင်လယ်ကြီးအတွင်း ပေါ်လောပေါ်နေသော အရာဝတ္ထုမှန်သမျှကို စိတ်ဝင်စားမှု ပြင်းပြခြင်းပင် ဖြစ်၏။ ဤနေရာတွင် သူကိုယ်တိုင် ပြောပိုင်ခွင့်ရှိမည် ထင်ပါသည်။ သူ ပြောဖူး၏။

“ကျွန်တော်ဟာ ကျရာတာဝန်တိုင်းကို နှစ်သက်ပါတယ်။ သဘောကျပါတယ်။ ဒါကလည်း ဘာကိစ္စမဆို တတ်နိုင်သလောက် ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး စိတ်ဝင်စားတတ်တဲ့ အချက်ကြောင့်ပဲလို့ ကျွန်တော် ယုံကြည်ပါတယ်”

တတိယမှာ ရေတပ်မိုလ်ချုပ်ကြီးနီမစ်ဇ်၏ ထက်မြက်ထူးကဲသော အရည်အသွေးကတော့ လူတွေကိုခေါင်းဆောင်ရာ၌ သူမတူအောင်ထူးချွန်ခြင်းပါပေတည်း။ သူက နေရာမရွေး၊ လူမရွေး တော်လျှင်တော်သလို ရက်ရက်ရောရော မြှောက်စားတတ်သဖြင့် လူတိုင်းကလည်း သူ့ကို ခေါင်းပေါ်တင်ထားကြ၏။ ရေတပ်မတော်၌

သူ့လောက် လူကြိုက်များ၍ လေးစားကြည်ညိုခံရသူရှိမယ်လို့ မရှိဟုပင် ပြောနိုင်ပါသည်။

ဖော့စတာဟောလီသည် ပစိဖိတ်ပင်လယ်ပြင်အတွင်း ၂ နှစ်ခန့် သွားရောက်လေ့လာဖူး၏။ သူက ရေတပ်အရာရှိပေါင်း ထောင်သောင်းများစွာနှင့်တွေ့ဆုံခဲ့ပြီး နယူးယောက်တိုင်းစ်သတင်းစာကြီးထဲတွင် ဆောင်းပါးတစ်ပုဒ်ရေးရာ၌ နီမစ်ဇ်အား လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ ရေတပ်ဗိုလ်ချုပ်ကြီးအနေဖြင့် လည်းကောင်း ဆန့်ကျင်အပြစ်တင် ဝေဖန်သည့်အရာရှိ ဟူ၍ တစ်ယောက်မျှပင် မရှိခဲ့ကြောင်း ပါဝင်ခဲ့၏။

ဖော့စတာ ဟောလီက ဆက်လက်ရေးသားခဲ့သည်မှာ -

'နီမစ်ဇ် ပင်လယ်ကြီးကို ကြီးစိုးအုပ်ချုပ်နေတဲ့အချိန်က သူနှင့်အတူ လက်တွဲခရီးထွက်ခဲ့ဖူးတဲ့ လူတွေအားလုံးက သူတို့ဟာ စိတ်ကျဉ်းကျပ်မှုတွေ တစ်စက်ကလေးမျှမခံစားရဘဲ သင်္ဘောတစ်စင်းလုံး အမြဲ ပျော်ရွှင်နေခဲ့ရပါတယ်' တဲ့။ ဒီ့အပြင် 'သူ့ရဲ့ ပျော့ပျောင်းညင်သာတဲ့ ညွှန်ကြားချက်တွေ၊ အမိန့်တွေကြောင့် သူတို့ရဲ့စွမ်းအားတွေ လျော့မသွားရဘဲ တိုးလို့သာ လာရပါတယ်'တဲ့။

စတုတ္ထမြောက်- ချက်စတာ ဒဗလျူ နီမစ်ဇ်၏စွမ်းရည်မှာ အကျပ်အတည်းကြုံရိုက်များတွင် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိခြင်းနှင့် တည်ငြိမ်သွေးအေးခြင်းများပင် ဖြစ်ပါသည်။

ပုလဲဆိပ်ကမ်းတွင် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခဲ့ပုံများက ထိုအချက်ကို ညွှန်းပြခဲ့၏။ သူ ပုလဲဆိပ်ကမ်းသို့ ရောက်လာသည့်အခါ စိုးရိမ်တကြီး ဖုတ်ပူမီးတိုက်ဖြစ်နေသော ကြည်းတပ်၊ ရေတပ်အရာရှိများက သူ့ရုံးခန်းထဲ အပြေးအလွှားဝင်သွားကြလင့်ကစား၊ အများစုကတော့ ပိုမိုအေးဆေးပြီး ယုံကြည်စိတ်ချစိတ်တွေ တဖွားဖွားဖြင့် အားတက်ခဲ့ကြရ၏။

တုန်လှုပ်ချောက်ချားပြီး ဆန္ဒစောနေသောသတင်းစာဆရာများက ရှေ့အစီအစဉ်များနှင့် စစ်ဆင်ရေးအခြေအနေများကို ဝိုင်းမေးကြရာ၌လည်း သူက လေအေးအေးကလေးဖြင့်ပင် -





''ဆရာတို့ရဲ့ မေးခွန်းတွေကို ဟောဒီ ဟာဝိုင်ယီဒေသတစ်ခွင်ရဲ့လက်သုံးဖြစ်တဲ့ ရှေးဟောင်းစကားပုံကလေးတစ်ခု ပြန်ပြောလိုက်ရုံနှင့် အကောင်းဆုံးဖြေလိုက်နိုင်ပါတယ်။ 'ဟူး မနား ဝါဟွီး' တဲ့။ အဓိပ္ပာယ်ကတော့ 'အချိန်ကတာဝန်ယူပါလိမ့်မယ်' တဲ့''

သူ့စကားအတိုင်း မှန်ခဲ့သည်။ ဂျပန်တွေကိုသာ မေးကြည့်။

ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ်မှာ ရယ်စရာဟာသနှင့် ပုံပြင်ဇာတ်လမ်းတွေ ပြောရာတွင် ဖြိုင်ဖက်ကင်းအောင် ပါရမီဉာဏ် ထက်သန်လှ၏။ ထိုအရည်အသွေးက ရောက်လေရာတွင် ထင်ပေါ်ကျော်ကြား လူချစ်လူခင်များစေ၏။

သူက ခင်ဗျားကို စစ်သင်္ဘောတစ်စင်းအား ဘာ့ကြောင့် 'သူမ' (she) ဟု ခေါ်ရသည့်အကြောင်းကို ယုတ္တိယုတ္တာမြောက်မြားစွာဖြင့် အဖြေပေးပါလိမ့်မည်။ ထိုအထဲမှ တစ်ခုအနေဖြင့်

''သူမကို ဆေးဆိုးပန်းရိုက် အလှပြင်ရတဲ့နေရာမှာ ပိုက်ဆံတွေပုံအောပြီး ကုန်ရလို့ပဲဗျာ''

ဒါမှမဟုတ် တခြားဥပမာအနေဖြင့် -

''သူမက လှိုင်းတံပိုးတွေရင်ခေါင်းပေါ်က ခွစီးရတာကို ပျော်လို့ဗျာ'' ဟူ၍ ဖြစ်ပါလိမ့်မည်။

သူ နောက်တန်းရောက် ဗိုလ်ချုပ်ကြီးဖြစ်လာသောအခါ သူ့ဇနီးက ဒီလိုမဟုတ်ကဟုတ်က လံကြုပ်ဇာတ်လမ်းတွေ ဆက်မပြောတော့ဖို့ ဟန့်တားခဲ့သည်။ တစ်ခဏတော့ တန့်သွားပါရဲ့။ ဒါပေမယ့်

တစ်နေ့ ဝါရှင်တန်၌ကျင်းပသော ကြက်ခြေနီသူနာပြုဆရာမများ၏ ညီလာခံသို့ သူ တက်ရောက်ရန် အကြောင်းဖန်လာ၏။ ထိုနေ့က နေပူပြင်းလှ၏။ သူနာပြုဆရာမတွေခမျာလည်း ရှည်လျားပေများပြီး ပျင်းခြောက်ခြောက်နိုင်လှသောမိန့်ခွန်းရှည်ကြီးတွေကို သည်းခံခွင့်လွှတ်နားဆင်ပြီးစ။

ဒီတော့ 'ချက်စတာနီမစ်ဇ်' အမည်ရှိ မျက်လုံးပြာပြာ၊ ငွေရောင်ဆံပင်တွေနှင့် နောက်တန်းဗိုလ်ချုပ်ကြီးက တိုတိုနှင့် ထိမိလှသော ပင်လယ်ပုံပြင်ကလေး

တစ်ပုဒ်ကို ထ,ပြောလိုက်ပြန်သည်ဆိုတော့ သူတို့ ဘယ်အထိ ပျော်သွားမလဲဆိုတာ မှန်းသာကြည့်ပါတော့။

မိန်းကလေးတွေက 'ထပ်ပြောပါဦး' လို့ တစ်ယောက်တစ်ပေါက် အော်ပြီး ပွဲတောင်းကြသည်။

သူလည်း နောက်တစ်ပုဒ် ထပ်ပြောရပြန်သည်။ ထိုအချိန်တွင် သူ့ကတော်ကြီးကလည်း သီးသန့်နေရာမှာ ထိုင်နားထောင်လျက်။

ကိုယ့်လူကြီး ပြောရင်းပြောရင်း လျှာတွေပြီး အရှိန်တက်သွားလျှင် ဘာတွေဆက်ပြောတော့မယ်ဆိုတာ သူမ သိ၏။ သို့နှင့်အမျှ ထိတ်ထိတ်ပျာပျာ အလန့်ထည့်က် ဖြစ်သွား၏။ သူမက ပုံပြောရပ်အောင် လှမ်း၍အချက်ပေးဖို့ ကြိုးစားနေ၏။

ကိုယ့်လူကြီး၏ ဒုတိယပုံပြင်လည်း လှလှပပ ချောချောမောမောပင် အဆုံးသတ်သွား၏။ သူ့ကတော်ကြီးက ဆက်ပြောလျှင်တော့ ထိုင်ရာက ထ,ဆွဲတော့မယ်ပေါ့။ တော်ပါသေးရဲ့။ ဘုရား 'မ' လို့။

ဗိုလ်ချုပ်ကြီး ဖြုန်းခနဲထိုင်ချလိုက်သည်။ သူ့ဟောပြောမှုက ပြီးသွားပြီလေ။

ကြက်ခြေနီညီလာခံတစ်ခုအနေဖြင့် တစ်ခါမျှ ဒီစကားမျိုး၊ ဒီဗဟုသုတမျိုး မကြားဖူးခဲ့ရသလို၊ သူတို့တစ်သက်နှင့်တစ်ကိုယ် အကောင်းဆုံး နားထောင်လိုက်ရခြင်း ဖြစ်ပါသည်။ သည်ကြားထဲမှာ သေချာတာကတော့ အထိရောက်ဆုံးနှင့် လူကြိုက်အများဆုံး၊ ပေါ်ပြူလာအဖြစ်ဆုံး၊ ဟောပြောချက် ဖြစ်ခဲ့ရခြင်းပါပေတည်း။

ရေတပ်ဗိုလ်ချုပ်ကြီးနီမစ်ဇ်ကား ဘယ်အခြေအနေပဲဆိုက်ဆိုက် မျက်နှာထားချိုသာ ယဉ်ကျေးမှုမှာ ရှိစမြဲ။

''မစ်ဒ်ဝေးတိုက်ပွဲကြီးတွင် ဂျပန်ရေတပ်အား သူ့ရေတပ်ဖြင့် ချေမှုန်းအနိုင်ယူခဲ့ပြီးနောက် ရေတပ်ဗိုလ်ချုပ်ကြီး အားနက်စ် ဂျေ-ကင်းနှင့် တွေ့ဆုံဆွေးနွေးရန် အနောက်ဘက်ကမ်းခြေသို့ ရေတပ်လေယာဉ်ဖြင့် အမြန်ပြန်ခဲ့သည်။ သူ့လေယာဉ်ပျံ ဆင်းသက်လိုက်ချိန်မှာတော့ သေလုနီးပါးအန္တရာယ်နှင့် ကြုံခဲ့ရတော့သည်။





ရေထဲမျောလာသော သစ်တုံးကြီးတစ်တုံး ရေယာဉ်ပျံဝမ်းကို ထိုးဖောက်ပြီး ရေယာဉ်ပျံကို ထောင်လျက်သား မြှောက်တင်လိုက်ရာမှ ရေထဲ ဝုန်းခနဲ ပြန်ကျသွားစေခြင်းပင် ဖြစ်၏။ တွဲဖက်လေယာဉ်မှူး ပွဲချင်းပြီးသေသွား၏။ အရာရှိ ၂ ယောက် ဒဏ်ရာအပြင်းအထန် ရခဲ့ရ၏။

ဗိုလ်ချုပ်နီမစ်ဇ်ကိုယ်တိုင်လည်း အနည်းငယ်ပွန်းပဲ့၍ ကိုယ်တွေလက်တွေ အောင့်သွားရ၏။ အသက်မသေကျန်ရစ်သူများကို ကမ်းသို့ ခေါ်ဆောင်ခဲ့ရာတွင် ဗိုလ်ချုပ်ကြီးနီမစ်ဇ်က မော်တော်ပေါ်တွင် ရပ်လျက်သား။ သူ့တစ်ကိုယ်လုံး ရေတွေရွှဲနစ်နေ၍ လူရုပ်ပင် မပေါ်။ မော်တော်တွင် အစောင့်ကျသူရေတပ်သားက သူဘယ်သူပါလိမ့်ဆိုတာ နည်းနည်းကလေးမျှ မရိပ်မိ။ ဒါကြောင့်လည်း လှမ်းအော်လိုက်သည်။

''ဟေ့လူ- ထိုင်စမ်း''

ပစိဖိတ်ရေတပ်မကြီး၏ အကြီးအမှူးဗိုလ်ချုပ်ကြီးကလည်း ကျိုးကျိုးနွံနွံ နာခံခဲ့၏။

သည်တော့မှ သင်္ဘောသားကလေးက ဂရုတစိုက် သေသေချာချာကြည့်မိ၏။ သူ့မျက်လုံးတွေ လင်းကွင်းလောက်ပြူးသွားရပါပြီ။ နှလုံးအစုံလည်း အခုန်ရပ်သွားသလိုလို။ ပြီးတော့ အထစ်ထစ်အငေါ့ ငေါ့ယောင်အအဖြင့် ခြေ သလုံးဖက်မတတ် တောင်းပန်တော့သည်။ ရေတပ်ဗိုလ်ချုပ်ကြီး ပြုံးလိုက်၏။ ထို့နောက်

''မင်းသေနတ်သာ လွတ်မကျစေနှင့်။ မြဲမြဲကိုင်ထား ရဲဘော်။ မင်း မှန်ပါတယ်ကွယ်''

ရေတပ်ဗိုလ်ချုပ်ကြီး ချက်စတာ ဒဗလျူ နီမစ်ဇ်သည် မိုးလင်းစာ မစားမီ နံနက်တိုင်း တစ်နာရီ လမ်းလျှောက်လေ့ရှိ၏။ တစ်ပတ်လျှင် တစ်ကြိမ် ရေကူး၏။ မြင်းခွာပစ်စွပ် ကစားတာလည်း ဝါသနာပါသည်။ တင်းနစ်စ်လည်း ကောင်းကောင်း ကစားနိုင်တုန်း ဖြစ်၏။ မနက်တိုင်း သူ့ရုံးခန်းနောက်ဘက်မှာ ပစ္စတို အချက် ၁ ဒါဇင်ခန့်ပစ်ပြီး လက်တည့်စမ်း လေ့ကျင့်တတ်သေးသည်။ အပြည့်အဝ အနားယူတတ်ခြင်းကလည်း သာမန်လူတစ်ယောက်ကို အနိုင်တိုက်နိုင်စွမ်းရှိဆဲ။

ညနေပိုင်းကျတော့ အကြာကြီး နေပူဆာလှုံရင်း တအောင့် အိပ်ပျော်သွားတတ်၏။ သို့သော် များသောအားဖြင့် နေပူဆာလှုံရင်းမှ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်တတ်၏။

ဝါကီကီတွင် ဘရိုတ်ကာဟိုတယ်ကို ရေတပ်သားများ၏ဆုံရပ်အဖြစ် ဖွင့်လှစ်ပေးခဲ့၏။ ဟိုတယ်ဖွင့်ပွဲညက ခေါင်းဖြူကြီးဖြစ်နေသော ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ်သည် စွဲမက်စဖွယ် အသားညိုချောမကလေးနှင့် တွဲကနေစဉ် လျှပ်တစ်ပြက်ဓာတ်ပုံ အရိုက်ခံလိုက်ရသည်။ အမေရိကန်ရေတပ်အနေဖြင့် လူသိရှင်ကြားကြေညာရန် အခွင့်ကောင်းအနေနှင့် အမိဖမ်းလိုက်ခြင်းပါ။

ဒါပေမယ့် ပညာရှိအဘိုးကြီးနီမစ်ဇ်ကလည်း လူလည်လူပါး။ ပထမဆုံး ဓာတ်ပုံကို သူကိုယ်တိုင်အရယူလိုက်ပြီး သူ့ဇနီးသည်ထံ အမြန်ဆုံးပို့ပေးလိုက်၏။ တခြားလူ ဘယ်သူမျှမတွေ့ခင် သူ့ဇနီးသည်ကို ပြလိုက်နိုင်သည်။

ထိုအဘိုးကြီးကား ရေတပ်ဖက်ဆိုင်ရာ မဟာဗျူဟာမှူးဖြစ်ရုံ သာမက၊ အတွေးအခေါ်ပိုင်နိုင်သော ဒဿနသမားနှင့် စိတ်ပညာရှင်ကြီးလည်း ဖြစ်ခဲ့လေပြီတကား။

ပုလဲဆိပ်ကမ်းကပ်ဆိုက်ပြီး ၂ နှစ်လုံးလုံး ရေတပ်ဗိုလ်ချုပ်ကြီး နီမစ်ဇ်အဖို့ ခံစစ်နှင့် ကိုင်ခဲ့ရသည်။ သို့ရာတွင် သူသည် ပင်လယ်ပြင်တစ်လွှား စစ်သင်္ဘောငယ်များကို အုပ်စုလိုက် စုစည်းနိုင်ခဲ့၏။ ပြီးတော့ ပစိဖိတ်သမုဒ္ဒရာကြီးကို အဟုန်တပြင်းဖြတ်သန်းတိုက်ခိုက်ခဲ့ခြင်းဖြင့် ဂျပန်များကို မင်သက်သွားစေခဲ့သည်။

နီပွန်မာစတာတွေ ဒူးတဆတ်ဆတ် သွားချင်းရိုက်ပြီး ကျောစိမ့်သွားအောင် ပြင်းထန်လှသောအရှိန်အဟုန်ဖြင့် လက်တုံ့ပြန်နိုင်ခဲ့၏။

ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီမစ်ဇ်ကို ရေကြောင်းတက္ကသိုလ်၏ ဘွဲ့ရသင်တန်းများအကြောင်း နှစ်စဉ်ထုတ် ၁၉၀၅ ခုနှစ် မှတ်တမ်းစာအုပ်ကြီးထဲတွင် ကျွန်တော် ဖတ်ရှုလိုက်ရပါသည်။ ထိုစာအုပ်ထဲ၌ သူ့ကို ဖော်ပြထားရာ၌ -

'မနေ့များက ပျော်ပျော်နေတတ်သူတစ်ယောက်ဖြစ်သလို၊ မနက်ဖြန်များစွာအတွက် ယုံကြည်မှု ပြည့်ဝအားကောင်းသူတစ်ယောက်' ဟူသတည်း။





## မဒမ် ချန်ကေရှိတ်
## Madame Chiang Kai-Shek

**ခင်ပွန်းသည်ကို ကယ်တင်ဖို့**
**ရန်သူစစ်သားခေါင်းများစွာအလယ်သို့ ရင်ဆိုင်တိုးဝင်ခဲ့သူ။**
**နှစ်ရှည်လများ ဆင်းရဲမွဲတေပြီး ရောဂါဘယထူပြောလှသည့်**
**တရုတ်ပြည်ကြီးကို ကုစားပေးရန် ကြိုးစားခဲ့သူ။**
**ဖက်ဆစ်ကာကွယ်ရာ၌လည်း တစ်တပ်တစ်အား ပါဝင်ခဲ့သူ။**

❒ ၁၈၇၆ ခုနှစ်။ မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့က တရုတ်လူငယ်လေးတစ်ဦးသည် သူ့ဦးလေးတော် ဦးစီးဖွင့်လှစ်ထားသော ပိုးထည်ဆိုင်မှ ဝေးရာသို့ ထွက်ပြေးခဲ့ပါပြီ။ ထိုလူငယ်ကလေးမှာ အလုပ်လုပ်ရတာ ညည်းငွေ့စိတ်ပျက်၍ ပညာသင်ချင်လွန်းလှသော်လည်း ဦးလေးတရုတ်ကြီးက သို့ကလိုရှုးနှမ်းမိုက်မဲသောအကြံမျိုးကို ခါးခါးသီးသီး ငြင်းဆန်တားဆီးခဲ့၏။

ထို့ကြောင့်လည်း ၁၂ နှစ်သားချာတိတ်ကလေးက တစ်နေ့တော့ ပိုးထည်ဆိုင်မှ လှစ်ခနဲခိုးထွက်ပြီး ဘော့စတွန်ဆိပ်ကမ်းသို့ ဒုန်းပြေးခဲ့သည်။ ပင်လယ်ပြင်သို့ ထွက်ဖို့ပြင်နေသော မီးသင်္ဘောကြီးတစ်စင်းပေါ် တက်ပုန်းခဲ့လေ၏။ ထိုတရုတ်ကလေးကား ယနေ့ ကမ္ဘာတစ်လွှား သြဇာလွှမ်းမိုးနေသူတွေထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည့် မဒမ်ချန်ကေရှိတ်၏ဖခင်အဖြစ် ထင်ရှားခဲ့သူပေတည်း။

သို့နှင့်အမျှ တရုတ်နိုင်ငံသမိုင်းတွင် အထူးခြားဆုံးမိသားစုဖြစ်သော 'ဆွန်မိသားစု' နှင့်လည်း ဆက်နွယ်မိခဲ့သဖြင့် ပိုမိုဂုဏ်တက်ခဲ့ပြန်သည်။

သူ၏သမီး ၃ ယောက်အကြောင်းကို စာမျက်နှာ ၃၄၀ ရှိ စာတစ်အုပ်ရေးသားထားတာ ရှိ၏။ သူတို့သည် တရုတ်ပြည်၏ ခေါင်းဆောင် ၃ ဦးနှင့် ထိမ်းမြားခဲ့ကြခြင်းဖြင့် အညတရဘဝမှ ထိတ်ထိတ်ကြဲတွေ ဖြစ်လာကြ၏။

သမီးကြီးဖြစ်သူ ချောင်လင်းက 'တရုတ်ပြည်၏ ရော့ခ်ျ ဝါရှင်တန်' ဟု တင်စားခံရသော ဒေါက်တာဆွန်ယက်ဆင်နှင့် ရခဲ့သည်။ ဒေါက်တာဆွန်ယက်ဆင်မှာ တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၂၆၈ နှစ်ကြာအောင် စိုးမိုးခြယ်လှယ်ခဲ့သော မန်ချူးမင်းဆက်ကိုဖြုတ်ချခဲ့သူ။ တရုတ်တော်လှန်ရေးကြီး၏ ဖခင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးကို တည်ထောင်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီးပါပေ။

သမီးလတ် အီလင်းက တရုတ်ဘဏ္ဍာရေးဝန်ကြီးအလောင်းအလျာ ဒေါက်တာကွန်းနှင့် အိမ်ထောင်ကျခဲ့၏။ ဒေါက်တာကွန်းကလည်း နယ်နယ်ရရမဟုတ်။ တရုတ်သမိုင်းနှင့် ခေတ်အဆက်ဆက် မော်ကွန်းထိုးခံခဲ့ရသော အဓိပတိပညာကျော်ကြီးကွန်ဖြူးရှပ်၏ အမျိုးအနွယ် ဖြစ်၏။

တတိယမြောက် အထွေးဆုံးသမီး မေလင်း။ 'လှပသော ဘဝပိုင်ရှင် သခင်မကလေး' ဟုအမည်ရသော မေလင်းကတော့ ချန်ကေရှိတ်နှင့် ဖူးစာဖက်ခဲ့ရပါသည်။

ခုတော့ တစ်ချိန်တွင် မဒမ်ချန်ကေရှိတ်၏ဖခင်ကြီးရယ်လို့ မျက်နှာပွင့်လာမည့် ချာတိတ်ကလေးသည် ဘော့စတွန်ဆိပ်ကမ်းမှ မီးသင်္ဘောကြီးပေါ်တွင် နိုးကြောင်နိုးဂုက် စွန့်စားထွက်ပြေးခဲ့ပါရောလားလေ။ သူ့အဖို့ သင်္ဘောက ဘယ်သောင်ဘယ်ကမ်းဆိုက်မည် မသိ။ သိလည်း ဂရုမစိုက်။ သူ့ဦးလေးလက်ထဲက လွတ်လေကောင်းလေဆိုပြီး ခြေဦးတည့်ရာပြေးလာခဲ့ခြင်းပါပေ။

သူ နိုးစီးလာသည့် သင်္ဘောကပ္ပတိန်ကလည်း အများနှင့်မတူ တစ်မူထူးခြား၏ 'ချာလီဂျုန်းစ်' ဟု အမည်တွင်၏။ ကပ္ပတိန်ဂျုန်းလည်း သူ့သင်္ဘောပေါ်တွင် နိုးစီးလာသော တရုတ်လူငယ်ကလေးကိုတွေ့တွေ့ချင်း သဘောကျသွားသည်။ သူ ကျေနပ်ဝမ်းသာဖြစ်သွားရခြင်းမှာ သူ့အခန်း၌ တောက်တိုမည်ရ ကူဖော်လောင်ဖက်ရခဲ့သောကြောင့် ဖြစ်၏။





ကပ္ပတိန်ဂျုန်းက ဘာသာရေးကို နှစ်နှစ်ကာကာ အရေးထားယုံကြည်ခဲ့သလို၊ ထိုတရုတ်ကလေးကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်လို့ မဆုံးတော့ပါ။ ထို့ကြောင့်လည်း ညတိုင်းညတိုင်း အိမ်ပြေးကလေးအား သမ္မာကျမ်းစာကို အသံကျယ်ကြီးဖြင့် ဖတ်ပြနေကျ။

သူတို့သင်္ဘောက ကာရိုလိုင်းနားပြည်နယ်မြောက်ပိုင်း ဝယ်လင်တန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ရာမှ အမှတ် ၅ လမ်း တောင်ပိုင်း မက်သဒစ်ဘုရားကျောင်းသင်းအုပ်ဆရာကြီး ရီကာ့ဒ် လက်သို့ တရုတ်ကလေးကို အပ်နှံခဲ့၏။ တရုတ်ကလေးက ဘုရားကျောင်းသို့ရောက်ပြီး နှစ်ခြင်း ခံခဲ့သည်။ သူ့နာမည်ရင်းက 'ဆွန်း' ဖြစ်သော်လည်း နှစ်ခြင်းဘာသာဝင်ပြီးနောက် 'ချာလီ ဂျုန်းစ် ဆွန်း' ဟု နာမည်ရခဲ့တော့သည်။

စိတ်ကောင်းရှိလှသော သင်္ဘောကပ္ပတိန်ဂျုန်းစ်၏ ကျေးဇူးမေတ္တာကြောင့် သူသည် ကမ္ဘာသစ်တစ်ခုသို့ ရောက်ခဲ့ရပါလေပြီ။

မက်သဒစ်ဘုရားကျောင်း သင်းအုပ်ဆရာကြီးမှာလည်း ဤဖြစ်ရပ်အတွက် အံ့ဩတုန်လှုပ်ခဲ့ရသည်။ သူက ထိုသူငယ်ကလေးကို ဘာသာပြောင်း၍ နှစ်ခြင်းခံပြီး အာရှတိုက်သို့သွားကာ ခရစ်ယာန်သာသနာပြုရန် ဘုရားသခင်ကိုယ်တိုင်က စေလွှတ်လိုက်သည်ဟု ယုံကြည်စေလိုက်၏။

သို့ဖြင့် မက်သဒစ်ဘုရားကျောင်းတရားဟောဆရာကြီးသည် ကာရိုလိုင်းနားပြည်နယ်မြောက်ပိုင်းရှိ ဒါဟမ်မြို့သို့ အပြေးသွား၍ အထည်စက်သူဌေးကြီးလည်းဖြစ်၊ လူမှုဒုက္ခသည်များကို ကယ်ဆယ်ကူညီသူလည်းဖြစ်သော 'ဂျင်နရယ် ကား' အား တွေ့ဆုံပြီး၊ ယခုအခါ ဂျူစ်တက္ကသိုလ်ကြီး၏တစ်စိတ်တစ်ဒေသဖြစ်သည့် ၃ ပွင့်ဆိုင် မက်သဒစ်ကောလိပ်တွင် ပညာသင်ကြားရေးအတွက် ငွေကြေးထောက်ပံ့ပေးပါရန် ပန်ကြားခဲ့သည်။

ချာလီဂျုန်းစ် အနေဖြင့် သူ၏ကျေးဇူးရှင်ကြီးမှာ သန်းကြွယ်သူဌေးကြီးမှန်းလည်း နားလည်ခဲ့၏။ သို့သော် သူက အချောင်သမား၊ အခွင့်အရေးသမားမဟုတ်။ ကောလိပ်ကျောင်းတက်ရာတွင် ကိုယ့်အားကိုယ်ကိုးစိတ်မွေး၍ တစ်ဖက်တစ်လမ်းမှ ကိုယ်ပိုင်ဝင်ငွေ ရှာခဲ့သည်။

စာအုပ်တွေ တစ်အိမ်တက်ဆင်းလိုက်ရောင်းသည်။ အဝတ်ပုခက်တွေ ရက်လုပ်ပြီး အိမ်ပေါက်စေ့လိုက်ရောင်းသည်။

နှစ်များစွာကုန်လွန်ခဲ့ပြီးနောက် တရုတ်ပြည်သို့ပြန်လာခဲ့ကာ ခေတ်မီ ရှန်ဟိုင်းမြို့သို့ စက်ကိရိယာပစ္စည်းများ စတင်သွင်းခြင်းဖြင့် ချမ်းသာလာခဲ့၏။

သူသည် သမ္မာကျမ်းစာများကို ရိုက်နှိပ်ထုတ်ဝေခဲ့သလို၊ ဒေါက်တာ ဆွန် ယက်ဆင်အတွက် တော်လှန်ရေးလက်ကမ်းစာစောင်များကိုလည်း သက်စွန့်ဆံဖျား ရိုက်နှိပ်ဖြန့်ချိပေးခဲ့သည်။

ချာလီ ဂျွန်းစ် ဆွန်းက သူ့သမီး ၃ ယောက်ကို အမေရိကားသို့ ပညာသင်ပို့ခဲ့ရာ၌လည်း၊ နှစ်ပေါင်းထောင်ချီ တည်ရှိခဲ့သော ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများကိုပါ ရှင်းလင်း သင်ကြားပေးလိုက်သည်။

ညီအစ်မ ၃ ဖော် တရုတ်နိုင်ငံသို့ ပြန်ရောက်လာသောအခါ သူတို့သည် အမေရိကန်စိတ် အပြည့်ဝင်လာခဲ့ကြရုံမက၊ ရောမတိုင်းပြည်သို့ ခရစ်ယာန်ဘာသာ သာသနာပြုသွားခဲ့သော သူတော်စင် စိန့်ပေါလ် နောက်တွင် အကြီးမားဆုံး သာသနာပြုမစ်ရှင်အဖွဲ့ ဖြစ်လာတော့သည်ဟု ဆိုနိုင်လောက်အောင် လုပ်ဆောင်နိုင်ခဲ့ကြ၏။

မဒမ်ရှန်ကေရှိတ်သည် ဂျော်ဂျီယာနာပြည်နယ် မက်ကွန်မြို့ မက်ဆာချူးဆက်ရှိ ဝက်စလီယန်ကောလိပ်မှ ဘွဲ့ရခဲ့သည်။

အမေရိကမှ သူမ ပြန်မထွက်ခင် အသက် ၁၉ နှစ်အရွယ်၌ သူမက ပြောဖူး၏။

''ကျွန်မမှာ အရှေ့တိုင်းရဲ့အမွေအနှစ်ဆိုလို့ မျက်နှာကလေးတစ်ခုသာ ရှိပါတော့တယ်ရှင်'' တဲ့။

သူက ရှန်ဟိုင်းသို့ရောက်သောအခါ တရုတ်စာနှင့် တရုတ်စကားကို တကူးတကပြန်သင်ခဲ့သော ဟူ၏။ ဒါပေမယ့် ဒီလိုပါ။

မဒမ်ချန်ကေရှိတ် တရုတ်ပြည်သို့ ခိုင်မာသောယုံကြည်ချက်၊ လေးနက်သော စိတ်အကြံဖြင့်သာ အမှုတာပြင်းပြန်လာခြင်း ဖြစ်ပါသည်။ သူမက တရုတ်ပြည်သူ





များကို နှစ်ရှည်လများ ဆင်းရဲမွဲတေပြီး ရောဂါဘယထူပြော၍ ညစ်နွမ်းနေသည့် ငရဲခံအဖြစ်ဆိုးမှ ကယ်မထူထောင်ပေးဖို့ သူ့ဘဝကို စတေး ပေးလှူရန် ယတိပြတ် ဆုံးဖြတ်ထားခဲ့သည်။

သူမသည် ကလေးငယ်များအား မတရားအလုပ်လုပ်နိုင်းခြင်းမှ လွတ်မြောက်စေပြီး ဘဝသစ်ဖန်တီးနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့သည်။ စက်ရုံအလုပ်ရုံများတွင် "၂ ပေါင်" နှုန်း ဟူသော မတန်တဆ လုပ်နေရသည့်အတွက် တန်ရာတန်ကြေးရပိုင်ခွင့်ကို တိုက်ပွဲဝင်ခဲ့သည်။

ခင်ဗျားသိထားဖို့က ၂ ပေါင်ဆိုတာ ၁ ပတ်မှာ ၂ ပေါင် မဟုတ်ပါ။ ၁ လ ၂ ပေါင်လည်း မထင်ပါနှင့်။ ၁ နှစ်လုံးမှာ ၂ ပေါင်ပါ ခင်ဗျား။

မဒမ်ရှန်ကေရှိတ်သည် တရုတ်ပြည် တစ်နံတစ်လျားသို့ ခြေဆန့်ကာ တရုတ်အမျိုးသမီးထုသို့ တစ်သက်စာ စွဲကပ်နေသည့် ဘိန်းစားဘိန်းရှူသည့် အလေ့အထ၊ ရောဂါဆိုးများ၊ မသန့်မရှင်း ညစ်ပတ်စွာနေထိုင်မှုများ ပပျောက်ရေးကို မျှော်ကိုးလျက် သာသနာပြုအဖွဲ့များနှင့် ယောပြောလှုံ့ဆော်ခဲ့၏။

သူမက ၎င်းတို့အား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဗဟုသုတများ ဖြန့်ဝေပညာပေးကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် တက်တက်ကြွကြွ စတင်ရန်လည်း တိုက်တွန်းခဲ့သည်။ ၎င်းတို့ကလည်း အံ့သြတကြီး တရိုတသေလေးလေးစားစား လိုက်နာခဲ့ကြ၏။

ထို့အပြင် ကျန်းမာရေး၊ ပညာရေး၊ စုပေါင်းလုပ်ဆောင်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့နှင့် စပ်လျဉ်းသော အတွေးအခေါ်များကိုလည်း သင်ကြားပို့ချပေး၏။

သို့နှယ် လုပ်ဆောင်အကောင်အထည်ဖော်ရန် သူမသည် တရုတ်ပြည်ရှိ ကျေးလက်တောရွာ ဝေးသီခေါင်ဖျားများအထိ အပင်ပန်းခံ သွားရောက်ခဲ့ရသည်။ တစ်ခါတစ်ရံ လေယာဉ်ခရီးဖြင့်သွားခဲ့ရာမှ တစ်အားမှုးနေပြီး လေယာဉ်ကြမ်းပြင်ပေါ်တွင် လှဲနေခဲ့သည်ကြားမှ ရှူဆေးလေးတရှိုက်ရှိုက်ဖြင့် လိုက်ပါခဲ့၏။

ချန်ကေရှိတ်သည် တပ်ပေါင်းစုဗိုလ်ချုပ်ကြီးအဖြစ် သန်းပေါင်းများစွာသော ပြည်သူများကို အုပ်ချုပ်ခဲ့ရလင့်ကစား၊ မေလင်းကို လက်ထပ်နိုင်ရေးအတွက်

၅ နှစ်လုံးလုံး ကြိုးစားခဲ့ရသည်။ သူမက "မိခင်ကြီး သဘောတူခွင့်ပြုချက်မရဘဲ သူ့ကို မယူနိုင်" ဟု ပြောခဲ့သည်။

သူမ၏ မိခင်ကြီးကလည်း သူလို စစ်ဘုရင်တစ်ဦးနှင့် သဘောတူဖို့ နေနေသာသာ မျက်နှာချင်းဆိုင်စကားပြောဖို့ပင် စိတ်ပါသူ မဟုတ်။ နောက်ဆုံးတော့ ယောက္ခမလောင်းကြီးအား ရွှေနားတော်သွင်းနိုင်မည့်အရေးအတွက် ဂျပန်သို့ အပန်းဖြေခရီးထွက်ခဲ့သော မေလင်းနောက် ဆံထုံးနောက်ယောင်ပါ လိုက်ခဲ့ရတော့သည်။

ဟုတ်ကဲ့။ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်ခမျာ မစ္စချာလီဂျုန်းစ်ဆွန်က သူ့သမီး မေရီလင်းနှင့် ကြည်ကြည်ဖြူဖြူ ပေးစားနိုင်ရေးအတွက် ၅ နှစ်တိုင်တိုင် မျက်နှာချိုသွေးပြီး စည်းရုံးခဲ့ရပါသည်။ ချန်ကေရှိတ်က "လက်ရှိမယားကြီးနှင့် အတိအလင်း ကွာရှင်းပေးပါ့မည်" ဟု နောက်ဆုံးပိတ် ကတိခံပြီး၊ "သမ္မာကျမ်းစာကို နေ့စဉ်မပြတ်ဖတ်ရှု၍ ခရစ်ယာန်ဘာသာ ဝင်ပါမည်"ဆိုတော့မှ ခွင့်ပြုချက်ရတော့၏။

ထို့ကြောင့် ၁၉၂၆ ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီးနှင့် နောင်တွင် မဒမ်ချန်ကေရှိတ် ဖြစ်လာမည့် ကောလင်းတို့သည် ရှန်ဟဲမြို့၌ တရုတ်ဘာသာဖြင့် အသံအနိမ့်ဆုံး သီဆိုထားသော "အိုကွယ်- ကိုယ့်ကို ကတိပေးပါလား" အမည်ရှိ သီချင်းသံ ရှိုးရှိုးအေးအေးလေးအောက်တွင် မင်္ဂလာဆောင်နှင်းခဲ့ကြရလေတော့သတည်း။

မဒမ်ချန်ကေရှိတ်သည် ဗိုလ်ချုပ်ကြီးချန်ကေရှိတ်နှင့် မနက်တိုင်း လမ်းလျှောက်ထွက်ရင်းက သမ္မာကျမ်းစာပါ ဝတ္ထုဇာတ်လမ်းများကိုပြော၍ ခရစ်ယာန်ဘာသာအကြောင်းကို ရှင်းပြခဲ့၏။ သူတို့လက်ထပ်ပြီး ၂ နှစ်အကြာတွင် ချန်ကေရှိတ်လည်း ခရစ်ယာန် ဖြစ်လာတော့သည်။

ဗိုလ်ချုပ်ကြီးချန်ကေရှိတ်အနေဖြင့် ရာစုနှစ်ပေါင်းများစွာ ကြေကွဲဝမ်းနည်းဖွယ် ဒုက္ခနှံ့နှစ်ခဲ့ရသော တရုတ်ပြည်မကြီးကို ကယ်တင်စည်းရုံး၍ တားဆီးကယ်တင်နိုင်ခဲ့ရာတွင် မဒမ်ချန်ကေရှိတ်၏ ဩဇာလွှမ်းမိုးမှုနှင့် သင်ဉာဏ်ပေးမှုတွေ အတော်ကလေး ပါကောင်းပါနိုင်သည်။

ပြီးတော့ စည်းလုံးညီညွတ်သော တရုတ်ပြည်ကြီးအဖို့ ပစိဖိတ်ရေပြင်ကြီးကိုကျော်ဖြတ်၍ အာရှတစ်လွှားကို ကျူးကျော်နယ်ချဲ့လာသည့် ဖက်ဆစ်အား





တွန်းလှန်ကာကွယ်ရာ၌လည်း မဒမ်ချန်ကေရှိတ်၏ အထောက်အကူတွေ အများကြီး ရခဲ့သည် ဆိုရပါမည်။

သူမ၏ တန်ခိုးဩဇာအရှိန်အဝါအလွှမ်းထက်မှုကို အချင်းချင်းသွေးကွဲ၍ တရုတ်ပြည်ကြီး ဖရိုဖရဲ ပြိုကွဲခဲ့ရစဉ် ရင်နှင့်ဖွယ်ဖြစ်ရပ်တစ်ခုက အကောင်းဆုံးသရုပ်ဖော်ပြသခဲ့ပါသည်။ ထိုစဉ်က ချန်ကေရှိတ်ကို ဖယ်ရှားပစ်ပြီး တရုတ်ပြည်ကို သူတို့ဘာသာ လက်ဝါးကြီးအုပ်စိုးမိုးဖို့ ကြံစည်ခဲ့ကြခြင်းလည်း ဖြစ်၏။

ချန်ကေရှိတ်သည် ၂ ပတ်ကြာ အကျဉ်းခံဘဝ ရောက်နေရ၏။ သို့သော် သူက သူ့အားဖမ်းထားသူများအမိန့်ကို နာခံလက်နက်ချ အရှုံးပေးရန် ငြင်းဆန်လျက်ရှိ၏။ သူသည် ပြန်ပေးတွေကျွေးသော ထမင်းကိုပင် မစားဘဲ အစာငတ်ခံသည်။

သည့်အပြင် မာရေကြောရေဖြင့် ခပ်ထန်ထန်ပင် အပြစ်တင်စကားဆိုရင်း "တိုင်းပြည်အပေါ် သစ္စာဖောက်မည့်အစား အသက်သာ အသေခံမည်ဖြစ်၍ သူတို့ကို ဘယ်တော့မျှ ဒူးထောက်အညံ့ခံမှာ မဟုတ်ကြောင်း" ထပ်တလဲလဲ ကြေညာလိုက်သေး၏။

၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မနက် ရောင်နီ မလာခင်ကလေးတွင် ချန်ကေရှိတ်သည် သူ့ကို ပြန်ပေးဆွဲထားသောသူများ လက်က ထွက်ပြေးလွတ်မြောက်ခဲ့၏။ သူလည်း ညအိပ်ရုပ်အင်္ကျီကလေးနှင့်ပင် အနီးရှိတောင်ပေါ်သို့ တက်ပြေးခဲ့သည်။ တောင်ကမ်းပါးယံအမြင့်ကြီးကို တွယ်တက်ရင်းက ၃ ပေလောက် မှုန်ကုပ်သောတွင်းကြီးထဲသို့ ပြုတ်ကျခဲ့ပြီး ကျောတွင်ဒဏ်ရာရခဲ့၍ လမ်းလျှောက်ဖို့ပင် အနိုင်နိုင်ကြိုးစားခဲ့ရတော့၏။

ကျည်ဆံတွေက သူ့ခေါင်းပေါ်မှ တဝီဝီ ပလူပျံနေ၏။ ကျည်ဆံများသာမက၊ စက်သေနတ်သံတွေက တဒက်ဒက်၊ ဗုံးပေါက်သံတွေက တဝုန်းဝုန်းကြားက သူ အသက်လုပြေးခဲ့ရခြင်းပါ။ ပြေးမိပြေးရာပြေးရင်း ဆူးချုံတွေထက်ဝက်မျှ ဖုံးနေသော ဂူတစ်ဂူထဲသို့ လိမ့်ကျသွားပြန်သည်။ သူ ၂ ကြိမ်တိုင်တိုင် ရုန်းကန်သည်။ ဒါပေမယ့် ၂ ကြိမ်စလုံး ပြန်လဲပြီး အမောဆို့နေ၏။ သူ့ကို ပြန်ဖမ်းမိသွားတော့သည်။

သည်တော့လည်း သူက ရာဇဝင်ရာဇသေွး ရဲရဲနီစွာဖြင့် 'သူ့ကို ခုချက်ချင်း မနေရာတွင်ပင် အသေသတ်ပစ်လိုက်ရန် သို့မဟုတ် သူ့ဝင်အင်္ဂါ အဆင့်အတန်းကို အလေးအမြတ်ထားရန်' အမိန့်ပေးခဲ့သည်။

သူ ပြန်ပေးဆွဲအဖမ်းခံရသည့်သတင်းက တရုတ်ပြည်တစ်ခုလုံးသို့ ပျံ့နှံ့သွား၏။

ကျောင်းသားကလေးတွေက ပွဲဆွေးသောကရောက်လျက် ငိုကြသည်။ စစ်သားအတော်များများလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ သူ့သစ္စာတော်ခံတပ်များက ရန်သူတွေ စီးနင်းသိမ်းပိုက်ထားသောမြို့တော်သို့ ချီတက်တိုက်ခိုက်ရန် အသင့်ပြင်လိုက်သလို၊ လေတပ်ကလည်း ဗုံးတွေတပ်ဆင် ပျံတက်မည်တကဲကဲ။ တရုတ်ပြည်ကြီးမှာ နောက်ထပ် ပြည်တွင်းစစ်ကြီးဖြစ်ဖို့ တည်းတည်းလေး ကျန်တော့သလို ထိတ်လန့်ချောက်ချားသွားရပါပြီ။

သည်ကြမ္မာဆိုးကို တစ်ယောက်သောအမျိုးသမီးက ဟန့်တားကာကွယ်လိုက်ပါ၏။ ထို တစ်ယောက်တည်းသော ကယ်တင်ရှင်အမျိုးသမီးမှာ မဒမ်ချန်ကေရှိတ်ပင် ဖြစ်ပါလေသတည်း။ သူမက ခင်ပွန်းသည်၏ဘက်တော်သား ဗိုလ်ချုပ်ကြီးများအား စစ်ချီတိုက်ခိုက်ရန် အမိန့်ထုတ်ခြင်းမှ အချိန်မီတားမြစ်လိုက်သည်။ ဤသည်ပင် သမိုင်းတစ်ခေတ်တွင် အလှည့်အပြောင်းဖြစ်ခဲ့ရသည်။

ချန်ကေရှိတ်က သူ့ဇနီးသည်အား သူ့ဆီမလာဖို့ အမိန့်ပေး၏။ သူမ လာခဲ့လျှင် မလွဲမသွေ အသတ်ခံရမည်ဖြစ်ကြောင်းလည်း ထပ်မံတလဲလဲ သတိပေး၏။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ် သူမကတော့ လေယာဉ်စီး၍ ဖွတ်တိုးသွားခဲ့ပါပြီ။ အဖော်အဖြစ်လိုက်ပါလာသူ ကိုယ်ရံတော်သက်တော်စောင့်လက်သို့ ၆ လုံးပြူး သေနတ်တစ်လက်ပေးအပ်ကာ၊ ရန်သူတပ်သားများက သူမကို ဖမ်းမိတော့မည်ဆိုပါက သူမကို ပစ်သတ်လိုက်ရန်လည်း မှာခဲ့၏။

အားနွဲ့သောအမျိုးသမီးက တစ်ယောက်တည်း ရန်သူတပ်သား သိန်းပေါင်းများစွာ၏ ရန်လိုမုန်းတီးမှုများကြားထဲသို့ ရဲရဲကြီးရင်ဆိုင်တိုးဝင်ခဲ့ရာမှ အနိုင်ရလိုက်ပါချေပြီ။

သူမက ကြင်ရာတော်အား သောကငြိမ်းစေပြီး အစာစားရန် ချော့မော့ပျောင်းဖျခဲ့သည်။ သူအိပ်ပျော်သွားချိန်အထိ သမ္မာကျမ်းစာဖတ်၍ သိပ်သည်။





'သင့်ဘေးတွင် ရန်သူ ၁ ထောင်၊ သင့်ညာဘက်လက်သို့ ရန်သူ ၁ သောင်းကျကောင်း ကျလာပါစေ။ ဒါပေမယ့် သင့်အနားသို့ သူတို့ကပ်နိုင်မည် မဟုတ်ပါချေ။'

သူမသည် ရန်သူပြန်ပေးသမားများနှင့် ၂ ရက်တိုင်တိုင် အချေအတင် ဆွေးနွေးအရေးဆိုရသည်။ သူမခင်ပွန်းအတွက် မဟုတ်ပါ။ သူမ ချစ်သော တရုတ်ပြည်ကြီးအတွက်သာ ဖြစ်ပါ၏။

သူက တစ်နာရီထက် တစ်နာရီ ကြီးထွားလာသော ပြည်တွင်းစစ်ကြီး မဖြစ်ပွားအောင် ကာကွယ်ဟန့်တားရေးကို ဦးစားပေးပန်ကြားသည်။ အဘယ်ကြောင့်ဆိုလျှင် သူမ နန်ကင်းက ပြန်ထွက်လာသည်နှင့်တစ်ပြိုင်နက် အစိုးရတပ်မတော်က စစ်ဆင်တိုက်ခိုက်ဖို့ စချီတော့မည် မဟုတ်ပါလား။

ပြန်ပေးတွေက ၁၉၃၆ ခုနှစ် ခရစ္စမတ်နေ့မြတ်အခါတွင် ချန်ကေရှိတ်ကို ပြန်လွှတ်လိုက်ပါသည်။

တရုတ်နိုင်ငံတော်အလံတွေ ရာထောင်မကလှေ့ယမ်းလျက် သူတို့ကို တလှိုက်တလှဲကြိုဆိုခဲ့သလို ဝမ်းသာပျော်ရွှင်ခြင်းအထိမ်းအမှတ် မီးကျည်မီးပန်းတွေက ညံညံစီသွား၏။

ယခုအခါ တရုတ်ပြည်ကြီးသည် အမျိုးအမည်မသိ ပြင်းပြသောဆန္ဒတစ်ရပ်ဖြင့် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ပေါင်းစည်းနေခဲ့ပါပြီ။ မျိုးချစ်များနှင့် သစ္စာဖောက်များ၊ ကွန်မြူနစ်များနှင့် အရင်းရှင်ဝါဒီများ။ အားလုံးအားလုံးသည် နောက်ဆုံးတွင် တရုတ်မျိုးချစ်မယ်လေးတစ်ဦးနှင့် သူမ၏ကြင်ရာတော်တို့၏ ဦးဆောင်မှုအောက်တွင် တညီတညွတ်တည်း ပေါင်းစည်းခဲ့ရလေပြီတကား။



# ဂျင်နရယ် မတ်ခ် ဝိန်း ကလပ်ခ်
## General Mark Wayne Clark

**စစ်သားကြီးဖြစ်ပေမယ့် နူးညံ့သော နှလုံးသားရှိသူ၊**
**စိတ်ရင်းကောင်း၍ ရိုးသားသဖြင့် ကြီးပွားခဲ့ရသူ၊**
**ကိုယ်တိုင်က အစားကြီးသော်လည်း၊**
**လိမ်ပြောခြင်းကို မကြိုက်သူ။**

❐ ကျောင်းမှာ အောက်ပိတ်ဆုံးအဆင့်ရောက်ခဲ့ရသဖြင့် ကိုယ့်ကိုယ်ကို 'ဖျင်းလှချည်' ဟု ခင်ဗျားတစ်သက်လုံး ယူကျုံးမရ ဖြစ်နေခဲ့ဖူးပါသလား။ ဒါဆိုရင်တော့ ခင်ဗျားက ကုလားထိုင်ကို ရှေ့နည်းတည်းတိုးပြီး ကျွန်တော့်နား ကပ်လိုက်ပါ။ ကျွန်တော့်မှာ ခင်ဗျား အားတက်စရာသတင်းတွေ ပေးစရာရှိနေပါသည်။

'ဝက်စ်ပွိုင့်'အမည်ရှိ အမေရိကန်စစ်တက္ကသိုလ်အကယ်ဒမီကျောင်းကြီးမှ ၁၉၁၇ ခုနှစ်၌ ဘွဲ့ရခဲ့ပေမယ့်၊ အတန်းထဲတွင် ထိပ်ဆုံးက စရေလျှင် အဆင့် ၁၁၁ မှာရှိခဲ့သော ကျောင်းသားတစ်ယောက်အကြောင်း ကောင်းကောင်းသိခဲ့လို့ပါ။

သူ့အတန်းထဲ၌ ကျောင်းသားဦးရေ ၁၃၉ ယောက်ရှိနေတာဆိုတော့ သူ့အောက်မှာ ၂၈ ယောက်သာကျန်ပြီး၊ သူ့ထက်တော်သူတွေက ၁၁၀ ရှိနေတဲ့ အဓိပ္ပာယ်ပေါ့။

သို့ဖြစ်သည့်တိုင် နောက် ၂၆ နှစ် ကြာသောအခါ၌ သူသည် အမေရိကန်ပြည်ထောင်စုတပ်မတော်တွင် အသက်အငယ်ဆုံး ဒုဗိုလ်ချုပ်ကြီး ဖြစ်လာပါတော့သည်။



သတင်းစာများက သူ့ကို 'မတ်ခ် ဒဗလျူ ကလပ်ခ်' ဟု ဖော်ညွှန်းကြသော်လည်း၊ သူ့ဇနီးအပါအဝင် လူရင်းမိတ်ဆွေများက သူ၏အလယ်နာမည်ကိုသာ ခေါ်လေ့ရှိကြသည်။ 'ဝိန်း' တဲ့။

၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်။ အီတလီပြည် ဆာလာနိုမှ ရန်သူ့ကမ်းခြေသို့ ဂျင်နရယ်ကလပ်ခ်၏ တပ်ဖွဲ့များ တက်ရောက်သိမ်းပိုက်နိုင်ခဲ့ရာမှ စစ်ပညာအရ အခက်ခဲဆုံးသောစစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲအောင်မြင်ခဲ့သူအဖြစ် အသိအမှတ်ပြုခဲ့ကြရပါသည်။

ထိုအချိန်က ဝန်ကြီးချုပ် ဝင်စတန်ချာချီကိုယ်တိုင်ကပင် ဆာလာနိုကို စီးနင်းသိမ်းပိုက်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ -

"ကျုပ်တို့ စစ်ချီခဲ့သမျှ ရေကြောင်း၊ ကြည်းကြောင်းနှင့် ပူးတွဲစစ်ဆင်ရေးတွေမှာ ရဲဝံ့စွန့်စားရဆုံး စစ်ဆင်ရေးတစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။ အဲ-ဒါမှမဟုတ်ရင်တော့ စံထားလောက်တဲ့ ကမ်းတက်တိုက်ပွဲလို့ပဲ ကျုပ် ယူဆပါတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့ရပါ၏။

လျှမ်းလျှမ်းတောက်အောင်မြင်ရန်၊ ခေါင်းဆောင်တစ်ယောက်ဖြစ်ရန် ကျော်မက်တြီ၊ သို့မဟုတ် ပြင်သစ်သဒ္ဒါ မဆိုစလောက်တတ်ရုံနှင့်လည်း ဖြစ်နိုင်ကြောင်းကို ဂျင်နရယ် မတ်ခ်ကလပ်ခ်၏ဘဝက ပြဆိုနေ၏။

တစ်ခါက ဝက်စ်ပွိုင့်သို့ ကျွန်တော်သွားလည်ခဲ့ရာမှ ဂျင်နရယ် မတ်ခ် ဝိန်းကလပ်ခ်၏သားဖြစ်သူ ဘီလ်ကလပ်ခ်နှင့် တစ်ညနေလုံး ထိုင်စကားပြောဖြစ်ခဲ့သည်။ ဘီလ်ကလပ်ခ်က သူ့ဖခင်အား လူတိုင်းက နှစ်သက်ခင်မင်ကြောင်း ဖွင့်ပြောခဲ့၏။

လူတွေက ဝိန်းအား တွေ့တွေ့ချင်းသဘောကျသည်မှာ ၎င်းက သူတို့အား ခင်မင်သဘောကျကြောင်း တစ်နည်းနည်းဖြင့် နားလည်မှုရခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

ဂျင်နရယ်ကလပ်ခ်သည် သင့်ကိုတွေ့လိုက်လျှင် အမွေးစုတ်ဖွားဘိုခွေးကလေးတစ်ကောင်ကဲ့သို့ပင် ဖက်လှဲတကင်း တရင်းတနှီးကြိုဆိုနှုတ်ဆက်ပါလိမ့်

မည်။ လူ့ယဉ်ကျေးမှု၏ ရှေးရိုးအစဉ်အလာ ဖော်ရွေလှိုက်လှဲသောအပြုံးကို ဆောင်လျက် စိတ်ရောကိုယ်ပါ အားရဝမ်းသာလက်ဆွဲနှုတ်ဆက်ခြင်း ဖြစ်ပါသည်။

လူထုလူတန်းစားခေါင်းဆောင်တစ်ယောက်အနေဖြင့် ဂျင်နရယ် မတ်ခ်ကလပ်ခ်၏ အကြီးမားဆုံး, တန်ဖိုးအရှိဆုံး စွမ်းအားတစ်ခုကတော့ တခြားပုဂ္ဂိုလ်များကို စိတ်ဝင်တစားအရေးထားတတ်သော အရိုးခံသဘာဝ ရှိခြင်းပင် ဖြစ်၏။

သားဖြစ်သူ ဘီလ်က ကျွန်တော့်အား ပြောပြခဲ့သည်။

"ဒက်ဒီတစ်သက်မှာ ရန်သူတစ်ယောက်မျှ မရှိခဲ့ပါဘူး။ အဖေ့ကိုလည်း စကားတစ်ခွန်းတလေနှင့်တောင် တစ်ယောက်မျှ ဆန့်ကျင်ဘက်ပြောပြီး ကလန်ကဆန်လုပ်တာ မတွေ့ဖူးပါဘူး။ သူဟာ လူတစ်ယောက်ကို အသေအလဲ ကြိုက်ချင်မှ ကြိုက်မယ်။ ဒါမှမဟုတ် မကြိုက်ချင်လည်း မကြိုက်ဘူး။ ဒါပေမယ့် သူ့ရင်ထဲမှာတော့ အဲဒီလူကို မုန်းနေမှာ မဟုတ်ပါဘူး"

ထိုအချက်ကို သရုပ်ဖော်သောအားဖြင့် ဘီလ်ကလပ်ခ်က ကျွန်တော့်ကို ဇာတ်လမ်းကလေးတစ်ပုဒ် ပြောပြသည်။

"တစ်ခါတုန်းက ဒက်ဒီဟာ ကျွန်တော့်ကို ရွှေနာရီကလေးတစ်လုံး မွေးနေ့လက်ဆောင် ပေးခဲ့ဖူးတယ်လေ။ နာရီကလေးက လှမှလှဗျာ။ ၁ နှစ်လောက်ပဲ ကြာလိမ့်မယ်။ အားကစားရုံထဲမှာ ကျွန်တော့်ဂျာကင်အိတ်ထဲက အဲဒီနာရီကို လူတစ်ယောက် ခိုးသွားပါလေရော။ အဲဒီအချိန်က ကျွန်တော်တို့ဟာ ဝါရှင်တန်မြို့တော်နားက ဖို့ဒ်လူးဝစ္စမှာ နေကြတယ်လေ။ ဒက်ဒီက ဝါရှင်တန်အပိုင် တာကိုးမားနှင့် အိုလံပီယာမြို့တွေမှာရှိတဲ့ အပေါင်ဆိုင်တွေကို လနှင့်ချီပြီး စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီလိုနှင့် အပေါင်ဆိုင်မှာ နာရီလာပေါင်တဲ့သူခိုးကို လက်ပူးလက်ကျပ် ဖမ်းမိတော့တာပါပဲ။ အဲဒီလူက ရဲဘော်တစ်ယောက်ပဲ ဖြစ်နေတော့ ဒက်ဒီကပဲ သူ့ကို အမှုဖွင့်ခဲ့ရတာပေါ့။ အမိပွာယ်က ဒီလူဟာ စစ်ခုံရုံးအတင်ခံရပြီး အကျင့်စာရိတ္တ မကောင်းတဲ့အတွက် တပ်က ထုတ်ပစ်ခံရတဲ့အထိ အပြစ်ပေး ခံရနိုင်တယ်။ ဒက်ဒီအနေဖြင့် စာရိတ္တဖောက်ပြန်မှုနှင့် အရေးယူလိုက်တာဟာ ဒီလူတစ်သက်လုံး အမည်းစက်ကြီးထင်ပြီး ဘဝပျက်သွားရမယ်ဆိုတာ နားလည်တယ်။ ဒက်ဒီက စိတ်ထား သိမ်နုးညံ့သိမ်မွေ့သလောက် လူ့ဇာစ်ဖက်သားဒုက္ခရောက်မှာကို လိုလား





တဲ့လူစားမျိုး မဟုတ်ဘူး။ ဒီတွင် သူက အမှုဖွင့်ထားတာကို ပြန်ပိတ်ပေးလိုက်ပြီး အဲဒီရဲဘော်ရဲ့ တပ်ခွဲမှူးကိုသာ ဒီကိစ္စကို ကြိုက်သလို ဖြေရှင်းလိုက်ပါတော့လို့ လက်လွှဲပေးလိုက်ပါတော့တယ်"

ဂျင်နရယ်မတ်ခ်ကလပ်ခ်အနေဖြင့် ဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ၊ တစ်ဖက်လူများကို မအားသည့်ကြားထဲမှ တတ်နိုင်သမျှအကျိုးဆောင်ပေးရန် အမြဲကြံဆပြီး အချိန်အလုအယက် ပေးလေ့ရှိ၏။

ပမာဆောင်ရသော် အာဖရိကမြောက်ပိုင်းတွင် အကြိတ်အနယ် တိုက်ပွဲဝင်နေရသည့်ကြားမှပင် သူ့လက်ရင်းတပည့်တစ်ဦးဖြစ်သူ ဗိုလ်မှူးပေါလ်ရေဗာရီ၏ မွေးနေ့အတွက် နှုတ်ခွန်းဆက်သဝဏ်လွှာတစ်စောင် အချိန်လု၍ ရေးပို့ခဲ့သည်။

ဘီလ်ကလပ်အား ကျွန်တော်က သူ့အဖေမှာ "အဖန်တလဲလဲ စွဲစွဲမြဲမြဲ လုပ်တတ်သည့် အလုပ်တစ်မျိုးမျိုး ရှိပါသလား" ဟုမေးခဲ့ရာတွင်လည်း သူက-

"ရှိတာပေါ့ဗျာ။ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ အဖေလုပ်သမျှအလုပ်တိုင်းကတော့ တခြားလူတွေအတွက် စေတနာသန့်သန့်ကလေးနှင့် ကူညီနေတာပါပဲ"

ဂျင်နရယ် မတ်ခ်ကလပ်ခ်သည် တစ်ပါးသူကို ဦးစားပေးစဉ်းစားသော ပရဟိတသမား, ကရုဏာရှင်တစ်ယောက်အနေဖြင့်သာမက၊ ကြင်နာမှုနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံမှု အလိုအပ်ဆုံးသော သူ့အိမ်, သူ့မိသားစုအပေါ်တွင်လည်း တာဝန်ကျေပွန်ခဲ့ပါသည်။

ဘီလ်ကလပ်ခ်က ကျွန်တော့်ကို ပြောပြရာတွင် သူ့ဖခင်သည် အချက်အပြုတ် အလွန်ဝါသနာပါ၍၊ မကြာမကြာဆိုသလိုပင် သူ့မိခင်အား မီးဖိုချောင်မှ အပြင်ထွက်အနားယူခိုင်းပြီး ဟင်းလျာအားလုံးကို သူတစ်ယောက်တည်း ဒိုင်ခံချက်ပြုတ် တည်ခင်းကျွေးမွေးတတ်သော ဟူ၏။ ထို့အပြင် မိန်းကလေးတွေကိုလည်း အခွင့်အရေးပေးသည့်အနေဖြင့် သူပင် ပန်းကန်ဆေး, ပန်းကန်သုတ်သည် ဆို၏။

မိတ်ဆွေတစ်ယောက်က ပထမဆုံးတွေ့ဆုံပေးခဲ့ပြီး၊ "ဒီကောင်မကလေးဟာ မင်းနှင့် ရေရှည်လက်တွဲသွားသင့်တဲ့ အဖော်ကောင်းပဲ" ဟု အညွှန်းခံခဲ့ရသည့် ဇနီးလောင်း၏ ခင်ပွန်းသည်တစ်ယောက်အဖို့ မဆိုးလှဘူးပဲ ဆိုရမှာပေါ့။

ဟုတ်ပါသည်။ မတ်ခ်ဝိန်းကလပ်ခ်သည် လွန်ခဲ့သော အနှစ် ၂၀ ခန့်က လုပ်ချိုဖြူကလေးတစ်ယောက်ကို တွေ့ခဲ့ရပါသည်။

သူမသည် အင်ဒီယာနာပြည်နယ် မွန်ဆီမြို့လေးမှဖြစ်၍ နာမည်က 'မိုရင်း ဒိုရန့်' ဟု ခေါ်တွင်ပါသည်။ သူတို့ ၂ ယောက်အဖြစ်က 'မြင်မြင်ချင်းချစ်' ဆိုသည့် ဇာတ်လမ်းမျိုးနှင့် ခြားနားပါဘိ။

ပထမတွင် သူတို့ချင်းစိတ်ဝင်စားမှု နည်းနည်းကလေးသာ ရှိခဲ့၏။ သည်ကြားထဲမှပင် မိန်းကလေးက သူ့မိသားစုနှင့်အတူ ပနားမားသို့ အလည်ခရီးရောက်သွားသည်။

ထို အပူပိုင်းရပ်ဝန်းဒေသကြီးထဲမှာပင် ရုပ်ရေသားနားသောလေသူရဲကလေးမှာ အင်ဒီယာနာလူယမင်းကလေးနှင့် ပြန်လည် ဖူးစာဆုံချစ်ကြိုးသွယ်မိပြီး လက်ထပ်ခွင့် တောင်းခဲ့ပါတော့သည်။

သူမ နယူးယောက်သို့ပြန်သောအခါ သင်္ဘောပေါ်သို့ မတ်ကလပ်ခ်က လိုက်တွေ့ရာက 'မိုရင်း တခြားလူတစ်ယောက်နှင့် စေ့စပ်ထားလိုက်သည်' ဆိုသော တုန်လှုပ်ဖွယ် သတင်းဆိုးကြီးကို ကြားလိုက်ရ၏။

ကျွန်မက "အချစ်ပြိုင်ပွဲဝင်ရလိမ့်မယ်လို့ ပြောလိုက်တယ်"

မစ္စမတ်ခ်ကလပ်ခ်က ကျွန်တော့်ကို သူတို့၏အချစ်ပုံပြင်ကလေးကို ဖောက်သည်ချခဲ့ပါ၏။

"သူ လက်ထပ်ခွင့်တောင်းတာ ရက်ပိုင်းကလေးနောက်ကျသွားပေမယ့် သူ့ကိုပဲ ကျွန်မ ရွေးချယ်လိုက်မိတယ်"

သို့ဖြင့် ဘယ်နေရာရောက်ရောက် မတ်ခ်ကလပ်၏စားပွဲပေါ်တွင် လွန်ခဲ့သော အနှစ် ၂၀ ကအပျိုချောကလေးဓာတ်ပုံနှင့် သူတို့၏ သားသမီး ၂ ယောက်ဖြစ်သော ဘီလ်နှင့် ပက်ထရစ်ရှာအန်းတို့၏ ဓာတ်ပုံတွေက ထောင်လျက် သားရှိနေစမြဲပါ။

ဂျင်နရယ်မတ်ခ်ကလပ်ခ်သည် အစစအရာရာတွင် အတိအကျ စီမံဆောင်ရွက်လေ့ရှိ၏။

မစ္စမတ်ကလပ်ခ်သည် လစဉ် အိမ်စရိတ်တွေကို စာရင်းလုပ်ပေးရသည်။ စာရင်းဇယားထဲတွင် ၆ ပဲနီမျှကွာနေလျှင်ပင် မတ်ခ်ကလပ်ခ်က ထို ၆ ပဲနီကို





ဘာသုံးတယ်ဆိုတာ မတွေ့မချင်း တစ်နာရီခန့်အချိန်ကုန်ခံ၍ ရှာဖွေနေမည်သာ။

သူက ပိုက်ဆံ ၆ ပြားကို တန်ဖိုးထားလို့မဟုတ်ပါ။ စာရင်းဇယား မကိုက်တာမျိုးတော့ သည်းမခံတတ်သောကြောင့်ပါ။

ဂျင်နရယ်ကလပ်ခ်၏သားဖြစ်သူ ဘီလ်ကို ဝက်စ်ပွိုင့်စစ်တက္ကသိုလ်စာမေးပွဲဖြေဆိုဖို့ စာကျက်နေဆဲ၌ အဖေကြီးက တဖွဖွသတိပေးခဲ့၏။

"မင်း အဖြေတွေကိုပြန်စစ်နော် သား။ မင်းအဖြေတွေကို အမြဲပြန်စစ်။ သင်္ချာပုစ္ဆာတွေမှာလည်း အဖြေမှန်၊မမှန် တွက်ပြီးတာတွေကို ၂ ကြိမ် - ၃ ကြိမ် အချိန်ရသလောက် ပြန်တွက်"

တစ်နေ့တော့ ဘီလ်ကလပ်ခ်က သူ အမှတ် ၉၉ရိုတ်သော ကျောင်းရီပို့ကတ်ကို ဖခင်အား ပြမိသည်။

ဖခင်လုပ်သူက ဘီလ်အား "ဒီအဆင့်မျိုးရတာ ကျေနပ်ရဲ့လား" ဟု ပြန်မေးသည်။ ဘီလ်က ဖြေ၏။

"ကျေနပ်တယ်။ အဖေကော"

ဗိုလ်ချုပ်ကြီးကလပ်ခ်၏တုံ့ပြန်ချက်ကတော့ -

"အေး၊ ငါတော့ အားမရဘူး။ အမှတ် ၁၀၀ ရတာမှ မဟုတ်ဘဲ" တဲ့။

သည်တော့ ဘီလ်က လျှာရှည်ပြီး

"ဒက်ဒီကတော့ ကျွန်တော့် အမှတ် ၁၀၀ မရမချင်း ကျေနပ်မှာမဟုတ်ပါဘူးဗျာ" လို့ ပြောလိုက်လေသတဲ့။

ကျွန်တော်က 'သူ့အဖေကိုယ်တိုင် ဝက်စ်ပွိုင့်မှာ စာတော်သူတွေစာရင်းထဲမပါခဲ့တာကို ဖွင့်မပြောဘူးလား' ဟုမေးမိ၏။

ဘီလ်ကလပ်ခ်က -

"မပြောဘူးခင်ဗျ။ သူနှင့် ကျောင်းနေဖက် တစ်တန်းတည်းသားတစ်ယောက်နှင့် မတွေ့ခင်အထိ ဝက်စ်ပွိုင့်က ဒက်ဒီ့ရဲ့ ပညာရည်တိုးတက်မှုမှတ်တမ်း ဘယ်အဆင့်ရှိမှန်း မသိခဲ့တာ အမှန်ပဲ။ အဲ- သူ့အဆင့်ကိုကြားတော့မှ ကျွန်တော်လည်း မျက်လုံးပြူးသွားရတော့တယ်"

ဂျင်နရယ်ကလပ်ခ်ကား ပကတိ ဖြူစင်ရိုးသားသူတစ်ဦး ဖြစ်၏။ သူ့ကိုယ်သူ ဘယ်တော့မျှ ဂုဏ်ဖော်ပြီး ကြွားဝါလေ့ မရှိ။

တစ်နေ့ ဘီလ်ကလပ်ခ်က သူ့အဖေ အခန်းထဲသို့ အမှတ်တမဲ့ဝင်သွားမိသည်။ သူ့အဖေ အတွင်းခံစွပ်ကျယ်လဲနေတာနှင့် တန်းတိုးသွားသည်။ သည်တွင် သူ့အဖေကျောပြင်၌ တစ်လက်မခန့်ကျယ်၍ တစ်ပေခန့်ရှည်သောအမာရွတ်ကြီးကို တွေ့ပြီး အံ့အားသင့်သွား၏။

အံ့အားသင့်ရခြင်းမှာလည်း ထိုအမာရွတ်နှင့်ပတ်သက်၍ သူ့အဖေက ဘာတစ်ခွန်းမှ မဟခဲ့သောကြောင့် ဖြစ်၏။ ဘီလ်က ပါးစပ်ဆော့ပြီးမေးတော့မှ ဗိုလ်ချုပ်ကြီးက အေးအေးဆေးဆေးပင် ပြန်ပြောပါသတဲ့။

"ဟာ- ပြီးခဲ့တဲ့စစ်အတွင်းက ဓားဆုံးမှန်တာပါကွာ"

ဒါ စကားကုန်ပါပဲ။ ရှေ့မဆက်တော့။ အသေးစိတ်ပြောမပြ။ သူ ဘယ်လောက် သတ္တိပြောင်ခဲ့တယ်ဆိုတာကို အသိမပေးခဲ့။

နောက် ၆ လလောက်တိုင်အောင် ဘီလ်အဖို့ အကြောင်းရင်း အဖြစ်သနစ်ကို သိခွင့်မရ။

သည်လိုနှင့် တစ်နေ့တော့ ထပ်နိုးပေါ်က စာအုပ်ပုံကြီးကို လှန်လှောမွှေနှောက်ရင်း သူ့အဖေသည် တိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သည့်အတွက် သူရဲဘွဲ့ ရထားကြောင်း ဖတ်ရတော့သည်။

ဂျင်နရယ်မက်ခ်ကလပ်ခ်သည် ၁၀ နှစ်တိုင် ဆေးလိပ်စွဲသောက်ခဲ့ပြီး၊ သူ့ဖနိုးက ဆေးပြင်းလိပ်အန္တရာယ်တွေကို ထောက်ပြတားမြစ်ခဲ့သဖြင့် ရုတ်တရက် ဆေးလိပ်ဖြတ်ပစ်လိုက်၏။

သူ အစွဲမက်ဆုံး ဘာကို သောက်မယ်လို့ ခင်ဗျားထင်ပါသလဲ။

အရက်လား။ မဟုတ်။ နွားနို့ပါတဲ့။ အလုပ်နားချိန်တွင် စိတ်အေးလက်အေးဖြင့် တစ်နေ့ကို နွားနို့ ၃ ခါသောက်သဖြင့် တစ်ရက်လျှင် နွားနို့ ၂ ကွာတာ (ပေါင် ၅၀ ကျော်ဖိုးမျှ) ကုန်ပါ၏။

ဝက်စ်ပွိုင့်တွင် သူ့အတန်းဖော်သူငယ်ချင်းများက သူ့ကို 'မှောင်ခိုကုန်' (contraband) ဟု ချစ်စနိုးနာမည် ပေးထားကြသည်။ သူက စာသင်ခန်းထဲ၌ အမြဲလိုလို မှန်မှန်စားသောကြောင့်ပင် ဖြစ်၏။ စစ်တက္ကသိုလ်ဗိုလ်လောင်းများ





အနေဖြင့် အသားဟင်းငါးဟင်းများကို စားသောက်ခန်းမအပြင်သို့ ယူဆောင်ခွင့် မပြုပါ။

ဒါပေမယ့် မက်ခ်ဝိန်းကလပ်ခ်ကဲ့သို့ အရပ် ၆ ပေ ၂ လက်မရှိ လူတစ်ယောက်အဖို့ မြင်း ၂ ကောင်နှင့် လား ၁ ကောင်စာလောက်စားမှ တင်းတိမ်နိုင်မည် ဖြစ်ပါသည်။

သူ့ခမျာ စားသောက်ခန်းထဲမှာစားရတာ မဝသလို၊ တစ်နပ်နှင့်တစ်နပ် အလျှံမမီအောင် ဆာလောင်နေကျ။ သည်တော့လည်း အသားညှပ်ပေါင်မုန့်များ၊ အသားဟင်းများ၊ ကိတ်မုန့်များကို သူ့ဦးထုပ်အကြီးကြီးထဲမှာ ဝှက်၍ စာသင်ခန်းထဲယူလာပြီး လစ်လျှင် လစ်သလို တုပ်တော့၏။

ဒါက လွန်လေပြီးသော ရာစုနှစ် တစ်စိတ်လောက် ဖြစ်ခဲ့ပေမယ့်၊ 'ယနေ့ ထက်ထိလည်း သူ့အဖေက ဆာလောင်နေတတ်ဆဲပါ' ဟု ဗိုလ်ချုပ်ကြီး၏သားတော်မောင်က ကျွန်တော့်ကို ဖွင့်ချခဲ့သည့်စကားအရ -

"ခင်ဗျားအနေဖြင့် သူ့စားပွဲထဲမှာ သကြားချောင်း ၂ ချောင်းတော့ အနည်းဆုံးတွေ့ရမှာ ကျိန်းသေပဲ" ဟု သိရပါသည်။

သို့နှင့်အမျှ ဂျင်နရယ် ကလပ်ခ်ကို ညစာ ဖိတ်သည့်အခါများ၌ပင် သူ့အိမ်မှာ ၂ နာရီလောက်ကြို၍ သရေစာတွေ စားသွားသေး၏။ သူ့သရေစာဆိုတာကလည်း စွပ်ပြုတ်၊ ဆင်းဒွစ်ချ်၊ နွားနို့နှင့် အိုက်စကရင်တွေတစ်ပုံကြီး ပါဝင်ပါ၏။ နောက် ၂ နာရီ လောက်ကြာမှ ညစာစားရမည့်အတွက် သူက အဆာခံ နိုင်အောင် ခုလောက်စားထားခြင်းပါ။

သူ့အကြိုက်ဆုံး အစားအစာကတော့ အာလူးပြုတ်များနှင့်ရောထားသော ရှားရှားပါးပါးရခဲလှပြီး ခပ်ထူထူကလေးလှီးထားသည့် အသားလွှာများပေတည်း။

သူ အစားကျူးခဲ့ခြင်းက အချက်အပြုတ်ပါရဂူဖြစ်အောင်လည်း လေ့ကျင့်ပေးလိုက်၏။

ဘီလ်ကလပ်ခ်က သူ့ဖခင်သည် လိမ်ပြောခြင်းကလွဲလျှင် ကျန်တာ ဘာလုပ်လုပ် ခွင့်လွှတ်တတ်သည်ဟု ဆိုခဲ့ပါသည်။

သူကိုယ်တိုင်ကလည်း သူ့သားအား သင်ကြားပေးခဲ့၏။

“ဘီလ်။ မင်း မှန်တာတွေချည်းပဲ အမြဲပြောနော်။ ဘာကိစ္စမဆို ဘယ်အကြောင်းနှင့်ဖြစ်ဖြစ် နှမ်းစေ့တစ်စေ့စာတောင် ထိမ်ချန်ပြောဖို့ မကြိုးစားနှင့်။ အမှန်ကို အပြည့်အစုံမပြောဘဲ ကွယ်ဝှက်ထားလိုက်တာဟာ တစ်နေ့မဟုတ်တစ်နေ့ မင်းကို တန့်ပြန်လာမယ်ဆိုတာ နားလည်ထား”

ဝက်စ်ပွိုင့်မှ ပြန်မထွက်ခင် ဘီလ်ကို ကျွန်တော်ပြောမိ၏။

“မင်းဟာ မင်းအဖေနှင့်ပတ်သက်လို့ အားလုံးကောင်းပါသည်ခင်ဗျား ဆိုတာတွေပဲ ပြောခဲ့တယ်။ ကဲ-အခု သူ့အဆိုးဆုံးအပြစ်ကို ပြောပါဦး”

“အဖေ့အပေါ် အပြစ်ရှာမယ်ဆိုရင်တော့ ဒေါသကြီးတတ်တာ တစ်ခုပဲ တွေ့ပါတယ်။ သူဟာ သူ့စိတ်နှင့် မတွေ့တဲ့အခါမျိုးတွေမှာ ဒေါကန်တတ်ပါတယ်။ ဒါပေမယ့် သူ့ဒေါသက ဖြစ်တုန်းခဏပါပဲ။ ဖြစ်ကြောရှည်တယ်လို့ မရှိပါဘူး။ အာဃာတလည်း မထားတတ်ဘူး။ ပြီးရင်ပြီးရော သဘောပဲ။ သူ့စိတ်ရင်းက အင်မတန်နူးညံ့ပြီး သနားတတ်တာကလား။ ဒီတော့ သူ စိတ်လွှတ်ကိုယ်လွှတ် ဒေါသဖြစ်ပြီးတာနှင့် ချက်ချင်း ပြန်တောင်းပန်နေကျပါ။ သူ ဒေါသအလျောက် လုပ်မိတဲ့အပြစ်ကို အလျှော်ပေးတဲ့အနေနှင့် ခင်ဗျားကို နှစ်သိမ့်ချော့မော့ရာရောက်တဲ့ ကောင်းကျိုးလေးတစ်ခုခု ပြန်လုပ်ပေးဖို့ကြိုးစားမှာ မလွဲပါဘူး”

ဂျင်နရယ် ကလပ်ခ်သည် ခွေးတွေကိုတော့ တရားလွန်ချစ်ပါ၏။

သူ့မှာ သဘော်ခွေးငယ်ကလေး ၅ ကောင်၊ ခွေးဘီလူး ၁ ကောင်၊ ရဲခွေး ၁ ကောင်၊ တရုတ်ခွေးညို ၁ ကောင် မွေးထားသည်။

တစ်ညတော့ သူက ဧည့်သည်တစ်ယောက်၏ အဖိုးတန်သားမွေးကုတ်အင်္ကျီကိုကိုက်ဖြဲပစ်သော ခွေးတစ်ကောင်ကို ဒေါသထွက်ထွက်ဖြင့် ရိုက်နှက်ဆုံးမမိ၏။

ဘီလ် ကလပ်ခ်က ထိုအဖြစ်ကို ကျွန်တော့်အား ပြောပြခဲ့ရာ၌ ထိုညက ဧည့်သည်တွေ ပြန်သွားပြီးနောက်ပိုင်းတွင် မီးဖိုချောင်ထဲ သူ ဝင်သွားမိသည်။ ထိုအခါ သူ့အဖေက ထိုခွေးကို ခြေထောက်မှတ်သပ်လျက်ချော့မြှူရင်းက -





“ငါစိတ်မကောင်းပါဘူး ကောင်ကလေးရယ်။ ငါ အဲသလောက် အကြမ်းပတမ်းကိုင်ပြီး ရက်စက်ဖို့မသင့်တာလည်း အမှန်ပဲ။ နောက်ကို ငါ ဒီလို မရိုက်တော့ပါဘူးကွာ။ ငါ့ကို ခွင့်လွှတ်နော်” လို့ တောင်းပန်နေသံ ကြားလိုက်ရပါသတဲ့။

ခွေးကို လှမ်းကြည့်လိုက်တော့လည်း သူ့အဖေအပေါ် မွေမယူတမ်း ခွင့်လွှတ်နေသည့်အရိပ်အယောင် ထင်ရှားနေသည်ဟု ဘီလ်က ပြောပါသည်။

ဘီလ် ကလပ်ခ်တစ်ယောက် တစ်နေ့တော့ သူ့အဖေအခန်းထဲ ဝင်သွားမိရာမှ စားပွဲပေါ်တွင် စာအုပ်တစ်အုပ်ကို ဖွင့်လျက်သား တွေ့လိုက်ရ၏။ ယင်းစာအုပ်ကတော့ ‘နေ့စဉ်သုံး စကားများ’ ဟု ခေါင်းစဉ်တပ်ထားသော စာအုပ်။

စာအုပ်ထဲမှာတော့ သမ္မာကျမ်းစာထဲက တန်ခိုးရှိမ်းအင်ကြီးမားသော စာပိုဒ်များ၊ ကဗျာများကို ကောက်နုတ်ရွေးထုတ် ပါရှိနေပါသည်။ ဘီလ်ကလပ်ခ် အံ့ဩမဆုံးတော့ပါ။ သူ့အဖေထံမှ ဘာသာရေးနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ ပြောသံ မကြားဘူးခဲ့။

သူ့အမေကို ဒီအကြောင်းပြောပြလိုက်တော့ အမေလုပ်သူက -

“အေး- သားအဖေ သမ္မာကျမ်းစာကို မကြာခဏ ဖတ်တတ်ပြီး အိပ်ရာမဝင်ခင် ညတိုင်း ဘုရားဝတ်ပြု ဆုတောင်းနေကျပါကွယ်”

သူတို့၏ တပ်မဟာ ၅ အီတလီကို ချီတက်သိမ်းပိုက်သည့်နေ့က ဗိုလ်ချုပ်ကြီး ကလပ်ခ်သည် ‘သူ့နေ့စဉ်သုံး စကားများ’ စာအုပ်ကလေးကိုဖွင့်ပြီး ထိုနေ့အတွက် အောက်ပါစာပိုဒ်ကို ဖတ်ကြားခဲ့သည် ဆိုပါ၏။

‘ရန်သူပေါင်း ၁၀၀၀ ဝိုင်းနေပါစေ။ ဘုရားသခင်နှင့်အတူ ကျွန်ုပ်ရှိနေခြင်းဖြင့် လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းရပါပြီ’



# ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ
# General Eisenhower

**လူတွေ ပြောခဲ့ကြ၏။**
**'တစ်နေ့၌ သူသည် သမိုင်းအကြောင်း သင်လိမ့်မည်'တဲ့။**
**ထိုအစား သူက တခြားသူတွေသင်ကြားဖို့**
**သမိုင်းကို ဖန်တီးပေးသူ ဖြစ်ခဲ့သည်။**

❑ ဤရာစု၏ အစောပိုင်းက အထက်တန်းကျောင်းသားကလေး တစ်ယောက် ကင်းဆက်စ်ရှိ အပတ်စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သော 'သည် အဘီလိမ်း နယူးစ်' သတင်းစာတိုက်ရုံးခန်းထဲသို့ ဝင်ကြည့်ခဲ့မိ၏။ ထိုမှ အယ်ဒီတာပိုင် စာအုပ်တစ်အုပ် 'ကမ္ဘာ့စစ်သူကြီး ဟန်နီဘော၏အတ္ထုပ္ပတ္တိ' ကို ကောက်ကိုင်မိသည်။

စာအုပ်ကို ဖတ်ကြည့်လိုက်သည့်အခါ အံ့လ်တောင်တန်းများကို ဆင်တွေနှင့်ဖြတ်ကျော်၍၊ အီတလီများကို ၁၅ နှစ်တိုင်တိုင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့သော ဟန်နီဘော၏ဇာတ်ကြောင်းတွင် စိတ်ဝင်တစား နစ်မျောသွားတော့၏။

ဤ ကင်းဆက်စ်လူငယ်ကလေးသည် စစ်သမိုင်းများ၏ညှို့ငင်ခြင်းကို ခံခဲ့ရပြီးနောက် ဂစ်ဘွန်း၏ 'ရောမအင်ပါယာကြီး ကျဆုံးခန်း' စာအုပ်ကြီးကို ဝါးစားမတတ် လုံးစေ့ပတ်စေ့ဖတ်ရှုခဲ့သလို၊ အမေရိကန်သမိုင်းနှင့် ယှက်နွယ်နေသော စာအုပ်များအတွက် လပေါင်းများစွာ အချိန်ကုန်လိုက်ရပြန်သည်။ သူသည် လီး၊ ဂရန့်၊ ဝါရှင်တန်၊ စတုန်းဝေါလ်ဂျက်ဆင်တို့၏ အတ္ထုပ္ပတ္တိများကိုလည်း နှစ်နှစ်ခြိုက်ခြိုက်လေ့လာခဲ့မိပါပြီ။



သို့ဖြင့် သူက သမိုင်းစာအုပ်များကို အလွန်အထူး စွဲလမ်းဖတ်ရှုလာရာမှ အက်ဘီလိန်းအထက်တန်းကျောင်းက 'ဒီကျောင်းသားကလေးသည် တစ်နေ့တစ်ချိန်တွင် ယေးလ်တက္ကသိုလ်၌ သမိုင်းပါမောက္ခကြီးတစ်ယောက် ဖြစ်လာလိမ့်မည်' ဟု နိမိတ်ဖတ်လိုက်၏။

ထိုဟောကိန်းမှာ မှန်တော့ မှန်သည်။ ဒါပေမယ့် မှားသွား၏။ တစ်နည်းဆိုတော့ ဗဟိုချက်မှ သီသီကလေးကပ်လွဲသွားသည်။

ရှင်းချက်ထုတ်ရလျှင်မူ သူသည် ယေးလ်တက္ကသိုလ်တွင် ဘယ်သောအခါမျှ သမိုင်းကို မသင်လိုက်ရပါ။ သို့သော် ယေးလ်တက္ကသိုလ်က ဆရာနှင့် ကျောင်းသားများ ယနေ့တိုင် သင်အံကျက်မှတ်စရာ သမိုင်းအား သူကိုယ်တိုင် ဖန်တီးခဲ့ပါပြီ ဟူ၍သာ။

ဟုတ်ကဲ့။ သူ့လုပ်ရပ်တွေက ဟန်နီဘောနှင့် သူ့ဆင်များထက် မျက်မှောက်ခေတ်လူသားများကို ပိုမိုထိရောက်စွာ အကျိုးပြုခြင်းဖြင့် သမိုင်းတွင်ခဲ့သည် ဆိုရပါလိမ့်မည်။

အဆိုပါလူငယ်ကလေး၏အမည်မှာ ဒွိုက် ဒေးဗစ် အိုက်ဆင်ဟောင်ဝါ၊ သို့မဟုတ် သူ့မိတ်ဆွေများ ခေါ်နေကျဆိုပါက 'အိုက်ကီ' (Ike)ဖြစ်ပါတော့သည်။

မှန်ပါသည်။ 'အိုက်ကီ အိုင်ဆင်ဟောင်ဝါ' ဆိုသော ကင်းဆက်စ်ပြည်နယ် အက်ဘီလန်းမြို့ရှိ ဂျုံခင်းထဲက ငြိမ်းချမ်းရေးမြတ်နိုးတဲ့ ကောင်ကလေးသည် အနောက်ဥရောပရှိ လူပေါင်း သန်း ၃၀၀ ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် လက်နက်ကိုင်စစ်အင်အားများကို ကြီးကြပ်ညွှန်ကြားခဲ့ပါချေ၏။

၁၉၄၄ ခုနှစ် ဇွန်လ ၅ ရက် အရုဏ်တက် မနက် ၄ နာရီအချိန်တွင် ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်ဝါက နောက်တစ်နေ့တွင် ဥရောပကို ဝင်ရောက်သိမ်းပိုက်ရန် အစီအစဉ်ချမှတ် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ သူက ထိုအဆုံးအဖြတ်ကို အင်္ဂလန်နိုင်ငံတစ်နေရာရှိ သာယာလှပသော တောအိမ်ကလေးတစ်လုံး၏ဧည့်ခန်းထဲမှာ အပြီးသတ် ချမှတ်လိုက်တာပါ။

ဤသည်ပင် လေကြောင်း၊ ရေကြောင်း၊ ကြည်းကြောင်းဆိုင်ရာ စစ်ဖက်တာဝန်ခံအရာရှိကြီးများ၊ မိုးလေဝသပညာရှင်ကြီးများနှင့် မိနစ် ၃၀ ကြာ ဆွေးနွေးပွဲ

မပြီးလျှင် သုံးဖြုတ်ခဲ့သည်ဆိုလည်း မမှား။

ဂျင်နရယ် အိုက်စင်ဟောင်ဝါသည် လွန်ခဲ့သော ၂ ရက်ကပင် သိမ်းပိုက်တိုက်ခိုက်မှုကို စတင်ရန် အဆောတလျင်အမိန့်ပေးခဲ့၏။ ထို့နောက် နာရီဝက်အကြာမှာ ထိုအမိန့်ကို ပယ်ဖျက်လိုက်ပြန်၏။

ရာသီဥတုက ဆိုးဆိုးဝါးဝါး ပြောင်းလဲသွားသည်ကိုး။ ခုတော့ ရာသီဥတုက မျက်နှာသာပေးနေပြီ ထင်ရသည်။ ဒီထက် အချိန်နှောင့်နှေးလျှင် သင်္ဘောတွေပေါ်က စစ်ချီရန်အားသန်နေသော တက်တက်ကြွကြွ တပ်မှူးဝင်များ စိတ်ဓာတ်ကျသွားပေရောမည်။

သူ့ဝသီအတိုင်း လိုလားသူနှင့် ကန့်ကွက်သူ ၂ ဖက်စလုံး၏အထင်အမြင်များအပါအဝင် အခြေခံအကြောင်းအချက်အားလုံးကို ဂရုတစိုက်ချိန်ဆတွက်ချက်ပြီးနောက် ဂျင်နရယ်အိုက်စင်ဟောင်ဝါက ပြောခဲ့သည်။

"အခြေအနေအရပ်ရပ်ကို သုံးသပ်လိုက်ရင်တော့ တို့ ရှေ့ဆက်ချီတက်ကာ ပိုကောင်းမယ်လို့ ငါ ထင်တယ်" တဲ့။

သည် တစ်ကြောင်းတည်းသောစကားကို စိတ်လှုပ်ခတ်ချောက်ချားမှု အလျဉ်းမရှိ ပကတိတည်ငြိမ်အေးဆေးစွာဖြင့် ပြောလိုက်ရာမှ သိကြသည့်အတိုင်း ရှည်လျားသလောက် သွေးပင်လယ်ဝေခဲ့ရသော ကမ္ဘာ့စစ်သမိုင်းတွင် အကြီးမားဆုံး ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုစစ်ဆင်ရေးကြီး ဆင်နွှဲနိုင်ခဲ့ပါတော့၏။

တစ်ချိန်က ကင်းဆက်စ်စပြည်နယ်တွင် နို့စားနွားမတွေကို ထိန်းကျောင်းလျှက် ပန်းကန်ဆေးခဲ့ရသော ကောင်ကလေးဘဝမှ ခုတော့ အရှင့်အရှင် ဘယ်တုန်းကမျှ တစ်ဦးပိုင်တစ်ယောက်ပိုင် အပ်နှင်းမထားခဲ့ဖူးသော ဩဇာအာဏာကြီးကို အိုက်စင်ဟောင်ဝါ ရယူသုံးစွဲလိုက်ခြင်းပင် ဖြစ်ပါသည်။

သူသည် အနောက်ဘက်စစ်မျက်နှာရှိ မဟာမိတ်တပ်ပေါင်းစုအားလုံး၏ စစ်သေနာပတိချုပ်ကြီး ဖြစ်ခဲ့ပြီမဟုတ်ပါလား။

ခြေမြန်တပ်မများ၊ အမြောက်တပ်ကြီးများ၊ စစ်အင်ဂျင်နီယာများ၊ ရေတပ်စစ်သင်္ဘောများ ဝေဟင်ထက်က တဝေါဝေါပျံသန်းပါလာသည့် ဗုံးကြဲလေယာဉ်ကြီးများမှာ ဘယ်သူ ဘယ်လိုမျှမယှဉ်နိုင်သော စစ်အင်အားကြီးတစ်ရပ်ပါပဲ။





ဟုတ်ပါသည်။ အိုက်ကီအိုက်ဆင်ဟောင်ဝါအနေဖြင့် နပိုလီယမ်၊ ဂျူးလီယက်ဆီဇာ၊ ဟန်နီဘော၊ ရှာလ်မိန်းတို့ ခြေလျင်တပ်မဟာကြီး ၅ ခုပေါင်းထက် အဆပေါင်းများစွာ အင်အားကြီးမားသော တပ်ပေါင်းစုကြီးကို ကွပ်ကဲညွှန်ကြားခဲ့ရခြင်း ဖြစ်ပါ၏။

ထို့အတူ ရေတပ်ဗိုလ်ချုပ်ကြီး နယ်လ်ဆင်၊ ဟော့ကင်းစ်၊ ဒရိတ်ခ်၊ ဂျွန်ပေါလ်ဂျုန်းစ်၊ ဒီဝေးတို့ အားလုံးစုပေါင်းလိုက်သော စစ်သင်္ဘောများထက် ပိုမိုများပြားသော ရေတပ်သင်္ဘောအုပ်စုကြီးကို အမိန့်ပေးခဲ့ရခြင်း ပါပေတည်း။

၎င်းအပြင် အိပ်မက်ထဲမှာပင် မမက်ဖူးလောက်အောင် တစ်မိုးလုံး ညို့မည်းသွားစေသည့် အကြီးမားဆုံး လေတပ်လေယာဉ်အင်အားကိုလည်း လက်ညှိုးတစ်ချောင်းဖြင့် စေလိုရာ စေခဲ့ခြင်းသာ။

သို့တိုင် သူသည် အလွန်အမင်း ကြီးလေးရှုပ်ထွေးလှသော တာဝန်ကြီးတစ်ခုလုံးကို နှစ်ပေါင်းများစွာကလေ့ကျင့်ခဲ့သည့် တည်ငြိမ်အေးဆေးမှုဖြင့် ကိုင်တွယ်စီစဉ်ခဲ့၏။

အသေးအမွှားကလေးမှအစ နေ့စဉ်သေချာဂရုစိုက်မှုကြီးစွာ စီမံပြင်ဆင်ခဲ့သလို ထူးဆန်းထွေပြားလှပြီး စစ်ရေးဆိုင်ရာ ပဓာနကျသော လက်နက်ကိရိယာ တန်ဆာပလာအားလုံးကို စနစ်တကျနိုင်နိုင်နင်းနင်း အသုံးချနိုင်ခဲ့သည်။ စစ်အောင်နိုင်ရေးနည်းဗျူဟာကတော့ ရိုးရိုးရှင်းရှင်းကလေးပင် ဖြစ်၏။

"ဘာမဆို အသေးစိတ်စီမံပါ။ ပြီးရင် သူ့အတိုင်း ငြိမ်ငြိမ်လေး ပစ်ထားလိုက်ပေတော့"

သူ့လက်စွဲ ပါရဂူများကလည်း တစ်ခုမကျန် အသေးစိတ် စီမံခဲ့ကြ၏။ ဥပမာ ကမ်းတက်တိုက်ခိုက်မှုအတွက် ရေတပ်ဖက်မှ စီမံချက်များပင်လျှင် လက်နှိပ်စက် စာမျက်နှာပေါင်း ၈၀၀ ကျော် သုံးခဲ့ရသည်။ ထို ရေတပ်မတော်၏စစ်မိန့်နှင့် မြေပုံညွှန်းတစ်စုံကပင် ပေါင် ၃၀၀ ခန့် အလေးချိန်စီးခဲ့၏။

အိုက်ကီအိုက်ဆင်ဟောင်ဝါ၏အမည်ကို ဝက်စ်ပွိုင့်စစ်တက္ကသိုလ် အကယ်ဒမီ ကျောင်းကြီးတွင် လွန်ခဲ့သော ၂၈ နှစ်မှ စ၍ ကြေးပြားပေါ်၌ ထွင်းထားကြသည်။ ဒီလို ဂုဏ်ပြု ကမ္ပည်းထိုးခဲ့ရခြင်းမှာလည်း အိုက်ကီက ဘောလုံးကန်

မကျွမ်းကောင်းလို့ပဲ ဖြစ်၏။ သူ့ကို "ကင်ဆက်စ် ဆိုင်ကလုန်းမုန်တိုင်းကြီး" လို့ နာမည်ပေးထားကြသည်။

ဒါကလည်း သူ ကစားလျှင် တိုနာဒိုလေဆင်နှာမောင်းကြီးကဲ့သို့ တစ်ကွင်းလုံးကိုမွှေနှောက်ပြီး သူ့လမ်းကြောင်းပေါ် တွေ့သမျှကို တစ်ရှိန်ထိုး တိုက်ချသွားတတ်သောကြောင့်ပါပေ။ အိုက်ဆင်ဟောင်ဝါ၏ ဘောလုံးသမားဘဝမှာ ဒူးတစ်ဖက်ကျိုးခဲ့ရခြင်းဖြင့် နိဂုံးချုပ်ခဲ့ရ၏။

သို့သော် သူက ဥရောပတစ်လွှားတွင် ဟစ်တလာကို ခြေတွေလက်တွေ ရိုက်ချိုး၍ ဂျာမနီနိုင်ငံကို ပြန်လည်ထူထောင်ပေးခဲ့ခြင်းဖြင့် တစ်နည်းတစ်ဖုံ ကံထခဲ့ရပြန်သည်။

ရုန့်သူကို ထိုးစစ်ဆင် တိုက်ခိုက်ရေးတပ်ပေါင်းစု၏ သေနာပတိချုပ်ကို ရွေးချယ်ရန် စဉ်းစားကြသောအခါ အိုက်စင်ဟောင်ဝါကို နံပါတ် ၁ ဦးစားပေးခဲ့ကြသူများတွင် အမေရိကန်သမ္မတကြီး ရုစဗဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ သာမက၊ ရုရှားနိုင်ငံခေါင်းဆောင်ကြီး စတာလင်လည်း ပါဝင်ခဲ့လေ၏။

သို့ဖြစ်၍ အိုက်ဆင်ဟောင်ဝါသည် အင်္ဂလန်တွင် ရုံးထိုင်ခဲ့ရစဉ်က သမ္မတကြီးရုစဗဲ့က စတာလင့်ထံ လက်ရေးဖြင့် ကိုယ်တိုင်ရေး၍၊ "အိုက်ကီအိုက်ဆင်ဟောင်ဝါအား အမေရိကန်တပ်ပေါင်းစု၏ သေနာပတိအဖြစ် ခန့်အပ်လိုကြောင်း" အတည်ပြုပြောကြားခဲ့သည်။

လွန်ခဲ့သော ၃၄ နှစ်ကတော့ အိုက်ဆင်ဟောင်ဝါ စစ်တက္ကသိုလ် ဝက်စ်ပွိုင့်သို့ သွားချင်သည်ဆိုခြင်းကြောင့် သူ့မိသားစုမှာ အထိတ်တလန့် ဖြောက်ချားတုန်လှုပ်သွားကြရ၏။ အကြောင်းမူ သူတို့ ဆွေစဉ်မျိုးဆက်သည် စစ်ပွဲမုန်းသမျှကို ဆန့်ကျင်သော ဘာသာရေးဂိုဏ်းဝင်များဖြစ်ခဲ့သောကြောင့် ဖြစ်ပါ၏။ သူတို့ဂိုဏ်းက "ညီညွတ်သော ခရစ်ယာန်ညီအစ်ကိုများ" ဟု အမည်ရ၏။

အိုက်ကီအိုက်ဆင်ဟောင်ဝါ၏အတိုးမှာ ဘုရားရှိခိုးကျောင်းတွင် တရားဟောဆရာကြီးဖြစ်၍၊ သူ့တရားများကို ဂျာမန်ဘာသာဖြင့် ပို့ချသင်ကြားသည်။ သူ့အဖေနှင့်အမေကလည်း ခရစ်ယာန်ညီအစ်ကိုများ ဘာသာရေးအဖွဲ့ကပင် ဖွင့်လှစ်သော





ကောလိပ်ကျောင်းငယ်ကလေးမှာ ကျောင်းတက်ရင်း ဆုံတွေ့ခဲ့ကြရသည်။

သည်တော့ သူတို့ရဲ့သားကလေးက "စစ်သားလုပ်ချင်ပါရဲ့" ဟု ကြားလိုက်ချိန်မှာ ဘယ်လောက်များအံ့အားသင့်ပြီး စိတ်ထိခိုက်သွားကြမလဲ။ ခင်ဗျားသာ စဉ်းစားကြည့်လိုက်ပါတော့။

"အိုက်ကီဟာ ထူးချွန်ထက်မြက်တဲ့ စကားပြောကောင်းတစ်ယောက်လည်း ဖြစ်ပါတယ်။ ပြီးတော့ သူ မသိတာရယ်လို့ ဘာမျှ မရှိသလောက်ပါပဲ။ သူ့ကို လာပြောသမျှကိုလည်း အရေးစိုက် နားထောင်ရတာကို မွေ့လျော်ပါတယ်။ ကျွန်မဟာ သူနှင့်အတူ နှစ်ပေါင်းများစွာ စိတ်လက်ချမ်းသာ နေခဲ့ရတာနှင့်အမျှ သူဟာ ကျွန်မကို လေးလေးမြတ်မြတ် ဆွဲမက်နေတုန်းပါ"

ဇနီးမယားတစ်ယောက်၏ နှုတ်မှပွင့်ထွက်လာသည့် ဤစကား သက်သေမျိုးက ခိုသွေးရောင်ပတ္တမြားထက်ပင် ရှားရှားပါးပါး ကြားရခဲလှသည် မဟုတ်ပါလား။

ဝင်စတန်ချာချီက အိုက်ဆင်ဟောင်ဝါအား တစ်ခါတွင် ပြောဖူးသည် ဆို၏။

"ကျုပ်၊ ခင်ဗျားကို သဘောကျတဲ့အချက်ကတော့ ခင်ဗျားဟာ ဂုဏ်မမောက်တတ်သလို မဏ္ဍပ်တိုင် ဖက်တက်မပြတတ်တာကိုပဲ"

အို- မှန်လိုက်သမှ သိပ်မှန်။ ဒီစကားတွေက သူနှင့်ပတ်သက်လို့ အပိုအလိုမရှိ ကွက်တိကို မှန်လှချည်ရဲ့။ ချာချီသည် အပြောအဟောကောင်းသူဖြစ်၍ ဆန်းပြားလှသော အမေရိကန်ဘန်းစကားများကိုသုံးရာ၌လည်း ခံတွင်းတွေ့လှသလို ထိထိမိမိ အပိုင်ပြောလိုက်ခြင်းပါ။

တစ်ခါက အိုက်ဆင် ဟောင်ဝါသည် မြောက်အာဖရိကမှ လူတစ်ယောက်အား မှတ်ချက်ချပြောလိုက်သံကို ရေတပ်ဗိုလ်ချုပ်ကြီး ကမ်နင်ဟမ်းသည် ကြားဖူးခဲ့၏။

"ခင်ဗျားကို ကျုပ်သဘောကျတဲ့အချက်ကတော့ ဂုဏ်ပကာသနကို မယစ်မူးဘဲ မဏ္ဍပ်တိုင် တက်မပြတတ်တာကိုပါပဲ"

ရေတပ်ဗိုလ်ချုပ်ကြီးက ဤမှတ်ချက်ကို ချာချီအား ပြန်ပြောပြခဲ့ပုံရ၏။ နောက်ပိုင်းတွင် ချာချီက တစ်ဖန် အိုက်ဆင်ဟောင်ဝါအား သူ့စကားနှင့်သူ ချိုးကျူးထောပနာ ပြန်လုပ်လိုက်ခြင်းပင် ဖြစ်ပါသည်။

ဒို့က် အိုင်ဆင်ဟောင်ဝါဆိုသည်မှာ မြောက်တိုင်း မမြောက်သူ၊ မဏ္ဍပ်တိုင် ဖက်တက်မပြတတ်သူ မဟုတ်တာတော့ သေချာ၏။

သူသည် ထင်ပေါ်ကျော်ကြားမှုကို ဖန်တီးယူရန် ဘယ်တော့မျှ မကြိုးစားခဲ့သလို၊ ကိုယ်ကျိုးမရှာ အတ္တမဖက် ရာထူးဂုဏ်သိန်ကို မက်မောခြင်း မရှိခဲ့။ ကိုယ့်ဂုဏ်ကိုယ် မဖော်တမ်း အနေအထိုင်ကျစ်လစ်သိပ်သည်းရာ၌ သမ္မတကြီး လင်ကွန်းနှင့် တစ်တန်းတည်း ထားလောက်ပါ၏။

သူသည် ဆုတံဆိပ်များတပ်ဆင်ဖို့ ငြင်းပယ်တတ်သလို၊ စစ်ဖက်ဆိုင်ရာ ဂုဏ်ပြုဖဲကြိုးဖဲပြားများလည်း ဆင်မြန်းခဲလှသည်။

အင်္ဂလန်တွင်နေထိုင်စဉ် အရေးကြီးသော မိတ်ဆုံပွဲများကို အချိန်ကုန်ခံပြီး တက်လေ့မရှိရုံမက၊ သူ၏ဌာနချုပ်ရုံးကို 'အိုက်ဆင်ဟောင် ဝါဌာနချုပ်' ဟု ခေါ်မည့်အစား၊ 'မဟာမိတ်တပ်ပေါင်းစု ဌာနချုပ်' ဟု ခေါ်ဝေါ်ရန် အလေးအနက် ပြောဆိုခဲ့၏။

သူသည် ဘယ်အခါမျှ အရက် မသောက်ပါ။ ဒါကလည်း သူ့အဖို့ ထိပ်တန်းလျှို့ဝှက်သတင်း အများအပြားကို ခေါင်းထဲ ထည့်ထားရသဖြင့်၊ အရက်မူးလာလျှင် လျှာချောင်မိမှာစိုးသောကြောင့် စောင့်စည်းခြင်း ဖြစ်၏။

စစ်အေးကာလများတွင် သူက ၄ အိမ်ဖဲနှင့် ပိုကာဒေါင်းရခြင်းကိုတော့ ဝါသနာပါသည်။ ဖဲကစားတိုင်း သူ နိုင်နေကျဖြစ်၍၊ အထူးသဖြင့် ပိုကာကစားရာ၌ ကျွမ်းကျင်၏။ ဒါကလည်း ဖဲမှော် အောင်ထားသည်ဟု ဆိုနိုင်သလို၊ လူ့သဘာဝစရိုက်များကို အကဲဖမ်းတတ်သောကြောင့်ဟုလည်း ပြောနိုင်၏။

စစ်သမိုင်းနှင့် စပ်လျဉ်း၍ ဗဟုသုတစုံရာမှာတော့ သူက စုံပြုလောက်ပါသည်။ မြောက်အမေရိကစစ်ပွဲများအတွင်း လူတစ်ယောက်က သူ့ကို အီတလီတွင် ဟန်နီဘောစစ်ဆင်သည့် အကြောင်းများကို မေးလာ၏။





အိုက်ဆင်ဟောင်ဝါက ဟန်နီဘော၏ စစ်ဆင်ရေးနှင့် တိုက်ပွဲများအကြောင်းကို မိနစ် ၄၀ ကြာအောင် အသေးစိတ်ရှင်းပြခဲ့ခြင်းဖြင့် နားထောင်သူများကို ကြောင်တောင်တောင် ဖြစ်သွားစေသည်။

သူ့လက်အောက်အရာရှိငယ်တစ်ဦးက အိုက်ဆင်ဟောင်ဝါသည် 'ခရစ်တော်မမွေးခင် နှစ်ပေါင်း ၂၀၀ အထက်ကစစ်ပွဲကြီးကို ခရေစေ့တွင်းကျ ပြောပြနိုင်စရာမရှိ' ဟု အထင်ပေါက်ခဲ့၏။ သို့ဖြင့် သူက ရာဇဝင်စာအုပ်တွေကို ရှာဖွေကြည့်မိသည်။ အိုက်ဆင်ဟောင်ဝါပြောတာတွေ အားလုံးမှန်နေကြောင်း တွေ့ရ၏။

စင်စစ်တော့ အိုက်ဆင်ဟောင်ဝါသည် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်မှ ထွက်ကတည်းက သူ၏အားလပ်ချိန်တွေကို စစ်သမိုင်းများနှင့် စစ်ဆင်ရေးပြဿနာများကို လေ့လာဖတ်ရှုခြင်း၌ အများဆုံး မြှုပ်နှံ အသုံးချခဲ့သည်သာ မဟုတ်ပါလား။ သူက စာဖတ်မြန်သူတစ်ယောက် ဖြစ်၏။

သူ့သားတော်မောင်က ကျွန်တော့်အား အသိပေးရာတွင် အိုက်ဆင်ဟောင်ဝါသည် ကောင်းဘွိုင် သေနတ်ပစ်ဝတ္ထု မဂ္ဂဇင်း တစ်ထပ်ကြီးကို တစ်ညတည်း အပြီးဖတ်ခဲ့သည်ဟု ဆို၏။ သို့သော် သူ ဥရောပတပ်ပေါင်းစုကို ကွပ်ကဲရန် အင်္ဂလန်သို့ တက်သုတ်ရိုက်ပြေးလာချိန်မှာတော့ လေယာဉ်ပေါ်သို့ စာအုပ်တစ်အုပ်တည်းသာ ယူလာ၏။ ထိုစာအုပ်ကား သမ္မာကျမ်းစာ ဖြစ်ပါလေသည်။

အိုက်ဆင်ဟောင်ဝါသည် နေ့စဉ် ၁၆ နာရီမှ ၁၈ နာရီတိုင် အလုပ်လုပ်လေ့ရှိ၏။ သူ့အဖို့ အိပ်ချိန် ၅ နာရီမျှသာ လိုသည်ပဲ ဆိုပါစို့။ ပြီးတော့ မီးလင်းတာနှင့် ထ,နေကျ။ ဒါကလည်း သူ့အတွက် အသစ်အဆန်းမဟုတ်ပါ။

သူ ကင်းဆက်စ်တွင် ကလေးဘဝနှင့်ရှိခဲ့စဉ် ဆောင်းတွင်းကြီးမှာပင် မနက် ၄ နာရီခွဲ ထသောအလေ့အကျင့် ရခဲ့ပြီးသား။

သူသည် ပြဒါးတိုင်၌ သုညအောက် ၂၀ ဒီဂရီကျနေအောင် အေးစက်နေသောအိမ်ထဲမှာ မီးလင်းဖိုကြီးကို မီးမွှေး၍ မိသားစုစားရန် မနက်စာကို ချက်ခြင်း ဖြစ်ပါသည်။

အချက်အပြုတ်အကြောင်းပြောလျှင် အိုက်ဆင်ဟောင်ဝါသည် စားချင်စရာ အမျိုးမျိုးကို စိတ်ပါလက်ပါ ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်တတ်တာလည်း ပြောရပါဦးမည်။

သူ့မိခင်ကြီးမှာ သားချည်းပဲ ၆ ယောက်မွေး၍၊ သမီး တစ်ယောက်မျှမပါ။ ဒါကြောင့်လည်း သူ့ခမျာ မီးဖိုချောင်ထဲတွင် ရံဖန်ရံခါဆိုသလို မိခင်ကြီးကို ကူချက်ခဲ့ရသည်။

ဗျွန်အိုက်ဆင်ဟောင်ဝါက သူ့အဖေ ဟင်းချက်ကောင်းသည်ကို အမြဲဝင့်ကြွားဂုဏ်ယူတတ်ကြောင်း။ အထူးသဖြင့် အာလူး-ဆလပ်သုတ်၊ ဟင်းရွက်စုံစွပ်ပြုတ်လုပ်ရာ၌ လက်ရာမြောက်လှကြောင်း။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ အကောင်းဆုံး ဟင်းရွက်စုံစွပ်ပြုတ်ကို သူတစ်ယောက်တည်းသာ ချက်တတ်သည်ဟု လက်မထောင် ပြောလေ့ရှိကြောင်းများကို ကျွန်တော့်အား ဖွင့်ဟခဲ့ပါ၏။

သူသည် ဇနီးကို မီးဖိုချောင်ထဲမှနှင်လွှတ်ကာ သူကိုယ်တိုင် စိတ်တိုင်းကျ ဝင်ချက်၍ ထမင်းပွဲပြင်၊ စားပွဲထိုးလုပ်ပြီး၊ ပန်းကန်ဆေးသည်အထိ အောက်ခြေသိမ်း တာဝန်ယူတတ်တာလည်း နာမည်ကြီးလှ၏။

သူကား အပြောကောင်းရုံသာ မဟုတ်။ အလုပ်အကိုင်လည်း ကောင်းကြောင်း ဇနီးသည်က ကြွားမည်ဆိုရင်လည်း အံ့သြစရာမရှိချေ။

ဂျင်နရယ်ကြီးသည် ဝက်စ်ပွိုင့်စစ်တက္ကသိုလ် တက်စဉ်ကတော့ အဆင့် ကောင်းကောင်းမရခဲ့ရှာပါ။ သူ့ခမျာ အတန်းသား ၁၆၄ ယောက် အနက်မှ အဆင့် ၆၁ သာ ရခဲ့၏။ သို့ပေမယ့် ဝက်စ်ပွိုင့်တက္ကသိုလ်တွင် ထိပ်တန်းအဆင့်ထက် ပိုအရေးကြီးသောအရာကို သူ ရခဲ့ပါသည်။ အခြေအနေကို သုံးသပ်ဆင်ခြင်နိုင်သော အမြင်စွမ်းအားကို ရရှိခဲ့ခြင်းပင်ဖြစ်၏။

သူက 'နောက်ထပ် စစ်ကြီးတစ်ခုဖြစ်ဦးမည်'ဟု နှစ်အတော်ကြာကြာက ကြိုမြင်ခဲ့သလို၊ မပြတ်တမ်း ဟောကိန်းတွေထုတ်နေသဖြင့် 'အန္တရာယ်ဆိုးကြီး အိုက်ကီ' လို့ပင် နာမည်ပြောင်ပေးခြင်း ခံခဲ့ရသေးသည်။





ထို့ပြင် သူသည် 'လေယာဉ်နှင့် တင့်ကားတွေဟာ စစ်ရေးတွင် သမရိုးကျ တိုက်ခိုက်မှုများကို ဖော်လှန်၍ အဓိက အရေးပါလာမည်' ကိုလည်း ကြိုတင် ကျက်အသိမြင်ခဲ့သည်။

သို့မို့ကြောင့် သူက လေတပ်ထဲဝင်ဖို့ ကြံမိသေး၏။ ဒါပေမယ့် သူ့ချစ်သူ သက်ိုသမီးလောင်းက ကန့်ကွက်ခဲ့သဖြင့် မဝင်ဖြစ်ခဲ့။ သည်တော့လည်း တင့်ကား ကွေ့ဘက် လှည့်ခဲ့ရာမှ အမေရိကန်ပြည်ထောင်စု တပ်မတော် ကြည်းတွင် ပထမဆုံးနှင့် ခေတ်အမီဆုံးတင့်ကားတပ်ဖွဲ့ကြီးကို တည်ထောင်ပေးနိုင်ခဲ့သည်။

သူ ၂၈ နှစ်မြောက်မွေးနေ့မှာပင် တင့်ကားတပ်ဖွဲ့၏ ဒုဗိုလ်မှူးကြီးရာထူး ကို တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။ သူနှင့် သူ့တင့်ကားအုပ်စုတို့ ဥရောပသို့ ခြေဆန့်ရန် အားလုံး သင်္ဘောပေါ်ရောက်နေချိန် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာပင် စစ်ကြီးက ဖြုန်းခနဲ ပြီးသွားတော့သည်။

ကဲ-အခု ဒီမှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါရဲ့ အများနှင့်မတူ တစ်မူ ထူးခြား ထူးချွန်ရှားပါးလှတဲ့ အရည်အချင်းတစ်ရပ်ကို တင်ပြပါတော့မည်။

သူသည် ကမ္ဘာပေါ်တွင်ရှိသမျှ ရေတပ်၊ ကြည်းတပ်၊ လေတပ်တွေထက် အင်အားကြီးမားပြီး၊ ထို ကြည်း၊ ရေ၊ လေ တပ်ပေါင်း မဟာစွမ်းအားစုကြီးကို ကွပ်ကဲညွှန်ကြားခဲ့ရပါသော်လည်း သူကိုယ်တိုင်ကတော့ စစ်မြေပြင်မှာ တပ်စိတ် ကလေးတစ်စိတ်တောင်မျှ ဦးဆောင်တိုက်ခိုက်ဖူးခြင်း မရှိခဲ့ကြောင်းပါတဲ့။

ထောင်ပေါင်းရာချီနေသော အပျော်ထမ်းစစ်သားများပင် ဂျင်နရယ် အိုက်ဆင်ဟောင်ဝါထက် တိုက်ပွဲအတွေ့အကြုံ ပို၍ ရှိကြပေဦးမည်။ တကယ်တမ်းကျတော့ သူ့အလုပ်က အမြောက်ဆံ၊ ဗုံးဆံတွေ ဝုန်းဒိုင်းကြဲ ပေါက်ကွဲနေသည့် စစ်မြေပြင်သို့ လှုလုံးထွက်ပြစရာ မလိုပါ။ သူ့အလုပ်က ကိုယ်ထိလက်ရောက် တိုက်ရမည့် စစ်ဗိုလ်ချုပ်ကြီးတွေ၊ ရေတပ်ဗိုလ်ချုပ်ကြီးတွေကို စုစည်းညှိနှိုင်း၍ ဘယ်သူက ဘယ်၊ ဘယ်သူက ညာ စသဖြင့် ညွှန်ကြားစီမံချက်ချပေးရန်ပင် ဖြစ်သည်မဟုတ်ပါလား။

မဟာသေနာပတိချုပ် အိုက်ဆင်ဟောင်ဝါ၏ နာမည်ရင်းမှာ ဒွိုက်ဒေးဗစ် အိုက်ဆင်ဟောင်ဝါသာ စင်စစ်ကေန် ဖြစ်ရိုးမှန်ခဲ့သဖြင့်၊ 'အိုက်ကီ' ဟု အတို

ကောက်ခေါ်ကြသည်ကို သူ့မိခင်ကြီးက အပြင်းအထန်ဆန့်ကျင်ခဲ့ပါသည်။

တစ်ခါတွင် ဂျင်နရယ် အိုက်ဆင်ဟောင်ဝါ၏ဇနီးက ယောက္ခမကြီးထံသို့ စာတစ်စောင်ရေးခဲ့ရာ၊ စာထဲ၌ 'အိုက်ကီနှင့် သူမ ခရီးထွက်နေရာမှ အဘီလိမ်းသို့ ပြန်လာမည်' ဟု ထည့်ရေးလိုက်မိသည်။

အမေအိုက်ဆင်ဟောင်ဝါက စာပြန်ခဲ့ရာတွင်မူ စာတစ်စောင်လုံးကို ဖတ်ပြီးဟန်ဖြင့် အသုံးအနှုန်းကိုမနှစ်မြို့ကြောင်း သိစေလိုသောသဘောနှင့် -

"ဒါနှင့် သမီးနှင့်အတူ သွားလာနေတယ်ဆိုတဲ့ 'အိုက်ကီ' ဆိုတာ ဘယ်သူများလဲကွယ့်" ဟု မေးခွန်းထုတ်လိုက်ဖူး၏။

ဂျင်နရယ် အိုက်ဆင်ဟောင်ဝါ၏မိခင်ကြီးသည် အဘီလိမ်းမြို့၌ ယခုစာရေးနေချိန်အထိ ကျန်းမာပကတိ လန်းဖြာစွာရှိနေဆဲဖြစ်ပါသည်။

တစ်နေ့ သူမ ပြတင်းပေါက်တွင်ထိုင်ကြည့်နေမိစဉ် ယူနီဖောင်းဝတ်လူငယ်လေးများ လမ်းလျှောက်ချီတက်လာသည်ကို လှမ်းမြင်လိုက်ရာမှ သူ့အားက အဖော်ဖြစ်သူအား လှတ်ခနဲ ပြောလိုက်မိသော ဟူ၏။

"ဪ- ငါ့မှာလည်း တပ်ထဲမှာ ကလေးတစ်ယောက်ရှိတယ်အော"

ဟုတ်ပါတယ် အိုက်ဆင်ဟောင်ဝါအမေရယ်။ ခင်ဗျားမှာလည်း စစ်တပ်ထဲမှာ ကောင်ကလေးတစ်ယောက်ရှိထားတာ အမှန်ပါ။





# အာဗင် ဘာလင်
# Irving Barlin

**ဂီတသင်္ကေတကို မဖတ်တတ်ရှာသူ**
**အမေရိကန်၏ နာမည်ကျော် တေးပြုစာဆို။**
**သူသည် ရင်မှ စွဲငြိစရာသီချင်းတွေ ဖွဲ့တတ်၏။**
**ကြေးစားဘဝဖြင့် သီချင်းရေးခကို ကော်မရှင်ပါ**
**ထည့်တောင်းခဲ့သော်လည်း၊ တိုင်းပြည်အကျိုးပြု**
**သီချင်းများကိုတော့ အခမဲ့ ရေးပေးခဲ့ပါသည်တဲ့။**

❐ ၁၉၂၉ ခုနှစ်။ ဝေါစထရီ ငွေကြေးဈေးကွက် စီးပွားပျက်ကပ်ကြီး ဆိုက်ခဲ့သည့်အထဲရောပါခဲ့ရသော လူတွေအနက် ဝမ်းသာသူရယ်လို့ လူတစ်ယောက်ဆိုတစ်ယောက် ရှားပါးထူးခြားလှစွာ ရှိခဲ့ဖူးပါသည်။ သူ့ခမျာ ပိုင်ဆိုင်ထားသမျှ တစ်ပြားမကျန် ဆုံးရှုံးသွားခဲ့ရ၏။

တမြန်နှစ်က သန်းဓိပေါင်းများစွာ ချမ်းသာခဲ့ရာမှ နောက် ၁ နှစ်တွင် မွဲပြာကျသွားရသဖြင့် ဂီတပွဲအသစ် တင်ဆက်က,ပြရန် ပေါင် ၂၀၀၀ ပင် ချေးခဲ့ ရရှာ ပါသတဲ့။

မကြာမီက သူ့ဇနီးသည်က သူသည် ၁၉၂၉ ခုနှစ်က စီးပွားပျက်ကပ်ထဲပါခဲ့ရသည့်အတွက် ယခု ဝမ်းသာနေရပါကြောင်း။ အဘယ့်ကြောင့်ဆိုသော် လက်ဖဝါး ခြေဖဝါးသော ကျွန်တော့်သည့်ဘဝက သူ မြတ်နိုးသော သီချင်းရေးသည့်အလုပ်ကို မဖြစ်မနေလုပ်ဖြစ်အောင် တွန်းပို့ခဲ့သောကြောင့်ဖြစ်ကြောင်း ကျွန်တော့်အား ဖွင့်ဟအသိပေးခဲ့ပါ၏။

ဟိုသူကတော့ "အာဗင်ဘာလင်"ပင် ဖြစ်၍၊ ၁၉၂၉ ခုနှစ် စီးပွားပျက်ကပ် ဆိုက်ပြီး ပထမဆုံးရေးခဲ့သောလက်ရာမှာ "ထောင်ပေါင်း များစွာသော ညဘာသံများ" သီချင်းပင် ဖြစ်ပါလေသတည်း။

၁၉၂၉ ခုနှစ်အတွင်းကတော့ အာဗင်ဘာလင်အဖို့ သုံးမကုန် ဖြုန်းမကုန် နိုင်လောက်အောင် လက်ဖျား ငွေသီးခဲ့သည်ဟု အထင်ရောက်ခဲ့၏။ သို့နှင့်အမျှ အချိန်ပြည့် ကြမ်းပိုးထိုးနေခဲ့မိသည်။ ထိုအချိန်က မိုးမမြင်လေမမြင် အပျော်ကြီး ပျော်ခဲ့ရသလို တစ်သက်လုံး ဒီလိုပဲ ပျော်သွားရမည်ဟု မျှော်လင့်ခဲ့သည်။ ဒါပေမယ့် ခုတော့ တေပေလေလွင့် နေရတာထက် သီချင်းတွေရေးရတဲ့အရသာက ပိုပြီး ပျော်ရွှင်ကြည်နူးရပါကလားလို့ သူ တွေ့ရှိနားလည်ခဲ့ရပါပြီ။

၁၉၃၀ ပြည့်နှစ်လောက်အထိ သူက ယခင်အခြေအနေ အဆင့်အတန်းကို ပြန်ရောက်အောင် လုပ်နိုင်ပါ့မလားလို့ စိုးရိမ်ပူပန်နေခဲ့ရသည်။ နောက်ပိုင်းကျတော့လည်း အောင်မြင်ကျော်ကြားတဲ့ သီချင်းတွေကို ၁၈ နှစ်လုံးလုံး ရေးထုတ်နိုင်ခဲ့ပါ၏။ ဒါကလည်း ချောက်ထဲကျသွားရာမှ ကြောက်အားလန့်အား ရုန်းကန်ပြန်တက်ဖို့ ကြိုးစားသည့်သဘောဖြင့် သီချင်းတွေ ဖိရေးမိခဲ့ခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ်၊ အာဗင်အဖို့ အလုပ်နှင့်သာ ထွက်ပေါက်ရှာခဲ့ရာမှ အသံတွေ ထောင်ပေါင်းများစွာကို ရေးဖြစ်ခဲ့သည်။ သီချင်းက အကြီးအကျယ် ပေါက်သွား၏။ အဆမတန် အောင်မြင်လိုက်၏။ သူလည်း ယုံကြည်ချက်အပြည့်ဖြင့် အားတက်လာရ၏။

ဟောလီးဝုဒ်က သူတို့အသစ်ရိုက်ထုတ်မည့် Tim Hat ဆိုသော တေးဂီတ ဇာတ်မြူးအတွက် သီချင်းရေးပေးဖို့ ကမ်းလှမ်းခဲ့သည်။ ဟောလီးဝုဒ်လူကြီးမင်းများက သူ့ကို သီချင်းရေးခ ပုတ်ပြတ်ပေးလိုက်ကြသည်။ သို့သော် သူက အမြတ်ထဲက ရာခိုင်နှုန်းခွဲပေးရန် တောင်းဆိုသည်။ သဘောတူကြပြီးနောက် ထိုရုပ်ရှင်ကားအတွက် သီချင်း ၅ ပုဒ် ရေးပေးခဲ့ရာ၊ ထိုအထဲမှ တစ်ပုဒ်က Cheek to Cheek ဖြစ်ပါသည်။ ပေါင် ၇ သောင်းလောက် ရလိုက်၏။

ထိုအချိန်မှ စ၍ စန်းထလာသလို၊ နာမည်ကျော်လူကြိုက်များသည့်သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးဖွဲ့နိုင်ခဲ့ပါလေ၏။ The Easter Parade နှင့် White Chrisma ကဲ့သို့သော သီချင်းတွေပါပဲ။





၁၉၄၂ ခုနှစ်မှာတော့ သူ၏ အပြောင်မြောက်ဆုံးလက်ရာ၊ အကျော်ကြားဆုံးသီချင်း၊ This is the Army ကို ရေးထုတ်ခဲ့ပါသည်။ ထိုသီချင်းကို သူက အကျိုးအမြတ်အဖိုးအခ တစ်ပြားတစ်ချပ်မျှမယူဘဲ နိုင်ငံတော်အတွက် သူ့အချိန်၊ သူ့အနုပညာကို စေတနာသက်သက်ဖြင့်ရေးပေးခဲ့ခြင်း ဖြစ်၏။

This is the Army က အမြတ်ငွေ ပေါင် ၂၅ သိန်း အသားတင်ရခဲ့၍၊ ရသမျှငွေအားလုံးကို "တပ်မတော် အရေးပေါ်ထောက်ပံ့ကူညီရေး ရန်ပုံငွေ" အဖြစ် ပေးအပ်လှူဒါန်းလိုက်ပါသည်။

အာဗင်ဘာလင်သည် လူကြိုက်အများဆုံးသီချင်းများကို ရေးစပ်ခဲ့သော ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး၊ အတော်ဆုံး တေးပြုစာဆိုဖြစ်ခဲ့လင့်ကစား၊ အံ့သြစရာကောင်းသည့်အချက်က ဂီတအနုပညာနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် ကျွမ်းကျင်နားလည်မှု သိပ်မရှိခြင်းပင် ဖြစ်၏။

သူ့အဖို့ ရင်ထဲအသည်းထဲက ယိုစီးလျှံဖိတ်ထွက်လာသော သံစဉ်တေးသွားများကို ဂီတသင်္ကေတဖြင့် ချမရေးတတ်ခဲ့ပါ။ သူ ဖန်တီးမွေးထုတ်လိုက်သော တေးသွားသံစဉ် သို့မဟုတ် သီချင်းများကို သူ့လက်ထောက်ဂီတပညာရှင်က ဂီတသင်္ကေတတွေ လိုက်ရေးမှတ်ပေးခဲ့ရသည်။ သူက တီးလုံးတွေ၊ စာသားတွေကို ညည်းရုံသာ ညည်းပြတတ်သည်ပဲ ဆိုပါတော့။

အာဗင်၏တစ်သက်တွင် ဂီတပညာဆိုလို့ ဖြစ်ဖြစ်မြောက်မြောက် တစ်ခါမျှ မသင်ခဲ့ဖူးသည့်တိုင်အောင် အမေရိကန်ခေတ်ပေါ်တေးဂီတကို အခြားလူသာမန် တစ်ယောက်ထက် ပိုမို အာရုံကျက်စား အရသာခံစားနိုင်သောစွမ်းပကားတော့ ရှိပုံရပါသည်။

သည်သဘောတရားက ကျွန်တော်ပြောတာ မဟုတ်ပါ။ အမေရိကန်နိုင်ငံ၏ ကျက်သရေဆောင် ဂန္ထဝင်တေးဂီတများကိုရေးဖွဲ့ခဲ့သူ မဟာဂီတပညာကျော်ကြီး ဂျွန် အယ်လ်ဒင် ကာပင်တာ ကမိန့်ကြားခဲ့သော စကားသာ ဖြစ်ပါသည်။ မစ္စတာကာပင်တာက ခုလို ပြောခဲ့တာပါ။

"ကျွန်တော့်အနေဖြင့် စွဲစွဲမြဲမြဲယုံကြည်တာကတော့ လာမယ့် နှစ် ၂၀၀၀ ပြည့်နှစ်ကျရင် ဂီတသုတေသီတွေဟာ အမေရိကန်ဂီတရဲ့ မွေးနေ့မွေးရက်ကို

ဖူးမေမ်းရှာဖွေကြမှာဖြစ်ပြီး၊ "အဲ့ဒီရက်နှင့် တစ်ထပ်တည်း အာဗင်ဘာလင်ရှိနေတာကို တွေ့ရပါလိမ့်မယ်"

အာဗင်ဘာလင်သည် ဂီတပညာကို နားမလည်ပါပဲလျက် သီချင်း အမြောက်အမြားကို သူမတူအောင် စပ်ဆိုနိုင်ခဲ့သည်။

သူ့သီချင်းတွေက အပုဒ် ၈၀၀ ကျော် ရှိသည်ဆို၏။

သူကိုယ်တိုင်အပြောအရတော့ ရေးသမျှ အဖတ်မတင်ဘဲ အလဟဿ ဖြစ်ခဲ့ရတာတွေကလည်း တစ်ပုံကြီးရှိခဲ့ကြောင်း။ သူ ရေးအားကောင်းကောင်းနှင့် အဆမတန် ဒလဟောရေးထုတ်နိုင်ခဲ့လို့သာ ခံသာကြောင်း သိရပါသည်။ အရင်းများ၏ အရှုံးများသလို၊ အမြတ်အလည်း ထိုက်ထိုက်တန်တန် နှင့်ခနဲနေအောင် ရခဲ့သည် ဆိုရပါမည်။

သူသည် ၂ နှစ်တည်းသာ ကျောင်းနေခဲ့ဖူးသည်။

သူ အစအဆုံး ဖတ်ဖူးသည့် ပထမဆုံးစာအုပ်မှာ သူ့ဘဝအကြောင်းရေးထားသော သူ့အတ္ထုပ္ပတ္တိစာအုပ်သာ ဖြစ်ပါလိမ့်မည်။

နာမည်ကျော်ပုဂ္ဂိုလ်တိုင်းသည် များသောအားဖြင့် အိုမင်းရင့်ရော်ချိန်ကျမှ၊ သို့မဟုတ် ကွယ်လွန်ပြီးနောက်မှ အတ္ထုပ္ပတ္တိရေးခြင်း ခံကြရပါသည်။ ဒါပေမယ့် အာဗင်ဘာလင်၏အတ္ထုပ္ပတ္တိကို ဘာလင်၊ ၃၅ နှစ်အရွယ်မှာပင် အလက်ဇန်ဒါး ဝူးကော့က ကမ္ဘည်းတင်ခဲ့ပါ၏။

အာဗင်ဘာလင်သည် Marie from Sunmy Iraly အမည်ရှိ သီချင်းအတွက် သီချင်းရေးခ ၁ သျှီလင် ၄ ပဲနီသာ ရခဲ့၏။ ဒါပေမယ့် နောက် ၃ နှစ်အကြာတွင်ရေးခဲ့သော သီချင်းတစ်ပုဒ်အတွက် ပေါင် ၄ သောင်း ရလိုက်လေတော့၏။ ထိုသီချင်းက အမေရိကန်ဂီတလောကကို တစ်ခေတ်ဆန်းအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သလို၊ သူ့အား နေ့ချင်းညချင်း နာမည်ကြီးသွားစေခဲ့၏။ ယင်းသီချင်းကတော့ Alexamder's Ragtime Band ပါပေတည်း။

သီချင်းတစ်ပုဒ်ဖြစ်ခဲ့လင့်ကစား အသံမသွင်းခင် ဘရော့ဒ်ဝေးရှိ နာမည်ကျော် တေးဂီတအဖွဲ့ "ဖိုလီစ်ဘာကျဲ"၏ဝိုင်းခေါင်းဆောင်က တီးမှုတ်ပေးရန် အင်တင်တင်





လုပ်နေခဲ့တော့သည်။ သူက ယင်းသီချင်းကို 'လူကြိုက်မှာ မဟုတ်' ဟုဆိုပြီး ငြင်းပယ်ခဲ့ခြင်း ဖြစ်၏။ သို့ပေမယ့် ဂျော့ဂျ်အမ်ကိုဟင်က လူတွေ ဘာကြိုက်တတ်မှန်း နားလည်ခဲ့သည်။ သူက သီချင်းကို အပိုင်ယူထားလိုက်ပြီး ၁၉၁၁ ခုနှစ်တွင် တင်ဆက်က,ပြခဲ့သော Friar's Frolies ပြဇာတ်တွင် ထည့်သွင်းအသုံးပြုခဲ့သည်။ သူ့ဇနီး အီသယ်လ်လီဗိုင်းကလည်း သီချင်း၏ လှပသောသံစဉ်များကို ဆိုကြတီးကြက,နိုင်ကြအောင် ဖန်တီးလိုက်ပြန်၏။

၁၉၄၀ ပြည့်နှစ်မှာတော့ အမျိုးသား ဂီတအကဲဖြတ်အဖွဲ့ကြီးက ထိုနှစ်အတွက် အကောင်းဆုံးသီးချင်းရေးဆရာ ဂီတစာဆိုဘွဲ့ကို အာဗင် ဘာလင်အား အပ်နှင်းခဲ့ပါလေတော့၏။

ထိုဘွဲ့ထူးက သူ့ကို အားသစ်တွေလောင်းပေးလိုက်သလို အမေရိကန်နိုင်ငံ၏ 'ဒုတိယအမျိုးသားသီချင်း' ဟု ဆိုလောက်သည့် God Bless America ဟူသော တေးသီချင်းကို ဖန်တီးနိုင်စေခဲ့ပြန်သည်။ God Bless America သီချင်းက ပထမကမ္ဘာစစ်ကြီးအတွင်းကတည်းက ရေးပြီးခဲ့သော်လည်း၊ ၁၉၃၉ ခုနှစ်အထိ ထုတ်လွှင့်ခြင်း မပြုခဲ့ရသေးပါ။

မြူးနစ်ပဋိပက္ခကြီးဖြစ်ပွားပြီးနောက် အာဗင်ဘာလင်က ကမ္ဘာစစ်ကြီး ထပ်ဖြစ်မည့်အန္တရာယ်ကို စိုးကြောက်ခဲ့ကာ၊ အမေရိကန်ပြည်သူများ၏ အသည်းနှလုံးကို ဆွဲဆောင်စည်းရုံး လှုံ့ဆော်နိုင်မည့် တေးတစ်ပုဒ်ရေးဖွဲ့ရန် အာသီသပြင်းပြခဲ့သည်။ ထို့အတူ 'မျိုးချစ်စိတ်ဓာတ်ကို သွေးဖည်လျက် စီးပွားရှာသည်' ဟုကဲ့ရဲ့ ရှုပ်ချခံရမှာလည်း စိုး၏။ သို့ဖြင့် သူက သီချင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အားလုံးကို အမေရိကန်ယောက်ျားကလေးများ ကင်းထောက်အဖွဲ့နှင့် အမျိုးသမီးဆောင့်ရှောက်ရေးအသင်းများသို့ ပေးလှူလိုက်သည်။

အာဗင်ဘာလင်သည် God Bless America ဟူသော စကားလုံးများကို သူ့မိခင်ကြီး၏ နှုတ်မှက ပထမဆုံးကြားခဲ့ရခြင်း ဖြစ်၏။ သူမက ထိုစကားလုံးများကို အင်္ဂလိပ်လိုရေရွတ်ခဲ့ခြင်း မဟုတ်ပါ။ သူမအနေဖြင့် ကမ္ဘာသစ်,နေရာသစ်သို့ရောက်ခဲ့ရာမှ တိုင်းတစ်ပါးဘာသာစကားကိုအသုံးပြုဖို့ ဝန်လေးနေခဲ့၏။

သူမသည် God Bless America ဟူသော ဆုတောင်းသံကို ရုရှားဘာသာဖြင့် ရွတ်ဆိုခဲ့ခြင်းသာ ဖြစ်ပါသည်။ ပြီးတော့ ထိုဆုတောင်းကို သူက အမှုမဲ့အမှတ်မဲ့ တစ်ခါတစ်ရံမှသာ ရွတ်ဆိုခဲ့ခြင်းမဟုတ်ဘဲ၊ အူထဲအသည်းထဲက

စိတ်ပါလက်ပါ အားရတက်ကြွစွာ ရွတ်ဆိုခဲ့ခြင်းလည်း ဖြစ်၏။ သူမအဖို့ အမေရိကန်ပြည်ကြီး လွတ်လပ်မှုနှင့် ဘေးရန်ကင်းရှင်း အေးချမ်းသာယာနေရမှု အတွက် ဘုရားသခင်ကို ကျေးဇူးတင်မဆုံးအောင် ရှိနေရပါသည်။

အကြောင်းမှု သူမ၊ သူမ၏ခင်ပွန်းနှင့် ကလေး ၆ ယောက်မှာ ရုရှားနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံရ၍ အတိဒုက္ခရောက်ခဲ့ရာမှ သူတို့မိသားစု အသက်ဆက်နိုင်ရေးအတွက် အုယားဖားယားထွက်ပြေးခဲ့ကြပြီး၊ အမေရိကန်၌ လာရောက်ခိုလှုံခဲ့ရသောကြောင့် ဖြစ်၏။

အာဗင်ဘာလင်တို့မိသားစုသည် ၁၈၉၂ ခုနှစ်တွင် အမေရိကန်သွားမည့် သင်္ဘောနှင့် လိုက်ခဲ့ကြသည်။ သင်္ဘောမှာ လူတွေအပြည့်အလျှံကြီး။ အလင်းရောင်က မှိန်မှိန်ကလေးရှိ၍ လေကောင်းလေသန့် မရသလို၊ အသက်ရှူလည်း မဝခဲ့ကြရချေ။

ဘာလင်၏နဖူးတွင် ယနေ့တိုင် အမာရွတ်တစ်ခု ရှိနေသည်။ သင်္ဘောစီးလာစဉ် သူ့အထက်အိပ်စင်ပေါ်မှာအိပ်လိုက်လာသော လူတစ်ယောက်၏ လက်ထဲက ဓား လွတ်ကျခဲ့ကာ သူ့ကို ဒဏ်ရာရစေခဲ့ခြင်း ဖြစ်၏။

ပိုက်ဆံ တစ်ပြားမျှပါမလာသော သူတို့မိသားစု လောကသစ်သို့ ရောက်ခဲ့ကြပြီးနောက် ဘဝသစ် ထူထောင်ကြသည်။ သမီး ၄ ယောက်က အိမ်မှာ စက်ချုပ်၍ အကြီးဆုံးသားက အပေါ်စားစက်ချုပ်ဆိုင်၌ ဝင်လုပ်ရ၏။

ဖခင်ကြီးလည်း ဂျူး သားသတ်ဆိုင်များတွင် အသားတွေ စိစစ်ရွေးချယ်ပေးရသောအလုပ်ကို ရခဲ့ပြီး၊ တစ်ခါတစ်ရံလည်း ဂျူးဘုရားကျောင်းများတွင် အခကြေးငွေဖြင့် သီချင်းဝင်ဆိုခဲ့ရသည်။

အစပထမ၌ မိသားစု ၈ ယောက်ခမျှာ မည်းမှောင်ကျဉ်းမြောင်းသော အခန်းကလေးထဲတွင် နေခဲ့ရပြီး၊ နောက်တော့ နယူးယောက်မြို့ရှိ ဆင်းရဲသားရပ်ကွက်တစ်ခုက အခန်းကျဉ်းကလေး ၂ ခန်းပါသော တိုက်ခန်းကလေးသို့ ပြောင်းရွှေ့နေနိုင်ခဲ့ကြ၏။

ကဲ-သည်တော့ မီးတောက်တွေ၊ သွေးတွေ၊ မျက်ရည်တွေကြားက ငရဲပြည်နှင့် အေးချမ်းသာယာ ပျော်စရာကောင်းကင်ဘုံမျှ ခြားနားသောကမ္ဘာသစ်ကို ယှဉ်နှိုင်းလို့သာ ကြည့်ပါတော့။





ဂျူးမိခင်ကြီးနှုတ်ဖျားက ကောင်းကင်ဘုံကြီး မပျက်စီးစေကြောင်း ဆုတောင်းသံတွေ အမြဲမပြတ် ပေါ်ထွက်နေတာလည်း အဆန်းလို့ မဆိုသာတော့ပါ။

"ဘုရားသခင် အမေရိကားကို ကောင်းချီးပေးပါစေ၊ ဘုရားသခင် အမေရိကန်ပြည်ကြီးကို ကောင်းချီးပေးပါစေ"

အာဗင်ဘာလင်ကိုယ်တိုင်ကလည်း တစ်ခါ ပြောဖူး၏။

"ခင်ဗျားအနေဖြင့် သီချင်းတစ်ပုဒ်ကို လေထဲ ဖမ်းရေးနိုင်မှ မဟုတ်ပါဘူး။ ခင်ဗျား ဘာရေးနေတယ်ဆိုတာ နားလည်ခံစားမှုအပြည့် ရှိနေရပါမယ်" တဲ့။

သူသည် God Bless America သီချင်းကို လေထဲကရရှိခဲ့ခြင်း မဟုတ်ပါ။ ထိုသီချင်း၏အသက်ဝိညာဉ်၊ အနှစ်သာရတွေကို သူ့မိခင်ကြီးပြောပြသည့် ဇာတ်လမ်းတွေထဲ၌ ရှာတွေ့ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသီချင်းစာသားတွေမှာလည်း သူ့အသည်းနှလုံး၏ နက်ရှိုင်းသောတစ်နေရာမှ ထွက်ပေါ်လာခဲ့ခြင်းသာဖြစ်၏။

အာဗင်ဘာလင်၏ သီချင်းအတော်များများသည် သူ့ဘဝထဲမှ ရင်းနှီးထုတ်နုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

သူ့ပထမဇနီးသည် လက်ထပ်ပြီး ၆ လအကြာတွင် သေဆုံးခဲ့ရာမှ When I Lost You သီချင်းကို ရေးဖွဲ့ခဲ့၏။

၁၉၁၇ ခုနှစ် စစ်သားဘဝဖြင့် စစ်ထဲဝင်ခဲ့ရသည့်နောက် မနက် ၆ နာရီ အိပ်ရာကထ၊ရခြင်းကို ညည်းညည်းညူညူ မကျေမချမ်းဖြစ်ခဲ့ရပေါင်း များပါပြီ။ ဒါကြောင့်လည်း 'အို- မနက်အစောကြီး ထ၊ရတာကို ငါ မုန်းလိုက်တာ' ဆိုသည့်သီချင်းက ရင်ထဲမှ အန်ထွက်လာရသည်။

အာဗင်ဘာလင်နှင့် ချစ်စရာမိန်းမလှကလေး အယ်လင်မက်ကေးတို့ ချစ်ခဲ့ကြသည်တွင် ဖခင်ကြီးကသဘောမတူ။ စိတ်ဆိုးပြီး လူချင်းကွဲသွားအောင် အဝေးပို့သည်။ ဒီတော့ သူက 'ကိုယ်တစ်ယောက်တည်းရယ်' နှင့် 'သတိရနေမယ် အချစ်ရေ' ကို ရေးမိပြန်၏။

သူတို့ဇနီးမောင်နှံ ပြန်ပေါင်းထုပ်၍ လက်ထပ်ခဲ့ပြီးသိပ်မကြာခင် ရေးလိုက်သည်က 'မင်းကို အမြဲ အမြဲ ချစ်နေပါမယ်နော်' တဲ့။

ပြောခဲ့သည့်အတိုင်းလည်း သူမအပေါ်တွင် လိုလေသေးမရှိ ပြုစုယုယမြတ်နိုးခဲ့သည်။ ၂၀ ကျော် အချစ်ကလေးများအဖြစ် ငယ်မူပြန်လိုက်သည်။ သူ

က အယ်လင်အတွက် ဂုဏ်ယူဝင့်ကြွားခဲ့သလို သူမကလည်း အာဗင်ဘာလင်၏ ချစ်ဇနီး ဖြစ်ခဲ့ရသည့်အတွက် မော်ကြွားလို့မဆုံးအောင် ဖြစ်ခဲ့ပါ၏။ သူမနှင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်းဆိုရင်းက သို့ကလို ခံစားလိုက်ရခြင်းဆိုလည်း မများပါ။

အာဗင်ဘာလင်နှင့် အယ်လင်မက်ကေးတို့၏ မင်္ဂလာပွဲက သူတို့ လူကုံထံ အသိုင်းအဝိုင်းကို အကြီးအကျယ် ဂယက်ရိုက်စေခဲ့၏။ သူတို့ ချစ်ခြင်းအဆုံး တစ်နေရာမှာ ကွေ့ကွင်းရခြင်းနှင့်သာ အဆုံးသတ်ရမည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။ ဒါကလည်း သတို့သားနှင့် သတို့သမီးတွေ၏ အခြေအနေက လူ့အသိုင်းအဝိုင်း၏ သတ်မှတ်ချက်အရ သမုဒ္ဒရာ၏ကမ်း ၂ ဖက်လို ကွာဝေးလွန်းသောကြောင့် ဖြစ်၏။ မိုးနှင့်မြေကြီးကမှ အမြင်အားဖြင့် နီးချင်နီးဦးမည်။ သူတို့ဘဝကတော့ အမြင်ရောအတွေ့မှာပါ ဝေးလှပါဘိ။

အယ်လင့်အဖေကြီးက နယူးယောက်၏ မြို့မျက်နှာဖုံး လူကြီးလူကောင်းဖြစ်သလို၊ သူမကိုယ်တိုင်ကလည်း ဂုဏ်ကြီးရှင်မကလေးအဖြစ် ကြေးရည်တတ်တွေကြားတွင် ထင်ရှားခဲ့သူဖြစ်၏။

အာဗင်ကတော့ အပေါစား အိပ်ခန်းငှားသည့်အိမ်က လူစာမွန်တွေကြားထဲရှိ ကျောတစ်ခင်းစာ ခုတင်တစ်လုံးဖိုး ပေးရန်အတွက် ဆင်ခြေဖုံးက အရက်ဆိုင်ကလေးတစ်ဆိုင်တွင် သီချင်းဆိုပြီး ပိုက်ဆံရှာခဲ့ရသည်။

ဒါပေမယ့် ဘယ်သူတွေ ဘယ်လောက်ပဲဖျက်ဖျက် သူတို့၏ ချစ်မဏ္ဍိုင်က မယိုင်မလဲနိုင်မြဲခဲ့ပြီး ပျော်ရွှင်မှုတွေဝေဝေဆာဆာ သီရိဂေဟာတစ်ခု တည်ဆောက်နိုင်ခဲ့ကြ၏။

သူတို့ ၂ ဦးလက်တွဲလျက် ပကာသနအသိုင်းအဝိုင်း၏ ထင်မြင်ယူဆချက်တွေ မှားယွင်းကြောင်း သက်သေပြလိုက်ကြသည်။ 'ဂုဏ်ပကာသနဆိုတာ အလကား'၊ 'ဂုဏ်ရည်မတူဘူးရယ်လို့ မရှိ' ဟုလည်း ထင်ရှားစေခဲ့ကြ၏။

သူတို့ဇနီးမောင်နှံမှ သားသမီး ၃ ယောက် ထွန်းကားခဲ့ကြပြီး သူတို့မိသားစု၏ နွေရာသီအပန်းဖြေမှုကို ကက်စကီးလ်တောင်တန်းပေါ်ရှိ ၅၂ ဧကကျယ်ဝန်းသော ခြံကြီးထဲတွင် ချမ်းမြေ့စွာနေထိုင်ခဲ့ကြသည်။





မစ္စတာအာဗင်နှင့် ဇနီးတို့သည် ညကလပ်များနှင့် အသင်းအဖွဲ့များကို ဝါသနာ မပါ၊ အရေးမထားကြပါ။ အလုပ်နှင့်လက်နှင့် မပြတ်အောင်လုပ်နေခြင်းသာလျှင် သူတို့၏ဘဝ ဖြစ်၏။

ကျွန်တော် အထက်ကတင်ပြခဲ့ပြီးသလို အာဗင်ဘာလင်တစ်သက်မှာ ဂီတသင်တန်းကို နည်းနည်းကလေးမျှ မတက်ခဲ့ဖူးပါ။ သို့သော် အကောင်းတကာ့အကောင်းဆုံးဆိုသည့် ဂီတပညာသင်ကျောင်းကို တက်ဖို့မလိုအောင် သူ ငယ်ရွယ်စဉ်ကပင် ဂီတနှင့်ပတ်သက်၍ အလိုအလျောက် သင်ကြားနားလည်ပြီးသား။ ပါရမီထူးရှိသူပီပီ တေးသီချင်းတွေသီကုံးမှုနှင့် သံစဉ်ရှာဖွေမှုကို တတ်ကျွမ်းခဲ့သည်။ လူတွေအကြိုက်ကို နားလည်ခဲ့သည်။

၎င်းသည်ကို နယူးယောက်အရှေ့ဖျားပိုင်းရှိ ဆင်းရဲသားရပ်ကွက် လမ်းဆုံတစ်နေရာသို့ကူးပြီး မျက်မမြင်ဂီတအဖွဲ့တစ်ခုကို ဦးဆောင်ဖျော်ဖြေရင်း သံစဉ်တေးတွေဟစ်ကြွေးရင်းက သိရှိ သဘောပေါက်လာခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထို့အတူ အောက်တန်းစားကဖော်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ဇာတ်ရုံများတွင် လှည့်လည်သီချင်းဆိုရင်းကလည်း လေ့လာသင်ကြားနိုင်ခဲ့၏။

တစ်ခါတလေ၌ သူက တေးသားအဟောင်းတွင် သူကိုယ်တိုင် ရေးစပ်သော စာသားအသစ်တွေ ထည့်၍ဆိုရင်းက ပရိသတ်တွေကို အကဲခတ်ကြည့်ခဲ့သည်။ နောက်ပိုင်းတွင် သူ့ကိုယ်ပိုင်သံစဉ်များကို စာဖွဲ့ပြီး စားသောက်ဆိုင်ကြီးများနှင့် ဘီယာခန်းမများရှိ လူအုပ်ကြီးကို စမ်းသပ်ဖြေဖျော်မိ၏။

သူ့သီချင်းနှင့် သံစဉ်တွေက အမေရိကန်ဂီတလောကကို ဂုဏ်တင်ပေးနိုင်ခဲ့သည်။ သူ့ဂီတတေးသံများက ရှေးမူမပျက် အရိုးကို အရွက်မဖုံးဘဲ ဂန္တဝင်မြောက်ခဲ့သလို၊ ခေတ်သစ်၏ရင်ခုန်သံများလည်း လှပစွာ ယှက်နွယ်နေခဲ့၏။

တချို့လူများသည် သူတို့၏ဘဝတွင် အခြေအရံအပေါင်းအသင်းတွေ သိုင်းသိုင်းဝန်းဝန်းတစ်အုံတမကြီးနှင့် နေရသည်ကို ပျော်မွေ့ကြ၏။

တချို့ကျတော့လည်း သူတို့အသည်းထဲ၊ ရင်ထဲမှ လှပသောသံစဉ် တေးကဗျာတွေ တူးဖော်ရှာဖွေနေရခြင်းကိုသာ နှစ်သိမ့်ကြည်နူးနေကြပါသည်။



# ကပ္ပတိန် အက်ဒဝပ် အဲလ်စ်ဘာ့ဂ်
## Captain Edward Elsberg

**သူသည် ရေငုပ်သမားခေါင်းဆောင်းဝတ်စုံဖြင့် ရေအောက်သို့ဆင်း၍ သင်္ဘောကျင်းအရှင်ကို ဆယ်ယူခဲ့၏။ သေဘေးနှင့် အကြိမ်ကြိမ်ကြုံခဲ့ရသည့်ကြားက သက်စွန့်ဆံဖျား စွန့်စားသည့် ဖွဲ့သတ္တိထူး ရှိခဲ့သူ။**

❒ အမေရိကန်ပြည်ထောင်စု ရေတပ်မတော်က ကပ္ပတိန် အက်ဒဝပ် အဲလ်စ်ဘာ့ဂ်၏ စပယ်ရှယ်အရည်အချင်းကတော့ လူတကာက 'မဖြစ်နိုင်ပါဘူး' ဆိုသည့် အလုပ်တွေကို ဖြစ်အောင်လုပ်နိုင်ခြင်း ပါပေတည်း။ ကပ္ပတိန် အဲလ်စ်ဘာ့ဂ်သည် ပါရဂူများက 'လုံးဝ မဖြစ်နိုင်ပါဘူး' ဟုဆိုခဲ့သော အလုပ်မှန်သမျှကို နှစ်ပေါင်းများစွာ လုပ်ပြခဲ့ပါ၏။

ဒီ့အတွက် ကျွန်တော်ကို သာဓကဖော်တင်ပြခွင့် ပြုပါ။

စာတ်ကြောင်းပြန်ရသော် ၁၉၂၆ ခုနှစ်အတွင်းက ရိုဒီကျွန်းကမ်းလွန် ပင်လယ်ပြင် ရေအောက် ၁၃၂ ပေအနက်၌ အလေးချိန်တန် ၁၀၀၀ ရှိ ရေငုပ်သင်္ဘောအက်စ် ၅၁ နစ်မြုပ်သွားခဲ့သည်။

ပင်လယ်ပြင်ကြီးထဲတွင် ဒီလောက်ရေအနက်၌ ဘယ်ရေငုပ်သင်္ဘောကိုမျှ ဆယ်ယူနိုင်ခြင်း မရှိပါ။ ကျွမ်းကျင်သူပါရဂူအများစုကလည်း 'ပြန်လမ်းမရှိ' ဟု မှတ်ချက်ချခဲ့ကြ၏။ သည်ကြားထဲက ကပ္ပတိန် အဲလ်စ်ဘာ့ဂ်က မရရအောင် ဆယ်ပြခဲ့သည်။



၁၉၄၁ ခုနှစ် အမေရိကန်ပြည်ထောင်စု ရေတပ်အကယ်ဒမီ ကျောင်းတော်ကြီးမှ အက်ဒ်ဝပ်အဲလ်စ်ဘာ့ဂ် ဘွဲ့ရခဲ့ရာတွင်လည်း အချက်ပြဆက်သွယ်ရေး ပညာရပ်၌ ဘယ်သူမျှ အမှတ်ပြည့် မရခဲ့ပါ။ ပါရဂူဆရာကြီးများကလည်း အမှတ်ပြည့်ရဖို့ မလွယ်ကြောင်း ပြောခဲ့ကြ၏။ ဒါပေမယ့် အဲလ်ဘာ့ဂ်က အမှတ်ပြည့် ရအောင် လုပ်နိုင်ခဲ့၏။

အမေရိကန်ပြည်ထောင်စု ရေတပ်မတော်က ကပ္ပတိန်အဲလ်စ်ဘာ့ဂ်အား ပင်လယ်နီအတွင်းက မက်ဆဝါ အီတလီ ရေတပ်အခြေစိုက်စခန်းအတွင်း နစ်မြုပ်နေသော သင်္ဘောကျင်းအရှင်များနှင့် ဝင်ရိုးတန်း သွားသင်္ဘောများကို ဆယ်ယူပေးနိုင်၊ မပေးနိုင် မေးမြန်းခဲ့၏။ ထိုကိစ္စနှင့်ပတ်သက်၍ ပါရဂူ ဆိုသူကြီးများကတော့ မဖြစ်စကောင်းပဲ ပြောခဲ့ကြသည်။

အလျဉ်းသင့်၍ ဥရောပနိုင်ငံများဆိုင်ရာ အမေရိကန်ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ဟာရိုးလ် အာစတတ်ခ် ကိုယ်တိုင်ရေးခဲ့သည့် စာတစ်စောင်က စာကြောင်းတစ်ကြောင်းကို မူရင်းအတိုင်း ဖတ်ပြပါရစေ။

'မက်ဆိုဝါ၌ ကပ္ပတိန်အဲလ်စ်ဘာ့ဂ်သည် သူမတူအောင် ကျွမ်းကျင်မှုများနှင့် ဖွဲ့သတ္တိများကို မလျှော့တမ်းအသုံးချလျက် နစ်မြုပ်နေသော အီတလီ သင်္ဘောကျင်း ၂ ခုကို 'မတန်တဆ လေးလွန်း၍ ဆယ်ယူရန် မဖြစ်နိုင်ပါဘူး' ဟုဆိုသည့်ကြားက အောင်မြင်စွာဆယ်ယူနိုင်ခဲ့ပါသည်'

ဗိုလ်ချုပ်ကြီး ဟာရိုးလ်စတတ်ခ်ရေးခဲ့သည့် စာပါ။

•

ပင်လယ်နီအတွင်းရှိ မက်ဆိုဝါရေတပ်အခြေစိုက်စခန်း၌ ကပ္ပတိန် အဲလ်စ်ဘာ့ဂ်၏ စွမ်းဆောင်ချက်မှာ အံ့ဖွယ်သူရဲ ထူးကဲပြောင်မြောက်လွန်းလှသဖြင့် အမေရိကန်ပြည်ထောင်စု ရေတပ်မတော်ကြီးမှ အဖိုးတန်သူရဲကောင်းဆုတံဆိပ်ကို ချီးမြှင့်ခဲ့၏။ သတင်းစာကြီးများကလည်း မက်ဆဝါမှ သူ၏ဆယ်ယူရေးလုပ်ငန်းက မက်ဒီတေးရေးနီးယန်း စစ်ပွဲအတွင်း၌ အထူးအရေးပါသောပံ့ပိုးမှုတစ်ရပ် ဖြစ်ခဲ့သည် ဟုဆိုကြ၏။

ထိုဖြစ်ရပ်က ပုလဲဆိပ်ကမ်းတုံးကြဲခံရပြီး ၆ လအကြာ၊ ၁၉၄၂ ခုနှစ် ဆောင်းဦးရာသီ ကမ္ဘာစစ်ကြီးတွင် အရေးနိမ့်နေစဉ် အဆိုးဝါးဆုံးအချိန်သမယ၌

ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ရွှံ့မဲ၏လက်အောက်က ဂျာမန်များသည် မိုင် ၂၀၀ ကျော်ရှည်လျားသော စူးအက်တူးမြောင်းအတွင်း မောင်းသွင်းလိုက်ပြီး၊ အလက်ဇန္ဒယားရှိ ဗြိတိသျှတို့၏ အကြီးဆုံးရေတပ်စခန်းကို ဗုံးကြဲခဲ့ကြသည်။

'ဂျာမန်များ ပိတ်ဆို့ကာကွယ်ထားသော အရှေ့အလယ်ပိုင်းနှင့် စူးအက်တူးမြောင်းကို ဖောက်မထွက်နိုင်လျှင် မဟာမိတ်တွေ စစ်ရှုံးမည်'ဟု ဗြိတိသျှတွေက နားလည်ခဲ့ကြ၏။ ဗြိတိသျှစစ်သင်္ဘောများသည် မြေထဲပင်လယ် အရှေ့ခြမ်းတွင် ပိတ်မိနေကြပြီး ဆိုးဆိုးဝါးဝါးပျက်စီးနေကြ၍ အကြီးစားပြင်ဆင်မှုနှင့် ကြံ့ခိုင်ရေး လုပ်ရန် လိုအပ်နေသည်။

သင်္ဘောအမျိုးစုမှာ သံချေးတွေကိုက်လျက်၊ ရေတွေပေါ်တွင် ပင်လယ်ခရု တွေ အပြုံလိုက်တွယ်နေသဖြင့် အရှိန်ထက်ဝက်လျော့ကာ ခုတ်မောင်းနေကြရ၏။ အနီးဆုံး ဒေါက်အရှင်သင်္ဘောကျင်းမှာ မိုင် ၄၀၀၀ ဝေးသော တောင်အာဖရိကၥ် ရှိနေသည်။ ထိုအကွာအဝေးက နယူးယောက်နှင့်လန်ဒန် ဝေးသည်ထက် ပိုဝေး၏။

သေသေချာချာပြောရလျှင် ဗြိတိသျှများအနေဖြင့် ပင်လယ်နီပေါ်ရှိ မက်ဆဝါ ဒေသကို ကိုင်ရိုမှ မိုင် ၉၀၀ အထိသာ သိမ်းပိုက်နိုင်ခဲ့သေးသည်။ ထိုအခြေစိုက် စခန်းမှာ တစ်ချိန်တုန်းက အကောင်းဆုံး ဒေါက်အရှင်များနှင့် ရေတပ်စက်ပြင်ဌာန များ ဖြစ်ခဲ့ပါ၏။

သို့သော် စစ်ရှုံးအီတလီများက သူတို့မရှိသည့်နောက် တခြားလူတွေလည်း သုံးမရအောင် 'မစားရတဲ့အမဲ သဲနှင့်ပက်' ဆိုသလို တစ်ခုမကျန် စနစ်တကျ ဖျက်ဆီးပစ်ခဲ့သည်။ သူတို့တပ်တွေမဆုတ်ခွာမီ ရှိသမျှစက်တွေကို ဧရာမတူကြီး တွေနှင့် ရိုက်ချိုးဖျက်ဆီးသွား၏။ ဒေါက်အရှင်ကြီးတွေကိုလည်း ဗုံးခွဲနှစ်မြှုပ်ခဲ့၏။ ပြီး ဆိပ်ကမ်းတစ်လျှောက် သင်္ဘော ၂ စင်းကို ဇိုက်ဖောက်၍ မြှုပ်ပစ်ထားသည်။

ဗြိတိသျှများအနေဖြင့် မက်ဆဝါရှိ ရေတပ်အခြေစိုက်စခန်းကို ပြင်နိုင်ခြင်းက အရှုံး၊အနိုင်ကို ဆုံးဖြတ်ပေးလိမ့်မည်ဟု သဘောပေါက်ခဲ့၏။ ဒါပေမယ့် ဘယ်လို လုပ် ပြင်ကြရမှာလဲ။

လုပ်ငန်းသဘာဝအရ လူတွေ, လက်နက်ကိရိယာတွေ အမြောက်အမြား လို၏။ လောလောလတ်လတ် သူတို့လက်ထဲမှာ ဘာမျှမရှိ။ သို့ဖြစ်၍ သူတို့က





အမေရိကန်ပြည်ထောင်စုကို အကူအညီတောင်းခဲ့ရာမှ ကပ္ပတိန် အဲလ်စ်ဘက်ကို စေလွှတ်ခဲ့ခြင်း ဖြစ်၏။

ပါရဂူကြီးတွေကတော့ ဒေါက်ကြီးတွေကို ဆယ်မ,ဖို့ဆိုတာ ဘယ်လိုမျှ စဉ်းစားလို့ မရသလို၊ လက်တွေ့လုပ်ဖို့လည်း မဖြစ်နိုင်ကြောင်း အခိုင်အမာပြောခဲ့ ကြသည်။ တကယ်တမ်းမှာလည်း ရေငုပ်သမားတွေက ဒေါက်ကျင်းထဲမှ အပေါက် တွေကိုဆင်းဖာပြီး ရေတွေကို စုပ်ထုတ်ပစ်ဖို့ နှစ်ချီ၍ အချိန်ယူရမှာ ကျိန်းသေ သည်။

သို့လင့်ကစား ကပ္ပတိန်အဲလ်စ်ဘက်က လူ ၁၃ ယောက်တည်းနှင့် ၉ ရက် အတွင်းမှာ ဒေါက်ကျင်းကြီးကို ဖော်ထုတ်ဆယ်ယူပေးခဲ့ပါပြီ။ ပါးစပ်ပြောနှင့် ယုံနိုင်စရာ မရှိသလို၊ လက်တွေ့မျက်တွေ့ သွားကြည့်လည်း လုံးဝ ယုံနိုင်ဖွယ်ရာ မရှိ။ အထူးသဖြင့် သူတို့ လုပ်ရင်းကိုင်ရင်းကြားက အခက်အခဲပေါင်းစုံကိုတွေ့ရလျှင် ခင်ဗျား တကယ့်ကို မျက်လုံးပြူး ရင်မော ဩချသွားရပေလိမ့်မည်။

သူတို့ခမျာ အီတလီတွေဖောက်ခွဲဖျက်ဆီးသွားသော စက်ကိရိယာတွေကို ခဲရာခဲဆစ်ပြင်ပြီး ဒေါက်ကျင်းဆယ်ယူရေးလုပ်ငန်းတွင် ထည့်သွင်း အသုံးပြုရ၏။

ပထမဆုံးအခြေအနေကတော့ လက်နက်တန်ဆာပလာတွေ အလွန် လိုအပ်နေ တာနှင့်အမျှ ဆိပ်ကမ်းကို သင်္ဘောတစ်စင်းစင်း လာမကပ်လိုက်နှင့် သင်္ဘော ကပ္ပတိန်ဆီက တူတစ်လက်ပဲရရ, ဝက်အူလှည့်ပဲဖြစ်ဖြစ် မရမကတောင်းရတော့ တာပါပဲ။ ကပ္ပတိန်အဲလ်ဘက်သည် လက်သမားသုံး လွှတစ်စုံရရေးအတွက် မိုင် ၈၀ လောက်ကို ခရီးပြင်း မောင်းသွားရဖူး၏။ ထို့အပြင် တောင်ကုန်းတွေကြားရှိ ရွှေတွင်းဟောင်းတစ်ခုမှ လျှပ်စစ်မော်တာတွေကိုလည်း ရှာရှာဖွေဖွေ သွားဖော်ခဲ့ရ သေးသည်။

အီတလီတို့သည် စက်တွေက ရှိသမျှမော်တာတွေအားလုံးလိုလိုကို ဖျက်စီးပစ် ခဲ့ကြောင်း အဲလ်စ်ဘက် တွေ့ရှိခဲ့သလို၊ မပျက်မစီးကျန်ခဲ့တာကလေးတွေကို ရတတ် သမျှ ပြုပြင်တပ်ဆင်ခဲ့ရာမှ မူရင်းစွမ်းအင်၏ ၂၅ ရာခိုင်နှုန်းလောက်ကို ပြန်လည် ဖော်ထုတ် သုံးစွဲနိုင်လိုက်၏။

သူနှင့် သူ့တပည့်လက်သားတွေက ကျိုးပဲ့ပျက်စီးသွားသော အစိတ်အပိုင်း တွေကို ပုံကြမ်းလောင်း၍ အစားထိုးခဲ့ကြ၏။ ၂ လအတွင်း စက်အားလုံးနီးပါးနှင့်

သံမဏိပြားသုံး စက်ခန်းလှုပ်ငန်းတွေ ပုံမှန်လည်ပတ်နိုင်တော့မည့် အခြေအနေကို ဖန်တီးနိုင်ခဲ့သည်။

နောက်တစ်ချက် သူတို့အတွက် ကြီးမားလှသောအနှောင့်အယှက် အခက်အခဲကတော့ အပူဒဏ်ခံရခြင်းပင် ဖြစ်၏။ ပင်လယ်နီသည် ကမ္ဘာပေါ်တွင် အပူဆုံး သမုဒ္ဒရာရေပြင်ကြီး ဖြစ်နေခြင်းပါပေတည်း။ မက်ဆာဝါပင်လယ်ပြင်ကလည်း လူတစ်ယောက် ရေဆင်းမကူးနိုင်လောက်အောင် ပူပြင်းလွန်းလှသည်။

သင်္ဘောပေါ်ရှိ သံထည်သံပြားများမှာ တစ်ခါတစ်ရံ အပူချိန် ၁၆၀ ဒီဂရီသို့ပင် ရောက်သွားတတ်၏။ သံတူတစ်ချောင်းကို နေထဲပစ်ထားမိပါက အလုပ်သမားတစ်ယောက်သည် လက်အိတ်စွပ်ပြီးမှ သွားကိုင်နိုင်မည်ဖြစ်ပြီး၊ မသုံးခင်မှာလည်း ပင်လယ်ရေထဲ စိမ်လိုက်ရပေဦးမည်။

ကပ္ပတိန်အဲလ်စ်ဘာ့ဂ်သည် မက်ဆိုဝါမှ ရေလုံသင်္ဘောကျင်းကို ဆယ်ယူပြီး ၆ လအကြာတွင် မြေထဲပင်လယ်ရှိ ဗြိတိသျှ ရေယာဉ်စုမှ ကရုဇာစစ်သင်္ဘော ၃ စင်းနှင့် အခြားစစ်သင်္ဘောအစင်း ၈၀ လောက်ကို ရွှန်းမဲအား စစ်ပြိုင်တိုက်ခိုက်မည့် နိုဝင်ဘာလမတိုင်ခင် အချိန်မီ ပြင်ဆင်ပေးလိုက်ရသေးသည်။ အမှန်ပါပဲ။

ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီက ရွှန်းမဲကို အကျိုတ်အနယ်ထိုးစစ်ဆင်ရာ၌ ကပ္ပတိန်အဲလ်စ်ဘာ့ဂ်နှင့် မက်ဆာဝါမှ သူ့အဖွဲ့သည် ဆယ်ယူရေးလုပ်ငန်းများနှင့် တစ်တပ်တစ်အား အားဖြည့်ကူညီခဲ့ကြသည် ဆိုရပါမည်။ ထိုပွဲကြီးက ဒုတိယကမ္ဘာစစ်ကြီးကို အံ့အားသင့်စရာအလှည့်အပြောင်းတစ်ခု ဖန်တီးပေးခဲ့သည်ပဲ မဟုတ်ပါလား။

အဲလ်စ်ဘာ့ဂ်က ကျွန်တော့်ကိုပြောပြရာတွင် ၁၉၂၇ ခုနှစ်အတွင်းမှာ "အက်စ်-၄" အမည်ရှိ ရေငုပ်သင်္ဘောတစ်စင်း နစ်မြုပ်နေရာသို့ ဆင်းစစ်ဆေးစဉ် သေဘေးနှင့် ကြုံဖူးလိုက်ကြောင်းလည်း စိတ်ဝင်စားဖွယ်ပါဝင်ခဲ့ပါ၏။

ရေငုပ်သင်္ဘော "အက်စ်-ဖိုး"သည် ကမ်းခြေစောင့်ဖျက်သင်္ဘောကြီးတစ်စင်းနှင့် မက်ဆာချူးဆက်ကမ်းလွန်ပင်လယ်ပြင်တွင် တိုက်မိခဲ့ပြီး၊ ရေအောက် ပေ





၁၁၀ အနက်သို့ နစ်မြုပ်သွားရ၏။ ရေငုပ်သင်္ဘောအတွင်း လူ ၄၀ ပိတ်မိနေ၏။ ထိုသတင်းဆိုးကြီးက တစ်တိုင်းလုံးတစ်ပြည်လုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

ထိုအချိန်က အဲလ်စ်ဘာ့စ် ရေတပ်မတော်ထဲဝင်ခဲ့သည်မှာ မကြာလှသေးသော်လည်း ရေနက်ပင်လယ်တွင်း အကျွမ်းကျင်ဆုံး အမေရိကန်ရေငုပ်သမားတစ်ဦး ဖြစ်နေခဲ့ပါပြီ။ ထို့ကြောင့်လည်း သူက စေတနာ့ဝန်ထမ်း အကျိုးဆောင်မည်ဆိုပြီး ကော့အင့္ဂသို့ ခုန်းစိုင်းသွားခဲ့မိ၏။

သူ သွားကာမှ ပင်လယ်ထဲတွင် ၃ ရက်လုံးလုံး မုန်တိုင်းတိုက်နေသဖြင့် ရေငုပ်သမားတွေအဖို့ ရေအောက်သို့ ဘယ်လိုမျှ မဆင်းနိုင်အောင် ဖြစ်နေရ၏။ မုန်တိုင်းစဲသွားပြီဆိုတော့လည်း ရေငုပ်သင်္ဘောထဲပိတ်မိနေသော လူ ၄၀ ခမျာ သေကုန်ကြပါလေပြီ။

ဘာပဲဖြစ်ဖြစ်၊ အဲလ်စ်ဘာ့ဂ်ကတော့ ရေငုပ်ဝတ်စုံကိုဝတ်၍ ပင်လယ်ရေအောက်ကြမ်းပြင်သို့ ဆင်းပြီး ရေငုပ်သင်္ဘောကို ၂ ပိုင်းမကျိုးဘဲ ရေပေါ် ဆယ်ယူနိုင်ဖို့ လေ့လာကြည့်ရှုခဲ့ရပါတော့၏။ ထိုသို့ ရေငုပ်သင်္ဘောကို လှည့်လည်စစ်ဆေးနေရင်းက ရုတ်တရက် ဘယ်သွားရမှန်းမသိဘဲ လမ်းပျောက် သွားသည်။

သူသည် မြုပ်နေသော ရေငုပ်သင်္ဘောကြီး၏ ကိုယ်ထည်လုံးလုံးကြီးပေါ်တွင် ရပ်လျက်သားရှိနေမှန်းတော့ သိနေ၏။ ဒါပေမယ့် သူ့ပတ်လည်မှာ ညွှန်တွေ ဖုံးလွှမ်းနေပါပြီကော။

သူသည် ရေငုပ်သင်္ဘောကြီးကို တစ်စိတ်တစ်ဒေသမျှပင် မမြင်ရတော့ပါ။ ခြေလှမ်းတစ်ချက်မှား၍ ဦးတည်ရာလမ်းကြောင်း ချော်သွားသည်နှင့် သေပြီသာမှတ်ပေတော့။

သည်နေရာတွင် သူကိုယ်တိုင် ပြောပြခြင်းက ပိုသဘာဝကျမည် ထင်ပါ၏။

"ကျွန်တော် ဖြုန်းခနဲ ကြက်သေသေပြီး ရပ်နေမိတယ်။ ကျွန်တော် ခြေလှမ်း မှားထွက်လိုက်တာနဲ့ ရပ်နေတဲ့သင်္ဘောဇရာပေါ်က ချော်ကျသွားမှာကိုပဲ ကြောက်နေမိပါရဲ့။

"ရှေ့လမ်းစကတော့ လုံးဝ ပျောက်နေပါပြီ။ ကျွန်တော် နေရာမှာ မလှုပ်မယှက်ဘဲ ရပ်နေမိပါတယ်။ မလှုပ်ရဲလောက်အောင် စိုးရိမ်ထိတ်လန့်နေခဲ့ရတယ်။

"အဲဒီနောက် ပင်လယ်ရေပြင်ပေါ်က ကျွန်တော့်အသက်ကယ် ကြိုးချည်ထားတဲ့ ဖလ်ကွန်သင်္ဘောဟာ လှိုင်းပုတ်ခံလိုက်ရလို့ ရွေ့တိုးသွားသလို အသက်ကယ်ကြိုးလည်း ထောင်းခနဲ တင်းသွားတယ်။ တစ်ခါတည်း ကျွန်တော်လည်း ဟန်ချက်ကိုမထိန်းနိုင်တော့ဘဲ ရေငုပ်သင်္ဘောကြီးဘေးကို တွဲလောင်းပစ်ကျသွားရတော့တာပါပဲ။

"ဒီကြားထဲ ရေလုံအိတ်က မတော်တဆပွင့်ထွက်သွားလို့ အသက်ရှူဖို့လေတွေ တရှူးထိုးထွက်ကုန်တာကြောင့်လည်း အသည်းအသန်တုန်လှုပ်သွားရတယ်"

"လေတွေ ထွက်ကုန်တာနှင့် တစ်ပြိုင်တည်းမှာ ပင်လယ်ရေထုက ကျွန်တော့်ရင်ဘတ်ကို ဖိသိပ်နေလို့ အသက်ကို မနည်း လုရှူနေရပါပြီ။ ဒီထက်ကြာရင် ၂ ခြမ်း ဖြန်းဖြန်းကွဲသွားမှာ သေချာတယ်။ သတိမလွတ်အောင် ထိန်းနေရင်း တန်းလန်းက ကျွန်တော်ဟာ သမုဒ္ဒရာကြမ်းပြင်ကို ဒုတ်ဒုတ်ထိအောင် ရောက်သွားတယ်။ အဲ့ဒီနေရာမှာ အကျရပ်သွားမယ့်အစား ညွန်ပျော့ထဲကို နစ်ဝင်ခဲ့ရပြန်ပါရော"

"ကျွန်တော့်အဖို့ ပိန်းပိတ်နေတဲ့အမှောင်ကြီးထဲ ရောက်နေခဲ့ရာက ရေငုပ်သင်္ဘောကို မြုပ်အောင်တိုက်ချလိုက်တဲ့ ဖျက်သင်္ဘောကပြုတ်ထွက်ခဲ့တဲ့ တွန့်လိမ်ကောက်ကွေးနေတဲ့သံပြားကြီးပေါ် ပုံလျက်သားကျသွားတယ်။ ကျွန်တော် မလှုပ်ရဲဘူး။ နည်းနည်းကလေးလှုပ်လိုက်တာနှင့် သံမဏိပြားအစွန်းအစတွေက ကျွန်တော့်ရေငုပ်ဝတ်စုံကို ထိုးဖြဲပစ်လိုက်မှာ စိုးလို့ပါပဲ။ ဒါဆိုရင် ကျွန်တော် စက္ကန့်ပိုင်းအတွင်း ပွဲချင်းပြီး မသာပေါ်သွားမှာမဟုတ်လား။

"နောက်ဆုံးတော့ အရဲစွန့်ပြီးတော့ ကျွန်တော့်အသက်ကယ်ကြိုးကို ဆွဲတင်ဖို့ ရေပြင်ပေါ်ကို အချက်ပေးလိုက်မိပါတယ်။ လူ ၄ ယောက် ကျွန်တော့်ကို ဆွဲတင်ဖို့ ကြိုးစားကြတယ်။

"ဒါပေမယ့် ကျွန်တော့်မှာတော့ နည်းနည်းကလေးမျှ ကြွပါမသွားဘူး။ ကျွန်တော့် အသက်ကယ်ကြိုးတွေက အပေါ်သင်္ဘောပျက်နှင့် ငြိပြီး လိမ်နေပုံပါပဲ။ အတ္တလန္တိတ်ရေဖိအားတွေက ကျွန်တော့်ဦးနောက်တွေကို ထုံထိုင်းမှုးဝေလာစေနေပါတယ်။ နစ်မြုပ်နေတဲ့ရေငုပ်သင်္ဘောထဲက သေဆုံးနေသူ အယောက် ၄၀ ကို





သတိရပြီး၊ မကြာခင် ကျွန်တော်လည်း သူတို့နှင့် တမလွန်မှာ သွားတွေ့ရတော့မှာပါလားလို့တောင် စဉ်းစားမိသေးရဲ့။

"ဒီကမှ တဖြည်းဖြည်း ခံနိုင်ရည်တက်လာပြီး တရိုးရိုးအသံကို သတိထားလိုက်မိတယ်။ လေရှူပြွန်ကတစ်ဆင့် ကျွန်တော် အသက်ရှူလို့ ရနေပါရောလား။ ဒါနှင့် ကျွန်တော်လည်း လေသွင်းတဲ့အဆို့ရှင့်ကို ဖွင့်လိုက်တယ်။ ရေငုပ်ဝတ်စုံမှာ ရုတ်တရက် လေပြွန် ပြန်ဖောင်းပြည့်လာတော့တယ်။ အဲ့ဒီနောက် ဘီလူးလက်ကြီးတစ်ဖက်နှင့် ကျွန်တော့်ပခုံးကို ဆွဲတင်လိုက်သလို ညွှန်နစ်နေရာက ကျွန်တော့်တစ်ကိုယ်လုံး အပေါ်ကို ပေါလောကြီးမြောက်တက်လာတယ်။ နောက်တစ်ခဏမှာပဲ ထိုးထိုးထောင်ထောင်ချွန်ထွက်နေတဲ့ သံပြားစကြီးထဲကလည်း လွတ်ထွက်သွားတယ်။

"နောက်ကျတော့ သမုဒ္ဒရာရေပြင်ကို ကျွန်တော့်ရေငုပ်အုပ်ဆောင်းက ဖောက်ထွက်လိုက်နိုင်ပြီး အလင်းရောင်ကို ဝင်းခနဲ မြင်လိုက်ရပါတော့တယ်။ ကျွန်တော် မော့်ကြည့်လိုက်မိတယ်။ ကျွန်တော့် အသက်ကယ်ကြိုးနှင့် လေပြွန်တွေ ကျွန်တော်ခေါင်းပေါ်မှာ တန်းလန်းကြီးဝဲနေတယ်လေ။ ကျွန်တော် အန္တရာယ်ထဲက လွတ်မြောက်ခဲ့ပါတယ်။ ကျွန်တော် အသက်ချမ်းသာရာ ရခဲ့ပါတယ်"

အင်နာပိုလစ်ရှိရေတပ်အကယ်ဒမီတွင် ၂ နှစ်ခွဲ တက်နေစဉ်အတွင်း နေ့တိုင်းလိုပင် စစ်တန်းလျားလှေကားအောက်တွင် ထိုးထားသော အလံလွှမ်းထားသည့်ခေါင်းတစ်လုံးနားက အမြဲဖြတ်သွားရသည်။

ထိုခေါင်းထဲမှာတော့ အမေရိကန်နိုင်ငံ၏ အကြီးမြတ်ဆုံးသောရေတပ်သူရဲကောင်းကြီး ကပ္ပတိန် ဂျွန်ပေါလ်ဂျုန်းစ်၏ရုပ်ကလာပ်ကို ထည့်ထားပါ၏။

သို့အတွက်လည်း အက်ဒဝပ် အဲလ်စ်ဘုဂ်သည် ဂျွန်ပေါလ်ဂျုန်းစ်၏ အတ္ထုပ္ပတ္တိဇာတ်ကြောင်းကို အထူးစိတ်ဝင်စားလာရပြီး၊ သူ့အကြောင်းရေးထားသမျှ စာအုပ်တိုင်းကို မလွတ်တမ်း ရှာဖွေဖတ်ရှုမိခဲ့၏။ သူကိုယ်တိုင်လည်း ဂျွန်ပေါလ်ဂျုန်းစ်အကြောင်း စာတစ်အုပ် ရေးထုတ်ခဲ့၏။

သူက ကျွန်တော့်ကိုပြောပြခဲ့သည်မှာ အသက် ၁၂ နှစ်သားနှင့် သင်္ဘောသားဖြစ်ခဲ့ပြီး၊ အသက် ၂၇ နှစ်အရွယ်၌ အမေရိကန် ဖရီးဂိတ် စစ်သင်္ဘောကြီးရိန်းဂျားစ်

၏ ကပ္ပတိန်ဖြစ်ခဲ့သော ထို ဗကော့အမျိုးသားကလေး၏စိတ်ဓာတ်က သူ့ဘဝကို လောင်းရိပ်ထိုးလွှမ်းမိုးခဲ့ပါသည်တဲ့။

ကပ္ပတိန် အဲလ်စ်ဘာ့က်မှာ ရွှန်ပေါလ်ဂျုန်းစ်၏ တိုက်ပွဲဝင်သူရဲကောင်းစိတ်ဓာတ်နှင့် သတ္တိသွေးတွေရဲရဲနီအောင် ဆူကြွခဲ့ရသည်ကတော့ အမှန်ပင်။

ရွှန်ပေါလ်ဂျုန်းစ်အား ရန်သူများက လက်နက်ချဖို့ အမိန့်ပေးခဲ့ရာတွင် သူက ရာဇဝင်တွင်လောက်သော စကားလုံးများဖြင့် ပြန်ပြောခဲ့သည်ကို အဲလ်စ်ဘာ့က် မမေ့တမ်း ဦးထိပ်ရွက်ထားခဲ့သည်။

"လက်နက်ချရမယ်။ ဟုတ်လား။ ဘယ်တော့မျှ မချဘူးကွ။ ငါ့အဖို့ အခုမှ တိုက်ပွဲက စရုံရှိသေးတယ် မှတ်လိုက်"

ထိုဥဒါန်းစကားများက ကပ္ပတိန်အဲလ်စ်ဘာ့က် အသက်ရှင်နေသမျှ ဘဝတစ်လျှောက်လုံးတွင် အသည်းစွဲဆောင်ပုဒ်တစ်ခုဖြစ်ခဲ့သလို၊ သူ့ကို တစ်ယောက်ယောက်က 'ဒါ လုပ်လို့ဖြစ်မှာ မဟုတ်ပါဘူးကွာ' ဟု ပြောလာခဲ့ပြားအံ့။ သူက ဂျုန်းစ်၏ ရဲရဲတောက် နောက်မဆုတ်သောစွဲသတ္တိမျိုးဖြင့် ရှေ့တိုးပြီး မဖြစ်ဖြစ်အောင် လုပ်ပြလိုက်မည်သာတည်း။





# ဗိုလ်ချုပ်ကြီး ဒေါက်ကလပ် မက်အာသာ
## General Douglas Macarthur

**မျက်မှောက်ခေတ်စစ်သမိုင်းတွင်**
**ဗုံးကြဲလေယာဉ်ကြီးများဖြင့် ကျွမ်းစိုက်ဆင်း 'ပစ်' သလို၊**
**လေ၊ မြားနှင့်အတိုက်ခံခဲ့ရသည့် တစ်ဦးတည်းသောဗိုလ်ချုပ်ကြီး။**
**အသည်းအသန် ဖျားနာနေပါလျက်**
**ရေ့တန်းစစ်မြေပြင်သို့ ပို့နိုင်ခဲ့သော တိုက်ပွဲမျော်ကြီး။**
**'သေမှာမကြောက်သူတွေသာ အသက်ရှင် ကျန်ရစ်စမြဲ'**
**ဆိုသည့် ထုံးကို နှလုံးမူပြီး အမြဲကျင့်သုံးခဲ့သော သတ္တိ။**

❒ အမေရိကန်တပ်မတော်အတွင်း လေယာဉ်များနှင့် ဗုံးကြဲခံခဲ့ရသလို၊ လေး၊ မြားများဖြင့် အပစ်ခံခဲ့ရသော ဗိုလ်ချုပ်ကြီးရယ်လို့ တစ်ယောက်ဆို တစ်ယောက်တည်း ရှိခဲ့ဖူးပါသည်။ ထိုဗိုလ်ချုပ်ကြီး ဘယ်သူဖြစ်မယ်လို့ ခင်ဗျား ထင်ပါသလဲ။

ဩော်၊ ခု ကျွန်တော်က ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်စ်မက်အာသာ အကြောင်း ပြောမလို့ပါ။

ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်မက်အာသာဟာ ဂျပန်ဗုံးကြဲလေယာဉ်များ တဝေါဝေါ တိုက်ခိုက်ခံရသလို၊ ရက်အင်ဒီးယန်းများ၏မြားများ တဝီဝီတရှိန်ရှိန် ပစ်ခတ်ခြင်းကိုလည်း ခံခဲ့ရသူဖြစ်ပါသည်။

ပြည်တွင်းစစ်ကြီး အဆုံးသတ်ပြီးချိန်က ဗိုလ်ချုပ်ကြီးမက်အာသာ၏ဖခင်ဖြစ်သော အမြဲတမ်းတပ်မတော်၏ ဗိုလ်မှူး ဖြစ်သူသည် ယခု နယူးမက်ဆီကိုပြည်နယ်တွင် သွတ်သွင်းပါဝင်ခဲ့သော ရေမခြံမြေကြီးထဲ အခြေချနေခဲ့ပါသည်။ ထိုအချိန်ကာလမှာ 'ဘီလီ သည် ကစ်' နှင့် 'လူရမ်းကား ဘီလ် ဟစ်ကော့ခ်'ဆိုသောလူဆိုးကြီးများ ပရမ်းပတာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသလို၊ ကပ်စတာလူသတ်ပွဲကြီးလည်း ဖြစ်ပွားနေသည့်သမယ။

မက်အာသာနှင့် သူ့တပ်ဖွဲ့ဝင် ရဲဘော်တွေမှာ ထိုဒေသ၌ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေးအတွက် တာဝန်ယူတပ်စွဲထားကြ၏။

၁၈၈၄ ခုနှစ်၏ တစ်ရက်မှာတော့ ရွှံ့အုတ်များနှင့် ခံတပ်သဖွယ်ဆောက်လုပ်ထားသော သူ့တို့တပ်စခန်းကို အင်ဒီးယန်းလူနီရိုင်းတွေက ဝင်တိုက်ခဲ့ကြသည်။

အသက် ၄ နှစ်မျှသာရှိသော ဒေါက်ကလပ်စ်မက်အာသာကလေးမှာ သူ့အထိန်းတော် ရက်အင်ဒီးယန်း တိုင်းရင်းသူမကြီး၏ အကူအညီဖြင့် သစ်လုံးတပ်ထဲသို့ လွတ်မြောက် ဝင်ပြေးနိုင်ခဲ့သည်။ သည်မှာပင် အင်ဒီးယန်းမြားတစ်စင်းက သူ့ခေါင်းနှင့် သီသီလေး ပွတ်ထွက်သွား၏။

ဂျင်နရယ်မက်အာသာ၏ လူဖြစ်ဖြစ်ချင်းမှာပင် ဗျူကယ်သံတွေကို မှတ်မှတ်ရရ ကြားနေရပါလေပြီ။ သို့နှင့်အမျှ သေနတ်သံတွေကြားမှာပင် စိတ်ကူးယဉ်နတ်သမီးပုံပြင်တွေကို နားမထောင်ခဲ့ပါ၊ ကြိုက်လည်း မကြိုက်ပါ။ သူက သေနတ်သံတွေကိုသာ နားဝင်ချိုခဲ့၍၊ မစ်ရှင်နရီရစ်ချ်နှင့် ဂက်တီစ်ဘက်မှ စစ်သူရဲကောင်းပုံပြင်များကိုသာ စွဲစွဲမက်မက်ကြားနာလိုခဲ့သည်။

ဒေါက်ကလပ်စ် မက်အာသာကလေးသည် ပြည်တွင်းစစ်အတွင်းက သူ့ဖခင်ရရှိခဲ့သော အမေရိကန်စစ်သည်တော်များအတွက် အမြင့်ဆုံးဖြစ်သည့် နိုင်ငံတော် သူရဲကောင်းဘွဲ့တံဆိပ်ကို ပါးစပ်အဟောင်းသား တလေးတစား ငေးကြည့်နေကျဖြစ်၏။

ထို့အပြင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူလည်း သူ့အဖေကြီးလို တိုင်းပြည်ဂုဏ်ဆောင် သူရဲကောင်းဘွဲ့ထူးကို အရဆွတ်ခူးမည်ဟု ထပ်တလဲလဲ သစ္စာပြုခဲ့သော ဟူ၏။ တကယ်လည်း သူ၏သစ္စာအဓိဋ္ဌာန်အတိုင်း အရယူနိုင်ခဲ့၏။





သူသည် ထိုဆုတံဆိပ်ကို နောက်အနှစ် ၅၀အကြာတွင် ဖိလစ်ပိုင်နိုင်ငံ ဘာတန်းနှင့် ကော်ရက်ဂျီဒါမြို့များတွင် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့ခြင်းအတွက် ထိုက်တန်စွာရရှိခဲ့ပါသည်။

ဘာတန်းရှိ သူ့တပ်ဖွဲ့တွေထက် အင်အား ၁၀ ဆမကများပြားသော ဂျပန်တွေကို သူက အစွမ်းကုန်ခုခံတိုက်ခိုက်ခဲ့၏။ ဂျပန်တွေက ရေပြင်ရော ဝေဟင်ကိုပါ စိုးမိုးထား၏။ သို့တိုင်အောင် မက်အာသာက ဘာတန်းတွင် သွေး၊ ချွေးတွေ၊ လောင်မီးတွေအရင်းပြု၍ သမိုင်းစာမျက်နှာပေါ်တွင် သူရဲကောင်းတို့၏ဂုဏ်ရောင် ထွန်းပြောင်စေခဲ့သည်။ ဗိုလ်ချုပ်ကြီး မက်အာသာကား အရိုးကြေကြေအရေခန်းခန်း နောက်မဆုတ်တမ်းစွဲနှင့်။

မိတ်ဆွေအပေါင်းအသင်းအားလုံးက သူ၏ ပြင်းထန်သောစိတ်ဓာတ်ကို လေးစားကြ၏။ သို့သော် အချို့က သူ့ကို ချစ်စနိုးဖြင့် ပထမနာမည်ကို ခေါ်လေ့ရှိကြသည်။ သူ့ဇနီးသည်ကိုယ်တိုင်ကပင် သူ့ကို 'ဗိုလ်ချုပ်' လို့ ခေါ်နေကျ။

ဝက်စ်ပွိုင့်တက္ကသိုလ်တွင် သူနှင့် တစ်တန်းတည်းတက်ခဲ့သော ဗိုလ်မှူးကြီး လယ်လန်ပုပ်မှာ ဗိုလ်ချုပ်ကြီးနှင့် တရင်းတနှီးကျွမ်းဝင်သလို သူ့အကြောင်း ကောင်းကောင်းသိခဲ့သူ ဖြစ်ပါ၏။

သူက ကျွန်တော့်အား 'မက်အာသာသည် စည်းကမ်းရှိသေသော 'ကိုစည်းကမ်း' တစ်ယောက်ဖြစ်ကြောင်း၊ တော်ဝင်ကျောင်းတော်အိုကြီး၏ စံပြကျောင်းသားလည်း ဖြစ်ခဲ့ကြောင်း၊ စကားကို စီကာပတ်ကုံးပြောတတ်၍ ဘာသာပေါင်းစုံ တတ်ကျွမ်းသော ပါရမီရှင်တစ်ဦးလည်း ဖြစ်ကြောင်း' အသိပေးပြောကြားခဲ့ပါသည်။

ဗိုလ်မှူးကြီးပုပ်က ကျွန်တော့်ကို ပြောခဲ့ရာ၌ ဗိုလ်ချုပ်ကြီးမက်အာသာသည် စကားလုံးတိုင်းကို တစ်လုံးချင်း ပီပီသသ ရှင်းလင်းပြတ်သားစွာ အသံထွက်နိုင်ပြီး၊ ခရားရေလွှတ် တတွတ်တွတ်ဆိုသလို အာသွက်လျှာသွက်ရှိလှကြောင်းလည်းပါသည်။

ဗိုလ်ချုပ်ကြီးမက်အာသာသည် တိုက်ပွဲဝင်သူရဲကောင်း၊ နာမည်ကျော်စစ်သားကြီးဖြစ်လင့်ကစား၊ ခံစားချက်ပြင်းကာ စိတ်ပျော့လှ၏။

ဝက်စ်ပွိုင့်တက္ကသိုလ်၏ကျောင်းတော်သားများအဖြစ် အတူတွဲနေခဲ့ကြစဉ် ပုပ်နှင့် မက်အာသာသည် ဒေးဗစ်ဝါးဖီးလ်ပါဝင်သော "ဂီတပိန္နာ" ပြဇာတ်ကို သွားကြည့်ခဲ့ကြရာ၊ မက်အာသာသည် စိတ်အလွန်ထိခိုက်ပြီး မျက်ရည်တွေ စီးကျခဲ့သည် ဆို၏။

ဖိလစ်ပိုင်သို့ မက်အာသာရောက်သောအခါ နေပြင်းသည့်ဒဏ်နှင့် ညည်းငွေ့မှုများက အခြားသော အရာရှိငယ်များ အရက်သောက်, ကပွဲတက်နှင့် စိတ်ဖြေဖျော်ကြသလို သူ့ကိုလည်း ဖြားယောင်းခဲ့၏။ ဒါပေမယ့် သူက ကလပ်သို့ မသွားခင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့ရပ်ပြီး စိတ်တိုင်းကျ ပြင်လို့မဆုံးအောင် ရှိခဲ့သောဟူ၏။

ဗိုလ်ချုပ်ကြီးမက်အာသာသည် ဝက်စ်ပွိုင့်စစ်အကယ်ဒမီတက္ကသိုလ်၌ အနှစ်အစိတ်အတွင်း ဘွဲ့ရသူများအနက် အမှတ်အကောင်းဆုံး ဖြစ်ခဲ့သည်။ အတန်းထဲမှာလည်း ပထမရချည်း စွဲခဲ့၏။ သူ့အတန်းဖော် သူငယ်ချင်းများက ထိပ်တန်းခေါင်းဆောင်ဖြစ်ထိုက်သည်ဟု ချီးကျူးခဲ့ကြသည်။

ခင်ဗျားကို သူ့မှတ်တမ်း ဖတ်ပြပါရစေ။

ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်စ် မက်အာသာမှာ ဗိုလ်မှူးချုပ်ရာထူးကို ရသူများထဲတွင် အသက်အငယ်ဆုံး ဖြစ်ပါသည်။ ထို့အတူ ကြယ် ၄ ပွင့်ဗိုလ်ချုပ်ကြီးရာထူးကို ၂ ကြိမ်တိုင်ခန့်အပ်ခံခဲ့ရသော ပထမဆုံး အမေရိကန်တစ်ဦးလည်း ဖြစ်ခဲ့၏။

ဝက်စ်ပွိုင့်တက္ကသိုလ်၏ အုပ်ချုပ်ရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရသူများထဲမှာလည်း အသက်အငယ်ဆုံး စံချိန်တင်ခဲ့ပါသည်။

မက်အာသာသည် အခြားအခြားသော တပ်မတော်အရာရှိများထက် အမေရိကန်ဘွဲ့ထူးဂုဏ်ထူးတွေ အများအပြားပိုရခဲ့သလို၊ နိုင်ငံခြားအစိုးရ ၁၀ ဖွဲ့က ပေးအပ်သော ဆုတံဆိပ်တွေကိုလည်း ပိုင်ဆိုင်ခဲ့ရ၏။

သူသည် စစ်မြေပြင်တပ်မဟာမှူးကြီးအဖြစ် အမေရိကန်တွေထဲမှ ပထမဆုံးဖြစ်လာသူလည်း ဖြစ်၏။ ထိုဘွဲ့ထူးကို ဖိလစ်ပိုင်အစိုးရက သူ့ကို အပ်နှင်းခဲ့ခြင်းပါ။





ပြီးတော့ သူသည် မဟာမိတ်နိုင်ငံများမှ ကြည်း, ရေ, လေ တပ်ပေါင်းစု၏ အထူးအာဏာကုန်လွှဲအပ်ခံခဲ့ရသော ပထမဆုံး အမေရိကန်ဗိုလ်ချုပ်ကြီးလည်း ဖြစ်ခဲ့ရ၏။

သူသည် ဂရန့်၏နောက်ပိုင်း အသက်အငယ်ဆုံး ဗိုလ်ချုပ်ကြီးရာထူးကို ရခဲ့သူလည်း ဖြစ်၏။ နိုင်ငံ့သူရဲကောင်းဂုဏ်ဆောင် ဘွဲ့တံဆိပ်ကိုလည်း သူသည် ပထမဆုံး ချီးမြှင့်ခံခဲ့ရ၏။

ဖိလစ်ပိုင် နေသဟာယအဖွဲ့ကြီး၏ စစ်ဖက်အကြံပေးအရာရှိကြီးအဖြစ်လည်း ကမ္ဘာပေါ်တွင် မည်သည့်စစ်အကြံပေးပုဂ္ဂိုလ်မျှ မရဖူးခဲ့သော အမြင့်ဆုံးလစာကို ရခဲ့၏။

မက်အာသာသည် အမေရိကန်ပြည်ထောင်စုတပ်မတော်၏ အငယ်ဆုံး ကာကွယ်ရေးဦးစီးချုပ် ဖြစ်ခဲ့ရုံမက၊ "၄ နှစ်သက်တမ်း ၂ ခါပြန် ခန့်အပ်ခဲ့ရသော ပထမဆုံးကာကွယ်ရေးဦးစီးချုပ်" ဟူ၍လည်း မော်ကွန်းထိုးခံခဲ့ရ၏။

ကဲ- အမေရိကန်တပ်မတော်သမိုင်းမှာ သူ့လို မှတ်တမ်းစံချိန်တွေ အမျိုးမျိုးချိုးခဲ့သောပုဂ္ဂိုလ် ဘယ်နှစ်ယောက်များ ရှိပါဦးမည်နည်း။ ကျွန်တော်တော့ ရှိမည်လို့တောင် မထင်မိ။

ပထမကမ္ဘာစစ်ကြီးအတွင်း ပြင်သစ်နိုင်ငံ စိန့်မိုင်ဟေးလ်မြို့ကို အမေရိကန်များ အကြီးအကျယ်စစ်ဆင်ပြီး ချီတက်တိုက်ခိုက်ခဲ့သောနေ့တွင် ဂျင်နရယ်မက်အာသာသည် အပြင်းဖျား၍ အိပ်ရာထဲ လဲနေရ၏။ ဒါပေမယ့် ဖျားဖျား, မဖျားဖျား မက်အာသာကတော့ တိုက်ပွဲတွင် အမှတ် ၈၄ တပ်မတော်ကို ကွပ်ကဲအမိန့်ပေးရန် ဆုံးဖြတ်ခဲ့ပါလေပြီ။ သူ့အနေဖြင့် ရှေ့တန်းကို လျှောက်သွားဖို့မှ အနိုင်နိုင်။ အားနည်းလွန်းနေသည်။ ထို့ကြောင့် သူ့အော်ဒလီ ရဲဘော်ကလေးတစ်ယောက်ကို ထိုမနက် သူ လမ်းမလျှောက်နိုင်လျှင် ရှေ့တန်းသို့ ထမ်းစင်ဖြင့် ခေါ်သွားဖို့ စီစဉ်မှာကြားထား၏။

လူတစ်ဖက်သားကို ပက်ပက်စက်စက် ဝေဖန်တတ်သော ကွယ်လွန်သူ ဗိုလ်ချုပ်ကြီး ဟူးဂွန်ဆင်ကပင် -

"မက်အာသာဟာ စစ်မြေပြင်နှင့် အိပ်ရာ ကြုံက်တဲ့နေရာမှာ သေဆိုရင်၊ အိပ်ရာကိုရွေးမယ့် စစ်ဗိုလ်ချုပ်မျိုး မဟုတ်ဘူးကွ" ဟု ထုတ်ဖော်ပြောဆိုခဲ့ရသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းက မက်အာသာသည် အမြောက်ဆံ, ဗုံးဆံတွေ တဝုန်းဝုန်းပေါက်ကွဲနေသည့်ကြားမှာ အကာအကွယ်မယူဘဲ လျှောက်သွားနေခဲ့၏။

သူသည် သူ့လက်ရွေးစင် ရဲဘော်တစ်စုနှင့် တိုက်ပွဲထဲဝင် တိုက်ခဲ့ခြင်းဖြင့် စစ်မြေပြင်ကို တုန်လှုပ်ချောက်ချားစေခဲ့သည်။ သူ့ရဲဘော်တွေအား စက်သေနတ်စခန်းတစ်ခုကို စီးနင်းသိမ်းပိုက်နိုင်ရေးအတွက် ဝင်ကူပေးခဲ့ခြင်းဖြင့် သူ့ရသတ္တိ ပြောင်မြောက်မှုကို ထုတ်ဖော်ပြသခဲ့၏။

"ရဲစွမ်းသတ္တိ ကြီးစိုးပါတယ်ဆိုတဲ့ စစ်မြေပြင်ထဲမှာ သူ့ရဲ့သူရသတ္တိမျိုးကတော့ ယှဉ်နိုင်သူမရှိအောင် ရှားမှရှားပါပဲ"ဟုပင် သူ့ကို ဂုဏ်ပြုသဝဏ်လွှာ၌ ထုတ်ဖော်ချီးကျူးခဲ့ကြရသည်။

ထို ပထမကမ္ဘာစစ်ကြီးအတွင်းမှာပင် ၂ ကြိမ်တိုင်တိုင် ဒဏ်ရာရခဲ့၏။ ကျည်ဆံမိုးရွာနေသည့် တိုက်ပွဲအတွင်း သူမတူအောင် ရဲဝံ့စွန့်စားခြင်းကြောင့် ဆုတံဆိပ် ၁၃ ကြိမ် ရခဲ့ပြီး၊ သူ့ရသတ္တိပြခဲ့သည့်အတွက် ၇ ကြိမ်တိတိ ချီးကျူးမှတ်တမ်းဖွင့် ခံခဲ့ရသည်။

ဒီတော့လည်း ၁၉၁၈ ခုနှစ်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး နယူတန် ဒီ ဘေကာက 'ပထမကမ္ဘာစစ်၏ ရှေ့တန်းရောက် တိုက်ပွဲဝင်မဟာသူရဲကောင်း ဗိုလ်ချုပ်ကြီးကို တခုတ်တရခေါ်တွေ့ ချီးမြှင့်ခံခဲ့ရခြင်းမှာ မဆန်းပါဟုသာ ဆိုရပါတော့မည်။

ထိုနေ့ထိုရက်များက လက်ရွေးစင်ရဲဘော်များနှင့် စစ်ထွက်တိုက်ခဲ့သော မက်အာသာမှာ ဘာသေနတ်, ဘာဓား, ဘာခြောက်လုံးပြူးမျှ ကိုင်ဆောင်မလာခဲ့။ သူ့လက်ထဲမှာ မြင်းနှင်တံတစ်ချောင်းသာ ပါခဲ့သည်။

သူ့ရဲဘော်များက သူ့ကို 'တိုက်ပွဲပျော်ကလေး'ဟု ဘွဲ့ပေးထားကြ၏။

ဗိုလ်ချုပ်ကြီးမက်အာသာက သူ၏ ရဲရင့်သတ္တိပြမှုဖြင့် ခေါင်းဆောင်ကောင်းအဖြစ် စံနမူနာကောင်း ပြသရာရောက်သည်ဟု ထင်မြင်ခံစားခဲ့၏။ သူ့ရဲဘော်တွေ ရဲစိတ်ရဲမာန်ကြွစေလိုလျှင် သူကိုယ်တိုင်က ယုံကြည်ချက်နှင့် ရဲစွမ်းသတ္တိကို ပြရမည်ဟု သိနားလည်ခဲ့သည်။

သည်စိတ်ဓာတ်ကြောင့်ပင် မနီလာရှိ သူ့စစ်ဌာနချုပ်၌ လွှင့်ထူထားသော အမေရိကန်အလံကို အောက်ချပေးရန် ငြင်းဆန်ခဲ့ခြင်း ဖြစ်ပါ၏။ သူက ဂျပန်တွေ





မနီလာတစ်မြို့လုံးကို အထက်စီးမှလာ၍ ဗုံးတွေ တသောသောကြဲချနေချိန်အထိလည်း အလံတော်ကိုဖယ်ရှားပစ်ဖို့ ဖွတ်ငြင်းနေခဲ့တုန်း။ အတိအကျပြောရပါမူ အလံတော်က ဂျပန် ဗုံးကြဲလေယာဉ်များအတွက် ရောမပစ်မှတ်ကြီး ဖြစ်စေသည် မဟုတ်လား။

ဒါပေမယ့် မက်အာသာကတော့ ရုံးအဆောက်အဦးထဲတွင် အစီရင်ခံစာတွေ နှုတ်တိုက်ချလျက် ကြေးနန်းတွေပေးပို့ရင်း, အမိန့်တွေ ဖုန်းဆက်ထုတ်ပြန်ရင်း အေးအေးဆေးဆေး အလုပ် ဆက်လုပ်နေခဲ့ပါ၏။ အကယ်၍ သူက အလံချနိုင်းလိုက်လျှင်၊ သို့မဟုတ် ဌာနချုပ်က တခြားလုံခြုံမည့်နေရာသို့ ပြောင်းရွှေ့တိမ်းရှောင်ခဲ့လျှင် သူ့ရဲဘော်တွေ စိတ်ဓာတ်ကျသွားလိမ့်မည်ဟု သူ တွက်သည်။

ဂျင်နရယ် မက်အာသာ ထပ်တလဲလဲ ပြောလေ့ပြောထရှိသော စကားတစ်ခွန်းကတော့-

"သေရမှာ မကြောက်တဲ့လူတွေသာ အသက်ရှင် ကျန်စမြဲပဲ"

မက်အာသာသည် သူ့ရဲဘော်တွေကို ရဲသွေးဝင်အောင် ရဲဆေးတင်ပေးပြီး၊ တိုက်ပွဲထဲသို့ ရင်ကော့ဝင်သွားအောင် ဆွဲဆောင်တိုက်တွန်းနိုင်သော စွမ်းရည်ထူးတစ်ရပ်ရှိ၏။

မက်အာသာလက်အောက်ရှိ တပ်ဖွဲ့ဝင်အားလုံးအဖို့ သူတို့သည် သူတို့နိုင်ငံ, အိမ်မြေ, မိသားစုများနှင့် လွတ်လပ်ရေးကို ကာကွယ်ရန် တိုက်ပွဲဝင်နေကြောင်း အသိစိတ်ဓာတ် အပြည့်ရှိထားကြ၏။

ဗိုလ်မှူးကြီး ကာလိုစ် ရိုမူလိုသည် 'ကျွန်တော်မြင်တွေ့ခဲ့ရသော ဖိလစ်ပိုင်ကျဆုံးခန်း' အမည်ရှိ စာအုပ်ကို ရေးသားခဲ့သူ ဖြစ်ပါသည်။ သူသည် ဘာတန်းနှင့် ကော်ရီဂျီဒိုဒေသတွင် ဗိုလ်ချုပ်ကြီးမက်အာသာနှင့်အတူ ပူးတွဲအုပ်ချုပ်ခဲ့သလို ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်လေးစားခဲ့ပါ၏။ မကြာသေးမီက သူ့ကို ကျွန်တော် တွေ့ဆုံမေးမြန်းခဲ့သည်။

သူက မက်အာသာအား ဘာတန်းစစ်မြေပြင်တိုက်ပွဲကြီးများအတွင်း သံခမောက်အပါးစားကလေး ဆောင်းဖို့လောက်တောင် ပြောလို့မရကြောင်း ကျွန်တော့်ကို ပြောပြခဲ့ပါ၏။

သူ့ရဲဘော်တွေကိုတော့ သံခမောက်ဆောင်းထားဖို့ တိုက်တွန်းတတ်ပြီး၊ သူကိုယ်ကိုင် မဆောင်းဘဲနေပြခြင်းက ရဲဘော်တွေကို အကောင်းဆုံးသောခွန်အားသတ္တိတွေ ပေးသွင်းလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

တစ်နေ့တော့ ဗုံးဆံတွေက အဆက်မပြတ်ကျလာသဖြင့် မက်အာသာ၏အော်ဒလီရဲဘော်ကလေးက သူ့ခေါင်းပေါ်ဆောင်းထားသော သံခမောက်ကိုချွတ်၍ဆရာ ဗိုလ်ချုပ်ကြီးခေါင်းပေါ် ဆောင်းပေးဖို့ ကြိုးစားသည်။ မက်အာသာကဘေးဖယ်ပစ်သည်။ သည်လိုဖယ်ပစ်လိုက်စဉ် ဗုံးဆံတစ်စက ရဲဘော်ကလေး၏လက်ကို မှန်သွားရတော့သည်။

ဗိုလ်မှူးကြီးရိုမူလိုက ကျွန်တော့်ကို ပြောပြရာတွင်လည်း ဘာတန်းရှိ ပန်းခြံလေးတစ်ခုအတွင်း ဗိုလ်ချုပ်ကြီး မက်အာသာ ထိုင်နေစဉ် ခေါင်းပေါ်၌ ဂျပန်ဗုံးကြဲလေယာဉ်တွေ ဖြန့်းခနဲ ပေါ်လာသည်။ သူက ဗုံးကျင်းရှိရာသို့ စိမ်ပြေနပြေ လျှောက်နေသဖြင့် မိတ်ဆွေတစ်ယောက်က မြန်မြန်သုတ်သုတ်ကလေးသွားဖို့ တိုက်တွန်းခဲ့၏။ မက်အာသာက အေးအေးဆေးဆေးပင် စီးကရက် မီးညှိရင်း ခုလို ပြောလိုက်ပါသတဲ့။

"ငါ့ကို သုတ်ခြေတင်ပြေးအောင် ဘယ်ဂျပန်ကောင်မျှ လုပ်လို့ မရဘူးကွ"

ဗိုလ်မှူးကြီး ကာလို့စ်ရိုမူလိုက ဘာတန်းရှိ ဖိလစ်ပိုင်စစ်သားများကို 'သူတို့ ဘာအတွက် တိုက်ပွဲဝင်နေကြရပါသလဲ' မေးကြည့်တော့၊ သူတို့က အမေရိကန်နိုင်ငံအကြောင်း တစ်ခွန်းမျှမဟာကြ ဟု ဆိုပါသည်။ သူတို့သည် မက်အာသာနှင့် ဖိလစ်ပိုင်သမ္မတကြီး ကွီဇုန်တို့အတွက်သာ တိုက်ခိုက်နေကြောင်းပြောကြားခဲ့ကြသော ဟူ၏။ ဖိလစ်ပိုင်များအတွက် မက်အာသာသည်သာ အမေရိကန်နိုင်ငံကြီး ဖြစ်ပါလေတော့သည်။

စစ်ပြေငြိမ်းပြီးသော စစ်အေးကာလများမှာတော့ အောက်ဆုံးအလွှာကတိုင်းရင်းသားတစ်ဦးပင် ဖြစ်ပါစေ၊ ဗိုလ်ချုပ်ကြီး မက်အာသာနှင့် တွေ့ဆုံနိုင်ခွင့်ရနိုင်ပါလိမ့်မည်။ လယ်တောထဲက ဖိနပ်မပါဘဲတက်လာသည့် လယ်သမားကြီးက





စစ်ထဲရှိသူ့သားအတွက် စိုးရိမ်တကြီး သတင်းလာမေးတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ဗိုလ်ချုပ်ကြီးမက်အာသာက ထိုတောသားလယ်သမားကြီးကို မတ်တပ်ထ၍ ခရီးဦးကြိုနှုတ်ဆက်မှာ သေချာသည်။ ပြီးတော့ လယ်သမားကြီးပြန်လျှင်လည်း တံခါးဝရောက်အောင် လိုက်ပို့မှာ မလွဲပါ။

ဖိလစ်ပိုင်လူမျိုးများအနေဖြင့်လည်း လယ်ကွင်းထဲက ဖိနပ်မပါ၊ ရွှံ့အလူးလူးနှင့်တက်လာသော ဆင်းရဲသားလယ်သမားကြီးကို အရေးတယူလက်ခံစကားပြောခဲ့သော ဗိုလ်ချုပ်ကြီးအား အဘယ်မှာလျှင် မကြည်ညို မလေးစားဘဲ နေပါတော့မည်နည်း။

ဗိုလ်မှူးကြီး ရိုမူလို၏ ပြောစကားအရ သူသည် ဘာတန်းတွင် မက်အာသာရှိနေစဉ် ရဲဘော်တွေအား သူတို့၏ ပထမနာမည်ကိုခေါ်၍ တရင်းတနှီး ဖက်လှဲတကင်းနေလေ့ရှိကြောင်းနှင့် သူတို့အလေးပြုလျှင်လည်း ပြုံးပြုံးကလေး ပြန်အလေးပြုတတ်ကြောင်း သိရပြန်သည်။

တပ်မတော်အကြီးအကဲ ကာကွယ်ရေးဦးစီးချုပ်တစ်ယောက်အနေဖြင့် မက်အာသာသည် အုပ်ချုပ်ရေးအရာရှိကောင်းတစ်ဦး၏အရည်အချင်း ထူးထူးချွန်ချွန်ရှိကြောင်းလည်း ပြသနိုင်ခဲ့၏။

သူ့တွင် အနာဂတ်အတွက် ကြိုတင်တွက်ဆတတ်မှုနှင့် ထိုးဖောက်သိနိုင်စွမ်းသောအမြင်များ ရှိကြောင်းလည်း ဖော်ထုတ်ပြသခဲ့ဖူး၏။

သူက ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကတည်းက စစ်ကြီးထပ်ဖြစ်လာမည့်အကြောင်း ဟောကိန်းထုတ်ခဲ့သလို၊ နောက်ဖြစ်မည့်စစ်ကြီးသည် ပထမကမ္ဘာစစ်ကြီးနှင့် အဆမတန်ကွာခြားသည်ဟု နိမိတ်ဖတ်ခဲ့သည်။

သူက ထိုစစ်ကြီးမှာ တစ်မိနစ်ကို တစ်မိုင်နှုန်းဖြင့် တိုင်းပြည်တွေအပေါ်ခုန်ပြေးဖြတ်သန်းမည့် အင်အားကြီးသောတင့်ကားကြီးများ၊ တစ်နာရီ မိုင် ၄၀၀နှုန်းအထိအရှိန်အဟုန်ပြင်းသော စစ်လေယာဉ်များနှင့် တိုက်ခိုက်ကြလိမ့်မည်ကိုလည်း နှစ်များစွာကြိုတော၍ ထုတ်ဖော်အသိပေးခဲ့၏။

ပြီးတော့ ဂျပန်နှင့် ဂျာမနီသည် ကမ္ဘာကြီးကို လက်ဝါးကြီးအုပ်စိုးမိုးရန်ပြင်ဆင်နေကြကြောင်းကိုလည်း အကြိမ်ကြိမ်အဖန်ဖန် အော်ဟစ်သတိပေးနေခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုအစိုးရများကသာ မက်အာသာ၏စကားကို နားထောင်၍ ခေတ်မီစွမ်းအားပြည့် တပ်မတော်ကြီးတစ်ခုတည်ဆောက်ရန် ငွေရင်းငွေနှီးတွေ ထုတ်ပေးခဲ့မည်ဆိုပါက၊ ဂျပန်တွေအနေဖြင့် ပုလဲဆိပ်ကမ်းကို အနားပင်သီနိုင်မည်မဟုတ်ပါ။

ဗိုလ်ချုပ်ကြီး မက်အာသာ ခုလို သေမင်းတမန် မရဏာရာဇသံတွေ ကြိုတင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ခံရပါသလား။ ဝေးပါသေးရဲ့။ ကျေးဇူးမတင်ကြတဲ့အပြင် သူ့ကို 'တိုင်းပြည်ကြီး အထိတ်တလန့်ဖြစ်အောင်လုပ်သူ၊ စစ်သွေးကြွနေသူ၊ စစ်ကုန်သည်ကြီးရယ်' လို့ပင် အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချခဲ့ကြ၏။

ဗိုလ်ချုပ်ကြီးမက်အာသာ၏ ဩစတြေးလျစစ်ရုံးချုပ်ရှိ နံရံတွေပေါ်၌ ဆောင်ပုဒ်တစ်ခုကို အကျအန ဘောင်သွင်းပြီး ချိတ်ဆွဲထားတာ ရှိပါသည်။ ယင်းဆောင်ပုဒ်မှာ ပြည်တွင်းစစ်ကာလအတွင်းက စစ်ရေးအကျပ်အတည်းအခြေအနေကို ပိုင်းမေးကြသော မိတ်ဆွေများအား ပြန်လည်ဖြေကြားခဲ့သော သမ္မတကြီး အေဗရာဟင်လင်ကွန်း၏အဆိုအမိန့်များပင် ဖြစ်ပါလေတော့၏။ ဆောင်ပုဒ် စာသားများကတော့ -

**ကျွန်တော်တို့ လေ့လာဖို့ကြိုးစားနေဆဲမှာ အဖြေပေးဖို့ နောင့်နှေးနေရသလို၊ ဝေဖန်တိုက်ခိုက်မှုတွေက ပိုများလာပါတယ်။**

**တခြား ဘာအလုပ်မျှမလုပ်နိုင်တော့ဘဲ ဒီအဖွဲ့ကြီးကို ပိတ်ပစ်လိုက်ရတော့မတတ် ဖြစ်စေခဲ့ပါပြီ။**

**ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်နားလည်သလောက်နှင့် တတ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်ပေးခဲ့တာပါပဲ။ အပြီးသတ်ဆုံးခန်းတိုင်တဲ့အထိ ဆက်လုပ်သွားမယ်လို့လည်း စိတ်ပိုင်းဖြတ်ထားပါတယ်။**

**အချိန်တန်ရင် ကျွန်တော် အသာတကြည်ဖယ်ပေးရမှာ ဖြစ်လေတော့ ကျွန်တော့်ကို ဆန့်ကျင်တာတွေ ဘာပဲပိုင်းပြောပြော မှုစရာမဟုတ်ပါဘူး။**

**နောက်ဆုံးတစ်နေ့ ကျွန်တော်မှားတယ်ပဲ ဆိုဆို၊ နတ်သမီး ၁၀ ပါးလောက်က မှန်တယ်လို့ ဝိုင်းပြီးသစ္စာတိုင်တိုင် ဘာမျှအကြောင်းထူးမှာ မဟုတ်ပါဘူး။**







# ဒေါ်ရသီ ဒစ္စ
# Dorothy Dix

**သန်းပေါင်းများစွာသော မိန်းကလေးများအား**
**လင်ကောင်းသားကောင်းရအောင်**
**အကြံပေး လမ်းညွှန်ခဲ့သည်။**
**သူဌေးသမီးဘဝမှ ဆင်းရဲခဲ့ရပြီး**
**လောကဓံ၏ထုထောင်းမှုကြောင့်**
**စာရေးဆရာမဖြစ်ခဲ့သော ပါရမီရှင်။**
**စိတ်မနှံ့သူအဘိုးကြီးထံ သင်ကြားခဲ့ရာမှ**
**စာအုပ်တွေကို ချစ်တတ်လာခဲ့ပြီး**
**ကျေးဇူးရှင်စာအုပ်တိုက်ကို စာပေသစ္စာဖြင့် ကျေးဇူးဆပ်ခဲ့သူ။**

❐ ကမ္ဘာပေါ်တွင် စာဖတ်ပရိသတ်အများဆုံး အားပေးဖတ်ရှုခြင်း ခံရသည့် အမျိုးသမီးစာရေးဆရာမဟာ ဘယ်သူလို့ ခင်ဗျားပြောချင်ပါသလဲ။

သူမသည် အမေရိကန်တွင် အပျော်ဆုံး အမျိုးသမီးတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ဒါကလည်း သူမအနေဖြင့် တွမ်၊ ဒစ်၊ ဟဲရီဟက် စသူတို့၏ ရင်တွင်းပြဿနာစိတ်ခံစားမှုဝေဒနာများကို ကူညီဖြေရှင်းပေးရာ၌ ယနေ့ခေတ်စိတ်ပညာရှင်များထက် သာလွန်ခဲ့သောကြောင့်ပဲ ဖြစ်ပါ၏။

သူမက စိတ်ညစ်နေသူ ယောကျာ်း၊ မိန်းမ သန်းပေါင်းများစွာ၏ အားကိုးတကြီးဖွင့်ဟတိုင်ပင်ရာ အတိုင်ပင်ခံမိခင်ကြီးသဖွယ် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဆောင်ရွက်ခဲ့ဖူး၏။ သူမကဲ့သို့ တခြား ဘယ်သူကမျှ လင်ကွဲမယားကွဲဖြစ်ရမည့် ဘေးအထောင်အသောင်းကိုတားဆီးပြီး၊ အိမ်ထောင်ပြိုပျက်မှုမှ ကယ်တင်ပေးနိုင်ကြသည် မဟုတ်ပါ။

ကို စံပြုလောက်အောင်ထူးခြားလှသော အမျိုးသမီး၏အမည်ကတော့ မစ္စ အဲလီဇဘက် မာရီဝက်သာ ဂျိုလ်မာ ဖြစ်ပါ၏။

သူ့နာမည်ကို မကြားဖူးဘူး။ ဟုတ်စ။ အို- ဘာပဲပြောပြော၊ ခင်ဗျား ကြားဖူးမှာပါလေ။ သူ့နာမည်ကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ခင်ဗျား ကြားဖူးပြီးသားပါ။ ဒါပေမယ့် သူမကို 'ဒေါ်ရသီဒွ' အမည်ဖြင့်သာ သိကျွမ်းခဲ့ ဖူးပါလိမ့်မည်။

မစ္စဂျိုလ်မာက ၁၈၉၆ ခုနှစ် အစောပိုင်း စာစရေးချိန်က 'ဒေါ်ရသီ' ဆို သောနာမည်ကို သဘောကျလွန်း၍ ရွေးကောက်ခဲ့ပြီး 'ဒွ' ဟူသည်ကိုတော့ တစ်ခါက သူတို့မိသားစု၏ ကျွန်ယုံတော်ကြီးဖြစ်ခဲ့သော နီဂရိုးကြီး၏အမည်အား အမှတ်တရရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

'ဒေါ်ရသီဒွ' ဟူသောအမည်မှာ မစ္စဂျိုလ်မာက သူမ၏ သတင်းစာဆောင်း ပါးများတွင် နေ့စဉ်ရေးထိုးနေကျ ကလောင်အမည်ဖြစ်၍၊ အခြားစာစောင် ၂၀၀ လောက်က ကူးယူဖော်ပြနေရသော နာမည်ကျော်ဆောင်းပါးရှင်ကြီးဆိုလည်း မမှားပါ။

သူမ၏ သတင်းစာကော်လံပါ အခန်းကဏ္ဍသည် လန်ဒန်မှ ဩစတေးလျ တိုင်အောင်နှင့် နယူးယောက်မှ တောင်အမေရိက၊ တောင်အာဖရိကနိုင်ငံများ အထိ စာဖတ်ပရိသတ်သန်းပေါင်းများစွာ၏လက်ထဲသို့ ပျံ့နှံ့ရောက်ရှိခဲ့ရ၏။

ကျွန်တော်သည် တစ်ခါက ဒေါ်ရသီဒွနှင့် နယူးအော်လင်းစ်တွင် လက် ဖက်ရည်အတူသောက်ခွင့်ကို ကြုံတောင့်ကြုံခဲ ရလိုက်ဖူးပါသည်။

သူမက ကျွန်တော့်အား သူမ၏ ကလေးဘဝမှအစပျိုးကာ ပြည်တွင်းစစ် ကာလအပါအဝင် တင်နက်ဆီးပြည်နယ်နှင့် ကင်တပ်ကီပြည်နယ် စပ်ကြား၌ တည်ရှိသော သူမဖခင်ကြီး၏ ရော်မြင်းမွေးခြံကြီး၌ ၁၀ နှစ်တစ်ခုစာ ကြီးပြင်း လာခဲ့ရပုံများကို ပြောပြခဲ့ပါပေ၏။

"ကျွန်မတို့ဟာ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ဆန်းကြယ်တဲ့ဘဝကြမ္မာ နှင့် တိုးခဲ့ရပါတယ်။ ငယ်ငယ်တုန်းကတော့ ချမ်းသာသလား မမေးနှင့်။ ကောင်းမွေ





ညွှန့်ပေဆိုတဲ့ စံအိမ်ကြီးမှာနေခဲ့ရသလို၊ နွားတွေ၊ သိုးတွေ တစ်ပြုံကြီးမွေးထားတဲ့ ခြံမြေစကေပေါင်းများစွာ ကြွယ်ဝခဲ့တဲ့အပြင် ဝါခင်း၊ ပြောင်းခင်းတွေလည်း အကြီး အကျယ်စိုက်ခဲ့တယ်လေ။ ကျွန်မတို့မိသားစုဟာ မယောင်္ဂနီသားစားပွဲကြီးပေါ်မှာ ငွေပန်းကန်တွေနှင့် စားခဲ့ကြပါတယ်။ ငွေဆိုတာလည်း ရေလိုသုံးနိုင်ခဲ့တာ အမှန် ပေါ့"

ကလေးဘဝတွင် ဒေါ်ရသီဒွသည် သူမ၏ဖခင်ကြီးပိုင် သိုးများမှ သိုးမွေး များဖြင့် အိမ်ဘေးရှိစက်ရုံတွင် ရက်လုပ်လိုက်သော အနွေးထည်အမျိုးမျိုးကို ဝတ်ဆင်ခဲ့ရသည်ဆို၏။

သူမ၏အသိန်းတော်မှာ ကင်တပ်ကီမျိုး ပြိုင်မြင်းမကြီး တစ်ကောင်ဖြစ်ပြီး၊ တစ်ချိန်က သူမဖခင်ကြီး၏မြင်းစောင်းကို မြူးဝင့်ထူးတင့်အောင် ကျက်သရေ ဆောင်ခဲ့ရာမှ အိုမင်းရင့်ရော်လာသည့်နောက် အရှေ့ဘက်လွင်ပြင်ကြီးထဲတွင် ဘေးမဲ့လွှတ်၍ စားကျက်ချထားလိုက်ပါသည်။

"ကျွန်မဟာ လမ်းလျှောက်သင်စအရွယ်မှာတင် အဲဒီမြင်းကြီးကို အစီး သင်ခဲ့ရတာပါ"

ဒေါ်ရသီဒွက ပြောပြခဲ့၏။

"အဖေက မြင်းအိုကြီးရဲ့ကျောပေါ်ကိုတင်ပေးခဲ့ရာက မြင်းမကြီးက မြက် စိုမြက်စိမ်းလေးတွေ စားနေတုန်းမှာပဲ ကျွန်မက သူ့လည်ဆံမွေးတွေကို တစ်အား ဆုပ်ဆွဲထားခဲ့ရပါတယ်။ မကြာမကြာဆိုသလို မြင်းမကြီးက အဝတ်ကြိုးတန်းတွေ အောက်က ဖြတ်လျှောက်တာတို့၊ သစ်ကိုင်းအောက်က မလွှတ်ကင်းတာတို့ ကြောင့် ကျွန်မ မြင်းပေါ်က လိမ့်ကျခဲ့ရတာလည်း မနည်းတော့ပါဘူး။ အဲဒီလို မြေကြီးပေါ်ကို ကျွမ်းပြန်ကျပြီဆိုရင်လည်း တစ်ယောက်ယောက်က လာကောက် ချိပြီး မြင်းပေါ် ပြန်တင်မပေးမချင်း အသံကုန်အော်ငိုနေတော့တာပါပဲ"

ဒေါ်ရသီဒွကလေးနှင့် မောင်နှမတွေကို ကပ္ပလီမကြီးတစ်ဦးက နေပုံထိုင်ပုံ တွေကို သင်ပေးခဲ့၏။ သူတို့ စားချိန်သောက်ချိန်တွင် ကုလားထိုင်တွေ နောက်က ရပ်ပြီး ကင်းစောင့်စစ်သားတစ်ယောက်လို စောင့်ကြည့်နေလေ့ ရှိသည်။

သူတို့ကိုသင်ပေးသော အပြုအမူစည်းကမ်းတွေကို ချိုးဖောက်လျှင် ဖြစ်စေ၊ လောဘကြီးပြီး လုယက်စားကြလျှင် ဖြစ်စေ၊ ဟင်းရွှေတွေကို လက်နှင့်နှိုက်လျှင်

ဖြစ်စေ၊ ဒါမှမဟုတ် ဆူလားညံလား ဟေးလားဝါးလား စကားပြောကြသည် ဖြစ်စေ၊ သူတို့ခေါင်းကို ဒေါက်ခနဲ အခေါက်ခံရပြီသာမှတ်။ ပြီးတော့ ကပ္ပလီမမကြီးက ဆုံးမသြဝါဒပေးလိုက်ဦးမည်။

"စည်းနှင့်ကမ်းနှင့် စားကြစမ်း။ လမ်းဘေးက မျက်နှာဖြူကလေကချေတွေလို အောက်တန်းမကျနှင့်" လို့။

ဒေါ်ရသီဒစ္စနှင့် မောင်ငယ်ညီမငယ်များမှာ သူတို့ဘာသာသူတို့ လုပ်ယူကြသော ကစားစရာတွေနှင့်သာကစားကြရပြီး၊ ကိုယ့်ပျော်ရွှင်မှု ကိုယ်ရှာကြရ၏။ သို့တိုင် သူတို့၏ ကလေးဘဝက လိုလေသေးမရှိအောင် ထည်ဝါပြီးပြည့်စုံခဲ့၏။

သူမ၏ ကလေးဘဝအဖော်မွန်တွေမှာလည်း ခွေးတွေ၊ မြင်းတွေနှင့် မောင်ငယ်၊ ညီမငယ် ၂ ယောက်သာ ဖြစ်ခဲ့ပါ၏။

"လာ အမိန့်ပေးမယ့်လူလည်း မရှိပါဘူး။ ကျွန်မတို့ဟာ မြင်းတွေကို ဇက်ကြိုးတပ်ပြီး တောအုပ်ထဲမှာ တစ်ဟုန်ထိုး ဒုန်းစိုင်းစီးခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့နောက်က ခွေးတွေက တဝုတ်ဝုတ်ဟောင်ရင်း ပြေးလိုက်လာကြတာပေါ့။ ကျွန်မတို့အနေဖြင့် တောအုပ်ကြီးရဲ့လျှို့ဝှက်ချက်တွေအားလုံး နားလည်ကြပါတယ်။ ကျွန်မတို့ဟာ တောကြက်တွေ ဘယ်မှာ ပုန်းကြတယ်ဆိုတာ သိခဲ့သလို၊ သိန်းငှက်တွေ ဘယ်နေရာမှာ အသိုက်ဆောက်တယ် ဆိုတာ၊ ယုန်တွေ သူတို့သားပေါက်တွေကို ဘယ်မှာ မွေးမြူစောင့်ရှောက်သလဲဆိုတာတွေလည်း သိခဲ့ကြတာပဲ။ နောက်ပြီး ဆီးပင်ရိုင်းတွေပေါက်တဲ့နေရာမှာ ဆောင်းဦးပေါက်မှာ အကောင်းဆုံးသစ်ကြားသီးတွေ ဘယ်မှာရှာရမယ် ဆိုတာပါ သိခဲ့ကြပါတယ်။

"ဒီလိုနှင့် မကြာခင်မှာပဲ ကျွန်မတို့မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေနှင့် ကိုယ့်အားကိုယ်ကိုးတဲ့စိတ်တွေ ရင့်သန်လာရတော့တယ်။ ဒါကလည်း ဘာမဆို ကိုယ်နည်းကိုယ့်ဟန်နှင့်၊ ကိုယ့်အစွမ်းအစနှင့်၊ ကိုယ့်ဟာကိုယ် လုပ်ကြရသလို၊ အခက်အခဲ၊ ဒုက္ခ တွေ့ရင်လည်း ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး ရုန်းထွက်ကြရလို့ပဲ ဖြစ်ပါတယ်။ ပြီးတော့ ဘုရားသခင်ရဲ့ပညတ်တော်တွေကို စောင့်ထိန်းလိုက်နာဖို့လည်း သင်ကြားခဲ့ရတာနှင့်သမျှ၊ အမြဲတမ်း မှန်တာပဲပြောဖို့နှင့် ငိုညည်းမနေတတ်အောင် စိတ်ဓာတ်မြင့်မားဖို့ ကျင့်သားရခဲ့ပါတယ်"





ကဲ- ဟော့ဒီမှာ ဒေါ်ရသီဒစ္စအကြောင်း ကျွန်တော်သိရသလောက် အထူးခြားဆုံးအချက်ကလေး တစ်ခု။

သူမသည် သူမ၏ပညာရေး၌ အဖိုးအတန်ဆုံးအစိတ်အပိုင်းများကို အရူးတစ်ပိုင်းလို့ သတ်မှတ်ခံထားရသော အဘိုးအိုတစ်ယောက်ထံက သင်ကြား ရရှိခဲ့ရပါသတဲ့။

ထိုအဘိုးကြီးမှာ တစ်ချိန်က သူမဘိုးအေ၏မိတ်ဆွေရင်းချာတစ်ယောက် ဖြစ်ခဲ့၍၊ သူမကြီးပြင်းရာအိမ်ကြီး၌ အခမဲ့နေခွင့်ရခဲ့သူ ဖြစ်၏။ အဘိုးအိုက ဒေါ်ရသီဒစ္စအား သူမဖခင်၏ စာကြည့်တိုက်ထဲက စာအုပ်ကောင်းများကို ဖတ်ရန် သက်သက်သာမကဘဲ၊ အမြင့်တန်း ချစ်တတ်ဖို့လည်း သင်ပေးခဲ့သော ဟူ၏။

"ဒါကြောင့်လည်း ကျွန်မဟာ အသက် ၁၂ နှစ်မတိုင်ခင်ကတည်းက ရှိတ်စပီးယား၊ စကော့၊ ဒစ်ကင်းစ်တို့ကို ဖွဲ့ခွဲလမ်းလမ်းကြီး ရင်ထဲမှာသိမ်းဆည်းထားပြီး ဖြစ်နေပြီ။ စမောလက်တို့၊ ဖီးလ်ဒင်းတို့၊ ရစ်ချတ်တို့ကို ဖတ်ခဲ့ပြီးပါပြီ။ ဂျိုးဇက်ဖတ်စ်ရဲ့ စာပေတွေနှင့် အကျွမ်းတဝင် စိတ်ကူးဉာဏ်ကွန့်မြူးကစားနေနိုင်တဲ့အဆင့်တောင် ရောက်ခဲ့ရပြီ ဆိုနိုင်သလို၊ မော့တ်လေးရဲ့ 'ဒပ်ချ်သမ္မတ နိုင်ငံ' လို စာအုပ်မျိုးနှင့်လည်း မစိမ်းတော့ပါဘူး။ ဒီ့အတူ ခပ်ပေါ့ပေါ့ရေးထားတဲ့ အပျော်ဖတ်စာအုပ်တွေလည်း လက်မလွှတ်တမ်းဝါးစားခဲ့တာပါပဲ"

ဒေါ်ရသီဒစ္စက ဖွင့်ပြောခဲ့ခြင်း ဖြစ်ပါသည်။

"ကျွန်မမှာ ဖတ်စရာ ကလေးစာအုပ်တွေရယ်လို့တော့ မရှိခဲ့ပါဘူး။ ဒီတော့လည်း ရောမစာကြီးပေကြီးတွေကိုပဲ အတုံးလိုက်အတစ်လိုက် ကိုက်ခဲဝါးမျိုခဲ့ရတယ် ဆိုပါတော့။ အဲဒီလို မတန်မရာတွေလုပ်ရတာကိုပဲ ကျွန်မက ပီတိတွေ တစ်ပုံကြီး ဖြစ်နေခဲ့ရတာကလား"

ဒေါ်ရသီဒစ္စအဖို့ အခြေခံပညာရယ်လို့ မဆိုစလောက်သာ လေ့လာသင်ဖူးခဲ့ပါသည်။ သူမအပြောကတော့ -

"ကျွန်မအနေဖြင့် မစ္စအဲလစ်တို့၊ မစ္စဂျင်နီတို့ဆိုတာတွေရဲ့ ကျောင်းတွေတော့ သွားသင်ခဲ့ရဖူးပါရဲ့။ အဲဒါကလည်း အဲဒီဆရာမတွေ စာသင်ကောင်းလို့ချည်း မဟုတ်ဘဲ၊ သူတို့ရဲ့အဖေတွေက မြူးနီရက်တ်စစ်ပွဲတုန်းက ဗိုလ်ချုပ်ကြီးတွေ ဖြစ်ခဲ့လို့။

ဒါမှမဟုတ် ဂက်တီးစ်ဘာ့ဂ်စစ်ကွင်းမှာ ကျဆုံးခဲ့ရလို့ဆိုပြီး သူတို့ရဲ့ မပြေလည်တဲ့ စားဝတ်နေရေးတွေကို ကူညီထောက်ပံ့နိုင်ဖို့လည်း ပါပါတယ်'' တဲ့။

ဒေါ်ရသီဒစ္စသည် သစ်ပင်တက်ရာ၌ ရှဉ့်ကလေးတစ်ကောင်နှင့်မခြား လျှင်မြန်၍၊ ၇ ကို ၇ နှင့်မြှောက်လျှင် ၄၉ ရသည်ကို မသိခင်ကပင် ကျော်ကီတစ်ယောက်လို မြင်းစီးကျွမ်းကျင်နေပါပြီ။

သူမအဖို့ တကယ့်ပညာအစစ်တွေကို သူ့ဖခင်ကြီး၏ စာပေရတနာသိုက်ကြီးထဲရှိ ဝါကျင့်ကျင့်စာအုပ်ဟောင်းအမြင်းကြီးတွေကနေ တူးဖော်ရရှိခဲ့သည် ဆိုရပါမည်။

ဒေါ်ရသီဒစ္စက ဆက်ပြောခဲ့ပါ၏။

''ကျွန်မ ၁၈ နှစ်အရွယ်ကျတော့ ဆံပင်ကိုအုပ်လုံးသိမ်းပြီး ကျွန်မတို့ မိဘမျိုးရိုးရဲ့ထုံးစံအတိုင်း လိုက်နာတဲ့အနေဖြင့် အိမ်ထောင်ပြုခဲ့ရပါတော့တယ်''

ဒေါ်ရသီက အခြားအခြားသော သူ့ရွေ့မှမိန်းကလေးများ၏ သဘာဝမလေ့အတိုင်း ဘဝမှာလည်း တစ်သက်လုံးအဆင်ပြေသွားမည်ဟု မျှော်လင့်ခဲ့မိပါ၏။ သို့သော် ကြေကွဲဖွယ်ကြမ္မာဆိုးက သူမ၏ မျက်စိ ၂ လုံး၏အလယ်တည့်တည့် နှာယောင်ကြားသို့ တည့်တည့်ကြီးတိုးဝင်တိုက်ခဲ့ရာမှ သူမ၏အိမ်ထောင်ရေးနှင့် စီးပွားရေး ပျက်စီးခန်းကို ဆိုက်ခဲ့ပါစေတော့၏။

ဖြစ်ရပုံမှာ သူတို့လက်ထပ်ပြီး မကြာခင် သူမ၏ခင်ပွန်းသည်က အိပ်ရာထဲဗုန်းဗုန်းလဲ၍ နာတာရှည်ရောဂါသည်ကြီးဘဝ ရောက်သွားရခြင်းပါပေတည်း။ သူမခမျာ ခင်ပွန်းသည်အနိစ္စရောက်သည်အထိ ၃၅ နှစ်တိုင်အောင် မငြီးမငြင်ပြုစုစောင့်ရှောက်ခဲ့ရှာပါသည်။

ထိုစဉ်က သူမအနေဖြင့် ပဲနီတစ်ပြားပင် ဘယ်လိုရှာရမှန်း မသိခဲ့ရှာပါ။ ရောဂါသည်လင်သားကို ဘေးချိတ်၊ သူ့ကိုယ်သူမှ အနိုင်နိုင်။ တစ်ဝမ်းတစ်ခါး ဘယ်နည်းနှင့်ရှာစားရပါ့မလဲ နားမလည်သေးတဲ့အချိန်။ သောကလောင်မီးကျွံခဲ့ရာမှ အကြီးအကျယ် စိတ်ထိခိုက်ပြီး အပြင်းဖျားခဲ့ရသည့်နောက် မစ္စစ္စပီပင်လယ်ကွေ့ ကမ်းရိုးတန်းတစ်နေရာသို့ အနားယူရန်သွားခဲ့ရ၏။

ထိုခရီးစဉ်က သူ့ဘဝကို ပြောင်းပြန်လှန်ပေးလိုက်၏။ ပင်လယ်ကမ်းစပ်မှာ အနားယူရင်းက ဒေါ်ရသီဒစ္စသည် ပြည်တွင်းစစ်အတွင်း၌ သူမမိသားစု ကြုံတွေ့





ရသော အဖြစ်အပျက်ကလေးကို ဝတ္ထုကလေးတစ်ပုဒ် ရေးဖွဲ့မိသည်။ သူတို့မိသားစုသည် အမေရိကန်စစ်သားများထဲမှ သင်းကွဲလူဆိုးများ လာပြီး သူတို့ပိုင်ငွေဒင်္ဂါးတွေကို လာရောက်လုယက်မှာကို စိုးရိမ်နေကြချိန် ဖြစ်၏။ သို့ဖြင့် သူတို့၏ အိမ်စေကပ္ပလီကြီးက ထိုအဖိုးတန်ငွေဒင်္ဂါးများကို မိသားစုသင်္ချိုင်းဂူထဲရှိ သံခေါင်းကြီးတွေထဲ၌ သွားဝှက်ပေးခဲ့သည်။ သူက ငွေဒင်္ဂါးတွေကို ဝှက်ရုံသာမက၊ သုသာန်ထဲက တစ္ဆေဝိညာဉ်များကိုလည်း ဂရုတစိုက်စောင့်ကြပ်ပြီး သူခိုးဓားပြတွေ အနားမကပ်နိုင်အောင် ခြောက်လှန့်မောင်းထုတ်ခဲ့သော ဇာတ်လမ်းပင်ဆင်လိုက်ပါသေးသည်။

ဒေါ်ရသီသည် ထိုဝတ္ထုကလေးအား ပင်လယ်ကွေ့ဆိပ်ကမ်းတွင် သူနှင့်ဘေးချင်းကပ်လာနေသူ အမျိုးသမီးတစ်ဦးအား ရောင်းချခဲ့၏။ ထိုအမျိုးသမီးက နယူးအော်လင်းစ်ပြည်နယ်တောင်ပိုင်းတွင် အကျော်ကြားဆုံး သတင်းစာတစ်စောင်ဖြစ်သော 'ပစ်ကာယွန်း' ကို ပိုင်ဆိုင်သူ ဖြစ်နေပါသည်။ သူက ဒေါ်ရသီဒစ္စအား စာမူခ ၁၂ ဒေါ်လာ ၆ ပဲနီ ပေးပြီး သူ၏ ပစ်ကာယွန်းသတင်းစာတွင် သတင်းထောက်လုပ်ရန် ငှားရမ်းခဲ့၏။

သတင်းထောက်အလုပ်က ၁ ပတ်မှ ၁ ပေါင် ရမည် ဖြစ်သော်လည်း၊ ထို ၁ ပေါင်က ဒေါ်ရသီဒစ္စကိုယ်တိုင်နှင့် သူမ၏ လူမမာသည် ခင်ပွန်းတို့ စားရေးသောက်ရေးအတွက် လုံလောက်ပါသည်။

ထိုအလုပ်က ဒေါ်ရသီအား အိမ်ထောင်စုတိုင်းသုံးသော နာမည်တစ်လုံးကို ပေးခဲ့ပြီး၊ အမေရိကန်တစ်ဝှမ်းလုံး၌ ထင်ရှားကျော်ကြားသောဘဝသို့ ပို့ဆောင်ပေးနိုင်ခဲ့၏။

ဒေါ်ရသီဒစ္စ ပထမဆုံး တာဝန်ယူရေးသားရသည့် ဆောင်းပါးများအနက် တနင်္ဂနွေနေ့ အထူးထုတ်တိုင်း၌ အမျိုးသမီးများအတွက်ရည်ရွယ်သော Sunday Salad ဟူသော ကဏ္ဍတစ်ခုလည်း ပါဝင်ခဲ့၏။ အမျိုးသမီးများအား ရင်တွင်းစိတ်လှုပ်ရှားမှုများကို ဘယ်လို ထိန်းချုပ်ရမည်။ ရင်သွေးများနှင့် ခင်ပွန်းသည်များကို ဘယ်သို့အုပ်ထိန်းရမည် ဆိုသည်တို့ကို အကြံပေးထားသော ဆောင်းပါးများပင် ဖြစ်၏။

သူက ထိုခေတ်ထိုအခါက အမျိုးသမီးစာရေးဆရာမအများစု သုံးသော စာသံပေသံတွေဖြင့် ဟိတ်တစ်လုံးဟန်တစ်လုံးထုတ်ပြီး မရေးပါ။ ၂ ယောက်ချင်း ထိုင်စကားပြောနေသည့် ပုံစံမျိုးဖြင့် ရိုးရိုးရှင်းရှင်းကလေးရေးသဖြင့် အမျိုးသမီး ပရိသတ်က ကြိုက်နှစ်သက်ခဲ့ကြသည်။

သူ့ဆောင်းပါးက အဆက်မပြတ်ပါလာသလို ရှေ့တန်းရောက်ရေပန်းစား လာသည်။ "ဝီလီယမ် ရန်းဒေါ့ ဟီးရားစ်" ဆိုသူကတော့ လက်စွမ်းလက်စရှိသူ များကို အမြဲရှာဖွေနေသူဖြစ်သည့်အတိုင်း ဒေါ်ရစ်ကိုလည်း နယူးယောက်ရှိ သူ၏ "အီးဗနင်းဂျာနယ်" တွင် လာရေးရန် လစာငွေ အမြောက်အမြားတိုးပေး၍ ကမ်း လှမ်းခဲ့၏။

ဒေါ်ရစ်သည် ငွေပိုငွေလျှံတွေ လိုအပ်လင့်ကစား သူမ၏အလုပ်ရှင်ဟောင်းကို ခွဲခွာပစ်ရန် ငြင်းဆန်ခဲ့သည်။ နယူးအော်လင်၏ ပစ်ကာယွန်းက သူမအား သတင်း စာပညာနှင့် သတင်းစာလုပ်ငန်း အားလုံးနီးပါးကို သင်ကြားပေးခဲ့သည်။ အယ်ဒီ တာမှာလည်း ယခုအခါ သိပ် မမာမကျန်းတော့၍ ဒေါ်ရစ်ကိုသာ မှီခို အားထားနေ ရ၏။ သူမကလည်း ကျောခိုင်း မသွားခဲ့ပါ။

ဒါပေမယ့် အယ်ဒီတာ ကွယ်လွန်သွားပြီးနောက် ၁၉၀၁ ခုနှစ်မှာတော့ နယူးယောက်မှ ဟီးရားစ်အဖွဲ့အစည်းကို ဆက်သွယ်ခဲ့သည်။ သည်လိုနှင့် နောက် အနှစ် ၂၀ တိုင် လင်ကွဲမယားကွဲ၊ ချစ်ခြင်းကိစ္စပြဿနာများကို အဆင်ပြေအောင် ညှိနှိုင်းအကြံပေးရုံမက၊ ဝေဒနာများကို မျှဝေခံစားသော ပီဘိသတင်းစာသမား လည်း ဖြစ်လာခဲ့၏။

သူမသည် လူ့သဘာဝ စပ်စုစူးစမ်းတတ်သောရှုထောင့်မှနေ၍ ရာဇ လူသတ်မှုကြီးတွေအပါအဝင် သတင်းတွေကို ရေးသားအစီရင်ခံခဲ့သည်။

နယူးယောက်မှ နာမည်ကျော် ဗိသုကာ စတင်းဖို့ဒ်ဝှိက်အား လူစည်ကားရာ မက်ဒီဆင်စကွဲယားပန်းခြံခေါင်မိုးပေါ်တွင် သေနတ်ဖြင့်ပစ်သတ်ခဲ့သော ပစ်စ်ဘာ့ဂ် မှ မီလျံနာသူဌေး ဟယ်ရီ ကေ သော်အမှုကို မျက်နှာဖုံးက တင်ရေးခဲ့၏။

တစ်ပြည်လုံး သိမ့်သိမ့်တုန်သွားစေခဲ့သော ဖလော်ရာဒိုရာ တီးဝိုင်းအဖွဲ့ဝင် နန်းပက်တာဆင်အမှု၊ ဂျပ်ဒ်ဂရေးနှင့် ရှသ် စနိုင်ဒါအမှု၊ လက်ဖ်တီလူးဝစ္စ၊





သွေးငတ်သူ ဂျိုက်ပ်နှင့် ရဲအရာရှိ ဘက်ကာအမှုများ၊ ၂၀ ရာစုနှစ်အတွင်း တုန်လှုပ်ချောက်ချားဖွယ်နှင့် လျှို့ဝှက်အဆန်းကြယ်ဆုံး လူသတ်မှုတစ်ခု ဖြစ်ခဲ့သည့် ဟောလ်မီးလ်စ် အမှုများတွင်လည်း သူ ကလောင်စွမ်းပြခဲ့၏။

အသက် ၂၀ အရွယ်တိုင်အောင် လူ့ရေမလည်သေးဘဲ မီးရထားကို ဖြ ကြိမ်ထက်ပိုမစီးခဲ့သော သူငယ်မကလေး။ အသက် ၂၀ ရောက်ချိန်အထိ ပြဇာတ်ရုံ မှ တကယ့်ကပြမှုကို မကြည့်ဖူးသေးသော၊ မြို့တော်သို့ ၂ ခေါက်ထက် ပိုမရောက် ဖူးခဲ့သော ကင်တပ်ကီပြည်နယ် အခေါင်အဖျားရှိယာမြေတစ်ခုမှ နုံနုံအအသူငယ် မကလေးသည် ခုတော့ နယူးယောက်မြို့တော်ကြီးတွင် လူသိထင်ရှား အောင်မြင် ကျော်ကြားဆုံး အမျိုးသမီးသတင်းဆရာမတစ်ဦး ဖြစ်ခဲ့ပါလေပြီ။

ဒေါ်ရသီဒစ္စမှာ သူ့ကော်လံမှ အဖြေပေးခဲ့သောစာတွေကို သူ့ဘာသာ လုပ်ကြံဖန်တီးခြင်း ရှိ၊ မရှိ မေးမြန်းခြင်း ခံခဲ့ရပါသည်။

ဘာ့ကြောင့် မရှိနိုင်တာလဲ ဆိုတော့ သူမလက်ထဲသို့ တကယ့်စာတွေက စောင်ရေ ၁၀၀ မက နေ့စဉ် ရောက်ခဲ့တဲ့အတွက်ပါပဲတဲ့။

သူမက ထိုစာတွေမှာ လူတွေ၏ အံ့သြစရာအကောင်းဆုံးသော ဘဝ၏ နမူနာပြယုဂ်များ၊ သွေးစိမ်းစိမ်းရှင်ရှင်ထွက်လောက်အောင် နာကျင်မှုဝေဒနာ ပေါ်လွင်နေစေသည့် သတင်းလွှာများပင်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့၏။ ထိုသတင်းလွှာတွေက ဖုံးဖိကာကွယ်မှု မရှိ၊ လျှို့ဝှက်သိုသိပ်မှု လုံးဝမရှိ၊ ပကတိ ပွင့်လင်းရိုးသားမှုတွေသာ ရှိခဲ့သည် ဆို၏။

သူမက ထိုစာများသည် လူတစ်ယောက်၏နှလုံးသားအတွင်းသို့ ထိုးဖောက် သိမြင်ခွင့်ကို တခြားဘယ်သူမျှ မရနိုင်သောအခွင့်အရေးတစ်ရပ်အဖြစ် ပေးအပ် ခံစားစေကြောင်းလည်း ပြောကြားသည်။

သည်အထဲတွင် သူမကို ကတ်သီးကတ်သတ် ကြံကြံဖန်ဖန် မေးလာသည့်စာ တွေလည်း ပါသေး၏။

"သောကြာနေ့မှာ ကလေးမျက်နှာမြင်လျှင် ကံကောင်းမလား၊ ဆိုးမလား။

"ပူးလ်မင်းကားလေးထဲမှာ ဘယ်လိုလုပ် ဝင်အိပ်ရမလဲ။

"အစာသွပ်ခရမ်းသီးနှပ်ကို ဘယ်လိုလုပ်ရမလဲ။

"အေရီဒေးလ် ခွေးလေးတစ်ကောင်ကို ဘာနာမည်ပေးရင် ကောင်းမလဲ" စသည် စသည်။

အောက်တွင် သူစာတွေထဲမှ နမူနာ ၂ စောင်ကို မြည်းကြည့်ပါ။

"မစ္စဒစ္စ။ ရှင်ဟာ ခရီးတွေအများကြီးသွားခဲ့သလို အတွေ့အကြုံလည်း မျိုးစုံခဲ့တာမို့ တစ်ခု မေးပါရစေ။ အမွေးတွေ အလျှံပယ်ပေါက်နေတာကို လက်တွေ့ အမှန်အကန်ပျောက်အောင် ကုနိုင်တဲ့ဆေးနည်းများ ရှိသလားလို့"

"မစ္စဒစ္စရှင့်။ ကျွန်မဟာ ယောက်ျားလေးတွေကို ဘာဖြစ်လို့ မဆွဲဆောင်နိုင်ရတာပါပဲ။ ကျွန်မမှာ နှာခေါင်းကလည်း အရှယ်တော်ပါပဲ။ နှုတ်ခမ်းလေးတွေကလည်း ပြည့်ပြည့်ဖောင်းဖောင်းနှင့်ပါ။ တက္ကသိုလ်ဘွဲ့ရ ပညာတတ်တစ်ယောက်လည်း ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးအဖြေရှာပေးပါ ဉာဏ်ကြီးရှင် မမရယ်"

ဒေါ်ရသီဒစ္စသည် တူလိန်းနှင့် အော်ဂဲလ်သော်ဖီ တက္ကသိုလ်ကြီး ၂ ခုမှ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းခံခဲ့ရပါသည်။ သို့သော် သူမ၏အသည်းနှလုံးကို တန်းခနဲ သိမ်းကျုံးကြည်နူးနှစ်သိမ့်မှုပေးနိုင်သော ဘွဲ့ထူးမှာ ဒုက္ခရောက်ပြီး စိတ်ညစ်နေသော မိန်းကလေး၊ ဒါမှမဟုတ် ယောက်ျားကလေးတစ်ယောက်က အကူအညီတောင်းလိုက်သော စာတစ်စောင်သာဖြစ်သလို။

ကလေးမရသေးသော အမျိုးသမီးကြီးတစ်ယောက်က "အမေ့ထက်သာတဲ့ အစ်မကြီးရယ်။ အစ်မကြီး နားလည်မယ်လို့ ကျွန်မ သိပြီးသားပါ" အစ ချီပြီး ရေးလာသော စာတွေပင်ဖြစ်ကြောင်း ဒေါ်ရသီဒစ္စက ထုတ်ဖော်ဖွင့်ဟခဲ့ပါလေသတည်း။





## မူဆိုလိနီ
## Mussolini

**အီတလီလူမျိုးတွေကို**
**အန္တရာယ်ကြားတွင် ရဲရင့်ဖို့, သတ္တိရှိဖို့**
**သွေးထိုးလှုံ့ဆော်ပေးပြီး**
**သူကိုယ်တိုင်က အမှောင်ထဲတွင်**
**အိမ်ပြန်ဖို့ ကြောက်ရွံ့နေခဲ့သည်။**
**ဘဝကို ခေါင်း, ပန်းလှန်၍ ဆုံးဖြတ်ခဲ့သူ။**
**ငယ်ငယ်တုန်းက ဆိုး၍**
**ကြီးတော့ ရှုးကြောင်ကြောင်း ရမ်းကားခဲ့သူ။**
**ဟစ်တလာက ဆရာ တင်ခဲ့ရသူ။**

❒ ရာစုနှစ်ပြောင်းပြီး မကြာသေးခင်အချိန်က ဆွစ်ဇာလန်တွင် လူတစ်ယောက်သည် အလုပ်လက်မဲ့ ဖြစ်နေ၏။ သူသည် အမေရိကန်၌ ငွေရှာရအလွန်လွယ်ကြောင်း အံ့မခန်းပုံပြင်များကို ကြားသိလိုက်ရသည်။ သို့ဖြင့် တစ်နေ့ သူက ပိုက်ဆံတစ်ပြားကို လေထဲသို့တောက်၍ ခေါင်း, ပန်း မျှော်ကြည့်မိ၏။

"ခေါင်း" ကျလျှင် အမေရိကန်သို့ သွားမည်။ "ပန်း" ကျလျှင်မူ ဆွစ်ဇာလန်၌ ဆက်နေမည်ပေါ့။

"ပန်း"ကျသွားပြီးတော့ သမိုင်းလည်း အကြီးအကျယ်ပြောင်းသွားရတော့သည်။ တကယ်လို့ ထိုသူသည်သာ အမေရိကန်သို့သွားလိုက်လျှင် အီတလီသည် ဒုတိယကမ္ဘာစစ်ကြီးထဲ ဆွဲသွင်းခံလိုက်ရမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ခေါင်း, ပန်း လှန်ခဲ့သည့်ပုဂ္ဂိုလ်မှာ ဘင်နီတို မူဆိုလီနီ ဖြစ်နေသော ကြောင့်ပါပေတည်း။

မူဆိုလီနီသာ အမေရိကန်သို့ ရောက်ခဲ့ပါကလည်း အယ်လ်ကပုန်းလို လူသတ်သမား ရာဇဝင်လူဆိုးကြီးဖြစ်ဖို့ များပါသည်။ ထိုအခါ သူ့အနေဖြင့် အီတလီအာဏာရှင်ကြီးဘဝသို့ ရောက်တော့မှာမဟုတ်ဘဲ၊ အီတလီနိုင်ငံလည်း စစ်ဘီလူးကြီးဟစ်တလာနှင့် မဟာမိတ်ဖွဲ့ဖို့ အကြောင်းပေါ်စရာ မရှိတော့ပါ။

တစ်ဖန် မူဆိုလီနီတစ်ယောက် သက်ဦးဆံပိုင်အာဏာကို ချုပ်ကိုင်နိုးမိုးလိုက်ချိန်၌၊ ဟစ်တလာသည် ဘာမျှမဟုတ်ရသေးသော အညတရတစ်ဦးသာ ဖြစ်နေသေး၏။

ဟစ်တလာသည် အာဏာကို ဘယ်လိုအရယူရမည် နည်းနိဿယ မူဆိုလီနီထံမှ ခံပြီး၊ ကိုယ်တိုင် အာဏာရှင်ဘဝ တက်လှမ်းရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ကဲပါ- ကျွန်တော့်ဇာတ်လမ်းကို ပြန်ဆက်ကြပါဦးစို့။

၁၉၀၄ ခုနှစ်မှာ မူဆိုလီနီသည် အီတလီမှ ဆွစ်ဇာလန်သို့ စစ်ထဲမဝင်မနေရ ဥပဒေကို ရှောင်တိမ်းရန် မှတ်ပုံတင်အတုလုပ်၍ ထွက်ပြေးခဲ့၏။ မီးရထားဘူတာရုံ၌ ကုန်ထမ်းအလုပ်ကို ရ၍ သေတ္တာတွေကိုထမ်းရင်း ဘောက်ဆူးကလေး ဘာကလေးလည်း ရခဲ့သည်။

သူသည် အုတ်စီသမားလည်း ဝင်လုပ်ခဲ့ဖူးသလို၊ သားသတ်ဆိုင်တစ်ဆိုင်တွင် အသားလိုက်ပို့သူလည်း ဖြစ်ခဲ့ဖူး၏။ သို့သော် သူသည် လူတကာနှင့် ပြဿနာတက်ပြီး ရန်ဖြစ်တတ်၍ အမြဲတမ်း အလုပ်ထုတ်ခံရ၏။

စားရမဲ့သောက်ရမဲ့ သေမတတ် ငတ်ပြတ်ခဲ့ရသည့်အကြိမ်ပေါင်းလည်း မနည်းတော့သလို၊ တံတားတွေအောက်, ချောင်ကြိုချောင်ကြား မြေကြီးပေါ်တွင် အိပ်ခဲ့ရတာလည်း မရေမတွက်နိုင်အောင်ပင်။ အဝတ်အစားတွေဆိုတာလည်း ဖွာရာကြဲပြီး စုတ်ပြတ်ညစ်ပေလျက် ချေးအထပ်ထပ်စွဲနေ၏။ ငတ်လွန်းမက ငတ်





လာပြီဆိုတော့လည်း လမ်းပေါ်တွင် ထမင်းသိုးဟင်းသိုးများ မရှက်မကြောက် တောင်းစားခဲ့ရတော့၏။

တစ်ခါတွင်လည်း ပန်းခြံအတွင်း ပျော်ပွဲစားထွက်နေသော မိန်းမ ၂ ယောက်ဆီက ပေါင်မုန့်တွေ ခိုးစားခဲ့ဖူးသည်။

နောက်တစ်ခါကျတော့ ရွှေနာရီတစ်လုံးကို အလစ်သုတ်ခဲ့၏။ သည့်အတွက် ရဲက ဘင်နီတို မူဆိုလီနီကို ဖမ်းပြီး ထောင်ချခဲ့ရသည်။

မူဆိုလီနီငယ်ငယ်က အိပ်စရာ အိပ်ရာမရှိခဲ့ပါ။ ကောက်ရိုးခင်းပေါ်တွင် ခွေးတစ်ကောင်လိုပင် အိပ်ခဲ့ရသည်။

ပထမ ပန်းပဲဆရာဖြစ်ပြီး၊ နောက်ပိုင်းတွင် အရက်ဆိုင်ဖွင့်ခဲ့သော သူ့အဖေကလည်း လူချမ်းသာတွေ, အစိုးရတွေ, ဘုရားခိုးကျောင်းတွေကို အမုန်းကြီးမုန်းခဲ့၏။ တော်လှန်ရေးလှုပ်ရှားမှုတွေ လုပ်ခဲ့သဖြင့် ထောင် ၃ နှစ် ကျခဲ့ရသည်။

မက်စီကိုသမိုင်းတွင် အကြမ်းဆုံးအရမ်းဆုံးသူပုန်ခေါင်းဆောင်ဖြစ်ခဲ့၍ ဘုရင်မက်ဆီမီလန်ကိုနန်းချပြီး မက်ဆီကိုနိုင်ငံကိုသိမ်းပိုက်ခဲ့ရာမှ နောက်ပိုင်းတွင် ၄င်းအား သေနတ်ဖြင့်ပစ်သတ်ခဲ့သော သားဖြစ်သူ "ဘင်နီတို ဂျူးရက်ဇ်"ကို အတုယူအားကျလျက်၊ သားဖြစ်သူကို "ဘင်နီတို မူဆိုလီနီ" ဟု နာမည် မှည့်ခဲ့သည်။

မူဆိုလီနီသည် မုန်းတီးမှုနှင့် ပုန်ကန်မှုများကြားတွင် ငယ်စဉ်ကကြီးပြင်းလာရ၏။

"ကျုပ်ဟာ ရပ်ကျော်ရွာကျော် သူခိုးတစ်ယောက် ဖြစ်ခဲ့သလို၊ အမြဲတမ်းလည်း ရန်လိုနေခဲ့တယ်။ ကျောက်ခဲနှင့် အထုခံရလို့ အိမ်ကို ခေါင်းကွဲပြီးပြန်ခဲ့ရတာလည်း ခဏခဏပဲ။ ဒါပေမယ့် ကျုပ်က အမှတ်မရှိဘူး။ ဘယ်လို ကလဲ့စားချေရမလဲဆိုတာပဲ စဉ်းစားတယ်"

သူကိုယ်တိုင်က ဖွင့်ပြောခဲ့တဲ့ စကားတွေပါ။

မူဆိုလီနီသည် ဟစ်တလာလိုပင် ငယ်စဉ်က ခါးသီးစွာအနှိမ်ခံခဲ့ရသော ဘဝအတွက်၊ ကျော်စောမှုနှင့်အာဏာကို လက်ဆုပ်လက်ကိုင် အပိုင်ယူခဲ့ခြင်းဖြင့် အလျော်ရဖို့ ကြိုးစားခဲ့သူဖြစ်၏။

ချာတိတ်ဘဝ၌ တခြားကလေးတွေနှင့် ရန်ဖြစ်ခြင်းဖြင့် ကျော်စောထင်ရှားတန်ခိုးထွားမည့်လမ်းကို ရွေးခဲ့၏။ ဒါပေမယ့် သူက သူ့ထက်ငယ်ရွယ်သူတွေ

ကိုလုံ မှု ကြီး အနိုင်ကျင့်စမြဲသာ။ ဘယ်သူ့ကို အလွယ်တကူ အနိုင်ရမယ်ဆိုတာ ကျွန်း သူ သိသည်။

နောင် အနှစ် ၄၀ ကြာသောအခါတွင်လည်း အီတလီနိုင်ငံကြီးကို ယှဉ်ဖက် တိုက်ခိုက်နိုင်စွမ်းမရှိသည့် အီသီယိုပီးယား၊ အယ်လ်ဘေးနီးယား၊ ဂရိတို့လို နိုင်ငံငယ်ကလေးတွေကို ဗိုလ်ကျခဲ့ခြင်းဖြင့် ကလဲ့စားချေစိတ်ကို အာသာဖြေခဲ့၏။

မှုဆိုလီနီသည် သူ့ဘဝတစ်လျှောက်လုံးတွင် ခိုးကြောင်ခိုးဝှက်နှင့် အလစ် ချောင်းတိုက်ခိုက်နည်းကို အမြဲသုံးလေ့ရှိ၏။

တစ်ခါက ကောင်ကလေးတစ်ယောက်က သူ့ကိုရိုက်ခဲ့ရာမှ မှုဆိုလီနီသည် ကျောက်ခဲအချွန်တစ်ခုကိုရှာ၍ ချုံပုတ်နောက်တွင်ပုန်းနေပြီး သူ့ရန်သူ ဖြတ်သွားသည်နှင့် နောက်ကျောမှခုန်အုပ်ကာ မျက်နှာပြင်ကို ကျောက်ချွန်ဖြင့် ထိုးဖြပစ်ခဲ့ဖူး၏။

သူ "အီတလီအာဏာရှင်ကြီး မှုဆိုလီနီ" ရယ်လို့ ကျော်ကြားလာသည့် နောက်ပိုင်းအထိလည်း သည်တိုက်ပွဲအကြောင်း ထုတ်ဖော်ဝါကြွားလို့ ကောင်းတုန်း ပင်။

သူသည် အင်မတန်ရိုင်းစိုင်းပြီး ကြောက်စရာကောင်းလောက်အောင် ကြမ်း ကြုတ်ရက်စက်လှသဖြင့် သူ့မိခင်ကြီးက "ကက်သလစ်ဘုန်းတော်ကြီးတွေကတော့ သူ့သားကို လိမ္မာရေးခြားရှိအောင် သွန်သင်ပေးနိုင်ကောင်းရဲ့ဆိုပြီး ကျမ်းစာသင် ကျောင်းသို့ ပို့လိုက်ပါသေးသည်။ ဒါပေမယ့် လိုဘုရားကျောင်းမှာပင် တခြား ကျောင်းသားငယ်တစ်ယောက်၏ ကျောကို ဓားနှင့် ထိုးခဲ့၏။ နောက်အနှစ် ၂၀ အကြာမှာလည်း ပြင်သစ်နိုင်ငံကို နောက်ကျော ဓားနှင့်ထိုးသလို အကောက်ကြံ ခဲ့၍ သွေးအိုင်ထွန်းပြီး ဗုန်းဗုန်းလဲစေခဲ့ပါသည်။

ဘုန်းတော်ကြီးများက ဘင်နီတို မှုဆိုလီနီအား ကျောင်းထုတ်ပစ်ရင်းနှင့် ပြောလိုက်၏။

"မင်းစိတ်ဓာတ်ဟာ ငရဲလို မည်းနက်ညစ်ပေနေတာပဲ"

မှုဆိုလီနီကိုယ်တိုင်က သည်လို အောက်ကြလန်ဘဝမျိုး ရောက်ခဲ့ရသည့် အတွက် သူ့ကိုယ်သူ အပြစ်တင်မယ် ထင်ပါသလား။ မတင်ပါ။ တကယ့်ကို





လုံးဝ မတင်ခဲ့ပါ။ သူ့ကိုယ်သူကလွဲ၍ တခြားလူတွေကိုသာ လက်ညှိုးထိုး အပြစ်ဖို့ ခဲ့ပါ၏။

နောင် နှစ်ပေါင်းများစွာကြာချိန်၌ သူက ဖွင့်ပြောခဲ့သည်။

"ကျုပ်အပေါ်မှာ ဘယ်သူတွေ ဘယ်တုန်းကမျှ ကြင်နာသနားမှုဆိုတာ မပြခဲ့ပါဘူး။ ကျုပ် ကလေးဘဝမှာတုန်းကလည်း ဆင်းရဲတဲ့အိမ်မှာ နေခဲ့ရပြီး ကျုပ်ဘဝဟာ နာကြည်းစရာတွေနှင့် ပြည့်နှက်နေခဲ့ရတယ်။ ကျုပ်အဖို့ ကရုဏာ တရား၊ အကြင်နာတရား ဆိုတာတွေ ဘယ်နေရာက ရှီးမှာလဲ။ ဘယ်ကမျှ မရဘူး။ ဘယ်သူကမျှ မပေးဘူး။ ဒီတော့ ဒါဟာ ကျုပ် ဘာ့ကြောင့် ဒီလောက် ကြမ်းကြုတ်ပြီး ခက်ထန်ရက်စက်ရသလဲလို့ လူတွေ အံ့အားတကြီးသိချင်နေကြ တာရဲ့ အဖြေပဲ"

မှုဆိုလီနီသည် ဘယ်နေရာပဲရောက်ရောက် မုန်းတီးခြင်းနှင့် အကြမ်းဖက် ခြင်းကိုသာ ဖော်ထုတ်ပြသခဲ့၏။ ဥပမာအားဖြင့် ဖူးရစ်ချ်သို့ သူ ရောက်သွားစဉ် စားပွဲထိုးကလေးတစ်ယောက်က ကျသင့်ငွေ ၁ သျှီလင် တောင်းခဲ့သည်ကို မတန် တဆ များလှချည့်ရဲ့' လို့ မှတ်လိုက်၏။

သို့ဖြင့် ဒေါသအိုးကွဲသွားသော သူနှင့် သူ့အဖော် အီတလီ ၃ ယောက်က စိတ်ဆိုးမာန်ဆိုးဖြင့် စားပွဲတွေကို လှန်၊ ကုလားထိုင်တွေ ရိုက်ချိုး၊ ဆိုင်ကိုရစရာ မရှိအောင် ဖျက်ဆီးပစ်ခဲ့သော ဟူ၏။

အီတလီအမျိုးသားများကို အန္တရာယ်ကြားမှာနေရန် အမြဲ အမိန့်ထုတ် ဩဝါ ဒပေးခဲ့သော "မှုဆိုလီနီ" အမည်ရှိပုဂ္ဂိုလ်သည် "အဇင်တီ" ဟူသော ဆိုရှယ်လစ် သတင်းစာ၏အယ်ဒီတာ ဝင်လုပ်စဉ် စားပွဲပေါ် ကျည်ဆံအပြည့်ထည့်ထားသော ခြောက်လုံးပြူးနှင့် ဓားရှည်ကြီးကို အမြဲတင်ထားခြင်းဖြင့် သူရဲဘောကြောင်သူ ဖြစ်ကြောင်း သိသာစေခဲ့၏။

သူမ၏ လက်ထောက်အယ်ဒီတာဖြစ်ခဲ့၍ ထိုစဉ်က ကမ္ဘာပေါ်ရှိရှိသမျှ လူအားလုံးထက် သူ့အကြောင်းပိုသိခဲ့သည်ဟုဆိုရမည့် အမျိုးသမီးက သူ၏ ထူး ဆန်းအံ့ဩဖွယ်ကောင်းလှသော ရုပ်ပိုင်းဆိုင်ရာ ကြောက်ရွံ့ထိတ်လန့်မှုကို တွေ့ပြီး ပါးစပ်အပေါင်းသား ဖြစ်ခဲ့ရကြောင်း ဖွင့်ပြောခဲ့၏။

မှဆိုလီနီကိုယ်တိုင်ကလည်း သူမအားဝန်ခံခဲ့ရာတွင် "သူသည် သူ့အရိပ်ကို ပင် သူ ပြန်လန့်နေမိပါသည်" ဟူ၏။ သူသည် ညကြီးသန်းခေါင် အိမ်မပြန်ရဲ လောက်အောင် သတ္တိကြောင်သူလည်း ဖြစ်၏။ သူက ထိုအဖြစ်ကို သူ့ရုံးရှိလူများ အား ရှက်ရှက်နှင့် ဖွင့်ပြောခဲ့ကြောင်း။ ဒါကြောင့်လည်း သူ့လက်ထောက်အယ်ဒီ တာအမျိုးသမီးကို သူ့အိမ်ကို ညတိုင်းလိုက်ပို့ဖို့ ခေါ်ခဲ့သည်ဟု ဆိုပါသည်။ ပြီး တော့ သူ့ကို အမျိုးသမီးက တံခါးဝရောက်အောင် လိုက်ပို့ပြီးမှ ကိုယ့်အိမ် ကိုယ်တစ်ယောက်တည်း ပြန်ခဲ့ရသတဲ့။

ဒီဖြစ်ရပ်ကို ကျွန်တော့်အနေဖြင့် တစ်ဆင့်ကြား၊ သို့မဟုတ် အတင်းစကား တွေအရ တစ်ဆင့်ဖောက်သည်ချနေခြင်း မဟုတ်ပါ။

ကြောက်ရွံ့နေသော ဆီဇာဘုရင်ကြီးကို ညစဉ်အိမ်ပြန်ပို့ခဲ့ရလေသူ အမျိုးသမီးကိုယ်တိုင်က ပုံနှိပ်စာလုံးဖြင့် ပေထက်အက္ခရာ တင်ခဲ့သောကြောင့် သိရခြင်းသာဖြစ်ပါသည်။

သူမ၏အမည်က "အင်ဂျလီကာ ဘလာဘူးနော့ဖ်" ဟု ခေါ်တွင်၍၊ ဆိုရှယ် လစ်ပါတီ၏ အစွမ်းအထက်ဆုံးနှင့် အထင်ရှားဆုံးခေါင်းဆောင်အဖြစ် နှစ်ပေါင်း များစွာ ရပ်တည်ခဲ့သူပါ။ (အထက်ပါ ဖော်ပြချက်များမှာ ထိုအမျိုးသမီး၏ ရေးသား ချက်များကို ထုတ်နုတ်တင်ပြထားခြင်းပင် ဖြစ်၏။)

အီတလီ၏အာဏာရှင်ကြီး ဖြစ်လာသည့်နောက်ပိုင်းတွင် မှဆိုလီနီအား လုပ်ကြံရန် ၇ ကြိမ်တိတိ ကြိုးပမ်းခဲ့ဖူးသည်။ သို့ဖြင့် သူလည်း အကြီးအကျယ် ကြောက်ဖျားလန့်ဖျားဖျားကာ သူ့ရုံးနှင့် အိမ်ပတ်ဝန်းကျင်ကို နေ့ရောညပါမပြတ် ကိုယ်ရံတော်တပ်ဖွဲ့ဝင် ၁ သောင်းခွဲအား စောင့်ကြည့်နေစေခဲ့ပါတော့သည်။

နှစ်ပေါင်းအတော်ကြာအောင် မှဆိုလီနီ၏အစာအိမ်မှာ အနာဖြစ်ခဲ့၍ ကောင်း ကောင်းကြီး ဒုက္ခပေးခဲ့သည်။ ဒီအနာကလည်း သူ၏ အသက်အိုးအိမ်စည်းစိမ်တွေ လုံခြုံရေးအတွက် ရတက်မအေးရသော စိုးရိမ်သောကဗျာပါဒ အပူလုံးတွေကြောင့် ဒဏ်ရာဝေဒနာ ရခဲ့ခြင်းသာ ဖြစ်ပါလိမ့်မည်။





မှဆိုလီနီသည် ၁၅ နှစ်သားတိုင်အောင် စာမဖတ်တတ်ခဲ့ပေမယ့်၊ လူလား မြောက်လာချိန်မှာတော့ စာအုပ်အများအပြားကို အငမ်းမရဖတ်ရှုခဲ့သည် ဆို၏။

မည်သို့ပင်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်သည် အဘက်ဘက်တွင် မယုံနိုင်စရာကောင်း အောင် အသိပညာခေါင်းပါးသလို ခေတ်နောက်ပြန်ဆွဲ၍ အယူသည်းလှကြောင်း တွေ့ခဲ့ရပါသည်။

ပမာဆိုပါတော့၊ "လမင်းသည် လူတွေ၏ဘဝကံကြမ္မာကို အပြည့်အဝ စိုးမိုးခြယ်လှယ်နိုင်သည်"ဟု သူ စွဲစွဲမြဲမြဲ ယုံကြည်ထား၏။ ဟုတ်ကဲ့။ အီတလီ လူမျိုးတွေကို "အန္တရာယ်တွေများစွာနှင့် နေပါ"လို့ ဟစ်ကြွေးလှုံ့ဆော်ခဲ့တဲ့ အဲဒီကို လေထွားကြီးဟာ သူ့အိပ်နေခိုက် သူ့မျက်ခွက်ပေါ်ကို လရောင်ထိုးမှာ သိပ်ကြောက် တယ် ဆိုပဲခင်ဗျာ။

ပြီးတော့လည်း သူ့ကိုယ်သူ "အိပ်မက်တွေကို ဖတ်နိုင်တယ်၊ အဓိပ္ပာယ် ကောက်နိုင်တယ်"လို့လည်း ယုံကြည်ပါသတဲ့။ ဒီ့အပြင် ဖဲတစ်ထုပ်ကို လှန်ကြည့်ရင်း က အနာဂတ်ကိုလည်း ကြိုဟောနိုင်တယ်ဆိုပဲလေ။ သည်လိုနှင့် မှဆိုလီနီသည် ရောမအစိုးရကို လည်ပင်းညှစ်ရန် သမိုင်းတွင်သောစစ်ချီပွဲကြီး မစခင် စားပွဲပေါ်မှာ ဖဲချပ်တွေလှန်ချပြီး အတိတ်နိမိတ် ကောက်ယူခဲ့သေးသည်ဟု ဆို၏။ ဒါလည်း တစ်ကြိမ်တည်း မဟုတ်။ အကြိမ်ကြိမ်အခါခါ ဖြစ်ပါသည်တဲ့။

သည်အချက်တွေအားလုံးကို မှန်မမှန် ကျွန်တော်တို့ ဘယ်လို သိနိုင်ပါ့မလဲ။ သိပ်သိနိုင်တာပေါ့။ သိနိုင်တဲ့အကြောင်းကတော့ မှဆိုလီနီ၏ အတ္ထုပ္ပတ္တိစာအုပ် ထဲတွင် တရားဝင်မှတ်တမ်းတင်ထားခဲ့လို့ပဲ ဖြစ်ပါ၏။ ထိုအတ္ထုပ္ပတ္တိစာအုပ်ကို သူကိုယ်တိုင်ပြန်ဖတ်ပြီး အတည်ပြုခဲ့ရုံမက ရှေ့က မိတ်ဆက်အမှာစာကိုပင် ရေးပေးခဲ့ပါသေးတယ်။

စင်စစ်တော့ မှဆိုလီနီဆိုသည်မှာ ယဉ်ယဉ်ကလေးနှင့် အကြီးအကျယ် မူးနေသူတစ်ဦးသာပါ။ သူ့ခမျာ နှစ်နှင့်ချီ၍ ဘဝင်မြင့်ရောဂါစွဲကပ်ပြီး အရူး တစ်ပိုင်းဖြစ်ခဲ့ရသည် ဆိုလည်း မမှား။

စိတ်ရောဂါကုဆေးရုံများ၌ သူ့လိုလူစား အများကြီးကို ခင်ဗျား တွေ့ဖူးပါ လိမ့်မည်။ တချို့က သူ့ကိုယ်သူ "နပိုလီယန်" လို့ ထင်နေကြ၏။ တချို့ကလည်း သူ့ကိုယ်သူ "နေနတ်သား"တဲ့။

မူဆိုလီနီကတော့ သူ့ကိုယ်သူ ဂျူးလီးယက်ဆီဇာအစစ်လို့တော့ မယုံကြည်တာ အမှန်ပါ။ ဒါပေမယ့် ကိုယ့်ကိုယ်ကို 'ဒုတိယဂျူးလီးယက်ဆီဇာ' လို့ ယုံကြည်ပုံကတော့ သေချာသည်။ သူသည် သူ့ပုံတူပန်းပုရုပ် သွန်းလုပ်သူများအား ရင်ဘတ်ကို တင်းရင်းပြည့်မောက်ရာ၌ ဆီဇာနှင့်တူအောင် လုပ်နိုင်းခဲ့သည်။


၁၉၂၆ ခုနှစ် ထရီပိုလီမြို့တော်သို့ သွားလည်ရာတွင်လည်း 'ဟေး ဆီဇာ' 'ဆီဇာကို နှုတ်ဆက်ကြိုဆိုပါ၏' ဟူသောစကားလုံးတွေပါဝင်သည့် ဆောင်သောင်းများစွာသော ရောင်စုံပိုစတာကြီးများကို ရိုက်နှိပ် ချိတ်ဆွဲထားခိုင်းခဲ့၏။

မူဆိုလီနီကိုယ်တိုင်က ထုတ်ဖော်ဖွင့်ဟဖူး၏။

"ကျုပ်ကတော့ ကျုပ်ရဲ့အမှတ်လက္ခဏာကို သမိုင်းတွင်ကျန်ရစ်အောင် စိတ်ကြိုက် ရေးထွင်းခဲ့ချင်တယ်။ "သားရဲခြသေ့်တစ်ကောင် လက်သည်းနှင့်ခြစ်ထားသလို ကျုပ်ရဲ့ အမှတ်လက္ခဏာတွေကို ထင်ထင်ရှားရှား လုပ်ပစ်ခဲ့ချင်တယ်။ ကျုပ်မှာ အဲဒီဆန္ဒအရိုင်းတွေကိုပဲ အရူးအမူးစွဲလမ်းနေခဲ့ရတယ်။ အဲဒီအစွဲအလမ်းတွေက ကျုပ်လုပ်သမျှ အားလုံးကို လွှမ်းမိုးခြယ်လှယ်ခဲ့တာပဲ"

အဆိုပါ စာကြောင်း ၄ ကြောင်းကလည်း မူဆိုလီနီ၏ဘဝတစ်ခုလုံးကို ရှင်းလင်းထုတ်ပြခဲ့သည် ဆိုနိုင်ပါ၏။ ထိုစာသားများက အတ္တလွန်ဝါဒီတစ်ယောက်၏ ဒဿနဖြစ်သလို၊ သန်းဝက်မျှသောယောကျ်ားကောင်းများကို စစ်မြေပြင်၌ သွေးအလူးလူးနှင့် သေပွဲဝင်အောင် သေတွင်းသို့တွန်းပို့ခဲ့ပြီး၊ သမိုင်းတွင် '၂၀ ရာစု ဂျူးလီးယက်ဆီဇာ' ဟု အားနာပါးနာဂုဏ်တင်လိုက်ရသော စိတ်မနှံ့သူတစ်ဦး၏ ဖြောင့်ချက်လည်း ဖြစ်ပါတော့သည်။






# ဘင်း ခရော့စ်ဘီ
# Bing Crosby

**လည်ချောင်းထဲက အသားပိုကလေးကြောင့်**
**အဆိုကောင်းရတယ် ဆိုပြီး ပေါင် ၂ သောင်း အာမခံထားခဲ့သူ။**
**ရည်းစားသည်က 'မြာသမား' လို့ စွပ်စွဲခဲ့ရာက**
**ဘုရားကျောင်း မှန်မှန် တက်ခဲ့ရပါသတဲ့။**
**'နောင် အနှစ် ၈၀၀၀ တိုင် သီချင်းဆိုနေဦးမည်' ဆိုတဲ့**
**ရှပ်ရှင်မင်းသား။**

❐ ဒီကမ္ဘာကြီးတွင် ပေါ်ထွန်းခဲ့သမျှ အဆိုတော်တွေထဲမှ ဈေးအမြင့်ဆုံးရသူအဖြစ် ဘယ်သူ့ကိုများ ခင်ဗျား သတ်မှတ်ချင်ပါသလဲ။

ကာရူးဆိုးလား၊ မဲခ်ရှားလား၊ တစ်ဘက်ထ်လား။

ကောင်းပါပြီလေ။ ထပ်ပြီး မှန်းကြည့်လိုက်ပါဦး။

အဲဒီလူဟာ တစ်ခေတ်မှာ တစ်ယောက် ဆိုသလို နံပါတ် ၁ ရောင်းတန်းဝင်အဆိုတော်ဖြစ်ခဲ့ပေမယ့်၊ သူ့တစ်ဘဝလုံး ဂီတပညာကို နည်းနည်းလေးမျှ မသင်ဖူးခဲ့တဲ့၊ သဘာဝက မတော်တဆဖန်တီးပေးလိုက်တဲ့၊ အတုမရှိအောင် ထူးခြားကောင်းမွန်လှတဲ့ ပင်ကိုသံကို ပိုင်ဆိုင်ခဲ့သူပါပေ။

ပုံနှိပ်ပါသည်။ သူကတော့ ဟယ်ရီ လီလ်လစ်စ် ခရော့စ်ဘီ။

ခင်ဗျားအတွက်တော့ 'ဘင်း' ဖြစ်ပြီး၊ ပျော်ပျော်နေသောခဲ့ဆိုသည့် ဝါဒ လက်ကိုင်ထားကာ ၁ နှစ်ပတ်လုံး မြူးကြွသောသီချင်းချိုလေးတွေနှင့် ဖျော်ဖြေနေခဲ့တဲ့ အဆိုကျော်၊ ရုပ်ရှင်မင်းသားပဲ ဖြစ်ပါသည်။

''ကျွန်တော်ဟာ မိလျှံမှာ မဖြစ်သေးပါဘူး။ ဒါပေမယ့် ဖြစ်ဖို့လည်း ကြိုးစားနေတာ မဟုတ်ပါဘူး'' လို့ နိုညည်းသလို ညည်းပြနေသည့်ကြားမှပင် ပေါင် ၁ သိန်းခွဲကျော်ကျော် ပိုက်မိနေပါပြီ။

ဟုတ်ကဲ့။ ၁၉၄၃ ခုနှစ်ကျတော့ ဘင်းခရော့စ်ဘီသည် သမ္မတကြီး ဖရန့်ကလင် ရုစဗဲ့နှင့် ဝန်ကြီးချုပ် ဝင်စတန်ချာချီတို့ ၂ ယောက်ပေါင်း ဝင်ငွေထက် ၇ ဆသာအောင် ရှာနိုင်ခဲ့ပါပြီ။

တကယ်လို့ ခင်ဗျားကသာ ကျွန်တော့်ကို မေးလျှင်-

''အဲဒါ ကောင်းကင်ဘုံပေါ်ကကျလာတဲ့ ပဲနီပြားလေးတွေကို စနစ်တကျ လုလုပပစုခဲ့တာပါ'' လို့ ဖြေရပါတော့မည်။

သူကိုယ်သူ 'အော်ညည်းနေတဲ့ နဂျီကောင်' လို့ ကင်ပွန်းတပ်ခဲ့သည့် ကိုရွှေမင်းသားအဆိုကျော်၏ ဘဝကြွမှာကတော့ ၂၀ ရာစုအတွင်း ရင်သပ်ရှုမောအံ့သြဖွယ်အကောင်းဆုံး အောင်မြင်ရေးဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပါ၏။

ဘင်းကို ၁၉၀၄ ခုနှစ်တွင် ဖွားမြင်ခဲ့၏။

သူ့ခေါင်းမှာ ဆံပင်တွေ မတရားကျွတ်ကုန်သဖြင့် ဆံပင်တုဆောင်းထားရသည်။ သူ့နားရွက်တွေကလည်း ကားလွန်းလှသောကြောင့် ရုပ်ရှင်ရိုက်သောအခါများ၌ နားအုံဘေးသို့ 'တိတ်' နှင့် ဆွဲကပ်ထားရ၏။ သူသည် ချစ်ခန်းကြိုက်ခန်းရိုက်နေစဉ်မှာပင် ပီကေတစ်ပြားကို ပါးစပ်ထဲမှာဝါးနေကျ ဖြစ်၏။

သို့လင့်ကစား သူသည် သန်းပေါင်းများစွာသောအမျိုးသမီးထုကြီး၏ ဦးခိုက်ရာ အချစ်နတ်မင်းကြီးတစ်ပါး ဖြစ်ခဲ့ရသလို၊ အမျိုးသား သန်းပေါင်းများစွာက အသည်းစွဲမင်းသားအဖြစ် ကန့်ကွက်သူမရှိ အတည်ပြုခဲ့ရ၏။





ဗိုလ်ချုပ်ကြီး မက်အာသာနှင့် သူ့အမေရိကန်တပ်များ ဖိလစ်ပိုင်တွင် ပိတ်မိနေခဲ့သဖြင့်၊ သမ္မတကြီး ရုစဗဲ့လ်က ''ရဲဘော်တွေ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဘယ်လိုကူညီရမလဲ'' မေးခဲ့၏။

မက်အာသာက အိမ်ဖြူတော်သို့ ရေဒီယိုဖြင့်ဆက်သွယ်၍ 'ဘာတန်းကျွန်းပေါ်ရှိ သူ့ရဲဘော်များက ဘင်းခရော့စ်ဘီကို အလိုရှိကြောင်း' ပြန်ကြားလိုက်၏။

ဟုတ်ကဲ့။ အဲ့သလို ကျဉ်းထဲကျပ်ထဲရောက်နေချိန်မျိုးမှာပင် သူတို့က ဟိုးရှေးမဆွကပင် ကြားဖူးပြီး နားယဉ်နေသော -

'အို- ညရဲ့ အပြာရောင်တွေ။ နေရဲ့ ရွှေရောင်တွေနှင့် ဆုံတဲ့အခါမှာ' ဆိုသောသီချင်းသံကို ကြားချင်နေကြပါသတဲ့။ ဒါတင် ဘယ်ကနိုင်ပါဦးမလဲ။

နောင် အနှစ် ၆၀၀၀ တိုင်အောင် ခင်ဗျားရဲ့သားစဉ်မြေးဆက် မြေးမြစ်တီကျွတ်အထိပင် သူ့အနာဂတ်အလျောက် ဖြစ်ထွန်းလာမယ့် သီချင်းဖွင့်သည့်ဓာတ်စက်ဘေးမှာ ဝိုင်းအုံ၍ အတိတ်ဟောင်းမှ 'ဘင်းခရော့စ်ဘီ' မည်သောတေးဆိုငှက်၏ အသစ်တီထွင်ရှုသံသာများကို နားဆင်နေကြပါလိမ့်ဦးမည်။ အကြောင်းက ဒီလိုပါ။

ယခင် နှစ်အနည်းငယ်က အော့ဂလ်သော်ဗီတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ သွန်ဝဲခ် ဂျက်ကော့ဘ်စ်အား ၂၁ ရာစုနှစ်ကျမှ ဖွင့်ကြည့်ရမည့် နှစ်ရှည်ခံမြေအောက်တိုက်ခန်းထဲမှာ သိုပ်ပိတ်ထည့်ရန်ပစ္စည်းများကို ရွေးစေခဲ့ရာတွင်၊ သူက ဘင်း ခရော့စ်ဘီ၏ဓာတ်ပြားများပါ ထည့်ပေးလိုက်သော ဟူ၏။ ဘာကြောင့်ပါလိမ့်။

အကြောင်းပြချက်ကိုမေးတော့ သူက 'ကျွန်တော်တို့၏ခေတ်၊ ယနေ့ ပစ္စုပ္ပန်ကို ကိုယ်စားပြုနိုင်သည့် အနုပညာပစ္စည်းအဖြစ် ထိုဓာတ်ပြားတွေထက် ပိုထိုက်တန်သည့်အရာ မရှိပါကြောင်း' နှင့် 'စကြာန့်မလပ်လည်ပတ်နေသော ဤကမ္ဘာကြီးထဲတွင် ဘင်း ခရော့စ်ဘီ၏သီချင်းများကို ၂၄ နာရီပတ်လုံး မပြတ်အောင် တစ်ယောက်ယောက်က တစ်နေရာရာမှာ ဖွင့်နေမယ့်အထိ လူကြိုက်များလို့လည်း ခုလို ရွေးခဲ့ရကြောင်း' ရှင်းချက်ထုတ်ခဲ့ပါ၏။

ကြော်- မယုံနိုင်လောက်အောင်ပါပဲလား။ ဟုတ်ကော ဟုတ်ပါ့မလားလို့။ ကဲ-ဒီလို ဖြိုင်စံရှားထူးခြားလှတဲ့ သူ့အသံရဲ့လျှို့ဝှက်ချက်က ဘာများဖြစ်မယ် ထင်ပါသလဲ။

အဲ-ဆရာဝန်တွေရဲ့အပြောအရတော့ ဘင်းရဲ့လည်ချောင်းထဲက ရှိနေတဲ့ အသားပိုချောင်းလေးနှင့် လုံးဝ သက်ဆိုင်ပါတယ်ဆိုပဲ။ ခွဲစိတ်ပါရဂူတစ်ယောက်က ဒီအဖုအကျိတ်လေးတွေကို ခွဲထုတ်ပေးမယ်လို့တောင် မကြာသေးခင်က ပြောခဲ့သေးရဲ့။ ဒါပေမယ့် ဘင်းစ်က ဖျာဖျာသလဲငြင်းပယ်ခဲ့သည်။

"မလုပ်ပါရစေနှင့် ဆရာရယ်။ အဲဒီအဖုလေးတွေကြောင့် ကျွန်တော်ဟာ မိုးစည်ကြီးတီးလိုက်သလို သာယာချိုအေးတဲ့သီချင်းတွေ ဆိုနိုင်တာပါ"တဲ့။ ယနေ့ ဆိုလျှင် ထိုလည်ချောင်းဖုလေးများကို သူက ပေါင် ၂ သောင်းတောင် အာမခံ တင်ထားလိုက်ပါပြီလေ။

တချို့လူတွေက ဘင်း ခရော့စ်ဘီကို လူတွေထဲမှာ အပျင်းဆုံး 'ကိုဖိုးပျင်း' ရယ်လို့ ခေါ်ချင်ကြသည်။ သူဟာ ဘာမဆို ကံစမ်းမဲပေါက်သလို သာသာလေးနှင့် အချောင်ရပြီး၊ အောင်မြင်မှုဆိုတာလည်း လူတကာလို ပင်ပင်ပန်းပန်း ရုန်းကန် ကြိုးစားခဲ့ရတာ မရှိပါဘူးလို့ အကဲဖြတ်ခဲ့ကြ၏။

ဒါဆိုလည်း ခင်ဗျားပဲ ဝေဖန်ဆုံးဖြတ်ကြည့်ပါတော့။ သူ့ဇာတိ စပုတ်ကိန်းတွင်နေခဲ့စဉ် ချာတိတ်လေးဘဝကို ပြန်သွားကြည့်ရအောင်။

သူ ကျောင်းပိတ်ရက် အားလပ်ရက်တွေမှာ (တခြားကလေးတွေ ကစားနေချိန်တွင်) သနပ်စုံလုပ်သည့်စက်ရုံမှာ ဝင်လုပ်ခဲ့၏။ သနပ်တွေ ပုလင်းသွပ်ရသည့်အလုပ်ကို မလုပ်ရတော့လည်း၊ သတင်းစာတွေ လိုက်ပို့သည်။ ဒါမှမဟုတ် ယာထဲမှာ ကောက်ရိုးတွေ သွားသယ်သည်။ ဒီ့အပြင် သစ်ခုတ်စခန်းတစ်ခုတွင် မီးထိုးသမားတောင် သွားလုပ်ဖူးသေး၏။

၁၉၃၁ ခုနှစ်ကျတော့ အဆိုတော်အဖြစ် ထွန်းပေါက်လာခဲ့ရာမှ မယုံနိုင်လောက်အောင် အစီအစဉ်တွေ ချမှတ်ကြိုးစားခဲ့သည်။

နယူးယောက်က ပါရာမောင့်ပြဇာတ်ရုံတွင် တစ်နေ့ ၅ ကြိမ် ဖျော်ဖြေခဲ့ရသလို၊ ရေဒီယိုအသံလွှင့်ရုံက အစီအစဉ် ၂ ခုကိုလည်း ညစဉ် အပြေးအလွှား





သွားရောက် တင်ဆက်ပေးရသေးသည်။ ဒီကြားထဲမှ သီချင်းတွေကို ဓာတ်ပြားသွင်းခဲ့ရပြန်သည်။

သည်တော့ သူက 'ကျွန်တော်ဟာ အရမ်းကံကောင်းတဲ့ ငနဲပါပဲဗျာ' လို့ ပြောခဲ့သည်ဆိုရင်တောင်၊ မှန်တွေနှင့် မျက်လှည့်ပြသလို လွယ်လွယ်လေးလုပ်လို့ ရခဲ့တာမျိုးမဟုတ်ကြောင်း အရှင်းသားသိနိုင်ပါသည်။

တကယ်လို့များ ခင်ဗျားအနေဖြင့် ဘင်းခရော့စ်ဘီကို 'သူ့ အောင်မြင်မှုမှာ အဓိကအထောက်အကူပြုခဲ့တဲ့ ဓွမ်းရည်တစ်ရပ်ဟာ ဘာပါလဲ' လို့ မေးကြည့်ခဲ့လျှင်၊ သူက 'ကောလိပ်ကျောင်းတုန်းက စကားပြောသင်တန်းတက်ခဲ့တဲ့ ကျေးဇူးပါ' လို့ ပြန်ဖြေမှာ မလွဲပါ။

ထိုစကားပြောသင်တန်းက သူ့ကို စကားအသုံးအနှုန်းတွေနှင့် စီကုံးဖွဲ့နွဲ့ပုံ နည်းနိဿယတွေကို သင်ပေးခဲ့၏။ ဒါကို သူက ဘဝမှာ လက်တွေ့အသုံးချခဲ့သလို၊ ခုလို ဖွင့်ဟပြောနေကျ ဖြစ်ပါသည်။

"ကျွန်တော်ဟာ အဆိုတော်တစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်ဟာ စကားလုံးတွေထုံးဖွဲ့တတ်တဲ့ စကားလုံးသမားသာ ဖြစ်ပါတယ်။ အဲဒီပညာကို စကားပြောသင်တန်းက အပီအပြင်တတ်လာခဲ့တာပါ"

ဘင်း ခရော့စ်ဘီသည် သန်းပေါင်းများစွာသော အမျိုးသမီးများ၏ကိုးကွယ်ရာ အချစ်နတ်ကြီးတစ်ဆူ ဖြစ်ခဲ့လင့်ကစား၊ ဇနီးဖြစ်သူ ဒစ်ဇီလီးအား လက်ထပ်ခွင့်တောင်းခဲ့ရာမှာတော့ အကြီးအကျယ် နောက်ကောက်ကျခဲ့ရရှာ၏။

သူမက ဘင်းသည် အမေရိကန်ပြည်ထောင်စုကြီးတစ်ခုလုံးကို သူ့ဂျုံကြမ်းတွေ ဖျိုးချရာ လယ်ကွက်ကလေး ဟု မှတ်ထင်ခဲ့သော ဣဒ္ဓိယသိုက်သမား၊ အိုင်တွေ့တိုင်း ခြေဆေးတတ်သူ မြာမုဆိုးကြီး ဆိုတာကလွဲလို့ ဘာမျှ အထင်ကြီးစရာမရှိကြောင်း ပစ်ပစ်ခါခါပြောခဲ့၏။ ဒီ့အပြင် 'မိန်းမလိုက်စား၍ အပျော်လွန်ချောက်ပေါက်တိုးပြီး ထောင်စာဖြစ်မည့်လူ' လို့ပင် ဆိုလိုက်ချေသေး၏။

ပြီးတော့လည်း 'ဘင်း ခရော့စ်ဘီသည် လက်ဖွာ၍ ငွေကို ရေလို သုံးတတ်သူ' ဆိုပြီး တချို့ကလည်း တွန်းတွန်းထိုးထိုးကလေး သတိပေးကြသေးရဲ့။

''မင်း ခရော့စ်ဘီကိုယူမယ်ဆိုရင်တော့ တစ်သက်လုံး ကျွန်ခံရမှာ သေချာတယ်''

ဒီအသံတွေက ဘင်းကို အိမ်ရာမှလန့်နိုးအောင် မျက်ခွက်တည့်တည့်ပိတ်ကန်ရာ ရောက်သွား၏။

သူလည်း နေ့ချင်းညချင်း သူပိုင်ဆိုင်သမျှ ငွေကြေးကိစ္စအဝဝကို ဖခင်ကြီးနှင့် ညီအစ်ကိုတွေကို လွှဲပေးပြီး၊ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းတက်သည့် ဂုဏ်သရေရှိ မိသားစုဝင်တစ်ယောက်ပုံစံဖြင့် ခြေငြိမ်လက်ငြိမ်လေး နေပြလိုက်တော့သည်။

ယနေ့ဆိုလျှင် သူနှင့် ဒစ်ဇီလီးတို့မှ ထောင်ထောင်မောင်းမောင်းသားကောင်းရတနာ ၄ ယောက်ကြီးများပင် ထွန်းကားခဲ့ပြီး၊ ဘင်း ခရော့စ်ဘီနှင့် အပေါင်းပါများ ကုမ္ပဏီလီမိတက် (ဒါ သူတို့ခေါ်တဲ့အတိုင်း) ကိုပင် တည်ထောင်ခဲ့ပြီးပြီ။ ကုမ္ပဏီခွဲတွေ အမြောက်အမြားလည်း ရေဘဝဲကောင်များ၏လက်တံတွေလို ဖြန့်ကြက်ဆန့်ထုတ် ဖွင့်လှစ်နိုင်ခဲ့ပါလေပြီ။

ထိုအနက် အိမ်ခြံမြေရောင်းဝယ်ရေး၊ ရွှေတွင်း၊ ရေနံတွင်း၊ အဆောက်အဦဆောက်လုပ်ရေးတွေမှာပါ သူ့ဖခင်ကြီး၊ ညီအစ်ကိုတွေနှင့် အရင်းအနှီးမြှုပ်နှံထားမှုတွေလည်း ပါဝင်ခဲ့၏။

အပတ်စဉ်နေ့တိုင်းလိုပင် သူ့စတူဒီယိုများ၌ အလုပ်စရန် နံနက် ၇ နာရီထိုးသည်နှင့် အိပ်ရာက ထလေ့ရှိ၏။ သို့သော် အနီးအနားရှိ သူ့ရုံးခန်းသို့မှ ရေချိုးဖို့ကလွဲ၍ သွားခဲလှပေသည်။ ဒါကလည်း သူ့ရုံး ခရော့စ်ဘီအဆောက်အဦအောက်ထပ်ရှိ ဖင်လန်နိုင်ငံလုပ် ရေချိုးဇလုံထဲ ဆပ်ပြာရေစိမ်ပြီး၊ လူးလိမ့် ရင်းက လုပ်ငန်းအခြေပြ စာရွက်စာတမ်းတွေကို ဖတ်ရှုနိုင်၍ ဖြစ်ပုံရ၏။

သူက ရေကူးဝါသနာပါသလို နယူးယောက်တွင် ကမ္ဘာ့ပျော်ပွဲရွှင်ပွဲတစ်ရပ်ကျင်းပနေစဉ် လောင်းကြေးစားကြေးရရန် ပေ ၅၀ အမြင့်မှ ကျွမ်းထိုးချ၍ ညှိုပရိသတ်တွေ အံ့အားသင့်သွားစေခဲ့ဖူးသည်။

ဂေါက်သီးရိုက်ရခြင်းကို အလွန်မြတ်နိုး၍ တစ်ခါတလေ မနက် ၅ နာရီထပြီး ကျင်းစိမ်လေ့ရှိ၏။ ဂျင်နီ ဆာရာဇင်းက ဘင်းသာ လေ့ကျင့်သားပြည့်ဝစွာဖြင့်





ကြိုးစားမည်ဆိုပါက ဘော့ဘီဂျုန်းစ်လို ဂေါက်ရိုက်ချန်ပီယံ ဖြစ်လာနိုင်သည်ဟု မှတ်ချက်ပေးဖူး၏။

ဟုတ်ကဲ့။ အပျင်းကြောသန်ပုံပေါက်နေသော အဆိုကျော် အာကျယ်ငနဲ့အနေဖြင့် မလုပ်နိုင်တာ မရှိသလောက်ပါပဲ။

ဒီအထဲမှာ စာရေးတာလည်း ပါသေးရဲ့ပေါ့။ သေတ္တာတစ်လုံးထဲ သိမ်းလှောင်ထားတဲ့ဝတ္ထုတိုတွေဆိုတာ တစ်ထပ်ကြီး။ တစ်နေ့မဟုတ် တစ်နေ့တော့ ထိတ်ထိတ်ကြ မဂ္ဂဇင်းတွေကိုကိုင်ပြီး ဟိုးလေးတကျော်ကျော် နာမည်ကြီးစေဦးမည်ဟု မျှော်လင့်ထားသည်။ ရုံဖန်ရံခါဆိုသလို သူ့ရေဒီယိုဇာတ်ညွှန်းများ၊ ရုပ်ရှင်ဇာတ်ညွှန်းများကိုပင် သူကိုယ်တိုင် ပြန်ပြင်တတ်သည် ဆို၏။


သို့သော် ရုပ်ရှင်ကားပေါင်း ၃၀ ကျော် ရိုက်ကူးခဲ့ရ၍ လူကုံထံ ကြိုက်မင်းသားတစ်လက်ဖြစ်ခဲ့သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကလေး မလုပ်နိုင်တာဆိုလို့ တစ်ခုတော့ရှိခဲ့ပါကြောင်း ဝန်ခံခဲ့ပါသည်။

တစ်ခါက သတင်းထောက်တစ်ဦးက သူ့ကိုမေး၏။

''တစ်ဆိတ်ကျေးဇူးပြုပြီး ဖြေပေးပါ မစ္စတာခရော့စ်ဘီ။ ပါရာမောင့်ကုမ္ပဏီကြီးအနေဖြင့် ခင်ဗျားဟာ သရုပ်ဆောင်ပညာ ကောင်းကောင်းတတ်တယ်ဆိုတာ ဘယ်ဇာတ်ကားကစပြီး အသိအမှတ်ပြုခဲ့ကြသလဲ ဆိုတာပါပဲ''

ဒီတော့ ဘင်းက စပ်ဖြဲဖြဲပြုံးသဲ့သဲ့ဖြေခဲ့သည်။

''လူကြီးမင်းရဲ့ လှပတဲ့မေးခွန်းလေးကို ကျွန်တော် ဂုဏ်ယူစွာဖြေရမယ်ဆိုရင်တော့ သူတို့ဟာ ကျွန်တော့်ကို ပထမဆုံးကားရိုက်မယ်လို့ တိုင်ပင်ကြကတည်းက အိုက်တင်လုပ်တတ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်ဆိုပြီး ကြားတာဗျာ''



# ဖီးလ်မာရှယ် ဘားနဒ် မောင်ဂိုမာရီ
## Field-Marshal Bernard Montgomery

**သူသည် ပထမကမ္ဘာစစ်အတွင်းက**
**သချိုင်းကုန်းသို့ ပို့ဆောင်မည့်ဆဲဆဲ အသုဘဖြစ်ခဲ့ဖူး၏။**
**ယခု ဒုတိယကမ္ဘာစစ်ကြီးကျတော့**
**ဂရိတ်ဗြိတိန်၏ နာမည်အကျော်ဆုံး ဗိုလ်ချုပ်ကြီး၊**
**ဖအေက ဘုန်းကြီး၊ သားက စစ်သား၊**
**ဆန်းပြားသော ကံကြမ္မာ။**
**'စစ်ဆိုတာ နိုင်ခြေရှိမှ တိုက်ရမယ်။**
**နိုင်အောင်လည်း ကြိုတင်ပြင်ဆင်မှု လုပ်ရမယ်' ဆိုပြီး**
**ရွှန်မဲကို အနိုင်ယူခဲ့သူ။**

❐ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ အတွင်း စစ်ပွဲကြီးပေါင်း ၉၁၂ ပွဲဖြစ်ပွားခဲ့ရာ ဗြိတိသျှစစ်မြေပြင် ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဂိုမာရီသည် သေနင်္ဂဗျူဟာ၌ ပါရဂူ တစ်ဆူအဖြစ် မော်ကွန်းသစ်တင်နိုင်ခဲ့၏။

သူ့အနေဖြင့် သမိုင်း နှစ်စဉ်မှတ်တမ်းအားလုံးတွင် ယခင်က ဘယ်သူမျှ မတင်နိုင်ခဲ့သော စံချိန်မျိုးဖြင့် တိုက်ပွဲကြီးတစ်ရပ်ကို ဆင်နွှဲအောင်မြင်ခဲ့သည်။

သူနှင့် သူ၏ အမှတ် ၈ တပ်မဟာ (နိုင်းမြင်ဝှမ်း၏တပ်မတော်) သည် 'ကန္တာရမြေခွေး' ဟု အမည်တွင်ခဲ့သော ဗိုလ်ချုပ်ကြီးရွှန်းမဲနှင့် သူ၏အာဖရိက တပ်ဖွဲ့များအား အာဖရိကသဲကန္တာရအတွင်း၌ မိုင်ပေါင်း ၁၅၀၀ ဝေးပြီး ရက်သတ္တ ၁၅ ပတ်ကြာအောင် အမဲလိုက်သလို နောက်က ထက်ကြပ်မကွာ လိုက်တိုက် ထုတ်ပစ်ခဲ့၏။



တိုက်ပွဲကြီးမစခင် လော့ဒ်မောင်ဂိုမာရီက သူ့ရဲဘော်များအား သူတို့သည် သမိုင်းကိုအဆုံးအဖြတ်ပေးမည့် စစ်ပွဲကြီးကို တိုက်ခိုက်ရမည်ဟု ကြိုတင် အသိ ပေးခဲ့သည်။ တစ်နည်းအားဖြင့် စစ်ပွဲကြီး၏အလှည့်အပြောင်းအဖြစ် သက်သေ ပြရာရောက်မည့် တိုက်ပွဲတစ်ရပ် ဆင်နွှဲရပေတော့မည်ဟု ဆိုလိုခဲ့၏။ အခြေအနေ က သူပြောသည့်အတိုင်းလည်း ဖြစ်နေခဲ့၏။

အကယ်၍ ဖီးလ်မာရှယ် မောင်ဂိုမာရီသာ အယ်လ် အလာမိန်းတိုက်ပွဲတွင် ရှုံးနိမ့်ပြီး ချေမှုန်းခံခဲ့ရပါက ဂျာမန်များသည် အီဂျစ်နှင့် စူးအက်တူးမြောင်းအပြင်၊ အီရန်နှင့် အီရတ်က ရေနံတွင်းများကို အပိုင်စီးပစ်မှာ သေချာ၏။ ထိုမှ အိန္ဒိယကို ထိုးဖောက်ဖြတ်သန်း တရကြမ်း ရှင်းလင်းချီတက်သွားပြီး၊ ဂျပန်တပ်များနှင့် ပူး ပေါင်းကာ ရုရှားနှင့် တရုတ်မှ ထောက်ပံ့ရေးလမ်းကြောင်းအားလုံးကို ဖြတ်တောက် ပစ်မည် ဖြစ်၏။

ဟုတ်ကဲ့။ ဒါကြောင့်လည်း ဖီးလ်မာရှယ်မောင်ဂိုမာရီက အယ်လ် အလာမိန်း က တပ်ဖွဲ့ဝင်များကို သူတို့အနေဖြင့် သမိုင်းကိုအဆုံးအဖြတ်ပေးမည့် စစ်ပွဲကြီး ကို တိုက်ရမည်ဖြစ်ကြောင်း အသိပေးခဲ့တာ တကယ့်ကို မှန်လှပါ၏။

တကယ်တော့ ဖီးလ်မာရှယ် မောင်ဂိုမာရီသည် အယ်လ်အလာမိန်း တိုက်ပွဲ ကြီးနှင့် ဝေးရမည့်အဖြစ်မျိုးနှင့် ကြုံခဲ့ရဖူး၏။ ဒါကတော့ ပထမကမ္ဘာစစ်ကြီး အတွင်း မက်ထရွန်တိုက်ပွဲကြီး၌ အဆုပ်တွင် ဒဏ်ရာအပြင်းအထန်ရခဲ့ကာ သေပြီ ဆိုပြီး မြေမြှုပ်သင်္ဂြိုဟ်ခံရမည့်ဘဝသို့ ရောက်ခဲ့ခြင်း ဖြစ်၏။ ဘုရားမလို့ မြေကြီးထဲ အရှင်လတ်လတ်ရောက်မည့်ဘေးက သီသီလေးလွတ်ခဲ့ရ၏။

ဤအဖြစ်ကို ကျွန်တော်ပြောပြတာထက် သူ့အမေကိုယ်တိုင် ပြောပြတာက ပိုကောင်းမည် ထင်ပါသည်။ သူက ခုလို စာဖြင့် ရေးသားသရုပ်ဖော်ခဲ့ပါ၏။

'ဘားနဒ် လဲကျသွားတဲ့နောက် သူ့လက်ရုံးရဲဘော်လေးလည်း ရင်ဘတ်ကို ထုတ်ချင်းခတ်ကျည်ဆံမှန်ပြီး အသက်ပျောက်လျက် သူ့ကိုယ်ပေါ် ထပ်လဲခဲ့ပြန် ပါတယ်။ ဘားနဒ်ကလည်း သတိလစ်နေတော့ ဘေးကင်းတဲ့တစ်နေရာကို သယ် သွားပြီး ဆရာဝန်တစ်ယောက်ကစစ်ကြည့်ပြီး၊ 'ဒီဗိုလ် နာရီဝက်အတွင်း သေတော့ မယ်' လို့ ဆုံးဖြတ်ချက်ချလိုက်တော့တယ်။ အဲဒီတင် ဗိုလ်မှူးလုပ်တဲ့လူက သူ့ကို မြှုပ်ဖို့ တွင်းတူးခိုင်းလိုက်ပါရော။ ပြီး ဘားနဒ်ကို လော်ရီကားပေါ် တင်လိုက်တယ်။

သူ့ကို သပြိုဟ်ဖို့ ပို့ခဲ့တာ 'လမ်းတစ်ဝက်မှာပဲ ကားဒရိုင်ဘာက သူလှုပ်နေတာ တွေ့လိုက်တယ်။ ဒါနှင့်ပဲ ထ,အော်ပြီး ဆရာဝန်ကို အသိပေးလိုက်တယ်။ 'ဟို အလောင်းက အသက်ရှင်နေတယ် ဆရာရေ' တဲ့'။

ဟုတ်ကဲ့။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် အသက်မသေဘဲ သေရွာပြန်လာခဲ့တဲ့ သေရွာပြန်အလောင်းကောင်ဟာ ခု ဒုတိယကမ္ဘာစစ်ကြီးကျတော့ အထင်ရှားအကျော်ကြားဆုံး ဗြိတိသျှဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်လာခဲ့ရပါတော့တယ်။

ဖီးလ်မာရှယ် လော့ဘားနဒ် မောင်ဂိုမာရီ သို့မဟုတ် အယ်အလာမိန်းသူရဲကောင်းသည် တစ်ချိန်တုန်းကလည်း ယခုလို ဗိုလ်ချုပ်ကြီးဖြစ်လာရမည့်အစား တရားဟောဆရာဖြစ်ကိန်း ဆိုက်ခဲ့ရသေးသည်။

သူသည် အင်္ဂလိပ်အစစ် မဟုတ်ပေ။ သူ လန်ဒန်မှာမွေးတာ မှန်သော်လည်း အမေရော အဖေပါ ၂ ဖက်စလုံးမှ အိုင်းရစ်ရှ်လူမျိုးများ ဖြစ်ကြပါသည်။

သူ့ဖခင်က တက်စ်မင်နီးယားဘုန်းတော်ကြီး, သိက္ခာတော်ရ ဓမ္မဆရာကြီး အိပ်ချ်-အိပ်ချ်-မောင်ဂိုမာရီ ဖြစ်၍၊ ဘားနဒ်မောင်ဂိုမာရီ ကလေးဘဝက သူ့အဖေခြေရာ လိုက်နင်းမည်ဟု မျှော်လင့်ခဲ့ကြ၏။ သို့သော် ၁၈၉၉ ခုနှစ်၏ တစ်ရက်၊ ဘားနဒ် ၁၂ နှစ်သားအရွယ်မှာတော့ ဘိုးဝါးစစ်ပွဲကြီးသို့ ချီတက်သွားကြသော စစ်သားများကို လန်ဒန်မြို့၏ ပလက်ဖောင်းပေါ်က တွေ့လိုက်ရသည်။ စစ်ချီတေးများကို ဘင်ခရာများနှင့် တီးမှုတ်သီဆိုလာကြသည်မှာလည်း စိတ်ဓာတ်တက်ကြွစရာ ကောင်းလှ၏။

ဘားနဒ်မောင်ဂိုမာရီလေးသည် ထိုသို့ လမ်းဘေးတွင် ရပ်ငေးနေရင်းမှ သူငယ်ငယ်က မိခင်ကြီးဖတ်ပြခဲ့သော သူ၏အဘိုးဖြစ်သူ ဆာ ရောဘတ် မောင်ဂိုမာရီသည် ပန်ဂျပ်ပြည်နယ်၏ဒုတိယဘုရင်ခံ ဖြစ်ခဲ့ပြီး၊ အိန္ဒိယသူပုန်ထမှုများကို နှိမ်နင်းရာ၌ ကျော်စောထင်ရှားခဲ့ပုံများ, စွန့်စားခန်းများကို အမှတ်ရလိုက်မိ၏။

ထိုအချိန်မှစ၍ ၁၂ နှစ်သား ချာတိတ်ကလေးမှာ သူလည်း တစ်နေ့ ဘုန်းကြီးမဝတ်ဘဲ သူ့ဘိုးအေကြီးလို ဧရာမစစ်ဗိုလ်မှူးကြီးဖြစ်လိုစိတ်များ ရင်ထဲမှာ တဖွားဖွားပေါ်ပေါက် ကိန်းအောင်းခဲ့ရတော့၏။





သို့နှင့်အမျှ သူလည်း လန်ဒန်မြို့တော်၏လမ်းတစ်လျှောက် အောင်လံတွေ တလူလူဝှေ့ယမ်းလျက် ကြွေးကြော်အားပေးနေကြသော လူအုပ်ကြီးတွေကြားမှာ ရင်ကော့ပြီးလျှောက်လာပုံကို တွေးထင်မြင်ယောင်နေမိခဲ့ပါပြီ။

ဖီးလ်မာရှယ် မောင်ဂိုမာရီ၏မိခင်သည် အင်္ဂလိပ်ရာဇဝင်သမိုင်းတွင် အောင်မြင်ကျော်ကြားခဲ့သော ကရွမ်းဝဲလ်, ကလိုက်ဗ်, ဒရိတ်ခ်, နယ်လ်ဆင်တို့၏ ဘဝဇာတ်ကြောင်းများကို ဖတ်ပြခြင်းဖြင့် သားဖြစ်သူ၏ရင်တွင်း၌ စွန့်စားမှုဝိညာဉ်များကို မွေးပေးခဲ့၏။

သူသည် ထာဝရမသေသော စာအုပ်များနှင့်ပြည့်နေသော အိမ်တွင် ကြီးပြင်းခဲ့ရပြီး၊ စိတ်ကူးဉာဏ်နှင့် အတွေးအခေါ်တွေ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

တစ်နေ့တော့ သူ့ဖခင်ကြီးက သား ၄ ယောက်ကို စာကြည့်တိုက်ထဲသို့ ခေါ်ပြီး သူတို့ဘဝလမ်းကို ရွေးချယ်ဖို့ အချိန်တန် အရွယ်ရောက်ကြပြီဖြစ်ကြောင်း အသိပေး ပြောကြားလိုက်၏။ သူက သားတွေကို 'ဘာလုပ်ရမည်' ဟု မပြောခဲ့ပါ။ သို့သော်လည်း လမ်းရွေးချယ်ရာမှာ ဂရုတစိုက် သတိထားစဉ်းစားဖို့တော့ မှာကြားသည်။ သူ့ဆန္ဒက သားတွေအားလုံး အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်အား အလုပ်အကျွေးပြုစေလိုသည့်ဆန္ဒ, မျှော်လင့်ချက် ရှိခဲ့၏။

အင်္ဂလန်ပြည့်ရှင်ဘုရင်မင်းမြတ်၏ အမှုတော်ထမ်းရန် ပြင်ဆင်သည့်အနေဖြင့် ဖီးလ်မာရှယ် မောင်ဂိုမာရီသည် ဆင်းဟတ်စ်ရှိ တော်ဝင်စစ်တက္ကသိုလ်သို့ တက်ခဲ့ပါတော့၏။

သို့ဖြင့် သူသည် ကြည်းတပ်မတော်အရာရှိတစ်ဦးအဖြစ် အနှစ် ၄၀ လုံးလုံး အသက်မွေးဝမ်းကျောင်းခဲ့သည်။ သူ၏ ထူးချွန်ပြောင်မြောက်လှသော တိုက်စွမ်းရည်နှင့်အောင်ပွဲများက လူတွေ၏စိတ်ကို တက်ကြွအောင် လှုံ့ဆော်လျက် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ကြောင်း ထိုက်ထိုက်တန်တန် ပြသနိုင်လိုက်၏။ သူက စစ်ပွဲတွင် အောင်မြင်ရေးအတွက် ပထမဆုံးလိုအပ်ချက်မှာ 'လူနှင့်လူ၏စွမ်းဆောင်မှု' ဖြစ်သည်ဟု အတိအလင်းဖွင့်ဆိုခဲ့၏။

''စစ်ပွဲကို အနိုင်တိုက်ပေးတာဟာ တင့်ကားလည်း မဟုတ်ဘူး။ သံချပ်ကာကားလည်း မဟုတ်ဘူး။ အဲ-ဘာစစ်သင်္ဘောမျှလည်း မဟုတ်ဘူး။ အဲဒီ

ယှဉ်တွေထဲဝင်ပြီး ဦးကိုင်ဗမောင်းနှင်တိုက်ခိုက်ပေးတဲ့ လူတွေပဲ ဖြစ်တယ်''

သူက တစ်ဖန် ခုလို ထုတ်ဖော်ပြောပြသေး၏။

''တပ်ထဲဝင်တဲ့ စစ်မှုထမ်းမှန်ရင် မျက်လုံးလေးထဲမှာ တိုက်ပွဲအလင်းရောင်တွေ တဝင်းဝင်းတောက်ပြီး ရှိနေရမယ်''

ပြီးတော့ သူ၏ အမှတ် ၈ တပ်မဟာသည် နိုင်ငံတွင် အကောင်းဆုံးလက်ရွေးစင်ရဲဘော်များနှင့် ဖွဲ့စည်းထားသလို၊ သူတို့တပ်သည် ရန်သူကို လိုက်တိုက်ရာတွင် ဘယ်တော့မျှ ရှုံးပွဲမရှိအောင် သူရသတ္တိဂုဏ်ရောင် ထွန်းပြောင်ခဲ့ကြောင်း၊ ဒီကမ္ဘာပေါ်တွင် ဘယ်အင်အားမျိုးကမျှ သူတို့ကို ဟန့်တား ရပ်တန့်နိုင်စေမည်မဟုတ်ကြောင်းလည်း ဖွင့်ဟ အသိပေးလိုက်ပါသေးသည်။

သူသည် သူ့ရဲဘော်များနှင့် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ကာ ၎င်းတို့လုပ်ဆောင်ရမည့် တာဝန်များကို တိတိကျကျ ပြတ်ပြတ်သားသား ပြရှင်းပေးခဲ့၏။ စစ်ရေးရည်မှန်းချက်၊ ပစ်မှတ်များကိုလည်း အတိအကျပေးထား၏

ထို့အပြင် သူသည် သူတို့ကို လက်နက်ကိရိယာတန်ဆာပလာများနှင့် ခဲယမ်းမီးကျောက်တွေမပြည့်စုံဘဲ ဘယ်တော့မျှ တိုက်ပွဲသို့ မဝင်နိုင်းကြောင်း။ လိုအပ်ပါက တိုက်ပွဲနိုင်ရန် လေကြောင်းအကူအညီများပင် ပေးမည်ဖြစ်ကြောင်း။ အာမခံနေကျလည်း ဖြစ်သည်။

ဖီးလ်မာရှယ် မောင်ဂိုမာရီသည် သူ့တပ်ဖွဲ့ဝင်များအား ရင်ဆိုင်တိုက်ပွဲ၌ လိုက်နာရမည့် စည်းကမ်း ၂ ချက်ကို သတ်မှတ်ထားသည်ဟု ပြောလေ့ရှိသည်။

'ပထမအချက်က ရေ့လောကြီးပြီး ဂမူးရှူးထိုးတက်ဖို့ မင်းကိုယ်မင်း ဘယ်တော့မျှ ခွင့်မပြုပါနှင့်'

'ဒုတိယအချက်ကတော့ တိုက်ပွဲမှာ မင်းနိုင်ဖို့ မသေချာဘဲနှင့် ဘယ်တော့မျှ စွန့်စားဖို့ မကြိုးစားပါနှင့်' ဆိုသည့် ၂ ချက်ပဲ ဖြစ်ပါ၏။

တစ်ခါက သူ့တပ်ဖွဲ့ဝင်များကို သင်ကြားဖူးသည်။

''ငါ နိုင်မယ်မထင်ဘဲနှင့် ဘယ်တော့မျှ မတိုက်ခဲ့ဘူးကွ။ တိုက်ပွဲနှင့်ပတ်သက်လို့ စိတ်ထဲ စနိုးစနောင့် စိုးရိမ်ကြောင့်ကြစိတ်တွေ ဝင်နေပြီဆိုရင် ငါ





အဲ့ဒီတိုက်ပွဲကို မတိုက်တော့ဘူး။ ဒါပေမယ့် ငါ အားလုံး အဆင်သင့်ဖြစ်အောင် ပြင်ပြီးတဲ့အထိ ပြန်စောင့်နေလိုက်တာပဲ''

ဖီးလ်မာရှယ် မောင်ဂိုမာရီသည် 'စစ်သား'ဟု ခေါ်နိုင်ရုံ မည်ကာမတ္တ စစ်သားမျိုး မဟုတ်။ သူသည် ကာကီယူနီဖောင်းနှင့် သိန်းငှက်မျက်လုံးပိုင်ရှင်ပြည်သူ့ရဲဘော်တစ်ယောက် ဖြစ်သလို၊ တင့်ကားထဲမှ တရားဓမ္မဆရာလည်းဖြစ်ခဲ့၏။ စစ်မှုထမ်းအလုပ်သည် သူ့အတွက် အသက်မွေးဝမ်းကျောင်းသက်သက်မျှမကပါ။ ရိုးတွင်းခြင်ဆီနိုက်အောင် စွဲလမ်းခဲ့ရသော သူ့အနေဖြင့် တိုက်ပွဲများ၏ရင်တုန် ပန်းတုန်စိတ်လှုပ်ရှားရမှုများကို နှစ်သက်လှပြီး၊ သူ့ကိုယ်သူလည်း ဘုရားသခင်အတွက် Armageddon ခေါ် စစ်ပွဲကြီးအတွင်း ဝင်တိုက်နေရသည်ဟုလည်း အလေးအနက်ယုံကြည်ခဲ့၏။

မြေပြင်ရှိ သူ့ဌာနချုပ်တွင် စာအုပ် ၂ အုပ်ကို ခင်ဗျား တွေ့ရပါလိမ့်မည်။ ဗွန်ဘူညန်၏ 'ဘုရားဖူးရဲ့ တက်လမ်း' နှင့် 'သမ္မာကျမ်းစာ' ပါပေတည်း။ သူက သူ့လက်အောက်အရာရှိအားလုံးကို သမ္မာကျမ်းစာဖတ်ရန် တိုက်တွန်းတတ်၏။

သူ အားအကျဆုံး စံပြသူရဲကောင်းမှာ အော်လီဗာကရွမ်းဝဲလ် ဖြစ်ပါသည်။ ဒါကြောင့်လည်း ဝင်စတန်ချာချီလ်က သူ့ကို ကရွမ်းဝဲလ်နှင့် နှိုင်းပြောလိုက်သောအခါ အကြီးအကျယ် သဘောကျသွားခဲ့၏။

သို့နှင့်အမျှ ဖီးလ်မာရှယ် မောင်ဂိုမာရီ စစ်ထွက်ချိန်၌ ကရွမ်းဝဲလ်၏ တပ်ဖွဲ့များကဲ့သို့ပင် ဓမ္မသီချင်းတွေဆိုရင်း ချီတက်မည်ဆိုသည်ကို တွေးကြည့်နိုင်ပါသည်။

ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ၊ မက်အာသာ၊ အခြား ထိပ်တန်း မဟာမိတ်စစ်ခေါင်းဆောင်ကြီးများနှင့် အလားတူပင် ဖီးလ်မာရှယ် မောင်ဂိုမာရီသည်လည်း ဘုရားတရားကိုဦးစားပေးသော ဘာသာရေးသမားစင်စစ် ဖြစ်ပါ၏။

သူ ဘယ်တော့မျှ အရက်မသောက်တတ်။ တစ်ခါမျှ ဆဲရေးတိုင်းထွာခြင်း မရှိဖူးခဲ့။ ဆေးလိပ်လည်း နည်းနည်းမျှ မသောက်တတ်။ ညတိုင်း ဘုရားရှိခိုး

မှုတောင်းသည်။ သူ့ဝင်ငွေ၏ ၁၀ ဖို့ ၁ ဖို့ကို ဘုရားကျောင်းအတွက် အမြဲလှူသည်။

သူသည် စည်းကမ်းအတိုင်း တင်းတင်းကျပ်ကျပ် တစ်သဝေမတိမ်း လုပ်တတ်သော စည်းကမ်းသမားကြီးလည်း ဖြစ်၏။ တစ်ခါတွင် စစ်ညီလာခံတစ်ခု၌ အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သလို မှတ်မှလည်း ခုလို ဖွင့်ဟအသိပေးခဲ့၏။

"ကျွန်တော့်အနေဖြင့် စီးကရက်သောက်တာနှင့် ချောင်းဆိုးတာကို ခွင့်မပြုနိုင်ဘူး။ ဆေးလိပ်ကတော့ လုံးဝသောက်ရမှာ မဟုတ်ဘူး။ အဲ-ချောင်းကတော့ ၂ မိနစ်လောက်အထိ ဆိုးနိုင်ပါတယ်။ ပြီးရင်တော့ မိနစ် ၂၀ လောက် အောင့်ထားရလိမ့်မယ်။ အဲဒီနောက်မှ နောက်ထပ် စက္ကန့် ၆၀ ချောင်းဆိုးခွင့် ကျွန်တော် ပေးမှာ ဖြစ်ပါတယ်" တဲ့။

ဖီးလ်မာရှယ် မောင်ဂိုမာရီသည် သူ့ရန်သူများကို ပုဂ္ဂလိကရွံရှာနံ့အားဖြင့် မုန်းတီးခြင်း မရှိခဲ့ပါ။ သူ့အိပ်ရာခေါင်းရင်းတွင် ဂျာမန်ဗိုလ်ချုပ် ရွမ်းမဲလ်၏ ဓာတ်ပုံကို အမြဲချိတ်ဆွဲထားလေ့ ရှိသည်။ 'စစ်မတိုက်ခင် ရွမ်းမဲလ်နှင့် လူချင်းသိပ်တွေ့ချင်သည်'ဟု အခါခါပြောခဲ့ဖူး၏။ အဘယ်ကြောင့်ပါနည်း။

အကြောင်းကတော့ သူနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရမည့်သူကို မျက်နှာချင်းဆိုင်ဆုံ၍ စကားပြောသည့်နောက်ပိုင်းတွင် တစ်ဖက်ရန်သူ၏တိုက်ကွက်ကို ပိုမိုသိလာနိုင်မည်ဟု ယူဆခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

မောင်ဂိုမာရီသည် ရွမ်းမဲလ်၏လက်ရုံးဟုပည့်ဖြစ်သူ ဗိုလ်ချုပ်ဗွန်သိုးမားကို လက်ရဖမ်းမိခဲ့ရာတွင်လည်း၊ သူက ဗွန်သိုးမားကို သူ၏ဧည့်သည်တော်အဖြစ် ညစာအတူစားရန် ဖိတ်ကြားခဲ့၏။ သူက စားပွဲခင်းပေါ်တွင် တိုက်ပွဲပုံစံရေးပြလျက်၊ 'ရွမ်းမဲလ် ဘာကြောင့် မနိုင်နိုင်ကြောင်း'ကို ဗွန်သိုးမားအား ရှင်းပြခဲ့သော ဟူ၏။

မောင်ဂိုမာရီ အမှတ် ၁၂ တပ်မမှူးအဖြစ် တာဝန်ယူခဲ့စဉ်က သူ့ရုံးခန်းနံရံတွင် ဆိုင်းဘုတ်တစ်ခုကို ရေးထိုးထားစေ၏။ ထိုဆိုင်းဘုတ်ကတော့ -

'သင် ရာခိုင်နှုန်း ၁၀၀ အသင့်ဖြစ်နေပြီလား'။

သင့်မှာ စွမ်းအားတွေ အပြည့်ရှိနေပြီလား။

သင့်နှတ်က ရှင်လန်းစွာအော်ဟစ်ပြီး မနက် အိပ်ရာက ထနိုင်ရဲ့လား'

ဟူ၍ ဖြစ်သည်။





အမှန်အတိုင်းပြောရလျှင် ဖီးလ်မာရှယ် မောင်ဂိုမာရီကိုယ်တိုင်ကတော့ ပျော်ပျော်ကြီးဟစ်အော်၍ အိပ်ရာကထခဲ့သည် မရှိပါ။ ဒါမှမဟုတ် ဘယ်ပုံစံမျိုးနှင့်မျှ အော်ကြီးဟစ်ကျယ် အသံမပြုခဲ့ပါ။ သူကို အိပ်ရာကထဖို့ပင် တစ်နာရီကျော်ကျော် နှိုးရတတ်သည်။

သူ့ကို မနက် ၆ နာရီထိုးသည်နှင့် ချက်ချင်းသွားနှိုးသည့်နောက်၊ အိပ်ရာထဲမှာပင် လက်ဖက်ရည်တစ်ခွက် ထသောက်ပြီး တစ်နာရီလောက်ကြာအောင်လဲလျောင်းရင်းက အတွေးအကြံတွေထုတ်၍ လုပ်ငန်းအစီအစဉ်တွေ ရေးဆွဲနေမည် ဖြစ်ပါ၏။ သူက အသေးစိတ်အချက်အလက်များကို တခြားအရာရှိများစီ လက်လွှဲခဲ့ပေးပြီး၊ သူ၏တစ်နေ့တာတာဝန်များကို အလျှင်စလိုမနိုင်ဘဲ အမြဲလုပ်ဆောင်နိုင်ခဲ့သည်။

တိုက်ပွဲကြီးမစခင် တစ်နေ့အထိပင် သူက လုပ်စရာရှိတာတွေကို အေးအေးသက်သာလုပ်နေကျ ဖြစ်ခဲ့၏။ သူ၏တိုက်ပွဲအစီအမံတွေ အားလုံးကတော့ အကွက်စေ့စေ့နှင့် အဆင်သင့်ပြင်ထားပြီး ပါပြီ။

သူက 'စစ်ပွဲများသည် သေနတ်တစ်ချက် ပစ်မဖောက်ရခင်ကပင် နိုင်ပြီးသား ဖြစ်ရမည်' ဟု ဆိုခဲ့၏။ အဓိပ္ပာယ်က တိုက်ပွဲအတွက် ဂရုတစိုက်ကြိုတင်အကွက်ချ စီစဉ်ထားခြင်းဖြင့် အောင်နိုင်မှုရရှိခြင်း ပါပေတည်း။

စစ်ပွဲတစ်ပွဲ တကယ်တမ်း စပြီဆိုသည့်နောက်တော့ ဖီးလ်မာရှယ် မောင်ဂိုမာရီတစ်ယောက် အသာလေးနပ်နေပြီသာ မှတ်တော့။ ရွမ်းမဲလ်နှင့် အကျိတ်အနယ် တိုက်ခိုက်ရသော အယ်လ် အလာမိန်းတိုက်ပွဲကြီးကို ဧရာမအမြောက်တပ်ကြီးမှ အမြောက်သံများဖြင့် စမဖွင့်ခင် တစ်နာရီအလိုလောက်၌ သူက အိပ်ရာဝင်ခဲ့၏။ ထို့နောက် ၄ နာရီခွဲအကြာ မနက် တစ်နာရီခွဲကျခါမှ အကူအရာရှိက သူ့ကိုနှိုးပြီး သတင်းပို့ခဲ့ရသည်။

မောင်ဂိုမာရီက နားထောင်သည်။ အမိန့်တစ်ခု ထုတ်ပြန်သည်။ မီးအိမ်ကို မှုတ်သည်။ ပြီးတော့ ပြန်အိပ်သွားတော့သည်။

သူ၏အနိုင်အမာ ယုံကြည်ချက်ကို ဂရုတစိုက်ချမှတ်ထားသော စီမံချက်များ၊ တိကျပြတ်သားသော အမိန့်များ၊ သူ၏ အထူးလက်ရွေးစင်တပ်ဖွဲ့ဝင်များ၊ သူ၏ အကောင်းဆုံး လက်နက်စက်ကိရိယာ တန်ဆာပလာများပေါ်တွင် အားပြုတည်ဆောက်ထား၏။

ဗီးလ်မာရှယ် မောင်ဂိုမာရီသည် အသက် ၄၀ အရွယ်ထိ အိမ်ထောင်မပြုရသေးပေ။ အိမ်ထောင်ပြုပြီးနောက် 'ဒေးဗစ်' ဆိုသော သားလေးတစ်ယောက်ရ၏။ သူ့ဇနီးသည်က ၁၉၃၇ ခုနှစ်မှာ ကွယ်လွန်သွား၏။

ဇနီးသည် ဆုံးပါးခြင်းအတွက် သူ အလွန် စိတ်ထိခိုက်သွားပြီး၊ ၁ နှစ်လောက် အိမ်တွင်းအောင်းနေသည်။ အရင်းနှီးဆုံးမိတ်ဟောင်းဆွေဟောင်း တချို့ကိုသာ အတွေ့ခံခဲ့သည်။ ခုတော့ သူ့ဘဝမှာ သူ့သားကလွဲလျှင် စစ်မှုရေးရာဆောင်ရွက်ခြင်းနှင့် တေးဆို ကင်နရီငှက်ဝါလေးများကို မွေးခြင်းမှအပ၊ တခြားဘာကိုမျှ သိပ် စိတ်မဝင်စားတော့ပါ။

အီတလီ စစ်မြေပြင်၌ တိုက်ပွဲဆင်နေဆဲ ကာလတစ်လျှောက်လုံး ကင်နရီငှက်ကလေးများနှင့် လဗ်ဘတ်ဒ် အချစ်ငှက်ကလေးများ ထည့်ထားသော လှောင်အိမ်ကလေးတစ်လုံးကို သူ့ရုံးခန်းထဲတွင် ဆောင်ထားပြီး၊ ခရီးသွားလျှင်လည်း ထရပ်ကားကြီးပေါ်၌ ငှက်လှောင်အိမ်ကို နေရာသီးသန့် အကျအနချထားပေးရ၏။

သူသည် တိုက်ပွဲကြားထဲကပင် သူ့မိခင်ကြီးထံသို့ အချိန်မှန်လှပြီး စာရေးခဲ့၏။

သူ ဂျာမန်များကိုတိုက်ထုတ်ရန် အာလိပ်ရေလက်ကြားကို ဖြတ်သန်းချိန်တွင် လက်တွေ့နွေးထွေးအောင်ဆိုပြီး သူ့မိခင်ကြီးက လက်အိတ်တစ်စုံ ထိုးပေးခဲ့၏။ ပြီး သူမက သတင်းထောက်တစ်ယောက်ကို ခုလို ထင်မြင်ချက်ပေးလိုက်၏။

"ဘားနဒ်ဟာ ဒီလက်အိတ်တွေကို ဝတ်မယ်လို့ မျှော်လင့်တယ်။ ဘယ်နည်းနှင့်မျှ အပျောက်ခံမယ်လို့လည်း မထင်ပါဘူး"

ဗီးလ်မာရှယ် မောင်ဂိုမာရီသည် သူတို့သား ၄ ယောက်ကို ဖခင်ကြီးက အဆုံးအမပေးခဲ့သော စကားတချို့ကို ဆောင်ပုဒ်အဖြစ် လက်ကိုင်ပြုထားခဲ့၏။ အလေးအမြတ်ထားအပ်သော ရှေးရိုးထုံးတမ်းစဉ်လာများမှ ဆင်းသက်လာသော စကားများပင် ဖြစ်ပါ၏။

"မင်းတို့ဟာ ဂုဏ်သရေရှိ မျိုးကောင်းရိုးကောင်းမိသားစုက မွေးလာကြတာဖြစ်တယ်။ ဒါဟာ အပေါ်ယံကြောလေးလောက်နှင့် ဟန်ဆောင်ယဉ်ကျေး





သိမ်မွေ့တာကို မဆိုလိုဘူး။ မင်းတို့ရဲ့ 'အတွင်းစိတ်ဓာတ်ကိုက မြင့်မြတ်ပြီး နူးညံ့သိမ်မွေ့ရမယ်။ ယဉ်ကျေးရမယ်' လို့ ပြောတာ။ အဲဒါနှင့်အမျှ မိဘမျိုးရိုးဂုဏ်သိက္ခာကို ညစ်နွမ်းထိခိုက်စေမယ့် အလုပ်မျိုး ဘာမျှမလုပ်သင့်ဘူး။ မကောင်းမှုစရိုက်အလုပ်တွေကို ရွံရှာစက်ဆုပ်စွာ ဝေးဝေးကရှောင်ကြဉ်ရမယ်" ဟု သတည်း။

ထို့ကြောင့်လည်း သူ့ကို လော့ဒ် မောင်ဂိုမာရီ၊ သို့မဟုတ် 'သေရွာပြန်ကျားဖြူ' ဟူ၍...။



## အဲလ်ဖရက် အီး စမစ်
## Alfared E.Smith

**သူကတော့ ၇ နှစ်တည်းသာ ကျောင်းနေဖူး၏။**
**သို့တိုင်အောင် တက္ကသိုလ်ကြီး ၆ ခုမှ ဘွဲ့တွေ ရခဲ့သည်။**
**ဓီးကြောက်လို့ တစ်ညလုံး ငုတ်တုတ်ထိုင်နေခဲ့သူ။**
**အလုပ်သမားအခွင့်အရေးအတွက် တိုက်ယူပေးခဲ့သူ။**
**မနက် ငါးစိမ်းဒိုင်အလုပ်သမား၊ ညကျတော့ ပြဇာတ်မင်းသား**
**၂ ဘဝစံဇာတ်လမ်း။**

❒ လွန်ခဲ့သော နှစ်ပေါင်း ၅၀ နှစ်က နယူးယောက်မြို့တော်တွင် အိုင်းရစ်ရှ်လူမျိုး ထရပ်ကားဒရိုင်ဘာတစ်ဦး ကွယ်လွန်ခဲ့၏။ သူသည် မသေမီက နာတာရှည်ရောဂါ သည်ကြီးအဖြစ် မကျန်းမမာဖြစ်ခဲ့ရာမှ ကားမောင်းသည့်အလုပ်ကို စွန့်၍ ညစောင့် ပြောင်းလုပ်ဖို့ အတင်းအကျပ်စေခိုင်းခံရ၏။

သူ သေတော့လည်း ဆင်းရဲလွန်းလှသဖြင့် ခေါင်းဖိုးကို သူ့အပေါင်းအသင်း မိတ်ဆွေများက ပိုင်းခံပေးရသည်။ သူ့တွင် ဇနီး ၁ယောက်နှင့် ကလေး ၂ယောက် ကျန်ခဲ့၏။

သူ့ဇနီးမုဆိုးမမှာ အမြော်အမြင်ကြီးမားၡ ကလေးငယ်များကို အတတ်နိုင်ဆုံး ကျောင်းထားပေးမည်ဟု စိတ်ကူးယဉ်အိပ်မက်များ မက်ခဲ့သည်။ သို့ဖြင့် သူမသည် တစ်နေ့ ၁၀ နာရီလုပ်ရသည့် ထီးစက်ရုံတစ်ခု၌ အလုပ်ရ၏။ သူမလုပ်ခမှာ



နည်းပါးလွန်းလှ၍ စက်ရုံကအလုပ်တွေကို အိမ်ယူပြီး၊ ည ၁၀ နာရီ- ၁၁ နာရီ တိုင်အောင် ထိုင်လုပ်ရပြန်သည်။ မိခင်ကောင်းတစ်ယောက်အနေဖြင့် ကလေးငယ် များအတွက် တစ်နေ့ကို ၁၄ နာရီ- ၁၅ နာရီမျှ ဆင်းရဲပင်ပန်းစွာ ကျွန်ခံခဲ့ရှာသည် ဆိုလည်း မမှားချေ။

သူ့သား အငယ်ကောင်သည် တစ်နေ့တွင် နယူးယောက်ပြည်နယ် အုပ်ချုပ် ရေးမှူးအဖြစ် တစ်ကြိမ်မက ၄ ကြိမ်တိုင်တိုင် အရွေးခံရလိမ့်မည်ဟူသော အနာဂတ် ကန့်လန့်ကာကို ဖွင့်ပြီး မမြင်တွေ့ရှာသည်မှာ သနားစရာ ကောင်းလိုက်ပါသလဲလို့။

၁၉၈၂ ခုနှစ်တွင် သားတော်မောင်သည် ဒီမိုကရက်တစ်သမ္မတလောင်း ဖြစ်လာလိမ့်မည်ဟု ကြိုတင်မသိမြင်နိုင်ခဲ့ရှာသူ မိခင်တစ်ယောက်အနေဖြင့်ကော ဘယ်လောက် သနားစရာ ကောင်းလိုက်ပါသလဲ။

ပြီးတော့ ၁၉၄၄ ခုနှစ် မေလ ၅ ရက်နေ့တွင် နယူးယောက်တိုင်း သတင်း စာကြီးမှ သူမ၏သားကို 'နယူးယောက်တစ်မြို့လုံး အချစ်ဆုံးအချစ်တော်' ဟူသော ဝိသေသဂုဏ်ထူးဖြင့် ချီးကျူးရေးသားမှာကို ကြိုမသိနိုင်ခဲ့ရှာတာကလည်း သနား စရာပဲ မဟုတ်ပါလား။

တကယ်စင်စစ်မှာလည်း 'စမစ်'ဆိုတာက အနောက်ကမ္ဘာတစ်လွှားတွင် အကြီးကျယ်ဆုံးမြို့တော်ကြီး၏ အသည်းကျော်ဖြစ်ခဲ့ရတာ အမှန်။ ထိုအပြင် လူသား တွေ တည်ဆောက်ခဲ့သမျှ အဆောက်အဦးတွေအနက် အမြင့်ဆုံးဖြစ်ခဲ့သော အင်ပါ ယာစတိတ် မိုးမျှော်တိုက်ကြီးကို ကြီးကြပ်ဆောက်လုပ်ခဲ့သည့် အဖွဲ့အစည်းတွင် ဥက္ကဋ္ဌဖြစ်ခဲ့ခြင်းကလည်း သူ့ဘဝအတွက် ထူးခြားလှသော အထိမ်းအမှတ် သင်္ကေ တ ဟုဆိုရပါချိမ့်မည်။

ကျွန်တော် တစ်ခါက အဲလ်စမစ်ကို 'ကျောင်းဘယ်နှစ်နှစ် နေခဲ့ဖူးပါသလဲ' ဟု မေးဖူး၏။ သူက တစ်ခဏအားဖြင့် နှုတ်လေးနေခဲ့ပြီး နောက်တော့ "ဟုတ် ကဲ့၊ ကောင်းပါပြီ။ ကျွန်တော် ပြန်စဉ်းစားပါရစေဦး အဲ- အတိအကျတော့ ကျွန်တော် မမှတ်မိတော့ဘူးဗျ။ ကျွန်တော်က ၁၈၇၃ ခုနှစ်မှ မွေးတာဆိုတော့။ အို- ၇ နှစ် ဒါမှမဟုတ် ၈ နှစ်လောက်ပဲ ကျောင်းနေခဲ့ဖူးလိမ့်မယ် ထင်တယ်။

ဒါပေမယ့် အဲ့ဒါလည်း ကျွန်တော် အထောက်အထားမပြနိုင်ဘူးခင်ဗျ၊ ကျွန်တော် ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ဖူးသလို၊ ဒီကျောင်းဟိုကျောင်း တက်ခဲ့ပါတယ်' ဆိုတဲ့ သက်သေခံစာရွက်စာတမ်းတွေလည်း တစ်ရွက်မျှ မရှိခဲ့ပါဘူး''

ဩော်- အဲလ်ဖရက် အမ်မင်နူရယ် စမစ်အဖို့ သူ ကျောင်းနေဖူးကြောင်း သက်သေပြစရာ စာရွက်တစ်ရွက်မျှ လက်ထဲမရှိပေမယ့် ကိုလံဘီယာနှင့် ဟားဗတ် အပါအဝင် ဧရာမတက္ကသိုလ်ကြီး ၆ ခုမှ 'နိုင်ငံ့အကျိုးကို သူမတူအောင် ထူးချွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း၊ လူသားထုတစ်ရပ်လုံးအပေါ် ချစ်မြတ်နိုးစွာဖြင့် အတွမဖက် ပရဟိတလုပ်ငန်းတွေ လုပ်ခဲ့ခြင်းအတွက်' ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ခံရသည့် စာချွန်လက်မှတ်တွေတော့ ထစ်ထပ်ကြီးပြနိုင်ခဲ့ပါ၏။

ကျွန်တော်က အဲလ်စမစ်အား ''တက္ကသိုလ်၊ကောလိပ်တွေ မတက်ခဲ့ရခြင်း အတွက် ဝမ်းနည်းမိပါသလား'' ဟု မေးတော့၊ သူက ''ဝမ်းမနည်းတဲ့အပြင် ဝမ်းတောင်သာပါသေးတယ်''တဲ့။

သူက 'နိုင်ငံရေးတွင် ရှေ့တန်းရောက်လိုပါက မိတ်ဆွေသင်္ဂဟ ပေါများ အောင် စည်းရုံးနိုင်စွမ်းရှိရမည် ဖြစ်ပြီး၊ လူ့စိတ်လူ့သဘာဝကိုလည်း ကျွမ်းကျင်စွာ နားလည်ရမည်' ဟု ထုတ်ဖော်ပြောကြားခဲ့၏။

ပြီးတော့ သူ့အဖို့ ဖူလ်တန်လမ်းရှိ ငါးဈေးနှင့် တရားစွဲ ရုံးဆင့်ခေါ်စာ ထုတ်ပေးသူ ဝင်လုပ်ခဲ့သည့် ၈ နှစ်တာအတွေ့အကြုံများက တက္ကသိုလ်ကျောင်း တက်ရတာထက် လူတွေအကြောင်းကို ပိုပြီး နောကျေအောင် နားလည်စေခဲ့သည်။

သူသည် ၁၀ နှစ်သားအရွယ်ကပင် ချမ်းချမ်းစီးစီး ဆောင်းတွင်းကြီး၌ မနက် ၅ နာရီထပြီး ၆ နာရီတွင် လူတွေကိုစည့်ခံရမည့် စားပွဲထိုးလေး ဖြစ်ခဲ့ရ၏။ ၁၂ နှစ်သားကျတော့ ကမ်းနားတစ်လျှောက် သတင်းစာ လက်မှုရောင်းခဲ့ရသည်။

အားလပ်သည့်အချိန်များ၌ ဆောက်လက်စ ဘရွတ်ကလင်း တံတားကြီး အောက်တွင် ဘေ့စ်ဘောလ်ပစ်ကစားကြ၏။ တံတားတည်ဆောက်ရေးလုပ်ငန်းတွင် သူ့အာရုံကို အဆွဲဆောင်ဆုံးက မီးသတ်ကားစီးရခြင်းပင် ဖြစ်၏။

ထိုအချိန်မှစ၍ ကိုယ်တိုင် မီးသတ်သမားဖြစ်လိုခဲ့ရာမှ မီးသတ်အဆောက် အဦးတွင် မီးသတ်အဖွဲ့ဝင်များအား သီချင်းဆိုပြ ကပြနှင့် ကပ်ပေါင်းပြီး အချိန်ကုန်





ခဲ့၏။ မီးလောင်သံချောင်းခေါက်ပြီဆိုသည်နှင့် သူက ကော်ဖီဘူးနှင့် ဆင်းဒွစ်မုန့် များပါသော သေတ္တာကိုယူပြီး မီးသတ်တံခါးဝတွင် အသင့်ရပ်စောင့်နေသည်။ လမ်းပေါ်သို့ တရကြမ်းမောင်းထွက်လာသည့် မီးသတ်ကားပေါ် ဖျတ်ခနဲခုန်တက်ပြီး ခပ်ကြွားကြွားလေးလိုက်သွားနေကျ။

အဲလ်စမစ်သည် ကျောက်စရစ်ခဲများခင်းထားသော စုတ်ချာညစ်ပေနေသော လမ်းတစ်လမ်းတွင် နေခဲ့ရသည်။ သို့သော်လည်း ထိုလမ်းက လှပသော နတ်သမီး ကျွန်းသို့ တန်းတန်းကြီး ဦးတိုက်ထား၏။ တစ်နည်းဆိုလျှင် ဆိပ်ခံတံတားများ၌ ဆိုက်ကပ်ထားသော ရေးဟောင်းရွက်လှေကြီးများအပါအဝင် ရှုခင်းပသာဒအလှ ဖြင့် အံ့ချီးမကုန်နိုင်သော အိစ်မြစ်ဆိပ်ကမ်းသို့ တစ်ဖြောင့်တည်းပေါက်၏။

အဲလ်စမစ်က ချာတိတ်ပီပီ ရွက်လှေအိုကြီးများ၏ ဦးယဉ်တိုင်ဖျားမှ ရေထဲသို့ ကျွမ်းထိုးချပြီးနောက်၊ ရွက်ကြိုးတွေပေါ် ဖက်တက်နေ ပြန်တော့၏။

အိစ်မြစ်ဆိုသည်မှာ သူ၏ ရေကူးကန်ကြီးပင်ဖြစ်၍၊ သူက ပေါလောမျော နေသော သစ်တိုသစ်စများ၊ အမှိုက်သရိုက်များကြားတွင် အဝတ်မပါ မောင်ဗလာ လုပ်၍ ကူးခတ်ပျော်ပါးနေစမြဲပါပေ။

အယ်လ်စမစ်တွင် ကလေးသူငယ်တွေ ရရှိပိုင်ဆိုင်ဖို့ သန်းချီ၍ အိပ်မက်မက် ခဲ့ကြသောအရာတစ်ခု ရှိ၏။ ဒါကတော့ ကိုယ်ပိုင်တိရစ္ဆာန်ရုံလေးပင် ဖြစ်ပါသည်။

သူ့တိရစ္ဆာန်ရုံလေး၌ ဆန်းကြယ်လှပသော အရောင်အသွေးစုံရှိသည့် ကြက် တူရွေးလေးများနှင့် တကွဲကွဲအော်မြည်နေသော မျောက်များ မွေးထား၏။ ထို မျောက်တွေမှာ သင်္ဘောသားတွေ အမေနံတောကြီးထဲမှ ဖမ်းလာခြင်းဖြစ်၍၊ သင်္ဘောသားတွေဆီက သူ ဝယ်ခဲ့တာပါ။

''သင်္ဘောသားတစ်ယောက် ဘိုင်ပြတ်ပြီ။ သင်္ဘောကလည်း ပြန်ထွက်ရ တော့မယ်ဆိုရင် သူ့မျောက်တွေကို ဈေးချောင်ချောင်လေးနှင့် ရဖို့ လွယ်သွားပြီပေါ့။ ဒီလိုနှင့် ဝက်စ်အင်ဒီးယန်းဆိတ် ၁ကောင်၊ ခွေး ၄ကောင်၊ ကြက်တူရွေး ၁ ကောင်၊ မျောက် ၁စုံကို ဓာတာဖြုတ် အပိုင်ရခဲ့ပါသေးတယ်။ သူတို့ အားလုံးကို ကျွန်တော်တို့ အိမ်ရဲ့အပေါ်ထပ် ဘုံဆောင်ပေါ်မှာ အေးအေးချမ်းချမ်း ညီညီညွတ် ညွတ် အတူမွေးထားခဲ့တာပဲလေ။ ဒါပေမယ့် နောက်ဆုံးတော့ ကျွန်တော့် အမေက

"ဆိတ်ကို မထားရဘူး" တဲ့။ ရာဇသံပေးလာတယ်။ ဆိတ်က တပဲပဲမြည်နေသံနှင့် ဆိတ်နံ့တွေဟောင်ပြီး တဖွပ်ဖွပ်ခြေသံတွေ ဆူညံနေတာကို မခံစားနိုင်တော့ဘူးတဲ့လေ"

အဲလ်စမစ်က ငယ်ဘဝတစ်စွန်းတစ်စကို လှစ်ပြခဲ့ခြင်း ဖြစ်ပါသည်။ အမေ့အိမ်ပေါ်တွင် တိရစ္ဆာန်ရုံလေးဖွင့်မိလောက်အောင် ဆန္ဒပြင်းပြသော အဲလ်စမစ်၏ တိရစ္ဆာန်ချစ်စိတ်သည် နောက် ၂၅ နှစ်အကြာ နယူးယောက်ပြည်နယ် ဘုရင်ခံရာထူးနှင့် အုပ်ချုပ်ခဲ့ရသောအခါတွင်လည်း တိရစ္ဆာန်ရုံကြီးတစ်ရုံဆောက်ရန် အာသီသ ထက်သန်ခဲ့ပြန်ပါတော့၏။

ထို ကိုယ်ပိုင်တိရစ္ဆာန်ရုံမှာ ဘုရင်ခံအိမ်တော်ကြီး၏ အနောက်တည့်တည့်တွင်ရှိပြီး၊ ဝက်ဝံများ၊ သမင်၊ မြေခွေး၊ မိကျောင်းများ၊ အခြားတိရစ္ဆာန်မျိုးစုံ အကောင်ရေအများကြီး ရှိခဲ့သည်။

တစ်ညတော့ မျောက်လှောင်အိမ်တံခါးကို တစ်ယောက်ယောက်က မပိတ်ဘဲ ထားခဲ့မိရာမှ မျောက်တွေအားလုံး လွတ်ကုန်သည်။ မိနစ်ပိုင်းမျှအကြာတွင် သစ်ပင်ထိပ်ဖျားတွေပေါ် ကူးဟယ်သန်းဟယ်နှင့် တပျော်ကြီးရောက်ကုန်ကြတော့သည်။

သူတို့၏အရှင်သခင် အဲလ်ဖရက် အမ်မင်နူရယ်စမစ်လည်း တိုင်းရေးပြည်ရာများကို အသာဘေးချိတ်ထားခဲ့ကာ ငှက်ပျောသီးမှည့် ၃ ဖီးနှင့် ကဆုန်ပေါက်ပြေးဆင်းခဲ့ရသည်။ မျောက်အုပ်ကို နာရီဝက်တိတိကြာအောင် သစ်ပင်အောက်ဆင်းဖို့ အစာနှင့် မျှားခေါ်ရှာ၏။ သို့ပေမယ့် အကြံ မအောင်မြင်ခဲ့ပါ။ မျောက်တွေက ပြည်နယ်မှူးကြီးလက်ထဲမှ ငှက်ပျောသီးတွေကို တစ်ချက်ကြည့်ပြီး သူတို့အပေါ် ဘယ်ပုံစံနှင့်များ တစ်ပတ်ရိုက်လှည့်စားမှာလဲလို့ သံသယဝင်နေကြပုံရ၏။ ထိုည မိုးကြီးစုပ်စုပ်ချုပ်၍ ညဥ့်နက်လို့ သူတို့ကိုယ်တိုင်က ဆာလောင်ပြီး အိပ်ချင်ပြီဆိုတော့မှ လှောင်အိမ်ထဲပြန်ဝင်ခဲ့ကြသည် ဟူ၏။

အဲလ်စမစ် ၁၄ နှစ်သား၌ သူ့ဘဝကြမ္မာလမ်းကြောင်းကို အဓိကချမှတ်ပေးမည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုဖြစ်ရပ်ကား ကျောင်းမှ စကားရည်လုပွဲတစ်ခုတွင် ပထမ ရလိုက်ခြင်းပင် ဖြစ်၏။ ထိုအောင်မြင်မှုက သူ့အား ကိုယ့်ကိုယ်ကိုယုံကြည်မှုကို အရောင်တင်ပေးခဲ့၏။ တိုးပွားစေခဲ့၏။





မကြာမီပင် သူ့ကို ဝါသနာရှင်အနုပညာသမားများ စုဖွဲ့ထားကြပြီး၊ ဘရွတ်ကလင်းနှင့် နယူးယောက်တစ်ခွင်ရှိ ဘုရားရှိခိုးကျောင်းများတွင် ဘရော့ဒ်ဝေးပြဇာတ်များကို တင်ဆက်က,ပြတတ်သည့် "စိန့်ဂျိမ်းစ်ပြဇာတ်အဖွဲ့" ဆိုသောအဖွဲ့တစ်ခုက သူတို့နှင့် ပါဝင်လက်တွဲရန် ဖိတ်ခေါ်သည်။ ထိုအဖွဲ့က ရရှိသမျှအမြတ်အစွန်းများကို မိဘမဲ့ဂေဟာသို့ ရန်ပုံငွေအဖြစ် ပေးလှူကြ၏။

အယ်လ်စမစ်လည်း အပျော်တမ်းပြဇာတ်သရုပ်ဆောင်ဖြစ်ခဲ့ရာမှ တစ်မဟုတ်ချင်း အောင်မြင်မှုရရှိခဲ့သည်။ ပရိသတ်အပေါင်းက သူ့အပြုံးကို ချစ်ကြ၏။ သူ၏ ဖော်ရွေသောအသွင်အပြင်ကို နှစ်သက်ကြ၏။ မကြာလိုက်ပါ။ သူသည် မင်းသားဖြစ်လာပြီး စိန့်ဂျိမ်းစ်ပြဇာတ်အဖွဲ့၏ ဦးဆောင်သူဘဝ လှမ်းတက်နိုင်ခဲ့၏။

ဒီလိုပြဇာတ်ကရတာကို သူ ဘယ်လောက်များ စုံမက်မြတ်နိုးလိုက်ပါသလဲဆို "တစ်ခါတည်း ကမ္ဘာသစ်တစ်ခုကို သယ်ဆောင်သွားသည်ဟုပင် ထင်မိသည်" ဆို၏။ ဟုတ်လောက်ပါရဲ့။

သူ၏ နေ့ဘဝမှာ တစ်ပတ် ၂ ဝေါင် ၁၀ သျှီလင်ဖြင့် တစ်နေ့ ၁၂ နာရီ မှုလ်တန်လမ်းက ငါးဈေးတွင် အလုပ်လုပ်နေရသည်။ ညကျတော့ မိတ်ကပ်ခြယ်ပြီး ဆလိုက်မီးရောင်စုံတွေအောက်တွင် လှုပ်ရှားက,ပြရသည်။ သည်တော့ နေ့ခံ ညစံဆိုလည်း မမှား။

ည၌ သူပင် မင်းသား၊ သူပင် လူ့ရှင်တော် ဆိုသလို၊ ရောင်စုံမီးမောင်းများ ရှေ့တွင် ပျော်မြူးရင်း လက်ခုပ်ဩဘာသံတွေကြားမှာ ကြည်နူးပီတိ ဖြစ်နေခဲ့မိ၏။

သူသည် "မေလပွင့်သစ်"၊ "မဟာမိတ်သူလျှို"၊ "ထောင်လွှားရက်ရက်ဲ့လူ"၊ "အလွန်တန်ခိုးကြီးတဲ့ ဒေါ်လာငွေ" စသည်ဖြင့် ပြဇာတ်များ၌ ခေါင်းဆောင်မင်းသားနေရာမှ က,ပြခဲ့ရ၏။ သို့ကလို သရုပ်ဆောင်အတွေ့အကြုံက အယ်လ်စမစ်အား ပရိသတ်ရှေ့တွင် မရှက်မကြောက် လွယ်လင့်တကူ သက်သက်သာသာလေး ထွက်ရပ်နိုင်စေခဲ့သလို၊ လူစုလူအုပ်ကို လိုသလိုပုံသွင်းနိုင်သော စွမ်းရည်တစ်ရပ်လည်း ရရှိစေခဲ့၏။

နောက်တော့ သူသည် လမ်းဆုံလမ်းခွများ၌ ဇာတ်မလူထုကြီးကို ထရပ်ကား နောက်ပိုင်းပေါ်မှ နိုင်ငံရေးမိန့်ခွန်းတွေ ပြောနေပါတော့၏။ ထိုအချိန်မှာတော့

အဃ်လ်စမစ်သည် ဘရွတ်ကလင်းရပ်ကွက်ရှိ ရေပိုက်စက်ရုံ၌ ဝင်အလုပ် လုပ်ရင်း အလုပ်သမားခေါင်းဆောင် ဖြစ်နေပါပြီ။

သို့လင့်ကစား သူသည် သူ့အမေက သူ့ထမင်းချိုင့်ထဲ နေ့လယ်စာ ထည့်ပေးလိုက်သော အသားညှပ်မုန့်များကိုထိုင်စားရင်း၊ တစ်နေ့နေ့တော့ နယူးယောက်ပြည်နယ် နှစ်လည်အစည်းအဝေးကြီးတွင် ကိုယ်စားလှယ်တော်အဖြစ် တက်ရောက်ခွင့်ရရန် အိပ်မက်မက်နေမိ၏။

နောက် နှစ်အနည်းငယ်အကြာ၌ သူ့စိတ်ကူးယဉ်အိပ်မက်တွေက တကယ်ဖြစ်လာတော့သည်။

ထိုအတောအတွင်း တရားရုံးဝန်ထမ်းလုပ်ခဲ့သေး၏။ တရားခွင်သို့ လာရောက်ရန် လိုအပ်သူများကို သမ္မန်စာ ထုတ်ပြန်ဆင့်ခေါ်ရသော အလုပ်ကို ၈ နှစ်တိုင်တိုင် လုပ်ခဲ့ရ၏။ သည်အလုပ်က သူ့ကို သားသတ်ရုံသမား၊ ပေါင်မုန့်ဖုတ်သမား၊ ဝေါလမ်းမ သူဌေးကြီးများ စသည့်လူပေါင်းစုံနှင့် ထိတွေ့ဆက်ဆံခွင့်ရစေခဲ့သည်။

အတွေ့အကြုံက လူတွေ အကျင့်၊ စရိုက်၊ စိတ်နေစိတ်ထား၊ သဘာဝလက္ခဏာများကို မြောက်မြားစွာသင်ကြားပေးလိုက်၏။ ထိုအထဲတွင် ကြိမ်းမောင်းဆဲဆိုသမျှကိုလည်း အပြုံးမပျက် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးမှုလည်း ပါ၏။ တရားရုံးက ဆင့်ခေါ်စာလိုက်ပေးသော လူ ၁၀၀ လျှင် ၂၀ လောက်က သူ့ကို ရန်တွေ့ပြီး ဆဲဆိုသည့်ဒဏ်တွေကို အရေထူထူနှင့်ခံခဲ့ရသည် မဟုတ်ပါလား။

၁၉၀၄ ခုနှစ် ဇန်နဝါရီလအတွင်း အဃ်လ်ဘန်နီပြည်နယ် ဥပဒေပြုအဖွဲ့ဝင်အသစ် အဖြစ် ရောက်သွားချိန်၌ သူ့အသက် ၃၀ သာ ရှိသေး၏။ ထိုအသက် ၃၀ အတွင်း သူသည် ဟိုတယ်၌ တစ်ခါမျှ ညမအိပ်ဖူးခဲ့ပေ။ ထိုညက သူသည် ဟိုတယ်တစ်ခုတွင် ညအိပ်ရန် စာရင်းပေးခဲ့ပြီး သူ့အခန်းထဲဝင်ရာမှ ချိုကာဂို ဟိုတယ်တစ်ခု၌ ခြည်သည်အတော်များများကို လောင်ကျွမ်းသေဆုံးစေခဲ့သော မီးလောင်မှုသတင်းပါသည့် ညနေသတင်းစာကို ဖတ်မိလေ၏။ ထိုညက အဃ်လ်ဘန်နီတွင် သုညအောက် ၁၆ ဒီဂရီရောက်အောင် အအေးလွန်ကဲနေသည်။

အဲလ်စမစ်သည် သူ့အခန်းထဲတွင်ထိုင်လျက် ချီကာဂိုမီးလောင်မှုအကြောင်း အသေးစိတ်ရေးသားထားချက်များကို ဖတ်ရှုရင်းက ဟိုတယ်အဝင်ဝ မီးတောက်





တွေကြားတွင် ပြေးပေါက်ပိတ်ပြီး လူးလွန့်အော်ဟစ်နေသော သနားစရာလူတွေကို မြင်ယောင်လိုက်မိ၏။

သစ်သားဟိုတယ်။ လေပြင်းတိုက်သောည။ မီးတောက်မီးလျှံတွေက တဟုန်းဟုန်း။ သူ ပြတင်းပေါက်အပြင်ကို လှမ်းကြည့်လိုက်မိသည်။ သူက ၇ ထပ်တိုက်ကြီးပေါ် ရောက်နေပါရောလား။ မီးဘေးအန္တရာယ်ကင်း အရေးပေါ်လှေကားမရှိ။

အနာဂတ်တွင် နယူးယောက်ပြည်နယ်မှူးဖြစ်ရမည့် ပုဂ္ဂိုလ်လေးအဖို့ အရှင်လတ်လတ် မီးလောင်တိုက်အသွင်းခံရမည့် အဖြစ်မျိုးကိုတော့ နည်းနည်းလေးမျှ မနှစ်မြို့နိုင်ပါ။ အထူးသဖြင့် ဟိုတယ်တစ်လုံးမှာ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံး တည်းတဲ့ညမျိုး၌ သေရမှာ စိုးလှချည့်။

ဒါကြောင့်လည်း သူ့မိတ်ဆွေတစ်ယောက်ကို မနက် ၅ နာရီ အထိ တစ်ညလုံးမိုးအလင်း သူနှင့် ဖဲထိုင်ရိုက်ရန် သွေးဆောင်ခဲ့သော ဟူ၏။ ဒါတင် ဟုတ်ပါရိုးလား။ နေ့ခင်းဖက် အတိုးချအိပ်ကြတော့လည်း တစ်ယောက် တစ်နာရီအိပ်နေစဉ် တစ်ယောက်က ငုတ်တုတ်ထိုင် ကင်းစောင့်ပေးရပြန်၏။ ဒါမှလည်း မီးလောင်သေရမည့်ဘေးမှ သူတို့ ဝေးရမည်ကိုး။

အဃ်လ်ဘန်နီသို့ ရောက်ခါစ နှစ်အနည်းငယ်မှာ ပြည်နယ်ဥပဒေပြုအဖွဲ့အတွင်း အံ့အားသင့်သွားကြရသည်။

ဥပဒေဆိုင်ရာ အချက်အလက်၊ စာချုပ်စာတမ်းတွေမှန်သမျှ သူ ကြိုတင်လေ့လာခဲ့သော်လည်း၊ စမစ်တစ်လုံးမျှ နားမလည်နိုင်ခဲ့ပါ။ ထိုဥပဒေတွေက ရှည်လျား၏။ ရှုပ်ထွေး၏။ ခက်ခဲနက်နဲလှ၏။ သူ့အဖို့ ဒီစာအုပ်တွေမှာ 'ချောက်မ်တော် အင်ဒီးယန်းဘာသာဖြင့်ရေးထားတာကမှ လွယ်ဦးမည်'ဟု အောက်မေ့ခဲ့ရ၏။

ဒီလိုပဲ။ သူ့ကံကိုက ဘာမျှကြိုတင်ပြင်ဆင်မှု မရှိဘဲ အရေးကြီးတဲ့ အလုပ်တာဝန်တွေ ခန့်အပ်ခံခဲ့ရသည်။

သူသည် ဘဏ်တိုက်ပိုင်ရှင်အချို့ကို တရားရုံးဆင့်ခေါ်စာ သွားပေးချိန်က လွဲ၍ ဘဏ်တိုက်ထဲ လည်လည်ဝယ်ဝယ်မရောက်ဖူးခဲ့လင့်ကစား ဘဏ်ကြီးကြပ်ရေးကော်မတီ ဝင်လုပ်ခဲ့ဖူးရ၏။

သစ်တောထဲ ခြေတစ်လှမ်းမျှ မချဖူးခဲ့။ သို့သော် သစ်တောရေးရာကော်မတီမှာ ပါခဲ့ရပြန်သည်။

ဥပဒေအဖွဲ့တွင် ၁၅ လကြာမျှ တာဝန်ထမ်းဆောင်ပြီးနောက် စိတ်ပျက်လက်ပျက်ဖြင့် နုတ်ထွက်ဖို့ကြံခဲ့မိ၏။ ဒါပေမယ့် သူ နုတ်မထွက်ဖြစ်ခဲ့သည့် တစ်ခုတည်းသောအကြောင်းမှာ သူ့မိခင်ကြီးနှင့် မိတ်ဆွေသူငယ်ချင်းများကို သူ လက်မြှောက်အရှုံးပေးခဲ့ကြောင်း ဝန်ခံရမှာ ရှက်လို့ပင် ဖြစ်သည်။ နောက်ဆုံးတွင် သူ့ကိုယ်သူ ပြောမိ၏။

'ငါဟာ ပြဿနာပေါင်းစုံနှင့် ဖက်လှဲတကင်းရင်းနှီးခဲ့ပြီးမှ ဒီပြဿနာကို ဘာလို့ရှောင်ပြေးရမှာလဲ။ ဇွတ်တိုးဝင်ပြီး နပန်းလုံးလိုက်ရုံပဲ ရှိတော့တာပေါ့'

အဲဒီအချိန်ကစပြီး တစ်နေ့ကို ၁၆ နာရီမျှအချိန်ယူ၍ ဥပဒေရေးရာ စာချုပ်စာတမ်းတွေကို ဖတ်မှတ်လေ့လာတော့သည်။ ဥပဒေပြုခြင်းနှင့် ပတ်သက်ဆက်နွယ်သော ယန္တရားများ၊ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်နည်းလုပ်ဟန်များအကြောင်းတွေကိုလည်း အပူတပြင်း ရှာဖွေဖတ်ရှု သင်ယူသည်။ သူသည် အပိုဒ်ပေါင်းထောင်ချီပါဝင်သော ဘဏ္ဍာငွေလျာထားချက် ဥပဒေကြမ်းကို တစ်ကြိမ်မျှ ဖတ်ရှုခဲ့ခြင်း မရှိ၊ စာလုံးတိုင်းကို သဘောပေါက် နားလည်ခြင်းမရှိဘဲနှင့် မဲပေးရန် အစဉ်တစိုက်ငြင်းဆန်ခဲ့သည့် ပထမဦးဆုံးလူမှာ သူပဲ ဖြစ်ကြောင်းကိုလည်း ပြောစမှတ်တွင်ခဲ့၏။

သူက အခွန်ထမ်းပြည်သူများ၏ငွေများကို သူပိုင်ငွေကဲ့သို့ ဂရုတစိုက်စနစ်တကျသုံးစွဲရန် ဆုံးဖြတ်ခဲ့သည်။ အကယ်၍ ဌာနဆိုင်ရာတစ်ခုက 'ပထမတန်း စာရေး ၈ ယောက် ခန့်လိုသည်' ဟု တင်ပြလာပါကလည်း၊ သူက ထိုစာရေးများက ဘယ်သို့အရည်အသွေး ရှိရမည်၊ ဘာတာဝန်တွေ ထမ်းဆောင်ရမည်၊ ဘာကြောင့် သူတို့ကိုလိုအပ်သည် ဆိုသောအချက်များကို အဲလ်စမစ်က စစ်စစ်ပေါက်ပေါက်မေးမြန်းတတ်၏။

အယ်လ်ဘန်နီသို့ သူ ရောက်ပြီး ၉ နှစ်အကြာတွင် အဲလ်စမစ်သည် ပြည်နယ်မျက်နှာစုံညီအစည်းအဝေးကြီး၌ ပြောရေးဆိုခွင့်ရခဲ့သလို၊ ပြည်နယ်အုပ်ချုပ်ရေးကိစ္စများအကြောင်းကို အခြားအခြားသောလူများထက် ပိုနားလည်သူ ဖြစ်နေခဲ့ပါသည်။





သူ၏ ပညာ သိပ်မတတ်မှုနှင့် စိတ်ညစ်စရာ ပြဿနာတွေကြောင့် ရာထူးမှ နုတ်ထွက်လိုခဲ့သော အဲလ်စမစ်မှာ နောက် ၁၀ နှစ် အကြာမှာတော့ နယူးယောက်ပြည်နယ် အခြေခံဥပဒေပြုညီလာခံကြီးတွင် ပြည်နယ်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တကွေ့လက်တွေ့ ဗဟုသုတအကြားအမြင် ကြွယ်ဝရင့်ကျက်မှုများအတွက် အုံ့ဩချီးကျူးခြင်း ခံခဲ့ရတော့၏။

ညီလာခံဥက္ကဋ္ဌကြီးဖြစ်သူမှာ အယ်လီဟူးရု ဖြစ်၏။ သူက အဲလ်စမစ်အား 'အုံမခန်း အစွမ်းထက်သူ' ဟု ဖော်ထုတ်ချီးမွမ်းခဲ့ရုံမက၊ ညီလာခံကြီး၌ ပါးနပ်လိမ္မာမှုအရှိဆုံး အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခဲ့သည်။

၁၉၁၁ ခုနှစ်၌ နယူးယောက်တွင် ဖြစ်ပွားခဲ့ပြီး၊ အမျိုးသမီးနှင့် ကလေးငယ်အများစု အပါအဝင် လူ ၁၄၈ ယောက် မီးလောင်သေဆုံးခဲ့ရသည်။ အတော်များများမှာ ၆ ထပ်တိုက်ပေါ်မှ လမ်းပေါ်သို့ ခုန်ချ၍ အသက်ဆုံးခဲ့ရသည်။ ထိုစက်ရုံမီးလောင်မှုကြီးက အဲလ်စမစ်အား အကြီးအကျယ် ထိတ်လန့်တုန်လှုပ် သွားစေခဲ့၏။ အဲလ်စမစ်သည် ကြောက်စရာကောင်းသလောက် ဝမ်းနည်းကြေကွဲစရာကောင်းသော ဖြစ်ရပ်ဆိုးကြီးကြောင့် တုန်လှုပ်ချောက်ချားခဲ့ရသည့်နောက် အလုပ်သမားတွေ၏ လုပ်ငန်းခွင်အခြေအနေ ပိုမိုတိုးတက်ကောင်းမွန်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့တော့၏။ သူ့ကျေးဇူးကြောင့် နယူးယောက်ပြည်နယ်၌ အလုပ်သမားဥပဒေအသစ်များ ပေါ်ထွန်းလာသည်။

မီးလောင်လျှင်ထွက်ပေါက်မရှိသော အဆောက်အဦများကို ဖယ်ရှားပစ်နိုင်ခဲ့သည်။

ကလေးအလုပ်သမားများ၊ ၇ ရက်ပတ်လုံး နားရက်မရသော အလုပ်သမားများ၊ လုပ်ခနည်းလွန်းသော အလုပ်ရုံများအတွက်လည်း လိုအပ်သလို အရေးယူအကျိုးဆောင်ပေးနိုင်ခဲ့၏။

စက်ရုံအလုပ်ရုံဆိုင်ရာ မတော်တဆထိခိုက်မှုအန္တရာယ်မှ လျော်ကြေးပေးမည့်ဥပဒေများလည်း ပြဋ္ဌာန်းပေးခဲ့၏။ ကျန်းမာရေးနှင့်ညီညွတ်အောင် တိုးတက်စောင့်ရှောက်မှုများကိုလည်း ပေးစေခဲ့၏။ ဤ လူမှုဖူလုံရေးဥပဒေများကို စံပြု၍ အခြား

သော ပြည်နယ်များနှင့် အချို့သော နိုင်ငံခြားတိုင်းပြည်များကပင် အတုယူရေးဆွဲ အသုံးပြုခဲ့ကြရသည်။

အမှတ် ၄ ရပ်ကွက် အကြီးအကဲခေါင်းဆောင်ကြီးဖြစ်သူ တွမ်ဖော်လေးက လွန်ခဲ့သော ၄၁ နှစ်က အဲလ်စမစ်အား နယူးယောက်ပြည်နယ် ဥပဒေပြုအဖွဲ့သို့ စေလွှတ်ခဲ့ရာတွင် ခုလို မှာကြားခဲ့သည်ဆို၏။

"အဲလ်၊ မင်း မလုပ်နိုင်တဲ့ ကတိတစ်လုံးကို လွယ်လွယ်နှင့် ဘယ်တော့မျှ မပေးနှင့်။ ပြီးတော့ ဘာပဲပြောပြော မှန်တာတွေပဲ အမြဲပြောနော်"

သို့ဖြင့် အဲလ်စမစ်သည် အမှန်တွေကိုသာပြောရုံမက မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာလည်း ရပ်တည်နေထိုင်ခဲ့သည်။ အမှန်တရားအတွက် တိုက်ပွဲဝင်ရမည်ဆိုလျှင် နောက်မဆုတ်တမ်း စွန့်စားလုပ်ဆောင်ခဲ့တော့၏။

အရှေ့ဘက်ပဲ ရောက်ရောက်၊ အနောက်ခြမ်းပဲ ရောက်ရောက်၊ တစ်မြို့လုံးပဲ ပတ်သွားရသွားရ၊ ဒါမှမဟုတ် ပြည်နယ်မှူးကုလားထိုင်မှာပဲ ထိုင်ရထိုင်ရ၊ တစ်မျိုးသားလုံးကောင်းစားဖို့ နိုင်ငံရေးလောကမှာပဲနေရနေရ 'အဲလ်စမစ်' ဆိုတဲ့ သူကတော့ အမှန်တရားအတွက် ဆက်လက်ချီတက် တိုက်ခိုက်နေဦးမည်သာ။





## လော့ဒ် ဘီဗာဘရုခ်
## Lord Beaverbrook

**သူသည် သူ့ကိုလှောင်ပြောင်သရော်ရန်**
**ကာတွန်းဆရာတစ်ယောက်အား**
**၁ နှစ်လျှင် ပေါင် ၁ သောင်း ပေးခဲ့သော ဟူ၏။**
**အင်္ဂလန်နှင့် မဟာမိတ်နိုင်ငံများကို**
**ဂျာမန်များဗုံးဒဏ်မှ ကာကွယ်ကယ်ဆယ်ခဲ့သူ။**
**ပညာတတ်ကြီး မဟုတ်ပေမယ့်**
**ဝန်ကြီး ၅ ကြိမ် ဖြစ်ခဲ့သော ဘုန်းသမ္ဘာရှင်။**

❒ ၁၉၄၀ ပြည့်နှစ်တွင် အင်္ဂလန်ကိုကယ်တင်ရန် ကမ္ဘာပေါ်ရှိလူမှန်သမျှထက် လုပ်ဆောင်ခဲ့သူ ဖြစ်ကောင်းဖြစ်နိုင်၍၊ အမေရိကန်ပြည်ထောင်စုအား သူတို့ဘာသာ သူတို့ကယ်တင်ရန် ပြင်ဆင်ဖို့အချိန် ဖန်တီးပေးခဲ့သူမှာ ကနေဒါနိုင်ငံရှိ မောင်ပိန်းနေသောတောနက်ကြီးအတွင်း မွေးဖွားခဲ့ပြီး၊ ပထမပိုင်း ၃၈ နှစ်လုံးလုံးမက်စ်အိုက်ကင်(Max Aitken) ဟူ၍ နာမည်တွင်ခဲ့၏။ ယနေ့တော့ သူက လော့ဒ်ဘီးဗာဘရုခ်အဖြစ် ကျော်စောထင်ရှားနေခဲ့ပါလေပြီ။

လော့ဒ်ဘီးဗာဘရုခ် ၁၉၄၀ပြည့်နှစ်၌ အင်္ဂလန်ကိုကယ်ဖို့ ဘယ်လို ကြိုးစားခဲ့ပါသနည်း။

ဒီလိုပါ။ ဒန်းကတ်က ကြေကွဲဖွယ်ရာနေ့များနှင့် ဗြိတိသျှစစ်ပွဲကာလများကို ခင်ဗျား မှတ်မိပါသေးသလား။ လန်ဒန်၊ လီဗာပူးလ်၊ ကွန်ဗင်ထရီ မြို့ကြီးများမှာ ဂျာမန်များ၏ဗုံးဒဏ်ကြောင့် ပေါက်ကွဲပြိုလဲပြီး မီးတွေအကြီးအကျယ်လောင်ခဲ့ရသည့် နေ့များ။ ဗြိတိသျှ နေမဝင်အင်ပါယာကြီး ပြာပုံအတိဖြင့် အလုံးစုံပျက်သုဉ်းခန်း ဆိုက်ပြီဟု ထင်မှတ်ရလောက်အောင် အရေးနိမ့်နေရသော နေ့ရက်များပဲ ဆိုပါတော့။

ဒန်းကတ်မြို့၏တစ်ညနေတွင် ဝင်စတန်ချာချီသည် "အင်္ဂလန်အနေဖြင့် လအနည်းငယ်အတွင်း လေယာဉ်တွေကို ၂ ဆတိုး" ထုတ်နိုင်လျှင် ထုတ်။ မထုတ်နိုင်လျှင် စစ်ရှုံးတော့မည်" ဟု အတပ်တွက်လိုက်မိ၏။

လောလောဆယ်အခြေအနေအရ နိုင်ငံအနေဖြင့် ရက်ပေါင်း ၉၀ အတွင်း လေယာဉ်ထုတ်လုပ်နှုန်း ၂ ဆတိုးဖို့ဆိုတာ ဖြစ်နိုင်ဖွယ်မရှိဆုံး အရာပါပေ။

ထို့ကြောင့်လည်း ချာချီက ထိုလုပ်ငန်းကြီးအတွက် အံ့မခန်းလူစွမ်းကောင်းတစ်ယောက်ကို ရွေးထုတ်လိုက်ရသည်။

လော့ဒ် ဘီဗာ ဘရုခ်သည် အင်္ဂလန်၏ လေယာဉ်ထုတ်လုပ်မှုစံချိန်ကို မေလတွင် အစင်း ၉၀၀ နှုန်း ထုတ်နေရာမှ ၁၉၄၀ ခုနှစ် ဩဂုတ်လ၌ တစ်လ အစင်း ၁၈၀၀ ကျအောင် တစ်ဟုန်ထိုးတိုးမြှင့်လိုက်၏။

ဤသို့ဖြင့် အင်္ဂလန်နိုင်ငံအား ရန်သူ၏ ကျူးကျော်စော်ကားမှုများမှ တစ်တပ်တစ်အား ကယ်တင်နိုင်လိုက်သလို၊ လာမည့် အနှစ် ၁၀၀၀ အတွက် သမိုင်းကိုလည်း ပြောင်းလဲရေးထိုးလိုက်ခြင်း မည်ပါသည်။

လော့ဒ် ဘီဗာ ဘရွတ်ခ်သည် "ပညာတတ်တယ်" ဆိုရုံလေး နည်းနည်းသာ သင်ခဲ့ဖူး၏။ ကျောင်း ကြာကြာမတက်ခဲ့ရသလို၊ ကျောင်းနေချိန်ကာလမှာလည်း ပညာသင်ဖို့ထက် တခြားကျောင်းသားများနှင့် ရန်ဖြစ်ဖို့သာ စိတ်ဝင်စားခဲ့သည်။ ကျောင်းမှာ နေ့တိုင်းလိုလို ပြဿနာရှာ၊ ဒုက္ခပေး၍ ဆရာမ၏ကြိမ်လုံးနှင့် အမြဲ ဖူးစာဆုံရ၏။

အလုပ်ခွင်ဝင်တော့လည်း သူ လုပ်သမျှအလုပ်တိုင်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရ၏။ ပထမ အသက်အာမခံစာချုပ်တွေ လိုက်ရောင်းသည်။ မအောင်မြင်။ အပ်ချုပ်





စက်တွေ လိုက်ရောင်းသည်။ မအောင်မြင်။ ဘောလုံးလိုမှ်ကစားသည့်ရုံ ဖွင့်တော့လည်း ရှုံး၏။ သတင်းစာတစ်စောင် ထုတ်ခဲ့သေးသည်။ ရှုံးသည်။ ဥပဒေကျောင်းဝင်ခွင့် ဖြေသည်။ ရှုံးသည်။

အသက် ၂၀ အရွယ်မှာ သူ့လက်ထဲ၌ ပိုက်ဆံ တစ်ပြားမျှ မရှိ။ အသက် ၃၀ ရောက်တော့ ပေါင် ၁ သန်း ချမ်းသာနေပါပြီ။ သူ ချမ်းသာအောင် ဘယ်လို လုပ်ခဲ့ပါသလဲ။

ပထမ ကနေဒါနိုင်ငံ ဟယ်လီဖက်စ်မြို့က ဘဏ်သူဌေးကြီးတစ်ဦး၏ အတွင်းရေးမှူးအလုပ်ကို ရလိုက်ပြီး၊ ကားမောင်းဖို့ စိတ်ထက်သန်မှုကို အကြောင်းပြု၍ ဘဏ်တိုက်များ၊ သံမဏိကုမ္ပဏီများ၊ စွမ်းအင်လုပ်ငန်းကုမ္ပဏီကြီးများနှင့် အကျွမ်းတဝင်ပေါင်းမိလိုက်၏။

၁၀ နှစ်အတွင်းမှာပင် သူသည် ထိုအချိန်က "ကနေဒါနိုင်ငံတွင် အကြွယ်ဝဆုံး" ဟုဆိုနိုင်လောက်သော ငွေကြေးပမာဏကို စုဆောင်းမိခဲ့တော့၏။ ဒါပေမယ့် သူက ဒီလောက်နှင့် မတင်းတိမ်သေး။ ဆတက်တိုးပြီး အောင်မြင်ကြီးပွားဖို့သာ ကြံဆတောင့်တနေခဲ့မိသည်။

သူ ကနေဒါနိုင်ငံမှ အင်္ဂလန်သို့ကူးလာပြီး နိုင်ငံရေးနယ်ပယ်သို့ ခြေစုံပစ်ဝင်ခဲ့ကာ နိုင်ငံရေးစင်မြင့်ပေါ်၌ အကြိတ်အနယ် တိုက်ပွဲဝင်ရင်း၊ ရွေးကောက်ပွဲတွေ အောင်နိုင်ရေး ကြိုးပမ်းရင်း သူကိုယ်တိုင် ပါလီမန်လွှတ်တော်၌ အရွေးခံလိုက်ရ၏။

သူသည် နိုင်ငံရေးအရ အသာစီးရရန်ရည်ရွယ်လျက် လန်ဒန်သတင်းစာကြီးတစ်စောင်ဖြစ်သော "ဒေးလီ အိတ်စ်ပရက်စ်"ကို ဝယ်ခဲ့၏။ ပထမနှစ်တွင် ထိုသတင်းစာလုပ်ငန်းမှ ပေါင် ၂ သိန်း အရှုံးပေါ်ခဲ့၏။ ဒုတိယနှစ်ကျတော့ အခြေအနေတိုးတက်လာသဖြင့် ၃ ပုံ ၁ ပုံသာ ရှုံးတော့သည်။ နောက်တော့ ၁ နှစ် ပေါင် ၂ သိန်း အမြတ် ရခဲ့ပါလေတော့၏။

သူက တိုင်းတန်ပြည်တန်သတင်းဆောင်းပါးတွေ၊ ဓာတ်လမ်းတွေနှင့် ဖမ်းစားခဲ့သည်။ အစိုးရကို ဝေဖန်တိုက်ခိုက်သည်။ ငွေကြေးထည့်ဝင်သူများကို ဆုလက်ဆောင် ပေးသည်။ အာမခံပေါ်လစီစာချုပ်များကို အခမဲ့ထည့်ခွင့် ပေးသည်။

မြင်းပွဲများအတွက် ခန့်မှန်းခြေ 'တစ်ကြို'များ ပေးသည်။ ထို တစ်ကြိုတွေကလည်း ကြိမ်ဖန်များစွာမှန်၍ အကျိုးအမြတ်ထွက်စေသည်။

ဤသို့ဖြင့် ဒေးလီအိတ်စ်ပရက်စ်သတင်းစာကြီး၏ စောင်ရေမှာ မိုးထိုးတက်သလို၊ ၈ ဆအထိ မကြုံစဖူး စောင်ရေ တိုးမြှင့်ခဲ့ရသည်။ နဂိုစောင်ရေ ၃ သိန်းမှ ၂၅ သိန်းအထိ ခုန်တက်ခဲ့ခြင်းဖြစ်သဖြင့် ကမ္ဘာပေါ်ရှိ ရှိသမျှ မည်သည့် နေ့စဉ်သတင်းကြီးများမျှ လိုက်မမီနိုင်သောစောင်ရေကို စံချိန်တင်ခဲ့ခြင်းပင် ဆိုရပါမည်။

အောင်မြင်မှုကို ယစ်မူးခဲ့သည်နှင့်အမျှ လော့ဒ်ဘီဗာဘရွတ်သည် 'အီးဗနင်းစတင်းဒတ်'ဟူသော သတင်းစာတစ်စောင်ကို ထပ်ဝယ်ခဲ့ရုံမက၊ တတိယမြောက် သတင်းစာ 'ဆန်းဒေး အိတ်စ်ပရက်စ်'ကိုပါ အသစ်ထုတ်ဝေခဲ့၏။

ခုဆိုလျှင် ဘီးဗားဘရွတ်သည် ဗြိတိသျှဝန်ကြီးအဖွဲ့ကိုပင် သေဆိုသေ ရှင်ဆိုရှင် ကြိုးကိုင်ခြယ်လှယ်ခွင့် ရခဲ့ပြီး၊ လွှတ်ကျော်ချ၍ ဝန်ကြီးချုပ်ဖြစ်ခဲ့ရာတွင်လည်း သူ့ကြံစာလွှမ်းမိုးမှု အတော်များများပါဝင်ခဲ့သည်။

သို့သော် သူ့ရင်ထဲအသည်းထဲက ပြင်းပြသော အာသာဆန္ဒတစ်ခု ရှိခဲ့တာကိုတော့ အပြတ်ငြင်းဆန်ခဲ့၏။ သူသည် သူကိုယ်တိုင် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ရန် ရည်မှန်းတောင့်တခဲ့သည် ဆိုကြ၏။ သူက 'ထိုသို့ မဟုတ်ကြောင်း၊ ကျွန်ုပ်ဆိုလျှင် ကျိန်ပါ့မည်'ဟုပင် ကြေညာခဲ့၏။

ပြီးတော့ သူ့ဝန်ထမ်းတွေထဲမှ သူ့ကို အကောင်းဆုံး ဝေဖန်ရေးသားနိုင်သူအား ဆုချီးမြှင့်ဖို့ပင် ထူးထူးခြားခြား သတ္တိပြောင်မြောက်စွာဖြင့် စီစဉ်သေးသည်။ အင်္ဂလန်တွင် လက်သံအပြောင်ဆုံး ကာတွန်းဆရာတစ်ဦးဖြစ်သူ ဒေးဗစ်လိုးက ဖြိုင်ဖက်သတင်းစာတစ်စောင်မှနေ၍ လော့ဒ်ဘီဗာ ဘရွတ်အား လှောင်ပြောင်သရော် ပြီးတိုက်ခိုက်သောအခါ၊ ဘီဗာဘရွတ်က သူ့ကို ကမ်းလှမ်းခဲ့၏။

"လိုး။ မင်း ငါ့အတွက် အလုပ်လုပ်ပေးမယ်ဆိုရင် ၁ နှစ် ပေါင် ၁ သောင်းပေးမယ်။ အဲဒီအလုပ်ကတော့ ငါပိုင်သတင်းစာထဲကနေပြီး ငါ့ကို သရော်ဖို့ပဲကွ"





လိုးကလည်း ကမ်းလှမ်းချက်ကိုလက်ခံကာ သူ့အလုပ်ရှင်သူဌေးအား မကောင်းဆိုးဝါးသတ္တဝါနယ်တစ်မျိုး၊ ပိုးမွှားတိရစ္ဆာန်လိုတစ်သွယ် ပုံသဏ္ဌာန်အမျိုးမျိုးသရုပ်ဖော်လျက် အကြိမ်ပေါင်းများစွာ ကာတွန်းရုပ်ပြောင်တွေ ရေးဆွဲခဲ့၏။

လော့ဒ်ဘီဗာဘရွတ်သည် ၁၉၄၃ခုနှစ်၌ ချာချီ၏ဝန်ကြီးအဖွဲ့တွင် ရွေးချယ်ခံရခြင်းမှာ ၃ နှစ်ခွဲအတွင်း ၅ ကြိမ်မြောက် ရွေးချယ်ခံရခြင်းပင် ဖြစ်၏။

သူသည် လေယာဉ်များ ထုတ်လုပ်မှုဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးဝန်ကြီး၊ ထောက်ပံ့ရေးဝန်ကြီး၊ ကုန်ထုတ်ဝန်ကြီးရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဖြစ်၏။ သူ၏နောက်ဆုံးရာထူးကတော့ အထူးအတိုင်ပင်ခံ ဝန်ကြီးပါပေတည်း။

အင်္ဂလန်၌ လော့ဒ်ဘီဗာ ဘရွတ်အား 'ပင်လယ်ဖျံကြီး' (The Beaver) ဟု ရံဖန်ရံခါ ခေါ်ကြ၏။

သူ ဝန်ကြီးအဖွဲ့ဝင်ဖြစ်လာသောအခါ 'ဘီဗာဘရွတ်' ဆိုသောနာမည်ကို ယူလိုက်၏။ အဘယ့်ကြောင့်ဆိုသော် သူငယ်စဉ်က ကနေဒါသစ်တောကြီးထဲတွင် နေခဲ့စဉ် 'ဘီဗာဘရွတ်'ဟုခေါ်သော ချောင်းငယ်လေးအတွင်း မကြာခဏ ငါးသွားမျှားလေ့ရှိသည်ကို ပြန်ပြောင်းအမှတ်ရသောကြောင့် ဖြစ်၏။

သူသည် နေ့တိုင်းလိုလို မြင်းစီးလေ့ရှိပြီး တောအုပ်အတွင်း ခုန်းစိုင်းရင်း နီဂရိုးကျေးလက်ရိုးရာသီချင်းတွေကို အော်ဆိုသွားတတ်၏။ သူ့ခြံလေးထဲတွင် ကိုယ်ပိုင်ရုပ်ရှင်ရုံလေးရှိ၍ 'ဒက်စထရှိုင်း မြင်းစီးပြီး ပြန်ပေါ်လာပြီ' ဟူသော ရုပ်ရှင်ကားတစ်ကားတည်းကို အကြိမ်ကြိမ်ကြည့်နေကျ ဖြစ်သည်ဆို၏။

လော့ဒ် ဘီဗာ ဘရွတ်သည် တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် ဆံသဆရာ ၂ ယောက်ကို ညှပ်နိုင်းတတ်၏။ တစ်ယောက်က ဆံပင်ညှပ်ပေးနေစဉ်၊ ကျန်တစ်ယောက်က မုတ်ဆိတ်ရိတ်ပေးရခြင်းပင် ဖြစ်၍ အချိန်ကုန်သက်သာအောင် ကြံဖန်ခဲ့ခြင်းဖြစ်သည် ဆို၏။ နောက်ဆုံး ထို့ထက်ပိုပြီး အချိန်မစားအောင်ဆိုကာ လျှပ်စစ်ဆံပင်ညှပ်စက်ကိုဝယ်၍ သူ့ဘာသာသူ ညှပ်လေသတတ်။

သူသည် ရေဒီယိုပီစီညှောင့်တောက်လေးကို ဝယ်၍ သူ့လည်ပင်းမှာ ကြိုးတွဲလောင်းချည်ထားပြီး သီချင်းဖွင့်၍ က,လေ့ရှိသေးသည်။

သူ့တောကအိမ်ရှိ အခန်းတိုင်းမှာ တယ်လီဖုန်းတွေ တပ်ထားရာ ရေချိုးခန်းပါမကျန် ဟု သိရ၏။ ရေချိုးဇလုံထဲတွင် ဆပ်ပြာရေတွေ စိမ်လျက်တန်းလန်းက အဝေးလိုင်းကိုသုံးပြီး ဖုန်းပြောခဲ့သည့်အကြိမ်ပေါင်းလည်း အများကြီး ရှိခဲ့ပါသတဲ့။

သူက ဖိနပ်တစ်ရံကို ၈ ပေါင် အများဆုံး ပေးဝယ်၍၊ ဝတ်စုံတစ်စုံကိုမှ ၄ ပေါင်တန်လောက် ဝယ်သုံးချင်သုံး၏။

ရှပ်အင်္ကျီတွေကိုတော့ အဖိုးတန်မှေ့၊ ကောင်းမှေ့ဆိုတာမျိုးမှ အော်ဒါမှာချုပ်ပြီး ဝတ်သည်။ သို့လင့်စကား ရင်ဘတ်မှာ ကြယ်သီးပြုတ်လို့ကတော့ ချိတ်နှင့်တွယ်ပြီး ဝတ်ပြီသာမှတ်ပေတော့။

လော့ဒ် ဘီးဗား ဘရုခ်သည် သူ့ရွာကအိမ်လေးအနီးရှိ ကွင်းပြင်ထဲ၌ သချိုင်းမှတ်တိုင်လို လက်ဝါးကပ်တိုင်လေးတစ်တိုင် စိုက်ထား၏။ ညဆိုလျှင် မီးအိမ်လေးများ ထွန်းညှိထားလေ့ ရှိ၏။ ထိုလက်ဝါးကပ်တိုင်မှာ ဂူတစ်ခုခုကို အမှတ်အသား ပြုထားခြင်းမဟုတ်ပါ။

ဒါပေမယ့် ထိုမှတ်တိုင်လေးက ဘီဗာဘရုခ်အား လူ့ဘဝသက်တမ်းသည် တိုတောင်းလှကြောင်း၊ လျှင်မြန်စွာကုန်ဆုံးနေကြောင်း၊ သေခြင်းတရားသည် မနက်ဖြန်က လာစောင့်ချင်စောင့်နေမှာ ဖြစ်၍ အချိန်တိုင်းကို အကျိုးရှိစွာ အသုံးချနေထိုင်ဖို့ လိုကြောင်း သတိပေးနေခဲ့သည် ဟူ၏။





# ဗိုလ်ချုပ်ကြီး ချားလ်စ် ဒီ ဂေါလ်
## General Charles De Gaulle

**အသေရရ အရှင်ရရ**
**ဆုငွေပေါင် ၄ သောင်း၊ အထုတ်ခံခဲ့ရသူ။**
**ပြင်သစ်ပြည်ကြီးအား ဂျာမန်များလက်အောက်မှ**
**လွတ်လပ်ရေး အရယူပေးခဲ့သူ။**
**အရှက်ကြီးသလောက် အသည်းကောင်းကောင်းနှင့်**
**ဖွဲ့ကောင်းလှသူ။**
**လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝသော**
**မျိုးချစ်သူရဲကောင်း တစ်ယောက်။**

❐ ၁၉၁၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်။ အနောက်ဘက်စစ်မျက်နှာမှာ အပစ်အခတ်ရပ်စဲပြီး စစ်ပြေငြိမ်းလိုက်ကြသည်။ ပြင်သစ်မြေပေါ်တွင် ၄ နှစ်လုံးလုံး သွေးချောင်းစီးခဲ့ရသောစစ်ပွဲကြီး အဆုံးသတ်သွားပါချေပြီ။

ဘယ်လ်ဂျီယမ်မှသည် အဲလ်ပ်စ်တောင်တန်းများတိုင် ဗာဒန်မှ အပြင်းထန်ဆုံးတိုက်ပွဲများနှင့်အတူ မဟာမိတ်တပ်ဖွဲ့များ၏သတ္တိသွေးဖြင့် ထိုရွှေလမ်းကို ဖောက်ခဲ့ကြရခြင်း ဖြစ်သည်။

'ရန်သူတွေကို အနိုင်မပေးဘူးဟေ့' ဟူသော ပြင်သစ်တွေ၏ စစ်ကြွေးကြော်သံများကလည်း ဘဝင်ညံခဲ့၏။ နောက်အနှစ် ၂၀ ကြာပြီးနောက် ပိုမိုကြီးကျယ်သော စစ်မီးကြီးတစ်ခုက ကမ္ဘာကို ထပ်မံလွှမ်းမိုးခဲ့ရာမှ ပြင်သစ်ပြည်အား အထိနာစေခဲ့ပြီး

သေကောင်ပေါင်းလဲ အသက်ငင်နေစေခဲ့သည်။ စစ်ဝေဒနာကို အလူးအလဲခံစားရင်း သေလုမျောပါးဖြစ်နေချိန်တွင် ရုပ်ရှုကျူယ်လောင်သော အသံဖြင့် ထအော်လိုက်ပြီး၊ မျှော်လင့်ချက်အလင်းရောင်ပေး၍ စိတ်ဓာတ်တက်ကြွအောင် လူတစ်ဦးတည်းက လှုံ့ဆော်ပေးခဲ့သည်။

သို့သော် သူ့ခမျာ ၁၉၄၀ ခုနှစ်တွင် စစ်ခုံရုံးသို့ အတင်ခံခဲ့ရပြီး အပြစ်ရှိကြောင်း စွဲချက်တင်၍ တိုင်းပြည်သစ္စာဖောက်တစ်ယောက်ဆိုကာ သေဒဏ်ချခံခဲ့ရသည်။ သူကား ကမ္ဘာပေါ်တွင် အမုန်းခံရဆုံးဖြစ်ခဲ့သလို ချစ်လည်း အချစ်အခံရဆုံး ဖြစ်ခဲ့၏။

သူ့အမည်ကတော့ ချားလ်စ်ဒီဂေါလ် ပါတည်း။

ပြင်သစ်နိုင်ငံအဖို့ အင်အားကြီးဂျာမနီနိုင်ငံ ပင်ဇာတပ်မဟာကြီးများ၏ သွက်လက်ထက်မြက်လှသော သံမဏိသွားဘီးကြီးများ၏ နင်းကြိတ်ခြင်းခံခဲ့ရသည့် အကြားမှပင် ဒီဂေါလ်က လက်နက်ချအညံ့ခံဖို့ ငြင်းဆန်ခဲ့သည်။

သူသည် ပြင်သစ်ခေါင်းဆောင်များ လက်မှတ်ရေးထိုးထားခဲ့သော တစ်ဖက်သတ်ကျ၍ ပြင်းထန်သောအသုံးအနှုန်းများပါရှိသည့် စစ်ပြေငြိမ်းစာချုပ်ကို လိုက်နာရန် ငြင်းဆိုခဲ့၏။ ထို့နောက် သူသည် အင်္ဂလန်သို့ထွက်ပြေးခဲ့ပြီး၊ ပြင်သစ်ပြည်ကြီး လွတ်မြောက်ရေးအတွက် ဆက်လက် တိုက်ပွဲဝင်ခဲ့သည်။

ဂျာမန်တို့၏သစ္စာတော်ခံ ဗစ်ချီအစိုးရလည်း သူ့ဆရာများ၏အလိုကျ ဂျင်နရယ်ဒီဂေါလ်အား တိုင်းပြည်သစ္စာဖောက်အဖြစ် ကမ္ဘာသိ ကြေညာသည်။ သူ့ကို ဖမ်းမိလျှင် ပေါင် ၄သောင်း ပေးမည်ဟု ဆုငွေထုတ်ခဲ့သေး၏။ သို့သော် ဂျာမန်များ၏ လုံ့ခွပ်အောက်၌ အထိတ်ထိတ်အလန့်လန့်နေရသော ပြင်သစ်ပြည်သူ သန်းပေါင်းများစွာအဖို့တော့ ဂျင်နရယ်ဒီဂေါလ်သည် လွတ်လပ်ရေး၏သင်္ကေတပင် ဖြစ်သည်။

၁၉၁၈ ခုနှစ်က စစ်ပြေငြိမ်းရေးနေ့ကို ခင်ဗျား မှတ်မိသေးပါသလား။ သမိုင်းတွင် ရန်ခုန်စရာအကောင်းဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။

ကမ္ဘာကြီး စတင်ဖန်ဆင်းသည့်နေ့ကတည်းက ထိုနေ့လောက် ကမ္ဘာနှင့်အဝှမ်း စိတ်အလှုပ်ရှားကြဆုံး၊ မျှော်လင့်ချက်အထက်သန်ဆုံး၊ အပျော်မြူးဆုံး





နေ့ရယ်လို့ ရှိမည် မထင်ပါ။ ၄ နှစ်ကြာ သွေးချောင်းစီးခဲ့ရသလို လူပေါင်း ၈ သန်းခွဲလောက် သေကျေပျက်စီးခဲ့ပြီးနောက်မှ ဂျာမနီလက်နက်ချခဲ့ခြင်း ဖြစ်၏။

ကျွန်တော်တို့အားလုံးကလည်း ၁၉၁၈ ခုနှစ်တွင် ပြန်ပြောင်းသတိရနေသောအားဖြင့် ကမ္ဘာ့စစ်ကြီးတွေ ထပ်ဖြစ်မှာမဟုတ်တော့ဘူးလို့ ယုံကြည်ခဲ့ကြသည်။

အမှန်မှာလည်း ပြင်သစ်သည် ချားလ်စ်ဒီဂေါလ်တစ်ယောက်တည်း၏ စကားကိုသာ နားထောင်ခဲ့ပါက ဒုတိယကမ္ဘာစစ်ကြီးဆိုတာ ဘယ်နည်းနှင့်မျှ ဖြစ်လာမည် မဟုတ်ပါ။ ဒီဂေါလ် အဆိုပြုခဲ့သည့်အတိုင်း ပြင်သစ်သည် လက်နက်ကိုင်တပ်မဟာကြီး ၁၀ တပ်လောက်ကိုသာ ဖွဲ့စည်းခဲ့ပါမူ ဟစ်တလာသည် သူ့တပ်မများကို "ရိုင်းလင်း" သို့ တစ်ဟုန်ထိုးချီတက်ရန် အမိန့်ပေးစေလွှတ်ငံ့စရာ အကြောင်းမရှိ။ သည်အပြင် ဟစ်တလာအဖို့ ဩစတြီးယားနှင့် ပိုလန်ကိုပင် ကျူးကျော်ထိပါး ရန်စရဲမည်မထင်ပါ။

ဂျင်နရယ် ချားလ်စ်ဒီဂေါလ်သည် ခေတ်သစ်စစ်ပွဲတစ်ပွဲ ဘယ်ပုံစံနှင့် ဖြစ်မည်ဆိုသည်ကို အမြင်ကြည်လင်စွာ ခန့်မှန်းနိုင်ခဲ့သူတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်ခဲ့ပါသည်။ ပြီးတော့ သူသည် အနာဂတ်၌ လေကြောင်းတိုက်ပွဲဖြင့် တိုးစစ်ဆင်မည့်အကြောင်းများ ဖော်ပြထားသော စာအုပ်တစ်အုပ်ကို ပထမဆုံး ရေးခဲ့သူလည်း ဖြစ်၏။

လွန်ခဲ့သော ၉ နှစ်က ဂျင်နရယ်ချားလ်စ်ဒီဂေါလ်သည် "အနာဂတ်တပ်မတော်" အမည်ရှိ စာအုပ်ထဲတွင် ကမ္ဘာကြီးကို အစိတ်စိတ်အမွှာမွှာပြိုကွဲစေမည့် လျှပ်တစ်ပြက်လေကြောင်းစစ်ပွဲများအကြောင်းကို ရေးသားထား၏။

ပြင်သစ်ပြည်မှ စစ်ရေးစစ်ရာကို ဦးစီးကိုင်တွယ်သူများက ဂျာမန် နယ်စပ်တစ်လျှောက်တွင် သံမဏိတံတိုင်း၊ ကွန်ကရစ်နံရံများ၊ အမြောက်တပ်များ ချထားရုံနှင့် လုံခြုံပြီဟု ထင်မှတ်ခဲ့ကြသည်။ သူတို့က ဤသည်ကို Maginot Line ဟု ခေါ်ခဲ့ကြသည်။

သူတို့သည် ၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော စစ်ပွဲပုံစံမျိုးဖြင့် အနာဂတ်တွင်လည်း ကတုတ်ကျင်းတွေ တူး၊ ရောမစစ်တပ်ကြီးတွေက ရှေ့တန်းတွင် တရွေ့ရွေ့ခြေလျင်ချီတက်ပြီး တိုက်ခိုက်ကြမည်ဟု တစ်သဝေမတိမ်း တွက်ဆခဲ့ကြ၏။

သို့ပေမယ့် ဗိုလ်ချုပ်ကြီးဒီဂေါလ်က ပြင်သစ်စစ်ခေါင်းဆောင်ကြီးများအား နောင်လာမည့်စစ်ပွဲတွင် 'မက်ဂီနော့မျဉ်း' ဆိုတာ ဘာမျှအသုံးကျတော့မည် မဟုတ်ဟု သတိပေးခဲ့သည်။ နောက်စစ်ပွဲ၌ ဂျာမနီသည် ဘယ်လ်ဂျီယမ်ကို တရကြမ်းကျော်ဖြတ်ကာ ခံစစ်မျဉ်းကြောင်းမရှိသော ဘယ်လ်ဂျီယမ်နယ်ခြားမှနေ၍ ပြင်သစ်ပြည်ထဲသို့ ထိုးဖောက်တိုက်ခိုက်မည့်အချက်ကိုလည်း ကြိုတင် သတိပေးထားခဲ့၏။

ထို့အပြင် ပြင်သစ်တပ်မတော်သည် မိုးကြိုးနှင့်တူသော ရန်သူ၏ စစ်ဆင်ရေးကို ၁ မိနစ်မှာ ၂ ချက် ပစ်နိုင်သော မတ်စကက်သေနတ်များသုံးသည့် နပိုလီယမ်ခေတ်သေနင်္ဂဗျူဟာများဖြင့် ယှဉ်ပြိုင်ရင်ဆိုင်ဖို့ ကြိုးစားနေကြောင်းလည်း ထောက်ပြဝေဖန်လိုက်သေး၏။

ဒီဂေါလ်က သူ့တိုင်းပြည်အား အနာဂတ်စစ်ပွဲသည် လောင်စာဆီသုံး အင်ဂျင်စက်များ၏ လျှင်မြန်မှုအရှိန်အဟုန်၊ ၁ မိနစ်ကို ၁ မိုင်နှုန်း ဒုန်းပြေးလာကြမည့် သံချပ်ကာကားများ၊ တင့်ကားများ၏ အံ့မခန်းအစွမ်း၊ ၁ နာရီလျှင် မိုင် ၄၀၀ နှုန်းဖြင့် ကောင်းကင်ဝေဟင်ကို ခွင်းပျံလာမည့် တိုက်လေယာဉ်များ၏ ကြောက်ခမန်းလိလိတိုက်ခိုက်မှုများသာ ဖြစ်မည့်အကြောင်းလည်း နိမိတ်ဖတ် အသိပေးခဲ့သည်။ သို့သော် ပြင်သစ်စစ်ဖက်အရာရှိကြီးများက ဒီဂေါလ်၏ အကြံဉာဏ်တွေကို 'အလကား အသုံးမကျတာတွေ' ဆိုပြီး ဘေးချိတ်ပစ်ပယ်ခဲ့ကြ၏။

ဂျင်နရယ် ပီတိန်း ဆိုလျှင် 'ဒီဂေါလ်၏စာအုပ်သည် ရယ်စရာကောင်းဟာသမြောက်သော ပြက်လုံးတစ်ခုသာဖြစ်ကြောင်း' ထုတ်ဖော်ပြောဆိုခဲ့သလို၊ ဂျင်နရယ် ဝေဂင်း ကလည်း စာအုပ်မှာ ပြင်သစ်တပ်မတော်ကို ရုပ်ပျက်ဆင်းပျက်ချိုးချိုးဖွဲ့ဖွဲ့ ဆိုးဝါးစွာဝေဖန်ထားချက်အနေဖြင့် အကြီးအကျယ် ကန့်ကွက် အပြစ်တင်ခဲ့၏။

'မော်တော်ယာဉ်တပ်မကြီး ၁၀ တပ်တောင် ဖွဲ့ရမတဲ့လား။ ဟင်း- အဓိပ္ပာယ် မရှိလိုက်တာ။ ဒီလောက်များတဲ့ တင့်ကားတွေနှင့် သံချပ်ကာကားတွေကို ထုတ် လုပ်ဖို့စက်ရုံတွေ ဘယ်မှာရှိလို့လဲ။ ထုတ်လုပ်စရိတ်တွေကော အလုံအလောက် ရှိလို့လား။ စစ်မြေပြင်မှာ အဲ့သလောက် ကြီးကျယ်များပြားတဲ့ တင့်ကားတွေကို ဘယ်လိုနည်းနှင့် ဓာတ်ဆီ ဖြည့်မလဲ။ သစ်တောထူတဲ့ တောင်ကုန်းတွေနှင့် ရွှံ့ထဲ ညွန်ထဲမှာ အဲဒါတွေက ဘယ်လိုလုပ် တိုက်ခိုက်နိုင်ပါ့မလဲ။ အို-လုံးဝ မဖြစ်နိုင်တာချည်းပဲ။





'သူ့အကြံအစည် တစ်ခုလုံး ရယ်စရာကောင်းလှချည်ရဲ့။ ကမောက်ကမနှင့် ပေါက်ကရနိုင်လှချည်ရဲ့။ စိတ်ကူးယဉ်ဆန်လှချည်ရဲ့'

အဲဒီလို ပြင်သစ်တွေက တွေးထင်ယူဆခဲ့ကြသည်။

ဒါပေမယ့် ဂျာမန်တွေကတော့ ဒီလိုမဟုတ်။ ဂျာမန်တွေက ဒီဂေါလ်၏ စာအုပ်ကို အသေအချာဖတ်၏။ စေ့စေ့စပ်စပ်လေ့လာ၏။ လက်တွေ့စမ်းသပ်ကြည့်ကြ၏။

သို့ဖြင့် နာဇီတို့၏ ယန္တရားတပ်ဖွဲ့တာဝန်ခံကိုယ်တိုင်က ဟစ်တလာ၏ ရှေ့မှောက်တွင် ''ဂျင်နရယ် ဒီဂေါလ်က နာဇီများကို အင်ဂျင်စက်တပ် စစ်ဗျူဟာနှင့်ပတ်သက်၍ ဥသုံသင်ကြားပေးခဲ့သည်'' ဟုပင် ပြောဆိုခဲ့သောဟူ၏။

ဂျာမန်နာဇီများသည် ငယ်ရွယ်ပါးနပ်ပြီး တော်လှန်ရေးဆန်၍ ဆန်းသစ်သော နည်းနာနိဿယများကို ငမ်းငမ်းတက်လိုလားရှာဖွေနေသူများ ဖြစ်ကြသည်။ သူတို့က ဒီဂေါလ် ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ပင်ဇာတပ်မကြီးကို ဖွဲ့စည်း၍ ယန္တရားစွမ်းပကားနှင့် အထူးလက်နက်များ တပ်ဆင်သည်။ စစ်သမိုင်းတွင် မကြုံစဖူး မြန်ဆန်စွာနှင့် ကြီးကျယ်လှသောအောင်ပွဲကြီးကို အရယူနိုင်ခဲ့ကြ၏။

ဂျာမန်တို့၏ တိုက်ပွဲဝင်တင့်ကား ရာ,ထောင်များစွာနှင့် လေယာဉ်များက အင်အား ၅ သန်းမျှရှိသော ပြင်သစ်တပ်ကြီးကို ၄၁ ရက်တည်းဖြင့် အနိုင်ယူနိုင်လိုက်ပါပြီ။

ဟုတ်ကဲ့ပါ။ တင့်ကား ၅၀၀၀ နှင့် လေယာဉ် ၃၀၀၀ က ခြေလျင်စစ်သား ၅ သန်းကို တုန်လှုပ်ချောက်ချား စိတ်ဓာတ်တွေပျက်ပြားစေပြီး မရှုမလှ အရေးနိမ့်စေခဲ့ပါပြီ။

ရက်သတ္တ ၆ ပတ်အတွင်းမှာပင် ဘုန်းမီးနေလ တောက်ပခဲ့သော ပြင်သစ်သမ္မတနိုင်ငံသည် ဒူးထောက် လက်နက်ချခဲ့ရသည်။ ဂျာမန်များက ပြင်သစ်သုံ့ပန်း ၂ သန်းကို လက်ရဖမ်းဆီးလိုက်သည်။ စစ်သည်တော် ၂ သန်း သုံ့ပန်းအဖြစ်အဖမ်းခံရခြင်းပါ။ ရာဇဝင်တစ်လျှောက်လုံးမှာ ဒီအဖြစ်မျိုး တစ်ခါမျှ မရှိဖူးခဲ့။

ဝင်စတန်ချာချီ၏ ဥဒါန်းတွင်သည့်စကားနှင့် ပြောရမည်ဆိုလျှင်တော့ ''ဒီလောက်မြန်မြန်နှင့် ဒီလောက်အများကြီး အညံ့ခံအရှုံးပေးရတဲ့အဖြစ်မျိုးဟာ သူ့အရင်က မရှိသလောက် အင်မတန်နည်းပါးခဲ့ပါတယ်''

သို့လင့်ကစား ထိုကြောက်မက်ဖွယ်ရာ ၆ ပတ်အတွင်း ဒီဂေါလ်သည် သူ့စာထဲ၌ ရေးခဲ့သည့်အတိုင်း သတ္တိပြ၍ ခွန့်ခွန့်စားစားခုခံတိုက်ခိုက်ခဲ့၏။

ဂျာမန်များသည် ပြင်သစ်ပြည်ကြီးမှ ပင်လယ်ထဲအရောက် တိုးလျှိုပေါက် အဟန့်အတားမရှိ တိုက်ချသိမ်းဆည်းသွားခဲ့၏။ အက်ဘီဗယ်လီရှိ ဒီဂေါလ်၏ ယန္တရားတပ်ဖွဲ့နှင့် ရင်ဆိုင်တွေ့တော့မှ အရှိန် တန့်သွားရတော့သည်။ ထိုတိုက်ပွဲမှာ ခုခံစစ်၏ တစ်ခုတည်းသောအောင်ပွဲ ဟု ဆိုရလောက်အောင် ဒီဂေါလ်က အံကြိတ် အံခဲအစွမ်းပြခဲ့ပြီး ဂျာမန်များကို ဖရိုဖရဲဖြစ်သည့်တိုင် မွေနှောက်ပစ်နိုင်ခဲ့၏။

ကျွန်တော်သည် တစ်ခါက နယူးယောက်တွင် ပြင်သစ်တိုက်ခိုက်ရေး စစ်မစ်ရှင်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ တပ်မှူး ပိုင်ယာရီ ဘင်နီတပ်စ်အား တွေ့ဆုံမေးမြန်းခဲ့ဖူးသည်။

တပ်မှူးဘင်နီတပ်စ်သည် စစ်အတွင်းက ဗိုလ်ချုပ်ကြီး ဒီဂေါလ်နှင့်အတူ လန်ဒန်တွင် ၁ နှစ်ခွဲလောက် အတူတွဲပြီး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူက 'ဂျင်နရယ်ဒီဂေါလ်ကို ဤလောကတွင် ရှိသမျှလူတွေထက် သူ လေးစားကြောင်း' ကျွန်တော့်ကို ဖွင့်ပြောခဲ့၏။ 'ဒီဂေါလ်သည် ကြည်ညိုစရာကောင်းအောင် ဂုဏ်ကျက်သရေရှိပြီး အပြင်ပန်းအားဖြင့် အေးဆေးလှသော်ငြားလည်း အတွင်းသဏ္ဍာန်၌ စူးရှတောက်ပစွာထွန်းလင်းလာရန် အသင့်ဖြစ်နေသော မီးတောက်ကလေးတစ်ခု အမြဲရှိနေသည်' ဆို၏။

သူ့တပည့်လက်သားများသည် သူ့ရှေ့မှောက်တွင် ကြောက်ရွံ့ခုံညားစွာ ရပ်နေလင့်ကစား၊ သူ့ကို နှစ်နှစ်ကာကာ လေးစားကြည်ညိုစိတ် အပြည့်ရှိနေကြမြဲသာ။

သူ၏ အရင်းနှီးဆုံး မိတ်ဆွေအပေါင်းအသင်းများက သူ့ကို 'ချားလ်စ်' ဟု ဘယ်တော့မျှ မခေါ်ပါ။ သူတို့က သူ့ကို 'ကိုယ်တို့ဗိုလ်ချုပ်ကြီး' လို့ ချစ်စနိုးခေါ်ရသည်ကိုသာ ပိုမိုခံတွင်းတွေ့ကြ၏။

သူသည် သမိုင်း၊ ဒဿနိက၊ ဘောဂဗေဒစာအုပ်များကို စွဲမက်စွာ ဖတ်ရှုလေ့ရှိသည်။





သူသည် ဘာသာရေးကိုလည်း အလေးအနက်ထားတတ်၍ ဘုရားရှိခိုးကျောင်းမှန်မှန်တက်သည်။ ညစဉ် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်တတ်၏။

ဂျင်နရယ် ဒီဂေါလ်သည် အလွန်တရာမှရှက်တတ်သူ ဖြစ်၍၊ သူ၏ ရှက်တတ်မှုက သူ့ကို တင်းမာခက်ထန်သယောင်ယောင်၊ စနစ်တကျ ပုံစံချပေးထားသယောင်ယောင် ဖြစ်စေပြီး အထူးသိမ်မွေ့ ယဉ်ကျေးနေစေခဲ့သည်။ သူ့မိခင်ကပင် "သူဟာ ရေခဲသေတ္တာထဲက ထလာသလားထင်ရအောင်ကို အေးလွန်းအားကြီးပါတယ်" ဟု ဖွင့်ဟ ထောပနာပြုခဲ့ရသည် အထိ။

တပ်ထဲတွင် ဗိုလ်ကြီးပေါက်စဘဝနှင့်ရှိစဉ် တစ်ခါကလည်း ဒီဂေါလ်သည် ပဲရစ်ရှိ ပန်းချီပြခန်းတစ်ခုမှာ ချစ်စရာမိန်းမလှကလေးတစ်ယောက်နှင့် ဆုံတွေ့ခဲ့၏။

ထိုညနေဖက် သူနှင့် လက်ဖက်ရည် အတူလိုက်သောက်ရအောင် မိန်းမလှလေးအား ခေါ်ဖို့အရေးကို တိုက်ပွဲကြီးတစ်ပွဲဝင်ရသလို မနည်းသတ္တိမွေးပြီး ပြောခဲ့ရသည်။ လက်ဖက်ရည်ဆိုင်ရောက်ပြန်တော့လည်း လက်တုန်ခြေတုန် ရင်တုန်ပန်းတုန်ဖြစ်ကာ လှပျိုမြူလေး၏ဂါဝန်ပေါ်သို့ သူ့လက်ဖက်ရည် မှောက်ချမိခဲ့၏။ အဲ-ထို့နောက် ၅ လပဲ ကြာမည်။ မချောလေးကို သူ လက်ထပ်ယူလိုက်ပါတော့သတည်း။

ပထမကမ္ဘာစစ်ကြီးအတွင်း ဂျင်နရယ်ဒီဂေါလ်သည် ၃ ကြိမ်တိုင်တိုင် ဒဏ်ရာရခဲ့၏။ နောက်ဆုံးအကြိမ်မှာ ဗာဒန်တွင် ဗုံးဆံမှန်ခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာကြီးနှင့် လဲနေစဉ် ဂျာမန်ကင်းလှည့်အဖွဲ့၏ သုံ့ပန်းအဖြစ် ဖမ်းသွားခြင်း ခံခဲ့ရ၏။

သူ ၅ ကြိမ်တိတိ ထွက်ပြေးခဲ့ပေမယ့်၊ ၅ ကြိမ်တိတိ ပြန်အဖမ်းခံခဲ့ရပြီး၊ စစ်ပွဲနောက်ပိုင်းတစ်လျှောက်လုံး တစ်ကိုယ်တော် အကျဉ်းသမားဘဝဖြင့် တိုက်ပိတ်ခံထားခဲ့ရသည်။ သူထွက်ပြေးဖို့ ကြိုးစားမှုတွေထဲမှ တစ်ကြိမ်မှာ ဖိုင်တွဲသည့်သံချောင်းဖြင့် မြေကြီးအောက်တွင် ဥမင်လိုဏ်ခေါင်းတူးဖို့ ကြံခဲ့ခြင်းလည်း ပါဝင်၏။

ဂျင်နရယ်ဒီဂေါလ်သည် ၁၉၄၀ ပြည့်နှစ် ဇွန်လ ၁၈ ရက်နေ့၌ လက်ထောက်တစ်ယောက်မျှ မပါ၊ ငွေတစ်ပြားမျှ မပါ၊ တပ်ဖွဲ့ဝင် တစ်ဦးမျှမပါဘဲ လေယာဉ်

တစ်စီးနှင့် အင်္ဂလန်သို့ ရောက်လာခဲ့သည်။ ဝင်စတန်ချာချီလ်က သူ့ကို နွေးထွေးစွာ ဖက်လှဲတကင်း ကြိုဆိုခဲ့ပြီး၊ ဂျာမန်တို့၏ စစ်ဖိနပ်အောက်တွင် ပြားပြားမှောက်ရင်း ဒုက္ခသုက္ခရောက်နေကြရသော စစ်ရှုံးပြင်သစ်နိုင်ငံမှ ပြည်သူသန်းပေါင်းများစွာ အား အုံအားသင့် မျှော်လင့်ချက်တွေပေးသည့်အနေဖြင့် အသံလွှင့်ပြောကြားရန် တိုက်တွန်းအားပေးခဲ့၏။

ဒီဂေါလ်က ရေဒီယိုမှ အသံလွှင့်ခဲ့ရာတွင် ‘ပြင်သစ်နိုင်ငံသည် တိုက်ပွဲတစ်ပွဲသာ ရှုံးခဲ့ခြင်းဖြစ်၍၊ စစ်ရှုံးပြီဟု မဆိုနိုင်သေးကြောင်း၊ စစ်သားတိုင်း၊ ပြင်သစ်ဝန်ထမ်း အလုပ်သမားတိုင်း အင်္ဂလန်ရှိ သူနှင့်ဆက်သွယ်ရန်’ လည်း ပန်ကြားခဲ့သည်။

သူ၏လှုံ့ဆော်တောင်းပန်မှုကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးမှ စစ်အင်အားတွေ ဖြည့်ဆည်းပေါင်းစည်းခဲ့ကြပါပြီ။ ပြင်သစ်ရဲဘော်တွေက ကားတွေ ခိုးလာသည်။ ရေလက်ကြားအရောက် မောင်းယူလာသည်။ ဖောင်တွေဖြင့် အင်္ဂလန်ကို ဖြတ်ကူးခဲ့ကြသည်။ တချို့ကလည်း လေယာဉ်တွေခိုးပြီး အင်္ဂလန် အရောက် မောင်းပြေးလာကြ၏။ လေယာဉ်အမောင်းသင် ပိုင်းလော့ကလေး တစ်ယောက်ဆိုလျှင် လေယာဉ်ပျက် ၃ စင်းက အစိတ်အပိုင်းများဖြင့် လေယာဉ် တစ်စင်းဖြစ်အောင် ၁၅ နာရီအတွင်းဖန်တီးပြီး ဂျီဘရော်လ်တာသို့ ပျံပြေးခဲ့သည်။

ပြင်သစ်ကျောင်းသား ၅ ယောက်ကလည်း ၁၂ ပေသာ ရှည်သော ကနူးလှေ ၂ စီးဖြင့် ရေလက်ကြားကိုလှော်ဖြတ်၍ အင်္ဂလန်သို့ ရောက်လာကြသည်။ သူတို့နှင့်အတူ ကျောင်းစာအုပ်တွေပင် ယူလာလိုက်သေးသည်။

ဤသည်မှာ အောင်ပွဲ၏အစ ပဏာမမျှသာ ဖြစ်ပါ၏။

နောက်များမကြာမီမှာပင် ဒီဂေါလ်သည် အာဖရိကရှိ ပြင်သစ်ကိုလိုနီနယ် ၅ ခုကို ပြန်သိမ်းလိုက်နိုင်သည်။ ပြီးတော့ အိန္ဒိယရှိ ပြင်သစ်ပိုင်နယ်မြေများ။ ထို့နောက် ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ပြင်သစ်ပိုင်များအားလုံးကို ပြန်တိုက်ယူနိုင်လိုက်ပါ၏။






နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီးဒီဂေါလ်၏ ကွပ်ကဲဦးဆောင်မှုအောက်ရှိ ပြင်သစ်မျိုးချစ်တပ်မတော်သည် ဂျာမန်သစ္စာခံ ပြင်သစ်ဗစ်ချီအစိုးရအား ဆီးရီးယားတွင်လက်နက်ချရန် အကျပ်ကိုင် အနိုင်ယူ နိုင်ခဲ့ပါလေတော့သည်။

‘ပြင်သစ်ပြည်ကြီး နောင်ကြိုးတန်းလန်းနှင့် မလွတ်လပ်သေးသမျှ သူကတော့ ဘုရားသခင်အလိုတော်အတိုင်း ပြင်သစ်တော်လှန်ရေး၏ ကြွေးကြော်သံများနှင့် အညီ တိုက်ပွဲဝင်သွားဦးမည်သာ ဖြစ်ကြောင်း’ ဒီဂေါလ်က ကြေညာခဲ့ပါချေ၏။ ထိုအချိန်ကတော့

‘အောင်ပွဲ ခံရခံရ၊ သေပွဲ ဝင်ရဝင်ရ၊

လွတ်လပ်ရေး ရရ၊ မရရလည်း သံချိုင်းဂွပဲကွ’ ဆိုသည့် ကြွေးကြော်သံများသည် ကမ္ဘာ့မြေကြီးအက်ကွဲပွင့်ထွက်မတတ် ပဲ့တင်ထပ်ခဲ့ပါပြီတကား။

## ကော်ဒယ်လ် ဟူးလ်
## Cordell Hull



**သူသည် အသက် ၁၇ နှစ်အထိ**
**သံလမ်းပြေးစီးရထားကို မမြင်ဖူးခဲ့။**
**သို့တိုင် ကမ္ဘာတွင် ဩဇာအာဏာအကြီးဆုံး**
**လူတစ်ယောက် ဖြစ်လာရသည်။**
**အဖေကိုပင် ဒေါ်ရိုက်ခဲ့တဲ့ တရားသူကြီး။**
**သစ်ဖောင်ချသမားလေးဘဝမှ**
**(အမေရိကန်သမ္မတကြီးပြီးလျှင်)**
**တန်ခိုးအထွားဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့သူ။**

❒ အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးခါနီးကာလ တင်နက်ဆီ တောင်တန်းတွင်နေသော "ဗီလီဟူးလ်" အမည်ရှိ လူငယ်တစ်ယောက်သည် အိမ်နီးချင်းတစ်ဦးထံမှ သေနတ်နှင့် သူ့နွားကို အရောင်းအဝယ်သဘော ဖလှယ်ခဲ့သည်။ ရက်သတ္တပတ် အနည်းငယ်ကြာပြီးနောက် ထိုအိမ်နီးချင်းက သူ့မက်စကက်သေနတ်ကို နမျော၍ ဘီလီဟူးလ်၏အိမ်သို့ ညအချိန်မတော် တိတ်တဆိတ်ဝင်ပြီး သေနတ်ကို ပြန်ခိုးခဲ့၏။

သည်လို အောက်တန်းကျလှန်းသော ကောက်ကျစ်စဉ်းလဲမှုက ဘီလီဟူးလ်ကို ရူးမတတ် ဒေါသူပုန်ထသွားစေသည်။ သို့ဖြင့် သူက အိမ်နီးချင်း၏အိမ်သို့သွားပြီး ပက်ပက်စက်စက် ရစရာမရှိအောင်အော်ဆဲကာ သေနတ်ကို ပြန်ပေးဖို့ အတင်းအဓမ္မတောင်း၏။ သူခိုးကလည်း ဗီလီဟူးလ်ကို အခဲမကျေ ရန်ငြိုးဖွဲ့ပြီး ပြန်ဒုက္ခပေးသည်။



ဒုက္ခပေးပုံကတော့ ပြောက်ကျားစစ်သား ယန်းကီးများအား သူတို့၏ ရန်ဖက်ဖြစ်သော ပြည်ထောင်စုတပ်များသို့ ဗီလီဟူးလ်က သေနတ်တွေခိုးရောင်းနေကြောင်း သတင်းပေးချောက်တွန်းလိုက်ခြင်းပင် ဖြစ်၏။

ယန်းကီးစစ်သားများက ဗီလီဟူးလ်အား တောင်စောင်းတစ်လျှောက် တရွတ်တိုက်ဆွဲခေါ်သွားပြီး သေနတ်နှင့် ပစ်သတ်ခဲ့သည်။ သူတို့သည် သူ့ကို သေပြီဆိုပြီး ပစ်ထားခဲ့၏။ ဒါပေမယ့် သေနတ်ကျည်ဆံက ခေါင်းကို ဖောက်ထွက်သွားရာမှ မျက်စိတစ်လုံး ကွယ်သွားစေသော်လည်း၊ ဦးနှောက်ကို မထိ။ ကံကောင်းလွန်းလှစွာ လွဲချော်သွားခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့၏။ လယ်သမားကြီးတစ်ယောက်၏မိန်းမက သူ့ကိုတွေ့ပြီး ကျန်းမာသက်သာအောင် ကုသပေးခဲ့သည်။

ဗီလီဟူးလ်သည် ၅၈ နှစ်တိုင်အောင် အသက်ရှည်နေထိုင်သွားခဲ့သလို၊ သူ့အကြောင်းကလည်း တင်နက်ဆီပြည်နယ် အလယ်ပိုင်းတွင် သားစဉ်မြေးဆက် ပြောမဆုံးသော ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ခဲ့ရတော့၏။

ဗီလီဟူးလ်သည် ပညာ ကောင်းကောင်းမသင်ခဲ့ဖူးသလို၊ စာကိုလည်း အရေးအဖတ်ကလေးမျှ မတတ်ခဲ့ရှာပါ။ သို့သော်လည်း သူသည် ဖျံကျကျကုန်သည်ကြီးတစ်ယောက် ဖြစ်လာခဲ့ပြီး၊ ၁၉၂၃ ခုနှစ် သူ ကွယ်လွန်ချိန်၌ ပေါင် ၄ သောင်းခန့် ချမ်းသာနေပါပြီ။ သို့သော် သူ၏ နောက်ဆုံးနေ့များအထိ အန်ကယ်ဗီလီသည် အင်္ကျီကော်လံတပ်၍ ဝတ်ဖို့ အပြတ်ငြင်းခဲ့သည်။ ကော်လံတွေက သူ့ကို အသက်ရှူကျပ်စေပြီး၊ လည်ပင်းကိုလည်း အနာတရဖြစ်စေသည် ဆို၏။

•

သူ့ဘဝ၏နောက်ပိုင်း ဆောင်းတွင်းကာလများ၌ ဖလော်ရီဒါသို့ မကြာခဏသွားလေ့ရှိ၏။ သူသည် ၁ ပေါင်တန်အင်္ကျီများကို အပေါ်စားသေတ္တာထဲထည့်ပြီး၊ သေတ္တာကိုင်း၌ သတ္တုခွက်တစ်ခွက်ကိုချည်လျက် ဖလော်ရီဒါသို့သွားတိုင်း ခရီးသည်တင်ရထားကို မစီး၊ ကုန်ရထား၏အစောင့်တွဲမှ စီးသွားတတ်သည်။

ဪ- ဘာလိုလိုနှင့် ကျွန်တော့်စာတလမ်းကလည်း ဟိုရောက်ဒီရောက် ပေရှည်နေပါရောလား။ တကယ့်တကယ် ခင်ဗျားကို ကျွန်တော်ပြောချင်တာက ဗီလီဟူးလ်အကြောင်း မဟုတ်ပါ။ သူ့သား ကော်ဒယ်ဟူးလ်အကြောင်းသာ ဖြစ်ပါသည်။

အရပ်ရှည်ရှည်၊ အသားညိုညို ချာရက်ကီ ရကအင်ဒီးယန်းသွေးနှောသော ဗားဂျီးနီးယားအမျိုးမကလေးနှင့် ဗီလီဟူးလ် လက်ထပ်ခဲ့သည်။

သူတို့သည် သား ၅ ယောက်ကို ပျော်ပျော်ကြီး မွေးဖွားခဲ့ကြ၏။ သူတို့၏ ၃ ယောက်မြောက်သားမှာ 'ကော်ဒယ်လ်'ဖြစ်၍၊ သူတို့က 'ကော့ဒ်' ဟု အတို ကောက် ခေါ်ကြသည်။ ကော့ကို ၁၈၇၁ ခုနှစ် ပြည်တွင်းစစ်ကြီး အပြီးသတ် ရပ်ခဲ့ပြီး ၆ နှစ်အကြာတွင် မွေးခဲ့၏။

ဘီလီဟူးလ်က သူ့သား ကော်ဒယ်အား ဒီစကားလုံးများဖြင့် သိဋ္ဌိတင်ခဲ့ ပါလေ၏။

"ကော့ဒ်ဟာ ကျောင်းဆရာဖြစ်ဖို့ အရည်အချင်း မရှိဘူး။ သစ်ခုတ်သမား ဖြစ်လောက်အောင်လည်း အကြမ်းမခံနိုင်ဘူး။ ဆရာဝန်လုပ်စားဖို့လည်း လူပေါင်း မဆုံဘူး။ တရားဟောဆရာတစ်ယောက်မှာ လိုအပ်တဲ့ ကျယ်ကျယ်လောင်လောင် အသံသြဇာမျိုးလည်း သူ့မှာ မရှိဘူး။ ဒါပေမယ့် ကော့ဒ်ဟာ အနုလုံပဋိလုံ ဘက်စုံထောင့်စုံတွေးတတ်တဲ့ အတွေးသမားအစစ်ပဲ"

ကော်ဒယ်ဟူးသည် ဘက်စုံအတွေးသမားအစစ် ဖြစ်ရုံသာ မကပါ။ ဘက်စုံ ထူးချွန်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်း အစစ်အမှန် ထိုက်ထိုက်တန်တန် ဖြစ်လာခဲ့ပါပေရဲ့။ သူသည် အမေရိကန်နိုင်ငံ၏ ဒုတိယ ခေါင်းဆောင် ၁၁ နှစ် တိုင်တိုင် ဖြစ်ခဲ့၏။

ဘီလီဟူးလ်နှင့် ချာရက်ကီအင်ဒီးယန်းသွေးပါသော ဗာဂျီးနီးယားနယ်သူ လေးတို့၏ သားတော်မောင်သည် ကမ္ဘာကြီးကို ရှေ့ပြန်နောက်ပြန်လည်စေသော နိုင်ငံရေးသမားများ၏ရှေ့တန်းက အဆင့်မြင့်ရာထူးကြီးတွင် အခိုင်အမာ ရပ်တည်ခဲ့ ပါလေပြီ။

ကော်ဒယ်ဟူး၏ ဘဝဇာတ်လမ်းသည် ဥပဒေနှင့် နိုင်ငံရေး၏ ကြီးကျယ် သောဇာတ်လမ်းလို့ပင် ဆိုရပေမည်။

သူသည် ကွန်ဂရက်လွှတ်တော်တွင် ၂၂ နှစ် အမှုထမ်းခဲ့ခြင်းဖြင့် သူ့ဘဝ၏ ၃ ပုံ ၂ ပုံကို ပြည်သူအတွက် အလုပ်အကျွေးပြုခဲ့သည်။





သူက "ရှေ့နေလုပ်ဖို့ သူ ဘယ်အသက်အရွယ်မှာ ဆုံးဖြတ်ခဲ့မိကြောင်း အမှတ်မရတော့ပါ"ဟု ထုတ်ဖော်ဝန်ခံခဲ့ဖူး၏။ စင်စစ်တော့ သူသည် ငယ်ရွယ်စဉ် ကတည်းက အခြားကလေးများလို ရေကူးဖို့၊ ငါးမျှားသွားဖို့ အရေးမထားဘဲ ရှေ့နေဖြစ်ဖို့သာ ဆန္ဒပြင်းပြခဲ့သူ ဖြစ်၏။ တခြားကောင်လေးတွေ ငါးမျှားနေခိုက်၊ တချို့က ရေကန်ကြီးထဲ ကျွမ်းပစ်လို့ကောင်းနေဆဲတွင် သူက သစ်ငုတ်တိုပေါ် ထိုင်လျက် စာအုပ်တွေ ဖတ်နေခဲ့သည်။

သူ့အဖေက ပြောဖူး၏။

"ကော့ဟာ မတ်တတ်ထ လမ်းလျှောက်နိုင်ပြီဆိုတဲ့ အချိန်ကတည်းက လူကြီးဆန်ဆန် နေထိုင်ရင်း ကြီးပြင်းလာခဲ့တဲ့သူပါ"

လူငယ်ဘဝတုန်းကပင် ကော်ဒယ်ဟူးလ်သည် သူ့ဖခင်ကြီး နက်ရှိဗီးလ်သို့ သစ်ဖောင်မျှောချရာတွင် လိုက်ပါကူညီခဲ့၏။ သစ်ဖောင်က မြစ်ကြောတစ်လျှောက် ၁၀ ရက် ၁၀ ညတိုင်တိုင် စုန်ဆင်းခဲ့သည့်ကာလအတွင်း ကော်ဒယ်လ်တစ်ယောက် အမိုးအကာမဲ့ဟင်းလင်းပြင်အောက်တွင် နေပူပူမိုးရွာရွာ အိပ်ပျော်ရင်း လိုက်ပါ သွားခဲ့သည်။ သူက ဒါကို အတော်လေး ဘဝင်ခိုက် နှစ်ခြိုက်၏။ အရသာ တွေ့ခဲ့၏။ သစ်ဖောင်မျှောသည့်အလုပ်ကို သူ တန်ဖိုးထားမြတ်နိုးသည်ဟု ကျွန် တော် ပြောမလားလို့ပါ။

ဒါပေမယ့် တကယ်တမ်းကျတော့ သူသည် အလုပ်ကြမ်းသမားဘဝနှင့် မြစ်ပြင်တစ်ကြော သစ်ဖောင်မျှောချရသည့်အလုပ်ကို သိပ် အရေးမထားခဲ့။ ပြီးတော့ ဖောင်စီးရခြင်းမှာ သူ့အတွက် အကြိုက်ဆုံးကစားနည်းသာဖြစ်သည်။

'နက်ရှိဗီးလ်' ဟူသော လောကသစ်ဆီသို့ ရင်ခုန်စရာစွန့်စားခန်းများနှင့်အတူ ဝင်ရောက်ပြီး၊ ရထားများ၊ ဟိုတယ်များ၊ ကောင်းမွေညွှန့်မွေဆိုသော တွဲကြီးများ စီးရခြင်းကိုလည်း ပျော်မွေ့လှသည် မဆိုသာ။

စင်စစ်အားဖြင့်မူ သူ့အဖို့ နက်ရှိဗီးလ်၏ ပဓာနအကျဆုံးဆွဲဆောင်မှုမှာ မြို့ပေါ်က စာအုပ်ဆိုင်များသာ ဖြစ်သည်။ သူ့မှာပါသော ငွေစလေးများဖြင့် ဥပဒေစာအုပ်ဟောင်းတွေကို တစ်ပုံကြီး ဝယ်နိုင်သောကြောင့်ပါတည်း။

ပြည်သူလူထုအကြားတွင် ရာစုနှစ်ဝက်မျှ ကျင်လည်လှုပ်ရှားနေခဲ့ရစဉ် ကော်ဒယ်ဟူးသည် မိန့်ခွန်းတွေ၊ စကားတွေ အများကြီးပြောခဲ့ဖူးပါ၏။ သို့ရာတွင်

သူ့ဘဝတစ်သက်တာတွင် အရေးအပါဆုံးပြောဟောမှုကို ၁၄ နှစ်သားကတည်းက လုပ်ခဲ့ရကြောင်း သူကိုယ်တိုင်က ဖွင့်ဟခဲ့ပါသည်။ အဖြစ်ကတော့ ဒီလိုပါ။

ကော်ဒယ်သည် သူ့ဖခင်ကြီးက သူတို့ ညီအစ်ကို ၅ ယောက်ထဲမှ တစ်ယောက်ကို ကောလိပ်ကျောင်းပို့ဖို့ ရည်ရွယ်ထားတာ သိ၏။ ဒါပေမယ့် ဘယ်သူရယ်လို့တော့ အတိအကျ မသတ်မှတ်ရသေး။

ကော်ဒယ်လ်က အထက်တန်းပညာသင်ယူခွင့်ရသင့်သူမှာ သူသာ ဖြစ်ရမည် ဟု ဆုံးဖြတ်ချက်ချခဲ့၏။

သူ့အဖေကြီးကို တွန်းအားပေးနိုင်ရန်အလို့ငှာ ကော်ဒယ်လ်သည် ဝီလ်လိုဂရု(ပ်)ကျောင်းရှိ စကားရည်လုအသင်းသို့ ဝင်လိုက်၏။ သို့ဖြင့် စကားရည်လုပွဲတစ်ခု၌ သူက "အမေရိကန်ပြည်ထောင်စုကြီးကို "ကာကွယ်ပေးခဲ့သော ဂျော့ချ်ဝါရှင်တန်"သည် "ရှာဖွေပေးခဲ့သောကိုလံဘတ်စ်"ထက် ပို၍ ကျေးဇူးကြီးမားသည်" ဟူသောအဆိုကို ထောက်ခံပြောဆိုရ၏။

ကော်ဒယ်လ်က သွေးဆူစရာခေါင်းစဉ်ကြောင့် "သူတို့စကားနိုင်လုပွဲသို့ သူ့အဖေကြီး လာနားထောင်ချင်စိတ် ပေါက်နိုင်သလို၊ မိုင်ချီဝေးသော ဘေးပတ်ဝန်းကျင်မြို့တွေမှလည်း စိတ်ဝင်တစား လာနားထောင်မှာပဲ" ဟု အတပ်တွက်မိသည်။ ဒါကြောင့်လည်း သူက သမိုင်းတွေကို နေ့မအားညမနားဆိုသလို ဖတ်၏၊ လေ့လာ၏၊ အချက်အလက်တွေ ရှာ၏၊ အထပ်ထပ်အခါခါ အစမ်းလေ့ကျင့်၏။

သူတို့၏ "ခရိုင်ကျောင်းဆရာအသင်း" ကလည်း ဝီလ်လိုဂရု(ပ်)တွင် ညီလာခံတစ်ရပ်ကျင်းပနေချိန်နှင့် တိုက်ဆိုင်နေရာ ကော်ဒယ်လ်သည် ညီလာခံတက်လာသော ဆရာတိုင်းအား "ဝါရှင်တန်နှင့် ကိုလံဘတ်စ် ဘယ်သူက ပိုကျေးဇူးကြီးသလဲ။ ဘာကြောင့်လဲ" ဆိုသောအဖြေကို လိုက်မေးခဲ့ချေသေး၏။ စွမ်းစွမ်းတမံကြိုးစားမှုနှင့်အမျှ စကားရည်လုပွဲတွင် ကော်ဒယ်လ် အနိုင်ရရှိလိုက်ပါပြီ။

သည်တော့လည်း သူတို့အိမ်မှ ၁၂ မိုင်ဝေးသော "မောင့်ဗေးလ် အကယ်ဒမီ" ကျောင်းသို့ သွားတက်ရန် သူ့အဖေခွင့်ပြုဖို့ အသေအချာကြီး သေချာသွားရတော့သည်။

အကယ်ဒမီကျောင်းတွင် စာသင်ရင်းတန်းလန်းက ကော်ဒယ်လ်ဟူးလ်သည် မြို့ထဲ၌ အခန်းငှားနေပြီး၊ သူစားဖို့ သူ ချက်သည်။ သူ့ပန်းကန် သူ ဆေးသည်။





သူ့အိပ်ရာ သူ ခင်းသည်။

သောကြာနေ့ညများဆိုလျှင် ၁၂ မိုင်အကွာရှိ သူတို့အိမ်ရှိရာ အဖေ့ယာမြေသို့ ကုန်းကြောင်းလျှောက်ပြန်ပြီး၊ စီလိုဂရု(ပ်) စကားရည်လုပွဲအသင်း၏ အခမ်းအနား အစီအစဉ်တစ်ခုကို အချိန်မီရောက်အောင်ပြန်ကာ ပါဝင်ဆင်နွှဲနေကျဖြစ်၏။

တနင်္လာနေ့မနက် မိုးလင်းလင်းချင်း လယ်တောမှ ၁၂ မိုင်ဝေးသော မြို့လေးကို သူ့မိခင်ကြီးဖုတ်ပေးသော ပေါင်မုန့်၊ အိမ်မှာလုပ်သောဝက်အူချောင်းတွေ ယူပြီး ခြေကျင်ပြန်ခဲ့ရပြန်သည်။

သည်လို မြိုးမြိုးမြမြတာနေသည့်ကြားမှပင် ကော်ဒယ်လ်ဟူးလ်အတွက် မြို့ပေါ်နေရသည့်စရိတ်က တစ်နေ့ကို ၁ သျှီလင် ၃ ပဲနီခန့် ကုန်ကျသေး၏။

မောင့်ဗေးလ်အကယ်ဒမီကို "အမေရိကန်တောင်ပိုင်း၏ဟားဗတ်တက္ကသိုလ်" လို့ ကြွကြွယန်ယန်ခေါ်မည်ဆိုလျှင်လည်း ခေါ်လို့ရနိုင်လောက်ပါရဲ့။ တစ်ကျောင်းလုံးတွင် ဆရာ ၂ ယောက်တည်း ရှိသည်။ ဒါပေမယ့် "ဂျိုး မက်မီလန်" ဆိုသောဆရာက ကော်ဒယ်လ်ဟူးလ်အား ခန္ဓာဗေဒ၊ ဂျော်မက်ထရီ၊ ဂရိဘာသာများကို သင်ပေးသည့်အပြင်၊ ထို့ထက် အဆပေါင်း ၁၀၀၀မက အရေးကြီး၍အဖိုးတန်သော လုပ်ရပ်အနေဖြင့် လူငယ်လေး၏အတွေးအမြင်၊ ရည်မှန်းချက်များကို စူးထက်အောင် သွေးပေးခဲ့သေးသည်။ ပြီးတော့ ကိုယ့်ကိုယ်ပိုင် အစွမ်းသတ္တိပေါ်တွင် နိုင်မြဲသောယုံကြည်အားကိုးမှုကိုလည်း ဖွံ့ဖြိုးထွန်းကားစေခဲ့၏။

မောင့်ဗေးလ်အကယ်ဒမီ၏ နံရံများပေါ်တွင် ရောမဘောင်ကြီးကွပ်၍ ချိတ်ဆွဲထားသော ဆောင်ပုဒ်က ကော်ဒယ်လ်ဟူးလ် အသက်ရှင်နေသမျှ ဘဝတစ်လျှောက်လုံး၌ တစ်နေ့ ၁၂ နာရီမှ ၁၄ နာရီအထိ အလုပ်လုပ်နိုင်စွမ်းရှိအောင် စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်ဟုဆိုနိုင်ပါသည်။ ဆောင်ပုဒ်ကတော့ -

"ခွန်စိုက်အားစိုက်မလုပ်ဘဲနှင့် အကောင်းဆုံးဆိုတာ မရရှိနိုင်"

ထိုရက်များက ကော်ဒယ်လ်ဟူးလ်မှာ တစ်ခုတည်းသောရည်မှန်းချက်သာ ရှိခဲ့၏။ နိုင်ငံရေးသမား ဖြစ်လိုခြင်းပင် ဖြစ်၏။ "အောင်မြင်သောနိုင်ငံရေးသမားကောင်းတစ်ယောက်ဖြစ်ဖို့ စကားများများပြောရမည်" ဟု သူ သိထားခဲ့သည်။ သို့ဖြင့် သူသည် လူတောထဲတွင်ဟောပြောပုံများကိုလေ့လာခဲ့ပြီး သောကြာနေ့

ညနေပိုင်း ကျောင်းမတက်ခင် ကဗျာတွေကိုလည်း အရကျက်ခဲ့၏။ သူ့အသည်းစွဲ ကဗျာကတော့ 'ဘင်ဂျန်း အွန်သည် ရိုင်း' ဟူသောကဗျာပင် ဖြစ်ပါသည်။

ကော်ဒယ်လ်၏ စကားပြောကျွမ်းကျင်ဖို့ဆန္ဒက ဘယ်လောက်များ ထက်သန်လိုက်ပါသလဲဆိုလျှင် ယာခင်းထဲတွင် တောက်တိုမည်ရအလုပ်လေးတွေ ဝိုင်းလုပ်ပြီး၊ သူ့အဖေကပေးသော ပေါင်ငွေ ၆ ပေါင်ကို မြင်းတစ်ကောင်တပ် လှည်းတစ်စီး ငှားသည်။ တစ်မြို့မှတစ်မြို့သို့ ကွန်ဂရက်အမတ် ဘင်တန်မက်မီလန် သွားရသည့်ခရီးစဉ်ကို လိုက်မောင်းပို့ခဲ့ခြင်းဖြင့် နိုင်ငံရေးသမားကြီး၏နေ့စဉ် ဟော ပြောမှုများကို သင်ယူမှတ်သားခွင့် ရခဲ့ရ၏။

ကွန်ဂရက်အမတ် ဘင်တန်မက်မီလန်သည် နောက်ပိုင်းတွင် တင်နက်ဆီ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့၏။

ကော်ဒယ်လ်ဟူးက သူ၏ နိုင်ငံရေးသမားဘဝတွင် မက်မီလန်၏ နိုင်ငံခြား ကုန်သွယ်ရေးဆိုင်ရာမိန့်ခွန်းနှင့် အယူအဆများက နက်ရှိုင်းစွာလွှမ်းမိုးခဲ့ကြောင်း ဝန်ခံခဲ့၏။

ကော်ဒယ်လ်ဟူးသည် ကမ်ဘာလင်းတက္ကသိုလ် ဥပဒေသင်တန်းကျောင်းမှ ဥပဒေဘွဲ့ရခဲ့ပြီးနောက်၊ မဲရွေးပွဲ မဝင်မီအချိန်တွင် ရှေ့နေလိုက်ခဲ့သေးသည်။ ဒါပေမယ့် အမှုသည်တွေက သက်တံ့တွေလိုရှားပါးလှသဖြင့် အချိန်တော်တော် များများမှာ ဘလက်စတုန်း၏ ဥပဒေအဖွင့်ကျမ်းစာအုပ်တွေ ဖတ်ရင်း၊ ဝါရင့် ရှေ့နေကြီးများနှင့် ဖဲကစားရင်း၊ သူတို့၏အတွေ့အကြုံ အကြံဉာဏ်တွေကို နှီးသက်မံ နားထောင်ရင်း ကုန်လွန်စေခဲ့ရ၏။

ကော်ဒယ်ဟူးလ်တစ်ယောက် နိုင်ငံတကာရေးရာများကို စိတ်ပါလက်ပါ အာရုံစိုက်ခဲ့သည့် စောစောပိုင်းအချိန်များကပင် နက်ရှီးလ်တွင် တစ်ပတ် တစ်ကြိမ် ထုတ်စာစောင်ကို သူတို့မြို့က မှာဖတ်သူ လက်တစ်ဆုပ်စာထဲ တစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။

ထိုစာစောင်ကတော့ 'အမေရိကန် အပတ်စဉ်သတင်းဂျာနယ်' ဖြစ်၍၊ ထုတ်ဝေပြီး ၃-၄ ရက်ကြာမှ မီးသင်္ဘောဖြင့် ရောက်လာတတ်သည်။ ပြင်ပ ကမ္ဘာကြီး၏သတင်းတွေက တင်နက်ဆီပြည်နယ်သားတွေအတွက် ကြားသိရခဲ





လှသလို၊ သတင်းလွှာကို အကျယ်ကြီးအော်ဖတ်ပြနေသည့် ကော်ဒယ်လ်ဟူးလ် အနားတွင် လူအုပ်ကြီး ဝိုင်းနေလေသော ဟူ၏။

နိုင်ငံရေးအဆိပ်မိလို့ နိုင်ငံရေးပိုး ထပြီဆိုတော့လည်း သူကိုယ်တိုင် နိုင်ငံတော် ဥပဒေပြုလွှတ်တော်တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် ပါဝင် အရွေးခံခဲ့၏။ သို့သော် သူ့အသက် ၂၁ နှစ်ပြောက်မွေးနေ့တိုင်အောင် ဥပဒေပြုအဖွဲ့နှင့် ရေစက်ဆုံခွင့် မရသေး။

၃၂ နှစ်မှာတော့ သူသည် နယ်လှည့်တရားသူကြီး၊ သို့မဟုတ် နယ်လှည့် ဥပဒေအကြံပေးအရာရှိကြီး ဖြစ်ခဲ့သည်။ ယခင် ရာစုနှစ်ဝက်လောက်က သမ္မတ လောင်း အေဘရာဟင်လင်ကွန်း ကဲ့သို့ပင် မြင်းလှည်းတစ်စီးဖြင့် ၁ နှစ်မှာ ၁၀ လ ကြာ ခရီးလှည့်ပြီး ရုံးထိုင်ခဲ့ရ၏။

တင်နက်ဆီပြည်နယ် အချက်အချာမြို့ကြီးများမှ မြို့လူထုတွေက သူ့ကို 'တရားသူကြီး ဟူး' လို့ ခေါ်ရတာ အရသာတွေ့နေသလို၊ သူ့ဇနီးသည်ကိုယ်တိုင် ကလည်း သူစိမ်းတစ်ဆံများနှင့် ပြောတိုင်း မကြာခဏ ဂုဏ်ဖော်ပြောနေကျ ဘွဲ့ထူးဖြစ်ခဲ့ပါတော့၏။

တရားသူကြီးတစ်ယောက်အနေဖြင့် ကော်ဒယ်ဟူးလ်သည် အင်မတန် စည်း ကမ်းကြီးပြီး သမာသမတ်ကျ၏။ ဘယ်သူမျှ ဘက်မလိုက်၊ အဂတိ ရှောင်ရှား၏။

သူ့အဖေအရင်းခေါက်ခေါက်ကြီးကိုပင် 'တရားရုံးတော်အတွင်း ဦးထုပ် ဆောင်းထားရပါ့မလား' ဆိုကာ ဒဏ် ငွေ ၁ ပေါင် ရိုက်ခဲ့ပါသတဲ့။

နောက် သာဓကတစ်ခုကတော့ သူ့အဖေကို ယန်းကီးစစ်သားတွေ သေနတ် နှင့်ပစ်ပြီး သေပြီအမှတ်ဖြင့် စွန့်ပစ်ခဲ့ရာ၌ အသက်ကယ်ခဲ့သောလယ်သူမကြီး၏ အသနားခံ လျှောက်လဲသည်ကိုလည်း ပယ်ချခဲ့ဖူးသည်။ လယ်သူမကြီးက ဘုရား ကျောင်းဝတ်ပြုနေစဉ် ဝင်ရောက်နှောင့်ယှက်မှုဖြင့် အဖမ်းခံရသောသားအတွက် တရားသူကြီးဟူးလ်ကို လာတွေ့ပြီး သက်ညှာရာသက်ညှာကြောင်း တောင်းပန် ခဲ့ခြင်းပါ။

''ခုံသမာဓိ ဂျူရီလူကြီးတွေက အပြစ်ရှိတယ်လို့ဆုံးဖြတ်ရင် မင်းကလည်း စီရင်ချက် ချရတော့မှာပဲ။ ဒါဆိုရင် အမေ့သားက ထောင်ကျရသလို အမေ

ကိုယ်တိုင်လည်း ထောင်ထဲ လိုက်နေရတော့မှာပါကွယ်'' ဟု မျက်ရည်စက်လက်နှင့် ပြောခဲ့၏။

ဂျူရီလူကြီးတွေက အပြစ်ရှိကြောင်း စွဲချက်တင်ခဲ့၍၊ တရားသူကြီး ဟူးကလည်း ''ဒဏ်ငွေ ၁၀ ပေါင် ပေးဆောင်စေ'' အပြစ်ချလိုက်သည်။

ပြီးမှ သူ့ အိတ်ထဲနှိုက်၍ တရားခံ၏အမေအား ပေါင် ၂၀ ထုတ်ပေးခဲ့၏။ ၁၀ ပေါင်က ဒဏ်ငွေဆောင်ဖို့ ဖြစ်ပြီး၊ ကျန် ၁၀ ပေါင်ကတော့ အဘွားကြီးအတွက် ဖြစ်၏။ ထိုအချိန်က ၁၀ ပေါင်ဆိုတာ အသပြာငွေမှာ တောသူတောင်သားမိသားစုတစ်စုအဖို့ ၂ နှစ်-၃ နှစ် စားမကုန်အောင် များလှပါဘိ။

အသက် ၃၅ နှစ်တွင် ကော်ဒယ်လ်ဟူးလ်သည် ရင်တသိမ့်သိမ့်တုန် အသည်းတဖိုဖိုမောရသော ကွန်ဂရက်အမတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ သူ့မဲဆန္ဒနယ်တစ်လျှား တောချုံအုံကြားမကျန် ခရီးကြမ်းနှင်ခဲ့ရသည်။ လှည်းဘီး ၃ ဘီးနှင့် လှည်းအိမ် ၃ လုံး ပျက်စီးခဲ့သည့်အဆုံး ၁၇ မဲ အသာဖြင့် အနိုင်ရခဲ့ပါလေ၏။

၁၉၀၆ ခုနှစ် ဝါရှင်တန်သို့ သူ ရောက်လာသောအခါ နိုင်ငံရေးလောကတွင် ရှေ့တန်းမှ ရပ်တည်နိုင်ရေးမှာ တစ်ဖက်ဖက်၌ ပါရဂူမြောက် ထူးချွန်ထားရမည်ဟု နားလည်လိုက်သည်။

ထို့အတွက် အခွန်အကောက်ဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ အနှစ် ၃၀ နီးပါး မနားမနေ တရစပ် လေ့လာဟောပြော နေခဲ့သည်။

လွန်ခဲ့သော ၄၂ နှစ်ကတည်းက သူက အမြတ်ခွန်ဥပဒေများကို အမေရိကန်နိုင်ငံတွင် ပထမဆုံး ရေးဆွဲခဲ့၏။ ထို့အပြင် အမွေဆက်ခံခြင်းနှင့်ပတ်သက်သော အခွန်ဥပဒေများကိုလည်း သူပင် ပထမ ရေးဆွဲပြဋ္ဌာန်း ပေးခဲ့သည်။ ကုန်သွယ်ခွန်၊ အကောက်ခွန်များနှင့်စပ်လျဉ်း၍မူ သူက အရှုပ်အမွှေး အသည်းအသန် စိတ်ဝင်စားခဲ့၏။ သူ တစ်ခါက ပြောဖူးသည်။

''ကျွန်တော့်အဖို့ ဟင်း ၇ ပွဲနှင့် ညစာစားရတာထက် အကောက်ခွန်ဆိုင်ရာလက်ကမ်းစာစောင် ၇ မျက်နှာကိုဖတ်ရတာ ပိုပြီးနှစ်သက်ပါတယ်''တဲ့။ ဒါ အမှန်ပဲ ဖြစ်ပါသည်။





သူသည် အချိန်ကြာကြီး ကျင်းပလေ့ရှိသော ညစာစားပွဲပါတီများကို မနှစ်မြို့သလို၊ မိတ်ဆက်ပွဲ၊ ဧည့်ခံပွဲသက်သက်တွေကိုလည်း ရှောင်ကြဉ်တတ်ပါသည်။ မလွှဲသာသည့်အဆုံးမှ အလုပ်တာဝန်အရ ပါတီတချို့ကို တက်ရောက်လေ့ ရှိ၏။ ထိုအခါများမှာလည်း ညစာကို အပြည့်အဝမစား။ ဟိုတို့ဒီတို့နှင့် နို့တစ်ခွက်လောက်သာသောက်ပြီး ကမ္ဘာကရာပြန်လစ်တတ်ပါသည်။

ဟူးသည် ၄၈ နှစ်အရွယ် လူပျိုသိုးကြီးဖြစ်ချိန်တိုင် အိမ်ထောင်မကျခဲ့ပါ။ ထို့နောက်မှ ဗာဂျီးနီးယားက မုဆိုးမချောချောလေးတစ်ယောက်ကို လက်ထပ်ယူလိုက်၏။

သူတို့ ဝါရှင်တန်မြို့တော် ကာလ်တန်ဟိုတယ်ကြီးမှ အခန်း ၄ ခန်းပါသော အဆောင်ကြီးတွင် နေခဲ့ကြပါသည်။ ဟူးလ်က မကြာမကြာပင် သူကိုယ်တိုင် တံခါးထဖွင့်ပေးတတ်၏။


ဂျပန်များအပါအဝင် လူတော်အများများက ကော်ဒယ်လ်ဟူးလ်အပေါ်တွင် အမှားတစ်စုံတစ်ရာရှာဖို့ ခက်ခဲကြောင်း တွေ့ရှိခဲ့ကြရပါသည်။

ပုလဲဆိပ်ကမ်း စုံးကြမခံရခင် တစ်လလောက်ကြိုပြီး သူက ကျွန်တော်တို့ကို သတိပေးခဲ့၏။

''ဂျပန်တွေ မကြာခင် ပြန်တိုက်လိမ့်မယ်။ မကြာခင် ဂျပန်တွေ ပြန်တိုက်လိမ့်မယ်''

ဒါပေမယ့် ပုလဲဆိပ်ကမ်းက တာဝန်ရှိ ပုဂ္ဂိုလ်တွေအပါအဝင် လူတွေက သူ့စကားကို အရေးမထားခဲ့ကြပါ။

ကဲ-ဒါကတော့ အသက် ၁၇ နှစ်အထိ၊ သံလမ်းပေါ်ပြေးတဲ့ မီးရထားဆိုတာကို တစ်ခါမျှမမြင်ဖူးဘဲ၊ တင်နက်ဆီ သစ်တောထဲက မိနပ်မပါဘဲ တက်လာတဲ့ 'ကော်ဒယ်လ်ဟူးလ်' ဆိုတဲ့ ချာတိတ်လေးအကြောင်းပါပဲ ခင်ဗျား။



## ဟင်နရီ ဂျေ-ကိုင်ဇာ
## Henry J. Kaiser

**စာတ်ပုံဆိုင်အလုပ်သမားလေးဘဝမှ
ကမ္ဘာပေါ်တွင် အကြီးဆုံးသော
သင်္ဘောတည်ဆောက်သူ ဖြစ်ခဲ့သည်။
ငွေကို မမက်၊ အလုပ်ကို မက်၏။
လူ့လောကကြီးအပေါ် စေတနာထား၍
ကောင်းကျိုးဆောင်ခဲ့သူတစ်ဦး။
တီထွင်ဉာဏ်နှင့် ဖွဲ့သန်၍
အောင်မြင်မှုသရဖူ ဆောင်းနိုင်ခဲ့၏။**

❐ ကမ္ဘာစစ်ကြီးက ရှေ့တန်းသို့ တွန်းပို့လိုက်သော လုပ်ငန်းရှင်တစ်ဦးကတော့ 'ဟင်နရီ ဂျေ ကိုင်ဇာ' ပင်တည်း။

သူသည် စစ်ကြီးတွင် အနိုင်ရရန် အခြားအခြားသောတိုင်းသူပြည်သားများလိုပင် အစွမ်းရှိသမျှလုပ်ဆောင်ခဲ့သူ ဖြစ်နိုင်ပါ၏။

စစ်ကြီးမတိုင်မီက 'ဟင်နရီ ဂျေ ကိုင်ဇာ' ဆိုသောနာမည်ကို ကြားဖူးသူ အနည်းငယ်မျှသာ ရှိပါလိမ့်မည်။ ဒါပေမယ့် တိုတောင်းလှသော နှစ်ပိုင်းလေးအတွင်းမှာပင် အံ့မခန်းကြီးမားလှသည့် စွမ်းပကားကိုပြ၍ ဟိုးလေးတကြော်ကြော် ကြားလာရ၏။



သူ့တွင် နေ့ရောညပါ အချိန်ပြည့်လည်နေသော ရေမသင်္ဘောတည်ဆောက်ရေးစက်ရုံကြီး ၇ လုံး ရှိသည်။ ကုန်သင်္ဘောကြီးများ၊ ဒက်စထရွိုင်းရားဖျက်သင်္ဘောကြီးများ၊ စစ်တပ် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လေယာဉ်တင်သင်္ဘောကြီးများကို အဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိ၏။ ကိုင်ဇာသည် တိုက်လေယာဉ်စက်ရုံတစ်ရုံနှင့် လေယာဉ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံတစ်ရုံလည်း ဖွင့်ထားခဲ့သေးသည်။

ပြီး သူသည် ရေမ မဂ္ဂနီစီယမ်သတ္တုတွင်းသစ်ကြီး တစ်တွင်းကိုလည်း တူးဖော်ထားလျက်၊ ခေတ်ပေါ်စစ်ပွဲအတွက် အထူးလိုအပ်သော အပေါ့စားသတ္တုသစ်တစ်မျိုးကို အကြီးအကျယ် ထုတ်ယူနေလိုက်ပြန်သေး၏။

သံမဏိတွေ လိုသလောက်ရဖို့ ခဲယဉ်းသွားချိန်၌ ကိုင်ဇာသည် ရှောကီးတောင်တန်းကြီး၏အနောက်ပိုင်းတွင် သံမဏိစက်ရုံကြီး တည်လိုက်ပြန်သည်။ သံရည်ကျိုစက်များမှ သံမဏိပြားဖြစ်သည်အထိ ကြိတ်နိုင်ခဲ့၏။ သံမဏိစက်ရုံအတွက် လိုအပ်သောသံရိုင်းများရဖို့လည်း သံမိုင်းတစ်မိုင်းကို ဝယ်ခဲ့သည်။ သံရည်ကျိုရန် လောင်စာရရေးအတွက် ကျောက်မီးသွေးတွင်းတစ်တွင်းပါ ဝယ်ခဲ့၏။

ကိုင်ဇာနှင့် သူ့ပတ်တနာများသည် သူတို့ကုမ္ပဏီများကိုစုစည်း၍ ပုလဲဆိပ်ကမ်းတွင်နစ်မြုပ်ခဲ့သော စစ်သင်္ဘောများကို ဆယ်ယူရာတွင် ကူညီခဲ့ကြသည်။

ထို့အပြင် ဗိုတ်ကျွန်း၊ မစ်ဒ်ဝေးကျွန်း ဂွာအမ်းကျွန်းများ၌ ရေတပ်တက်ဆိုင်ရာလေကြောင်းအခြေစိုက်စခန်းအမြောက်အမြားကို တည်ဆောက်ရေးမှာလည်း တစ်တပ်တအား ပါဝင်ခဲ့ကြသေး၏။

သူတို့သည် အလာစကာသို့ပေါက်သော စစ်ရေးဆိုင်ရာ အဝေးပြေးလမ်းမကြီး၏ တစ်စိတ်တစ်ပိုင်းကိုလည်း ကူညီဖောက်လုပ်ပေးခဲ့ကြ၏။

အလာစကာ၌ စစ်ဖက်လေဆိပ်များ၊ ရေဒီယိုဆက်သွယ်ရေးစခန်းများလည်း တည်ဆောက်ခဲ့သလို၊ ရေနံတွင်းတစ်တွင်းတူးပေး၍ ရေနံသန့်စင်သည့် စက်ရုံတစ်ရုံလည်း တည်ထောင်ပေးခဲ့၏။

ပြီးတော့ မြောက်ဖျားဒေသတွင် မိုင် ၄၀၀ ရှည်လျားသော ရေနံပိုက်လိုင်းတစ်လိုင်းကို ချပေးခဲ့ကာ၊ ပနားမားတူးမြောင်းအတွင်းမှာလည်း သင်္ဘောများ အဝင်အထွက်လုပ်ရန် ရေတံခါးများ တပ်ဆင်ပေးခဲ့၏။

ကိုင်ဇာသည် ကမ္ဘာ့အကြီးဆုံး ဘိလပ်မြေစက်ရုံကြီးလည်း ပိုင်ဆိုင်၏။ သူသည် ကမ္ဘာ့အကြီးဆုံး ရေကာတာကြီး ၃ ခု တည်ဆောက်ရာတွင်လည်း အဓိက ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

ထိုရေကာတာများကတော့ ကော်လိုရာဒိုမြစ်က ဘိုလ်ဒါရေကာတာ၊ အော်ရီဂွန်ပြည်နယ် ကိုလံဘီယာမြစ်ပေါ်က ဘွန်နီဗီလီ ရေကာတာ။ ထိုရေကာတာကြီးကို အင်ဂျင်နီယာအတော်များများက ဆောက်လို့မဖြစ်ပါဘူးဟု ပြောနေသည့်ကြားမှ ရအောင်ဆောက်ခဲ့ခြင်းဖြစ်သည်။ တတိယမြောက်အနေဖြင့် ကိုလံဘီယာမြစ်ပေါ်မှာပင်ရှိ၍ 'ကမ္ဘာ့အကြီးဆုံးရေကာတာကြီး' ဟုဆိုရမည့် ဂရင်းကော်လီရေကာတာတို့ပင် ဖြစ်သည်။

ဟင်နရီကိုင်ဇာသည် အမေရိကန်ပြည်တွင် အလုပ်သမားပေါင်း သိန်းချီ၍ ထမင်းကျွေးခဲ့သော အင်အားအကြီးဆုံးလုပ်ငန်းရှင်ကြီး ဖြစ်ခဲ့ပါသည်။

ဝဝဖိုင့်ဖိုင့် ထိပ်ပြောင်ပြောင် လူ့ရောမကြီးဖြစ်သောကိုင်ဇာကို ဘယ်နေရာမဆို လူတိုင်းက ချစ်ခင်ကြ၏။ 'သူတို့နှင့် တစ်သားတည်းပါ' ဟု ပြောကြ၏။ သူက အပိုင်စည်းရုံးနိုင်သည်။ လူတွေကလည်း သူ၏ ရိုးသားပွင့်လင်းမှုနှင့် လှိုက်လှိုက်လှဲလှဲ ပေါင်းသင်းဆက်ဆံတတ်မှုများကို နှစ်ခြိုက်ကြသည်။

စစ်ကြီးမတိုင်ခင်က ကိုင်ဇာသည် လက်လှော် လှေဝမ်းပြားလေးတစ်စင်းကိုမျှပင် မဆောက်တတ်သေးပါ။

၄ နှစ်အတွင်းမှာပင် သူက ကမ္ဘာကသိခဲ့သမျှ သင်္ဘောတည်ဆောက်ရေးသမားများထဲ၌ လုပ်ငန်းပမာဏအကြီးမားဆုံးနှင့် အမြန်ဆုံးလူ ဖြစ်လာပါတော့သည်။ သူက သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် သမားရိုးကျ အသုံးပြုခဲ့သော ပုံစံဟောင်းများကို ဟော်လှန်ပစ်ခဲ့၏။ ဥပမာပြရလျှင် သင်္ဘောတည်ဆောက်သူများသည် သင်္ဘောတစ်စင်းကိုတည်ရန် ၆ လမျှ အချိန်ယူနေကျ ဖြစ်ပါ၏။

သို့သော် ကိုင်ဇာ၏ အော်ရီဂွန်သင်္ဘောတည်ဆောက်ရေး ကော်ပိုရေးရှင်းကတော့ လီဘာတီသင်္ဘောတစ်စင်းကို ၁၀ ရက်တည်းနှင့် အပြီးတည်ဆောက်ပေးခဲ့၏။





ထိုစံချိန်ကို ကာလီဖိုးနီးယားသင်္ဘောကျင်းရှိ ကိုင်ဇာ၏ နောက်တစ်ဖွဲ့ကကြားတော့ အော်ရီဂွန်ကနည်းတွေထက် သာအောင်ကြိုးစားဖို့ သန္နိဋ္ဌာန်ချလိုက်ကြသည်။

သူတို့အုပ်စုကလည်း တိကျနိုင်မာသော ရည်မှန်းချက်ကို အကောင်အထည်ဖော်သောအားဖြင့် 'သည်ရာဘတ် အီ ပီယာရီ' အမည်ရှိ သင်္ဘောတစ်စင်း၏ရေကိုတနင်္ဂနွေနေ့မနက် ၁၂ နာရီ ၁ မိနစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး၊ ကြာသပတေးနေ့ ညနေပိုင်း၌ ၉၀ ရာခိုင်နှုန်းပြီးစီးပြီး ရေချနိုင်ခဲ့ပါပြီ။

ကဲ- ၆ လကြာမျှ တစ်ခါတစ်ရံ နှစ်ပေါက်သည့်တိုင်အောင် အချိန်ယူလုပ်နေကျအလုပ်ကို ၄ ရက် ၁ ပိုင်းတည်းနှင့် အပြီးသတ်အောင် လုပ်နိုင်ခဲ့သောစွမ်းအားကို တွေးသာကြည့်ပါတော့။

အမှန်တော့ ဒါက သက်သက် စတန့်ထွင်လုပ်ပြတဲ့ ပြကွက်တစ်ခုပါပဲ။ ဒီလိုပဲ အမြဲတမ်း ဆက်လုပ်နိုင်ဖို့တော့ ဖြစ်နိုင်စရာ မရှိပါ။ သို့ပေမယ့် ကိုင်ဇာက လီဗာတီသင်္ဘောများကို ရေချဆင်ပြီး တစ်လမပြည့်မီ ရေချနိုင်အောင် ဆက်ထုတ်လုပ်နိုင်ခဲ့သည်။

ကိုင်ဇာသည် ဖိအားပေးမှုအောက်တွင် လုပ်ရတာမျိုးကို ကြိုက်သည်။ ဘဝတွင် လှေလှော်သလို ခေါင်းဆောင်ပိုင်းက အားကောင်းမောင်းသန် အားကြိုးမာန်တက် ရုန်းကန်ဆောင်ရွက်ရတာမျိုးကို ဝါသနာပါလှ ရှိ၏။ ပညာရှင်ပါရဂူကြီးတွေက 'လုပ်လို့ မဖြစ်ပါဘူး' ဆိုပြီး လက်မြှောက်ထားလိုက်သော အလုပ်တွေကိုမှ မရမနေကြိုးပမ်းရတာကို နှစ်သက်၏။

သင်္ဘောတွေကို အစိတ်အပိုင်းအလိုက် ဆက်စပ်တည်ဆောက်ဖို့ သူ ကြံရွယ်အဆိုပြုခဲ့ချိန်အထိ သင်္ဘောတည်ဆောက်မှုနှင့်ပတ်သက်ပြီး နကန်းတစ်လုံးမျှ နားမလည်သေးပါချေ။ သူကိုယ်တိုင် သင်္ဘောတစ်စင်း စမတည်ခင်အထိ သူ့တစ်သက်နှင့်တစ်ကိုယ် သင်္ဘောကျင်းဆိုသည်ကို တစ်ခါသာ မြင်ခဲ့ဖူး၏။

သို့သော် သူက 'လောကကြီးမှာ မလုပ်နိုင်တာ၊ မဖြစ်နိုင်တာရယ်လို့ မရှိဘဲ၊ ကြိုးစားလျှင် ကျွမ်းကျင်လာမည်' ဟု နားလည်ယုံကြည်သည်။

သူက သင်္ဘောများကို ရှေးရိုးစဉ်လာ နည်းဟောင်းကြီးများအတိုင်း သင်္ဘောကိုယ်ထည်ဇရာကို အရင်ခင်းပြီးမှ အပေါ်က လိုအပ်သလို ပုံစံချတည်ဆောက်ခြင်းကို ပယ်ပယ်ခဲ့သည်။ ထိုနည်းက စစ်အတွင်းကာလမှာ ကြာလွန်းအားကြီးနေ၏။

ကိုင်ဇာက သူ့အင်ဂျင်နီယာများကို သာမန်သင်္ဘောကျင်းထက် ၃ ဆ လောက်ကြီးသော သင်္ဘောကျင်း (တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် အလုပ်သမားထောင်ချီ၍လုပ်နိုင်သော နေရာနှင့် စက်ရုံကြီး) ကို တည်ဆောက်ခိုင်းလိုက်၏။ ပြီးလျှင် သင်္ဘောဦးပိုင်းကို သတ်သတ်, ခါးပိုင်းကို တစ်နေရာ, ပဲ့ပိုင်းကို တခြားပြိုင်တူ တည်ရသည်။ နောက်မှ ထို ၃ ပိုင်းကို သင်္ဘောကျင်းများတွင် ရှိခဲ့ဖူးသမျှသော ကရိန်းစက်များထက် အဆမတန်ကြီးသော ကရိန်းကြီးများဖြင့် သယ်ယူပြီး ဂဟေနှင့် ဆက်ယူ၏။ ကိုင်ဇာသည် သံမှိုများကို နည်းနိုင်သလောက် အနည်းဆုံး သုံးသည်။ သံမှိုတွေက သူ့အတွက် အလုပ်ဖင့်နှေးစေသည်ဟု ယူဆ၏။

ကိုင်ဇာ၏ နောက်စွမ်းရည်တစ်ခုက သင်္ဘောအတွင်းပိုင်းများကို မော်တော်ကားစက်ရုံများမှာ ထုတ်သည့်နည်းအတိုင်း တစ်စစီ ထုတ်လုပ်ဆင်ယူခြင်း ဖြစ်၏။

ကိုင်ဇာနှင့် သူ့အင်ဂျင်နီယာအဖွဲ့သည် နည်းပညာသစ်များကို တီထွင်ကြံဆခဲ့ကြသေး၏။

ဥပမာအားဖြင့် လူစီးခန်းအထပ်များနှင့် အခြားအစိတ်အပိုင်းများကို စောက်ထိုးတည်ဆောက်ခြင်းပင်တည်း။ ဤသို့ဖြင့် အလုပ်သမားတွေအနေဖြင့် ဂဟေကို အောက်ငုံ့၍ဆော်ခွင့် ရခဲ့သည်။ မော့ပြီးဆော်ရတာထက် သက်သာလွယ်ကူ၍ မြန်လည်း မြန်သည်။ ထိုအခန်းကြီးတွေ ဆောက်ပြီးတော့မှ ကရိန်းစက်ကြီးတွေက အတည့်ပြန်ထောင်ပြီး၊ နေရာတကျ သွားတပ်ပေး၏။

ဟင်နရီဂျေကိုင်ဇာသည် ကလေးဘဝကတည်းကပင် အမြင်စူးရှသည်။ စိတ်ကူးစိတ်သန်းကောင်းသည်။ ခွဲကောင်းသည်။ စိတ်အားထက်သန်မှု ရှိသည်။ မနားမနေ ကြိုးစားသည်။ တွန်းတွန်းတိုက်တိုက် အားသွန်ခွန်စိုက် လုပ်တတ်၏။ ထိုအရည်အသွေးများက သူ့ကို လူတစ်လုံးသူတစ်လုံးဖြစ်စေခဲ့၍၊ အောင်မြင်ကျော်ကြား ကုဋေကြွယ်သူဌေးကြီးဘဝသို့ ပို့ပေးခဲ့၏။





သူ၏ ဂျာမန်ဇာတိဖခင်မှာ ဖိနပ်ချုပ်သမားတစ်ဦးဖြစ်၍၊ ကလေး ၄ ယောက်ကို ဝအောင် မကျွေးနိုင်ခဲ့ပါ။ ထို့ကြောင့်လည်း ဟင်နရီခမျာ ကလေးအရွယ် ၁၁ နှစ်သားကပင် ကျောင်းထွက်ပြီးအလုပ် ဝင်လုပ်ခဲ့ရ၏။

နယူးယောက် ယူတီကာရှိ ကုန်တိုက်ကြီးတစ်ခု၏ ကုန်ပစ္စည်းထုပ်များ လိုက်ပို့ရသောအလုပ်ကို ရခဲ့သည်။ ညဘက်များမှာတော့ လူငယ်တို့ဘာဝ သူ ဝါသနာပါသော ဓာတ်ပုံရိုက်ကူးခြင်းအလုပ်တွင် မြုပ်နှံထားခဲ့၏။

ပြည်သူ့စာကြည့်တိုက်တွင် ဓာတ်ပုံပညာနှင့်ပတ်သက်သော စာအုပ်မှန်သမျှကို အငမ်းမရဖတ်ခဲ့သည်။ နောက်ပိုင်းတွင် နယူးယောက်မြို့တော်အနီးရှိ လိတ်ခ်ပလာဆစ်ဒ်မြို့လေး၌ ဓာတ်ပုံဆရာအလုပ်ကို ရလိုက်တော့သည်။ သို့သော် ဟင်နရီ ဂျေ ကိုင်ဇာ အဖို့ ထိုအလုပ်က တကယ့်အလုပ် မဟုတ်ခဲ့ချေ။ ထိုအလုပ်က အပျော်တမ်း အပျင်းပြေကစားခဲ့သလိုသာ ဖြစ်၏။

သူ့အကျင့်အတိုင်းတော့ အားကြိုးမာန်တက်လုပ်ကိုင်ခဲ့၏။

ဘဝသစ်တွင် မျက်လုံး ၂ လုံး ဖွင့်နေသမျှ ပျော်ဝင်လျက် အားသစ်ခွန်သစ်တက်ကြွမှုအသစ်များဖြင့် ဓာတ်ပုံအပိုပစ္စည်း ရောင်းချမှုလုပ်ငန်းကို လုပ်ကိုင်သည်။ ဓာတ်ပုံဝါသနာရှင်များအတွက် ဓာတ်ပုံတွေ ရိုက်ကူးဖြန့်ချိပေးခဲ့၏။

သူက ပလာဆစ်၌ ကန်တော်ကြီး၏ ရှုခင်းသာဓာတ်ပုံများကို ပို့စကတ်အဖြစ် ပုံနှိပ်ရောင်းခဲ့ရာ လက်မလည်အောင် ရောင်းကောင်းခဲ့သည်။ သို့ဖြင့် ၁ နှစ်အတွင်းမှာပင် ဟင်နရီကိုင်ဇာသည် ဓာတ်ပုံလုပ်ငန်း၏တစ်ဝက်ကို ပိုင်လိုက်လေ၏။ ၃ နှစ်အတွင်းမှာတော့ ဓာတ်ပုံဆိုင်လုပ်ငန်း တစ်ခုလုံးကို လက်ဝါးကြီးအုပ်လိုက်နိုင်ပါတော့၏။

၅ နှစ်အတွင်းမှာ ဖလော်ရီဒါပြည်နယ်ရှိ ပမ်းမ်ဘီချ် ပင်လယ်ကမ်းခြေနှင့် ဒေးတိုင်းနားဘီချ် ပင်လယ်ကမ်းခြေ အပန်းဖြေမြို့များတွင် ဓာတ်ပုံဆိုင်များ ဖွင့်လှစ်နိုင်ခဲ့ပါတော့၏။ ဒါပေမယ့် ဒီနေ့အဖို့မှ ကိုင်ဇာ့လက်ထဲမှာ ကင်မရာ တစ်လုံးမျှ မရှိတော့ပါ။

ကိုင်ဇာသည် ပိုမိုကြီးမားသော အောင်မြင်မှုကမ္ဘာကြီးကို ပိုင်စိုးရန် မှန်းမျှော်လျက် ဓာတ်ပုံလုပ်ငန်းကို စွန့်လွှတ်ခဲ့ပြီး၊ ခေတ်မီတိုးတက် ဖွံ့ဖြိုးနေသော ပစိဖိတ်အနောက်မြောက်ပိုင်းသို့ အပြေးအလွှားထွက်လာခဲ့သည်။

စပုတ်ကိန်းမြို့မှ ဟော့ကယေးဆန်းနှင့် ဂရေးဖဲလ်ကုမ္ပဏီတွင် အရောင်းဈေးသည် ဝင်လုပ်ခဲ့ပြီးနောက် ကုမ္ပဏီ၏ရှယ်ယာများကို အပတ်စဉ်ဝင်ငွေများမှ ဖွဲ့ဝယ်ခဲ့၏။

တစ်နေ့တော့ စပုတ်ကိန်းမြို့တွင် အခြေစိုက်လာသော ချီကာဂိုမှ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို သွားတွေ့လိုက်သည်။ သူ၏အထောက်အကူပစ္စည်းများကို ရောင်းချရန် ကမ်းလှမ်းခဲ့၏။ စင်စစ်တော့ သူက ဘာပစ္စည်းမျှ ရောင်းချခဲ့ခြင်း မဟုတ်ပါ။ သူ့ကိုယ်သူ သို့မဟုတ် သူ့လုပ်အားကို ရောင်းချခဲ့ခြင်းသာ ဖြစ်ပါသည်။ ချီကာဂိုကုမ္ပဏီကလည်း သူ့ကိုတွေ့တွေ့ချင်း မျက်စိကျပြီး အလုပ်ခန့်လိုက်၏။

ကိုင်ဇာ အသက် ၂၉ နှစ်ရောက်တော့ အခစားအလုပ်ကို စွန့်ပစ်လိုက်ပြီး ကိုယ်တိုင်လုပ်ငန်းရှင်ဘဝကို ထူထောင်ခဲ့တော့သည်။

စစချင်း သူပိုင် အရင်းအနှီးအဖြစ် ၃ ဘီးတပ် မြေသယ်လက်တွန်းလှည်း အဟောင်းများ၊ ဘီလပ်မြေဖျော်စက်ငယ်များ၊ မြင်း ၄ ကောင်သာ ရှိသည်။ ဒါတွေကိုလည်း သူက အကြွေးဝယ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ပေမယ့် သူ့မှာ တခြားအရင်းအနှီးတွေ ရှိပါသေးသည်။ ထိုအရင်းအနှီး ပိုင်ဆိုင်မှုများမှာ အလွယ်တကူမမြင်နိုင်သော်ငြားလည်း အလွန်တရာတန်ဖိုးကြီးမား အရေးပါ အရာရောက်လှပါသည်။

ဒါတွေကတော့ တခြား မဟုတ်။ အံ့မခန်းအစွမ်းထက်လှသော သူ၏ ကာယဉာဏစွမ်းအင်၊ အတွေ့အကြုံ၊ ဆုံးဖြတ်ချက်၊ ဇွဲ၊လုံ့လ၊ ဝီရိယ(ဘယ်တော့မျှ မကုန်ဆုံးနိုင်သော) တိုးတက်ကြီးပွားဖို့အဓိဋ္ဌာန် ချထားခြင်းပင်တည်း။

သူသည် လမ်းဘေးပလက်ဖောင်းခင်းသည့် ပေါင် ၅ သောင်းတန် ကန်ထရိုက်အလုပ်တစ်ခုကို ၂ လအတွင်း ရခဲ့၏။ သူ ငွေနန်းတော်ကြီးဆီသို့ ဦးတည်မိပါလေပြီ။

နှစ်အနည်းငယ်အတွင်းမှာပင် သူသည် ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် မိုင်ပေါင်း ထောင်ချီသော အဝေးပြေးလမ်းမကြီးများကို ခင်းပေးခဲ့ရတော့သည်။

ဟင်နရီကိုင်ဇာက 'ငွေကို သူ စိတ်မဝင်စားပါဘူး' လို့ ထပ်တလဲလဲ ပြောလေ့ရှိ၏။ မှန်ပါသည်။ သူ ငွေကို တကယ်လည်း ဂရုမစိုက်ပါ။ ငွေတစ်ပြား တစ်ချိမ်း





တစ်စိတ်တစ်ပိုင်းလေးသော်မျှ သုံးဖြုန်းဖို့လည်း သူ့မှာ အချိန်မရှိခဲ့။ ဝါသနာပါတာတွေ လုပ်ဖို့လည်း အချိန်မပေးနိုင်ပါ။ စာဖတ်ဖို့လည်း မဆိုစလောက်လေးသာ အချိန်ရ၏။ ရုပ်ရှင်ကြည့်ဖို့၊ ပွဲကြည့်ဖို့ဆိုတာတော့ ဝေလာဝေး။ အလုပ်လုပ်ဖို့ကလွဲပြီး တခြား ဘာအတွက်မျှ အချိန်မဖြုန်းနိုင်ခဲ့။

၂၄ နာရီပတ်လုံး အလုပ်တွေ ပြတ်သိပ်နေအောင်လုပ်ရလေလေ သူက ပိုပျော်လေလေ ဖြစ်ပါ၏။ သူ့ပျော်ရွှင်မှုဆိုတာသည်က အလုပ်များများလုပ်ရခြင်း လို့ပဲ ဆိုရပေမည်။

သူသည် ဝါရှင်တန်ဒီစီမြို့တော်ကြီးမှ ဟိုတယ်ကြီးတစ်လုံးတွင် ပရိဘောဂ အစုံအလင်နှင့် အခန်းမျိုးစုံပါသောအဆောင်ကြီးတစ်ခုလုံးကို ငှားနေသလို၊ နယူးယောက်မြို့တော် ဝေါလ်ဒေါ့ဖ် အက်စတိုရီးယား အဆောက်အဦးကြီးတွင်လည်း အခန်းတွဲများနှင့် အခန်းဆောင်ကြီးတစ်ခုလုံးကို အပိုင်ယူထား၏။

သူသည် အဝေးပြေးဖုန်းများဖြင့် တစ်နေ့ကုန် အလုပ်ရှုပ်နေတတ်၏။ သူ့တွင် အတွင်းလွှတ်တော်မှသည် ပစိဖိတ်အဆုံးတိုင်အောင်ဖြန့်ကျက်ချထားသော ကမ္ဘာ့အရပ်ရပ်က အရေးအပါဆုံးလက်ထောက်များနှင့် ဆက်သွယ်ရန် အထူးတယ်လီဖုန်းလိုင်း ဖွင့်ထားသည်။ သူတို့က သူ့ထံမှ ညွှန်ကြားချက်များကို တစ်ပြိုင်တည်းတွင် နားခံနိုင်ပြီး၊ ကိုင်ဇာ၏ပြဿနာများကို ဝိုင်းဖွဲ့ဆွေးနွေးနိုင်၏။

သည်လို စီစဉ်ထားသည့်အတွက် ကုန်ကျစရိတ်ကတော့ သိပ်မများပါဘူး။ ၁ နှစ်လုံးမှ ဖုန်းခေါ်ခ ပေါင် ၄ သောင်းတည်းရယ်ပါ။

ဌာနဆိုင်ရာ ရုံးလုပ်ငန်းများနှင့် ပတ်သက်လို့တော့ ၂ ပေလောက်ရှည်သော ကြေးနန်းစာများကို လှိုင်လှိုင်ကြီးသုံး၍ စာဒကတက်မည်၊ ခြိမ်းခြောက်မည်၊ ပန်ကြားမည်၊ ဒီလိုမရရင် ဟိုလိုဆိုပြီး အမိန့်ပေးပါလိမ့်မည်။

သူသည် တစ်ညလျှင် ၅ နာရီထက်ပိုပြီး အိပ်လေ့အိပ်ထ မရှိပါ။ 'အလုပ်' ဟူသော သံသရာဝဲဂယက်အတွင်း နစ်မျောနေရာက သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားမှုများ ခံစားရလျှက် နလုံးသွေးရပ်ပြီး၊ သို့မဟုတ် တက်ပြီး သေမသွားဘဲ ရှင်သန်နေသော သူလိုလူကား အံ့ဖွယ်သုတတစ်ပါး ဖြစ်နေပါတော့သည်။

ကိုင်ဇာသည် သူ၏ နွေရာသီစံအိမ်တော်ကို နီဗားဒါးပြည်နယ်ရှိ ပေ ၆၅၀၀ မြင့်သော ဆီယာရာနီဗားဒါး၏တောင်တန်းပေါ်က တာဟိုးရေကန်ကြီးပေါ်တွင် ဆောက်ထား၏။ ထိုအိမ်ဂေဟာကြီးကို သူ ဆောက်ထားပုံက သူလုပ်ခဲ့သမျှထဲတွင် လက်ရာအမြောက်ဆုံးနှင့် စံတင်လောက်စရာ ဖြစ်ခဲ့ပါပေ၏။

သူသည် မြေတူးစက်ကြီးများ၊ မြေသယ်စက်ကြီးများ၊ ကရိန်းကားကြီးများကို တာဟိုးရေကန်ကြီးဆီသို့ မောင်းယူသွားပြီး သစ်တောကြီးတွေကို ခုတ်လှဲသည်။ မြေကြီးတွေကိုတူးကာ ကန်ကြီးကို တစ်စိတ်တစ်ပိုင်း ဖို့ပစ်လိုက်သည်။ သည်လုပ်ငန်းကို နေ့မီးညမီးထွန်း၍ လူအင်အား မတန်တဆသုံးကာ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်၏။

ပြီးတော့ ကျောက်တုံးများဖြင့် ဧရာမအိမ်ဂေဟာကြီးနှင့် ညှိရိပ်သာ ၄ လုံးအပြင်၊ လှေရုံတစ်ခုကို ၂၈ ရက်တည်းနှင့် အပြီး အသည်းအသန်အမြန်နှုန်းဖြင့် ခွတ်မောင်း၍ ဆောက်လုပ်နိုင်းခဲ့သည်။

အဲဒါ ခင်ဗျားအတွက် ဟင်နရီကိုင်ဇာ ဆိုတာပါပဲ။

စစ်ကြီးတစ်လျှောက်လုံး အစိုးရ ဆိုတာက သူ့ရဲ့ အဓိကဖောက်သည်ကြီး ဖြစ်ခဲ့ပါ၏။ ဒါဖြင့် ငြိမ်းချမ်းပြီး စစ်အေးကာလမှာကော။ စစ်အတွင်းက ပေါက်ဖွားခဲ့သော ဟင်နရီကိုင်ဇာ၏ ယန္တရားလုပ်ငန်းကြီးများသည် ခေတ်ပြိုင်လုပ်ငန်းများနှင့်ယှဉ်ပြီး ဆက်လက်ရှင်သန် လှုပ်ရှားနိုင်ပါသေးရဲ့လား။

လူအတော်များများကတော့ 'သူ ယှဉ်နိုင်မှာမဟုတ်' ဟု ယူဆကြပေ၏။ ဒါပေမယ့် သူကတော့ ကျိန်းသေပေါက်ယှဉ်နိုင်မည်ဟု ယုံကြည်ခဲ့သည်။

သူက ခေတ်မီတိုးတက်သော အင်ဂျင်နီယာအဖွဲ့ကြီးတစ်ခုကို မွေးထုတ်လိုက်၏။ ထိုအဖွဲ့ကြီးတွင် အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၊ တီထွင်သူများ၊ သုတေသနသမားများ၊ ကျွမ်းကျင်သူစီးပွားရေးပါရဂူများ စုစည်းပါဝင်ကြ၏။

ထိုပုဂ္ဂိုလ်အားလုံးမှ ထုတ်လုပ်မှုအသစ်များ ဖန်တီးဖို့ ကြံဆနိုင်ကြသလို၊ စစ်ပြီးကာလနောက်ပိုင်း အလုပ်မပြတ်အောင် စက်ရုံအသစ်များ တိုးချဲ့ဖွင့်လှစ်ရေးအတွက်လည်း အမြင်ကျယ်ပြီး စွမ်းရည်ပြည့်ဝ ထက်မြက်သူများချည်း ဖြစ်ကြ၏။





ကိုင်ဇာသည် ခရီးသည် ထောင်သောင်းများစွာအား စီးပွားရေးဈေးကွက်ကျကျ သယ်ယူပို့ဆောင်နိုင်မည့် အမြန်သင်္ဘောများကို ပေါ့ပါးသောသတ္တုသစ်များဖြင့် ဆောက်လုပ်နိုင်မည်ဟု ယုံကြည်ခဲ့သည်။

မော်တော်ကားများအတွက်တော့ ဟင်နရီကိုင်ဇာက ဤသို့ ပြောခဲ့၏။

"ပေါင် ၃၀၀၀ လေးတဲ့ ကားတစ်စီးက ပေါင် ၁၅၀ လေးတဲ့ လူတစ်ယောက်ကို တင်မောင်းသွားတာကြည့်ပြီး စိတ်ထဲမှာ သိပ် ဘဝင်မကျဘူးဗျာ"တဲ့။

သူ အပေါ့စားသတ္တုများ၊ ထင်းရှူးသားများ၊ ပလတ်စတစ်များဖြင့် (လက်ရှိကျွန်တော်တို့စီးနေသောကားများထက် ၃ ပုံ ၁ ပုံသာ အလေးချိန်ရှိမည့်)ကားတွေကို ထုတ်လုပ်ရန် ကြံရွယ်ခဲ့၏။ ကားအင်ဂျင်တွေမှာလည်း လေယာဉ်တွေမှာ သုံးနေသော အော့တိန်းမာတ် ရာနှုန်းပြည့်ပါသော လောင်စာဆီမျိုးသုံး၍ စက်အား ပိုကောင်းအောင်လုပ်ဖို့ ကြံရွယ်ထား၏။

ထို့အပြင် သူက အသွားအိုတစ်ယောက် တက်မောင်းနိုင်လောက်အောင် လုံခြုံစိတ်ချ အေးရန်ကင်းပြီး၊ ဘိုးဘိုးတစ်ယောက်ဝယ်ပေးနိုင်လောက်အောင် ဈေးပေါသော လေယာဉ်အရေအတွက် အများကြီးထုတ်လုပ်ပေးဖို့ကိုပင် မျှော်လင့်ခဲ့ဟန်ရှ၏။

ဟုတ်ကဲ့။ ဟင်နရီ ဖျေ ကိုင်ဇာကား 'စေတနာကောင်း၊ အကြံကောင်း၊ ဉာဏ်ကောင်း၊ ဖွဲကောင်း၊ အလုပ်ကောင်းသော၊ လူ့လောကကြီးကို ကောင်းကျိုးဆောင်ခဲ့သော အကောင်းမြင်ဝါဒသမားစစ်စစ်ကြီး ဖြစ်သည်' ဟုဆိုလျှင် လွန်အံ့မထင်ပါ။ သူ တစ်ခါက 'ပြောဖူး၏။

"ခင်ဗျားဟာ အောင်မြင်ပြီးတဲ့နောက် ကြီးပွားချမ်းသာမှုအပေါ်မှာ ဒိမ်ယစ်ပြီးထိုင်နေလို့တော့ မဖြစ်ဘူး မှတ်လိုက်။ အဲသလိုနေလိုက်လို့ကတော့ ခင်ဗျားကျွမ်းပစ်ပြီး တစ်စစီကြေကွဲရမှာ အသေအချာပဲဗျို့" ဟူသတည်း။



## ရိုက်ညီနောင်
## The Wright Brothers

**သူတို့သည် ၁၂ မိနစ်အတွင်း**
**သမိုင်းတစ်ခေတ် ပြောင်းပစ်လိုက်၏။**
**ဘယ်တက္ကသိုလ်, ဘယ်ကျောင်းက ဘာဘွဲ့မျှမရသော**
**အညတရ စက်ဘီးပြင်သမားလေး ၂ ဦးက**
**လေယာဉ်တစ်စင်း တီထွင်ပြီး**
**လေသူရဲများအဖြစ် မိုးပေါ် ပျံပြလိုက်ပါပြီ။**
**သည့်အတွက် ထိုစဉ်က ဘယ်သူမျှ**
**ဘွဲ့ထူးဂုဏ်ထူးပေးပြီး မချီးကျူးခဲ့။**
**ဒါပေမယ့် သူတို့ကလည်း ဂရုမစိုက်။**
**'လုပ်သင့်လုပ်ထိုက်တာကို ဝါသနာအရ**
**လုပ်ခဲ့တာမို့ ဘာမျှ မမက်ပါဘူး''တဲ့။**

❒ ခင်ဗျားမှာ သားလေးတစ်ယောက်များ ရှိပါသလား။ ရှိတယ်ဆိုရင်ဖြင့် သူ့ဘဝကိုပြောင်းလဲသွားစေသည့် ကစားစရာလေးတစ်ခု၊ သို့မဟုတ် စာအုပ်တစ်အုပ် သူ့ကို ခင်ဗျား ပေးခဲ့ဖူးပါသလား။

ဒီမေးခွန်းရဲ့အဖြေကို ကျွန်တော် ရှင်းပြပါမည်။

၁၈၇၈ ခုနှစ်လောက်က အိုင်အိုဝါပြည်နယ် ဆီဒါရက်ပစ်စ်မြို့လေးရှိ ယူနိုက်တက် ဘရက်သရင် ဘုရားကျောင်း၌ ဂိုဏ်းအုပ်ဘုန်းတော်ကြီးတစ်ပါး



နေထိုင်လျက်ရှိ၏။ တစ်နေ့တော့ ဘုရားကျောင်းကိစ္စနှင့် သူ ခရီးထွက်ရင်းမှ သား ၂ ယောက်အတွက် စက်ယန္တရားတပ် ကစားစရာတစ်ခုကို ဝယ်လာမိသည်။

ဇွန်လ၏ ရက်တစ်ရက်။ သူ အိမ်ပြန်ရောက်လာချိန်၌ သား ၂ ယောက်က ပြေးကြိုခဲ့သည့်တွင်

''သားတို့ရေ။ ဖေဖေ မင်းတို့အတွက် ကစားစရာဝယ်လာတယ်ကွ။ ရော့-ဖမ်းလိုက်ကြစမ်း''

ပစ္စည်းလေးတစ်ခုကို ကလေးတွေဆီ ပြောပြောဆိုဆိုနှင့် ပစ်ပေးလိုက်၏။ သို့သော် ထိုအရာဝတ္ထုက သူတို့ဆီသို့ တန်းတန်းမတ်မတ်ရောက်သွားရမည့်အစား မယုံနိုင်လောက်အောင် အဆန်းတကြယ်လုပ်ပြလိုက်သည်။ ထိုအရာကလေးက မျက်နှာကျက်ရှိရာ ထိုးတက်သွားပြီး စက္ကန့်အနည်းငယ်ဝဲပျံနေပြီးမှ ကြမ်းပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျလာ၏။

ချာတိတ်ကလေးတွေလည်း ဝေးခနဲ အော်လိုက်ကြပြီး၊ ထိုပစ္စည်းကလေးကို အပြေးအလွှားကောက်ကာ ရင်ခုန်လှုပ်ရှားစွာ မျက်လုံးအပြူးသားနှင့် လှန်လှော ကြည့်မိကြသည်။

ထိုပစ္စည်းလေးကတော့ (လေယာဉ်ပျံပင် မပေါ်သေး၍ ခေါ်စရာ ဝေါဟာရ မရှိသေးချိန်က) ၆ လက်မခန့်ရှည်၍ ဖော့ကိုယ်ထည်, ဝါး, စက္ကူတွေဖြင့် လုပ်ထားသော ပျံနိုင်သည့်ကစားစရာလေးတစ်မျိုးသာ ဖြစ်ပါသည်။ အထက်တွင် ပန်ကာ ၂ ခု တပ်ထား၍ ပြောင်းပြန်လည်၏။ ထို စက္ကူရွက် ဝါးပန်ကာကလေးများကို သားရေကွင်းများဖြင့်လိမ်ပြီး သံပတ်ပေး၍လည်စေခြင်း ဖြစ်၏။

ထိုကစားစရာလေးများက ညီအစ်ကို ၂ ယောက်ကို မိုးပေါ်ပျံသည့်ကိစ္စအား စိတ်ဝင်စားလာစေပြီး၊ ယခု စာအုပ်ဖတ်နေသူတိုင်းအား အကျိုးပြုခဲ့သော ပျံသန်းရေးကိရိယာတစ်ခု တီထွင်နိုင်သည်အထိ ဉာဏ်ရည်ကို မြှင့်ပေးလိုက်သည်။

လေယာဉ်တီထွင်မှုဆိုသည်က လွန်ခဲ့သော နှစ် ၁၀၀၀ ကျော်ကာလ ယမ်းမှုန့်များတီထွင်ခဲ့ပြီးနောက် လူသားတို့၏ဘဝကို အကြီးအကျယ်ပြောင်းလဲစေသော တီထွင်မှုကြီးပင် ဖြစ်ပါသည်။

ထို ချာတိတ်ကလေးများ၏ နာမည်ကတော့ ရိုက်ဝီလ်ဗာရိုက်နှင့် အော်ဗီလ်ရိုက်။

ရိုက်ညီနောင်သည် သူတို့အဖေဝယ်လာသော ကစားစရာ မိုးပျံစက်ကလေး တစ်စင်း ကျိုးပဲ့ပျက်စီးသွားသည့်တိုင်အောင် ကစားပစ်လိုက်ကြသည်။ သူတို့အဖို့ နောက်တစ်စင်းဝယ်ဖို့ ပိုက်ဆံ မရှိကြ။ သည်တော့ သူတို့ဟာသူတို့ ကစားစရာ လုပ်ခဲ့ကြသည်။ ထို့နောက်တွင် တစ်ဆင့်တက်၍ စွန်တွေ လုပ်ခဲ့ကြသည်။ မြို့ထဲမှ တခြားလူငယ်လေးတွေက သူတို့ထံမှ ဝယ်ယူကြရသည်အထိ လက်ရာမြောက်ခဲ့ကြ၏။

ထိုအချိန်မှစ၍ ဝီလ်ဗာနှင့် အော်ဗီလီတို့ညီနောင်အဖို့ မိုးပေါ်မှာပျံဝဲလိုသော ဆန္ဒက ရင်ထဲမှာ ပြင်းပြင်းပျပျ ကိန်းအောင်းလာခဲ့တော့သည်။ သူတို့သည် မိုးပေါ်ကို နာရီပေါင်းများစွာ မျှော်ကြည့်ရင်း သူတို့စွန်တွေ လေထဲ ဝဲနေရုံသာမက၊ ပျံလွှားလေးတွေ၊ စာကလေးတွေ၊ ငှက်ကလေးတွေ ပျံသန်းနေပုံ၊ သိန်းငှက်ကြီးတွေ၊ စွန်ကြီးတွေ လေထဲမှာ အတောင်တစ်ချက်မခတ်ဘဲ နာရီဝက်ခန့်ကြာအောင် လေဟုန်စီးနေပုံများကိုပါ ငေးမော လေ့လာခဲ့ကြသည်။

တစ်နေ့တွင်မူ အိုဟိုင်းအိုပြည်နယ် ဒေးတန်မြို့ထုတ်စာစောင်တစ်ခု၌ ဘာလင်မြို့က အော်တိုလီလီယန်သဲလ်အမည်ရှိ အင်ဂျင်နီယာတစ်ယောက်သည် မိုးပေါ်ပျံဖို့ကြိုးစားရင် အသက်ဆုံးသွားရကြောင်းဖော်ပြချက်ကို ဖတ်လိုက်ကြရပြီး အသည်းနိုက်သွားကြရ၏။

ထိုပုဂ္ဂိုလ် လီလီယန်သဲလ်သည် ပခုံး ၂ ဖက်တွင် ဧရာမ အတောင်ပံကြီးတပ်၍ ကိုယ်ပေါ်တွင်လည်းအမြီးဆင်ပြီး လေထဲ ပျံတက်ပျံဆင်း လုပ်နေသည်မှာ နှစ်နှင့်ချီ၍ ကြာနေပြီ ဆို၏။ သူ့အနေဖြင့် တောင်စောင်းပေါ်မှ လေဟုန်စီးပျံဆင်းရုံမျှသာ တတ်နိုင်ခဲ့သော်လည်း၊ လူတွေ ကောင်းကင်ပေါ်တက်ပျံဖို့ ရှေးကထက် ပိုနီးစပ်အောင် လမ်းစရှာပေးခဲ့သည် ဆိုရမည်။

ထိုဆောင်းပါးကို ဖတ်လိုက်ရခြင်းက ဝီလ်ဗာနှင့် အော်လီဗီရိုက်တို့၏ ဘဝများကို တစ်ဆစ်ချိုး ပြောင်းပစ်လိုက်ပါပြီ။ ဘယ်လိုကြောင့်ပါလဲ။

လီလီသန်သဲလ်က လူတစ်ယောက်သည် တောင်ပံတပ်လိုက်ပါက သိန်းငှက်များလိုပင် လေထဲတွင်လေဟုန်စီး၍ ဝဲနိုင်တယ်ဆိုတာ အမှန်တကယ်ဖြစ်ကြောင်း သရုပ်ပြခဲ့သောကြောင့် ဖြစ်၏။





ဝီလ်ဗာနှင့် အော်ဗီလီရိုက်တို့သည် လေပေါ်ပျံဖို့ ကြံဆမှုကို မလွှတ်တမ်း ဖက်တွယ်ဆုပ်ကိုင်ထားခဲ့ပြီး ဆန္ဒဝေဒနာအသည်းအသန်ဖြစ်၍ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဆိုသလို အစွဲအလန်း ကပ်နေခဲ့ရတော့သည်။

သူတို့က လူတွေ မိုးပေါ်ပျံသည့်အကြောင်း ရေးထားခဲ့သမျှ သိပ္ပံ ဆောင်းပါးများစာရင်းကို ဝါရှင်တန်ရှိ စမစ်ဆိုနီးယန်းသိပ္ပံအဖွဲ့ကြီးသို့ စာရေးတောင်းဆိုခဲ့ကြ၏။ ထိုဆောင်းပါးများကို အငမ်းမရ အရူးအမူး ဖတ်ရှုလေ့လာကြသည်။

နောက်ဆုံး ၄ နှစ်ကြာ လေ့လာစူးစမ်းပြီးနောက် သူတို့ကိုယ်တိုင် စက်မဲ့လေယာဉ်တစ်စင်းကို အပျော်တမ်းတည်ဆောက်ဖို့ ဆုံးဖြတ်လိုက်ကြတော့သည်။

ထိုစဉ်က သူတို့အနေဖြင့် အချိန်နှင့် နေရာကို ချုံ့ပစ်လိုက်နိုင်သလို အသွင်ပြောင်းပစ်လိုက်ရာရောက်မည့် တော်လှန်သော စက်တပ်ယာဉ်တစ်စင်းကို တီထွင်ရန် စိတ်ကူးယဉ်အိပ်မက်ပင် မမက်မိပါ။ သို့သော် သူတို့က တီထွင်မှုတွေ လုပ်ရင်းလုပ်ရင်းမှ စက်တပ်ယာဉ်အဖြစ်ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြင့် ကမ္ဘာကြီးပေါ်က ကြိုက်သည့်နေရာသို့ နာရီ ၆၀ အတွင်း အိမ်ဦးနှင့်ကြမ်းပြင်လုပ်၍ ကူးသန်းသွားလာနိုင်အောင် မြန်ဆန်သောလေယာဉ်တွေ ပေါ်လာရပါတော့သည်။

လေယာဉ်တွေက ကမ္ဘာကြီးကို နဂိုရှိရင်းခွဲထက် ၅ ပုံ ၁ ပုံမျှ ကျုံ့ပစ်လိုက်နိုင်၍၊ ထပ်မံတီထွင်ကြခြင်းဖြင့် ၁၀ပုံ ၁ပုံမက မြေကြော ရှုံ့ပစ်လိုက်နိုင်သည် ဆိုရပါမည်။

အော်ဗီလီရိုက်နှင့် ဝီလ်ဗာရိုက်တို့က သူတို့ကိုယ်သူတို့ တကယ့်သိပ္ပံပညာကျော်ကြီးတွေ၊ သို့မဟုတ် ကျေးဇူးရှင် တီထွင်မှုပါရဂူကြီးတွေရယ်လို့ ထင်ခဲ့ကြပါသလား။

အိုး- ဝေးပါသေးရဲ့။ သူတို့က ဒီလို သွေးနားထင်ရောက် ခြေဖျားထောက်၍ ဘဝင်မြင့်တတ်သည့်အစားထဲက မဟုတ်ကြပါ။

သူတို့ညီအစ်ကိုက သူတို့အားလပ်ချိန်လေးများတွင် ကစားနည်းတစ်ရပ်အနေဖြင့် မိုးပေါ်ပျံတမ်းကစားဖို့ ကြိုးစားခဲ့ခြင်းသာ ဖြစ်ပါသည်။ တစ်နည်းဆိုသော် တခြားလူတွေ စကိတ်စီးခြင်း၊ တောင်တက်ခြင်းမျိုးလို ဝါသနာအလျောက် ကစားခဲ့တာပါ။

သူတို့က အသက်မွေးဝမ်းကျောင်းဖို့ ဒေးတန်မြို့မှာ စက်ဘီးပြင်ရောင်းဆိုင်ငယ်လေး ဖွင့်ခဲ့ကြပါသည်။ သည်တော့ သူတို့၏အိမ်မက်ကို ဆိုင်ကလေးပိတ်ပြီး ညဖက်မှသာ လုပ်ဆောင်စမ်းသပ်ရ၏။ ပထမဆုံး သူတို့၏ စက်မဲ့လေယာဉ်ကို ဆောက်လုပ်ရာ၌ အားလုံးပေါင်း ၂ ပေါင်မျှ ကုန်ကျခဲ့၏။

အတောင်ပံတွေက ၂ ထပ်တပ်ထားလျက် ကိုယ်ထည် မပါ၊ အမြီးရယ်လို့မရှိ။ ဒါပေမယ့် ထိပ်ဖက်မှာတော့ ယာဉ်ကိုထိန်းဖို့ ယန္တရားခလုတ်ကလေးတစ်ခုတပ်ထားသည်။ အင်ဂျင်စက်လည်း တကယ့်ကို မပါရှိခဲ့။

ရိုက်ညီနောင်တို့က သူတို့၏ အားလပ်ရက်ကလေးများတွင် စက်မဲ့လေယာဉ်ပျံသန်းခြင်းဖြင့် အချိန်ဖြုန်းဖို့ ကြိုးစားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု မိုးလေဝသဌာနတွင် စုံစမ်းလေ့လာချက်အရ နော့သ်ကာရိုလိုင်းနားပြည်နယ် ကစ်တီဟော့ခ်မြို့ကလေး အနီးရှိ 'မကောင်းဆိုးဝါးသတ်တောင်ကုန်း' ၏ ရာသီဥတုအခြေအနေက သူတို့နှင့် အသင့်လျော်ဆုံးဖြစ်ကြောင်း သိခဲ့ရ၏။

ထိုဒေသ၌ ပင်လယ်ဘက်မှလေပြင်းတွေ အဆက်မပြတ်တိုက်နေသလို၊ မြေကြီးကလည်း ဆားဓာတ်ပါသော သဲလွှင်းမြေများဖြစ်နေလျက် နူးညံ့ပျော့ပျောင်းသည်။

ကစ်တီဟော့ခ်တွင် သူတို့၏စက်မဲ့လေယာဉ်ကို စမ်းသပ်ပျံသန်းဖို့ ကြိုးစားခဲ့ရာ ဟန်ရေးပြရုံလောက်သာ အလုပ်ဖြစ်ခဲ့၏။ တစ်ကြိမ် တောင်ပေါ်မှ လေထဲသို့ဝဲပျံနိုင်ခဲ့လင့်ကစား လေထဲမှာ စက္ကန့်ပိုင်းလေးမျှသာ ကြာခဲ့သည်။

နောက်နှစ်ကျတော့ ပိုကြီးပြီး ပိုကောင်းသော စက်မဲ့လေယာဉ်ကို တည်ဆောက်ခဲ့ကြသည်။ ရလဒ်ကတော့ အားရစရာ မရှိ၊ စိတ်ပျက်စရာ အတိ။

အကြီးအကျယ် စိတ်ဓာတ်ကျခဲ့ရာမှ ဝီလ်ဘာရိုက်က "လူတွေ ကောင်းကင်ထဲ ဝဲပျံဖို့ဆိုတာ နှစ် ထောင်ပေါင်းများစွာကြာတောင် ဖြစ်နိုင်မှာမဟုတ်သေး" လို့ပင် ထုတ်ဖော် ညည်းတွားမိသည်အထိ။

တကယ်လို့ ထင်ရှားသော အင်ဂျင်နီယာကြီးတစ်ယောက်ကသာ သူတို့ကို အားပေးအားမြှောက်မလုပ်ခဲ့ပါလျှင် သူတို့က ပျံသန်းရေးကြိုးပမ်းမှုအားလုံးကို





စွန့်ပစ်လိုက်မှာ သေချာပေါက်ဖြစ်သည်။ လေယာဉ်တီထွင်ဖို့ ဆိုတာလည်း ဘယ်တော့မျှ ဖြစ်လာတော့မည် မထင်ရပါ။

သူ့နာမည်ကတော့ အော့တစ်ဝ်ချားညျဖြစ်၍ သူကိုယ်တိုင်လည်း 'ပျံသန်းနိုင်သောစက်များ၏ တိုးတက်မှုဖြစ်စဉ်' ဟူသော စာအုပ်တစ်အုပ်ကို ပြုစုရေးသားခဲ့၏။ ယင်းစာအုပ်က သူ့အား ပျံသန်းမှုနှင့်ပတ်သက်လျှင် ဩဇာရှိသူတစ်ယောက်ဖြစ်အောင် ဖန်တီးပို့ဆောင်ပေးခဲ့၏။

ထိုပုဂ္ဂိုလ်ကျော်ကြီးက ရိုက်ညီနောင်တို့ ကစ်တီဟော့ခ်တွင် စက်မဲ့လေယာဉ်အစမ်းစီးခဲ့ကြသည်ကို စောင့်ကြည့်ခဲ့ပြီး၊ 'သူတို့ မအောင်မြင်သော်လည်း စိတ်ဓာတ်မကျရန်နှင့် သူတို့အနေဖြင့် အဝေးဆုံးပျံသန်းနိုင်သည့်စံချိန် ချိုးခဲ့ကြောင်း။ ယခုဆိုလျှင် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး လူပျံတော် ၂ ဦး ဖြစ်နေပြီဖြစ်ကြောင်း' လှိုက်လှိုက်လှဲလှဲအားပေးခဲ့၏။

သူတို့လည်း အော့တစ်ဝ်ချားညျ လို အထင်ကရပုဂ္ဂိုလ်ကြီးထံမှ ချီးကျူးစကားတွေ ကြားလိုက်ရခြင်းအတွက် အံ့အားလည်းသင့်၊ ဝမ်းလည်းသာ၊ အားလည်းတက်နှင့် အပျော်ကြီး ပျော်သွားကြရသည်။ အံ့အားသင့်သွားတာကတော့ သူတို့ခမျာ ကောလိပ်ကျောင်းဆိုတာ အနားကလေးမျှ မသီဖူးခဲ့ရှာသလို၊ စက်မှုပညာနှင့်ပတ်သက်လို့လည်း တစ်လုံးတစ်ပါဒမျှ သင်ယူတတ်မြောက်ခဲ့ရခြင်း မရှိလို့ပါပဲ။

သူတို့အဖို့ ထပ်ပြီး အံ့ဩပျော်မြူးသွားစရာ ကြုံလိုက်ရသည်က အော့တစ်ဝ်ချားညျက ဝီလ်ဘာရိုက်အား သူ၏ ပျံသန်းမှုအတွေ့အကြုံများကို ချီကာဂိုမြို့တော်ရှိ အနောက်နိုင်ငံအင်ဂျင်နီယာများအသင်းတွင် ဟောပြောပေးရန် လေးလေးစားစားဖိတ်ကြားခဲ့သောကြောင့်ပင် ဖြစ်ပါ၏။

ဝီလ်ဘာရိုက်က ထိပ်တန်းသိပ္ပံပညာရှင်ကြီးများချည်း တက်ရောက်နားထောင်သော ချီကာဂိုဟောပြောပွဲတွင် လေယာဉ်တောင်ပံများရှေ့တွင် လေခံကိရိယာတပ်ခြင်းမှာ လုံးဝမှားကြောင်း တင်ပြခဲ့သည်။ ချွေးပြန်စရာကောင်းသော ဝေဖန်ချက်ကြောင့် ညီဖြစ်သူ အော်လီဗာမှာ အထိတ်တလန့်ဖြစ်သွားရသည်။

သို့ဖြင့် ကြိုတင်အကာအကွယ်ယူသောအားဖြင့် သူ၏စကားကို စမ်းသပ်ရန်ဆုံးဖြတ်ခဲ့၏။ သူက ၁၈ လက်မခန့်ရှည်သော ထင်းရှူးသေတ္တာအလွတ်တစ်လုံးကို

ယူ၍ ထိပ် ၂ ဖက်ကို ဖွင့်လိုက်ပြီး တစ်ဖက်ထိပ်မှာ ပန်ကာဖွင့်၍ လေတိုက်စေသည်။ နောက်တစ်ဖက်က မှန်ကာလိုက်ခြင်းဖြင့် သေတ္တာပုံးထဲတွင် ဘာတွေဖြစ်နေသည်ဆိုတာကို သိရသည်။ သူက အရွယ်အစား၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် လေယာဉ်တောင်ပံအငယ်စားတွေကို ထည့်၍ စမ်းသပ်ကြည့်သည်။

ထိုအချိန်က သူသည် ကမ္ဘာ့လေစီးကြောင်းကြီးကို ပထမဆုံး ဖော်ထုတ်နေမိခြင်းဖြစ်ကြောင်း တစ်စွန်းတစ်စမျှသာ အိပ်မက်မက်ခဲ့မိသလို၊ စက်ဘီးပြင်သမားလေးတစ်ယောက်က ကိုယ့်ဘာသာ ထိုးထွင်းလေ့လာမှုသက်သက်ဖြင့် ပညာရှင်သုတေသီကြီးများ၏ လေဖိအားကို စဆောင်းရှာဖွေပုံများ လုံးဝမှားယွင်းကြောင်းကို သက်သေပြနိုင်လိမ့်မည် ဟုလည်း အနည်းအကျဉ်းသာ မျှော်မှန်းခဲ့မိ၏။

လေစီးကြောင်းနှင့်ပတ်သက်သော အော်ဗီလီရိုက်၏ စမ်းသပ်ချက်မှ အသိအမြင်ဗဟုသုတများ မပါဘဲ၊ "ပျံသန်းနိုင်သောလေယာဉ်ပျံ" ဆိုတာကို တခြားဘယ်သူမျှ တည်ဆောက်နိုင်မည် မဟုတ်ပါ။

ယင်းစမ်းသပ်မှုများက ခေတ်မီလေကြောင်းပျံသန်းမှု၏ စက်မှုနည်းပညာပိုင်းကို ရှာဖွေဖော်ထုတ်ရာ ရောက်ခဲ့၏။

ဝီလ်ဗာရိုက်ကိုသာ ချီကာဂိုသို့ခေါ်၍ အတွေ့အကြုံရှင်းလင်းပွဲ လုပ်ခွင့်မပေးခဲ့ပါကလည်း သည်စမ်းသပ်မှုများကို လုပ်ဖြစ်ချင်မှ လုပ်ဖြစ်ပါတော့မည်။

ရိုက်ညီနောင်တို့သည် သူတို့ နောက်ဆုံးတည်ဆောက်ခဲ့သော စက်မဲ့လေယာဉ်ဖြင့် အကြိမ် ၁၀၀၀ ကျော် ပျံသန်းနိုင်ခဲ့ပါ၏။ သို့သော် သူတို့မှာ လေဟုန်စီးရန် စိတ်ကြိုက်လေတိုက်နှုန်းကို မရခဲ့သဖြင့် ဒေါပွခဲ့ကြရသေးသည်။

ပုံမှန်သဘာဝအားဖြင့် လေက သိပ် ပါးချင်ပါးနေသည်။ သို့မဟုတ် လိုတာထက် ပြင်းနေတတ်သည်။ ဒါမှမဟုတ်လည်း မုန်တိုင်းကျခြင်း၊ ရုတ်တရက်ပြောင်းလဲသွားခြင်းမျိုးတွေနှင့် ကြုံတွေ့နေကျ ဖြစ်ခဲ့ရ၏။ အခြေအနေဆိုးနှင့် အခက်အခဲအမျိုးမျိုး ကြားထဲမှာပင် သူတို့က လူသားတွေအနေဖြင့် မိုးပေါ်ပျံသန်းရန် ကြိုးပမ်းလျက် ဆန်းသစ်တော်လှန်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။

သူတို့၏ဆုံးဖြတ်ချက်ကတော့ ဒီလိုပါ။

သူတို့က သူတို့၏ကိုယ်ပိုင် "လေ" ကို ဖန်တီးထုတ်လုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းပါပေတည်း။ ဘယ်လိုနည်းနှင့် "လေ" ကို ထုတ်လုပ်မှာပါလိမ့်။





သူတို့၏ လေယာဉ်ထဲတွင် လောင်စာဆီသုံး အင်ဂျင်စက်တစ်လုံးကို ထည့်သွင်းတပ်ဆင်ပြီး ပန်ကာများဖြင့် ဆက်သွယ်ပေးလိုက်ဖို့ပဲ ဖြစ်ပါ၏။

သူတို့လိုချင်သော အပေါ့စားမော်တာမျိုးကို ဘယ်စက်မှုလုပ်ငန်းရှင်ကမျှ ထုတ်လုပ် မပေးနိုင်သည့်အဆုံး သူတို့ဘာသာသူတို့ တီထွင်ထုတ်လုပ်ခဲ့ကြပါတော့သည်။ သူတို့သည် မော်တာပါအင်ဂျင်စက်နှင့် ကိရိယာတန်ဆာပလာအားလုံးကို ကုန်ကျငွေ ပေါင် ၁၆၀ ထက်မပိုဘဲနှင့် တည်ဆောက်နိုင်ခဲ့ကြ၏။

ယင်းအင်ဂျင်စက်ဖြင့် ၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကာရိုလိုင်းနားမြောက်ပိုင်း ကစ်တီဟော့ခ်မြို့လေးအနီးရှိ "မကောင်းဆိုးဝါးသတ်တောင်ကုန်း" ပေါ်မှ ပထမဆုံး စမ်းသပ်ပျံသန်းနိုင်ခဲ့ပါလေပြီ။

ထိုနေ့က ခိုက်ခိုက်တုန်အောင် ချမ်းသောနေ့ဖြစ်၍ လေယာဉ်ကို တွန်းပို့သယ်ဆောင်ကြရသော အကူအလုပ်သမားများမှာ သူတို့ကိုယ်သူတို့ သွေးပူအောင် ခုန်ပေါက်ဆုပ်နယ်နေကြရသည်။

ဒီလောက် အရိုးကွဲမတတ် အေးချမ်းနေသည့်တိုင် အော်ဗီလီရိုက်ကတော့ အပေါ်ကုတ်အင်္ကျီတစ်ထည်မျှမဝတ်ဘဲ လေယာဉ်ပေါ် တက်ခဲ့၏။ ဒါကလည်း ကုတ်အင်္ကျီက အလေးချိန် ပိုစီးသွားမှာစိုးလို့ ဖြစ်ပါသည်။

တိတိကျကျပြောရလျှင် ၁၀ နာရီထိုးပြီး ၃၅ မိနစ်တွင် အော်ဗီလီရိုကသည် စက်နှိုးထားသောလေယာဉ်ပေါ်သို့ တက်ခဲ့ရာမှ အသက်ကို အားရပါးရရှူသွင်းလိုက်ပြီး စက်ခလုတ်ကို ဆွဲလိုက်သည်။

ထူးဆန်းသောယာဉ်ကြီး၏ အိတ်ဇောပိုက်မှ မီးတောက်ကြီး ဟုန်းခနဲ ထွက်လာပြီး တထုံထုံမြည်သံပေးလျက် မြင်းရိုင်းကလေးတစ်ကောင် ကခုန်ပေါက်လိုက်သလို လေထဲသို့ မြောက်တက် သွားပါလေတော့သည်။ သည်မှာပင် မဖြစ်နိုင်တာကြီး ဖြစ်လာခဲ့ပါပြီ။

လေထက်လေးသော ယန္တရားစက်ကြီးက လေထဲသို့လွှင့်တက်သွားရာမှ ပေ ၁၂၀ အထိ ပျံသန်းသွားပါရောလား။ ထိုအဖြစ်က လူ့သမိုင်းတွင် အရေးအကြီးဆုံး၊ အထူးခြားဆုံးဖြစ်ရပ်ကြီးပဲ ဆိုရပါတော့မည်။

သို့လင့်ကစား အော်ဗီလီရိုက်ကိုယ်တိုင်ကတော့ သည်လို သမိုင်းတွင်လောက်သော ကြိုးပမ်းအောင်မြင်မှုကြီးအတွက် ရင်ထဲမှာ ဘယ်လိုမျှ မခံစားရပါဘူးတဲ့။

သူ ပြောခဲ့ပုံက "ဟာကွက်တစ်ခုကို ဖြည့်သလို၊ လုပ်သင့်လုပ်ထိုက်တယ်ထင်တာကို လုပ်ခဲ့တာပါ" တဲ့။ ဒါ သူ့စကား အကုန်ပါပဲ။ ပြတ်သားပါပေရဲ့။

ရိုက်ညီနောင်တွေ သမိုင်းတစ်လျှောက်မှာ ပထမဆုံးသောပျံသန်းမှုကို အောင်မြင်စွာလုပ်ဆောင်ခဲ့ပြီး အိမ်ပြန်ခဲ့သည့်နောက် ဘာတွေဖြစ်ခဲ့ပါသေးလဲ။

သူတို့ကို စည့်ခံကြိုဆိုရေးကော်မတီတွေ ဘာတွေက ဖက်လှဲတကင်း ဆီးကြိုပြီး၊ ဘင်ခရာတပ်ဖွဲ့တွေဘာတွေနှင့် ဂုဏ်ပြုခံခဲ့ရသေးပါသလား။ ဝေးပါသေးရဲ့။ ခွေးတစ်ကောင် ကြောင်တစ်ပြီးမျှပင် မရှိခဲ့ပါ။

ဘုရားစူးလွှတ် ပြောရပါမူ သူတို့မြို့ထုတ် သတင်းစာတွေကတော့ လေယာဉ်ပျံတက်ခဲ့ကြောင်းကို ဖော်ပြခဲ့ပါ၏။ ဒါပေမယ့် ဝတ်ကျေတန်းကျေ သဘောမျိုး၊ အရေးသိပ်မကြီးပါလှတဲ့ ပုံမျိုးနှင့်ပါ။

နောက် ၁ နှစ်လောက်အကြာမှာတော့ ရိုက်ညီနောင်က နေ့စဉ် ၂၅ မိုင်လောက်ကို ပျံနိုင်ခဲ့ကြရာ၊ အိုဟိုင်းအိုးပြည်နယ် ဒေးတန်မြို့လေးအနီးရှိ နွားစားကျက်လွင်ပြင်ကြီးတစ်ဆုံး ဖြတ်သန်းနိုင်ခဲ့ခြင်းလည်း ဖြစ်ခဲ့၏။ သို့သော်လည်း ဒေးတန်သတင်းစာများက ဤ အံ့မခန်းသတင်းထူးသတင်းဆန်းကြီး၏ တစ်စွန်းတစ်စကလေးမျှကိုပင် သတင်းစာထဲ မထည့်ခဲ့ကြ၏။

ထိုသတင်းစာတွေက "ဆိုဂျုန်း" ဆိုသူ သေလုမျောပါးဖြစ်နေရာက ပြန်ကောင်းလာကြောင်း၊ မစ္စစ်စမစ်မှာ သူ့အမေဆီအလည်သွားရာက ပြန်လာပြီဖြစ်ကြောင်း" စသည့် သတင်းမျိုးတွေကိုသာ ရေးကြီးခွင်ကျယ်လုပ်၍ အသားပေးဖော်ပြနေခဲ့ကြပေသည်။ "နွားစားကျက်လွင်ပြင်ကြီးထဲက မိုးပျံစက်" အကြောင်းကိုတော့ လေသံလေးမျှပင် မဟခဲ့ကြ။

တကယ်တော့ ထိုမိုးပျံစက်က ကမ္ဘာ့ပထဝီကို ပုံစံအသစ် ပြောင်းပစ်လိုက်သလို၊ စစ်ပွဲကြီးများ၏ သေနင်္ဂဗျူဟာကိုလည်း တော်လှန်ပစ်ရာ ရောက်ခဲ့သည့်အဖြစ်ကို သူတို့ အရေးမစိုက်ခဲ့ကြ။ ဂုဏ်ပြုရကောင်းမှန်း နားမလည်ခဲ့ကြ၏။

ထို့အတူ သိပ္ပံရေးရာမဂ္ဂဇင်း၊ စာစောင်များကလည်း ရိုက်ညီနောင်တို့၏ မိုးပျံစက်အကြောင်း တစ်လုံးတစ်ပါဒလေး ဖော်ရေးဖို့ပင် ငြင်းပယ်ခဲ့ကြသည်။





ဘာကြောင့်လဲ။ သူတို့က "ဒါ မဖြစ်နိုင်တဲ့ လံကြုပ်သတင်းကြီးပဲ" လို့ ထင်ခဲ့ကြသလို၊ "အရေးမကြီးဘူး" လို့ ယူဆခဲ့သောကြောင့်ပါတဲ့။

ရိုက်ညီနောင်တို့၏အကြောင်းကို ပထမဆုံး ဆောင်းပါးတစ်စောင် ရေးသားဖော်ထုတ်ခဲ့သော မဂ္ဂဇင်းမှာလည်း ပျားရည်လုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ဝေသည့် "ပျားမွေးမြူရေး၏ အရသာ" ဟု တွင်သော မဂ္ဂဇင်းဖြစ်ပါ၏။

ရိုက်ညီနောင်အဖို့ ဒေးတန်မြို့သို့ ကိုယ်စားလှယ်တစ်ယောက်လွှတ်၍ သူတို့၏ မိုးပျံစက် မောင်းနှင်ပျံသန်းပုံကို လေ့လာကြည့်ရှုပါရန် စစ်နှင့် ကာကွယ်ရေးဦးစီးဌာနသို့ သွေးဆောင်ခဲ့ရသည်မှာ ၃ နှစ်တိတိ ကြာခဲ့၏။

သူတို့က သူတို့မိုးပျံစက်က စစ်ဖြစ်ချိန်အတွင်း ကင်းထောက်အလုပ်လုပ်ရာတွင် တန်ဖိုးရှိရှိ အသုံးဝင်မည်ဟု တွက်ဆခဲ့ကြသည်။ ဒါပေမယ့် ဝါရှင်တန်က ဒုံးဝေးသော တပ်မတော်အရာရှိကြီးများသည် မိုးပျံစက်ကဲ့သို့ ယာဉ်ထူးဆန်းမှုကို လက်တွေ့တီထွင်နိုင်ပြီ ဆိုသောအချက်ကို အလွယ်တကူ မယုံကြည်ခဲ့ကြပါချေ။

ရိုက်တို့ ပထမဆုံး ပျံသန်းမှုလုပ်၍ ၄ နှစ်နီးပါး ကြာပြီးမှ စစ်ဌာနချုပ်က လေယာဉ်တစ်စင်းဝယ်ယူရန် မှာကြားခဲ့၏။ ဒါတောင် ဈေးပြိုင်စနစ်ဖြင့်တင်သွင်းရန် ကြော်ငြာခေါ်ယူခဲ့ခြင်း ဖြစ်ပါ၏။

စဉ်းစားသာ ကြည့်ပါတော့။ ကမ္ဘာပေါ်မှာ တကယ်ပျံပြနိုင်သော လေယာဉ်ကို တီထွင်ဖန်တီးခဲ့သူ တစ်ယောက်တည်းရှိနေပါလျက်က ဈေးပြိုင်စနစ်သုံးပြီး ကြော်ငြာခေါ်တဲ့အဖြစ်ဟာ ဘယ်လောက်များ ကြောင်လိုက်ပါသလဲလို့။

•

ဝီလီဗာရိုက်သည် ၁၉၁၂ ခုနှစ်မှာ တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်ခဲ့ရှာ၏။

သို့သော် အော်ဗီလီရိုက်ကတော့ ၁၉၄၈ ခုနှစ်အထိ အိုဟိုင်းအိုးပြည်နယ် ဒေးတန်မြို့ကလေးတွင် နေထိုင်သွားသည်။

သူတို့ညီအစ်ကို ၂ ယောက်လုံး လူပျိုကြီးတွေဘဝဖြင့် အရိုးထုပ်သွားခဲ့ကြခြင်းလည်း ဖြစ်၏။

အော်ဗီလီသည် ပကတိရိုးသားသူဖြစ်သလို ဘွဲ့ထူးဂုဏ်ထူး ဆုတံဆိပ်ဆိုတာတွေလည်း ဂရုမစိုက်။ ငွေတွေ၊ ဂုဏ်တွေ လုံးဝ မမက်။ လူ့အထင်ကြီးအောင် ဟန်ရေးပြ ဝင့်ဝါပလွှားရခြင်းတွေကို စက်ဆုပ်ရွံမုန်းပြီး သတင်းထောက်တွေနှင့်

တွေ့ဆုံရန်ကိုပင် မလိုလား။ ခေါင်းခါခဲ့၏။

အော်ဗီလီနှင့် ဝီလ်ဗာရိုက်တို့ လေထဲတွင် ပထမဆုံး မောင်းနှင်ပျံသန်းမှု ၁၂ စက္ကန့်ကလေးက လူတွေ နှစ်ပေါင်းများစွာ မျှော်မှန်းတမ်းတခဲ့သော မဟာအိပ်မက်ကြီးကို လက်တွေ့အကောင်အထည်ဖော်ပေးခဲ့သလို၊ လူ့သမိုင်းကို ဆန်းသစ်၍ အံ့မခန်းထိပ်တန်းရောက်စေအောင် ဖန်တီးပေးခဲ့ပါပြီ။ ခေတ်သစ်၏ မုခ်ဦးရွှေတံခါးကို ဖွင့်လှစ်ပေးလိုက်ပြီဆိုလည်း မမှား။

သို့နှင့်အမျှ မျိုးဆက်သစ်လူသားတွေက ကမ္ဘာကြီး၏ ဆွဲငင်ချုပ်နှောင်ထားမှုအားလုံးအောက်မှ ရုန်းထွက်ပြီး၊ မိုးစွန်ထက်များ ကြယ်များဆီသို့ တစ်ဟုန်ထိုး ပျံတက်နိုင်ခဲ့ပြီ မဟုတ်ပါလား။

မြန်မာပြန်သူ- ညီညီနိုင်
မူရင်းရေးသူ- ဒေးလ်ကာနက်ဂျီ



## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်စာအုပ်များ

၁- ဒေးလ်ကာနက်ဂျီ၏ ၅ မိနစ် အတ္ထုပ္ပတ္တိများ
၂- ဒေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
၃- ဒေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
၄- တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ
Add Value *by* Peter Church
၅- ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်
(ရဲမြင့်အောင် အမည်ဖြင့်)
How to Succeed at Part-time Study
၆- စကားမှတ်တမ်း စာမှတ်တမ်း
၇- ဓာဘုရင့်နန်းတော်ထဲက ရင်ငွေ့လုံ့ဆရာကြီး ရုပ်စိပြူတင်
၈- မပြောသောစကားကို နားလည်ရေး
The Secret Language of Success
၉- လူတွင်ကျယ်ဖို့ လူရည်လည်ဖို့
Body Language *by* Allan Pease
၁၀- ရင်ခုန်သံကဗျာများ
What the paper say about love
၁၁- စကားလက်ဆောင်
Jokes and Quotes for Speeches
၁၂- ဦးစီးဦးဆောင်မှုလမ်းညွှန်
10 Minutes Guide To Leadership
၁၃- ခေါင်းဆောင်မှု သဘောတရား
The Principles of Effective Leadership